၁၉၇၈-၂၀၀၃

# အတွေးအမြင်

အမှတ်(၂၁၁) (၂၅)နှစ်ပြည့် ၂၀၀၃ အောက်တိုဘာလ

## ငွေရတုအထူးထုတ်


ဓမ္မပီယဆရာတော်
ဒေါက်တာအောင်သင်း
မောင်ကြည်(သစ်ရာတောင်)
ကြည်မင်း
မေသူမွှေး(မြန်မာစာ)
မောင်ရှုလူ
ခင်ဆွေဦး
ဦးသက်လှိုင်(အငြိမ်းစားသံအမတ်ကြီး)
ဦးစန္ဒိမ(မဟာဝင်း)
ကြိမ်ရှုပ်နီ
ကိုကိုလွှမ်း
ချွန်းသဝင်း
မောင်မောင်သေး
ဆယ်သင်းအောင်
မောင်သာနိုး
မောင်ခင်မင်(ဓနုဖြူ)
ဦးအေးချို(မဟာဝိဇ္ဇာ)
နိုင်ခင်အောင်လေး
မောင်ချိုမြ(တမ္ဘဝတီ)
မောင်မောင်လှမြင့်
မောင်လူထူး
နန္ဒမင်းနိုင်
ဒေါက်တာခင်မောင်ညို
ဘိုလှိုင်
ဒေါက်တာသန်းလှိုင်
မောင်ရဲနိုင်
မောင်မောင်လှိုင်(အင်္ဂလိပ်)
ဦးခင်မောင်ဆွေ
ဦးကြည်မြင့်(လသာ)
မောင်ကိုသီ
ဦးသက်ထွန်း
တင်မောင်မြင့်
မောင်စိုးမောင်
ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်)
မောင်ကောင်းမြင့်
ဉာဏ်မောင်
ဒေါက်တာလှနုအေး (ဒဿနဆရာ)
မောင်သန်းဆွေ(ထားဝယ်)
ခင်မောင်တင့်
ခင်မေသာကြည်မြ
မေသက်ဦး
ဒေါက်တာသာညွန့်ဦး(မြန်မာစာ)
သခင်မြလေး
မြင့်ဆွေဦး
ထိုက်
မောင်ဝံသ

ပညာတော်သင်အဖြစ်၊
မြန်မာကျွမ်းကျင်ပညာရှင်အဖြစ်၊
သံတမန်အဖြစ်၊
နိုင်ငံတကာအဖွဲ့အစည်း ဝန်ထမ်းအဖြစ်
၆၅နှစ်အတွင်းနိုင်ငံပေါင်း ၅၀သို့
၂၃၄ကြိမ်သွားရောက်ခဲ့ရသူ

**အငြိမ်းစားသံအမတ်ကြီး**
**ဦးသက်ထွန်း**
ရေးသားသော စာအုပ် ၂ အုပ်

**မြန်မာတစ်ဦး၏ ကမ္ဘာ့အမြင်**
**A Myanmar Looks at Others**

အင်္ဂလိပ် + မြန်မာ ၂ ဘာသာတွဲ
စာမူ ခွင့်ပြုချက်အမှတ် ၅၄/၀၄/ (၅)
ထွက်နေပါပြီ

---

၂၀၀၉ခု စက်တင်ဘာလထုတ်

**အငြိမ်းစားသံအမတ်ကြီး**
**ဦးသက်ထွန်း၏**
**နိုင်ငံရပ်ခြားအတွေ့အကြုံများ**

**EXPERIENCES ABROAD OF RETIRED AMBASSADOR U THET TUN**

အင်္ဂလိပ် + မြန်မာ ၂ ဘာသာတွဲ

စာမူ ခွင့်ပြုချက်အမှတ် ၄၀၀၈၃၈၀၇၀၉
ထွက်နေပါပြီ

ဒေါင်းစာပေ၊ ၁၁၃/ ၃၃လမ်း(အလယ်)၊ ကျောက်တံတား၊ ရန်ကုန်။ ဖုန်း-၃၇၃၂၁၀


၁၉၈၄ခု၊ အောက်တိုဘာလက စတင်ထုတ်ဝေသည်။ Established 1984.

ငွေရတု အထူးထုတ်

# အတွေးအမြင်



**ဒေါင်းစာပေ**
**မှ - လှူဒါန်းပါသည်။**

ဒေါင်းစာပေ
၁၁၃/ ၃၃လမ်း(အလယ်)၊ ကျောက်တံတား၊ ရန်ကုန်။ ဖုန်း-၃၇၃၂၁၀
e-mail: daung73@gmail.com

| အမှတ်(၂၁၁) | မာတိကာ | ၂၀၀၉ အောက်တိုဘာလ |
|---|---|---|


| | | |
|---|---|---|
| ့ရတုဥဒါန်း | ခေါင်းကြီး | ၃ |
| ည်နိုင်ငံ၊ သည်အရေး | ဓမ္မပိယဆရာတော် | ၉ |
| ညာစွမ်းအင် | ဒေါက်တာမောင်သင်း | ၁၄ |
| အျောင်းကောင်းပါမှရွာသာယာ | မောင်ကြင် (သစ်ရာကောက်) | ၁၉ |
| နက်ခင်းတစ်ခုကိုအစပြုခြင်း | ကြည်မင်း | ၂၃ |
| နှဝင်ကုသိုလ်မော်ကွန်းများ | မအေးချမ်း(မြန်မာစာ) | ၃၂ |
| ခလေးထားသင့်သော အတွေးစကားများ | မောင်ရဲလူ | ၃၉ |
| မြောင်းမြန်လုပ် | ခင်ဆွေဦး | ၄၄ |
| ဲဆွေတင်၏ပညာရေး | ဦးသက်ထွန်း(အငြိမ်းစားသံအမတ်ကြီး) | ၄၉ |
| စုတောင်း | ဦးစန္ဒိမ(စလင်း) | ၅၂ |
| ဘာသာတရားဆုံမှတ်နှင့်ယဉ်ကျေးမှုစံများ | ငြိမ်းချမ်းစိုး | ၅၅ |
| ဘာသိရင်ကောင်းမလဲ | တီတီထွန်း | ၆၂ |
| ဦးခုတ်ဦးဘချိအမှာစာ | ဂျွန်ယာဝင်း | ၇၄ |
| ဦးခုတ်ဦးဘချိနှင့်စာပေဝေဖန်ရေး | မောင်မောင်အေး | ၇၇ |
| တစ်နယ်တည်းကပုဂ္ဂိုလ်ကျော်နှစ်ဦး | ဆာထူးဝင်းအောင် | ၈၃ |
| မြစေတီရဲ့ပုရွသဒ္ဒါ | ဒီဟိုင်းဟွန်း | ၈၆ |
| စိတ်ဘာသာဗေဒနိဒါန်း | မောင်ခင်မင်(ဓနုဖြူ) | ၉၂ |
| စာရေးဆရာ(ဘဝနှင့်ဒဿန) | ဦးအေးမြို့(ပယ်ဆိဗ္ဗာ) | ၉၆ |
| ဝေါ်ဆရာတော် | နိုင်ခင်မောင်လေး | ၁၀၂ |
| စ်ကဲ ဦးရွှေနော်၏ဆရာ ဦးရွှေကွန်နှင့်ပတ်သက်၍ | မောင်မြေနီ(တမာတော) | ၁၀၅ |
| လှိုင်နှင့်သူတို့သားအဖ | မောင်မောင်လှမြင့် | ၁၂၀ |
| စိတ်ဆွေဖွဲ့ခြင်းသည်ရန်ကိုချေမှုန်းခြင်း | မောင်ကျေးလူ | ၁၂၃ |
| တွေးမိသမျှရေးကြည့်ရသည်မှာ | နန္ဒမင်းနိုင် | ၁၂၆ |
| ယူနက်စကိုအတွေ့အကြုံများ | ဦးသက်ထွန်း(အငြိမ်းစားသံအမတ်ကြီး) | ၁၃၁ |
| ယူနစ်နှင့်အရပ်သုံးအတွေးများ | ဒေါက်တာခင်မောင်ညို | ၁၃၃ |
| ကောလိပ်များနှင့်ပညာရေးလွတ်လပ်ခွင့် | ဘိုးလှိုင် | ၁၃၇ |
| ကမ္ဘာ့ဆိပ်ကမ်းတက္ကသိုလ်များ | ဒေါက်တာတင်လှိုင် | ၁၄၃ |
| အသုံးမကျတဲ့ အသိပညာ | မောင်ရဲနိုင် | ၁၅၅ |
| ဆိတ်ဆိတ်တွေးရေးရေးပေါ် | မောင်မောင်လှိုင်(အပ်စိုက်ကု) | ၁၆၃ |


အတွေးအမြင်
၂၅နှစ်ပြည့် အထူးထုတ်


| အမှတ်(၂၁၁) | မာတိကာ | ၂၀၀၉ အောက်တိုဘာလ |
|---|---|---|



| | | |
|---|---|---|
| ဘဲလ်ကစ်(၁၉၉၄) | ဦးခင်မောင်ဆွေ | ၁၆၆ |
| ငိးပွားရေးပညာနိုဗဲယ်ဆုရှင်များ | ဦးကြည်မြင့်(လသာ) | ၁၇၄ |
| အတွေးအခေါ်ဝေါဟာရနှင့်ပညာရှင်အညွှန်း | မောင်ကိုသီ | ၁၇၈ |
| ဘွန်တော်နှင့်ခေတ်ဖြိုင်များ | ဦးသက်ထွန်း | ၁၈၃ |
| မဟာပဋိညာဉ် | တင်မောင်မြင့် | ၁၈၉ |
| ဘုရားသခင် . . . ဘုရင်စကေရာစ်နှင့်ပြည်သူ | မောင်စိုးမောင် | ၁၉၅ |
| ဓမ္မဗ္ဗာနနစေညွှန်းပြ(၅) | ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်) | ၂၀၃ |
| လောဘ၊ ဒေါသနှင့် မာန | မောင်ကောင်းမြင့် | ၂၀၈ |
| ဗ္ဗာကိုဘယ်လိုတွက်ကြမှာလဲ | ညဏ်မောင် | ၂၁၂ |
| နိဘယ်ဆုရှင်များ၏အတွေးအမြင်များ | ဒေါက်တာလှနုထွေး (ဒဿနဗေဒ) | ၂၁၇ |
| မြန်မာပြည်ရောက်တရွတ်များ | မောင်သန်းဆွေ(ထားဝယ်) | ၂၂၂ |
| နေ့စဉ်နိုးကြားတက်ကြွနေအောင်နေပါ | ခင်စောတင့် | ၂၂၉ |
| လောကကိုအမှိုက်ဆင်သူ | ခင်မာလာမြဖြူ | ၂၃၂ |
| ပုံသကူ | မေသက်ဦး | ၂၃၅ |
| ခံစားကြည့်မှသိမှာပါ | ဒေါက်တာသပြေဦး(မြန်မာစာ) | ၂၃၉ |
| မင်းခေါင်နော်ရထာ၏အရေးအခင်း | မြင့်ဆွေဦး | ၂၄၃ |
| ဝေမြို့ကလာခဲ့တယ် | မောင်ဝိသ | ၂၅၀ |
| ဗီယက်နမ်လွတ်မြောက်ရေးတိုက်ပွဲကို မြန်မာတို့ကူညီခဲ့စဉ်က | သခင်မြလေး | ၂၄၂ |
| ငွေရတုကိုဖြတ်သန်းခဲ့ခြင်း | ထိုက် | ၂၆၅ |


**ကိုယ်စားလှယ်တော်ကြီးများနှင့် စာဖတ်ပရိသတ်ထံ လေးစားစွာ အစီရင်ခံပါသည်။**

ယခု ၂၀၀၉ အောက်တိုဘာလထုတ် အတွေးအမြင် အမှတ် (၂၁၁) ကို ၂၅နှစ်မြောက် အထူးထုတ်အဖြစ် ထုတ်ဝေပါ၍ ပုံမှန်ထုတ်များထက် စာမျက်နှာ ၈၀ ကျော် တိုးချဲ့ထားပါသည်။ သို့ပါ၍ စာစောင်ဈေးနှုန်းကို ပုံမှန် ၁၂၀၀ကျပ်မှ **(ယခု တစ်လတည်းအတွက်)** ၁၈၀၀ကျပ်သို့ မြင့်ဆင်ခဲ့ရပါသည်။ နောက်လများတွင် ပုံမှန် ဈေးနှုန်းအတိုင်း ၁၂၀၀ ကျပ်သာ တန်ဖိုး သတ်မှတ်မည်ဖြစ်ကြောင်း အစီရင်ခံပါသည်။

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ

**အယ်ဒီတာအဖွဲ့၊ အတွေးအမြင်**

၂၀၀၉၊ အောက်တိုဘာလ
အတွေးအမြင် အမှတ်(၂၁၁)
တန်ဖိုး ၁၈၀၀ကျပ်

အယ်ဒီတာအဖွဲ့

ဦးသိန်းဝင်း၊ သိရိဝံသ
လွတ်လပ်စိုး၊ ဦးရဲမြင့်၊ နောင်နောင်စိုး

ထုတ်ဝေသူ- ဦးရဲမြင့်(၀၄၃၆၈)၊ အမှတ် ၁၁၃၊ ၃၃လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်အဖုံးပုံနှိပ်သူ-ဦးဆန်းထူးစိုး(၁၄၆၉၈)၊ ဆန်းသဇင်ပုံနှိပ်တိုက်၊
၁၉၆၊ ၃၉လမ်း၊ ရန်ကုန်မြို့။
စောင်ရေ ၁၀၀၀
မျက်နှာဖုံးခွင့်ပြုအမှတ် ၅၄၀၉၀၃၀၉၀၉

မျက်နှာဖုံးဒီဇိုင်း-သိုးထိန်း



## ငွေရတု ဥဒါန်း

၁၉၈၄ခု အောက်တိုဘာလက စတင်ထုတ်ဝေခဲ့သော အတွေးအမြင်စာစောင်သည် ယခု ၂၀၀၉ခု အောက်တိုဘာလတွင် ၂၅နှစ် တင်းတင်း ပြည့်မြောက်လေပြီ။ ရတုအခေါ် အားဖြင့်ဆိုသော် ငွေရတုနှစ် ဖြစ်ပေသည်။ အချိန်ကာလအတိုင်းအတာဖြင့် ပြောလျှင် ၂၅နှစ်ဟူသည် ရာစုတစ်ခု၏ လေးပုံတစ်ပုံဖြစ်သည်။ လူ့သက်တမ်းနှင့် ချိန်ထိုးလျှင် ၂၅နှစ်သည် ကောင်းစွာ ကြီးပြင်း လူလားမြောက်နေပြီဟု ဆိုနိုင်သော အရွယ်ဖြစ်သည်။

အတွေးအမြင်သည် ရာစုနှစ် နှစ်ခုကို ဆက်စပ်မိခဲ့ပေသည်။ ၂၀ ရာစု နှောင်းပိုင်းဆုံးခါနီး ၁၆ နှစ်အလိုတွင် စတင်ထုတ်ဝေကာ ၂၁ ရာစုတွင်းသို့ အောင်မြင်စွာ ချင်းနင်းဝင်ရောက်ခဲ့သည်။ ထို့ပြင် ကြုံခေါင့်ကြုံခဲ ထောင်စုနှစ် တစ်ခုမှ တစ်ခု အကူးအပြောင်း ကာလကိုလည်း ဖြတ်သန်းခဲ့ပေသည်။

ကာလယန္တရားကြီးသည် မည်သူ့ကိုမှ မစောင့်ဘဲ ရှေ့သို့သွားလျက်ရှိသည်။ လူ့သမိုင်းသည်လည်း အချိန်နှင့်အမျှ ပြောင်းလဲလျက်ရှိသည်။ တိုးတက်ပြောင်းလဲခြင်း ဆုတ်ယုတ်ပြောင်းလဲခြင်းနှင့် အပြောင်းအလဲမရှိ တန့်ရပ်နေခြင်းဟူ၍ အသီးသီး ရှိရာ အပါဝင်နေသော လူ့အဖွဲ့အစည်းသည် မည်သို့သော အမျိုးအစားတွင် အကျုံးဝင်သည်ကို သုံးသပ်စိစစ်ကြရပေမည်။

အတွေးအမြင် စတင်ထုတ်ဝေချိန်က လူထုဆက်သွယ်ရေးနည်းလမ်းများနှင့် ၂၅နှစ်အခါသမယကို ဖြတ်သန်းလာချိန်အတွင်း တိုးတက် ပြောင်းလဲလာသော လူထုဆက်သွယ်ရေးနည်းလမ်းများသည် သိသိသာသာ ကွဲပြားခြားနားနေပြီဖြစ်သည်။ ခဲစာလုံးဖြင့်ပုံနှိပ်သည့်ခေတ်မှ ကွန်ပျူတာစာလုံးသန့်သန့်ကလေးများနှင့် အော့ဖ်ဆက် ခေတ်သို့ ရောက်လာသည်။ ကြိုးဖုန်းခေတ်မှ မိုဘိုင်းဂ်ဖုန်းခေတ်၊ ရေဒီယို တယ်လီဖုန်း ခေတ်သို့ ရောက်လာသည်။ ရေဒီယိုနှင့် သမားရိုးကျ ရုပ်သံခေတ်မှ ဂြိုဟ်တု စလောင်းခေတ် ရောက်လာသည်။ ကြေးနန်းသတင်းခေတ်မှ အင်တာနက် ဆက်သွယ်ရေးခေတ် ရောက်လာ သည်။ ဤ ၂၅ နှစ်တာအတွင်း ရုပ်ဝတ္ထုပိုင်းဆိုင်ရာ တိုးတက် ပြောင်းလဲမှုများသည် ခေတ်များခါလောက်အောင် မြန်ဆန်ခဲ့သည်။ အထူးသဖြင့် ၂၁ ရာစုတွင်း ဝင်ရောက် အပြီးနောက် တိုးတက်ပြောင်းလဲမှုများသည် တရမန်းကြမ်း ဖြစ်သည်။ ရစ်ဗင်ဝင်းကဲလ် နှစ်ဆယ် အိပ်ပျော်နေစဉ် ပြောင်းလဲခဲ့သည်များ ထက် အဆပေါင်းများစွာ သာလွန်မည် ဖြစ်သည်။

အတွေးအမြင်သည် အသိပညာပေါက်ကွဲမှုကြီးဖြစ်ပေါ်နေသည်ဟု တင်စား ပြောဆိုကြသည့် ဤခေတ်ကာလအတွင်း ရှင်သန်လှုပ်ရှားခဲ့ရသည်။ ပြောင်းလဲမှုများကို အတွေးအမြင်ပရိသတ်နှင့်အတူ မပြတ်စောင့်ကြည့်လေ့လာနေခဲ့သည်။ ၁၉၈၄- ၂၀၀၉

ကာလအတွင်း ပေါ်ပေါက်ခဲ့သည့် အယူအဆအသစ်၊ အတွေးအမြင် အသစ်များကို 'အတွေးအမြင်'ကလောင်ရှင်များက တတ်အားသမျှ လေ့လာသုံးသပ်၍ တင်ပြခဲ့ကြသည်ကို ပြန်လည် ဂုဏ်ဖော်လိုပေသည်။ ဖရန်စစ်ဖူကူးယာမ၏ "သမိုင်း၏ နိဂုံး" အယူအဆကို မြန်မာစာဖတ် ပရိသတ်သို့ အတွေးအမြင်က စတင်မိတ်ဆက်ပေးခဲ့ခြင်းဖြစ်သည်။ ထို့ထက် အလျင်စော၍ ၁၉၈၆-၈၇တွင် ဆိုဗီယက်ယူနီယံခေါင်းဆောင် ဂေါ်ဘာချော့ဗ်၏ "ဂလပ်စနော့"နှင့် "ပယ်ရယ်စထရွိုက်ကာ" ရုပ်လုံးဖော်ချိန်၌ အတွေးအမြင်စာစောင်ကပင် မြန်မာ စာဖတ်ပရိသတ်သို့ ဦးဦးဖျားဖျား ဖွင့်ဆို ရှင်းလင်းတင်ပြခဲ့သည်ကို ပြန်လည် လှန်လှော ဖတ်ရှုနိုင်ပါသည်။

ဂျော့အော်ဝဲလ်က "တစ်ထောင့် ကိုးရာ ရှစ်ဆယ့်လေး" ခေါင်းစဉ်ဖြင့် အနာဂတ္တိဝတ္ထုတစ်ပုဒ်ရေးခဲ့သည်ကို မှတ်မိကြမည်ထင်ပါသည်။ ၁၉၈၄ တွင် ကမ္ဘာကြီးတစ်ခုလုံးသည် အာဏာရှင် စနစ်အောက် ကျရောက်ကာ လူ့အခွင့်အရေးများ ဆုံးရှုံးနေတော့မည်၊ အာဏာရှင်ကြီး၏ စောင့်ကြည့်မှုအောက်တွင် ကမ္ဘာသူ တို့သည် လွတ်လပ်စွာ စဉ်းစားခွင့်ပင် မရှိတော့သည့် အနေအထားသို့ ရောက်နေရှာမည်ဟု ဟောကိန်းထုတ်ထားသော သရော်စာပေဝတ္ထုကြီး ဖြစ်သည်။ သို့သော် ဂျော့အော်ဝဲလ် မှားခဲ့ပေသည်။ ၁၉၈၀ နှစ်များစောစောပိုင်းကစ၍ အာဏာရှင်စနစ်ကျင့်သုံးနေသော နိုင်ငံများသည် အင်အားချည့်နဲ့ ယိမ်းယိုင်နေကြပေပြီ။ ၁၉၈၀ နှစ်များ ခါးလယ်ပိုင်းလောက်တွင် ဂျော့အော်ဝဲလ် ရည်ညွှန်းလိုသော ဆိုဗီယက်ယူနီယံ၌ပင် နိုင်ငံရေးပွင့်လင်းရေး 'ဂလပ်စနော့' နှင့် စီးပွားရေး ပြန်လည်ပုံစံချရေး 'ပယ်ရယ် စထရွိုက်ကာ' ပေါ်ပေါက်လာချေပြီ။ နောက် ငါးနှစ်မျှ အကြာတွင် သံကန့်လန့်ကာကြီး ပြိုကျသွားသည်၊ ဘာလင်တံတိုင်းကြီး ပွင့်ထွက်သွားသည်။

ဂျော့အော်ဝဲလ်၏ အမှားကို ပို၍ ထင်ရှားစေသည့်အချက်မှာ ၁၉၈၄ခုတွင် အတွေးအမြင် စာစောင် ထွက်ပေါ်လာခြင်းပေတည်း။ စဉ်းစားခြင်းကို အားပေးရန်ဟူ၍ အတိအလင်းကြွေးကြော်လျက် ထွက်ပေါ်လာသော အတွေးအမြင်စာစောင်သည် ဦးနှောက်မသုံးရသည်မှာ ကြာပြီဖြစ်၍ စဉ်းစားသည့်အကျင့်ပင် မရှိတော့သလောက်ဖြစ်နေခဲ့သူများအား လှုပ်နှိုးလိုက်ဘိသကဲ့သို့ ဖြစ်သွားသည်။ ထိုအချိန်ကစ၍ 'အတွေးအမြင်'စာမျက်နှာများမှတစ်ဆင့် ပြည်သူများအား စဉ်းစားကြပါ၊ တွေးခေါ်ကြပါ၊ ဆင်ခြင်ကြပါ ဟု တစာစာတိုက်တွန်း လာခဲ့သည်မှာ ယခု နှစ်အစိတ်ပြည့်မြောက်လေပြီ၊

ဆက်လက်၍လည်း စဉ်းစားကြပါ၊ တွေးခေါ်ကြပါ၊ ဆင်ခြင်ကြပါ။ အများမိုးခါးရေ သောက်တိုင်း လိုက်မသောက်ကြပါနှင့်၊ ကိုယ်ပိုင်ဉာဏ်နှင့် ဆင်ခြင်နိုင်အောင်ကြိုးစားကြပါ၊ အမှား အမှန် အကောင်း အဆိုး ခွဲခြားသိနိုင်အောင်ကြိုးစားကြပါ၊ ရေစုန်မျှောမလိုက်ကြပါနှင့်၊ အားမလျှော့လိုက်ကြပါနှင့်၊ အမှန်ကို တွေ့အောင်ရှာကြပါ၊ အမှန်ဘက်က ရပ်ကြပါဟု အထပ်ထပ်အခါခါ ပြောနေရေးနေဦးမည်ဖြစ်ကြောင်း ထပ်လောင်း ကတိပြုရင်း "အတွေးအမြင် ရွှေရတု စိန်ရတုသို့တိုင်အောင်" ဟူ၍ ဥဒါန်း ကျူးရင့်လိုက်ရပေသတည်း။

အတွေးအမြင်

၂၅နှစ်ပြည့် အထူးထုတ်

# သည်နိုင်ငံ သည်အရေး

ဓမ္မပိယဆရာတော်

မိမိတို့သည် မြန်မာနိုင်ငံသားများ ဖြစ်ကြသဖြင့် သည်နိုင်ငံဟူသည် မိမိတို့ မြန်မာနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံသည် အာရှတိုက် အရှေ့တောင်ပိုင်းရှိ အင်ဒိုချိုင်းနားကျွန်းဆွယ်ကြီး၏ အနောက်ဘက်ပိုင်းတွင် တည်ရှိသည်၊ မြောက်လတ္တီကျူ ၉° ၃၀'နှင့် ၂၈° ၃၁' အတွင်း တည်ရှိသည်။ မြောက်ယာဉ်စွန်းတန်း (မြောက်လတ္တီကျူ ၂၃½°)သည် ချင်းပြည်နယ် တီးတိန်မြို့၊ ဧရာဝတီမြစ်ကမ်းပေါ်ရှိ တကောင်းမြို့နှင့် ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့အနီးမှ ဖြတ်သွားသည်။

အရှေ့လောင်ဂျီကျူ ၉၂° ၁၀' နှင့် ၁၀၁° ၁၁' အတွင်း တည်ရှိသည်၊ အရှေ့ လောင်ဂျီကျူ ၉၇½° မျဉ်းကို မြန်မာနိုင်ငံ၏ စံတော်ချိန်မျဉ်းအဖြစ် သတ်မှတ်ထားသည်။ ထို့ကြောင့် နိုင်ငံ၏ လေးပုံသုံးပုံခန့်သည် အပူပိုင်းဇုန်အတွင်း ကျရောက်၍ ကျန် လေးပုံတစ်ပုံခန့်သည် အပူလျော့ပိုင်းဇုန် အတွင်း၌ ကျရောက်လျက်ရှိသည်။ မြန်မာနိုင်ငံနှင့် နယ်နမိတ်ချင်းထိစပ်နေသောနိုင်ငံများမှာ အနောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အရှေ့ဘက်တွင် လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ အရှေ့တောင်ဘက်တွင် ထိုင်းနိုင်ငံတို့ ဖြစ်ကြ၏။

> **နိုင်ငံရေးဟူသည်**
> **နိုင်ငံ့အရေးဖြစ်သည်။**
> **နိုင်ငံအရေးဟူသည် နိုင်ငံသူ၊**
> **နိုင်ငံသားတို့၏အရေးဖြစ်သည်၊**
> **နိုင်ငံသူ နိုင်ငံသားတို့၏**
> **အရေးဟူသည်**
> **စားဝတ်နေရေး ကျန်းမာရေး**
> **စသော လူ့အရေးများပင်**
> **ဖြစ်သည်**

အပြည်ပြည်ဆိုင်ရာနယ်နမိတ်၏ အလျားမှာ မိုင်ပေါင်း ၃၈၀၀ ခန့် ရှည်လျား၏။ မြန်မာနိုင်ငံသည် တောင်ဘက်တွင်

ကပ္ပလီပင်လယ်၊ မုတ္တမကွေ့နှင့် ဘင်္ဂလားပင်လယ်အော်၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်နှင့်လည်း ထိစပ်လျက်ရှိ၏။ ကမ်းရိုးတန်းအလျားမှာ မြောက်ဘက် နတ်မြစ်ဝမှ တောင်ဘက် ကော့သောင်းမြို့အထိ ၁၃၈၅ မိုင်ခန့် ရှိသည်။

မြန်မာနိုင်ငံ၏ အကျယ်အဝန်းသည် စတုရန်းမိုင်ပေါင်း ၂၆၁၇၈၉ မိုင်ခန့် ရှိ၏။ မြောက်မှ တောင်သို့ မိုင် ၁၃၀၀ ခန့် ရှိ၍၊ အရှေ့မှ အနောက်သို့ မိုင် ၇၀၀ ခန့် ရှိ၏၊ အကြမ်းဖျင်းအားဖြင့် ပြိတိသျှကျွန်းစု၏ နှစ်ဆကျော်ကျော်ရှိ၏။ အမေရိကန် ပြည်ထောင်စု တက္ကဆပ်ပြည်နယ်နှင့် အကျယ်အဝန်း တူညီသည်။ မြန်မာနိုင်ငံကို ပြည်နယ်ခုနစ်ခု၊ တိုင်းခုနစ်ခုတို့ဖြင့် ဖွဲ့စည်းတည်ထောင်ထား၏။

မြန်မာနိုင်ငံသည် ယေဘုယျအားဖြင့် တောင်ကုန်းတောင်တန်း ထူထပ်ပေါများသော နိုင်ငံဖြစ်၍ ပူအိုက်စွတ်စိုသော ရာသီဥတုရှိသည်။

ပထမ ကျောက်ခေတ်နှင့်စပ်ပြီး ယခင် နှစ်လေးသိန်းကပင် ဤမြန်မာမြေပေါ်၌ အညာသားတွေရှိခဲ့ကြ၏။ ဒုတိယ ကျောက်ခေတ်လူသားတွေ နေထိုင်ခဲ့ကြသည်။ ခရစ်နှစ် ၂၀၀ လောက်မှာ ဧရာဝတီမြစ်၊ သံလွင်မြစ်၊ မဲနမ်မြစ်တို့ အကြားရှိ တောင်ကုန်းများတွင် မြန်မာမျိုးနွယ်တို့ နေထိုင်ခဲ့ကြသည်။

ခရစ်နှစ် ၈၀၀ လောက်တွင် မြန်မာနှင့်မြန်မာအနွယ်ဝင်တို့သည် သံလွင်မြစ်ကြောင်းကို လိုက်၍ တျာက်ဆည်မြို့၏ အရှေ့တောင်ဘက်ရှိ နတ်ထိပ်တောင်ကြားမှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာကြသောအခါ သက်နှင့် ကဒူးတို့သည် မြန်မာ



နိုင်ငံမြောက်ပိုင်း ဧရာဝတီမြစ် အရှေ့ကမ်းရှိ တကောင်းပြည်နယ်၌လည်းကောင်း၊ ရှေးရခိုင်တို့သည် အနောက်အရပ်ရှိ ဝေသာလီပြည်၌လည်းကောင်း၊ မွန်တို့သည် တောင်ဘက် ပင်လယ်ကမ်းခြေရှိ သထုံပြည်၌လည်းကောင်း၊ ပျူတို့သည် ယခုခေတ် ပြည်မြို့၏ အရှေ့ဘက် မှော်ဇာရွာတည်ရာအရပ်ရှိ သရေခေတ္တရာ ပြည်နယ်၌ လည်းကောင်း နေထိုင်လျက်ရှိပြီ။

နောက်ခေတ်များတွင် မွန်တို့ အမြောက်အမြား နေထိုင်ကြသော ဟံသာဝတီပဲခူးမြို့သည်လည်း မြန်မာနိုင်ငံသမိုင်းတွင် ထင်ရှားလာကြ၏။ ကာလအတန်ကြာသော် ပျူ၊ မွန်၊ သက်၊ မြန်မာ အစရှိသော လယ်တွင်း ဆယ့်တစ်ခရိုင်သားတို့သည် လူဦးရေတိုးပွားလာကြရာ အချို့သည် တောင်ဘက်ရှိ တောင်တွင်းကြီးသို့ ရွှေ့ပြောင်းကြ၏။ အချို့က ဧရာဝတီမြစ်ကို ကူး၍ ကရင်၊ ပလောင်တို့ရှိရာ စလင်းချောင်း၊ မုန်းချောင်းဒေသသို့ သွား၍နေကြ၏။ ဤဒေသကို မင်းဘူးမြောက်ခရိုင်ဟုခေါ်သည်။

အချို့သည် ပုံတောင်ပုံညာအပါအဝင် ချင်းတောင်တန်းသို့ သွားကြရ၏၊ အချို့သည် ရခိုင်ဘက်သို့ ရောက်အောင်သွားကြ၏၊ ဧရာဝတီမြစ်ကို ဆန်တက်၍ မူးမြစ်ဝှမ်းဒေသသို့ သွားကြ၏၊ ဤကဲ့သို့ အနှံ့အပြားနေထိုင်ကြသော ခရိုင်သားတို့ကို အုပ်ချုပ်ရန် ပျံ့ပြားအမည်ရှိသော မင်းသားသည် ခရစ်နှစ် ၈၄၉ ခုနှစ်တွင်



...မြို့ကို တည်ဆောက်၏၊ နောက်ပိုင်း ပုဂံခေတ်မြန်မာနိုင်ငံကိုဦးစွာ စည်းလုံးအုပ်ချုပ်သော အနော်ရထာမင်းသည် ခရစ်နှစ် ၁၀၄၄မှ ၁၀၇၇ တိုင်အောင် အုပ်ချုပ်၏။ ...နှစ်စစ်သားမင်းသည် ခရစ်နှစ် ၁၀၈၄ မှ ၁၁၁၂ တိုင်အောင် အုပ်ချုပ်၏။

ထိုသို့ ပုဂံခေတ်မှစ၍ အင်းဝခေတ်၊ ...တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်၊ အင်္ဂလိပ်လက်အောက်ခံခေတ်၊ စစ်ကြိုခေတ်၊ စစ်ပြီး ဖဆပလပါလီမန်ခေတ်၊ ...သမ်းစဉ် ပါတီခေတ်၊ ယခုခေတ်တိုင် တိုင်း...နှင့်ပြည်နယ်ဆယ့်လေးခုတွင် အေးအတူ

**နိုင်ငံရေးဟူသည် နိုင်ငံ၏ ဝေယျာဝစ္စဆောင်ရွက်မှုသာဖြစ်၏။ နိုင်ငံရေးအလုပ်ဟူသည်လည်း နိုင်ငံ၏ ဝေယျာဝစ္စအလုပ်သာဖြစ်၏။ ထို့ကြောင့် နိုင်ငံရေးသမားဟူသည် နိုင်ငံ၏ ဝေယျာဝစ္စဆောင်ရွက်သူသာ ဖြစ်သည်။**

ပူအမျှ နေထိုင်ခဲ့ကြသော ကရင်၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ ကချင်၊ ချင်း၊ ကယား စသော ပြည်ထောင်စုသား လူဦးရေ ၅၆ သန်းကျော်သော ဆွေမျိုးသားချင်းများသည် ကိုယ့်မြန်မာလူမျိုးများဖြစ်ကြသည်။

သည်အရေးဟူသည် ယနေ့ လူဦးရေ ၅၆ သန်းကျော်ရှိသော ကိုယ့်နိုင်ငံသူ၊ ကိုယ့်နိုင်ငံသား၏ အရေးဖြစ်သည်။ နိုင်ငံသားတို့၏ အရေးသည်ပင် နိုင်ငံရေးဖြစ်သည်။ နိုင်ငံရေးဟုဆိုလျှင် လူတွေက တစ်မျိုးတစ်ဖုံ ထင်တတ်သည်။ အာဏာနိုင်ငံရေး၊ ပါတီနိုင်ငံရေး စသည်တို့ကား တဏှာမာနဒိဋ္ဌိတို့နှင့် မကင်းတတ်သောကြောင့် ဘောင်ကျဉ်းတတ်သည်။ ရှုပ်ထွေးတတ်သည်၊ အတ္တဆန်တတ်သည်၊ တစ်ကိုယ်ကောင်းဆန်တတ်သည်။ ထို့ကြောင့် တချို့က နိုင်ငံရေးသမားဟုဆိုလျှင် အမြင်မရှင်းရှိတတ်သည်။ နိုင်ငံရေးဟု ကြားလိုက်တာနှင့် မစားကောင်းသည့် အသီးသဖွယ် လက်ရှောင်တတ်ကြသည်။


အမှန်က နိုင်ငံရေးဟူသည် နိုင်ငံ၏ ဝေယျာဝစ္စဆောင်ရွက်မှုသာ ဖြစ်၏။ နိုင်ငံရေးအလုပ်ဟူသည်လည်း နိုင်ငံ၏ ဝေယျာဝစ္စအလုပ်သာဖြစ်၏။ ထို့ကြောင့် နိုင်ငံရေးသမားဟူသည် နိုင်ငံ၏ ဝေယျာဝစ္စဆောင်ရွက်သူသာ ဖြစ်သည်။ နိုင်ငံ၏ ဝေယျာဝစ္စကို ရိုးရိုးသားသား၊ စိတ်ကောင်းစေတနာကောင်းနှင့် ဆောင်ရွက်မှုသာ နိုင်ငံတော်က အမှန်တကယ် လိုအပ်သော နိုင်ငံရေးသမားဖြစ်သည်။ နိုင်ငံရေးသမားတစ်ယောက်အဖို့ ဘာအရေးအကြီးဆုံးဖြစ်ပါသနည်းဟု သုံးသပ်သောအခါ မိမိနိုင်ငံသားတို့၏အရေးသည် အကြီးဆုံးဖြစ်သည်ကိုတွေ့ရသည်။ နိုင်ငံရေးသမားတိုင်း ထိုသဘောတရားကို လေးစားလိုက်နာရမည်။

နိုင်ငံရေးစစ်စစ်မှန်မှန်ကား စားဝတ်နေရေးစသော နိုင်ငံသားတို့၏ အရေးသာဖြစ်၏။ သခင်ဘသောင်းကမူ နိုင်ငံရေးဆိုသည်မှာ နိုင်ငံသူနိုင်ငံသားတို့၏ စားဝတ်နေရေး နေရာအဆောက်အဦရရှိရေး ပညာရရှိရေး ကျန်းမာမှုရရှိရေး အညည်းပြေမှုရရှိရေး စိတ်ချမ်းသာကိုယ်ချမ်းသာရရှိရေးစသည်တို့ပင်ဖြစ်သည်ဟု ဆိုခဲ့သည်။ နိုင်ငံရေးသည် နိုင်ငံသားတို့၏ အရေးသာဖြစ်သောကြောင့် နိုင်ငံသား

မှန်လျှင် နိုင်ငံ့အရေးကို စိတ်ဝင်စားကြရမည်။ နိုင်ငံ့အရေးကို ပါဝင်ဆောင်ရွက်ကြရမည်။ နိုင်ငံသားအားလုံး ပါဝင်ဆောင်ရွက်မှုရှိသောနိုင်ငံရေးသည်သာ စစ်မှန်သော နိုင်ငံရေးဖြစ်၏။ ဒီမိုကရေစီ လက်ဦးပေါ်ပေါက်ရာ ဂရိပြည်မှ အာရစ္စတိုတယ်မည်သော ပညာရှိကြီးက လူသည် နိုင်ငံရေးသတ္တဝါ ဖြစ်သည်။ နိုင်ငံရေးတွင် စိတ်မဝင်စားသော သူသည် နတ်သော်လည်းကောင်း၊ နွားသော်လည်းကောင်းသာ ဖြစ်ရမည်။ လူမဟုတ်နိုင်ဟုဆိုသည်။ နိုင်ငံသားဖြစ်လျက် ကိုယ့်နိုင်ငံအရေးကို စိတ်မဝင်စားလျှင် ထိုသူသည် ထိုနိုင်ငံသားမဟုတ်ဟုသာ ဆိုရချေမည်။ နိုင်ငံရေးကို မိမိနှင့်မဆိုင်ဟု အထင်ရောက်နေကြသူတို့သည် နိုင်ငံရေးသဘောကို နားလည်ကြသူများမဟုတ်။ အမှန်က နိုင်ငံရေးဟူသည် နိုင်ငံသားတို့၏ သေရေးရှင်ရေးပင်ဖြစ်သည်ဟု သခင်ဘသောင်းက ဆိုခဲ့သည်။

နိုင်ငံရေး၏ သဘောသဘာဝကို ဗိုလ်ချုပ်က အောက်ပါအတိုင်း ဖွင့်ဆိုခဲ့သည်။ နိုင်ငံရေး၏ သဘောအမှန်မှာ ကျွန်ုပ်တို့၊ လူသားတို့နှင့် မတန်မရာမြင့်မြတ်လွန်းသည်လည်းမဟုတ်၊ နိမ့်ကျလွန်းသည်လည်းမဟုတ်၊ ဘယ်သူသေသေ ငတေမာပြီးရော စိတ်ဇောနှင့် လုပ်ရသောအရေးကိစ္စလည်းမဟုတ်။ နိုင်ငံရေး ဆိုသည်မှာ ကျွန်ုပ်တို့ လူ့လောကတွင် နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသော ကိစ္စပင်ဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုသော် နိုင်ငံရေးဆိုသည်မှာ လူ့ကိစ္စဟုဆိုရပေမည်။ လူတို့၏ စားမှု၊ သောက်မှု၊ နေမှု၊ ထိုင်မှု၊ သွားမှု လာမှု အစုစုတို့သည် နိုင်ငံရေးပင်ဖြစ်၏။ (တောသူမလေးတစ်ယောက် ကောက်စိုက်



နေခြင်းသည် နိုင်ငံရေးဖြစ်၏။ တောသားလေးတစ်ယောက် နွားကျောင်းနေခြင်းသည် နိုင်ငံရေးဖြစ်၏။ ကောင်မလေးတစ်ယောက် ပဲပြုတ်ရောင်းနေခြင်းသည် နိုင်ငံရေးဖြစ်၏။ အဘွားအိုတစ်ယောက် လမ်းဘေး အကြော်ကြော်ရောင်းနေခြင်းသည် နိုင်ငံရေးဖြစ်၏။ လူငယ်တစ်ယောက် ဆိုက်ကားနင်းနေခြင်းသည် နိုင်ငံရေးဖြစ်၏၊ ဆရာမလေးတစ်ယောက် စာသင်နေခြင်းသည် နိုင်ငံရေးဖြစ်၏။ စည်ပင်ဝန်ထမ်းတစ်ယောက် အမှိုက်ကောက်နေခြင်းသည် နိုင်ငံရေးဖြစ်၏။ နိုင်ငံသားတိုင်း ဆိုင်ရာအလုပ်ကို လုပ်နေခြင်းသည် နိုင်ငံရေးပင်ဖြစ်သည်။) မိမိတို့သည် နိုင်ငံရေးကို မဆင်မခြင် မတွေးတောမိစေကာမူ နိုင်ငံရေးသည် အမြဲတစေ မိမိတို့နှင့် ဆက်သွယ်နေ၏။ မိမိတို့သည် နိုင်ငံရေးကို ရှောင်ရှားစေကာမူ နိုင်ငံရေးသည် မိမိတို့ အိမ်၊ ရုံး၊ အလုပ်ရုံ စသည်တို့၌ ပေါ်ပေါက်လျက်ရှိ၏။ ဤဌာနများ၌ မိမိတို့သည် နေ့စဉ်နှင့်အမျှ နိုင်ငံရေးကို လုပ်နေကြရပေမည်။

တောင်သူလယ်သမား၊ လခစားဝန်ထမ်း၊ ကုန်သည်ပွဲစား လူတိုင်းလူတိုင်း မိမိတို့၏အခွင့်အရေးကို ရယူလိုခြင်းသည် နိုင်ငံရေးပင်ဖြစ်၏။ သို့ရာတွင် မိမိတို့ နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသော နေထိုင်စားသောက်မှုသည် ပြောင်းလဲလျက်ရှိသည့်အားလျော်စွာ ကျွန်ုပ်တို့ နိုင်ငံရေး



သည်လည်း ပြောင်းလဲလျက်ရှိ၏။ ကျွန်ုပ်တို့အားလုံး သက်သာချောင်ချိ လူတန်းစေ့နေနိုင်အောင် လွတ်လပ်မှုကို တောင့်တကြသည်။ ဤလွတ်လပ်မှုကို ရယူလိုမှုသည်ပင်လျှင် နိုင်ငံရေးဖြစ်၏။ နိုင်ငံရေးသည် လူမှုရေးမျှသာဖြစ်၏။ နိုင်ငံရေးကို ကျွန်ုပ်တို့ နားမလည်နိုင်စရာ အကြောင်းမရှိချေ။ သို့ပါလျက်နှင့် အချို့က နိုင်ငံရေးသည် ယုတ်မာညစ်ထေးသည်ဟု ဆိုကြ၏။ စစ်စစ် နိုင်ငံရေးသည် ယုတ်မာ ညစ်ထေးသည် မဟုတ်။ နိုင်ငံရေးကို ယုတ်မာညစ်ထေးအောင် လုပ်ဆောင်သူတို့သာ

**အချို့က နိုင်ငံရေးသည်**
**ယုတ်မာညစ်ထေးသည်ဟုဆိုကြ၏။**
**စစ်စစ် နိုင်ငံရေးသည်**
**ယုတ်မာညစ်ထေးသည်မဟုတ်။**
**နိုင်ငံရေးကို ယုတ်မာညစ်ထေးအောင်**
**လုပ်ဆောင်သူတို့သာလျှင်**
**ယုတ်မာညစ်ထေးခြင်းဖြစ်၏**

လျှင် ယုတ်မာညစ်ထေးခြင်း ဖြစ်၏။

နိုင်ငံရေးဟူသည် လူအသီးသီးတို့၏ ပေါင်းသင်းဆက်ဆံမှု သိပ္ပံအတတ်သာဖြစ်သည်။ သိပ္ပံအတတ်အနေအားဖြင့် နိုင်ငံရေးသည် လူအသီးသီးတို့၏ အခွင့်အရေးကို စောင့်ရှောက်ရပေလိမ့်မည်။ စင်စစ်မှာ နိုင်ငံရေးတို့မည်သည် ပြီးဆုံးခြင်းသို့ ရောက်ပြီဟူ၍ မရှိနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ သံသရာ၌ လည်နေရ၍ ပဋိစ္စသမုပ္ပါဒ်တရားတော်မြတ်အတိုင်း အကြောင်းနှင့်အကျိုး၊ အတိတ်နှင့်ပစ္စုပ္ပန်၊ ပစ္စုပ္ပန်နှင့် အနာဂတ် ဆက်စပ်၍ မရပ်မနား ရှည်လျားသောခရီးကို တစ်သွားတည်းသွားနေရပေပြီ။ ဤကဲ့သို့ အကြောင်းတရား အကျိုးတရား အမျိုးအစားကို လိုက်၍ ဖြစ်ပျက်နေခြင်းသည်ပင်လျှင် နိုင်ငံရေးဖြစ်၏။ ဤကား ဗိုလ်ချုပ်၏ နိုင်ငံရေးဒဿနပင်တည်း။

နိုင်ငံရေးဟူသည် စည်းရုံးရေးဖြစ်သည်၊ စည်းရုံးရေးမပါသော နိုင်ငံရေးသည် အဆန်မပါသော သကြံန်အမြောက်သာဖြစ်သည်။ စည်းရုံးရေးမပါလျှင် နိုင်ငံရေးဟုပင် မခေါ်ထိုက်။ သိမ်းသွင်းခြင်း၊ ဖြားယောင်းခြင်းတို့သည် စည်းရုံးရေးမဟုတ်၊ စည်းရုံးရေးသည် ပြည်သူ့ဖြစ်သည်။ ပြည်သူ့အတွက် အကျိုးရှိမည့်အရာကို ပြည်သူက သဘောပေါက် နားလည်ပြီး လက်ခံလာအောင် ရှင်းလင်းပြောပြခြင်းသည် စည်းရုံးရေးဖြစ်သည်ဟု ပညာရှင်တစ်ဦးက ဆိုခဲ့သည်။

သိသာထင်ရှားသောအချက်ကား နိုင်ငံရေးဟူသည် နိုင်ငံ့အရေးဖြစ်သည်။ နိုင်ငံအရေးဟူသည် နိုင်ငံသူ၊ နိုင်ငံသားတို့၏ အရေးဖြစ်သည်၊ နိုင်ငံသူ နိုင်ငံသားတို့၏ အရေးဟူသည် စားဝတ်နေရေး ကျန်းမာရေး စသော လူ့အရေးများပင်ဖြစ်သည်။ မိမိနိုင်ငံသူနိုင်ငံသားတို့၏ အရေးကို ဆောင်ရွက်ခြင်းသည်သာ နိုင်ငံရေးအနှစ်သာရဖြစ်သည်။ စင်စစ် နိုင်ငံရေးဟူသည် အတ္တဟိတမဟုတ် ပရဟိတဖြစ်သည်။ သခင်ဘသောင်းက နိုင်ငံရေးသည် သူများ၏အရေးမဟုတ်။ နိုင်ငံသူနိုင်ငံသားတို့၏ ကိုယ်ရေးကိုယ်တာပင်ဖြစ်သည်ဟု ဆိုခဲ့လေသည်။

**အရှင်သံဝရာလင်္ကာရ**
**ဓမ္မပီယဆရာတော်**

**လူ့အပါအဝင် သက်ရှိတွေမှာ**
**မွေးကတည်းက ရောဂါတစ်ခုပါလာတယ်လို့**
**ဆိုချင်ပါတယ်။ အဲဒီရောဂါက ဘယ်တော့မှမပျောက်ပါ။**
**သေသည်အထိပါပဲ။ ဗိုက်ဆာတဲ့ရောဂါပါ။**

# ပညာစွမ်းအင်

ဒေါက်တာမောင်သင်း

လူ့အပါအဝင် သက်ရှိတွေမှာ မွေးကတည်းက ရောဂါတစ်ခု ပါလာတယ်လို့ ဆိုချင်ပါတယ်။ အဲဒီရောဂါက ဘယ်တော့မှ မပျောက်ပါ။ သေသည်အထိပါပဲ။ ဗိုက်ဆာတဲ့ ရောဂါပါ။ ဆာလို့ စားလိုက်ရင် ခဏသက်သာပြီး အစာကြေသွားရင် ပြန်ဆာလာ လိုက်နဲ့ ဘယ်တော့မှ ပြီးပြတ်အောင်ကုမရပါ။ သေမှပဲ ပျောက်တော့တာပါပဲ။ ဘာဖြစ်လို့ ပါလိမ့်။ သက်ရှိဆိုတာ မရပ်မနားလည်ပတ်နေတဲ့ အော်တိုမက်တစ် စက်တစ်မျိုးဖြစ်လို့ပါပဲ။ စက်ဆိုတာက စွမ်းအင်နဲ့မောင်းနှင်ရတာမျိုးပါ။ ဓါတ်ဆီ၊ ဒီဇယ်၊ လျှပ်စစ် ရေနွေးငွေ့အကျ မြှုစွမ်းအင်တွေနဲ့ မောင်းနှင်ရတာက သံ၊ သတ္တုတွေနဲ့ လုပ်ထားတဲ့စက်တွေပါ။

သက်ရှိဆိုတဲ့စက်တွေက ဂလူးကို့(စ်)လို့ခေါ်တဲ့ သကြားစွမ်းအင်နဲ့မောင်းမှ စက်လည်ပါတယ်။ ဂလူးကို့(စ်)သကြားဟာ ကစီဓာတ်မှာ အများဆုံးပါ ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့တတွေ ကစီဓာတ်တွေကြွယ်ဝတဲ့ ဆန်၊ ဂျုံ၊ ပြောင်း တွေ ကိုယ်ခန္ဓာထဲ ရောက်အောင် နည်းမျိုးစုံဖန်တီးပြီး အနည်းဆုံးတစ်နေ့ (၃)ခါ စားနေကြတာပါ။ ဗိုက်ထဲ ရောက်သွားတဲ့ သကြားဟာပြိုကွဲပြီး သက်ရှိရဲ့ စွမ်းအင်ဖြစ်တဲ့ အေတီပီ (ATP) အဖြစ် အသွင် ပြောင်းပါတယ်။ အဲဒီအေတီပီဟာ သက်ရှိရဲ့ ဇီဝဖြစ်ပျက်လုပ်ငန်း (Metabolism) တွေကို ပုံမှန်လုပ်နိုင်ရန် လိုအပ်တဲ့စွမ်းအင်ပါပဲ။ ဒါကြောင့် အစာမစားနိုင်ရင် ဂလူးကို့(စ်)မရ၊ ဂလူးကို့(စ်)မရရင် စွမ်းအင်ဖြစ်တဲ့ အေတီပီသို့ မပြောင်းလဲနိုင်၊ အေတီပီ



စွမ်းအင်မရှိတော့ အားနည်း၊ အားနည်းရင် မလုပ်နိုင် မကိုင်နိုင် ဖြစ်တော့တာပဲ။ စွမ်းအင်ရဖို့အတွက် ကျွန်တော်တို့တတွေ အစာကို စားနေကြရတာပါ။ စွမ်းအင်နည်းသွားရင် ကိုယ်ခန္ဓာက ဗိုက်ဆာတယ်လို့ အချက်ပြတော့တာပါပဲ။ အဲဒီတော့ အစာထပ်စားပြီး စွမ်းအင် ထပ်ဖြည့်ပေါ့။ စွမ်းအင် မဖြည့်နိုင်ရင် အစာငတ် နောက်ဆုံး သက်ရှိစက်ကြီးရပ်၊ သေပါတယ်။ စွမ်းအင် ပြည့်ပြည့်ဝဝမရတဲ့ သက်ရှိတွေမှာ ခန္ဓာကိုယ် ဖွံ့ဖြိုးမှုမရှိ ကြုံလှီပြီး ကိုယ်ခံအားနည်းလာကာ ရောဂါထူပါတယ်။ ပြီးတော့ လူစဉ်မမီ သက်တမ်းပြည့်မနေရပါ။ သက်ရှိများဟာ မရပ်မနား မောင်းနှင်နေတဲ့ စက်တစ်မျိုးမို့ သူတို့ရဲ့ ဖွံ့ဖြိုးရေး အသက်ရှင်ရေးတွေဟာ စွမ်းအင်ပေါ်မှာ အဓိကမှီနေပါတယ်။

လူတွေမှာ ဖွံ့ဖြိုးရေးတိုးတက်ခြင်းနဲ့ အောင်မြင်ခြင်းဆိုတာတွေဟာ အလုပ်လုပ်ခြင်းပေါ်မှာပဲမှီပါတယ်။ အလုပ်လုပ်ခြင်းမရှိဘဲ ဖွံ့ဖြိုးတိုးတက်ခြင်း အောင်မြင်ခြင်းဆိုတာ ဖြစ်မလာနိုင်ဘူး။ အလုပ်လုပ်မယ်ဆိုရင်တော့ စွမ်းအားတွေ ခွန်အားတွေရှိရပါမယ်။ လူသားဟာ ဒီကမ္ဘာလောကကို လွှမ်းမိုးနိုင်တာဟာလည်း ကျန်တဲ့သက်ရှိတွေထက် ဦးနှောက်ပိုပြီးဖွံ့ဖြိုးနေလို့ပါ။ ပညာရှင်များရဲ့ တွေ့ရှိချက်အရ ဦးနှောက်ဖွံ့ဖြိုးဖို့ စွမ်းအားများများ ရရမယ်တဲ့။ လူသားရဲ့ဆင့်ကဲဖြစ်ပေါ်တိုးတက်မှု (Human Evolution) ကို ကြည့်ရင် ချင်ပန်ဇီရဲ့ ဦးနှောက်အရွယ်အစားဟာ (၄၅၀-စီစီ) ပဲ ရှိပါတယ်။ လူနဲ့ချင်ပန်ဇီကြားမှာ ပျောက်ကွယ်သွားတဲ့ လူသားမျိုးနွယ်ကတော့ ချင်ပန်ဇီထက် အဆင့်မြင့်ပြီး လူနဲ့ပိုမိုနီးစပ်လို့ လူတူလူဝံ (Australopithecus)လို့ခေါ်ကြတယ်။ အဲဒီ လူတူလူဝံရဲ့ ဦးနှောက်အရွယ်အစားကတော့ (၆၀၀-စီစီ) လောက် ရှိသတဲ့။ သူကနေတစ်ဆင့်တက်ပြီး ပထမဦးဆုံးလူသားဖြစ်တဲ့ ဟိုမိုဟာဗေးလစ် (Homo habalis) ဖြစ်လာခဲ့ပါတယ်။ သူမှာတော့ ဦးနှောက်ဟာ (၈၀၀-စီစီ) အရွယ်ရှိနေပါပြီ။ အဲဒီကနေ ဟိုမိုအီရေးတပ်(Homo erectus)ဆိုတဲ့ မတ်တပ်ရပ်နိုင်တဲ့ လူသားဘဝရောက်တော့ လူ့ဦးနှောက်ဟာ (၁၀၀၀-စီစီ) ဖြစ်နေပါပြီ။ ဒါပေမယ့် ယနေ့လူသားမှာတော့ (၁၅၀၀-စီစီ) ထိတောင် ရောက်နေပါပြီ။ ဦးနှောက်

**ကမ္ဘာပေါ်မှာရှိတဲ့**
**သက်ရှိတွေထဲမှာ**
**ခန္ဓာကိုယ်အရွယ်အစားနဲ့**
**ဦးနှောက်အရွယ်အစားကို**
**အချိုးချလိုက်တော့**
**လူသားဟာ**
**ဦးနှောက်အရွယ်အစား**
**အကြီးဆုံးပါပဲတဲ့။**
**ဦးနှောက်အရွယ်ကြီးတော့**
**အသိဉာဏ်ပိုမိုဖွံ့ဖြိုးပြီး**
**တိုးတက်တော့တာပါပဲ။**

အရွယ်အစားကြီးခြင်းဟာလည်း အသိဉာဏ်ဖွံ့ဖြိုးခြင်းရဲ့ အဓိကအချက်ပါ။

ဦးနှောက်အရွယ်အစားကြီးဖို့ စွမ်းအင်များများ ရဖို့လိုပါတယ်။ သက်ရှိတွေရဲ့ စွမ်းအင်ဖြစ်တဲ့ ကစီဓါတ် အများဆုံးပါတဲ့ ဝဥ၊ မျောက်ဥ၊ ကန်စွန်းဥ၊ ဆန်၊ ဂျုံ၊ ပဲ၊ ပြောင်းတို့ဟာ မီးနဲ့တွေ့ရင် ပျော့ပျောင်းပြီး ပိုအရသာရှိလာပါတယ်။ ဝဥ၊ မျောက်ဥ၊ ကန်စွန်းဥတွေကို မီးနဲ့ဖုတ်၊ ဆန်၊ဂျုံ၊ ပဲ၊ ပြောင်းတွေကို မီးနဲ့ချက်ပြီးစားတတ်တာ လူသားပဲရှိပါတယ်။ ဘယ်သက်ရှိမှ မီးကို အသုံးပြုပြီး အစားအစာကို ပြုပြင်မစားတတ်ပါ။ အဲဒီလို မီးကို အသုံးပြုပြီးအစာကိုပြုပြင်စားတတ်တာ လွန်ခဲ့တဲ့နှစ် (၁ ဒသမ ၆ သန်း) ခန့်က စတင်ခဲ့တာပါ။ စတင်ခဲ့တဲ့ ရှေးဦးလူသားကတော့ ဟိုမိုအီရေးတပ်ခေါ်တဲ့ မတ်တတ်ရပ်နိုင်တဲ့ လူသားပါ။ အဲဒီလိုအစာကို ဖုတ်စားချက်စားတော့ ကစီဓါတ်ဟာ ပိုချို ပိုနူးညံ့လာပါတယ်။ ပိုချိုတော့ လျှာက ပိုစားချင်လာတယ်။ ပိုနူးညံ့လာတဲ့အစာကို အစာအိမ်ကလည်း မချက်ဘဲ စားတဲ့အစာတွေထက် ပိုပြီး အစာချေနိုင်ပါသတဲ့။ အဲဒီချေပြီးသား အစာတွေကိုမှ အစာအိမ်နံရံတွေက ပိုမိုစုပ်ယူနိုင်ပါတယ်။ အစာအိမ်က ပိုစုပ်ယူနိုင်တော့ စွမ်းအင်များ ရပါတယ်တဲ့။ စွမ်းအင်တွေဟာ လူသားဦးနှောက်အရွယ်အစားကြီးလာအောင် အားပေးတော့တာပါပဲ။ ကမ္ဘာပေါ်မှာရှိတဲ့ သက်ရှိတွေထဲမှာ ခန္ဓာကိုယ်အရွယ်အစားနဲ့ ဦးနှောက်အရွယ်အစားကို အချိုးချလိုက်တော့ လူသားဟာ ဦးနှောက် အရွယ်အစား အကြီးဆုံး ပါပဲတဲ့။ ဦးနှောက်အရွယ်ကြီးတော့ အသိဉာဏ်ပိုမိုဖွံ့ဖြိုးပြီး တိုးတက်တော့တာပါပဲ။ ဒါနဲ့ပဲ ကျွန်တော်တို့လူသားကို (Wise man) ပညာလူသား (Homo sapiens) လို့ခေါ်တော့တာပဲ။ ယခင်ရှေးဦးလူသားတွေထက် ကျွန်တော်တို့ သာခဲ့တာဟာ အစာထဲကနေ စွမ်းအင်များများ ရခဲ့လို့ပါပဲ။

ကျွန်တော်တို့ကိုးကွယ်နေတဲ့ ဗုဒ္ဓရဲ့ဘဝဖြစ်စဉ်ကိုလည်း ကြည့်ပါဦး။ ဘုရားဖြစ်ဖို့အတွက် သိုတကာတွေ ကျင့်ကြံနိုင်ခဲ့တဲ့ အကျင့်လို့ခေါ်တဲ့ ဒုက္ကရစရိယာ- အကျင့်ကို (၆)နှစ်တိုင်တိုင် ကျင့်ကြံခဲ့ပါတယ်။ အဲဒီအကျင့်ရဲ့နောက်ဆုံးအဆင့်မှာတော့ အစာစားရင် တရားကျင့်တဲ့အချိန် ကုန်မှာစိုးလို့ အစာမစား ရေမသောက်တော့ပါ။ အစာရေစာမရှိတော့ စွမ်းအင်မရပါ။ စွမ်းအင်မရရင် ကိုယ်ခန္ဓာရဲ့ ဇီဝလုပ်ငန်းတွေ ပုံမှန်အလုပ်မလုပ်ပါ။ ခန္ဓာကိုယ် ပုံမှန်အလုပ်မလုပ်တော့ ဉာဏ်အလင်းလည်း ပွင့်လာခြင်းမရှိတော့ပါ။ အချိန် (၆) နှစ်သာကုန်သွားတယ် ဘာတရားထူးမှမရခဲ့ပါ။ ဒါနဲ့ကဆုန်လဆန်းတစ်ရက်နေ့ကစပြီး သုဇာတရဲ့ နို့ဆွမ်းကိုအလှူခံ အစာပြန်စားပြီး တရားကျင့်ပါတယ်။ အစာစားတော့ စွမ်းအင်ပြန်ရပြီး သိဒ္ဓတ္ထရဲ့ခန္ဓာကိုယ်ကြီးဟာ ပုံမှန်ပြန်အလုပ်လုပ်ပါသတဲ့။ အဲဒီအခါမှာ ဉာဏ်ပညာအလင်းရောင်တွေ ပွင့်လင်းလာပြီး (၁၅)ရက်ပြည့်တဲ့ ကဆုန်လပြည့် သန်းခေါင်ယံအချိန်မှာ သဗ္ဗညုတရွှေဉာဏ်တော်ရပြီး သုံးလောကထွဋ်ထား ဘုရားဖြစ်ခဲ့ပါသတဲ့။ အစားမစားလို့ စွမ်းအင်အလုံအလောက် မရတော့ ပါရမီရှင် သိဒ္ဓတ္ထတောင် (၆)နှစ် တရားကျင့်ခဲ့ပေမယ့် ဘုရားအဖြစ်လို့ခေါ်တဲ့ အောင်မြင်မှုကိုမရဘဲ အစာစားပြီး စွမ်းအင်ပြည့်ပြည့်ဝဝနဲ့ တရားကျင့်တဲ့အလုပ်ကို လုပ်လိုက်တာ (၁၅)ရက်ထဲ ကျင့်တာနဲ့ ဘုရားဖြစ်ခဲ့ပါတယ်။ ပါရမီရှင် သိဒ္ဓတ္ထတောင် စွမ်းအင်လုံလောက်မှ ဘုရားဖြစ်တဲ့ဘဝကိုရောက်ပြီး ထင်ရှားတဲ့ ဗုဒ္ဓဘာသာဆိုတဲ့ ဘာသာတရားတစ်ခုကို ဒီကမ္ဘာပေါ်မှာထူထောင်နိုင်ခဲ့တာ နှစ်ပေါင်း ၂၅၀၀



ကျော်ခဲ့ပါပြီ။

ကမ္ဘာသမိုင်းမှာလည်း ရုရှားပြည်မှာ ဇာဘုရင်ကို လီနင်တို့အုပ်စုက ဖြုတ်ချပြီး ဘော်ရှီဗစ်တော်လှန်ရေး [illegible]ခဲ့ပါတယ်။ ပြီးတော့ လီနင်တို့အဖွဲ့က တိုင်းပြည်ဖွံ့ဖြိုး[illegible]အောင် ဘာလုပ်မလဲဆိုပြီး ပညာရှင်တွေ ခေါ်တွေ့[illegible]ပါသတဲ့။ အဲဒီအချိန်က အဖွံ့ဖြိုးဆုံးနည်းပညာဖြစ်တဲ့ [illegible]တ်မှုနိုင်ငံကို ထူထောင်မယ်ပေါ့။ ဒီလိုထူထောင်ရင် [illegible]ဘာအရင်လုပ်ရမလဲဆိုတာ ဆွေးနွေးကြတော့ ပညာရှင်[illegible]အားလုံးက စွမ်းအင် လုံလောက်အောင် အရင်လုပ်ပါလို့ [illegible]ညီတညွတ်တည်း အကြံပြုကြတယ်။ စွမ်းအင်တွေ [illegible]များကြီးထဲက ဘယ်လို စွမ်းအင်ထုတ်မယ်ဆိုရင် [illegible]သင့်တော်ဆုံးဖြစ်မလဲဆိုတာ အဖြေရှာကြတော့ [illegible]ဒီခေတ်အခြေအနေအရ အဏုမြူ စွမ်းအင် [illegible]သေးပါ။ ကျောက်မီးသွေးကိုတော့ လှိုင်လှိုင် သုံးနေ[illegible] သူ့ထက်ပိုကောင်းတဲ့ ရေအားလျှပ်စစ်က ပေါ်ခါစ[illegible] ဒါနဲ့ပဲ ရေအားလျှပ်စစ်ကို တစ်တိုင်းပြည်လုံး လုံလုံ[illegible]လောက် ရအောင် အရင်လုပ်ပါတယ်။ [illegible] ရေအားလျှပ်စစ်စွမ်းအင် တစ်တိုင်းပြည်လုံး [illegible]တော့မှ တိုင်းပြည်ဖွံ့ဖြိုးရေးဖြစ်တဲ့ ရေအား[illegible]နဲ့လည်ပတ်တဲ့ စက်ရုံအလုပ်ရုံတွေ လူမှု[illegible]အဆောက်အအုံတွေ တည်ဆောက်လိုက်တာ ယနေ့[illegible]အင်အားကြီးနဲ့ အဖွံ့ဖြိုးဆုံးနိုင်ငံကြီး စာရင်းဝင်[illegible]ပါတယ်။ ဘော်ရှီဗစ်တော်လှန်ရေးက လွန်ခဲ့တဲ့ [illegible] (၉၀) ကစခဲ့တာပါ။

သက်ရှိတွေ အသက်ရှင်ပြီး ဆက်လက်ဖွံ့ဖြိုးဖို့ [illegible]ဟာ အဓိကပါ။ သက်ရှိတွေထဲကမှ အသိဉာဏ် [illegible] လူသားဘဝကို ရောက်လာတဲ့ဖြစ်စဉ်မှာ [illegible] စွမ်းအင်ကပဓာနပါ။ သိဒ္ဓတ္ထမင်းသားရဲ့ ဘုရား[illegible]ကျင့်တဲ့ကျင့်စဉ်မှာလည်း စွမ်းအင်ရဲ့အခန်းက [illegible] နိုင်ငံဆိုတဲ့ကြီးမားတဲ့ လူမှုအဖွဲ့အစည်းကြီး [illegible]တိုးတက်အောင်မြင်ရေးရဲ့အခြေခံအုတ်မြစ် [illegible] စွမ်းအင်ပါပဲ။

စွမ်းအင်ပြည့်မှ လုပ်နိုင်စွမ်းအားတို့ ခွန်အား [illegible] ပေါ်ထွက်လာမှာပါ။ လူမှာ ကာယအားနဲ့ [illegible] ခွန်အား (၂) မျိုးရှိပါတယ်။ ကာယအား

**ခေတ်ကလည်း ကာယစွမ်းအားကို အသုံးချတဲ့ခေတ် မဟုတ်တော့ပါဘူး။ စီးပွားရေး လူမှုရေး စစ်ရေးနိုင်ငံရေး စတဲ့ လူ့ဘောင်အသိုင်းအဝန်း ရှင်သန်မှုနဲ့ဖွံ့ဖြိုးမှုတွေကို ပညာစွမ်းအင်က ဦးဆောင်မောင်းနှင်နေတဲ့ ပညာခေတ်ပါ။**

**ခေတ်ကလည်း ကာယစွမ်းအားကို အသုံးချတဲ့ခေတ် မဟုတ်တော့ပါဘူး။ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးနိုင်ငံရေး စတဲ့ လူ့ဘောင်အသိုင်းအဝန်း ရှင်သန်မှုနဲ့ ဖွံ့ဖြိုး မှုတွေကို ပညာစွမ်းအင်က ဦးဆောင်မောင်းနှင်နေတဲ့ ပညာခေတ်** (Knowledge age)**ပါ**

အတွက်တော့ ကစီဓါတ်နဲ့ ကျန်းမာအာဟာရပြည့်တဲ့ အစားအစာတွေနဲ့ လုံလောက်ပေမယ့် ဉာဏစွမ်းအား ပြည့်ဖို့ကျတော့ ပညာစွမ်းအင် (Pra-jna energy) ဖြည့်ရပါ မယ်။ ခေတ်ကလည်း ကာယစွမ်းအားကို အသုံးချတဲ့ခေတ် မဟုတ်တော့ပါဘူး။ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးနိုင်ငံရေး စတဲ့ လူ့ဘောင်အသိုင်းအဝန်း ရှင်သန်မှုနဲ့ ဖွံ့ဖြိုး မှုတွေကို ပညာစွမ်းအင်က ဦးဆောင်မောင်းနှင်နေတဲ့ ပညာခေတ် (Knowledge age)ပါ။ ကျွန်တော်တို့ မြန်မာမှုနယ်ပယ်မှာ သုံးတဲ့ ပညာ(Pra-jna)နဲ့ အဓိပ္ပာယ်တူတဲ့ အင်္ဂလိပ် စာလုံးမရှိပါဘူး။ ကျွန်တော်တို့ရဲ့ပညာမှာ အင်္ဂါရပ်(၅)ရပ် ပါ ပါတယ်။

ပညာ(Pra-jna)

(က) Wisdom
(ဉာဏ် အမြော်အမြင်ရှိခြင်း)

(ခ) Intelligence
(ဆက်စပ်ဆင် ခြင်နိုင်စွမ်းရှိခြင်း)

(ဂ) Knowledge
(ဗဟုသုတ ပြည့်စုံခြင်း)

(ဃ) Discrimination
(ကွဲပြားခြားနားမှုကို သိမြင်နိုင်သောစွမ်းရည်ရှိခြင်း)

(င) Judgement
(ဆင်ခြင်တုံတရားနှင့် ပြည့်စုံခြင်း)

တို့ဖြစ်ပါတယ်။ ပညာစွမ်းအင်မှာ စွမ်းအင် အခွဲလေး (၅)ခု ပါတယ်လို့ ဆိုလိုချင်တာပါ။ အဲဒီ စွမ်းအင် အခွဲတစ်ခုဟာ လူသားတစ်ဦးချင်းကိုဖြစ်စေ အဖွဲ့အစည်း ကိုဖြစ်စေ ကောင်းကျိုးချမ်းသာ ငြိမ်းချမ်းမှုနဲ့ ဖွံ့ဖြိုး သာယာမှုဆီ ဦးတည်မောင်းနှင်ပါတယ်။ စွမ်းအင်ခွဲ (၅)ခု ပေါင်းလိုက်တော့ ပိုမိုလျင်မြန်တဲ့အရှိန်နဲ့ ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတဲ့ လူ့ဘောင်အသိုင်းအဝိုင်းကို ဖြစ်ထွန်းစေမှာပါ။ ဒါကြောင့် ပညာစွမ်းအင်များများ ဖြည့်စေချင်ပါတယ်။

**ဒေါက်တာမောင်သင်း**

# ကျောင်းကောင်းပါမှ ရွာသာယာ

**မောင်ကြင် (သစ်ရာကောက်)**

…တိုင်းဟာ ကျောင်းနဲ့ မကင်းကြပါ။ ကျောင်းဆိုတာ အသိပညာ၊ အတတ်ပညာ တွေကို သင်ကြားပေးရာဌာနပါ။ စာသင် ကျောင်း၊ ဘုန်းကြီးကျောင်း၊ ဘုရား ကျောင်း၊ ဝတ်ကျောင်း စတဲ့ "ကျောင်း" ဆိုတဲ့ ဝေါဟာရပါတဲ့နေရာတွေဟာ လောကီရေး၊ လောကုတ္တရာရေးအတွက် သင်ယူဆည်းပူးရာဌာနတွေပါ။ ဒီကျောင်း တွေကောင်းလေ လူ့လောကလည်း ကောင်းလေပါပဲ။ ရွာဆိုတာကတော့ ကျေးလက်ဒေသ ကို ရည်ညွှန်းသလို ကမ္ဘာရွာကိုလည်း ရည်ညွှန်းပါတယ်။ ကျောင်းတွေကောင်းမှ ရွာတွေ ကောင်းမယ်။ ရွာတွေကောင်းမှ မြို့တွေကောင်းမယ်။ မြို့တွေကောင်းမှ တိုင်းပြည်ကောင်း မယ်။ တိုင်းပြည်ကောင်းမှ ကမ္ဘာရွာလည်း ကောင်းမှာပါ။ ကမ္ဘာမြေအရှည်တည်တံ့ဖို့ ကျောင်း တွေကို ထူထောင်ပေးရမှာပါ။ ကျောင်းတွေက ကောင်းမွေတွေပေးမှသာ ကမ္ဘာမြေလည်း အေးချမ်းသာယာမှာပါ။

စာသင်ကျောင်းတွေဟာ လူ့ဘဝထဲမှာ တွေ့ကြုံရမယ့် အခက်အခဲတွေ၊ ရင်ဆိုင်ရမယ့် ပြဿနာတွေကို ဖြေရှင်းကျော်လွှားနိုင်ဖို့နဲ့ လူ့လောကသာယာဝပြောရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ဖို့ အဆင်သင့်ပြင်ဆင်ပေးရာ လမ်းညွှန်ပေးရာဌာနကြီးတွေ ဖြစ်တယ်။ ပညာရေးစိတ်ပညာပါမောက္ခကြီး ဒေါက်တာသိန်းလွင်ကတော့ **"ကျောင်း"** ဆိုတာ **"ထိန်းကျောင်း"** ဆိုတာကလာတယ်။ သွားစေချင်တဲ့နေရာ၊ ရောက်စေချင်တဲ့ နေရာကိုရောက်အောင် စနစ်တကျ လမ်းပြပို့ဆောင်ပေးရာ ဒေသတွေပါတဲ့။ ကျောင်းကောင်းဆိုတာ ရုပ်ပိုင်းဆိုင်ရာအင်္ဂါကောင်းတွေနဲ့ ပြည့်စုံပြီး၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကို လမ်းဖွင့်ပေးထားတဲ့ ကျောင်းမျိုးပါ။ **"ကလေးသည်သာ အရာရာ"**လို့ ခံယူပြီး ကလေးတို့ဘဝရဲ့ လိုအပ်ချက်များ၊ တောင်းဆိုမှုများကို ကလေးတို့သင်ယူရာတွင် အဆင်သင့်ရရှိနိုင်အောင် ပြင်ဆင်ပေးထားတဲ့ ကျောင်းမျိုးကို ဆိုလိုတယ်လို့ ထင်ပါတယ်။

လူတစ်ယောက်ဟာ ကျောင်းပေါင်းများစွာမှာ သင်ယူပြီး လူလားမြောက်လာရတာပါ။ ဒါကြောင့် သာမန်လူအဆင့်ကနေ လူကြီးလူကောင်းတစ်ယောက် ဖြစ်လာအောင် အဆင့်ဆင့် ပျိုးထောင်ပေးနေတာဟာ ကျောင်းတွေပါပဲ။ လူတွေ ပထမဆုံး သင်ယူခဲ့တဲ့ ကျောင်းကတော့ မိဘတို့ရဲ့ ကျောင်းတော်ပါပဲ။ **"လက်ဦးဆရာ မည်ထိုက်စွာ၊ ပုပ္ဗာစရိယ မိနှင့်ဘ"**တဲ့။ လက်ဦးဆရာဖြစ်တဲ့ မိဘတွေဟာ ပွဲဦးထွက် ဆရာကောင်းတွေ ဖြစ်ဖို့လိုတယ်။ ခေတ်သစ်ပညာရေးပါရဂူတွေက ပညာရေးဟာ အမိဝမ်းတွင်းကနေ သေသည်အထိ တစ်သက်လုံး ဆည်းပူးရမှာ ဖြစ်တယ်လို့ ဆိုလိုတယ်။ " **Education is from womb to tomb!**"လို့ ပြောကြတယ်။ ဒါဆိုရင် မိခင်ရဲ့ ဝမ်းကြာတိုက်ဟာလည်း ကျောင်းကောင်းဖြစ်ဖို့ လိုတယ်။ သန္ဓေဆောင်မိခင်ရဲ့ ရုပ်နှင့်စိတ်အပြုအမူတိုင်းကို သန္ဓေသားဖြစ်သူက တုံ့ပြန်မှုတွေ ရှိနေတယ်လို့ ခေတ်သစ်ဆေးသိပ္ပံပညာရှင်များနဲ့ ပညာရေးပါရဂူများက သုတေသနပြုတွေ့ရှိလာတယ်။ ဒါကြောင့် မျိုးဆက်သစ်ကလေးကို လူကောင်းလူတော် ဖြစ်စေချင်ရင် သန္ဓေဆောင်မိခင်ကို ဂရုစိုက်ရမယ်။ မိခင်၏ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာဖို့ စိတ်ကောင်း၊ နှလုံးကောင်းနဲ့ နေနိုင်ဖို့ အဟာရဓာတ်ပြည့်ဝပြီး သန့်ရှင်းတဲ့ အစားအစာတွေ စားနိုင်ဖို့ စတဲ့ ဖြည့်ဆည်းပေးရမယ့် အရာတွေကို အဖက်ဖက်က ပြည့်စုံအောင် မိသားစုဝင်တိုင်းက တာဝန်ယူရမယ်။ ဒါမှသာ ကိုယ်ရောစိတ်ပါ စံချိန်စံညွှန်းမှီတဲ့ ´လူသားတစ်ဦးကို မွေးဖွားလာမှာ ဖြစ်ပါတယ်။

မိခင်ဝမ်းကြာတိုက်မှလွတ်၍ လူသားစစ်စစ် ကေန်ဖြစ်ပြီဆိုတာနဲ့ သင်ယူမှုတွေကို စခဲ့တယ်။ သူ့အသက်အရွယ်အလိုက် စိတ်ပိုင်းနဲ့ ရုပ်ပိုင်းဆိုင်ရာများကို လေ့လာသင်ယူလာတယ်။ မိဘရင်ခွင်ကနေ ပတ်ဝန်းကျင်ထဲရောက်တော့ ပတ်ဝန်းကျင်ရဲ့ ရောင်ပြန်ဟပ်မှုတွေနဲ့ အသွေးအရောင်တွေဟာ ကလေးရဲ့ အသိစိတ်ထဲကို ရောက်တယ်။ ပတ်ဝန်းကျင်အကောင်းအဆိုးကိုလိုက်ပြီး ကလေးရဲ့ ကိုယ်စိတ်ဆိုင်ရာ အပြုအမူများဟာ ပြောင်းလဲလာတယ်။ ဒါကြောင့် မိဘနဲ့လူကြီးသူမများဟာ ကလေးစိတ်ပညာနဲ့ ကလေးရဲ့ သဘာဝတွေကို နားလည်ထားသင့်တယ်။ ကလေးရဲ့ ရုပ်ပိုင်း။ စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ရမယ်။ လူကြီးတွေရဲ့ အပြုအမူ အပြောအဆိုတွေဟာ ကလေးရဲ့ဘဝကို ပြောင်းလဲသွားနိုင်တယ်။ လူကြီးတွေရဲ့ ကလေးတို့အပေါ် နားလည်မှု၊ ဖန်တီးပေးနိုင်မှုအပေါ် မူတည်ပြီး ကလေးတို့ရဲ့ဘဝဟာ ရှင်သန်ကြီးထွားနေရတယ်။

နယ်တကာ အရပ်တကာမှာ မူကြိုကျောင်းတွေ ဖွင့်လှစ်သင်ကြားနေတာကို တွေ့ရတယ်။ ကလေးရဲ့ဘဝကို ကောင်းစွာ နားလည်ပြီး စနစ်တကျ ပျိုးထောင်ပေးဖို့ လိုတယ်။ စာသင်တဲ့ မူကြိုကျောင်းထက် အလေ့အကျင့်ကောင်းတွေကို လေ့ကျင့်ပျိုးထောင်ပေးတဲ့ မူကြိုကျောင်းတွေဖြစ်ဖို့လိုတယ်။ ကျောင်းတွေမှာ ကလေးတို့နဲ့ အလုပ်လုပ်ကြမယ့် ဆရာ၊ ဆရာမတွေဟာ လူ့ဘဝမှာ ဒုတိယ အဖေ၊ အမေတွေ ဖြစ်တယ်။ ကလေးတို့ရဲ့ အကျိုးကို အစဉ်သယ်ပိုးနေသူများဖြစ်ဖို့ လိုတယ်။ အညွှန့်တလူလူနဲ့ တက်လာတဲ့ လူငယ်မောင်မယ်များကို လူတစ်လုံးသူတစ်လုံး



ဖြစ်အောင် ပြုစုပျိုးထောင်ရသူများဖြစ်လို့ ဘဝဉယျာဉ်မှူးများ ဖြစ်ကြတယ်။ ကလေးတွေရဲ့ အပြုအမူနဲ့ စိတ်နေသဘောထားများကို အကောင်းဘက်ရောက်အောင် ဆွဲဆောင်နိုင်သူများ ဖြစ်ဖို့လိုတယ်။ ယနေ့ခေတ်မှာ စာသင်တဲ့ဆရာတွေပေါပါတယ်။ စိတ်သင်တဲ့ဆရာတွေဖြစ်ဖို့တော့ လိုသေးတယ်။ ကျောင်းသားတွေကို အတန်းတင်ပေးရုံ အောင်ချက်ရာနှုန်းကောင်းအောင် သင်ပေးရုံနဲ့ မပြီးသေးပါဘူး။ လူ့လောကကြီးထဲကို လူကောင်းလူတော်တစ်ယောက်အနေနဲ့ စွမ်းဆောင်ပေးနိုင်သူဖြစ်အောင် ပြင်ဆင်ပေးလိုက်ရမှာပါ။

လူဟာ တိရစ္ဆာန်ထက် အသိဉာဏ်ရှိတယ် "**Man is wiser than animal**" ဆိုတာထက် လူဟာ လူတကာထက် ပိုပြီး အသိဉာဏ်ရှိတယ် "**Man is wiser than any man**" ဆိုတာကို ဦးစားပေးပြီး လေ့ကျင့်သင်ကြားပေးရမှာ ဖြစ်တယ်။ ကောင်းသထက်ကောင်းအောင် လုပ်တတ်တယ်ဆိုတာထက် အားလုံးကောင်းအောင် လုပ်တတ်ဖို့လိုတယ်။ ဘယ်သူ့ကိုမှ နစ်နာမှုမဖြစ်အောင် လုပ်တတ်ဖို့လိုတယ်။ **"ဘယ်သူသေသေ၊ ငတေမာရင်ပြီးရော"** ဆိုတဲ့ အတွေးအခေါ်မျိုးတွေဟာ အန္တရာယ်များတယ်။ မျက်ကန်းမျိုးချစ်ဝါဒနဲ့ တစ်ယူသန် တစ်ဖက်ကန်းတွေကိုလည်း ခေတ်သစ်ကမ္ဘာက လက်မခံတော့ဘူး။

**"ဆရာကောင်းတပည့် ပန်းကောင်းချူ။ အညွှန့်တလူလူ"တဲ့။**

အားလုံးကောင်းဖို့အတွက် အားလုံးကပဲ ဆောင်ရွက်ရမှာပါ။ဒီအတွေးအခေါ်တွေကို ကျောင်းတွေက ပေးလိုက်ရမှာပါ။ ကျောင်းတွေဟာ ပုံစံတူလူရုပ်ကလေးတွေ ထုတ်လုပ်တဲ့စက်ရုံမဟုတ်ပါ။ လူတစ်ဦးချင်းစီရဲ့ စိတ်ဝင်စားမှု၊ ယုံကြည်မှု အယူအဆတွေကို စွမ်းရည်ပြသခွင့်ပေးပြီး ထူးချွန်ထက်မြက်သူတွေကို ဖော်ထုတ်ပေးရမှာဖြစ်တယ်။ ကိုယ့်အားကိုယ်ကိုးလိုစိတ်၊ ဖန်တီးလိုစိတ်တွေ လမ်းဖွင့်ပေးရမှာဖြစ်တယ်။မှတ်အတင်းနိုင်းတာမျိုး၊ ဖိအားပေးသင်ယူခိုင်းတာမျိုး၊ နိုင်လိုမင်းထက်ပြုသင်ယူစေတာမျိုးတွေကို ရှောင်သင့်တယ်။ **"သူ့အိုးနှင့်သူ့ဆန် တန်ရုံ့ထည့်"**ဆိုသလို ကလေးရဲ့ သင်ယူနိုင်မှု ဉာဏ်ရည်၊ လက်ခံနိုင်မှုအခြေအနေကို ကြည့်ပြီး သင်ကြားသင်ယူမှုကို အကောင်အထည်ဖော်ရမှာဖြစ်တယ်။

• ယနေ့ကမ္ဘာကြီးမှာ လူ့ဘဝအတွက် လိုအပ်ချက်တွေဟာ ပိုမိုရှုပ်ထွေး များပြားလာတယ်။ ပြောင်းလဲတိုးတက်လာတဲ့ နည်းပညာများ၊ အတတ်ပညာများနဲ့ လူမှုအဖွဲ့အစည်းပုံသဏ္ဌာန်ကိုလိုက်ပြီး သင်ရိုးညွှန်းတမ်းနဲ့ သင်ကြားနည်းစနစ်တွေဟာလည်းပြောင်းလဲလာတယ်။ အဲဒီလို အပြောင်းအလဲများနဲ့အတူ လိုက်လံပြောင်းလဲသင်ကြားဖို့ စဉ်းစားလာကြတယ်။ ထို့အတူ ကန့်သတ်တင်းကြပ်တဲ့ စည်းဘောင်တွေနဲ့ ခေတ်နောက်ကျ နည်းစနစ်တွေကို သုံးပြီး

ပညာရေးကို တိုးတက်အောင် ဆောင်ရွက်မယ်ဆိုရင် ကျောင်းတွေက ကောင်းမွေပေးနိုင်ပါ့မလားဆိုတာကို စဉ်းစားမိတယ်။ ခေတ်မီတိုးတက်တဲ့ ပညာရပ်တွေကို သင်ကြားသင်ယူရမှာ ဖြစ်သလို ယဉ်ကျေးလိမ္မာတဲ့ နိုင်ငံသားကောင်းများဖြစ်အောင်လည်း သွန်သင်ဆုံးမကြရမှာ ဖြစ်တယ်။ ကျောင်းသား၊ ကျောင်းသူတစ်ဦးစီရဲ့ အစွမ်းအစများ အစွမ်းကုန် ဖွံ့ဖြိုးလာဖို့အတွက် ဆရာ၊ ဆရာမများဟာလည်းကြီးလေးတဲ့ တာဝန်တစ်ရပ်ကို ထမ်းဆောင်နေကြသူများဖြစ်တယ်။

ကျောင်းတစ်ကျောင်းကောင်းဖို့အတွက် **"မိဘဆရာ ပူးပေါင်း ကလေးပညာကောင်း"** ဆိုတဲ့အချက်ကို အလေးထားရမယ်။ ဆရာ၊ ဆရာမတွေနဲ့ လက်ဦးဆရာမိဘများ ပူးပေါင်းမှသာ ကျောင်းတွေဟာ ကောင်းလာနိုင်မှာပါ။ ဆရာ၏ မေတ္တာ၊ စေတနာ၊ ဆရာ၏ အမြော်အမြင်ကြီးမှုတွေဟာ တပည့်များ ပညာရည်နို့သောက်စို့ရာ ကျောင်းတွေမှာ အဓိကကျတယ်။ "As is the teacher, so is the pupil" ဆရာတူတပည့်များသာ မွေးဖွားပါသတဲ့။ ဆရာကောင်း၊ ဆရာတော်ကသာ တပည့်ကောင်း၊ တပည့်တော်တွေကို မွေးဖွားပေးနိုင်မယ်။ ထို့အတူပဲ ကျောင်းနဲ့တူတဲ့ လူ့အဖွဲ့အစည်းကိုသာ ရမှာဖြစ်တယ်တဲ့။ " So is the school, as is the society" ဆိုတာကို မှတ်သားဖူးပါတယ်၊ ကျောင်းကောင်းရင် လူ့အဖွဲ့အစည်းကောင်းမယ်။ ကျောင်းညံ့ပါက လူညံ့တွေများလာပြီး လူ့အဖွဲ့အစည်းလည်း ညံ့ဖျင်းနိမ့်ကျလာနိုင်တယ်။ ဒီနေရာမှာ အရပ်စကားလေးတစ်ခုရှိတယ်။ **"ဆရာကောင်း တပည့် ပန်းကောင်းချ အညွန့်တလူလူ"** တဲ့။ ဒါကို ခပ်နောက်နောက်လူတစ်ယောက် က **"ဆရာ မ ကောင်း တပည့် ဘိန်းပြောင်းရှူ မီးခိုးတလူလူ"** လို့ ပြောသွားတယ်။ အနာဂတ်သားကောင်းသမီးကောင်းလေးတွေရဲ့ အခန်းကဏ္ဍကို ပေါ်လွင်စေချင်လို့ ဗြိတိသျှနန်းရင်းဝန် ဒစ္စရေလီရဲ့ စကားကို သတိရလို့ ပြောကြည့်ပါမယ်၊ "Tell me about the children of a country, I will predict the future of that country" "နိုင်ငံ တစ်နိုင်ငံမှာရှိတဲ့ ကလေးတွေရဲ့ အကြောင်း ကျွန်ုပ်ကို ပြောပြပါ၊ အဲဒီနိုင်ငံရဲ့ အနာဂတ်ကို ကျွန်ုပ် ဟောကိန်းထုတ်ပြပါ့မယ်" လို့ ပြောတယ်။ အနာဂတ်နိုင်ငံသားကောင်းတွေကို မွေးထုတ်မယ့် ကျောင်းတွေနဲ့ မိဘဆရာတို့ရဲ့ အခန်းကဏ္ဍဟာ ဘယ်လောက် အရေးပါတယ် ဆိုတာ သိလောက်ပါပြီ။ ရွာကောင်းဖို့ အကြောင်းဆက်ပြောပါရစေ။

ရွာတစ်ရွာကောင်းဖို့အတွက် ကြီးလေးကြီးဟာ အရေးကြီးပါတယ်။ ကြီးလေးကြီးဟာ ကောင်းမြတ်မှန်ကန်စွာနဲ့

**နည်းပညာတော်လှန်ရေး၏ အကျိုးဆက်ကြောင့် ကမ္ဘာ့ရွာဟာ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုတွေ ရှိနေပါတယ်။ ဒါပေမဲ့ ရုပ်ပိုင်းဆိုင်ရာတွေ တိုးတက်လာသလောက် ဘေးထွက်ဆိုးကျိုးတွေ ဟာလည်းများလာပါတယ်။**



ရပ်တည်နေပါက အဲဒီရွာဟာ ကောင်းမှာပါ။ ကြီးလေးကြီးမှာ နံပါတ်(၁)ကတော့ ဘာသာရေးခေါင်းဆောင် ဘုန်းတော်ကြီးများ (ကျောင်းထိုင်ဆရာတော်ကြီး)များပါ။ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ(၃)ရပ်နှင့်အညီ ကျင့်ကြံအားထုတ်နေရင် အဲဒီရွာဟာ ကျက်သရေရှိတယ်။ ဘာသာရေးအဆုံးအမကောင်းတွေပေါ်မှာ တည်မှီပြီး ရွာဟာ ကောင်းနေတယ်။ နံပါတ်(၂)ကတော့ **"ရပ်မိရပ်ဖ ဂုဏ်သရေရှိ လူကြီးမင်းများပါ"**။ ရွာရဲ့ သာရေး နာရေး လူမှု ရေးကိစ္စအဝဝမှာ ဦးဆောင်ဦးရွက်ပြုနေသူများပါ၊ ဒီလူကြီးတွေဟာ ကြီးမြတ်တဲ့ဂုဏ်ကိုဆောင်ကာ ရပ်ရွာအပေါ်မှာ စေတနာကောင်းနဲ့ ဆောင်ရွက်နေမယ်ဆိုရင် အဲဒီရွာဟာ ကြီးပွားတိုးတက်လာမှာဖြစ်တယ်။ နံပါတ်(၃)ကတော့ **"ကျောင်းအုပ်ကြီး"**များပါ။ အနာဂတ်လူ့အဖွဲ့အစည်းရဲ့ သားကောင်း သမီးကောင်းများကို မွေးထုတ်ပေးနိုင်သူတွေ ဖြစ်တယ်။ ကျောင်းတစ်ကျောင်းကို ကောင်းအောင်လုပ်နိုင်တာလည်း ကျောင်းအုပ်ပဲ၊ ညံ့အောင်၊ စုတ်ပြတ်သွားအောင် လုပ်နိုင်တာလည်း ကျောင်းအုပ်ပဲဖြစ်လို့ သူကောင်းဖို့က အဓိကပါ။ နံပါတ်(၄)ကတော့ **"ကျေးရွာအုပ်ချုပ်ရေး အာဏာပိုင်လူကြီး"**များပါ။ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးအတွက် တာဝန်ယူဆောင်ရွက်နေကြသူများပါ၊ အများယုံကြည်လေးစားအားထားမှုကို ခံယူနိုင်တဲ့သူများဖြစ်ဖို့လိုတယ်။ နာယကဂုဏ်(၆)ပါးဖြစ်တဲ့ **"ထကြွ နိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ဆောက်ရှု ဉာဏ်(၆)ခု ကြီးသူ့ ကျင့်ဝတ်တာ"**ဆိုတဲ့အတိုင်း တာဝန်ဝတ္တရားနဲ့အညီ ဆောင်ရွက်နေတဲ့အတွက် ဂုဏ်တက်နေသူများ ဖြစ်ဖို့ လိုပါတယ်။ ဒီကြီးလေးကြီးဟာ ကိုယ့်ထောင့်အသီးသီးကနေ တာဝန်ဝတ္တရားကျေပွန်စွာနဲ့ ဟန်ချက်ညီညီ စွမ်းဆောင်နေကြမယ်ဆိုရင် အဲဒီရွာဟာ အေးချမ်းသာယာပြီး ဖွံ့ဖြိုးနေမှာပါ။

ကျေးရွာတွေကောင်းဖို့ကနေ ကမ္ဘာရွာကောင်းဖို့အရေး တွေးကြည့်တဲ့အခါ ရတက်မအေးစရာတွေ တွေ့လာရတယ်။ နည်းပညာတော်လှန်ရေး၏ အကျိုးဆက်ကြောင့် ကမ္ဘာ့ရွာဟာ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုတွေ ရှိနေပါတယ်။ ဒါပေမဲ့ ရုပ်ပိုင်းဆိုင်ရာတွေ တိုးတက်လာသလောက် ဘေးထွက်ဆိုးကျိုးတွေဟာလည်း များလာပါတယ်။ ကမ္ဘာ့ရွာကြီးကို ဒုက္ခပေးနေတဲ့ အချက်တွေရှိတယ်။ အဲဒါတွေကတော့

(၁) လူဦးရေပေါက်ကွဲမှုဆိုတဲ့ လူတွေ အဆမတန် များပြားလာမှု၊

(၂) သဘာဝပတ်ဝန်းကျင် ပျက်သုဉ်းလာမှုတွေဖြစ်တဲ့ ဖန်လုံအိမ်ပြဿနာ၊ မြေဆီလွှာပြုန်းတီးမှု၊ သစ်တောတွေ လျော့နည်းလာမှု၊ ဂေဟစနစ်တွေ ပျက်စီးလာမှု၊ ရာသီဥတု ဖောက်ပြန်လာမှုနှင့် လေထု၊ ရေထု ညစ်ညမ်းမှုတွေဖြစ်တယ်။

(၂) စစ်လက်နက်တွေ အပြိုင်အဆိုင် တီထွင် ထုတ်လုပ်နေမှုတွေ . . . ဥပမာ။ ။

- စစ်လက်နက်ထုတ်နေသူ သန်း(၁၀၀)အတွက် ကျန်လူသန်းပေါင်း(၆၄၀၀)ကနေ အလုပ်အကျွေး ပြုနေရမှု၊
- ခေတ်သစ်တင့်ကားတစ်စီးတန်ဖိုးဟာ ကျောင်းသားကျောင်းသူ(၃၀၀၀၀)ဆန့်တဲ့ကျောင်း တစ်ကျောင်းရဲ့ တန်ဖိုးနဲ့ ညီမျှနေတယ်။

- အဆင့်မြင့် ဗုံးကြဲလေယာဉ်တစ်စီးရဲ့ တန်ဖိုးဟာ ကျေးလက်ဆေးပေးခန်းပေါင်း (၄၀၀၀၀)ကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်တယ်။

- နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စီးရဲ့ တန်ဖိုးဟာ သူငယ်တန်းကျောင်းသား (၁၆)သန်းကို တစ်နှစ်စာ ကျောင်းထားပေးနိုင်တယ်။

-ကမ္ဘာကြီးရဲ့ တစ်ရက်စာစစ်စရိတ်ဟာ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ တစ်နှစ်စာ အသုံးစရိတ်နှင့် ညီမျှနေတယ်။

၄) အကြမ်းဖက်အဖျက်လုပ်ငန်းတွေကြောင့် လူသားအချင်းချင်း သတ်ဖြတ်ညှဉ်းဆဲနေတာတွေဟာ ယဉ်ကျေးပါတယ်၊ တိုးတက်ပါတယ်ဆိုတဲ့ ခေတ်သစ်ကမ္ဘာကို အရုပ်ဆိုးအကျည်းတန်စေပါတယ်။ လူကိုလူက ဒုက္ခပေးဖို့အတွက် ငွေကုန်ကြေးကျခံကာ စစ်လက်နက်တွေကို သွန်ထက်ငါ တီထွင်လုပ်ဆောင်နေမယ့်အစား ဒီငွေတွေကို လူသားတွေကောင်းကျိုးအတွက် အသုံးပြုလိုက်မယ်ဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲလို့ စဉ်းစားမိတယ်။

အထက်က ဖော်ပြခဲ့တဲ့ အကျည်းတန်အရုပ်ဆိုးတဲ့ ကမ္ဘာကြီးမဖြစ်ဖို့နဲ့ ကမ္ဘာရွာသာယာဖို့အရေးအတွက် အော်ရယ်လီယိုပက်ချီ (Aurelio pecci) ရေးတဲ့"One Hundred Pages For Future" ထဲမှာ အနာဂတ်အတွက် ပညာမျိုးစေ့များ "Seeds For Wisdom" ကို ကြဲချခဲ့ပါတယ်။ အဲဒါတွေကတော့

- သားသမီးပွားစည်းရေးဟာ လူမှုကျင့်ဝတ်တွေနဲ့ ညီညွတ်သင့်တယ်။ ကိုယ်ဝန်ကိုတားမလား၊ လူစဉ်မမီတဲ့ကလေးတွေကို မွေးလာမလားဆိုရင် ဘာလုပ်မလဲ။ ကိုယ်ဝန်ကို တားသင့်ပါတယ်တဲ့။

- နိုင်ငံတိုင်းက လူဦးရေစီမံကိန်းတွေဟာ လူ့ဘောင်လောကကြီးတစ်ခုလုံးရဲ့ အကျိုးစီးပွားနဲ့ မဆန့်ကျင်သင့်ဘူး။ လူတွေ အရေအတွက် တိုးဖို့ထက်၊ အရည်အချင်းတိုးဖို့ အားစိုက်သင့်တယ်။

- လူဆိုတာ အိပ်၊ စား၊ ကာမနဲ့ ပြီးတာ မဟုတ်ဘူး။ စိတ်ကူးစိတ်သန်း၊ အတွေးအခေါ်၊ အနုပညာနဲ့ တီထွင်ဖန်တီးမှုပါ လိုအပ်တယ်။ ဒါကြောင့် လူတွေရဲ့လိုအပ်ချက်တွေကို ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားသင့်တယ်။

- လူရဲ့ အသက်ဘဝ ကြီးပွားချမ်းသာရေးအတွက် သဘာဝတရားကြီးကို ထိန်းသိမ်းရေး၊ အခြားအသက်ဘဝတွေကို ထိန်းသိမ်းစောင့်ရှောက်ရေးတွေကလည်း မရှိမဖြစ် လိုအပ်တယ်။

- လူရဲ့ စိတ်ဝိညာဉ်ပိုင်း ကြီးပွားချမ်းသာရေးအတွက်လည်း ယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်တယ်။ မိမိလူမျိုးအလိုက် ဓလေ့ထုံးစံများ ကိုယ်ကျင့်တရားများဟာ လူ့အနွယ်ထိန်းသိမ်းရေးအတွက် လက်ဆင့်ကမ်းပေးကြရမှာ ဖြစ်တယ်။

- ဘယ်သူမှ သဘာဝသယံဇာတတွေကို မောင်ပိုင်စီးမထားသင့်ဘူး။ လူတိုင်း အညီအမျှ ပိုင်ဆိုင်သင့်တယ်။ သဘာဝသယံဇာတတွေကို ဖြုန်းတီးရာမရောက်စေဘဲ၊ ထိန်း



သိမ်းထားရမှာဖြစ်သလို၊ သတင်းအချက်အလက်တွေ၊ ဗဟုသုတတွေ၊ အသိပညာတွေ၊ နည်းပညာတွေကိုလည်း လူတိုင်းအညီအမျှ ခံစားစံစားစေရမယ်။

- လူတိုင်းမှာ လူ့ကျင့်ဝတ်တွေ၊ လူ့တာဝန်တွေရှိရမယ်။ တာဝန်ရှိတဲ့၊ တာဝန်သိတဲ့ လူသားရဲ့ ဖြည့်ဆည်းမှုအလိုက် လူ့အခွင့်အရေးတွေကိုလည်း ပိုင်ဆိုင်ရမယ်။

- မျိုးဆက်တိုင်းဟာ နောက်မျိုးဆက်တွေအတွက်ပိုပြီးကောင်းမွန်တဲ့ ကမ္ဘာကြီးကို အမွေပေးနိုင်ရမယ်။

- လုံခြုံရေးကို စစ်လက်နက်ပစ္စည်းတွေနဲ့တည်ဆောက်လို့မရနိုင်။ လူသားတွေ ယဉ်ကျေးသိမ်မွေ့ပြီး ရင့်ကျက်လာမှသာ ရနိုင်မှာဖြစ်တယ်။

- စိတ်ဓာတ်ရေး၊ ကိုယ်ကျင့်တရားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ တရားကောင်း တရားမြတ်တွေသာလျှင် အနာဂတ်လူ့အဖွဲ့အစည်းရဲ့ အခြေခံအုတ်မြစ် ဖြစ်တယ်။

- စီးပွားရေး၊ Economy နဲ့ ပတ်ဝန်းကျင် Ecology တို့ဟာ အနှစ်သာရသဘောအရ တစ်ခုနှင့်တစ်ခု တွဲဆက်တည်မှီနေတာကို သဘောပေါက်သင့်တယ်။

**ဒီလို အတွင်းအနှစ်အသား စိတ်ထားမျိုးတွေ ပေါ်ပေါက်လာဖို့ ကမ္ဘာပေါ်ရှိ ကျောင်းကောင်းများက ဆရာ၊ ဆရာမကောင်းတွေက မြုစိုက်ပျိုးထောင်ပေးနေရမှာပါ။ ကျောင်းတွေက ကောင်းမွေတွေ ပေးနိုင်မှသာ ရွာပြည်က သာယာနေမှာပါ။**

- သဘာဝသယံဇာတတွေကို တရားလွန်ထုတ်သုံးနေပြီး စီးပွားရေးတက်နေတယ်လို့ ပြောတာမျိုး မရှိသင့်တော့ဘူး။

- အလျှံအပယ် စားသုံးရေးဆိုတဲ့နေရာမှာ သင့်တင့်မျှတစွာ စားသုံးရေးကို အစားထိုး သင့်တယ်။

- သိပ္ပံနှင့် နည်းပညာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုတွေကို တစ်အုပ်စုကောင်းစားရေးအတွက် မဟုတ်ဘဲ လူ့လောကကြီးတစ်ခုလုံး ကောင်းကျိုး ချမ်းသာရရှိရေးသည်သာ ထိပ်ဆုံးက နေရာယူနေရမယ်။

- လူသားမျိုးနွယ် တစ်ရပ်လုံး ကောင်းကျိုးချမ်းသာရပြီး တိုးတက်လာဖို့အတွက် လူသားတွေကို ပညာရေးတွေ၊ သုတေသနလုပ်ငန်းတွေ၊ တွေးခေါ်ဆင်ခြင်မှုတွေ၊ လေ့ကျင့်မှုတွေနဲ့ ပျိုးထောင်ပေးရမယ်။

-အဲဒီလို ပျိုးထောင်မှုလုပ်ငန်းတွေကို ပါဝင်ဆောင်ရွက်လိုစိတ်တွေ၊ တာဝန်ယူလိုစိတ်တွေ၊ စည်းလုံးညီညွတ်မှုစိတ်ဓာတ်တွေ၊ ကမ္ဘာလုံးဆိုင်ရာ စိတ်သဘောထားတွေကို အမိကတိုးပွားစေရမယ်။

ဖော်ပြပါ အချက်အလက်တွေကို လေ့လာသုံးသပ်အကဲဖြတ်ပြီး လက်တွေ့ခံယူကျင့်သုံးမယ်ဆိုရင် ဒီကမ္ဘာရွာဟာ အဓွန့်ရှည်ကြာ သာယာနေမှာပါ။ ဒီလို

အတွင်းအနှစ်အသား စိတ်ထားမျိုးတွေ ပေါ်ပေါက်လာဖို့ ကမ္ဘာပေါ်ရှိ ကျောင်းကောင်းများက ဆရာ၊ ဆရာမကောင်းတွေက ပြုစုပျိုးထောင်ပေးနေရမှာပါ။ ကျောင်းတွေက ကောင်းမွေတွေ ပေးနိုင်မှသာ ရွှာပြည်က သာယာနေမှာပါ။ အသက်ဝိညာဉ်ရှိ စဉ်းစားတွေးခေါ်တတ်တဲ့ ဝေဖန်ပိုင်းခြားနိုင်သော ဉာဏ်ပိုင်ရှင်လူသားများဟာ ကမ္ဘာမြေအဓွန့်ရှည်ကြာဖို့ တာဝန်အရှိဆုံးသူများ ဖြစ်တယ်။ အရင်မျိုးဆက်တွေရဲ့ ကောင်းကျိုးဆိုးမွေတွေကို ကျွန်ုပ်တို့ ခံစားစံစားနေရသလို ကျွန်ုပ်တို့ရဲ့ ကောင်းကျိုးဆိုးမွေများကိုလည်း ချန်ထားခဲ့ရမှာ ဖြစ်တယ်။ ဆိုးမွေတွေကို ချန်မထားခဲ့ဘဲ ကောင်းမွေတွေကို ချန်ထားနိုင်အောင် ကျွန်ုပ်တို့ ဝိုင်းဝန်း ကြိုးပမ်းကြရပါမယ်။

စာညွှန်း။

- ဖေအောင်ကြိုင်၊
**"ကျောင်းတွေရဲ့ ကောင်းမွေ"**၊
သင့်ဘဝမဂ္ဂဇင်း၊ အမှတ် (၅)၊ ၁၉၉၈။
- ကိုတာ၊
**"ကျောင်းကောင်း"**၊
သင့်ဘဝ မဂ္ဂဇင်း၊ အမှတ်(၅)၊ ၁၉၉၈။
- ရှာန်မင်း၊
**"အနာဂတ်အတွက် ပညာမျိုးစေ့များ"**၊
အတွေးအမြင်စာစဉ် (၈၀)၊
ဇွန်၊ ဇူလိုင်၊ ၁၉၉၂။
- ရဲခေါင်မျိုး၊
**"ပညာမျိုးဆက်တွေ မပျောက်ဆုံးရေး"**၊
အတွေးအမြင်စာစဉ် (၁၅၂)၊
ဒီဇင်ဘာ၊ ၂၀၀၁။

**မောင်ကြင် (သစ်ရာကောက်)**

၁၂လရာသီ အက်ဆေး ရေးကျင့်လိုသော
ကျောင်းသားကျောင်းသူများအတွက်
အထောက်အကူဖြစ်စေနိုင်မည့်
ဆရာမကြီး**ဒေါ်ခင်မျိုးချစ်**၏ ပြောင်မြောက်သောလက်ရာ
Flowers and Festivals round the Myanmar Year ကို
ဆရာမကြီး၏ မြေးချစ် **ဂျူနီယာဝင်း** မြန်မာပြန်
**၁၂လရာသီပန်းများနှင့် ပွဲတော်များ**
အင်္ဂလိပ်+မြန်မာ နှစ်ဘာသာတွဲ
စာမူခွင့်ပြုအမှတ် ၁၀၂/၂၀၀၃(၂)
ထွက်နေပါပြီ။
ဒေါင်းစာပေ၊ ၁၁၃/ ၃၃လမ်း(အလယ်)၊ ကျောက်တံတား၊ ရန်ကုန်။ ဖုန်း-၃၃၃၂၁၀

**ဘုရားတစ်ဆူပွင့်လာသောအခါတွင် မင်္ဂလာကောလာဟလပေါ်လာမည်။ ဗုဒ္ဓကောလာဟလခေါ် ဘုရားပွင့်တော့မယ်ဟူသော အပြောအဆိုသတင်းစကားသည် နှစ်ပေါင်း ၁၀၀ ကြိုတင်ထွက်ပေါ်သည်။**

# နံနက်ခင်းတစ်ခုကိုအစပြုခြင်း

## ကြည်မင်း

မင်္ဂလာ

ကျွန်တော်တို့မြန်မာများသည် မင်္ဂလာကို ဂရုစိုက်သူများဟု ဆိုရမည် ထင်ပါသည်။ ကြားရတာ မင်္ဂလာရှိလိုက်တာ၊ မြင်ရတာ မင်္ဂလာရှိလိုက်တာဟူသော စကားမျိုးကို ထုံးစံတစ်ခုအဖြစ် ပြောတတ်ကြသည်။ စိတ်ကြည်နူးမှု သို့မဟုတ် ကောင်းသောခံစားမှုကို ရရှိခြင်းကို မင်္ဂလာဟု ယေဘုယျသဘောသုံးနှုန်းကြသည်ထင်ပါသည်။ ကောင်းသောခံစားမှု ဟုဆိုရာ၌ အများလက်ခံနိုင်သော တင့်တယ်မှု ကောင်းမြတ်မှု သန့်ရှင်းကြည်လင်မှုတို့ကို ဆိုညွှန်းခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာဝင်တို့၏အသိတွင် ဘုရားပွင့်တော်မူခြင်းနှင့် မင်္ဂလာသည်တွဲနေ၏။ သာသနာကွယ်သွားလျှင် တရားမရှိ။ ထို့ကြောင့် ဗုဒ္ဓသာသနာနှင့် တွဲလျက်ပါလာသော မင်္ဂလာတရားလည်း ကွယ်သည်။ မင်္ဂလာတရားတို့ မရှိကြတော့ဟု ဆိုလိုခြင်းမဟုတ်ပေ။ ဘယ်အရာသည် မင်္ဂလာဖြစ်သည်ဟူသော အသိသုတ ကွယ်သွားခြင်းဖြစ်၏။ သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားတို့ကို မသိတော့ခြင်းကို ဆိုသည်။ ကျောက်ထက်အက္ခရာများပင် ကြေပျက်သွားမည်။ ထို့ကြောင့် နှောင်းလူတို့၌ မင်္ဂလာတရားဆိုတာ ဘာကိုခေါ်သလဲဟု ကြံဆကြည့်ရန်သာ ရှိမည်။

ဘုရားတစ်ဆူ ပွင့်လာသော အခါတွင် မင်္ဂလာကောလာဟလပေါ်လာမည်။ ဗုဒ္ဓကောလာဟလခေါ် ဘုရားပွင့်တော့မယ်ဟူသော အပြောအဆိုသတင်းစကားသည် နှစ်ပေါင်း ၁၀၀ ကြိုတင်ထွက်ပေါ်သည်။ မင်္ဂလာ ကောလာဟလခေါ် မင်္ဂလာတရားဆိုတာကို ဟောလိမ့်မယ်ဆိုသော မှန်းဆချက်မှာ ၁၂ နှစ် ကြိုတင်ထွက်ပေါ်သည်။

ဗုဒ္ဓပွင့်တော့မည်ဆိုသော ကောလာဟလနှင့် နေထိုင်ကြရသည့် နှစ်ပေါင်း ၁၀၀ အတွင်း မိမိကိုယ်ကို ဗုဒ္ဓဟု ကြွေးကြော်သူများစွာ ပေါ်လာတတ်သည်။ မင်္ဂလာကောလာဟလ ၁၂ နှစ်အတွင်း၌ကား လူတို့သည် ကိုယ်သန်ရာဆွဲပြောကြရင်း မင်္ဂလာအငြင်းအခုံများ ပေါ်လာတတ်သည်။ ကြည်ကြည်လင်လင်အိပ်ရာထရတာ မင်္ဂလာ၊ စောင်းသံလေးကြားလိုက်ရတာ မင်္ဂလာ၊ အစားကောင်းစားလိုက်ရတာ မင်္ဂလာဟု ကြံစည်ကြပုံများကို တွေ့ရမည်။ ဂေါတမဗုဒ္ဓဟောကြားတော်မူခဲ့သော မင်္ဂလသုတ်၏နိဒါန်းတွင် "ဒွါဒသဟိ၊ စိန္တယိံသု၊ သဒေဝကာ" ဟု တွေ့မည်။ လူတို့နတ်ဗြဟ္မာတို့သည် မင်္ဂလာတရားဆိုသည်ကို ၁၂ နှစ်တာကာလပတ်လုံး ကြံစည်ကြ၏ ဟုဆိုပါသည်။

ဂေါတမဗုဒ္ဓပွင့်တော်မူ၍သာ မင်္ဂလာတရား ၃၈ ပါးကို ကျွန်တော်တို့ သိလာကြရခြင်း ဖြစ်သည်။ ဗုဒ္ဓဘာသာတွင် နမောတဿပြီးလျှင် ၃၈ ဖြာမင်္ဂလာဟု ဆိုရလောက်အောင်ပင် မင်္ဂလာတရားသည် ဗုဒ္ဓဘာသာဝင်တိုင်းအတွက် မုံခ်ဦးဖြစ်သည်။ ထို့ကြောင့် အသေဝနာစတာလ နံမှ ဖုဋ္ဌဿလောကဓမ္မေဟိအထိ ဖြစ်သော မင်္ဂလာတရား ၃၈ ပါးကို မြန်မာ



တွေ ကောင်းကောင်းကြီး သိကြသည်။

ဤသို့သိနေသော မြန်မာတို့က (ကျွန်တော်အစပိုင်းတွင် ဖော်ပြခဲ့သလို) ကြားရတာ မင်္ဂလာရှိလိုက်တာ မင်္ဂလာအပေါင်းခညောင်းသော မနက်ခင်းစသည်ဖြင့် သုံးနှုန်းလိုက်ခြင်းမှာ ပါးစပ်အကျင့်ပါနေ၍သာ ဖြစ်သည်။ ကြည်ကြည်လင်လင် လှလှပပ နံနက်ခင်းကလေးတွင် ကြည်နူးစွာ ပျော်မွေ့နေခြင်းကို မင်္ဂလာယူသည်ဟု သုံးတတ်ကြသည်။ စိတ်ညစ်စရာသတင်းဆိုး တစ်ခုခုကြားရခြင်း၊ မနှစ်မြို့စရာမြင်ကွင်းတစ်ခုခုကိုမြင်ရခြင်း ဖြစ်လာလျှင် စောစောစီးစီး ကျက်သရေတုံးသည်၊ မင်္ဂလာမဲ့သည်ဟု ပြောတတ်ကြပြန်၏။ ဤအယူမှာ ဗြဟ္မဏဝါဒမှ မြစ်ဖျားခံလာဖွယ်ရှိသည်။ ကြည်လင်သာယာသော နံနက်ခင်းတွင် ဥုံ-ဥုံ ဟုရွတ်ဖတ်သရဇ္ဈာယ်ရင်း မင်္ဂလာယူနေသော ဗြဟ္မဏတစ်ယောက်သည် ဇာတ်နိမ့်တစ်ယောက်ကို မြင်လိုက်ရလျှင် သူ့မင်္ဂလာနံနက်ခင်းလေး ပျက်စီးသွားပြီဟု ယူဆသည်။ ဒုမင်္ဂလကိစ္စဟု အလွယ်ခေါ်နေကြသော အသုဘကိစ္စများကို မွန်းတည့်ပြီးမှ လုပ်ဆောင်ကြသည်မှာ ဤအလေ့မှမြစ်ဖျားခံခြင်း ဖြစ်မည်။



**ကြေးစည်သံ**

နံနက်ခင်းတွင် ကြားရသော ကြေးစည်သံ၊ အဖိတ်ဥပုသ်နေ့များတွင် သမ်းတွင်းမှာ တစ်နေ့လုံးကြားနေရသော ကြေးစည်သံတို့မှာ နားဝချိုမြိန်လှ၏။ ကျွန်တော့်အတွက်ဆိုလျှင်တော့ ဗုဒ္ဓဟူးနေ့ နံနက် ၅ နာရီတွင်ကြားရသော ကြေးစည်သံသည် အချိုမြိန်ဆုံးဟု ပြောရပါမည်။

---

**ဘွန္တောဟုလည်းခေါ်သော ဆွမ်းချက်ရန် နှိုးဆော်သံမှာ ဥပုသ်နေ့ အရုဏ်တက်လောက်တွင် ကြားရတတ်သည်။ ဘဝန္တောအော်ရသူ နိုးဟွန်ဆော်တွေခမျာ မနက် ၃နာရီလောက်ကစပြီး ကြေးစည်တစ်လုံးနှင့် ရွာတို့ ရပ်ကွက်တို့ကို ပတ်ရခြင်းဖြစ်သည်။**

---

ကုသိုလ်ရေးတွင်ပင် အတ္တစိတ်ပါဝင်နေခြင်းဟု ပြောလျှင်လည်း ခံနေရုံအပြင် အာမှ မရှိ။ ကျွန်တော်တို့ရပ်ကွက်အတွင်းသို့ သံဃာတော်များ အရုဏ်ဆွမ်းခံ ကြွလေ့ရှိပါသည်။ ကျွန်တော် ဆင်စင်ယူပြီးနောက်ပိုင်းတွင် ပညာဒါနသူပ်ငန်းတစ်ခု၌ စိတ်ရောကိုယ်ပါဝင်ရောက်မြှုပ်နှံခဲ့၏။ ကျွန်တော်တို့၏ အိုပညာဒါနသင်တန်းလေးကို နောက်ဆုံးဖွင့်ခဲ့သော ဘုန်းကြီးကျောင်းမှာ ကိုးဆယ်ကြီးဝင်း အတွင်းတွင် ရှိသည်။ ထိုကျောင်းမှ သံဃာတော်များသည် အနီးအနားရပ်ကွက်များသို့ အလှည့်ကျအရုဏ်ဆွမ်းခံကြွကြသည်။ ကျွန်တော်နေထိုင်ရာ ရပ်ကွက်သို့ ဗုဒ္ဓဟူးနံနက်တိုင်း ကြွသည်။

ဗုဒ္ဓဟူးနေ့ နံနက် ၅ နာရီဆိုလျှင် ကြေးစည်သံကြားရပြီ။ နှင်းကျကျမိုးရွာရွာ ကြွလှမ်းလာကြမည့် သံဃာတော်များတွင် ဦးသဒ္ဓနက ဘယ်နေရာ၊ ဦးကုသလက ဘယ်နေရာ၊ ဦးဇနကက ဘယ်နေရာ၊ ကိုရင်ဝိမလက ဘယ်နေရာစသည်ဖြင့် မှန်းဆရင်းစောင့်နေရသည်။ အဆင်ပြေလျှင်လိုက်ပြီး ဆွမ်းချိုင့်ဆွဲသည်။

**ဘဝန္တော**

ဘွန္တောဟုလည်း ခေါ်သော ဆွမ်းချက်ရန် နှိုးဆော်သံမှာ ဥပုသ်နေ့ အရုဏ်တက်လောက်တွင် ကြားရတတ်သည်။ ဘဝန္တောအော်ရသူ နိုးဟွန်ဆော်တွေခမျာ မနက် ၃နာရီလောက်ကစပြီး ကြေးစည်တစ်လုံးနှင့် ရွာတို့ရပ်ကွက်တို့ကို ပတ်ရခြင်းဖြစ်သည်။ သုံးလေးယောက်သံပြိုင် အော်သွားကြသော အသံမှာ ကြည်နူးစရာ ဖြစ်သည်။

သို့သော် တန်ဆေး လွန်အေးတွေ ရှိတတ်သည်။ လွန်ခဲ့သော သုံးလေးရက်က ဆေးခန်းတစ်ခန်းသို့ လမ်းကြုံဝင်သောအခါ ဆရာဝန်မလေးမှာ အိပ်ချင်မူးတူးပုံစံပေါက်နေသည်ကို တွေ့လိုက်ရ၏။ ဘွန္တောတွေပေါ့ဆရာရယ်ဟု ရှင်းပြပါသည်။ သူတို့ရပ်ကွက်တွင် ဆွမ်းလောင်းအသင်းရှိသည်။ စုပေါင်းအလှူငွေဖြင့် ဆွမ်းချက်ကြသည့်အပြင် အလှူရှင်များကချက်ပြုတ်ပြီး လာလှူလျှင်လည်း လက်ခံသည်။ ထိုသို့ ချက်ပြုတ်ကြရန်အတွက်

ဘွဲ့နွှာအောက်၌ နှီးဆော်သည်။ သူတို့က ရပ်ကွက်ပတ်၍ ကြေးစည်ကလေးထုကာ ထုကာဖြင့် နှီးဆော်အော်ဟစ်ခြင်း မဟုတ်။ အသံချဲ့စက်ဖြင့် အော်ခြင်းဖြစ်သည်။ ည ၁၂ နာရီအချိန်မှစပြီး သီချင်းဖွင့်လိုက် အော်ဟစ်နှီးဆော်လိုက်လုပ်သည်။ ထိုဆွမ်းချက်ရုံက တပည့်ကလေးအိမ်နှင့် သုံးအိမ်လောက်သာခြားသည်။

ကုသိုလ်စိတ်ကိုပွားစေလျှင် နှီးဆော်သူမှာပါ ကုသိုလ်၏အကျိုးဆက်ကို ရမည် မလွဲပါ။ ကုသိုလ်စိတ်မပွား ကြည်နူးစိတ်မထားနိုင်လောက်အောင် ဖြစ်လာလျှင် ဘယ်သူမှာမှ အကျိုးမရှိ။ စေတနာမှန်သည့်တိုင် လုပ်ပုံကမှားနေလျှင် အကျိုးမရှိတတ်ပေ။

**တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ**

ကျွန်တော့်အိမ်နားတွင် အထက်တန်းကျောင်းတစ်ကျောင်းရှိ၏။ မိုင်ဝက်လောက်ပဲ ဝေးပါသည်။ တောမှာနေခဲ့တုန်းက ကျွန်တော့်အိမ်သည် ရပ်ကွက်အထက်တန်းကျောင်းမှ ၂ မိုင်ခန့်ဝေးပါသည်။ သို့သော် ပစ္စန္တရာဇ်ဖြစ်၍ ကျောင်းမှခေါင်းလောင်းသံကို အတိုင်းသားကြားရသည်။ ကျောင်းဆင်းချိန်တွင် တစ်ကျောင်းလုံးအားရပါးရ အုလှိုက်သည်းလှိုက် အော်ဟစ်သီဆိုလိုက်သော ကမ္ဘာမကြေကို ကြားရ၏။

ကြေးစည်သံ နံနက်ခင်းပြီးလျှင် ကျွန်တော် အနှစ်သက်ဆုံး အကြည်နူးဆုံး နံနက်ခင်းမှာ ကမ္ဘာမကြေနံနက်ဖြစ်သည်။

အမှန်တော့ ကျွန်တော့်လို ဗုဒ္ဓဘာသာဝင်တစ်ဦး အနေဖြင့်"အရှေ့အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့" အစချီသည့် ဆရာတော်ကြီး ဦးဝိစိတ္တ



၏ မေတ္တာပို့သံကို ကြည်နူးတတ် လေးစားတတ် ရှိသေတတ်ရမည်ဖြစ်သည်။ ကျွန်တော်ကြည်နူးခဲ့ဖူး၊ လေးစားခဲ့ဖူး၊ ရှိသေခဲ့ဖူးပါသည်။ ယခုအထိလည်း လေးစားဆဲ ရှိသေဆဲပင် ဖြစ်ပါသည်။ သို့သော် မကြည်နူးတတ်တော့ပါ။ (ဆရာတော်ကြီးအားလွန်း ဆွတ်စိတ်ကြောင့် ဖြစ်မည်) ကြားရလျှင် ရင်ထဲမှ နာကျင်ပါသည်။

ကမ္ဘာမကြေ သီချင်းသံကို ကျွန်တော်စွဲခဲ့သည်မှာ ငယ်စဉ်ကပင်ဖြစ်သည်။ ကျွန်တော်တို့နေခဲ့သော ပစ္စန္တရာဇ်တွင် ထိုစဉ်က ရေဒီယိုဟူ၍ တစ်လုံးပဲရှိသည်။ ဘကြီး၏ဖိလစ်ရေဒီယိုကြီးဖြစ်သည်။ ကျွန်တော်က ဘကြီး၏အိမ်တွင်နေရသည်ဖြစ်ရာ တစ်ရွာလုံးတစ်လုံးမျှသာရှိသော ရေဒီယိုကို ကောင်းကောင်းကြီး နားထောင်ခဲ့ရပါသည်။ ဘကြီးက သူလည်းနားထောင် အများလည်း ကျေနပ်ရအောင်ဆိုပြီး နံနက် အစီအစဉ်စတင်သည်မှပင် ရေဒီယိုကို ဖွင့်သည်။ နံနက်လင်းသည်နှင့် ရေဒီယိုမှ ကြားနေရပြီ။

တရားမျှတ လွတ်လပ်ခြင်းနဲ့
မသွေ
တို့ပြေ တို့မြေ
များလူ ခပ်သိမ်းငြိမ်းချမ်းစေဖို့
ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့မြေ
တို့ ပြေ တို့မြေ



ပြည်ထောင်စုအမွေ
မြဲတည်တဲ့စေ
အဓိဋ္ဌာန်ပြုပေ
ထိန်းသိမ်းစို့လေ
ကမ္ဘာမကြေ ဗမာတွေ
ဒါတို့ပြေ ဒါတို့မြေ
တို့ပိုင်တဲ့မြေ

ရေဒီယိုမှ လွှင့်သော နိုင်ငံတော်သီချင်းဖြစ်ပါသည်။ ဆိုသူ၏ အသံက အလွန်ပြဇာရှိသော အသံဝါကြီး ဖြစ်ပါသည်။ ပတ်လုံးများဖြင့် အသံကို ရံရှုံသာမေး (အကျဲတီးပေး)ထားသည်။ခြေဆင်းသံ၍ ကမ္ဘာမကြေ အပိုဒ်ရောက်တော့မှ ဘင်ခရာတီးဝိုင်း၏ အသံဝင်လာသည်။

ပတ်လုံးများ၏ လုံးချင်းသံနှင့်အတူ ထွက်ပေါ်လာသော "တရားမျှတ လွတ်လပ်ခြင်းနှင့် မသွေ။ ဒို့မြေ" ဆိုသည့် စကားများကို ကြားရသည်မှာ အလွန်ကြက်သီးထဖို့ကောင်းသည်။ အလွန်မင်လာရှိသည်။ ငါတို့ရဲ့မြန်မာပြည်ဆိုတာ တရားမျှတတဲ့ မြေ၊ ဝါဒဖြူစင်တဲ့မြေ၊ လွတ်လပ်တဲ့မြေ၊ ခွင့်တူညီမျှ စည်းလုံးမှုရှိကြတဲ့မြေ၊ ဤမြေနှင့် ဤဝါဒကို ငါတို့အသက်နှင့်လဲပြီး ကာကွယ်ကြရမှာပါလားဟု ကျွန်တော်အကြိမ်ကြိမ် အဖန်ဖန် နှလုံးသွင်းခဲ့ဖူးသည်။ ပြည်ထောင်စုအမွေ အမြဲတည်တဲ့စေဟု ဆိုထားသည် မဟုတ်ပါလား။

**လက်ဆင့်ကမ်းရဦးမည်**

ကျွန်တော့်တွင် မြေးနှစ်ကောင်ရှိသည်။ သူတို့ကို "တရားမျှတ လွတ်လပ်ခြင်းနှင့်မသွေ" အစချီသော နိုင်ငံတော်သီချင်းဖြင့် နံနက်ခင်းတစ်ခုကို ကျက်သရေရှိရှိ အစပြုတတ်အောင် သင်ပေးရဦးမည်။

**ကြည်မင်း**


မြန်မာ့နိုင်ငံရေးသမိုင်းလေ့လာသူတိုင်း ဖတ်ရှုရမည်
ပထမ အင်္ဂလိပ်-မြန်မာစစ် (၁၈၂၄-၂၆) နောက်ခံသမိုင်း
**စစ်တကောင်းမှသည် ရန္တပိုသို့**
ဒုတိယ အင်္ဂလိပ်-မြန်မာစစ် (၁၈၅၂-၅၃) နောက်ခံသမိုင်း
**ရန္တပိုမှသည် မြေထဲသို့**
အောင်သန်း (မန္တလေး) မြန်မာမြန်
ရှားပါးစာအုပ်နှစ်အုပ် ဒုတိယအကြိမ်ပုံနှိပ်ခြင်းများ
ခေါင်းတလေးမှ ထွက်နေပါပြီ

# ရတနာပုံမြို့တည်နန်းတည်မင်းတရားကြီး၏
# ဂုဏ္ဍဝင်ကုသိုလ်မော်ကွန်းများ

မအေးချမ်း(မြန်မာစာ)

မန္တလေးရတနာပုံရွှေမြို့တော်ကြီးရဲ့သက်တမ်းဟာ ကောဇာသက္ကရာဇ် (၁၃၇၀)ပြည့်နှစ် (ခရစ်နှစ် ၂၀၀၉)မှာ နှစ်(၁၅၀)တင်းတင်း ပြည့်ခဲ့ပါပြီ။ မန္တလေးရတနာပုံမြို့တော်ကြီး အကြောင်း ပြောပြီဆိုတာနဲ့ မြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီးရဲ့ ဂုဏ်ကျေးဇူး တွေကို စဉ်းစားမိသွားပါတယ်။ မင်းတုန်းမင်းတရားကြီးဟာ ပဥ္စမသင်္ဂါယနာတင် သာသနာ့ ဒါယကာဖြစ်တဲ့အပြင် ဘုရင်သက်တမ်းတစ်လျှောက်လုံး ကုသိုလ်တော်များစွာကို စဉ်းစားဉာဏ်ကြီးကြီးနဲ့ စီမံခင်းကျင်းလှူဒါန်းခဲ့တာ တွေ့ရပါတယ်။

မင်းတုန်းမင်းတရားကြီးဟာ သက်တော်(၃၈)နှစ်၊ သက္ကရာဇ်(၁၂၁၄)ခုတပေါင်းလဆန်း (၁၁)ရက်၊ ကြာသပတေးနေ့မှာ "သီရိပဝရဝိဇယာနန္တယသ ပဏ္ဍိတ မဟာဓမ္မရာဇာ" ဘွဲ့တော်ကိုခံယူပြီး အမရပူရရွှေနန်းကို သိမ်းမြန်း အောင်မြင်တော်မူခဲ့ပါတယ်။ အဲဒီနောက် သုံးနှစ်လောက်အကြာမှာလက်ရှိ အမရပူရရွှေနန်းမှပြောင်းရွှေ့ပြီး ယခု မန္တလေး နန်းမြို့တော်အရပ်မှာ မြို့သစ်နန်းသစ်တည်ဖို့ အကြံတော်ဖြစ်တော်မူတယ်။ ဦးဆုံးသာသနာ မြူဆရာတော်၊ တံဆိပ်တော်ရဆရာတော်၊ သံယာတော်၊ အိမ်ရှေ့မင်း၊ မင်းညီမင်းသား၊ မှူးတော်မတ်တော်၊ လူပညာရှိ ပုဏ္ဏားပညာရှိ တွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီး မြို့တော်နန်းတော် တည်ဆောက်မှု စီမံကိန်းကို စတင်အကောင်

**သက္ကရာဇ် ၁၂၂၀ ခုနှစ်မှာ မြို့သစ်နန်းသစ် တည်ကြောင်း မော်ကွန်း စိုက်ထူခဲ့တာကြောင့် "အုတ်ကျစ်ကျော်မေန္တလေး" ရယ်လို့ အဆိုစကား ပေါ်ပေါက်ခဲ့ရတာပါ။**



အထည်ဖော်ခဲ့ပါတော့တယ်။ ဒီစီမံကိန်းဟာ တစ်နှစ်နဲ့ခုနစ်လ အတွင်း အလုံးစုံပြီးပြေတဲ့အတွက် သက္ကရာဇ် ၁၂၂၀ ခုနှစ်၊ ဒုတိယ ဝါဆိုလဆန်း(၆)ရက်၊ သောကြာနေ့မှာ နန်းမြို့တော်ကြီးကို "လေးကျွန်းအောင်မြေ"၊ ရွှေနန်းတော်ကို "မြနန်းစံကျော်" ရယ်လို့ အသီးသီးသမုတ်ပြီး မြို့နန်းကို သိမ်းမြန်းစံပယ်တော်မူခဲ့တယ်။

သက္ကရာဇ် ၁၂၂၀ ခုနှစ်မှာ မြို့သစ် နန်းသစ်တည်ကြောင်း မော်ကွန်းစိုက်ထူခဲ့တာကြောင့် "အုတ်ကျစ်ကျော်မေန္တလေး" ရယ်လို့ အဆိုစကားပေါ်ပေါက်ခဲ့ရတာပါ။ ဘိုးတော်ဘုရားဟာ အမရပူရမြို့တည်စဉ်အခါက မန္တလေးတောင်ရဲ့ စက်ရိပ်ကိုခို၊ အမှီတံကဲပြုပြီး တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း မှတ်တမ်း မှတ်ရာများမှာ ဖော်ပြပါရှိပါတယ်။ မင်းတုန်းမင်းတရားကြီးဟာ ရှေးဘိုးတော်ဘေးတော်တို့ရဲ့ထုံး နှလုံးမူပြီး တစ်ရွာမပြောင်း သူကောင်းမဖြစ် ဆိုစကားနဲ့အညီ ယခုမန္တလေးနန်းမြို့ အရပ်ကို ပြောင်းရွှေ့ကာ "ရတနာပုံ"ဆိုတဲ့ အမည်နာမကိုပါ သမုတ် တော်မူခဲ့ပါတယ်။

**မင်းတုန်းမင်း တရားကြီးဟာ ရှေးဘိုးတော် ဘေးတော်တို့ရဲ့ထုံး နှလုံးမူပြီး တစ်ရွာမပြောင်း သူကောင်းမဖြစ် ဆိုစကားနဲ့အညီ ယခုမန္တလေး နန်းမြို့အရပ်ကို ပြောင်းရွှေ့ကာ "ရတနာပုံ" ဆိုတဲ့ အမည်နာမကိုပါ သမုတ်တော်မူ ခဲ့ပါတယ်။**

မန္တလေးရတနာပုံ နေပြည်တော်ကြီးကို ရှုကြည့်မယ်ဆိုရင် "ရန်ကြိုင်မွှေးမန္တလေး"ဆိုတဲ့ ဆိုစကားနဲ့အညီ ခိုင်ခံ့တဲ့ အုတ်မြို့ရိုး၊ ပြအိုး၊ တန်ဆောင်းအရပ်ရပ်၊ ကျယ်ဝန်းနက်နဲလှတဲ့ အန္တရာယ်အသွယ်သွယ်ကိုလည်း တားဆီးနိုင်တဲ့ ကျုံးတော် ပတ်လည်ခြံရံလျက် ရွှေရောင်တွေ ဖိတ်ဖိတ်တောက်ပြီး စိတ်တိုင်းကျတည်ဆောက်ခဲ့တာမို့လို့ မြန်မာဘုရင်တို့ရဲ့ ဘုန်းမီးနေလကို ထွန်းပြောင်စေခဲ့တယ်ဆိုရင် မမှားနိုင်ပါဘူး။ မြန်မာလူထုအတွက် ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းနဲ့ ဘို့ဒမာဟေ့လို့ ဝင့်ကြွားနိုင်လောက်သည်အထိ ဖြစ်ခဲ့ရပါ တော့တယ်။

မြန်မာစာပေကိုလေ့လာမယ်ဆိုရင်လည်း မန္တလေးနဲ့ကင်း တဲ့စာပေ အလွန်နည်းပါးကြောင်း တွေ့ရပါလိမ့်မယ်။ တေးရေး ဟာဆိုတော်တော်များများကလည်း ရတနာပုံနဲ့ကို ရှောင်လွှဲ မရသလောက် ရေးကြစပ်ကြ သီဆိုကြတာ တွေ့ရပါတယ်။

"အဆူဆူဂူပုထိုးနဲ့၊ တန်ခိုးကြီးမွေသရီ၊
ညွှန်ရာလည်းလွှဲနိုင်ပြီ၊
မြတ်မုနိနဲ့ ဘုရားနီ၊ ရွှေကျီးမြင့်သကျသီ၊
အိမ်တော်ရာစေတီ၊
တူမောင်မယ်သွားပါလို့၊ တောင်းဆုပန်မည်၊
ရွှေမန်းမြို့တောင်ပေါ်ဆီ၊

အလည်ခေါ်ဦးမည်။ မြန်မာမင်းတို့ မြို့တော်မှန်ကင်းအတည်"

အလွန်ကောင်းသော သီချင်းစာသားပါပဲ။ မန္တလေးမြို့နဲ့ ဦးခန္တီတောင် (ခေါ်) ရွှေမန်းတောင်ကို ကြားရသူရဲ့ စိတ်သန္တာန်မှာ ကွက်ကွက်ကွင်းကွင်းကို မြင်ယောင် လာစေပါတယ်။

## ကျောက်ထက်အက္ခရာတင်ခြင်း

မန္တလေးဟာ မြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီးရဲ့ ကုသိုလ်တော် တော်တော်များများကြောင့် "သာသနာ့ချက်ဝှေ ရွှေမန်းမြေ" ရယ်လို့ တင်စားရတဲ့အထိ ပါရမီထူးတဲ့ မြို့တော်တစ်ခုလည်း ဖြစ်ပါတယ်။ မင်းတရားကြီးရဲ့ကုသိုလ်တော်တွေထဲမှာ ထူးခြားကြီးမားသောကုသိုလ်ကတော့ မြတ်စွာဘုရားဟောကြားခဲ့တဲ့ ပိဋကပါဠိတော်တွေကို ကျောက်ထက်အက္ခရာတင်ခဲ့တဲ့ ကုသိုလ်ကြီးပါပဲ။ အဲဒီနောက်မှာ ပိဋကသုံးပုံကို အာဂုံနှုတ်တက်ဆောင်ရွက်တော်မူနိုင်တဲ့ သုဓမ္မာဆရာတော်အမှူးပြုပြီး သံဃာတော်(၂၄၀၀)တို့ဟာ ရွှေနန်းပြာသာဒ်ကော်ကြီး သီဟာသန ရာဇပလ္လင်တော်ရဲ့ရှေ့မှာ သင်္ဂါယနာတင်ခဲ့ကြတယ်လို့ သိမှတ်ရပါတယ်။ သက္ကရာဇ် ၁၂၃၃ ခု၊ တန်ခူးလပြည့်ကျော် (၁၁)ရက်နေ့ကစလို့ သင်္ဂါယနာတင်တော်မူကြရာမှာ အဲဒီနှစ် တော်သလင်းလပြည့်ကျော် (၁၄) ရက်နေ့မှာ ပဉ္စမ သင်္ဂါယနာတင် မင်္ဂလာသဘင်ကြီး ပြီးဆုံးအောင်မြင်ခဲ့ပါတော့တယ်။ ဒီကောင်းမှုကြီးဟာ မြန်မာနိုင်ငံအတွက်သာမက မန္တလေးရတနာပုံရွှေမြို့တော်ကြီးအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ဂုဏ်သိက္ခာကိုဖြစ်စေတဲ့အပြင် ထေရဝါဒ ဗုဒ္ဓသာသနာ့မော်ကွန်းတစ်ခုဖြစ်ခဲ့တယ်လို့လည်း ဆိုရမှာပါပဲ။ ကွယ်လွန်သွားပြီဖြစ်တဲ့ စာရေးဆရာမကြီး လူထုဒေါ်အမာကဆိုရင် ပိဋက သုံးပုံကျောက်ချပ်တွေကို "ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီး" ဆိုပြီး ရည်ညွှန်းတင်စားခဲ့တာ မှတ်မိကြပါလိမ့်မယ်။

မင်းတုန်းမင်းတရားကြီးဟာ တိုင်းသူပြည်သားတွေကို အမြင်လည်းကျယ်စေချင်တဲ့အပြင် ကုသိုလ်လုပ်တဲ့နေရာမှာလည်း ရေခြားမြေခြားမှာရှိနေတဲ့ ကိုယ့်ရဲ့သာသနာကိုလည်း ချီးပချင်စိတ်အလွန်ကြီးသူဖြစ်ပြန်ပါတယ်။ ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူခဲ့တဲ့ မဇ္ဈိမဒေသက မဟာဗောဓိသားကို ကိုယ်တော်တိုင်ကြပ်မတ်ထုလုပ်ပြီး ရွှေနန်းတော်ရဲ့မြောက်ဥယျာဉ်တော်ထဲမှာ အုတ်ပြာသာဒ်နဲ့တကွ တည်ထားကိုးကွယ်ခဲ့ပါသေးတယ်။ အိန္ဒိယတိုင်းသားတွေဟာ အရည်အသွေးကောင်းလွန်းလှတဲ့ ပြည်တန်ပတ္တမြားကြီးကိုပိုက်ပြီး ရတနာအစစ်ကို ရတနာအစစ်မှန်းမသိကြရှာပါဘူး။ ပြာပုံပေါ်က မှန်ကွဲစသာသာ သဘောထားကြပါတယ်။ ဗုဒ္ဓမြတ်စွာနဲ့ပတ်သက်ခဲ့တဲ့ အထောက်အထားအားလုံးကို သိရှိမှုသောက မင်းကြီးက နှစ်နှစ်ကာကာယုံယုံကြည်ကြည် ကြည်ညိုသဒ္ဓါအပြည့်နဲ့ ထိန်းသိမ်းစောင့်ရှောက် ပူဇော်ခဲ့တာမို့လို့ ဒီကနေ့တိုင် မပျောက်မပျက်ကျန်ရှိနေဆဲဖြစ်တာလို့ ပြောလို့ရပါတယ်။ ဒါဟာ သာသနာ့ကံလို့လည်း ဆိုနိုင်ပါတယ်။

## မဟာဗောဓိ အုတ်တံတိုင်း

မင်းတုန်းမင်းတရားကြီးဟာ ထေရဝါဒဗုဒ္ဓသာသနာကို မွန်မွန်မြတ်မြတ်ချီးပင့်



ချင်တာကြောင့် သာသနာ့အစစ်၊ ရတနာ အစစ်ကို ပူဇော်တတ်တဲ့သူတွေကြားမှာ ကျန်ရှိခဲ့တဲ့ မဇ္ဈိမဒေသက မဟာဗောဓိပင်ကို မဟာရာမ်အုတ်တံတိုင်း တည်လုပ်ခဲ့ပါတယ်။ ပြီးတော့ စိန်၊ မြ၊ ပတ္တမြားတွေ စီခြယ်ထားတဲ့ ရွှေတန်ဆောင်၊ ငွေတန်ဆောင်၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်များဖြင့် အမျိုးမျိုး ပူဇော်ခြင်း၊ မဟာဗောဓိပင်ရဲ့ အနောက်မြောက် မဟာရာမ် အမြင့်မှာ ခြောက်ခန်းတွဲ အုတ်ဇရပ်တော်ကြီး ဆောက်လုပ်ခြင်း တို့ကို သာသနာ့ရှေ့ရေးမျှော်တွေးပြီး စီမံလှူဒါန်းခဲ့တာ တွေ့ရပါတယ်။ အဲဒီကုသိုလ်တွေကို ကျောက်စာရေးထိုးပြီး မဇ္ဈိမဒေသမှာပဲ စိုက်ထူခဲ့တယ်။

မင်းတုန်းမင်းကြီးရဲ့ အဲဒီလိုထူးခြားလေးနက်တဲ့ အလှူတွေကို စာထဲပေထဲမှာ ဖတ်ရှုမှတ်သားရတဲ့အခါ အဲဒီကျောက်စာကို ဖတ်ရှုချင်စိတ်ပေါ်လာမိပါတယ်။ အဲဒီလို စိတ်အတွေးဝင်ပြီး မကြာမီမှာပဲ ကျွန်မဟာ ဗုဒ္ဓဂယာဘုရားဖူးဖို့ အခွင့်ကောင်းရရှိခဲ့ပါတယ်။ ကျွန်မဟာ ၁၉၉၉ ခုနှစ်၊ မတ်လ (၂၁) ရက်နေ့မှာ ခရီးစထွက်ခဲ့ပြီး မတ်လ (၂၄)ရက် နံနက်ပိုင်းမှာ ဗုဒ္ဓဂယာကို ရောက်ရှိခဲ့ပါတယ်။ ကျွန်မက မြန်မာစာသမားတစ်ယောက်ဖြစ်တာရယ်၊ စာလေးပေလေး ဟိုဟိုဒီဒီ ခပ်စုံစုံလေ့လာထားတာရယ်ကြောင့် ဘုရားဖူးအဖွဲ့တစ်ဖွဲ့လုံး ရွှတ်နေဆော်နေကြတဲ့အချိန်မှာ ဘုရားရှင်ရဲ့ပါရမီဖြည့်တော်မူခဲ့တဲ့ ခြေရာတော်တွေကို အာရုံပြုပြီး ဘုရားရှင်ပရိနိဗ္ဗာန် မပြုသေးမီ မှာခဲ့တဲ့ နှစ်ပေါင်းများစွာဆီကို မှန်းဆလို့ကြည်ညိုပူဇော်မိပါတယ်။ စိတ်ထဲမှာကြည်နူးပြီး နွေးနွေးထွေးထွေး ခံစားရပါတယ်။ အဲဒီနောက် မင်းတုန်းမင်းတရားကြီးရဲ့ကောင်းမှုတွေကို မှန်းဆသာခု ခေါ်မိတယ်။ အဲဒီနောက် မဟာဗောဓိ ရွှေညောင်တော်ကြီးရဲ့ ထုထည်ကြီးမားခံ့ထည်တဲ့ ပင်စည်ကြီးကိုကြည့်ပြီး ထေရဝါဒသာသနာ့အုတ်မြစ်ရဲ့ စတင်မြစ်ဖျားခံရာပါလားဆိုတဲ့ အတွေးတွေဝင်လာပြန်ပါတယ်။ တစ်ဆက်တည်းမှာပဲ မင်းတုန်းမင်းကြီးရဲ့ ကောင်းမှုတော်ကျောက်စာကိုလည်း ဖတ်ချင်ကူးချင်လာပြန်ပါတယ်။

ဒါကြောင့် မဟာတိုးဘုရားဖူးအဖွဲ့ရဲ့ Tour Guide ကိုကျော်အောင်နဲ့ ကိုသန့်စင် တို့ကို အကူအညီတောင်းတော့ "ဆရာမ မပူနဲ့ နေ့လယ်ထမင်းစားပြီးရင်ပို့ပေးမယ်" လို့ပြောကြပါတယ်။ နေ့လယ်ထမင်းစားပြီးချိန်မှာတော့ လူကြီးအချို့က နေ့ဘလည်းခြစ်ခြစ်တောက်ပူနေတာမို့ မလိုက်ခဲ့ကြဘဲနဲ့

မင်းတုန်းမင်းကြီးရဲ့ ကောင်းမှုဖြစ်တဲ့ အုတ်ဇရပ်တော်ကြီးနဲ့ ကောင်းမှုတော် ကျောက်စာအိမ် (၂)ခုကို တွေ့လိုက်ရပါတယ်။ ကျောက်စာတစ်ချပ်ကတော့ ပျက်စီးသွားပြီမို့ တစ်ချပ်ပဲကျန်တာ သိလိုက်ရရင်ပဲ အဲဒီကျောက်စာကို ကူးယူသွားချင်စိတ် ဖြစ်လာမိပါတော့တယ်။

ကျွန်မနဲ့ပါရမီစာပေတိုက်ပိုင်ရှင် ဒေါ်စန်းစန်းလှိုင်ရယ်၊ နာလန္ဒာတက္ကသိုလ်မှာ တက်နေတဲ့ မြန်မာဦးပဉ္စင်းတစ်ပါးရယ်၊ Guide နှစ်ယောက်ရယ် မဟန္တနန်းတော် ကြီးဝင်းအတွင်းကို လန်ခြားငှားပြီး သွားခဲ့ကြပါတယ်။ မဟန္တနန်းတော်ဟောင်းကြီးကို ကျော်ပြီးနောက်မှာတော့ မင်းတုန်းမင်းကြီးရဲ့ကောင်းမှုဖြစ်တဲ့ အုတ်ဇရပ်တော်ကြီးနဲ့ ကောင်းမှုတော်ကျောက်စာအိမ်(၂)ခုကို တွေ့လိုက်ရပါတယ်။ ကျောက်စာတစ်ချပ်ကတော့ ပျက်စီးသွားပြီမို့ တစ်ချပ်ပဲ ကျန်တာသိလိုက်ရရင်ပဲ အဲဒီကျောက်စာကို ကူးယူသွားချင်စိတ်ဖြစ်လာမိပါတော့တယ်။

ဘုရားလည်းဖူး လိပ်ဥလည်းတူးရဲ့ တင်မကဘဲ လိပ်မကြီးပါတစ်ခါတည်း ဖမ်းချင်တဲ့ ကျွန်မရဲ့ဆန္ဒကို အကုန်လုံးက ဝိုင်း ဖြည့်ပေးကြပါတယ်။ အဲဒီကျောက်ချပ်ဟာ မြန်မာ ပါဠိ၊ သက္ကတ ဘာသာသုံးမျိုးနဲ့ ရေးထိုးထားတာဖြစ်လို့ သုံးဖက်စလုံး တစ်နေ့ထဲ ကူးနိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ကျွန်မမှာ တခြားနေရာတွေကိုလည်း လိုက်ချင် ဒီကျောက်စာလည်းကူးချင်၊ အချိန်ကလည်းသိပ်မရဆိုတော့ အခက် ကြုံရပြီပေါ့။

နောက်ဆုံး Guide ကိုကျော်အောင်က အဲဒီကနယ်ခံလည်းဖြစ် သက္ကတလို ကျွမ်းကျင်တာလည်းတစ်ပိုင်းမို့ ဆရာမကို ပါရမီဖြည့်တာဆိုပြီး သက္ကတဘက်ကို တာဝန်ယူ၊ ဘီဟာနယ် နာလန္ဒာတက္က သိုလ်မှာတက်နေတဲ့ မြန်မာဦးပဉ္စင်းတစ်ပါးက ပါဠိတော်ဘက်ကိုတာဝန်ယူ၊ ကျွန်မကိုယ်တိုင်က မြန်မာဘက်ခြမ်းကိုတာဝန်ယူပြီး နေ့လယ် (၁၂း၀၀) လောက်ကစလို့ ကူးလိုက်ကြတာ (၃)နာရီမခွဲခင်လောက်မှာပဲ အားလုံးပြီးသွားခဲ့ပါတယ်၊ ကျွန်မ စိတ်ထဲ ယောက်ယက်ခတ်တာ အားလုံး ငြိမ်ကျသွားတော့တာပါပဲ။ လိုချင်တာရလို့ရယ်၊ ဗုဒ္ဓဂယာရောက်ပြီး ဘုရားဖူးသက်သက်နဲ့ မပြန်ချင်တဲ့ ကျွန်မဆန္ဒပြည့်ခဲ့ရပါတယ်၊

ကျောက်စာရဲ့နဖူးစည်းမှာ "မဟာဗောဓိရွှေဥဒေါင်တော် ကျောက်စာ သံပိုင်းမော်ကွန်း"လို့ ရေးထိုးထားပါတယ်။ မြန်မာဘက်ခြမ်းမှာ ကျောက်စာကြောင်းရေ(၇၅) ကြောင်းရေးထိုးထားပါတယ်။ ကြောင်းရေ (၅၅)က ကြောင်းရေ(၅၉)အထိမှာ . . .

"မဟာဗုဒ္ဓဟောရွှေဥဒေါင်တော်မြတ်အား လှူဒါန်းပူဇော်ရန် စိန်လုံးရေ ၅၁၁၊ မြလုံးရေ ၃၁၁၊ ကျောက်နီလုံးရေ ၃၉၆၆၊ ပုလဲလုံးရေ ၆၂၃၊ ထိုမှ တစ်ပါး အထူးထူးကုန်သော ရတနာတို့ဖြင့် တန်ဆာဆင်အပ်သော၊ ထီး၊ တမ်းခွန်၊ တန်ဆောင်း၊ မြူတာ၊ ပန်းကုံး ပန်းခိုင် စသော ဒေယျမမွေဒါတဗ္ဗတို့ကို စီမံခင်းကျင်း၍ မိဖုရား၊ သားတော်၊ သမီးတော် စသည်တို့က အသီးသီးစီမံအပ်သော လှူဖွယ်ဝတ္ထုတို့နှင့်တကွ မဟာဗောဓိ မဏ္ဍိုင်နှိုက်၊ ပယ်ခွာအပ်ပြီးသော ကိလေသာရမ္မက်အညစ်အကြေးရှိတော်မူသဖြင့် ဘုရားအဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရားသခင်ကို ရည်မှတ်၍ မြတ်သော မိဖုရားခေါင်ကြီးနှင့်အတူ ရေစက် သွန်းချ ရွှေရှုလှူဒါန်းပူဇော်တော်မူသည်။"

ဆိုပြီး ရေးထိုးပါတယ်။

ဆက်လက်ပြီး ကြောင်းရေ(၅၉)က (၆၀)အထိမှာတော့ . . .

"ယခုဘဝ၊ ပစ္စက္ခနှိုက်၊ ဓမ္မငြိမ့်လေး၊ အမြိုက်ဆေးကို၊ မနှေးသောက်ရနိုင်လိုသော တိုင်းနိုင်ငံသူ၊ ရှင်သူတို့အား၊ တရားတော်ကြွေး၊ နည်းပေးသွန်သင်ပြလိုသော၊ ဆုတောင်းပတ္ထနာတော်နှင့်တကွ၊ မယ်တော်၊ခမည်းတော်၊ ဘိုးတော်၊ ဘွားတော် ဘေးတော် မင်းတရားတို့ကို အဦးထား၍ သုံးဆယ့်တစ်ဘုံ ဝေနေယျတို့အားလည်း



အမျှပေးဝေတော်မူသည်"

ဆိုပြီး ဆုတောင်းနဲ့ အမျှဝေကို ရေးထိုးထားပါတယ်။ ပုဂံခေတ်ကျောက်စာများမှအစပြုပြီး ခေတ်အဆက်ဆက် ကျောက်စာအတော်များများမှာ တွေ့ရလေ့ရှိတဲ့ ကျောက်စာ အင်္ဂလိပ်တစ်ခုဖြစ်တဲ့ ကျိန်စာကိုမတွေ့ရပါဘူး။ ဒီအချက်က လည်း မင်းတုန်းမင်းတရားကြီးရဲ့ စိတ်ထားနှလုံးသားကို ဖော်ပြနေတယ်လို့ ဆိုရမှာပါပဲ။

ပုဂံခေတ်
ကျောက်စာများမှ
အစပြုပြီး
ခေတ်အဆက်ဆက်
ကျောက်စာ
အတော်များများမှာ
တွေ့ရလေ့ရှိတဲ့
ကျောက်စာ
အင်္ဂလိပ်တစ်ခုဖြစ်တဲ့
ကျိန်စာကို
မတွေ့ရပါဘူး။
ဒီအချက်ကလည်း
မင်းတုန်း
မင်းတရားကြီးရဲ့
စိတ်ထား
နှလုံးသားကို
ဖော်ပြနေတယ်လို့
ဆိုရမှာပါ

ကြောင်းရေ (၆၂)က ကြောင်းရေ (၆၆)အထိမှာတော့. .

"ကိစ္စပြီးဆုံးနှိုက်၊ သာသနာနှစ် ၂၄၁၇ ခု၊ ကောဇာသက္ကရာဇ် ၁၂၃၆ ခု၊ ဖြဟ္မာနှစ်အဖို့ နှစ်ဆယ်တို့တွင်၊ ၁၁ ခုမြောက် ဣသရနှစ် တန်ဆောင်မုန်းလ၊ သရဒဥတု၊ မြောင်လှမြို့စားဝန်ထောက်၊ မင်းကြီး သီရိမဟာဇေယျသူ၊ စာရေးကြီးနေမျိုးမင်းထင် စည်သူ၊ အမှာရေး နေမျိုးမင်းထင် ကျော်ခေါင်တို့ကို အချင်းအရင်းတို့နှင့်တကွ စေခန့်တော်မူ၍၊ လှူဖွယ် ဝတ္ထုတို့ကိုလည်း၊ ကြာယာဉ်မွန်၊ မီးသင်္ဘောတော်တွင်တင်ဆောင်ပြီး လျှင်၊ မဟာဗောဓိရွှေဥဒေါင်တော်ရောက်၊ စေလွှတ်ဖို့သဘင် လှူတော်မူသည်။ ၎င်းအလှူတော်များကိုလည်း၊ မဟာဗောဓိရွှေဥဒေါင်တော်စောင့် အကြီးအမှူးရမဟန္တကီမည်သော ဇော်ဂီလက်ရောက်အပ်နှံ၍၊ အုတ်တိုက်ဘဏ္ဍာအိမ်နှင့် ကောင်းမွန်စွာ ထားစေရသတည်း"

စသည်ဖြင့် လှူပုံတန်းပုံအဆင့်ဆင့်ကို အစီအစဉ်တကျ ရေးထိုးထားတာ တွေ့ရပါတယ်။ မင်းတရားကြီးကိုယ်တော် တိုင် မဇ္ဈိမဒေသကို မကြွချီနိုင်သော်လည်း အလှူဒါနကို စနစ်တကျစီစဉ်ရေစက်ချပြီး မိမိကိုယ်စားမှူးကြီးမတ်ရာ သေနာပတိတို့ကိုအပ်နှံလို့ အသေအချာလှူဒါန်းထားတာဖြစ်ပါတယ်။

မန္တလေးမြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီးဟာ နိုင်ငံရေးမှာလည်း သံတမန်ဆက်ဆံရေးချောမွေ့အောင်၊ အရပ်ရပ်တိုင်းပြည်တို့ နိုင်ငံတိုင်းပြည်တို့ ဝန်းကျင်နိုင်ငံများနဲ့ သဟဇာတဖြစ်အောင် စီမံအားထုတ်ခဲ့သလို ကုသိုလ်တော်များစွာကိုလည်းစဉ်ဆက်မပြတ် ပြည်ဆောက်ခဲ့တာ ချီးကျူးစဖွယ်ဖြစ်ပါတယ်။ ပုဂံခေတ်ပုံထီးနန်းရဲ့ ပထမဆုံး သာသနာပြုမင်းဟာ အနော်ရထာမင်းပြီး ကုန်းဘောင်ခေတ် ရတနာပုံထီးနန်းရဲ့ အထူးခြားဆုံး သာသနာပြုမင်းကတော့ မင်းတုန်းမင်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ မြန်မာနိုင်ငံတော်ဟာ သာသနာပြု မင်းအဆက်

ဆက်ရဲ့ ထေရဝါဒသာသနာစိတ်၊ ကြည်ညိုမှုသဒ္ဓါတရားတွေနဲ့ ခိုင်မာအောင် တည်ဆောက်ထားခဲ့တဲ့ နိုင်ငံတော်လို့ လေးလေးနက်နက် ဆိုချင်ပါတယ်။

မင်းတုန်းမင်းတရားကြီး မန္တလေးရတနာပုံနေပြည်တော်ကြီးကိုတည်ထောင်ပြီး များမကြာမီမှာပဲ သက္ကရာဇ် ၁၂၂၁ ခု၊ နတ်တော်လပြည့်ကျော် (၁၂)ရက်၊ စနေနေ့နံနက်(၄) ချက်တီးကျော်မှာ မင်းကြီးရဲ့လောင်းရှည်မြို့စား မိဖုရားကြီးက အရှင်သီပေါမင်းတရား အလောင်းအလျာကို ဖွားမြင်တော်မူခဲ့ပါတယ်။ သီပေါမင်းသားဟာ သက္ကရာဇ် ၁၂၃၆ ခု၊ ဝါဆိုလမှာ ရှင်သာမဏေပြုပြီး တောင်တော်ဆရာတော်ဘုရားကြီးထံမှာ ပညာသင်ကြားခဲ့တာပါ။ သက္ကရာဇ် ၁၂၃၇၊ ၁၂၃၈၊ ၁၂၃၉ ခု သုံးနှစ်ဆက်တိုက်လည်း သုံးကြိမ်သုံးဖန် ပထမပြန်ဆိုတော်မူခဲ့ပါသေးတယ်။

မြန်မာပြည်သူလူထုဟာ မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်ပြီး ကုန်းဘောင်မင်းဆက်ရဲ့ နောက်ဆုံးမင်းဖြစ်တဲ့ သီပေါမင်း ပါတော်မူသွားရတဲ့အဖြစ်ကို ဝမ်းနည်းပူဆွေးကြရရှာ သာမက မင်းကြောင့်၊ အမတ်တွေကြောင့်၊ ပြည်သူတစ်ရပ်လုံးကြောင့်၊ တိုင်းပြည်ရဲ့ကံကြမ္မာကြောင့်ဆိုပြီး ဖြစ်တင်ကဲ့ရဲ့ ရှုချပြီး အမျိုးမျိုး ဝေဖန်သုံးသပ်ခဲ့ကြပါတယ်။ ဆီးဘန်းနီ ဆရာတော်က တောင် . . .

"ထီးသုဉ်း နန်းသုဉ်း မြို့သုဉ်း သုညာ၊ သုဉ်းသုံးဝဖြင့်၊ သုဉ်းရပြန်လစ်၊
သုညခေတ်ဝယ်၊ ဖြစ်လာရပေ၊ တို့ တစ်တွေသည်၊ သေသော်မှတည့် ပြော်ကောင်း၏"
လို့ ကြိတ်မနိုင်ခဲမရ ဆိုညည်းခဲ့ပါတယ်။

ပါတော်မူခြင်းနဲ့ပတ်သက်ပြီး ဘယ်လိုပဲ သုံးသပ်ဝေဖန်မှုပြုပြု ကုန်းဘောင်နောက်ဆုံးမင်းဆက်တွေရဲ့ သာသနာကိုပူဇော်ပုံ၊ သာသနာရေးနဲ့ ပြည်သူတို့၏ အသက်ခန္ဓာကိုရှေ့တန်းတင်ကာ စဉ်းစားခဲ့ကြတာ ဖြစ်လို့ ဆုံးဖြတ်ချက်မှားခဲ့တယ်လို့ဆိုရင် တောင် သာသနာ့ဒါယကာမင်းအဖြစ်နဲ့ ကျေးဇူးသိတတ်ဖို့လိုပါလိမ့်မယ်။ နိုင်ငံရေးအရ အားနည်းချက်ရှိနိုင်သော်လည်းပဲ သာသနာတော်နဲ့ သီလစောင့်ထိန်းမှု မဆုတ်ယုတ်အောင် စွမ်းနိုင်သမျှ စောင့်ရှောက်သွားနိုင်ခဲ့တဲ့အတွက် ကုန်းဘောင် ခေတ်နှောင်းပိုင်းကတည်ခဲ့တဲ့ မန္တလေး ရတနာပုံနေပြည်တော်ဟာ ယနေ့အချိန်အခါမှာ အမျိုးသားထုတစ်ရပ်လုံးကို ဇာတိသွေး၊ ဇာတိမာန်နဲ့ အမျိုးသားရေး စိတ်ဓာတ်ခိုင်မာအောင် လှုံ့ဆော်တဲ့နေရာမှာ အဓိကပြယုဂ်ဖြစ်နေခဲ့သည်မှာ အမှန် ဖြစ်ပါတယ်။

ချုပ်လို့ဆိုရရင်ဖြင့် မန္တလေးရွှေမြို့တော်ကြီးမှာ မြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီးရဲ့ ကုသိုလ်တော်များဟာ လက်ညှိုးထိုးမလွဲ ယနေ့တိုင် ကျန်ရှိနေဆဲ ဖြစ်ပါတယ်။ မင်းတရားကြီးရဲ့ ထူးခြားတဲ့ ပိဋကကုသိုလ်ကျောက်စာတော်များနဲ့ မဇ္ဈိမဒေသက မဟာဗောဓိ ရွှေဥဩင်တော်ကျောက်စာတို့ဟာ မန္တလေးမြို့ သက်တမ်းအနှစ် (၁၅၀)ပြည့်ချိန်မှာ မြန်မာနိုင်ငံတော်နဲ့ နိုင်ငံသူ/နိုင်ငံသားအပေါင်းရဲ့ ဂုဏ်သိက္ခာကို ဦးထိပ်မြင့်တင်ပေးနေတယ်ဆိုရင် မှားနိုင်မယ်မထင်တော့ပါကြောင်း။

မအေးချမ်း(မြန်မာစာ)

အတွေးအမြင်
၂၅နှစ်ပြည့် အထူးထုတ်

# အလေးထားသင့်သော အတွေးစကားများ

**မောင်ရဲလှ**

ကျောင်းသားဘဝက ဆရာကြီး ဦးအောင်သင်း၏ ဟောပြောပွဲခွေတွေကို နားထောင်ဖူးခဲ့၏။ မှတ်မှတ်ရရဆိုရလျှင် မန္တလေးမြို့၊ ဓမ္မသာလာခန်းမကြီး၏ ငြိမြင့်ပေါ်တွင် ဆရာကြီးဟောနေသည်ကို ကိုယ်တွေ့မျက်မြင် ပထမဆုံးတွေ့ခဲ့ဖူးပါသည်။ သည်တုန်းကကျွန်တော်က မြန်မာစာအထူးတန်းကျောင်းသား။ ညနေကတည်းက ဟောပြောပွဲစင်မြင့်ရှိရာ ထိုခန်းမသို့ရောက်နေခဲ့သည်။ ကျောင်းသားအများစုနှင့်ပါပဲ။ ထိုစဉ်က "မျက်မမြင်ကျောင်းရန်ပုံငွေအတွက် စာပေဟောပြောပွဲကို ဓမ္မသာလာခန်းမတွင် ပြုလုပ်၏။ မီးရထားဘူတာကြီးလမ်းဆုံတွင် စာပေဟောပြောပွဲလည်း ပြုလုပ်တတ်သည်။ ထိုနှစ်ပွဲမှာ အထူးထင်ရှားသောပွဲများ ဖြစ်ခဲ့သည်။

ဓမ္မသာလာခန်းမတွင် ဟောပြောပွဲစသည့်အချိန်မှစ၍ လူစည်ကားလိုက်တာ ပြီးအလင်းပဲဖြစ်သည်။ ခန်းမတွင်း၌ လူပြည့်ရုံမျှမက လမ်းပေါ်မှာပင် ရုပ်မြင်သံကြား စက်ကြီးများချကာ ပြသရသည်။ လမ်းပေါ်မှာလည်း လူတွေကိုခဲလို့။ ရှေ့ကဆရာ၊ ဆရာမများဟောပြောသွား၍ ဆရာကြီးဦးအောင်သင်း ဟောပြောသည့်အချိန်က သန်းခေါင်ကျော်နေပြီ။ ပရိသတ်က ပြန်ဖို့မဆိုထားနှင့် ထပ်၍ထပ်၍ တိုးလာနေသည်။

"အောင်သင်းတို့က သန်းခေါင်ချဉ်းကတည်းက ဟောလိုက်တာ ပဲပြုတ်သည်နဲ့ မုန့်သည်များတို့နဲ့ အတူပြန်ရအောင် ဟောလိုက်မယ် အဟဲ" ဟု ဆရာကြီးက အစပြုကာ အစပြုတွင်ဟန်မာန်အပြည့် ဟောတော့သည်။ ဟောသောအကြောင်းအရာကလည်း ကောင်း၊ အဟော၌ဌာန်၊ အပြောမာန်ကလည်းမာ၊ အသံလှိုင်းကလည်းအောင်မြင်၊ တစ်ခါတစ်ခါ ထောက်လိုက်သော ဟာသတွေကြောင့်လည်း ပရိသတ်မှာပတ်တုတ်လို့မရဆိုတာမျိုး ဖြစ်နေ၍ အထူးစည်ကားအောင်မြင်လှချေသည်။

ပွဲပြီးသည်အထိ ထိန်းနိုင်သော ဆရာ့အရည်အချင်းမှာ လက်ဖျားခါရလောက်

ဘောင်ပင် ဖြစ်သည်။ သည်အချိန်ကပင် ဆရာ့ဟောပြောပွဲများအပေါ် အာရုံစိုက်မိသည်။ ဟောပြောခွေများကို သူငယ်ချင်းတွေစုကာ နားထောင် ပြန်ဖောက်သည်ချ၊ သူပြောသလိုကျင့်ဖြင့် အတုယူခဲ့သည်။ လေးနက်ပြီးအတွေးပါသော စကားများကို မှတ်စုတစ်အုပ်နှင့်ပင်စုကာ ရေးထားမိသည်။ စာပေအယူအဆများ၊ ကိုယ့်ကျင့်အဘိဓမ္မာများ၊ တိုးတက်ရစ်စေအောင် ရည်ညွှန်းခဲ့သော စကားများကို မှတ်သားခဲ့ပါသည်။



**ရိုးသားဖြောင့်မတ်မှုကြောင့် မိမိဒုက္ခမရောက်ရအောင် ရှောင်တိမ်းကာကွယ်တတ်တဲ့ ပါးနပ်မှုရှိဖို့လိုအပ်တယ်။ ဒီ့အတူ ရိုးသားဖြောင့်မတ်မှုကြောင့် ဆိုက်ရောက်လာတဲ့ အန္တရာယ်တွေကို ရင်ဆိုင်နိုင်တဲ့ သတ္တိရှိဖို့လည်းလိုတယ်။ ဒါကြောင့် သတ္တိမရှိဘဲ ရိုးသားလို့မရဘူးဆိုတာ သိဖို့လိုပါတယ်။**

ဟိုတစ်နှစ်က "ဆရာသာလွန်ကျော်" ကဗျာ ဝတ္ထုတိုများအတွက် အမှာစာတောင်းရန် ခေါ်သဖြင့် လိုက်ခဲ့သည်။ ဆရာကြီးဦးအောင်သင်း၏ အမှာစာဖြစ်သည်၊ ဆရာကြီးနှင့် တွေ့ဖြစ်ကာ စကားပြောခဲ့ကြသည်။ အသက်ရှစ်ဆယ်ကျော်သော်လည်း ဆရာ့ဟန်၊ ဆရာ့မာန်က ထင်ရှားနေဆဲ။

ဤတွင် ကျွန်တော်က ဆရာ့စကားလေးတွေကို လူငယ်တွေပြန်သုံးသပ်ဖို့ ဖတ်နိုင်ဖို့ ဆောင်းပါးလေးတစ်စောင် ရေးလိုကြောင်း ခွင့်ပန်တော့ ဆရာက ရေးပါဗျာဟု ခွင့်ပြုခဲ့ပါသည်။

ဖတ်ခဲ့၊ မှတ်ခဲ့၊ လေ့လာခဲ့သော ဆရာ၏အလေးထားစရာ အတွေးစကားလေးတွေကို ပြန်ဖတ်တိုင်းပြန်ဖတ်တိုင်းလည်း လေးနက်၊ တွေးလိုက်တိုင်းလည်း ထိရောက်၊ ပြောပြတိုင်းလည်း လူအများနှစ်သက်ခဲ့ကြောင်း တွေ့ရသည်။ စကားလေးတွေက ဘဝနှင့်ချီပြီး စဉ်းစားဖို့၊ ဘဝတိုက်ပွဲမှာအသုံးပြုနိုင်သော စကားလုံးလက်နက်၊ အတွေးကျည်ဆန်၊ ကြံ့ခိုင်စေသော စကားစုကတုတ်ကျင်းများ ဖြစ်နေကြောင်းတွေ့ရသည်။ သူငယ်ချင်း တစ်ဦးက မကွေးမြို့တွင် ဟောပြောသော ဆရာကြီးဦးအောင်သင်း၏ ဟောပြောပွဲတိတ်ခွေကို လက်ဆောင်ပေးသည်။ ဖွင့်၍နားထောင်တော့ အလေးထားသင့်သော အတွေးစကားများကို တွေ့ရပေသည်။

"သတ္တိကောင်းရမယ်။ ဘယ်လိုသတ္တိလဲ။ စိန်ခေါ်ရဲတဲ့သတ္တိ ဖြစ်ရမယ်။ ဦးနှောက်ကို ခါးတောင်းကျိုက်တာနော်။



ကိုခါးတောင်းကျိုက်တာ မဟုတ်ဘူး။ လူခါးတောင်းကျိုက်တဲ့သူကတော့ ကုလီပဲဖြစ်မှာပေါ့။ ဦးနှောက်ကို ခါးတောင်းကျိုက်တဲ့ ခေါင်းဆောင်ဖြစ်တာ"

"အဲဒီဦးနှောက်ခါးတောင်းကျိုက်တာမှာလည်း ရေရှည်ခံတဲ့သတ္တိမျိုးဖြစ်ရမယ်။ အဲဒီသတ္တိကို ဖွဲ့လို့ခေါ်တယ်။ အဲဒီဖွဲ့က ဘယ်မှာပြန်ဖြစ်သလဲဆိုရင် ခုနက ပြောခဲ့တဲ့ ကြီးပွားရမယ်ဆိုတဲ့ ယုံကြည်ချက် အဲဒီကနေ ဖွဲ့ကို ပြန်ထိန်းတယ်"

ဆရာကြီးက ဘဝတွင်သတ္တိထားသင့်ကြောင်း၊ ပညာကိုလည်း အမြဲတမ်းရှာဖွေနေသင့်ကြောင်း ပညာရှင်ဖြစ်မှ ခေါင်းဆောင်ဖြစ်ရကြောင်း ဘဝရည်မှန်းချက်၊ ယုံကြည်ချက်ဖွဲ့ဖြစ်ရပုံများကို စကားလုံးလှလှ အတွေးလှလှဖြင့် ဟောပြောသွားပေသည်။ ထိရောက်လှပါသည်။ မှတ်သားဖွယ်ရာချည်းဖြစ်သည်။

"ပညာတတ်ချင်တတ်မယ်။ ဘွဲ့ရချင်ရမယ်။ အသုံးမကျရင် လူရာမဝင်ဘူး။ ပတ်ဝန်းကျင်အတွက် မင်းဟာအမြဲတမ်း အသုံးဝင်နေအောင်လုပ်ပါ။ တချို့က ပညာမတတ်ဘူး။ ဒါပေမဲ့ ရပ်ကွက်ထဲမှာ အသုံးဝင်အောင်လုပ်တယ်။ အဲဒါလူရာဝင်တယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ်အသုံးဝင်အောင် လုပ်နေတာ ဘာမှအသုံးမဝင်ရင် အသုံးမကျတဲ့ကောင် ဖြစ်သွားမှာပေါ့"

လောကတွင် အသုံးဝင်အောင် ပြုမူတတ်ဖို့လိုကြောင်းကို ဟောပြောသွားပါသည်။ ဆရာကြီးသည် ရိုးသားဖြောင့်မတ်ခြင်းနှင့်ဆိုင်ရာ ဟောပြောသွားသော ဟောပြောချက်ကလေးကလည်း သိမှတ်ဖွယ်ရာဖြစ်သည်။ ကြည့်ပါလေ။

"ရိုးသားဖြောင့်မတ်ခြင်း ဆိုတာ နုံတာ၊ အတာ၊ ပညာမဲ့တာကို ပြောတာမဟုတ်ဘူး။ ရိုးသားတယ်ဆိုတာကိုယ်မရထိုက်တဲ့ပစ္စည်း ကိုယ်မရထိုက်တဲ့အခွင့်အရေးကို မမက်မောတာကိုခေါ်တာပါပဲ။ ဒီရိုးသားဖြောင့်မတ်တဲ့ဂုဏ်ကို ရယူဖို့ဆိုတာ လွယ်တယ်မထင်နဲ့"

ရိုးသားဖြောင့်မတ်မှုကြောင့် မိမိဒုက္ခမရောက်ရအောင် ရှောင်တိမ်းကာကွယ်တတ်တဲ့ ပါးနပ်မှုရှိဖို့လိုအပ်တယ်။ ဒီ့အတူ ရိုးသားဖြောင့်မတ်မှုကြောင့် ဆိုက်ရောက်လာတဲ့ အန္တရာယ်တွေကို ရင်ဆိုင်နိုင်တဲ့ သတ္တိရှိဖို့လည်းလိုတယ်။ ဒါကြောင့် သတ္တိမရှိဘဲ ရိုးသားလို့မရဘူးဆိုတာ သိဖို့လိုပါတယ်။ မှတ်သားဖွယ်ရာပင် ကျွန်တော်တို့သည် ရိုးဂုဏ်ကို လိုချင်ကြ၏။ ကိုယ့်ကိုယ်ကိုယ် လူအ,အဖြစ် အထင်မခံလို၊ အမှန်တော့ ရိုးတာနှင့် အ,တာ တခြားစီဖြစ်ကြောင်း ရှင်းပြထားသည်။ "လူရိုးဆိုတာ သချိုင်းကုန်းမှာပဲရှိတယ်" ဆိုသောစကားဖြင့် ရိုးသားမှုကိုမျက်ကွယ်ပြုနေကြသည်။ နောက်ပြီး သတ္တိရှိမှ ရိုးသား၍ရကြောင်း သိနိုင်ပေသည်။

စာပေဖတ်ရာတွင်လည်း ပိုင်းခြားလေ့လာတတ်ဖို့ လိုကြောင်းကို ဆရာကြီးက ဆိုခဲ့ဖူးသည်။

"အများကြီးဖတ်ပြီး နည်းနည်းလေးမှ မစဉ်းစားရင် ဗဟုသုတများတဲ့ လူညံ့ဖြစ်မှာပေါ့။ အများကြီးစဉ်းစားပြီး ရေးထားတဲ့ စာအုပ်ကောင်း နည်းနည်းလောက်ကိုဖတ်ပြီး ကိုယ်တိုင်က များများစဉ်းစားနိုင်ရင် ပိုကောင်းပါတယ်"

ဟူ၍ဆရာကြီးက ဆိုထားပါသည်။ ဆရာကြီးမြို့မမောင်၏ စကားကိုယူ၍ပြောကြောင်းလည်း ရှင်းပြထား၏။ မည်သို့ဆိုစေ စာဖတ်မှု စဉ်းစားမှုအတွက် ဆရာ၏လမ်းညွှန်ချက်ကလေးက တကယ်

ကို သုတရစရာဖြစ်ပါသည်။ နည်းနည်းဖတ်၊ များများစဉ်းစား၊ ထို့မှများများဖတ်၊ များများစဉ်းစားဖို့ ညွှန်ပြထားပေသည်။

"အမွေ" ဟူသော ပြောဟောတိတ်ခွေကလေးမှာလည်း အလေးထားရမည့် စကားလေးတွေများလှသည်။ ကိုယ့်ဘဝတွင်ကိုယ်သာအရှင်၊ ကိုယ်သာသခင်။ ငယ်စဉ်ကပင် ကိုယ့်ကိုယ်ကိုယ်နိုင်းဖို့ကို

"ငယ်ငယ်မှာ ကိုယ့်ကိုယ်ကိုယ်မနိုင်းရင် ကြီးလာတဲ့အခါ သူများနိုင်းတာ

အတွေးအမြင်

၂၅နှစ်ပြည့် အထူးထုတ်

**"ကျွန်တော်တို့က ပုဆိုးဝတ်တယ်ဆိုရင် ပုဆိုးဝတ်တယ်လို့ပဲ တွေးတယ်။ ပုဆိုးထဲလူဝင်တယ်လို့ မတွေးတတ်ဘူး။ တကယ်တော့ ပုဆိုးထဲလူဝင်လိုက်တာပါပဲ။ ဒါပေမဲ့ အဲဒီလိုစဉ်းစားဖို့ သိပ်ခက်တယ်"**

ခံရတတ်တယ်"

ကိုယ့်ကိုယ်ကိုယ်မကျိုးနွံရင် သူများကို ကျိုးနွံအောင် ဘယ်တော့မှ မနိုင်းနိုင်ဘူး။

"မိမိကိုယ်မိမိ မအောင်နိုင်သမျှ ကာလပတ်လုံး လောကကြီးကို မအောင်နိုင်ဘူးဆိုတာ ပုံသေယုံပါ"

ဟုဆိုခဲ့ပါသည်။

သူများအနိုင်းကိုမခံရငဲ့ကိုယ်ငါနိုင်းလျှင် တကယ်ကြီးမားသော အောင်မြင်မှုရလိမ့်မည်ဟု ဆိုထားခြင်းဖြစ်လေသည်။

ယနေ့လူငယ်နှင့် ယနေ့ရသစာပေဟူသော စာပေဟောပြောပွဲခွေကလေးကို ဖွင့်ကြည့်သောအခါ ဖောက်ထွက်အတွေးအကြောင်း သိရပါသည်။

"ကျွန်တော်တို့က သမားရိုးကျအတွေးထဲမှာ ပတ်ချာလည်ပြီး သမားရိုးကျ အတွေးပဲ တွေးတတ်ကြတော့တယ်။ ပြောင်းပြန်လှန်ပြီး မတွေးတတ်ဘူး။ ကြားဖောက်ပြီးမတွေးတတ်ဘူး။ ဘေးကနေ မတွေးတတ်ဘူး"

"ကျွန်တော်တို့က ပုဆိုးဝတ်တယ်ဆိုရင် ပုဆိုးဝတ်တယ်လို့ပဲ တွေးတယ်။ ပုဆိုးထဲလူဝင်တယ်လို့ မတွေးတတ်ဘူး။ တကယ်တော့ ပုဆိုးထဲလူဝင်လိုက်တာပါပဲ။ ဒါပေမဲ့ အဲဒီလိုစဉ်းစားဖို့ သိပ်ခက်တယ်"

အတွေးအခေါ် အားဖြင့် သမားရိုးကျတွေးသလို ပြောင်းပြန်တွေးတတ်ဖို့လိုကြောင်း၊ ကြားပေါက်အတွေး ဘေးထွက်အတွေးမှာ မလွယ်ကူပေ။ တကယ်ခက်



သည်။ ဤသို့တွေးတတ်သူများသည် ထူးခြားသူများ ဖြစ်နိုင်ပေသည်။ ထို့ကြောင့် ဖြန့်ထွက်တွေးခေါ်မှု ဖောက်ထွက်တွေးခေါ်မှုသည်လည်း အရေးပါသည်ဟု ဆိုရပေသည်။

ပညာမတတ်လျှင် သူ့ကျွန်ဖြစ်တတ်ပုံကို ဆရာကြီးက "အမွေ" တိတ်ခွေထဲတွင် . . .

"သူ့ကျွန်ဖြစ်ရတဲ့ကိစ္စ၊ ဘာကြောင့်ဖြစ်ရသလဲ၊ သုံးကြိမ်အင်္ဂလိပ်နဲ့ စစ်ဖြစ်တာ၊ သုံးကြိမ်စလုံးရှုံးတယ်။ ဘာဖြစ်လို့ ရှုံးလဲ။ ပညာမတတ်လို့ ရှုံးတာ။ ဒါပဲ"

"ဗန္ဓုလလောက် မျိုးချစ်စိတ်ရှိသလား။ ဗန္ဓုလလောက် ဘယ်သူသတ္တိကောင်းမလဲ။ ဟိုက"ထုန်း" ဆိုပစ်လိုက်တော့ သေရာ။ ကိုယ်က ပြန်မထုန်းနိုင်ပဲကိုး။ ခံရတာပေါ့။ ဒါကြောင့် ပညာတတ်များတဲ့တိုင်းပြည် လွှမ်းမိုးမှာပဲ"

ဆရာကြီး၏အဟောအပြောက ထိရောက်လှပါသည်။ ဟောကွက်ပြောကွက်များက ချက်ချင်းသဘောပေါက်ကာ "ဟုတ်ပေသားပဲ" ဟုခေါင်းညိတ်ချင်လာအောင် ဆွဲဆောင်နိုင်ပေသည်။

"အတ္ထုပ္ပတ္တိ စာပေ" အကြောင်း ဟောပြောခွေကလေးကိုလည်း ချောက်မြို့ လူငယ်ချင်းထံမှ နားထောင်ခွင့်ရခဲ့သည်။ ဆရာကလူမိုက်နှင့် လူလိမ္မာကို နှိုင်းပြသွားသည်။

"လူလိမ္မာတို့သည် တစ်ပါးသူ၏အမှားမှ သင်ခန်းစာယူတတ်၏။ လူမိုက်တို့ကား ကိုယ်တိုင်မှားမှ သင်ခန်းစာကိုရကြ၏။ ပို၍မိုက်မဲသူတို့ကား ကိုယ်တိုင်မှားပါလျက် သင်ခန်းစာမယူတတ်ကြကုန်"

ဆရာကြီး၏အပြောမှာ ထင်ရှားလှပါသည်။ ရှင်းပြစရာမလိုလောက်အောင် ပေါ်လွင်လှသည်။

စာပေလိုက်စားသူများအတွက်လည်း ဆရာကအလျဉ်းသင့်သလို ထည့်၍ ဟောပြောတတ်ကြောင်း တွေ့ရသည်။

"ဘဝကိုအမှတ်တမဲ့ ကုန်ဆုံးစေတဲ့လူငယ်များဟာ များသောအားဖြင့် ပျော်စရာကောင်းတဲ့စာတွေကိုပဲ ဖတ်ချင်ကြတယ်။ စဉ်းစားစရာကောင်းတဲ့စာမျိုး မဖတ်ချင်ကြဘူး။ သူတို့ရဲ့ ဦးနှောက်က စိန်ခေါ်မှုကိုလက်မခံနိုင်ကြဘူး။ သူတို့ဟာ ဖျော်ဖြေမှုကိုပဲ အစဉ်မှတ်သိပ်နေတတ်ကြတယ်"

ဟူ၍ ဆိုခဲ့ပါသည်။

ဆရာကြီးဦးအောင်သင်း၏ အလေးထားစရာ အတွေးစကားများကားများပြားလှပါသည်။ ကျွန်တော့်မှတ်စုတွင် တွေ့ရသလောက်သာ (အနည်းငယ်) မျှသာ ယခုတင်ပြလိုက်ရပါသည်။ လူငယ်များအတွက် အတွေးထူးအောင် အသိတွေ တစ်လှေကြီးပေးနေကြောင်း တင်ပြလိုက်ရပါသည်။

မောင်ရဲလူ

**အဟောအပြောကောင်း၍**
**စာပေအရေးအသားကောင်းသော**
**ဆရာကြီးဦးအောင်သင်းအား**
**ဤစာဖြင့်ကန်တော့ပါသည်။**



**အသားဖြူဝင်းပြီး မျက်လုံးမျက်ဖန်လှလှ ကိုယ်နေဟန်တင့်တယ်တဲ့ လူငယ်က မဟာဆွေဇာတ်လိုက်လေးများဖြစ်နေလေမလား။ သူ့နာမည်ရင်း ဘယ်သူပါလိမ့်။**

# ပြောင်းပြန်လှပ်

ခင်ဆွေဦး

(၁)

ကျွန်မ ပြီးခဲ့တဲ့လ အတွေးအမြင်တွင် နေသူရိန်ဆောင်းပါးတစ်စောင် ရေးခဲ့ရာ ယခုဆက်မရေးခင်လေးမှာ နေသူရိန်အကြောင်း ရေးစရာပေါ်လာလို့ စကားဦးအဖြစ် ရေးရတော့မယ်။ ခုနှစ်မမှတ်မိသော်လည်း ကျွန်မတွေ့ဆုံပွဲတစ်ခုမှာ လူငယ်တစ်ဦးနဲ့ အကြောင်းတိုက်ဆိုင်ပြီး တွေ့ကြပါတယ်။ ထိုလူငယ်က ကျွန်မဆီရောက်လာပြီး လေးစားကျိုးနွံစွာ. . .

"ကျွန်တော်ဆရာမရဲ့ စာဖတ်ပရိသတ်တစ်ဦးပါ။ ပြီးတော့ ဆရာကြီးမဟာဆွေရဲ့ စာတွေလည်း ရှာဖွေဖတ်ပါတယ်။ ဒါပေမဲ့ နေသူရိန်ဆိုတာ ဆရာကြီးမှန်း အစတုန်းက မသိခဲ့ပါ။ ဆရာမ အတွေးအမြင်ထဲမှာ ဆောင်းပါးရေးတော့မှ ဆရာကြီး မဟာဆွေမှန်း သိရပြီး ပိုလေးစားကြည်ညိုမိပါတယ်။ ဒါကြောင့် ကျွန်တော့်တို့ကျောင်းအဖွဲ့မှာ ဆောင်းပါးပြိုင်ပွဲဝင်တော့ "နေသူရိန်" ကလောင်နာမည်နဲ့ပြိုင်တာ။ ဆရာမကိုခွင့်မတောင်းမိတာ ခွင့်လွှတ်ပါ။ အဲဒီ နေသူရိန်ကလောင်နာမည်သုံးခွင့် ဆရာမမိခင်နဲ့ ဆရာမဆီ ခွင့်မတောင်းမိတာတော့ ခွင့်လွှတ်ဖို့ စာတောင်ရေးထားပြီ"

"မလိုပါဘူး။ ကျွန်မက ဝမ်းသာကျေးဇူးတင်မိသေးတယ်"

"နေသူရိန်ရဲ့ အရှိန်အဝါအင်မတန်ကြီးမားကြောင်း ကျွန်တော့်ဦးလေးနဲ့ သူငယ်ချင်းတွေပြောပြမှ သိရပါတယ်ခင်ဗျား။ ၁၉၄၅ ခုနှစ်စစ်ပြီးစ ဗိုလ်ချုပ်အောင်ဆန်းတို့



ညီလာခံမှာ နေသူရိန်အစည်းအဝေး၊ နောက်ရုပ်ရှင်ပြဇာတ်ရုံတွေနာမည်။ နေသူရိန်ဇာတ်ရုံ၊ ရုပ်ရှင်ရုံ။ လက်ဖက်ရည်ဆိုင်တွေ ဘာတွေကအစပေါ့ခင်ဗျား။ နေသူရိန်နာမည်တပ်ကြတာ"

သူက ကျွန်မကို နေသူရိန်သမီး မဟုတ်သလို စိတ်ပါဝင်စားစွာ ပြောပြနေသေးတယ်။

အသားဖြူဝင်းပြီး မျက်လုံးမျက်ဖန်လှလှ ကိုယ်နေဟန်တင့်တယ်တဲ့လူငယ်က မဟာဆွေဇာတ်လိုက်လေးများ ဖြစ်နေလေမလား။ သူ့နာမည်ရင်း ဘယ်သူပါလိမ့်။ သူလည်းကိစ္စတစ်ခုနဲ့ သွားစရာရှိသလို ကမန်းကတန်း နှုတ်ဆက်ထွက်ခွာသွားလေရဲ့။ သူ့ရဲ့နာမည်ရင်းကို မမေးခဲ့မိတာ ကျွန်မနောင်တရနေမိတယ်။ နောက်မှ ကောင်းပြီး သိခွင့်ရသည်မှာ မန္တလေးစာပေ ဟောပြောပွဲတစ်ခုတွင် လာပြီးနှုတ်ဆက်တယ်။ သူဟာ "V.E,C"က ကျောင်းအုပ် ကိုသူရအောင်ဆိုပါလား။ မန္တလေးမှာ နာမည်ကြီးဘော်ဒါဆောင်။ အသက် ၄၀ မှမပြည့်သေးသူ တစ်ယောက်ကို ကျွန်မကျောင်းသားတစ်ဦးပဲ ထင်ခဲ့မိတယ်။

ဒီတုန်းက ဆောင်းပါးပြိုင်ပွဲမှာ လူကြီးလူငယ် မရွေး ပြိုင်ခဲ့တဲ့ပွဲ။ တခြားကျောင်းဆရာကြီးတွေလည်း ပါသေးတယ်ထင်ပါရဲ့။ စာရေးဆရာတွေဖြစ်ကြတဲ့ ကျွန်မတို့အဖွဲ့ကို ဆရာဦးသူရအောင်က ကျွန်မတို့ကို V.E.C ကျောင်းမှာ စာပေတရားဟောဖို့ လာဖိတ်တယ်။ သည်တုန်း က (၁) ဘောဂဗေဒ ခင်မောင်ညို (၂) မန္တလေးမှ ဆရာ (ကို) ကျော်ရင်မြင့် (၃)အထက်တန်းပြဆရာ တဗျာဆရာ(ကို) ဝင်းဖေနှင့် (၄) ကျွန်မတို့ဖြစ်ပါတယ်။

V.E.C = Victory Educational Centre ခုအထူး အောင်မြင်တဲ့ အဆောက်အဦကျောင်းကြီးဖြစ်လာပါတယ်။ ကိုသူရအောင် လုပ်ရည်ကိုင်ရည်စီစဉ်မှုတွေ အလွန်ထောင့်စေ့ပါတယ်။ အရွယ်နှင့်မလိုက်အောင် စာပေဗဟုသုတ ဝမ်းစာပြည့်လှပါတယ်။ သူ့ကိုကူညီနေသူက မန္တလေးတက္ကသိုလ်မှ လက်ထောက်ကထိ က (ဓာတုဗေဒ) ဆရာမဒေါ်ဝင်းဝင်းမေဖြစ်ပါတယ်။ ကျောင်းဆရာအလုပ်မှ ထွက်ပြီး ကိုသူရအောင်ကို ကူညီဆဲ ကိုသူရအောင် အသက်ငယ်ငယ် နှလုံးရောဂါနှင့် ရုတ်တရက် ကွယ်လွန်

**ဗမာလူမျိုးနှင့် ကိုးကွယ်သော ဗုဒ္ဓဘာသာ ဗမာစာပေစသည်တို့ ကြီးမွား လိုသလားဟုမေးလျှင် ကြီးမွားလိုသည်ဟု ပြောကြလေသည်။ သို့ဖြစ်လျှင် ပြောင်းပြန်လှပ်ဟု ကျွန်ုပ်အကြံပေးလို၏။**

သွားရှာပါတယ်။ ကိုသူရအောင်မေးခဲ့တဲ့ မေးခွန်းတစ်ခုကို ကျွန်မ ဘယ်တော့မှ မမေ့နိုင်ခဲ့ပါ။

"ဆရာမ 'နေသူရိန် မကြောက်တရား'စာအုပ်မထုတ်ဖူးလား"

"ထုတ်တာပေါ့"

"ကျွန်တော်သိပ်ကြိုက်တာ။ဆရာမ အဲဒီအကြောင်းရေးပြီး ဒီစာအုပ်ကို စာကြည့်တိုက်တွေမှာ ကျွန်တော်လိုက်ရှာပြီး မိတ္တူကူးထားသေးတယ်။ ကျွန်တော့် စာအုပ်အဖြစ် သိပ်မြင်ချင်တာပဲ"

သူ မကွယ်လွန်မီက ပြောခဲ့တဲ့စကား။

ဝင်းဝင်းမေက ကားမောင်းပြီး ကျွန်မကိုသွားချင်တဲ့နေရာတိုင်း လိုက်ပို့ပေးပါတယ်။ ဆရာမသည်လည်း စာဖတ်များသူဖြစ်ပြီး ကျွန်မတို့နဲ့ တွေ့ဆုံခွင့်ရတာ အင်မတန်ဝမ်းသာနေရှာပါတယ်။

ကောင်းကင်မှာ မြူမှောင်ကင်းပြီး တိမ်တွေပြာပြာနှင့် နေခြည်လင်းတဲ့ နေ့တစ်နေ့ပေါ့။ ကိုသူရအောင်ရဲ့ အသားအရေဟာ ကြည်လင်ပြီး ဝါဝင်းနေပါတယ်။ စကားပြောရင် မျက်လုံးအရောင်တွေ စိတ်အားထက်သန်ပြီး တောက်ပနေပါတယ်။ ဒါဟာ ကိုသူရအောင်နဲ့ ကျွန်မနောက်ဆုံးတွေ့တာပါပဲ။

(၂)

ခု နေသူရိန်ရဲ့ စာအုပ်ထဲက ကျွန်မရေးမယ့် အကြောင်းအရာ ခေါင်းစဉ်ကတော့ နည်းနည်းထူးဆန်းတယ်။

"ပြောင်းပြန်လုပ်"တဲ့။

ဆောင်းပါးရဲ့အစမှာ

ဗမာလူမျိုးနှင့် ကိုးကွယ်သောဗုဒ္ဓဘာသာ ဗမာစာပေစသည်တို့ ကြီးပွားလိုသလားဟုမေးလျှင် ကြီးပွားလိုသည်ဟု ပြောကြလေသည်။ သို့ဖြစ်လျှင် ပြောင်းပြန်လုပ်ဟု ကျွန်ုပ်အကြံပေးလို၏။

ခွဲ့အုံ့။ ရှင်းအုံ့။ ထင်းထင်းကြီးပေါ်ကြစေသတည်း။ ပြောင်းပြန်လုပ်ဆိုရာ၌ ကျွန်ုပ်တို့နိုင်ငံ၏ ခုလက်ရှိအခြေအနေ အများ၏ သဘောထား ပြုမူပုံ အစခပ်သိမ်းတို့နှင့် ဒီလာဆန့်ကျင်၍ တမင် အရွဲ့တိုက်လုပ်ဟု ပြောလို၏။ အရွဲ့တိုက်နည်း၊ ဆန့်ကျင်နည်း၊ ပြောင်းပြန်လုပ်နည်းတို့မှာ သဘောချင်းမဝေးလှ။ ထိုသို့ ဆန့်ကျင်ဘက်ပြု၍ အမျိုးနှင့် ဘာသာ ကောင်းစားအောင် လုပ်ကိုင်ရာ၌ နည်းလမ်းတွေရှိပါသည်။

ဒီကိစ္စနှင့်ပတ်သက်ပြီး တရုတ်ပြည်ကို ဥပမာထားရေးသွားပါသည်။ တရုတ်ပြည်ဟာ ရှေးရိုးသမားတွေ အားကြီးတယ်။ မိဘ်ဘိုးဘွားအလောင်းအောက်က တိုင်းပြည်တစ်ပြည်လုံး ချမ်းသာနိုင်လောက်တဲ့ သတ္တုနယ်မြေဖြစ်စေပေမယ့် ဘိုးဘွားအလောင်းရွှေ့ဖယ်တူးဖော်လိုခြင်းမရှိ။ သည်လိုရှေးစရိုက်လူမျိုးတွေ များပြားတော့ ဒေါက်တာဆွန်ယက်ဆင်လို လူနည်းနည်းက အနုနည်း၊ အကြမ်းနည်း ပြောင်းပြန်လုပ်မနည်းကြီး ပြုပြင်ပြောင်းလွဲရသတဲ့။ အဲဒီတုန်းက နေသူရိန်က

ဤကဲ့သို့ ဒေါက်တာဆွန်ယက်ဆင် နှင့် အပေါင်းအသင်းတို့ ပြုပြင်ခဲ့သောကြောင့်



တရုတ်ပြည်တည်း ဟူသော လမုန့်ကြီးမှာ အနောက်နိုင်ငံသားတို့ ဖဲ့ဝေစားသောက်ခြင်း မခံရရုံတမယ်တည်ရှိခဲ့ရခြင်းဖြစ်ပေ၏။ သို့ရာတွင် ရှေးရိုးဘက်သို့ ဆွဲငယ်တုန့်ပြန်သော လူတစ်သိုက်ကို ပြောင်းပြန်လုပ်၊ သုတ်သင်ရှင်းလင်းရသော အချိန်ကြာမှုကြောင့် မန်ချူးကို လမုန့်တစ်ဖဲ့ ဂျပန်လက်သို့ အပ်လိုက်ရချေပြီ။

တိုင်းပြည်တစ်ပြည်မှာ ရှေးရိုးမလိုက်ဘဲ ခေတ်မီမီပြောင်းပြန်လုပ်ခြင်းဖြင့် ဘယ်လိုခေတ်မီတိုးတက်သာကြောင်း ဥပမာပေါင်းများစွာနဲ့ ရေးသားခဲ့ပါတယ်။ မြန်မာပြည်မှာလည်း ကုန်းဘောင်ခေတ် အိမ်ရှေ့ကိုယ်တော်ကြီး ယောအတွင်းဝန်တို့လို ပြောင်းပြန်လုပ်သမားတွေ ဘန်ခိုးကြီးပြဇာတိုက်ခဲ့လျှင် မြန်မာလည်း ထိုဘဝမျိုး ရောက်နိုင်။ နေသူရိန်က အရာရာစိတ်တိုင်းမကျလှဘဲ. . .

ကမ္ဘာမှာလိုက်၍ကြည့်လျှင် ပြောင်းပြန်မလုပ်သော တိုင်းပြည် ရှေးရိုးလိုက်သော တိုင်းပြည်များသည် သူ့ကျွန်သော်လည်း ဖြစ်ရာ၏။ သူ့ကျွန်မဖြစ်စေကာမူ လူရာမဝင်တော့ချေ။

ကျွန်မတို့ အရှေ့ဖျားနိုင်ငံသမိုင်းလေ့လာရာတွင် ဒေါက်တာဆွန်ယက်ဆင်တစ်ဦးတည်းနှင့်ပင် ပြောင်းပြန်ပြုမှုကြောင့် တိုးတက်ခဲ့တာအများကြီး ဥပမာ ကျစ်ဆံမြီးဆံပင်ရှည်ကြီးတဖားဖားနှင့် ရှေးဆန်ခဲ့တဲ့ တရုတ်အမျိုးသားတို့ ကျစ်ဆံမြီးဖြတ်ပစ်ခြင်းဖြင့် တိုင်းရေးပြည်ရေး လွတ်လွတ်လပ်လပ် အလုပ်လုပ်နိုင်ခဲ့တာ မဟုတ်လား။

**ကျွန်ုပ်မှာ လူများတိုင်း မှန်ကန်သည်ဟု အဘယ်အခါမျှ မယုံကြည်ချေ။ လူနည်းတိုင်းလည်း မှန်သည်မဆို။ လူယောင်ဝါးတွေ ပေါများသောခေတ်၌ လူများတိုင်း အဘယ်မှာမှန်အံ့နည်း။**

(၃)

ကျွန်ုပ်တို့ပြည်၌ ပြောင်းပြန်လုပ်ရမည့် အချက်အလက် အလွန့်အလွန်များပြား၍ နေပေသည်။ တိုင်းပြည်လူအချို့ ကိုယ်ကျိုးစီးပွားကို ရှာလျက် တိုင်းပြည်ကို တကယ်ချစ်ဟန်ဆောင်နေကြလေရာ ထိုလူမျိုးကို လူရာမသွင်းအောင် ပြုမူခြင်းဖြင့် ပြောင်းပြန်လုပ်သင့်လေသည်။

ဆောင်းပါးမှာ နေသူရိန်က ပွဲလမ်းတွေ အလှူတွေ အသုဘတွေ ပကာသနဖက်ပြီး ဇာချဲ့တဲ့ကိစ္စ၊

ဘာမဟုတ်တာနှင့် ဂုဏ်တုဂုဏ်ပြိုင်လုပ်တဲ့ကိစ္စစတဲ့ ပကာသနမှုကိစ္စတွေကို ကျဉ်းပစ်ရမယ် လူ အများလုပ်ကြတိုင်း မှန်သည်ပြောလို့မရ။

ကျွန်ုပ်မှာ လူများတိုင်းမှန်ကန်သည်ဟု အဘယ်အခါမျှ မယုံကြည်ချေ။ လူနည်းတိုင်းလည်း မှန်သည်မဆို။ လူယောင်ဝါးတွေပေါများသောခေတ်၌ လူများတိုင်း အဘယ်မှာ မှန်အံ့နည်း။ ထို့ကြောင့် တစ်ခါတစ်ခံ လူအများစု ဆုံးဖြတ်ချက်သည် မှားသည်ဖြစ်အံ့။ ထိုသူတို့နှင့် ပြောင်းပြန် လုပ်ရပေလိမ့်မည်။

စစ်မဖြစ်မီကာလ လက်တွေ့အားဖြင့် ရန်ကုန်မြို့ မီးထွန်းတဲ့ကိစ္စဖြစ်တယ်၊ မြန်မာအချင်းချင်း ဂုဏ်ပြိုင်အားကျလုပ်။ သတင်းစာတွေက မြှောက်ပေး။ အကျိုးခံစားခွင့်မှ ဖယောင်းတိုင်ကုမ္ပဏီ၊ ဓါတ်ဆီကုမ္ပဏီ၊ စက္ကူကုမ္ပဏီစတဲ့ လူမျိုးခြားများ (ကိုလိုနီခေတ်မှာ) ဖြစ်တယ်။ ဒီကိစ္စ ဒီလိုမချဲ့ပါနဲ့ မလုပ်ပါနဲ့။ မလုပ်ပါနဲ့။ ဆီမီးခွက်ကလေးနဲ့ ဘုရားအာရုံပြု ထွန်းညှိလျှင် ကုသိုလ်ရတာဘဲရယ်လို့ စိတ်သန်တဲ့လူတစ်စုကို သွားပြောရင် အဆဲသော်လည်းခံရမယ်။ အရိုက်သော်လည်း ခံရမယ်ရယ်လို့ ရယ်သွမ်းသွေးရေးခဲ့ပါသေးတယ်။

သူ့ကျွန်ဖြစ်ရတဲ့အထဲ ပျော်ပွဲရွှင်ပွဲ ပကာသနပွဲတွေနှင့် အချိန်ကုန် ငွေဖြုန်းခြင်း ပြုလုပ်နေခြင်းကား အထူး စဉ်းစားသင့်၏။ ကျွန်ုပ်၏ အစချီ စကားအတိုင်းဆိုသော် ထိုဝါဒ ထိုစိတ် ထိုဝါဒ ထိုအကျင့်မျိုးကို ပြောင်းပြန်လုပ်ရပေလိမ့်မည်။

ခေါင်းစဉ်နှင့်အကြောင်းအရာအရ ဝွဇီဝွကျ လူအများအမြင်နဲ့ မတူတာ ဖတ်ကြရတော့ ရုံဖန်ရံခါ ရိပ်ဖမ်းသံဖမ်း မဟာဆွေများဖြစ်မလား ဒွိဟဖြစ်သူထဲမှာ ဗိုလ်ချုပ်အောင်ဆန်း (ကျောင်းသားဘဝက မဟာဆွေအိမ့်ကို ကိုဗဟိန်းနှင့်အတူ အလည်ရောက်လာရင်း . . .

"ဆရာ နေသူရိန်ဆိုတာ ဆရာလား"

လို့ ဒဲ့ဒိုးကြီးမေးတဲ့အထိ ဖြစ်လာသတဲ့။ စာရေးဆရာ မဟာဆွေကလည်း ထိုသူငယ်ရဲ့ ရိုးသားဖြူစင်ပြီး ပွင့်လင်းတဲ့ မျက်နှာကို လှမ်းကြည့်ပြီး . . .

"အေး . . . ဟုတ်တယ်။ နေသူရိန်ဟာ ဦးဘဲ"

ဒီအကြောင်းအရာ ကျွန်မ မကြာမကြာ ရေးခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုနှင့် "နေသူရိန်" တိုင်းပြည် စာပေလောကမှ အပြီးအပိုင်ထွက်သွားလိမ့်မယ် မထင်ကြစေလိုပါ။ နေသူရိန့် အကြောင်းတွေရေးဖို့ ကံကောင်းစွာကျန်ပါသေးတယ်။ စာဖတ်သူတွေ တစ်ဆင့်စကား ကြားခွင့်ရတဲ့ မြန်မာပြည်သူတွေ နေသူရိန်ရဲ့ဝါဒအကြောင်း အမှန်တရား ဆိုတဲ့ "အလံ"ကို ကိုင်ဆောင်နိုင်ကြပါစေ ဆန္ဒပြုပါတယ်။

ခင်ဆွေဦး

ဒေါက်တာခင်မောင်ဝင်း (ဒဿနဗေဒ)
အနောက်တိုင်းဒဿနဗေဒကို မြန်မာ့မျက်စိဖြင့်ကြည့်ခြင်း
အတွဲ ၁ နှင့် ၂ ထွက်နေပါပြီ
(၄၀၁၁၅၅၁၀၀၇+ ၄၀၀၄၅၉၀၄၈)
ဒေါင်းစာပေ၊ ၁၁၃/ ၃၃လမ်း(အလယ်)၊ ကျောက်တံတား၊ ရန်ကုန်၊ ဖုန်း-၃၇၃၂၁၀



# ဦးဆွေတင်၏ပညာရေး

## Early Education of U Swe Tin D.S.C

ဦးသက်ထွန်း(အငြိမ်းစားသံအမတ်ကြီး)

(၉၃နှစ်ရွယ် ဦးဆွေတင်၏ ပညာရေးဖြစ်စဉ်ကို ၈၃နှစ်ရွယ် ဦးသက်ထွန်း မြန်မာမှုပြုသည်။ ဦးဆွေတင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားချက်ကို မြန်မာပြန်ဆိုခြင်း ဖြစ်ပါသည်။)

ကျွန်တော်၏အဘိုး ဝတ်လုံတော်ရဦးကျော်သည် စာမေးပွဲကို ပထမနေရာမှ အောင်မြင်သဖြင့် မိဖုရားကြီးက နားပန်တော်ကို တစ်နှစ်ဝတ်စေ၍ မင်းတုန်းမင်းကြီးက သားတော်များနှင့်အတူ ပထမဆုံးသုတ် ပညာသင်အဖြစ် အင်္ဂလန်နိုင်ငံ အောက်စဖို့တက္ကသိုလ်သို့ စေလွှတ်လေသည်။ ဦးကျော်၏ ညီအစ်ကိုဝမ်းကွဲ ဦးအုန်းသည်လည်း ဥပဒေပညာ အတူ သင်၍ ညီအစ်ကိုနှစ်ယောက် မြန်မာလူမျိုးထဲမှ ပထမဆုံးသော ဝတ်လုံတော်ရနှစ်ဦး ဖြစ်လာကြသည်။ သို့သော် မင်းတုန်းမင်းက ၎င်းတို့နှစ်ဦး တစ်သဘောထဲ မပြန်ရဟု မိန့်တော်မူထားသဖြင့် ဗြိတိသျှစစ်တပ်က ရွှေတိဂုံကုန်းတော်ကိုသိမ်းပိုက်ပြီးချိန်မှ ဦးအုန်းက နေပြည်တော်ပြန်ရောက်၏။ ဦးကျော် ပြည်တော်ပြန်သည့်အချိန်တွင်

ဗြိတိသျှတို့က အောက်မြန်မာပြည်ကို သိမ်းပြီးသော်ငြားလည်း ပဲခူး၌မင်းတုန်းမင်း၏ အဝယ်တော်အဖြစ် ဆောင်ရွက်နေသော ဖခင်ကြီးမဟာသီရိဇေယျာဂသာရ သူဌေးကြီး ဦးဖဲထံ သွားရောက်ခဲ့ပါသည်။

အဘိုးဦးကျော်အကြောင်း ဦးစွာ ပြောရခြင်းမှာ ကျွန်တော်၏ဘဝရေစီးကြောင်းကို ပြောင်းလဲစေမည့် ဆုံးဖြတ်ချက်ကို ၁၉၃၆ ခုတွင် ၎င်းက ချမှတ်သောကြောင့် ဖြစ်ပါသည်။ ယင်းမတိုင်မီက ကျွန်တော့်ဖခင် လက်အောက် ပညာရေးဖြစ်စဉ်ကို ဖော်ပြပါမည်။ ရန်ကုန်၌ အိမ်မရှိဘဲ နယ်လှည့်နေသည့် ဖခင်ကြီးနှင့် သရက်မြို့၊ မုံရွာ၊ သထုံ စသည့်နေရာတို့တွင် လူငယ်ဘဝကိုစခဲ့၏။ မုံရွာဘုန်းကြီးကျောင်း၌ ကကြီးခခွေးနှင့် ၁၂လီ၊ ၁၆လီတို့ကို သင်ကြားခဲ့၏။ ဆရာတော်မှာ "ဦးပဥ္စင်းဦးဘ" ဟုခေါ်၍ ပါဠိနာမည်ရှည် မရှိပါ။ အသက်၉နှစ်တွင် ဖျာပုံအေဘီအမ်ကျောင်းသို့ ဝင်ခဲ့ပါသည်။ မအူပင်အစရှိသည့် ခြင်ပေါသည့် ဧရာဝတီမြစ်ဝှမ်းသို့ လှည့်လည်ခဲ့ပါသည်။ သထုံ၌ ဖခင်ကြီးရရှိသည့် နယ်လှည့်မော်တော်ယာဉ်၏ စက်ခေါင်းတွင် ကလေးဘဝ စိတ်ဝင်စားခဲ့ပါသည်။ ကျွန်တော် ၁၀နှစ်သားအရွယ် မိခင်ဒေါ်ခင်ခင်ကြီးက သူနှင့်နာမည်တူအစ်မဝမ်းကွဲ သထုံစက်ရှင်မင်းကြီးကတော်နေရာ ပေ-၅၀၀၀မြင့် သပိတ်တောင်နောက်သို့ စေလွှတ်၍ ဘုရားဖာတ်တော် နည်းနည်းမျှခိုင်းပါသည်။ ၎င်းက ကျွန်တော် အသင့်ဆောင်လာသည့် ဖန်ပုလင်းကို ဘုရားစင်ပေါ်တင်ခိုင်းပါသည်။ ထို့နောက် ကြီးတော်ဒေါ်ခင်ခင်ကြီးသည် ဘုရားစင်ရှေ့တွင် ဝပ်တွားလျက် ပရိတ်များ ရွတ်ဖတ်ပြီး ကြေးစည်သုံးကြိမ်တီးပါသည်။ ထို့နောက် ကျွန်တော် ဘုရားစင်ပေါ်

**ကျောင်းစာကြည့်တိုက်၌ရှိသော ပထမကမ္ဘာစစ်ကြီးကာလ အကောင်းဆုံးအင်္ဂလိပ်ရုပ်ပါ သတင်းစာမဂ္ဂဇင်းများကို ကောင်းစွာဖတ်ရှု၍ ခေတ်သစ်အင်ဂျင်နီယာနည်းနိသျှများနှင့် ၎င်းတို့၏ အလားအလာကို စိတ်ဝင်စားခဲ့ပါသည်။**

တင်ထားသည့် ဖန်ပုလင်းကို သေသေချာချာကြည့်ခိုင်းပါသည်။ ပုလင်းထဲ၌ ပန်းရောင်အပွင့်ကလေးများ စီတန်းနေသည်ကို တအံ့တသြမြင်ရပါသည်။

"ကဲ . . . တူမောင်။ မင်းမိခင် ရထိုက်တာကို တရိုတသေ ယူသွားပေတော့"

နောက်တစ်ခါ ထူးဆန်းအံ့သြဖွယ်ရာ တွေ့မြင်ရသည်မှာ မိဘနှစ်ပါးနှင့်အတူ ရွှေတိဂုံစေတီရင်ပြင်တော်ပေါ် နွေရာသီတစ်ည သွားရောက်စဉ်ကဖြစ်၏။ ဧ-နာရီခန့် အရှေ့မြောက်ထောင့်ရှိ နောင်တော်ကြီးဘုရားအနီး၌ ရပ်နေစဉ် လူတစ်ယောက်က

"ကြည့်စမ်း . . . ကြည့်စမ်း"

ဟု အော်သဖြင့် မော့ကြည့်လိုက်ရာ ရွှေတိဂုံစေတီရွှေထီးတော်မှ လိမ္မော်နီရောင်အလုံးတစ်လုံးသည် နောင်တော်ကြီးဘုရားဘက်သို့ ဖြေးညင်းစွာရွေ့လျားလာပြီး ပြန်လှည့်သွားပြီး မင်းတုန်းမင်းတင်သော ရွှေထီးတော်အောက်တွင် ပျောက်ကွယ်သွားပါသည်။

ဖခင်ကြီး ဟံသာဝတီခရိုင် သမဝါယ



လုပ်ငန်းများ တာဝန်ကျတော့မှ ကျွန်တော်တို့မောင်နှမများ ရန်ကုန်၌အခြေစိုက်နိုင်ပါတော့သည်။ ဟံသာဝတီခရိုင်ကြေးတိုင် အစီရင်ခံစာတင်သွင်းပြီးနောက် ဖခင်ကြီးအား သမဝါယမမင်းကြီးရာထူးနှင့်အတူ တစ်ချိန်တည်းမှာပင် Administrator of Government Estates အဖြစ် ခန့်အပ်ပါသည်။ ဖခင်ကြီးသည် သူတက်ရောက်ခဲ့သည့် စိန့်ပေါကျောင်းသို့ ကျွန်တော့်အား ကျောင်းအိပ်ကျောင်းသားအဖြစ် ပို့ပါသည်။ ကျောင်းစာကြည့်တိုက်၌ရှိသော ပထမကမ္ဘာစစ်ကြီးကာလ အကောင်းဆုံးအင်္ဂလိပ်ရုပ်ပါ သတင်းစာမဂ္ဂဇင်းများကို ကောင်းစွာဖတ်ရှု၍ ခေတ်သစ်အင်ဂျင်နီယာနည်းနိသျှများနှင့် ၎င်းတို့၏ အလားအလာကို စိတ်ဝင်စားခဲ့ပါသည်။ ကျွန်တော့်အဆင့်မြင့်စာတော်အတန်းဆရာများမှာ (မြန်မာစာမှလွဲ၍) အားလုံးအဝတ်နက်ဝတ် ယေရှုဘရာသားများ ဖြစ်ကြပါသည်။ စိန့်ပေါကျောင်း ၅-တန်းကို အောင်ပြီးနောက်၊ Diocesan Methodist English Boys High School ဒိုင်အိုစီဇင်အင်္ဂလိပ်ခရစ်ယာန်ယောကျ်ားကလေးကျောင်းသို့ ပြောင်းရွှေ့၊ ၂-နှစ်ခန့် (ပထမကျောင်းအိပ်ကျောင်းသား၊ နောက်ပိုင်းတွင် အိမ်ပြန်ကျောင်းသားအဖြစ် သင်ကြား၍ ၇-တန်းစာမေးပွဲကို ဖြေဆိုအောင်မြင်ပါသည်။



တနင်္ဂနွေနေ့နံနက်တိုင်း မိန်းကလေးကျောင်းသူကလေးများ ဖြတ်သန်းသွားသည်ကို ကျောင်းသားများက သဘောကျကြပါသည်။

ကျောင်းစာပြင်ပတွင် ကျွန်တော်၏ ဝါသနာတို့မှာ လက်သမားအလုပ်နှင့် ရေဒီယို၊ အသံချဲ့စက်နှင့် ဒီလက်ထရွန်နစ်ဖြစ်ပါသည်။ စာဖတ်ဝါသနာလည်းပါ၍ Halpin လမ်းအိမ်သို့ တအုပ်ရောင်းသမားက လစဉ် Sexton Blake နှင့် Sherlock Holmes စုံထောက်ဝတ္ထုများ၊ Wide World, Popular Mechanics, Popular Science မဂ္ဂဇင်းတို့ကို လာရောက် ပို့ပါသည်။

ထို့နောက် ဆွေမျိုးထဲမှ မြန်မာဆရာများ၏ အားပေးချက်ဖြင့် နောက်တစ်နှစ်တွင် Anglo Vernacular Government High School Matriculation Examination အစိုးရအထက်တန်းကျောင်း စာမေးပွဲကို ဝင်ရောက်ဖြေဆိုဝံ့ခဲ့ပါသည်။ ကံအားလျော်စွာ အောင်မြင်ပြီး ၁၉၃၅-ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဥပစာပထမနှစ်သို့ဝင်ရောက် သိပ္ပံဘာသာတွဲကို သင်ကြားခဲ့ပါသည်။ ၁၉၃၆ ကျောင်းသားသပိတ်ကြောင့် ဥပစာအထက်တန်း စာမေးပွဲကို မဖြေဆိုနိုင်ခဲ့ပါ။ ဤသည်တွင် ဖိုးဖိုးဦးကျော်က . . .

"ငါ့မြေး . . . ပညာရေးကို ဒီမှာမရနိုင်ရင် တခြားမှာ ရှာပေတော့၊ ကဲ အဘိုးမှာရှိတဲ့ ဒီငွေနဲ့ ပထမနှစ်အတွက်တော့ လောက်ပါလိမ့်မယ်"

ဟုဆိုကာ နယူးဒေလီရှိ Air Training Centre of India သို့ စေလွှတ်လိုက်လေသည်။

ဦးသတ်ထွန်း



# ဆုတောင်း

**ဦးစန္ဒိမ(စလင်း)**

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးကတော့ မဟာဗုဒ္ဓဝင်ကျမ်းကြီး ရေးသားပြီး ကျမ်းပြီးနိဂုံးတွင် 'ပုဒိအာ'နှင့် ပြည့်စုံရပါလို၏ဟု ဆုတောင်းထားသည်။ ပု-ပုဗ္ဗေနိဝါသဉာဏ်၊ ဒိ-ဒိဗ္ဗစက္ခုဉာဏ်၊ အာ- အာသဝက္ခယဉာဏ်ဖြစ်ပြီး ဘုရားဆုပန်ဟု နားလည်ရပါသည်။ ဆုကြီးပန်နှင့် ပတ်သက်ပြီး ကြားရဖူးပြန်ပါသည်။

မုံရွာနယ်သစ်ချိုလိန်လှအရပ်နားက ဆရာတော်ကြီးတစ်ပါးကလည်း ဘုရားဆုပန်ထားသူ ဖြစ်သည်။ ဘုရားဝတ်ပြုပြီးတိုင်း သူဘုရားဆုပန်ထားကြောင်းပြောပြီး တပည့်တွေကို သာဓုခေါ်ခိုင်းလေ့ရှိပါသည်။ တပည့်တွေကို ဘာဆုပန်ကြသလဲ ဟု မကြာခဏမေး၍ တပည့်တွေက ဆရာတော်စိတ်ချမ်းသာအောင် တချို့က လက်ဝဲရံဆု လက်ယာရံဆုပန်ကြကြောင်းလျှောက်ထားကြရာ ဆရာတော်က သာဓုခေါ်သလို ကျွန်တပည့်တွေကိုလည်း သာဓုခေါ်စေပါသည်။ ဒီကျောင်းကို နောက်မှရောက်လာသည့် တောထွက် ကိုယ်တော်ကြီးကတော့ ဆရာတော်ကြီးအမေးကို တော်တော်နှင့်မဖြေပါဘူး။

"တပည့်တော်ပန်တဲ့ဆုကို မဖြေပါရစေနဲ့ဘုရား"

ဟု ငြင်းဆန်လေသည်။ နောက်ဆုံး ဆရာတော်က . . .

"မဟုတ်တယုတ် ဆုတွေတောင်းထားလို့လား။ ကောင်းတဲ့ဆုပန်ရင် အများသာဓုခေါ်ရအောင် ပြောစမ်းပါ ကိုယ်တော်"

"မှန်ပါ . . . အမှန်အတိုင်းလျှောက်ရရင် တပည့်တော်ကတော့ ဘုရားရဲ့အဖေ သုဒ္ဓေါဒနဆုကို ဆုတောင်းထားပါတယ်ဘုရား"



ထိုနေ့မှစ၍ ဆရာတော်သည် ညတိုင်းပြုနေကျ ဆုကြီးပန်သာဓုခေါ်ပွဲကြီး မလုပ်ဖြစ်တော့ပါ။ ၅-နှစ်လောက်ရှိတော့

"ငါ ဘာဆုကြီးပန်မှ မဟုတ်တော့ဘူး။ ခုဘဝမှာပဲ မဂ်ဖိုလ်ရအောင် ကြိုးစားအားထုတ်တော့မယ်"

ဟု ဆရာတော်က အမိန့်ရှိပြီး တောရဆောက်တည်တရားအားထုတ်သွားလေသည်။ လေင်းသားတောင်ဖီလာဆရာတော်ဘုရားကြီး ဆုတောင်းကလည်း စိတ်ဝင်စားစရာကောင်းပါသည်။ ဟိမဝန္တာဂန္ဓမာဒနတောင် မဇ္ဈူသကနတ်ပန်းပင်ကြီးမှာ ရက္ခစိုးဘဝနှင့် ဆေတီယဂ်ဇာဝတ် ဇောဓိယဂ်ဇာဝတ်ပြုပြီး မင်းကောင်း၊ မင်းမြတ်များနှင့် လက်တွဲကာ သာသနာပြုရပါလို၏။ အရိမေတ္တေယျ မြတ်စွာဘုရားကို ဖူးတွေ့ပြီး ဘုရားဆုပန် ဗျာဒိတ်ခံရပါလို၏ဟု ဆုတောင်းပါသည်။

လယ်တီဆရာတော်ဘုရားကြီးသည်လည်း နေ့ခုနစ်နေ့ ဗုဒ္ဓဝင်ဘုရားရှိခိုး ကဗျာလင်္ကာကိုရေးသားပြီး နိဂုံးတွင် ဆုတောင်းကဗျာလင်္ကာ ခုနစ်ပုဒ်ရေးသားစီရင်သည်တွင် ဆရာတော် အာသီသဆန္ဒကို ဤသို့မြင်တွေ့ရပါသည်။

"အဆုံးဘဝ၊ တိုင်ပြန်ကလည်း၊ ပညာအရာ၊ ဘိမ္မာနှင့်၊ ကြေညာကျော်ကြားသူအများကို၊ တရားစည်ကြီး၊ မြိမ့်မြိမ့်တီး၍၊ မီးဆယ့်တစ်တန်၊ ငြိမ်းရာမှန်သည်၊ နိဗ္ဗာန်အောင်မြို့ ရောက်စေသောဝ်။

အသိလိမ္မာ၊ ဉာဏ်ပညာနှင့်၊ သဒ္ဓါသီလ၊ သုတပြည့်ဖြိုး၊ ဂုဏ်တန်ခိုးလည်း၊ အမြဲ့လေးဘော်၊ သီတင်းကျော်လျက်၊ လက်နှင့်မကွာ၊ ရှစ်ဖြာဥပုသ်၊ မယုတ်ကြိုးစား ဆောပါးပြဟ္မစိုရ်၊ ရွှန်းရွှန်းစိုသည်၊ ကုသိုလ်ကိုယ်လုံး ထုံစေသောဝ်"

လယ်တီဆရာတော်ကြီး၏ ဆုတောင်းကို အကျဉ်းချုံးကြည့်လျှင် ပညာအရာမှာ အာလွန်သိမြင်ဖို့ လူအများကို အမှောင်ခွင်းပြီး အလင်းဆောင်နိုင်ဖို့ အလှူရေစက်အတ်နှင့်မကွာလှူနိုင်ဖို့ ၈ ပါးသီလနှင့် ဗြဟ္မစိုရ်တရား စောင့်ထိန်းမြဲမြံဖို့စသည့် သူတော်ကောင်းတရားတွေချည်းသာ တွေ့ရပါသည်။ ကုသိုလ်ကိုယ်လုံး ထုံစေသောဝ်ဆိုသည့် အချိုဒ်ကလေးက အထိမိဆုံး အလှပဆုံး ဖြစ်ပါသည်။

ရွှေဂူကြီးဘုရားကျောက်စာတွင် အလောင်းစည်သူမင်းကြီး ဆုတောင်းကလည်း စာရေးသူအား လင်းလက်စွတ်စိုစေပါသည်။

"အလောင်းစည်သူမင်းကြီးဆုတောင်း"

"အကျွန်ုပ်သည် ဤကောင်းမှုကုသိုလ်ကံ၏ အကျိုးကြောင့် ပြန့်ပြောလှစွာသော သံသရာပြည်ကိုလည်းကောင်း၊ နဂါးပြည် ဂဠုန်ပြည်ကိုလည်းကောင်း၊ နတ်ဗြဟ္မာ၊ အသူရာ၊ ဘဝနတ်အဖြစ်ကိုလည်းကောင်း၊ တန်ခိုးကြွယ်ပါဒ်အလုံးစုံတို့ဖြင့်ပြီးသော လူမင်းအဖြစ်ကိုလည်းကောင်း မတောင့်တလိုပါ။ သံသရာရေအလျှင်ကို ဖြတ်လျှောက် တံတားခင်းပြီးလျှင် သံသရာဝဲဩဃထဲ၌ နစ်မြုပ်နေကြသော သတ္တဝါအပေါင်းတို့အား ကယ်ဆယ်ပြီးလျှင် လူအပေါင်းတို့အား မြတ်လှစွာသော နိဗ္ဗာန်ရွှေပြည်သို့ ရောက်စေအံ့။ အကျွန်ုပ်သည် သံသရာမှ ကူးမြောက်ပြီးလျှင် သံသရာရေလျဉ်ကြောဖြ မျောနေကြသော လူအပေါင်းတို့အားလည်း ကူးမြောက်စေအံ့၊ မယဉ်ကျေးသောသတ္တဝါတို့ကို ယဉ်ကျေးအောင်ဆုံးမအံ့။

အပရာဇိတရွှေပလ္လင်၊ ဗောဓိပင်ရင်း၌ အကျွန်ုပ်သည် သစ္စာလေးပါးတရားကို သိမြင်သော ဘုရားရှင် ဖြစ်လတ္တံ့။

အဝိဇ္ဇာလွှမ်းမိုးပြီး အိပ်ပျော်နေသော သတ္တဝါအပေါင်းတို့အား နိုးကြားစေ၍ သစ္စာလေးပါးကို သိမြင်စေအံ့။ ရာဂမီးတောက်လောင်နေစဉ် ငြိမ်းအေးသွားပြီးလျှင် အနှောင်အဖွဲ့မှ လွတ်မြောက်လတ္တံ့။ သတ္တဝါအပေါင်းတို့အားလည်း ငြိမ်းအေးစေအံ့၊ မူလဘူတ အကြောင်းရင်းဖြစ်သည့် ဖြစ်ဆဲ ဖြစ်လတ္တံ့သော လောဘ၊ ဒေါသ၊ မောဟတရားတို့သည် လည်းကောင်း အကျွန်ုပ်အား အခါခပ်သိမ်း ကုန်ခန်းချုပ်ငြိမ်းပါစေသတည်း" အလောင်းစည်သူမင်းဆုတောင်းနှင့် အသောကမင်းကြီးဆုတောင်း ဆင်တူနေသည်ကို တွေ့ရသည်၊

"အသောကမင်းကြီးဆုတောင်း"

တပည့်တော်သည် မိမိအစိုးရသည့် မြေပြင်အားလုံးကို သံဃာတော်အရှင်မြတ်များအား လှူဒါန်းပါသည် အရှင်ဘုရား၊ ဤသို့ လှူဒါန်းရသော ကုသိုလ်ကောင်းမှုကြောင့် တပည့်တော်သည် နတ်ပြည်သို့လည်း မရောက်လိုပါ၊ ဗြဟ္မာပြည်သို့လည်း မရောက်လိုပါ။ မင်းစည်းစိမ်ကိုလည်း မခံစားလိုပါ။ မင်းစည်းစိမ်ဟူသည်မှာ ရေပွက်ပမာ တစ်ခဏမျှသာ ခံစားရပါသည်။ ဤ ကုသိုလ်ကောင်းမှုကြောင့် တပည့်တော်ရလိုသည့်ဆုမှာ အရိယာသံဃာတော်များ တန်ဖိုးထားကြသည့် မိမိစိတ် မိမိထိန်းချုပ်နိုင်ရေးပင် ဖြစ်ပါသည်ဘုရား။ ယင်းဥစ္စာရတနာသည် မည်သည့်အခါမျှ ဖောက်ပြန်မှုမရှိသည့် ဥစ္စာရတနာ ဖြစ်ပါသည်။"

ပုဂံအမတ်ကြီး သိယ်သူဆုတောင်းတွင်လည်း အကျဉ်းအားဖြင့် ဤနည်းအတိုင်း တွေ့ရပါသည်။

"သိယ်သူ ဆုတောင်း"

လောဘကို တော်လှန်ရပါလို၏။

ဒေါသကို တော်လှန်ရပါလို၏။

မောဟကို တော်လှန်ရပါလို၏။

၅၅၀-ဇာတ် အဘိတ္တိရသေ့ ဆုတောင်းကလည်း စိတ်ဝင်စားစရာပါ။

"အဘိတ္တိရသေ့ဆုတောင်း"

လောဘမဖြစ်ပါစေသတည်း၊ ဒေါသမဖြစ်ပါစေသတည်း၊ မောဟမဖြစ်ပါစေသတည်း၊ လူမိုက်ကို မမြင်ရပါစေသတည်း၊ မကြားရပါစေသတည်း၊ မပေါင်းဖော်ရပါစေသတည်း၊ စကားမပြောရပါစေသတည်း၊ ပညာရှိကို မြင်ရပါစေသတည်း။ ကြားရပါစေသတည်း၊ ပေါင်းဖော်ရပါစေသတည်း၊ စကားပြောရပါစေသတည်း၊ လှူဖွယ်ဝတ္ထုတို့ မကုန်ပါစေသတည်း၊ လှူပြီးနောက် နောင်တရသည် မဖြစ်ပါစေသတည်း၊

ယင်းဆုတောင်းများထဲမှ မိမိစိတ်ထဲ အစွဲမြဲဆုံးမှာ အသောကမင်းကြီး၏ မိမိစိတ် မိမိ ထိန်းချုပ်နိုင်ရေးနှင့် ယင်းဥစ္စာရတနာသည် မည်သည့်အခါမျှ ဖောက်ပြန်မှုမရှိသည့် ဥစ္စာရတနာဖြစ်ပါသည်ဆိုသည့် အချက်ဖြစ်သည်။ စိတ်ဆိုတာ ထိန်းချုပ်ရခက်သော အရာပင် မဟုတ်ပါလား။ အကုသိုလ်စိတ်တွေ ထိန်းချုပ်ပြီး ကုသိုလ်စိတ်တွေ ဝေဆာပြ[illegible] ပြောနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါရစေ။

ဦးစန္ဒိမ(စလင်း)

အတွေးအမြင်
၂၅နှစ် ပြည့် အထူးထုတ်

# ဘာသာတရားဆိုံမှတ်နှင့် ယဉ်ကျေးမှုစံများ

**ငြိမ်းချမ်းစိုး**

သတင်းစာမှာ ဓမ္မရိပ်မဂ္ဂဇင်းရဲ့ ကြော်ငြာကို ဖတ်ကြည့်တဲ့အခါ ရှင်ဥပဂုတ္တမထေရ်အကြောင်း ပါလာပါတယ်။ ဘယ်နှယ့် ဓမ္မရိပ်လိုမဂ္ဂဇင်းမျိုးမှာ ဒီလို ဆောင်းပါး ပါလာပါလိမ့်ဆိုပြီး အံ့သြနေမိတယ်။ မောင်လွင်ရည်(ဝိဇ္ဇာ၊သိပ္ပံ)ရေးသားတဲ့ 'ရှင်ဥပဂုတ္တမထေရ်' အကြောင်းကို သုတေသန ခေါင်းစဉ်အောက်မှာ ဖတ်ရတယ်။ သုတေသနဆိုတဲ့အတိုင်း မောင်လွင်ရည်ဟာ ပြည့်ပြည့်စုံစုံရေးသားခဲ့ပါတယ်။ ဒါပေမဲ့ သုတေသနစာတမ်းကိုရေးတဲ့အခါ အယူအဆသစ် ပြောလာသည့်တိုင်အောင် ကျမ်းကိုးတွေကို မဖြစ်မနေ ထည့်ပေးရပါတယ်။ အခုဆောင်းပါးရှင် မောင်လွင်ရည်အနေနဲ့ တစ်အုပ်မှ ဖော်ပြမထားပါဘူး။ ဒါဟာ အစကတည်းက မပါတာလား။ အယ်ဒီတာက ဖြုတ်ချတာလား ဆိုတာကို မတွေးတတ်ဘူး။

ကျွန်တော့်အနေနဲ့ အခုလို မောင်လွင်ရည်ရဲ့ ဆောင်းပါးလို ရှင်ဥပဂုတ္တမထေရ် အကြောင်းကို တစ်ခါမှ ပြည့်ပြည့်စုံစုံ မဖတ်ဖူးပါဘူး။ ငယ်ငယ်က ကျိုက်သဲလေးထပ် ဆရာတော်ကြီးရဲ့ ဇိနတ္ထပကာသနီကျမ်းကို ဖတ်ရစဉ်က ဒီလောက် မစုံပါဘူး။ ပြီးတော့ ဒေါက်တာထင်အောင် ရေးသားတဲ့ 'Folk Elements in Burme - se Buddhism' စာအုပ်မှာလည်း နည်းနည်းပါပဲ။

ဆောင်းပါးရှင်က'ထေရဝါဒ ဂိုဏ်း၏ ပါဠိစာပေဖြင့် ပြုစုထားသော အဋ္ဌကထာ ကျမ်းအချို့နှင့် လောကပညတ္တိခေါ် ကျမ်းအရ ရှင်ဥပဂုတ္တသည် အသောကမင်း လက်ထက်(ခရစ်ကြိုနှစ်သုံးရာစု)တွင် ပေါ် ပေါက်ခဲ့သော ဗုဒ္ဓဘာသာမထေရ်တစ်ပါး ဖြစ်၍ ယခုတိုင်အောင် တောင်သမုဒ္ဒရာ အတွင်း ကြေးပြဿဒ်နှင့် သီတင်းသုံးနေ ဆဲဖြစ်၍'ရှင်လေးပါး' အပါအဝင် ရဟန္တာ တစ်ဆူအဖြစ် ကိုးကွယ်ဆည်းကပ်ကြဆဲ ဖြစ်သည်' ဟူ၍ ဖော်ပြထားပါသည်။

ဗုဒ္ဓဝင်ကို ကျွန်တော်တို့ ပြန်ကြည့် ပါ့မယ်။ ဘီစီခြောက်ရာစုမှာ ပေါ်ခဲ့တဲ့ ဂေါတမ ဗုဒ္ဓဟာ လေးဆယ့်ငါးနှစ်လုံးလုံး တရားဓမ္မ ကို သင်ကြားခဲ့ပါတယ်။ အကျဉ်းချုပ်က သီလ၊ သမာဓိ၊ ပညာ။ ဒီသိက္ခာသုံးပါးကို ဖြည့်ကျင့်ဖို့က မဂ္ဂင်ရှစ်ပါးပါ။ ဒါကြောင့် မဟာပရိနိဗ္ဗာန သုတ်မှာ မြတ်ဗုဒ္ဓက 'သုဘဒ္ဒ-ဤငါဘုရား၏ သာသနာ၌ အင်္ဂါရှစ် ပါးရှိသော အရိယမဂ်လည်း ရှိ၏။ ဤသာ သနာ၌သာလျှင် သောတာပန်၊သကဒါ ဂါမ်၊ အနာဂါမ်နှင့် ရဟန္တာများရှိ၏။ တပါး သော အယူဝါဒတို့သည် တရားကိုသိမြင် သော ရဟန်းမြတ်တို့မှ ဆိတ်သုဉ်းကုန်၏။ ဤရဟန်းမြတ်တို့ ကောင်းမွန်စွာနေကြ ပါမူ လောကသည် ရဟန္တာတို့မှ မဆိတ် သုဉ်းသည်သာ ဖြစ်လေရာ၏'ဟူ၍ ပြောကြားခဲ့ပါတယ်။

မြတ်ဗုဒ္ဓက သူရဲ့ဓမ္မကို သူ့ခေတ်က လူအများစု နားလည်နိုင်မယ့် ဘာသာစကား နဲ့ ဟောကြားခဲ့ပါတယ်။ အနီးစပ်ဆုံး ပါဠိ စကားပါ။ ဒါကြောင့်ပါဠိလို ရေးထားတိုင်း ထေရဝါဒလို့ ပြောမယ်ဆိုရင် အကုန်ရှုပ် ကုန်မှာပါ။ လေ့လာသင်ကြားရတဲ့ ကျမ်း နှစ်ကျမ်းက မိလိန္ဒပဉှာကျမ်းနဲ့ ကထာဝတ္ထု ကျမ်းတွေပါ။

မိလိန္ဒပဉှာကျမ်းကို အများသိပြီးသား ပါ။ ဒါပေမဲ့ ကထာဝတ္ထုကျမ်းကို ဗုဒ္ဓမြတ် စွာ ကိုယ်တိုင် အကျဉ်းဟောတော်မူခဲ့ပါ တယ်။ ခက်လွန်းလို့ အကျယ်ဟောကြားပို့ တောင်းပန်မယ့်သူ မရှိခဲ့ပါဘူး။ အသော ကခေတ် တတိယသံဂါယနာပွဲမှာ ခေါင်း ဆောင် ရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်က မြတ်စွာဘုရား ဟောကြား တော်မူတဲ့ မာတိကာ အစဉ်အတိုင်း သက ဝါဒီမှာ သုတ်ပေါင်း ၅၀၀၊ ပရဝါဒီမှာ ၅၀၀ စုစုပေါင်း တစ်ထောင်တို့နဲ့ တန်ဆာဆင် ကာ အကျယ်ဟောကြားခဲ့ပါတယ်။

ဒါပေမဲ့'ပေဋကောပဒေသ' ကျမ်းကို ဆဋ္ဌသံဂါယနာပွဲမှာ ကျေးဇူးတော်ရှင် တိ ပိဋကဓရ မင်းကွန်းဆရာတော်ကြီးက သ ဘောမတူတဲ့အတွက် စာအုပ်အဖြစ် ထွက် လာတော့လည်း အဖွင့်နိဒါန်းရေးမပေးခဲ့ ပါဘူး။

ဒါကြောင့် ပါဠိဘာသာနဲ့ ရေးတိုင်း ထေရဝါဒ ရဲ့မူပိုင်လက္ခဏာ ဘုရားဟော ကျမ်း ဆိုပြီးယုံလို့မရပါဘူး။ ဒီနေရာမှာ မေးစရာတစ်ခုရှိပါတယ်။ ပိဋကတ်သုံးပုံ စလုံးဟာ ဘုရားဟောလားဆိုရင် ငြင်းရ မှာပဲ။ ပင်တိုင်က မြတ်ဗုဒ္ဓပါ။ ကျန်တာ



တည့်တွေ(ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ)ရဲ့ ဟောကြားချက်တွေပါပဲ။ ဥပမာ-ကောသလမင်းကြီးက မြတ်ဗုဒ္ဓကို ရောက်တာ စုတေပြီးနောက် ဖြစ်-မဖြစ်' ပြ ဿနာကို မေးပါတယ်။ တရားကို နာကြား ပြီးတဲ့အခါမှာ မင်းကြီးက ဒီပြဿနာကို ခေမာဘိက္ခုနီမထံမှာ မေးဖူးကြောင်း ဝန် ခံခဲ့ပါတယ်။

အသောကခေတ်ကနေ ယနေ့တိုင် တောင်သမုဒ္ဒရာမှာ ကြေးပြဿဒ်နဲ့ သီတင်းသုံးတော်မူတဲ့ ရှင်ဥပဂုတ္တရဲ့ သက် တမ်းဟာ ကမ္ဘာမှာ အရှည်ဆုံးဖြစ်မှာပါ။ ဒီနှာတွေလို ထုံကူး အာမျိုး မလုပ်ရလို့ သတ်သာပါလိမ့်မယ်။

> **ပထမဆုံးကောက်ချက်အနေနဲ့ ရှင်ဥပဂုတ္တမထေရ်သည် 'ခရစ်ကြိုသုံးရာစုနှစ်အတွင်း အိန္ဒိယနိုင်ငံ ဗုဒ္ဓဘာသာသမိုင်းတွင် အမှန်တကယ်ပေါ်ထွန်းခဲ့ဖူးသည့် ရဟန္တာမထေရ်တစ်ပါးဖြစ်သည်' ဟု**

မြတ်ဗုဒ္ဓက အရှင်အာနန္ဒာကို 'အာနန္ဒာ ဣဒ္ဓိပါဒ် လေးပါးကို စွဲမြဲစွာ လေ့ကျင့်ပွားများ ထားသူသည် အလိုရှိ ခဲ့သော် အာယုကပ် ပတ်လုံး ဖြစ်စေ၊ အာယုကပ်ထက် လွန်၍ ဖြစ်စေတည်နိုင်ပေ၏။ အာနန္ဒာ - ငါဘုရားသည် ဣဒ္ဓိပါဒ်လေးပါးကို စွဲမြဲ စွာလေ့ကျင့်ပွားများထားပြီး ဖြစ်၏။ ထို့ ကြောင့်အလိုရှိခဲ့သော် အာယုကပ် ပတ် လုံးဖြစ်စေ၊ အာယုကပ် ထက်လွန်၍ ဖြစ် စေ တည်နိုင်ပေ၏' လို့ ထူးဆန်းတဲ့ စကား ဆိုခဲ့ပါတယ်။

ဒါပေမဲ့ မြတ်ဗုဒ္ဓသော်မှ အချိန်တန် တော့လည်း အသက်ရှည်ရန် ပြုပြင်မှု 'အာယုသင်္ခါရ'ကို လွှတ်တာပါပဲ။ တကယ် တော့ 'အာယုကပ်ပတ်လုံး' ဆိုတာ ဥပမာ-လူ့သက်တမ်းက တစ်ရာဆိုလျှင် တစ်ရာပဲ နေထိုင်ခြင်းပါ၊ အသက်ရာ ထောင်ချီပြီး နေတာမျိုး မဟုတ်ဘူးလို့ အချို့ပညာရှင်များ ဖွင့်ဆိုတာကို မှတ်သား ဖူးပါတယ်။ ကိလေသာကုန်ပြီးသော ပုဂ္ဂိုလ်များအဖို့ တစ်ရက်အသက်ရှင်ရတာ ကို ခန္ဓာငါးပါးတည်း ဟူသော မမြဲခြင်း ဆင်းရဲခြင်း၊ အစိုးမရခြင်းတွေ ဖြစ်နေလို့ မနေချင်ကြပါဘူး။ ထိုထိုအရိယာ များမှာ 'နာကျင်သော ကိုယ်ရှိ သူသာဖြစ်၍ နာကျင် သောစိတ်ရှိသူ မဖြစ်' လို့ ဆိုကြပါတယ်။ ဒါကြောင့် အချိန် တန်ရင် ဘယ်အရိယာ ပုဂ္ဂိုလ်မဆို တန်လှုပ် ခြင်းမရှိဘဲနဲ့ အာယု သင်္ခါရကို လွှတ်ကြ တာပါပဲ။ ဒါ သဘာဝ ကျလှတယ်။

မြောက်ပိုင်း ဗုဒ္ဓ ဘာသာစာပေတွေမှာ ရှင်ဥပဂုတ်အကြောင်း ကို တခမ်းတနား တင်ပြထားပါတယ်။ အထင်ရှားဆုံး အဖြစ်အပျက်က မာရ်နတ် နဲ့ တန်ခိုးပြိုင်တာပါပဲ။

'တစ်နေ့၌ ရှင်ဥပဂုတ္တမထေရ် ဈာန် ဝင်စားနေချိန်တွင် မာရ်နတ်သည် မထေရ် ၏ ခေါင်းပေါ်တွင် ပန်းကုံးတစ်ကုံးစွပ်ပေး ခဲ့သည်။ မထေရ်သည် ဈာန်မှထလတ် သော် မာရ်နတ်၏ နှောင့်ယှက်မှုကို သိ၍ မာရ်နတ်၏ လည်ပင်း၌ ခွေးသေကောင် ပုပ်တစ်ကောင် ရောက်စေရန် အဓိဋ္ဌာန် ဖြင့် ဖန်တီးခဲ့သည်။ ထိုခွေးသေကို မည်

သည့် ပုဂ္ဂိုလ်မျှ ချွတ်ဝံ့သူမရှိ၍ နောက်ဆုံးတွင် မာရ်နတ်သည် မထေရ်မြတ်ထံ ပြန်လာလျက် အပြစ်ကို ဝန်ချတောင်းပန်သည်။ မထေရ်လည်း မာရ်နတ်အား'ဗုဒ္ဓဘုရားရှင်၏ အသွင်သဏ္ဍာန်ကို ဖန်ဆင်းပြမှ ချွတ်ပေးမည်'ဟု တောင်းဆိုရာ မာရ်နတ်က လက္ခဏာတော်ကြီးငယ်နှင့် တကွသောဘုရားရှင်၏ ရုပ်သွင်ကို ဖန်ဆင်းပြခဲ့သည်။ မထေရ်သည် ထိုရုပ်သွင်ကို ဦးခိုက်မိသောကြောင့် ချက်ချင်းပင် လေပြင်းမုန်တိုင်းကျရောက်၍ မာရ်နတ်ပါ ပျောက်ကွယ် သွားတော့သည်' စသဖြင့် ဆောင်းပါးရှင် ပြောခဲ့တယ်။

ထေရဝါဒ ပိဋကတ်မှာ မာရ်နတ်ရဲ့ အခန်းဟာ အတော်များများမှာ နေရာယူထားပါတယ်။ တစ်ခါက မာရ်နတ်ဟာ အရှင်မောဂ္ဂလာန်ရဲ့ ဗိုက်ထဲကိုဝင်ပြီး အစာဟောင်းအိမ်ဝမှာ နေပါတယ်။ မထေရ်မြတ်ဟာ သူ့ဗိုက်ကြီးလေးနေလို့ သူရဲ့သီလကို ဆင်ခြင်ပြီး ဗိုက်ကိုသာမွတ်လိုက်မယ်ဆိုရင် မာရ်နတ်ဟာ အစိတ်စိတ်အမွှာမွှာ ဖြစ်သွားမှာပဲ။ ဒါပေမဲ့ မလုပ်ခဲ့ဘူး။ ကြည့်တဲ့အခါ မာရ်နတ်ကို တွေ့ပြီး အဲဒီလို ဒုက္ခမပေးဖို့ ပြောပါတယ်။ ကကုသာန်ဘုရားရှင် လက်ထက်တော်အခါက ရှင်မောဂ္ဂလာန်ဟာ ဒုဿအမည်ရှိ မာရ်နတ်ဖြစ်ခဲ့ပြီး နှမဟာ ကာဠီဖြစ်ကြောင်း၊ ထိုနှမ၏သားမှာ ယခုမာရ်နတ်ဖြစ်၍ တူတော်ကြောင်း ဆွေမျိုးစပ်ပြီး မေတ္တာနဲ့ ဆုံးမပါတယ်။ ဒါပေမဲ့ မာရ်နတ်ဟာ အခွင့်ရေးရတိုင်း အခြားသော အရိယာပုဂ္ဂိုလ်များကိုသာမက မြတ်ဗုဒ္ဓကိုတောင် ချမ်းသာမပေးဘူး။ နှောင့်ယှက်ခဲ့တယ်။ ဒါပေမဲ့ ဘယ်အရိယာပုဂ္ဂိုလ်မှ မာရ်နတ်ကို ရှင်ဥပဂုတ်နှိမ်နင်းသလိုမျိုး မလုပ်ခဲ့ကြဘူး။ ဒါ

ဟာ ကျွန်တော့်အနေနဲ့ ပိဋကတ်ကို မနှစ
တာလည်း ဖြစ်မှာပါ။ အဲဒီလို မာရ်နတ်ရဲ့
နှောင့်ယှက်မှုမျိုးကို အရိယာများအနေနဲ့
လက်ဖျစ်တွက်ပြီး ဖြေရှင်းတာများပါတယ်
ဒါဆိုရင် မာရ်နတ်ဟာ မရပ်တည်နိုင်
တော့ဘဲ ထွက်ပြေးတိမ်းရှောင်သွားပါ
တော့တယ်။

ဆောင်းပါးရှင်က 'အချို့သော မြန်
မာ သုတေသီတို့ကမူ မဇ္ဈိမပဏ္ဏာသ အဋ္ဌ
ကထာ၊ ပါရာဇိက ကဏ္ဍ အဋ္ဌကထာ
အဋ္ဌသာလိနီ အဋ္ဌကထာ၊ သဒ္ဓမ္မနီတိကျမ်း
နှင့် ဝဇီရဗုဒ္ဓိဋီကာ တို့အတွင်း ကြိုးကြား
တွေ့ရှိရသော ဣန္ဒဂုတ္တ၊ အဿဂုတ္တ
တိဿနာဂ၊ ဥပဂုတ္တတိဿနာဂ ဟူသော
အမည်များသည်လည်း ဤရှင်ဥပဂုတ်၏
အမည်ကွဲများသာ ဖြစ်သည်ဟု ယူဆ
လျက် ပြောဆိုတင်ပြထားကြပါသည်' လို့
ရေးထားပါတယ်။ ဋီကာ၊ အဋ္ဌကထာ
တွေနဲ့ ပတ်သက်ပြီး လက်လှမ်းမမီ၊ ကျော
ပေးဉာဏ်ကြောင့် ကျွန်တော် ဘာမှမပြော
နိုင်ပါဘူး။

ဒါပေမဲ့ ဆောင်းပါးရဲ့ နိဂုံးမှာ ပထမ
ဆုံးကောက်ချက်အနေနဲ့ ရှင်ဥပဂုတ္တ
မထေရ်သည် 'ခရစ်ကြို သုံးရာစုနှစ်အတွင်း
အိန္ဒိယနိုင်ငံ ဗုဒ္ဓဘာသာ သမိုင်းတွင် အမှန်
တကယ် ပေါ်ထွန်းခဲ့ဖူးသည့် ရဟန္တာ
မထေရ် တစ်ပါးဖြစ်သည်'ဟု ဆောင်းပါး
ရှင်က ကောက်ချက်ဆွဲထားပါသည်။

မြတ်ဗုဒ္ဓရဲ့ အဆုံးအမအတိုင်း သီလ
သမာဓိ၊ ပညာကို ဖြည့်ကျင့်မယ်ဆိုရင်
ရှင်ဥပဂုတ်လို မထေရ်မျိုးဟာ ဘယ်နည်း
နဲ့မဆို ထိတ်ထိတ်ကျဲ ရဟန္တာဖြစ်မှာပဲ။
တထာဂတရဲ့ စကားတော်ဟာ လွဲစ
အကြောင်းမရှိပါဘူး။ ဒါပေမဲ့ ရှင်ဥပဂုတ်
ဟာ မြောက်ပိုင်းဗုဒ္ဓစာပေမှာပဲ အတွေ



ဘာကြောင့် ကျွန်တော်သံသယ ဝင်
တယ်။ ဘာဖြစ်လို့လဲဆိုတော့ မြောက်
ပိုင်း ဗုဒ္ဓစာပေဟာ မြတ်ဗုဒ္ဓရဲ့ ဓမ္မ ဒါမှ
မဟုတ် တောင်ပိုင်းဗုဒ္ဓစာပေ၊ အဆုံးအမ
တွေကနေ ခွဲထွက်သွားပြီး လိုသလိုပြင်ဆင်
ထားတယ်၊ မွမ်းမံခဲ့တာကြောင့် မူရင်းအဆုံး
အမတွေ မဟုတ်တော့ဘဲ ထေရဝါဒ ဗုဒ္ဓ
ဘာသာမှာ သုံးတဲ့'ရဟန္တာ' ဖြစ်ဖို့ အခွင့်
အလမ်းတွေ နည်းသွားမှာပဲလို့ ယူဆထား
ပါတယ်။ အခုဆောင်းပါးရဲ့ အစမှာ
မြတ်ဗုဒ္ဓရဲ့ စကား
တော်'ဤရဟန်းမြတ်
တို့ တောင်းမွန်စွာ
နေကြပါမူ' ဆိုတဲ့
စကားကို သတိထား
သင့်ပါတယ်။

ဒါဆိုရင်
မောရိယခေတ်
ကို ကျွန်တော်တို့
ပြန်ကြည့်ပါမယ်။
အသောကမင်းကြီး
ရိုက်ထုခဲ့တဲ့ 'သတ္တမ
ကျောက် တိုင်စာ'မှာ
. . . သံဃာတော်
၏ အကျိုးငှာလည်း ၎င်းတို့အား ငါ။
ဆောင်ရွက်စေ၏။ ထိုနည်းတူစွာ ဗြာဟ္မဏ
အာဇီဝိက၊ နိဂန္ထရဟန်းတို့နှင့် အမျိုးမျိုး
သော အယူဝါဒ ဂိုဏ်းသားတို့၏ အကျိုး
ငှာလည်း ၎င်းတို့အား ငါ ဆောင်ရွက်
စေ၏။ . . .' ဆိုပြီး ရေးထွင်းခဲ့ပါတယ်။
ဒီအထောက်အထားကို ကြည့်ခြင်းဖြင့်
အသောကခေတ်မှာ ဘာသာတရားမျိုးစုံ
ထွန်းကားနေတာကို သိမြင်နိုင်ပါတယ်။

တကယ်တော့လည်း မောရိယခေတ်
မှာ အိန္ဒိယ၌ ဘာသာရေးဆိုင်ရာ ပြောင်း

**ဒေဝီလရသေ့ကြီးဟာ**
**အဘိညာဉ်ငါးပါး၊**
**ရှာန်သမာပတ်ရှစ်ပါးရပြီး**
**နတ်ပြည်ကိုတောင်**
**သွားလာနိုင်တဲ့ပုဂ္ဂိုလ်ဖြစ်ပေမယ့်**
**ကိလေသာကုန်တဲ့**
**ရဟန္တာပုဂ္ဂိုလ်မဟုတ်ပါဘူး။**

လဲမှုတွေ ပေါ်ပေါက်ခဲ့သလို၊ မောရိယဘုရင်တွေဟာလည်း အတွေးအခေါ် လွတ်လပ်မှုကို အလိုရှိ၊ အားပေးပြီး လိုက်စားကြပါတယ်။ စိတ်ဓါတ်ကောင်းမွန်တဲ့ ပြည်သူပြည်သားများကသာ မိမိတို့နိုင်ငံတိုးတက် ကြီးပွားတည်တံ့အောင် စွမ်းဆောင်နိုင်မယ်ဆိုတာကို သိမြင်ကြဟန်တူပါတယ်။

တစ်နည်းပြောရရင် အသောကလက်ထက်မှာ ဗုဒ္ဓဘာသာလည်း ဂိုဏ်းခွဲ (၁၈)ဂိုဏ်းအထိ ရှိတယ်။ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီး နှစ်တစ်ရာမှာ ဒုတိယသံဂါယနာ တင်ပါတယ်။ အဲဒီမှာ ကောသမ္ဗီပြည် ဝဇ္ဇီရဟန်းတစ်ချို့က ဝိနည်းနဲ့ ပတ်သက်ပြီး လုပ်ချင်တာလုပ်ဖို့အတွက် စင်ပြိုင် သံဃနာ တင်ပါတယ်။ 'မဟာသံဃိက'လို့ ခေါ်ပါတယ်။ နောင် ၁၂၅ နှစ်ကြာပြီးပင်မထေရဝါဒဂိုဏ်းကနေ ဆယ့်တစ်ဂိုဏ်း၊ မဟာသံဃိကက ငါးဂိုဏ်း ထပ်ကွဲသွားတယ်။ ထေရဝါဒဂိုဏ်းက လက်ခံထားသလို မဟုတ်တော့ဘဲ ဗုဒ္ဓကို သဘာဝလွန်တန်ခိုးရှင်၊ ထာဝရ ဘုရားအဖြစ်သတ်မှတ်ပြီး ဗုဒ္ဓရဲ့ မွေးဖွားမှု၊ သေဆုံးမှုတွေကို သူရဲ့ တန်ခိုးနဲ့ ဖန်တီးလာတယ်လို့ ဖွင့်ဆိုကြပါတယ်။ အဲဒီ တစ်ဆယ့်ရှစ်ဂိုဏ်းမှာ ရှိတဲ့ပြဿနာတွေကို ရှင်းဖို့ တတိယ သံဂါယနာ တင်ခဲ့ရတာပါ။'ကထာဝတ္ထုကျမ်း' ကလည်း အဲဒီရဲ့ အသီးအပွင့် တစ်ခုပါ။

ဗုဒ္ဓလက်ထက်တော်အခါက မိစ္ဆာအယူဝါဒပေါင်း ၆၂ ပါးရှိပါတယ်။ တစ်နည်းအားဖြင့် ဗုဒ္ဓနဲ့ခေတ်ပြိုင် ဘုရားခြောက်ဆူရဲ့ အယူဝါဒတွေကို အကျဉ်းချုပ်ပြောရမယ်ဆိုရင် (၁)အကြောင်းကြောင့်ဖြစ်၏။(၂)အကြောင်းမဲ့ဖြစ်၏။(၃)အကြောင်းကြောင့် ဖြစ်သည်လည်းဟုတ်၏၊ အကြောင်းမဲ့ဖြစ်သည်လည်းဟုတ်၏။(၄)အကြောင်းကြောင့်ဖြစ်သည်ဟူ၍လည်း မဆိုနိုင်၊ အကြောင်းမဲ့ဖြစ်သည်ဟူ၍လည်း မဆိုနိုင်လို့ ပြောပါတယ်။အလွယ်ဆုံး ပြောရရင် သဿတဝါဒဥစ္ဆေဒဝါဒ တို့ပါပဲ။ တကယ်တော့ အသောကခေတ်မှာ ထွန်းကားခဲ့တဲ့ အယူဝါဒတွေ မည်မျှများပြားစေကာမူ ဒိ၆၂ပါးသော အယူတွေကနေ မလွတ်နိုင်၊ မကျော်နိုင်ပါဘူး။ ဒိ၆၂ ပါးထဲက တစ်ပါးပါးကို အယူတိမ်းပြီး ကျင့်ကြံအားထုတ်မယ်ဆိုရင် ဘယ်နည်းနဲ့မှ ရဟန္တာဖြစ်နိုင်မှာ မဟုတ်ပါဘူး။ ဒိ၆၂ပါးသော အယူဝါဒတွေကနေ လွတ်တဲ့ ပဋိစ္စသမုပ္ပါဒ် အပေါ်မှာ သစ္စာလေးပါးကို အထွတ်တင်တဲ့ ဝါဒဟာ ဗုဒ္ဓဝါဒပါပဲ။

စတုတ္ထကောက်ချက်အနေနဲ့ ဆောင်းပါးရှင် မောင်လွင်ရည်က 'တန်ခိုးဣဒ္ဓိပါတ်နှင့် ပြည့်စုံ၍မာရ်နတ်ကိုပင် နှိမ်နင်းနိုင်ခဲ့သည်' လို့ မှတ်ချက်ပေးထားပါတယ်။

သုတ္တန်ခေတ်မှာ ဗုဒ္ဓဝါဒနဲ့ အပြိုင် သို့မဟုတ် စောပြီးထွန်းကားခဲ့တဲ့ ဟိန္ဒူဒသသနခြောက်ဂိုဏ်း၊ ဂျိန်းနဲ့စာရ်ဝက ဆိုပြီးရှိကြတယ်။ သိဒ္ဓတ္ထဂေါတမ တောထွက်စဉ်အခါက အာဠာရနဲ့ ဥဒကတို့ထံမှာ တပည့်ခံပါတယ်။ သူတို့ဟာ ဟိန္ဒူဒသသန ခြောက်ဂိုဏ်းထဲက သင်္ချာဂိုဏ်းသားတွေဖြစ်ပြီး လောကီဈာန် ခုနစ်ဆင့်အထိ ရထားကြတယ်။ အမြင့်ဆုံးက ရှစ်ဆင့်ပါ။ တကယ်တော့ သမထကမ္မဋ္ဌာန်းဟာ ဗုဒ္ဓမမွေးခင်ကတည်းက အိန္ဒိယမှာ ရှိနေတာပါ။ ဒါကြောင့် သမထကမ္မဋ္ဌာန်းကို ကျင့်ကြံအားထုတ်ပြီး ရလာတဲ့တန်ခိုး၊ ဣဒ္ဓိပါတ်ဆိုတာ ဗုဒ္ဓရဲ့သာသနာတွင်း သာမက သာသနာပ အချိန်မှာတောင် ရနိုင်ပါတယ်။ သိဒ္ဓတ္ထဖွားမြင်တာကို တာဝတိံသာနတ်ပြည်မှာ ရောက်နေတဲ့ ကာလဒေဝီလ ရသေ့ကြီးကြားပြီး နန်းတော်ကို ရောက်လာပါတယ်။ ဒေဝီလရသေ့ကြီးဟာ အဘိညာဉ်ငါးပါး ဈာန်သမာပတ် ရှစ်ပါးရပြီး နတ်ပြည်ကိုတောင် သွားလာနိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်ပေမယ့် ကိလေသာ ကုန်တဲ့ရဟန္တာပုဂ္ဂိုလ် မဟုတ်ပါဘူး။ ဒါကြောင့် တန်ခိုးရတိုင်း ရဟန္တာမဟုတ်သလို၊ ရဟန္တာဖြစ်တိုင်းလည်း တန်ခိုး မရကြပါဘူး။

မြတ်ဗုဒ္ဓအနေနဲ့ အားလုံးသော 'အယူဝါဒတွေကနေ လမ်းခွဲထွက်တဲ့'ဝိပဿနာကမ္မဋ္ဌာန်း'ကို သင်ကြားပေးခဲ့တယ်။ ဒါပေမဲ့ သမထနည်းကို မပစ်ပယ်ပါဘူး။ မဂ္ဂင်ရှစ်ပါးကို နင်းလျှောက်ပြီး ဝိပဿနာပွားများတာနဲ့ ကိလေသာကုန်ခန်း၊ ဘဝပြဿနာတွေ ရှင်းလင်းပြီး သဘောပေါက်သွားတာပဲ။ သိ၊ပယ်၊ဆိုက်၊ပွား လို့ခေါ်တဲ့ သစ္စာလေးပါးကို အဆင့်ဆင့် သိမြင်သွားပါတော့တယ်။ဒါဟာ တောင်ပိုင်းဗုဒ္ဓစာပေမှာ သုံးတဲ့ရဟန္တာဖြစ်ပုံပါပဲ။ ထေရဝါဒနည်းကျကျ ကျင့်သုံးမှသာ လောကမှာ ရဟန္တာ မဆိတ်သုဉ်းတာပါ။

တကယ်တော့ ယဉ်ကျေးမှုတိုင်းမှာ စံ(ideal pattern) နဲ့ ပြုမူဆောင်ရွက်သော ပုံစံ(behaviour pattern) ဆိုပြီး ရှိပါတယ်။ ဒီပုံစံနှစ်ခုကို အပြည့်အဝလိုက်နာ ကြမယ်ဆိုရင် ဒီယဉ်ကျေးမှုဟာ အဆင့်အတန်း



မြင့်တာပါပဲ။ တကယ်တော့ မြတ်ဗုဒ္ဓချမှတ်ပေးထားတဲ့ စံနှုန်းထက် ဘာများကောင်းတာရှိသေးလို့လဲ။ ဒါပေမဲ့ လောဘ ဒေါသ၊ မောဟ ဖိစီးလွှမ်းအားကြီးတဲ့ ကျွန်တော်တို့လို မွေးရာပါဗုဒ္ဓဘာသာဝင်တွေရဲ့ ပြုမူဆောင်ရွက်မှု ပုံစံတွေက စံကို မီအောင် မလိုက်နိုင်ပါဘူး။ အရမ်းကွာလှမ်းနေပါတယ်။ ဘုရားစေတီတစ်ဆူကို သွားရောက် ဖူးမြော်ကြည့်တာနဲ့ ဒီကွာဟမှုကို အလွယ်တကူ သိမြင်နိုင်ပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ ကိုယ်ရည်ကိုယ်သွေး (personality) နိမ့်ကျနေတယ်ဆိုတာကို ဖော်ပြနေတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ မြတ်ဗုဒ္ဓက 'မိမိသည်သာလျှင် မိမိ၏ကိုးကွယ်ရာ ဖြစ်၏။ သူတစ်ပါးသည် မိမိ၏ကိုးကွယ်အားထားရာ အဘယ်မှာ ဖြစ်ရာအံ့နည်း။ မိမိကိုယ်ကို ကောင်းစွာဆုံးမခြင်းအားဖြင့် ရခဲလှသည့် နိဗ္ဗာန်တည်းဟူသော ကိုးကွယ်ရာကို ရလေ၏။' ဆိုပြီး ဓမ္မပဒလင်္ကာ ၁၆၀မှာ ပြောခဲ့ပါတယ်။

ကျွန်တော်တို့ဟာ ဗုဒ္ဓစကားကို လိုက်နာနိုင်ကြဘဲ ကိုးကွယ်ရာတွေ ရှာ[illegible]ကြတာ။ အထင်ရှားဆုံး တစ်ခုအနေနဲ့ စေတီပုထိုးတိုင်းလိုလိုမှာ ရှင်ဥပဂုတ်ဆင်းတုတော် မရှိတဲ့ စေတီရယ်လို့ ပြောဖို့ခဲယဉ်းလှတယ်။ ရှင်ဥပဂုတ်နဲ့ ပတ်သက်ပြီး ဆောင်းပါးရှင် မောင်လွင်ရည်(ဝိဇ္ဇာ၊သိပ္ပံ)ရဲ့ ကောက်ချက်တွေကို ဆရာတော်၊ သံဃာတော်၊ ပညာရှင်ကြီးတွေရဲ့ နောက်ခံ သုတေသနရလဒ်တွေကို ကြားနာပြီးမှ ပြောရင်ပိုကောင်းမယ်လို့ ကျွန်တော်ယူဆပါတယ်။ အခုတော့ စောလွန်းနေပါသေးတယ်။ ကျွန်တော်တို့မှာ အခြားအယူဝါဒဆိုင်ရာ ထုံးဖောက်မှုတွေကလည်း များလွန်းလို့ ဆရာမောင်လွင်ရည်(ဝိဇ္ဇာ၊သိပ္ပံ) အနေနဲ့ အဆင်းကို ဘီးတပ်ပေးသလို မဖြစ်ရလေအောင် ကျွန်တော့်ကို မေတ္တာရှေ့ထားပြီး ပြန်လည်ဖြေကြားပေးစေလိုပါကြောင်း . . .။

ကျမ်းကိုး


၁။ အရှင်သေဋ္ဌိလ ဓမ္မပဒ (အင်္ဂလိပ်၊ မြန်မာ)
၂။ ဒဂုန်ဦးစန်းငွေ ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့ရသော မေးခွန်းနှင့် ပြဿနာများ (၁၊ ၂၊ ၃၊ ၄၊ ၅)
၃။ ဓမ္မာစရိယ ဦးမောင်မောင်လေး ပိဋကအနှစ်ချုပ် ဒီဃနိကာယ်
၄။ ဦးဖိုးလတ် အသောကကျောက်စာများ
၅။ ဦးသန်းထွန်း အသောကနှင့် သူ၏ ဓမ္မဝါဒ
၆။ ဒေါ်ခင်သိန်း အသောက ကျောက်စာလာ အသောကမင်း၏ နိုင်ငံအုပ်ချုပ်ရေး
၇။ U Ko Lay&U Tin Lwin The Great Chronicle Of Buddhas, Vol.2, Part One
၈။ U Ko Lay T G C B, Vol 3
၉။ Dr. Rewata Dhamma The Buddha and His Disciples
၁၀။ Nyanatiloka Buddhist Dictionary
၁၁။ Ministry of Religious Affairs A Dictionary of Buddhist Terms
၁၂။ ဦးရွှေအောင် ဗုဒ္ဓဝါဒပေါ်ထွန်းခြင်း


ငြိမ်းချမ်းစိုး



# ဘာသိရင်ကောင်းမလဲ

**တီတီထွန်း**

"သတ္တိရှိသူက နောက်မဆုတ်ဘူး။ ဟုတ်လား။"

ယောက်ျားမှန်ရင် အားကစားထူးချွန်ရမယ်။ လက်ရုံးရည် ပြည့်ရမယ်။ တိုက်ဖို့ခိုက်ဖို့ သတ္တိရှိရမယ်လို့ ရှေးတုန်းက အေသင်သားတွေ ယူဆကြတယ်။ ဒါကြောင့် လူငယ်တွေကိုလည်း ငယ်စဉ်တည်းက ကာယသင်တန်းတွေ ဘာတွေတတ်စေတာပေါ့။ ဖိုက်တင်ရုပ်ရှင်မင်းသားလို ထင်ပေါ်ကျော်ကြားတဲ့ သူရဲကောင်းတွေကို အေသင်သားတွေက သိပ်ပြီးအားကျကြတာပေါ့။ ဒါကြောင့် သတ္တိဆိုတာဘာလဲ ဆိုတာကို ဆော့ခရေ့တီး(စ်)က အေသင်သားအချို့နဲ့ ဆွေးနွေးကြည့်တယ်။ သူတို့ရဲ့ စကားပြောခန်းကို လေ့လာရင်း ဆော့ခရေ့တီး(စ်)ရဲ့ နည်းကိုလည်း ခရီးသွားဟန်လွှဲအနေနဲ့ ပြောကြည့်မယ်။



ယောက်ျားမှန်တာတော့ဟုတ်ပါပြီ။ ကျွန်မတို့လို မိန်းမတွေကရော မိန်းမကောင်းမှန်အောင် ဘာလုပ်ရမှာတုံး။

ဆော့ခရေ့တီး(စ်)တို့ခေတ်က ယောက်ျားတွေ ကြီးစိုးတဲ့ခေတ်ပေါ့။ ဒါကြောင့် သူတို့ရဲ့ ဆွေးနွေးချက်တွေမှာ မိန်းမတွေထက်စာရင် ယောက်ျားတွေအကြောင်း ပြောတာ ပိုများလေ့ရှိပါတယ်။ ဥပမာ ရုပ်ရည်အလှအပနဲ့ ပတ်သက်လာရင်တောင် သူတို့က ယောက်ျားတွေရဲ့ ကာယအလှအပအကြောင်းကိုသာ ပိုအလေးထားပြော့လေ့ရှိပါတယ်။

ဆော့ခရေ့တီး(စ်)ရဲ့ ဘော်ဒါတွေက မိန်းမလျာတွေလား။

သူ့အသိအချို့က မိန်းမလျာတွေပါ။ ဟုတ်ပါတယ်။ ဒီလိုဆိုပေမယ့် မိန်းမသားအလှကို စိတ်မဝင်စားကြတာတော့ မဟုတ်ပါဘူး။ စိတ်ဝင်စားကြပါတယ်။ ဒီအတွက်တော့ မစိုးရိမ်ပါနဲ့။ ဘာပဲဖြစ်ဖြစ်ပါ လူကောင်းလူမွန် ကိစ္စ စဉ်းစားဆွေးနွေးရာမှာ အများသုံးအိမ်သာ ခွဲသလို မိန်းမတွေအတွက်ကတစ်မျိုး၊ ယောက်ျားတွေကတစ်မျိုးဆိုပြီး ခွဲခြားစရာတော့ လိုမယ်မထင်ပါဘူး။ သတ္တိတို့ မှန်မြတ်တဲ့စိတ်တို့ အသိပညာတို့ဆိုတာ ယီးယီး မမ ရှိကြတာပဲလေ။

ထစ်ခနဲဆိုတာနဲ့ ထိုးဖို့ကြိတ်ဖို့ပဲ အားသန်နေတဲ့ ဖိုက်တင်မင်းသားလို လူတွေကို အေသင်သားတွေကလည်း အားကျကြတယ်ဆိုတော့ လူ့သမိုင်းနှစ်ပေါင်း ၂၅၀၀ အတောအတွင်းမှာ ပြောင်းလဲမှုတွေ သိပ်မများဘူး ထင်တယ်နော်။

ဟုတ်မှာပါ။ တစ်ခါမှာ အေသင်မြို့က စစ်အရာရှိနှစ်ယောက်ဟာ သူတို့ သားနှစ်ယောက်ရဲ့ စစ်ပညာရေးလေ့ကျင့်မှုအကြောင်း ဆွေးနွေးကြလေတယ်။ စစ်သင်တန်းမှာ တိုက်ခိုက်နည်းအသစ်တွေကို သင်ပေးဖို့ သင့်၊ မသင့်အကြောင်းကို ပြောဆိုကြရင်း အကြံဉာဏ်လိုချင်တာနဲ့ ဆော့ခရေ့တီး(စ်)ဆီ ရောက်လာကြတယ်။ တစ်ယောက်နဲ့တစ်ယောက် နှုတ်ဆက်စကားတွေဆိုကြပြီး မကြာခင်ပဲ သတ္တိအကြောင်း စကားဆက်လာတယ်။

"သတ္တိ" ဆိုတဲ့စကားလုံးက ပါဠိ ဘာသာစကားကနေ မွေးစားထားတာလို့ထင်တယ်။ ငါထင်သလောက်ပြောရရင် "သတ္တိ"ဆိုတာ အဓိပ္ပာယ်အမျိုးမျိုးရှိတယ်။ အရပ်သုံးစကားမှာတော့ သတ္တိလို့ဆိုရင် အများအားဖြင့် "သူရသတ္တိ"ကို ဆိုလိုတာပေါ့။

ဟုတ်ပါတယ်။ အခုဆွေးနွေးရာမှာလည်း အဲဒီသဘောနဲ့ပဲ သုံးတာပါ။ ဒါကြောင့် သတ္တိလို့ဆိုရင် သူရသတ္တိကိုပြောတယ် လို့ မှတ်ပါ။

သတ္တိဆိုတာဘာလဲလို့ ဆော့ခရေ့တီး(စ်)ကမေးတော့ လက်ခ်ီး(စ်)ဆိုတဲ့ အရာရှိကြီးက အခုလို ဆိုလေတယ်။

လက်။ ။ ဒါလေးများ ရှင်းပြဖို့မခက်ပါဘူး ဆော့ခရေ့တီး(စ်)ရေ။ တာဝန်ကျရာ စစ်မြေပြင်မှာ ကြံ့ကြံ့ခံပြီး ရန်သူကိုတွန်းလှန်သူကို သတ္တိရှိသူလို့ ခေါ်ရမယ်ဗျ။

ဆော့။ ။ ခင်ဗျားရှင်းပြပုံ သိပ်ကောင်းပါတယ်ဗျာ။ ဒါပေမဲ့ ကျုပ်က ပြောချင်ရာကို ရှင်းရှင်းလင်းလင်း မပြောမိဘူး။ ဒါကြောင့် ခင်ဗျားက ကျုပ်မေးချင်ရာကို

မဖြေဘဲ အခြားမေးခွန်းတစ်ခုကို ဖြေမိတာပါ။ ဒါက ကျုပ်အပြစ်ပါလေ။

လက်။ ။ ဘာကြောင့် ဒီလို ဆိုရတာတုံး ဆော့ခရေ့တီး(စ်)။

ဆော့။ ။ သတ္တိရှိသူဆိုတာ တာဝန်ကျရာစစ်မြေပြင်မှာ ကြံ့ကြံ့ခံပြီး ရန်သူကို တွန်းလှန်သူလို့ ခင်ဗျားကဆိုတယ်နော်။

လက်။ ။ ဟုတ်ပါတယ်။

ဆော့။ ။ အဲသလိုပြောတယ်လို့ ကျုပ်ထင်တာပါပဲ။ ဒါပေမဲ့ တစ်နေရာမှာတင် မနေဘဲ ပြေးရင်းလွှားရင်းနဲ့ ရန်သူကို တိုက်ခိုက်သူကိုကျတော့ ဘယ်လို ခေါ်မှာတုံး။

ဆော့ခရေ့တီး(စ်)က အဲသလိုပြောတော့ 'ပြေးရင်းလွှားရင်း' တိုက်တယ်ဆိုတာကို အရာရှိကြီးက ချက်ချင်းသဘောမပေါက်ဘူး။ ဒါနဲ့ ဆော့ခရေ့တီး(စ်)က ထပ်ရှင်းပြတယ်။

ဥပမာ မြင်းတပ်တွေဘာတွေနဲ့ စစ်တိုက်တဲ့အခါမှာ စစ်ဗျူဟာတို့ နည်းပရိယာယ်တို့ သုံးပြီး တိုက်လေ့ရှိတတ်ကြတယ်။ စစ်ပွဲတွေမှာ ကိုယ်က အားနည်း ဟန်ဆောင်ပြီး နည်း နည်း နောက်ဆုတ်မယ်။ ဒါနဲ့ ကိုယ့်ရန်သူက ကြောက်လို့ပြေးတယ်ထင်ပြီး စည်းမဲ့ကမ်းမဲ့ ကိုယ့်အနောက်လိုက်တဲ့အခါကျမှ တစ်ဖန်ပြန်ပြီး တိုက်ခိုက်လို့ စစ်နိုင်သူတွေ သမိုင်းမှာရှိကြောင်းကို ဆော့ခရေ့တီး(စ်) ရှင်းပြတယ်။ စစ်တိုက်သူတွေကလည်း သတ္တိရှိနိုင်တာကြောင့် "သတ္တိရှိသူဆိုတာ တာဝန်ကျရာ စစ်မြေပြင်မှာ ကြံ့ကြံ့ခံပြီး ရန်သူကိုတွန်းလှန်သူ"လို့ အဓိပ္ပာယ်ဖွင့်တာ မပြည့်စုံကြောင်း ထင်ရှားစေတာပေါ့။



သတ္တိနဲ့ပတ်သက်ပြီး ဒီလောက်ပဲ ပြောချင်တာဆိုရင် ဆော့ခရေ့တီး(စ်)ကို သာမန် ဒဿနဆရာလို့ပဲ ခေါ်ရမယ်။ ဒါပေမဲ့ သတ္တိအကြောင်းကို ဆော့ခရေ့တီး(စ်)က ဒါထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် နားလည်ချင်တာ။ ဒါကြောင့် စစ်အရာရှိကပြောတဲ့ စစ်မြေပြင်က သတ္တိရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ထပ်ပြီးတိုးချဲ့ခိုင်းတယ်။ သူ့မိတ်ဆွေနားလည်အောင်လည်း စာတွေ စာကဗျာတွေနဲ့ ဆော့ခရေ့တီး(စ်)က ရှင်းပြတယ်။ ဥပမာတွေနဲ့ ရှည်ရှည်ဝေးဝေး ရှင်းပြနေပေမယ်လို့ သူသိချင်တဲ့အရာကိုတော့ဆော့ခရေ့တီး(စ်)က မျက်ခြည်လုံးလုံးမပြတ်ဘူး။ သူဘာကို သိချင်တာပါလို့ ရှင်းပြပုံက ကောင်းလွန်းတော့ သူ့စကားကိုပဲ ဖတ်ကြည့်ပါဦး။



ဆော့။ ။ ကျုပ်မေးတာက မမှန်ကန်လို့ မှန်ကန်တဲ့ အဖြေမရတာ။ ဒါကလည်း ကျုပ်အပြစ်ပါလို့ ဆိုခဲ့တယ်နော်။ တကယ်တော့ ကျုပ်က လက်နက်အပြည့်အစုံနဲ့ တိုက်သူတွေရဲ့ သတ္တိကိုသာ သိချင်တာမဟုတ်ပါ။ မြင်းစီးပြီး တိုက်သူတွေ၊ အခြား စစ် နည်းအမျိုးမျိုးနဲ့ တိုက်သူတွေရဲ့ သတ္တိကိုလည်း သိချင်တာပါ။ စစ်တိုက်ရာမှာ ရဲရင့်သူတွေသာ မဟုတ်ပါ။ ပင်လယ်သမုဒ္ဒရာရဲ့ အန္တရာယ်တွေကြားမှာ ရဲရင့်သူတွေရဲ့ သတ္တိကိုလည်း သိချင်တာပါ။ အနာရောဂါခံစားရတဲ့အခါမှာ ဆင်းရဲတဲ့အခါမှာ နိုင်ငံရေးရာကို စီမံတဲ့အခါမှာ ရဲဝင့်စွာ ရင်ဆိုင်သူတွေရဲ့ သတ္တိကိုလည်း သိချင်တာပါ။ နာကျင်မှု၊ ကြောက်ရွံ့မှုတို့ကို တုံ့ ပြန်တဲ့ သတ္တိကိုသာ သိချင်တာ မဟုတ်ပါ။ လောဘစိတ်ကို၊ မွေ့ပျော်လိုတဲ့စိတ်ကိုလည်း နောက်မဆုတ်ဘဲ ဖြစ်ဖြစ် နောက်ဆုတ်ပြီးဖြစ်ဖြစ် ကြံ့ကြံ့ခံသူတွေရဲ့ သတ္တိကိုလည်း သိချင်တာပါ။

---

**လူတိုင်းမှာ ဒီအသိတရားမရှိဘူး။**

**ဆေးဆရာတွေ၊ အတိတ်နိမိတ်ဖတ်သူတွေမှာ ဒီအသိတရားမရှိဘူး။**

**ပြီးတော့ သူတို့က ဒီအသိတရားကို မရမချင်းလည်း**

**သတ္တိရှိကြမှာမဟုတ်ဘူး။**

---

အချို့လူတွေမှာ ဒါမျိုးသတ္တိတွေရှိတယ် လက်ခ်ီး(စ်)။

ဆော့ခရေတီး(စ်)က ပြောသေးတယ်။ "အချို့လူတွေမှာ ဒါမျိုးသတ္တိတွေ ရှိတယ်"တဲ့။ ဒီစကားကနေပြီး မှတ်သားသင့်တဲ့ အချက်နှစ်ခု ရှိတယ်။ တစ်ခုက သူ့မှာ ဒါမျိုးသတ္တိရှိတယ်လို့ ဆော့ခရေ့တီး(စ်)က မကြွေးကြော်ဘူး။ ဒီသတ္တိက ဘာပါလို့လဲမဟောဘူး။ သူကိုယ်တိုင်စစ်ပွဲတွေမှာ ရဲရဲဝံ့ဝံ့ တိုက်ခဲ့သူပါ။ သတ္တိအကြောင်း ဆော့ခရေတီး(စ်)က ကောင်းကောင်းကြီး ပြောနိုင်ပါလိမ့်မယ်။ ဒါပေမဲ့ သူက မပြောပါဘူး။ သူများကိုသာ ပြောခိုင်းတာ။ နောက်တစ်ချက်က ဆော့ခရေ့တီး(စ်)ဟာ အခြားလူတွေကို လေးလေးစားစားလည်း ဆက်ဆံတယ်။ သူများဆီကပညာယူဖို့ ဝန်မလေးဘူး။ အမြဲ အဆင်သင့်ပဲ။

ကောင်းပါပြီ။ ဆော့ခရေ့တီး(စ်)က အခြေအနေတစ်ခုခုမှာထားတဲ့ သတ္တိမျိုးထက် သတ္တိရဲ့ယေဘုယျသဘာဝကို သိချင်တာပေါ့။ ဆောင်းပါး ၃ မှာဆွေးနွေးခဲ့သလို ပြောရရင် "သတ္တိတရား"ကို သူကသိချင်တာပေါ့။

ဟုတ်ပါတယ်။ သတ္တိတရားဆိုတာကိုသိရင် လူတစ်ယောက်ရဲ့လုပ်ရပ်ဟာ သတ္တိရှိမရှိ ဆိုတာကို မှန်မှန်ကန်ကန် တိုင်းထွာကြည့်လို့ ရနိုင်တာပေါ့။ ပထမအဆိုပြုချက်လည်း ပျက်ရော လက်ခ်ီး(စ်)က နောက်တစ်မျိုးရှင်းပြဖို့ ကြိုးစားတယ်။

လက်။ ။ အမြဲတမ်းအကျုံးဝင်မယ့် ယေဘုယျသဘာဝကို ပြောရမယ်ဆိုရင် (သတ္တိ)

ဆိုတာက ခံနိုင်ရည်ရှိတဲ့ ဇွဲစိတ်ဓာတ်တစ်မျိုးပဲဗျ။

ဆော့။ ။ ဒါဆိုရင် ခင်ဗျားက ခံနိုင်ရည်ရှိတဲ့ ဇွဲစိတ်ဓာတ်တိုင်းကို သတ္တိလို့ မယူ ဘူးထင်တယ်။ ပြီးတော့ သတ္တိဆိုတာကလည်း မွန်မြတ်တဲ့သဘောရှိတ မဟုတ်လား။

လက်။ ။ ဟုတ်ပါတယ် ဆော့ခရေ့တီး(စ်)။ အမွန်မြတ်ဆုံးအရာတွေမှာ သတ္တိတ ရှိကြပါတယ်။

ဆော့။ ။ မိုက်ကန်းတဲ့ လုပ်ရပ်မှာထားတဲ့ ဇွဲကိုရော ဘယ်လိုလုပ်မှာလဲ။ ဒါက ဆ ကျင်ဘက်ပဲလေ။ သူ့မှာပျက်စီးမယ့်၊ ဆုတ်ယုတ်မယ့် သဘောရှိတ မဟုတ်လား။

ဆိုလိုတာက သတ္တိဆိုတာ ဇွဲတစ်မျိုး ဖြစ်တယ်။ သတ္တိရဲ့ ရလဒ်ကလည်း ကောင်း အရာဖြစ်တယ်ဆိုရင် မိုက်ကန်းတဲ့လုပ်ရပ်ပေါ်မှာ ထားတဲ့ ဇွဲကို ဘယ်လို သဘောထ မလဲ။ ဒီလိုဇွဲမျိုးကိုဆို သတ္တိလို့မခေါ်နိုင်ဘူး။ ဒါမျိုးသတ္တိက မကောင်းတဲ့ရလဒ်ဖေ ပေးတာကိုး။ 'ခံနိုင်ရည်ရှိတဲ့ ဇွဲစိတ်ဓာတ်'ကို ခြုံငုံပြီး သတ္တိလို့ခေါ်လို့မရနိုင်တာ အရာရှိကြီးက သဘောလည်းပေါက်ရော ဆော့ခရေ့တီး(စ်)က သူ့ကို ဝိုင်း ပေးတယ်။

ဆော့။ ။ ခင်ဗျားပြောချင်ပုံအရဆိုရင် အသိတရားရှိတဲ့ ဇွဲစိတ်ဓာတ်ကိုသာလျှ သတ္တိလို့ခေါ်ရမယ်။

လက်။ ။ အဲသလိုဖြစ်နေပြီ။

ဆော့။ ။ အသိတရားရှိဖို့ လိုတယ်ဆိုရင် ဘယ်လိုအသိတရားမျိုးလိုတာလဲ။ အသေ အဖွဲ့ကိစ္စတွေကို သိရမှာလား၊ ကြီးကြီးမားမားကိစ္စတွေကို သိရမှာလာ ဥပမာ ပိုက်ဆံသုံးတဲ့နေရာမှာ (ချွေတာခြင်း) အသိတရားကို ဇွဲနဲ့ အသုံ ချမယ်။ အဲသလို သုံးတဲ့အတွက် နောက်ထပ် သုံးစရာပိုက်ဆံတွေ ပိုရမယ် ဒါတွေကို သိတယ်ဆိုရင် အဲဒီလူကို သတ္တိရှိတယ်လို့ခေါ်မလား။

လက်။ ။ ကျုပ်ဆိုရင်တော့ မခေါ်ပါဘူး။

ဆော့။ ။ စစ်ပွဲတစ်ပွဲဆိုပါစို့။ တစ်ယောက်က သတ္တိရှိတယ်။ တိုက်ဖို့အသင့်ပဲ သူ့အသိတရားနဲ့ သူက အခုလို တွက်ဆကြည့်တယ်။ သူ့ကို အခြားလူတွေ က စစ်ကူပေးလိမ့်မယ်။ ရန်သူတွေက သူ့ထက် လူအင်အား ပိုနည်းတယ် သူ့ဘက်သားတွေလောက်လည်း စစ်တိုက်မကောင်းကြဘူး။ ပြီးတော့ သူက နေရာချက်ကောင်းရထားပြီးသားဖြစ်တယ်။ ဒါမျိုးအသိနဲ့ ပြင်ဆင် ရှိသူဟာ အခြားဘက်က ဇွဲနဲ့ ခံချမယ်ဆိုတဲ့သူထက် ပိုပြီး သတ္တိရှိတယ်လို့ ခေါ်မလား။

လက်။ ။ အခြားဘက်ကလူက ပိုပြီးသတ္တိရှိပုံရတယ် ဆော့ခရေ့တီး(စ်)။

ဆော့။ ။ ဒါပေမဲ့ အခြားဘက်ကလူက အသိတရား ပိုနည်းတယ်နော်။

လက်။ ။ ခင်ဗျားပြောတာအမှန်ပဲ။

ဆော့။ ။ ဒါဆိုရင် ကျုပ်တို့ အရှေ့အနောက်ညီရဲ့လား။



လက်။ ။ ဘယ်နှယ့်လုပ် ညီမှာတုံး ဆော့ခရေ့တီး(စ်)။

ဆော့ခရေ့တီး(စ်)ရဲ့ စဉ်းစားပုံက ကောင်းလှချည်လား။ ပထမဆုံး သတ္တိဆိုတာ ဘာလဲလို့မေးတော့ ဇွဲတစ်မျိုးလို့ သူ့သူငယ်ချင်းကပြောတယ်။ ဒါဆိုရင် မိုက်ကန်းတဲ့ နေရာမှာ ဇွဲကောင်းရင် သတ္တိရှိတယ်လို့ ဆိုလို့မရဘူးလို့ ဆော့ခရေ့တီး(စ်)က ထောက်ပြတယ်။ ဒါဆိုရင် အသိတရားနဲ့ယှဉ်တဲ့ ဇွဲကောင်းရင်ကော သတ္တိရှိတယ်လို့ ခေါ်နိုင်မလား။

*ဒီမှာ "အသိတရား"၊ "ဇွဲ" စတဲ့ စကားလုံးအမှန်တွေ ပါလာတော့ ကြားလို့ကောင်းပြီး ဟုတ်သလိုလို ထင်ရတယ်။ ကျွန်တော်သာဆို ဒီလောက်နဲ့တော်ပြီလို့ထင်ပြီး တော်ရိလျော်ရိနေလိုက်မှာ။ ဆော့ခရေ့တီး(စ်)ကမနေဘူး။ ထပ်မေးတယ်။ အသိ တရားပြည့်စုံတယ်ဆိုသူ တစ်ယောက်ဟာ အန္တရာယ်နဲ့ရင်ဆိုင်ရာမှာ ကိုယ်မနာမှာ သေချာမှ ရင်ဆိုင်တတ်ပုံနှင့် အသိတရားနည်းပါးတယ်ဆိုသူကတော့ ကိုယ်ရှုံးနိုင်မှန်း သိလျက်နဲ့ နောက်မဆုတ်ရင်ဆိုင်တတ်ပုံကို ယှဉ်ပြတယ်။ ဒီမှာကျတော့ အသိတရား ပြည့်စုံသူက သတ္တိသိပ်မရှိဘဲ အသိတရားနည်းသူကသာ သတ္တိပိုရှိပုံပေါ်တယ်။ ဆိုလို တာက သတ္တိရှိဖို့ဟာ တစ်ခါခါမှာ အသိတရားနည်းဖို့လိုတယ်လို့ အဖြေထွက်နေတယ်။*

ဟုတ်ပါတယ်။ အင်အားနည်းသူတစ်ယောက်က အင်အားများသူတစ်ယောက်ကို စိန်ခေါ်ပြီး ယှဉ်ပြိုင်တဲ့အခါမှာ အင်အားနည်းသူက ရှုံးရင် လူတွေအပြစ်တင်တာကိုပဲ ခံရမှာပေ့ါ။ "ဘာအဖြစ်မှမရှိဘဲ ပဲကြီးလှော်စားတာများပြီး လေလုံးထွားနေတဲ့ငတိ" ဆိုတာမျိုး ငေါ့ကြမှာပေ့ါ။

ဒါမှမဟုတ်ပဲ အင်အားနည်းသူကနိုင်ရင် "ဟာ . . . တော်လိုက်တဲ့ကောင်။ ငါ့လောက်နီးနီး သတ္တိရှိတယ်ကွ" ဆိုတာမျိုး ဂုဏ်ပြုခံရမှာပေ့ါ။ ဒါဆိုရင်သတ္တိရှိဖို့က အသိတရားရှိဖို့ထက် အနိုင်ရဖို့သာ အရေးကြီးတယ်လို့ ဆိုရမှာလား။ အထူးသဖြင့် မနိုင်နိုင်ဘူးလို့ထင်ရတဲ့ အခြေအနေမျိုးမှာ မျက်ကန်းတစ္ဆေမကြောက်တဲ့ အသိမျိုးနဲ့ အနိုင်ရသူကိုသာ သတ္တိရှိတယ်လို့ ဆိုရမယ့်ပုံပေါက်တယ်။ ဒါလည်းသိပ်တော့ မဟုတ်သေးဘူး။

ဆော့ခရေ့တီး(စ်)က လှည့်ပတ်ပြီးမေးတော့ လက်ခ်ီး(စ်)က အတော်လေး စကား လက်ပန်းကျသွားပြီး-

လက်။ ။ ကျုပ်စိတ်ထဲရှိတာကို မပြောပြနိုင်တာကြောင့် တကယ်ပဲ မခံရပ်နိုင်အောင် ဖြစ်ရတယ်ဗျာ။ သတ္တိဆိုတာဘာလဲဆိုတာကို ကျုပ်ကိုယ်ကျုပ်သိတယ်လို့ ထင်တာပဲ။ ဒါပေမဲ့ ကျုပ်စိတ်ထဲရှိတာကို စကားနဲ့ဖမ်းဆုပ်ပြီး ထုတ်ပြောပြ လို့မရအောင် ဘယ်လိုလုပ်လွတ်ထွက်သွားမှန်း မသိဘူးဗျာ။

လက်ခ်ီး(စ်)က သတ္တိအကြောင်းသိသလိုလိုတော့ရှိတယ်။ ဒါပေမဲ့ ဆော့ခရေ့တီး(စ်)က မေးတဲ့အခါကျတော့ ပြောချင်တာတွေက ဘယ်ဆီကို ထွက်ပြေးကုန်မှန်း မသိတာမို့ သူက စကားလက်လျှော့လိုက်တယ်။ နောက်တစ်ခါ နီစီးယပ်(စ်)ဆိုတဲ့ အပေါင်းပါ တစ်ယောက်ကို ဝင်ကူပြောပေးဖို့ ဆော့ခရေ့တီး(စ်)က ဖိတ်ခေါ်ပြန်တယ်။ နီစီးယပ်(စ်)ကလည်း ထင်ရာဝင်ပြောတော့ သူနဲ့လက်ခ်ီး(စ်)တို့ အပြန်အလှန် သဘော

ထားကွဲကြတာမို့ နောက်ဆုံးမှာ ဆော့ခရေ့တီး(စ်)က ဝင်ရှင်းပေးတယ်။ သတ္တိရှိသူဟာ ကြောက်သင့်တဲ့ နေရာမှာ ကြောက်ရမယ်။ ရဲသင့်တဲ့နေရာမှာရဲရမယ်ဆိုတဲ့ နီစီး ယပ်(စ်)ရဲ့ အဆိုပြုချက်ကို ဆော့ခရေ့တီး(စ်)က အခုလို ဆန်းစစ်ကြည့်တယ် . . .

ဆော့။ ။ ဆိုပါဦး နီစီးယပ်(စ်)။ ကြောက်သင့်တဲ့အရာ၊ ရဲသင့်တဲ့အရာတို့နဲ့ သက် ဆိုင်တဲ့ အသိတရားကို သတ္တိလို့ ခင်ဗျားကခေါ်တယ်နော်

နီစီး။ ။ ဟုတ်ပါတယ်။

ဆော့။ ။ ပြီးတော့ လူတိုင်းမှာ ဒီအသိတရားမရှိဘူး။ ဆေးဆရာတွေ၊ အတိတ် နိမိတ်ဖတ်သူတွေမှာ ဒီအသိတရား မရှိဘူး။ ပြီးတော့ သူတို့က ဒီအသိ တရားကို မရမချင်းလည်း သတ္တိရှိကြမှာ မဟုတ်ဘူး။ ခင်ဗျားက အဲသလို ပြောတာလား။

နီစီး။ ။ ဟုတ်ပါတယ်။

ဆော့။ ။ ကျုပ်က နောက်ပြောင်တဲ့ သဘောနဲ့ ပြောမှာ မဟုတ်ဘူး။ ခင်ဗျားပြော သလိုပဲ ကြောက်သင့်တဲ့ အရာ၊ ရဲသင့်တဲ့အရာတို့ နဲ့ဆိုင်တဲ့ အသိတရားကို သတ္တိလို့ ခေါ်တာကို လက်ခံမယ် ဆိုပါစို့။ ပြီးတော့ ဒီအသိတရားကို လူအချို့ကသာ ခက်ခက်ခဲခဲ စဉ်းစားဆင်ခြင်ပြီး ရနိုင်တာနော်။ ဒါဆို ရင် တောရိုင်းတိရစ္ဆာန် တစ်ကောင် သတ္တိရှိတယ် လို့ ဆိုဖို့ရာက ခြင်္သေ့၊ ကျားသစ်၊ တောဝက် တို့လို တိရစ္ဆာန်တွေမှာ လူတွေထက်ကို ပိုပြီး အသိတရားတွေ ရှိနေပြီ လို့ ဝန်ခံရာရောက်တယ်။ [ဒါနဲ့ ပထမ စပြောခဲ့တဲ့ လက်ခ်ီး(စ်)က ဝင်ပြောတယ်]

လက်။ ။ ကောင်းလေစွ . . . ဆော့ခရေ့တီး(စ်)။ သိပ်ကောင်းတယ်။ တိရစ္ဆာန် တွေက လူတွေထက်ပိုပြီး သတ္တိရှိတယ်၊ မရှိဘူးဆိုတာကိုဖြေပါ နီစီး ယပ်(စ်)။ ဒါမှမဟုတ် လူအားလုံးရဲ့ ထင်မြင်ချက်နဲ့ ဆန့်ကျင်ပြီး တိရစ္ဆာန် တွေဟာ သတ္တိမရှိဘူးလို့ ခင်ဗျားကဆိုရဲသလား။

[နီစီးယပ်(စ်)က စကား ပြန်တယ်]

နီစီး။ ။ အသိဉာဏ် မရှိလို့ ကြောက်စိတ်မရှိဘူးဆိုရင် တောရိုင်းတိရစ္ဆာန်ပဲဖြစ် ဖြစ်၊ အခြားဘာကိုပဲဖြစ် ဖြစ် သတ္တိရှိတယ်လို့ ကျုပ် မခေါ်ပါဘူး လက်ခ်ီး(စ်)။ သူတို့ကို မိုက်ရူးရဲတယ်လို့ ခေါ်ပါတယ်။ ဘေးအန္တရာယ် တွေကို မသိ နားမလည်သေးလို့ ဘာကိုမှမကြောက်တဲ့ ကလေးငယ်ကို သတ္တိရှိတယ်လို့ ကျုပ်ကခေါ်မယ်လို့ကော ထင်သလား။ ကြောက်စိတ် မရှိတာနဲ့ သတ္တိမရှိတာက မတူဘူးဗျ။

မေး။ ကြောက်စိတ်ဖြစ်ပေါ်စေတဲ့အရာ၊ ရဲစိတ်ဖြစ်ပေါ်စေတဲ့အရာတို့ကို နားလည်တဲ့အသိ ကို သတ္တိလို့ခေါ်တယ်လို့ တစ်ယောက်ကအဆိုပြုတယ်နော်။ တောရိုင်းတိရစ္ဆာန် တွေက သူတို့ထက်အင်အားကြီးတဲ့ ကြောက်စရာတွေ့ရင် ထွက်ပြေးတယ်။ သူတို့ ထက် အင်အားငယ်တဲ့ နိုင်စရာတွေ့ရင် ရဲပြီးတိုက်တယ်။ ဒါဆိုရင် ဒီလူပေး အမိပ္ပာယ်ဖွင့်ဆိုချက်အရဆို တောရိုင်းတိရစ္ဆာန်တွေတိုင်းက သတ္တိရှိကြတာပေါ့။



ဒါပေမဲ့ စဉ်းစားတွေးခေါ်နိုင်တဲ့လူတွေတောင် သတ္တိဆိုတာ ဘာမှန်းသိပ်ပြီးမသိတဲ့ အချိန်မှာ တိရစ္ဆာန်တွေက သတ္တိအပြည့်ရှိနေပြီလို့ဆိုရင် လူတွေကတိရစ္ဆာန်တွေ လောက် အမြော်အမြင်မရှိရာရောက်တယ်ပေါ့။ ဆော့ခရေ့တီး(စ်)က ဒါကို ဆိုလို ချင်တာ မဟုတ်လား။ အဲသလိုဆိုလည်း ဘာဖြစ်သလဲ။ တိရစ္ဆာန်တွေက လူတွေထက် ပိုပြီး သတ္တိရှိတယ်ဆိုလည်း ငါကတော့လက်ခံမှာပဲ။

ဖြေ။ လူသာလျှင် အမှန်မြတ်ဆုံးနဲ့ အမြော်အမြင်အရှိဆုံးဆိုတဲ့အစွဲတွေ ဆော့ ခရေ့တီး(စ်) တို့မှာ ရှိကြတယ်။ သိပ်တော့ အခြေခံကျတဲ့ အယူအဆတွေတော့ မဟုတ်ဘူး။ ဥပမာ တိရစ္ဆာန်လောကမှာ "ကမ္ဘာစစ်" ဆိုပြီး တစ်ကောင်နဲ့တစ်ကောင် အဓိပ္ပာယ်မဲ့ အစုလိုက်အပြုံလိုက် သတ်ဖြတ်တာတွေတော့ မရှိသေးဘူးလေ။ သိပ်ပြီး "မတိုးတက် ကြသေးလို့" လည်း ဖြစ်မှာပေါ့။ ထားပါလေ။သူတို့ ဘာတွေထပ်ဆွေးနွေးသလဲ ဆိုတာကိုပဲ ဆက်ကြည့်ရအောင်။

ဆော့ခရေ့တီး(စ်)က တစ်ခါ သတ္တိ ဆိုတာ ကောင်းခြင်းရဲ့ အစိတ်အပိုင်း တစ်ခုလား။ ဒါမှမဟုတ် ကောင်းခြင်း အလုံးစုံကို သတ္တိလို့ ခေါ်မလားလို့ ဆွေးနွေးကြတယ်။ လူကောင်းတစ်ယောက်ဟာ သတ္တိရှိဖို့လိုမယ်၊ တရား မျှတဖို့လိုမယ်၊ အမြော်အမြင်ရှိဖို့ လိုမယ်၊ ဒါဆိုရင် သတ္တိဟာ ကောင်းခြင်းရဲ့ အစိတ်အပိုင်းတစ်ခုသာဖြစ်တယ်။ ဒါနဲ့ ကောင်းခြင်းရဲ့ အခြားအစိတ်အပိုင်းတွေ မရှိဘဲနဲ့ သတ္တိရှိနိုင်မလားလို့ ဆော့ခရေ့တီး(စ်)က မေးစမ်းကြည့်တယ်။

ဆော့။ ။ ကြောက်စိတ်နဲ့၊ ရဲစိတ်ဆိုတာက အနာဂတ်မှာဖြစ်မယ့် ဆိုးခြင်းကောင်း ခြင်းတို့ အသီးသီးနဲ့ သက်ဆိုင်တယ်နော်။

နီစီး။ ။ အပြည့်အစုံမှန်ပါတယ်။

ဆော့။ ။ ဒါဆိုရင် သတ္တိဆိုတာက ကြောက်စိတ်နဲ့ ရဲစိတ်တို့ ဖြစ်ပေါ်စေတဲ့ အရာနဲ့ သာ ဆိုင်တာမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ သတ္တိမှာ အတိတ်နဲ့ လက်ရှိအရာတွေနဲ့ပတ်သက်တဲ့ အသိလည်းရှိတယ်။

နီစီး။ ။ ခင်ဗျားပြောတာ မှန်တယ်ထင်တယ်။

ဆော့။ ။ ဒါဆိုရင် ခင်ဗျားပေးတဲ့အဖြေက သတ္တိရဲ့ သုံးပုံတစ်ပုံနဲ့သာ သက်ဆိုင်တယ်။ ဒါပေမဲ့ မေးခွန်းက သတ္တိတစ်ခုလုံးရဲ့ သဘာဝအကြောင်းကို မေးတာ ဖြစ်တယ်။ အခုခင်ဗျားပြောပုံအရဆိုရင် သတ္တိဆိုတာ ကြောက်စိတ်၊ ရဲစိတ်နဲ့သာဆိုင်တဲ့ အသိတရားမဟုတ်ဘူး။ အချိန်ကာလပေါ် မမှီခိုတဲ့ ကောင်းခြင်း၊ ဆိုးခြင်းနဲ့သက်ဆိုင်တဲ့ အသိတရားသာဖြစ်တယ်။ ခင်ဗျားရဲ့ အဆိုပြုချက်အရ အဲသလိုပြင်မယ်ဆိုရင် ဘယ်လိုသဘောရသလဲ။

နီစီး။ ။ သဘောတူပါတယ်။

ဆော့။ ။ အရင်ဖြစ်ခဲ့သမျှအရာတွေ၊ အခုဖြစ်နေတဲ့အရာတွေ၊ နောင်ဖြစ်တော့မယ့် အရာတွေအားလုံးကိုသိမယ်ဆိုရင်၊ ကောင်းခြင်း၊ ဆိုးခြင်းအလုံးစုံကိုသိမယ် ဆိုရင်၊ အဲဒီသူဟာ လိုအပ်ချက်မရှိဘဲ အဘက်ဘက်က ပြည့်စုံမယ်။ တရားမျှတမှုရှိမယ်၊ ထိန်းသိမ်းမှုရှိမယ်၊ မြင့်မြတ်မှုရှိမယ် မဟုတ်လား။

နိစီး။ ။ ခင်ဗျားရဲ့စကားမှာ မှန်တာတွေ အတော်ပါ ပါတယ်။

ဆော့။ ။ ဒါပေမဲ့ နိစီး(စ်)ယပ်စ်။ ခင်ဗျားရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် အသစ်အရဆိုရင် သတ္တိဆိုတာ ကောင်းခြင်းရဲ့ အစိတ်အပိုင်းတစ်ခုသာ မဟုတ်တော့ဘဲ ကောင်းခြင်း တစ်ခုလုံးကို ဆိုလိုရာရောက်တယ်။

နိစီး။ ။ အဲသလိုဖြစ်နေပြီ ဆော့ခရေ့တီး(စ်)။

ဆော့။ ။ ဒါပေမဲ့ သတ္တိဆိုတာ ကောင်းခြင်းရဲ့ အစိတ်အပိုင်း အများကြီးထဲက တစ်ပိုင်းတစ်စသာဖြစ်တယ်လို့ ဆိုခဲ့တယ်နော်။

နိစီး။ ။ ဟုတ်ပါတယ်။ အဲသလိုဆိုခဲ့ပါတယ်။

ဆော့။ ။ အဲဒီစကားက ကျုပ်တို့ရဲ့ လက်ရှိအမြင်ကို ဆန့်ကျင်တယ်နော်။

နိစီး။ ။ အဲသလိုဖြစ်နေပြီ ထင်တယ်။

ဆော့။ ။ ဒါဆိုရင် သတ္တိဆိုတာ ဘာမှန်းကို ကျုပ်တို့ မတွေ့ရှိသေးဘူး နိစီးယပ်(စ်)။

နိစီး။ ။ ဟုတ်တယ်၊ မတွေ့ရှိသေးပါဘူး။

**မေး။** *သတ္တိရှိဖို့က အချိန်တိုင်းမှာ အရာတိုင်းရဲ့ အကောင်းအဆိုး ခွဲခြားနိုင်ဖို့လိုမယ်။ ဒါဆိုရင် သတ္တိရှိရုံတင်မကဘူး၊ အဘက်ဘက်ကပြည့်စုံတဲ့ ပညာရှိတစ်ယောက်ပါ ဖြစ်လာလိမ့်မယ်။ ဒါက ခင်ဗျားပြောသလို ဆေးလိပ်ဖြတ်ဖို့ ပညာရှိပါဖြစ်ဖို့လိုနိုင်တယ်ဆိုတာမျိုး မဟုတ်လား။ ဆော့ခရေ့တီး(စ်)လက်ခံတဲ့ ကောင်းခြင်းများရဲ့ ညီညွတ်ခြင်းမှုနဲ့ သက်ဆိုင်တာပေါ့။*

**ဖြေ။** ဟုတ်ပါတယ်။ ပညာမရှိဘဲ သတ္တိမရှိနိုင်ဘူး။ သတ္တိရှိရင်လည်း ပညာရှိဖို့လိုတယ်၊ ဒီနှစ်ခုကို ခွဲပြောလို့မရဘူး။ တစ်ခုထဲကိုပဲ လိုချင်လို့မရနိုင်ဘူး။

**မေး။** *ဒါပေမဲ့ ဆော့ခရေ့တီး(စ်)မေးပုံကြောင့် သတ္တိဆိုတာဘာလဲလို့ အဖြေမထွက်ဘဲ မေးခွန်းတွေသာ ပိုထွက်နေသလိုပဲ။*

**ဖြေ။** ခင်ဗျားပြောတာ တစ်နည်းအားဖြင့်တော့ မှန်တယ်။ ဒါပေမဲ့ သတ္တိရဲ့ယေဘုယျ သဘာဝအကြောင်းကို ဆော့ခရေ့တီး(စ်)က မေးတာကြောင့်လည်း အရေးကြီးတဲ့ အယူအဆတွေ ပေါ်လာတယ်။ သတ္တိဆိုတာ ဘာတော့မဟုတ်ဘူးဆိုတာကို ရှင်းရှင်းလင်းလင်း သိရတယ်။ ဥပမာ စစ်ဖြစ်ရာမှာဆို နောက်ဆုတ်တာမဆုတ်တာနဲ့ မဆိုင်ဘူး။ သတ္တိရှိဖို့က သူရဲကောင်းလုပ်ပြစရာ မလိုဘူး။ သာမန်နေထိုင်သူတွေမှာလည်း သတ္တိတွေရှိနိုင်တယ်။ အသိပညာအရ ဒါဟာတိုးတက်မှုတစ်ခုပဲ မဟုတ်လား။

**မေး။** *ကောင်းပြီလေ၊ ဆော့ခရေ့တီး(စ်)ရဲ့ မေးမြန်းတဲ့နည်းအကြောင်းလည်း နည်းနည်းပါးပါး ဆွေးနွေးပါဦး။*

**ဖြေ။** အဆိုပြုချက်တစ်ခုကို မှန်မမှန် ဆန်းစစ်ရာမှာ ပုံစံအမျိုးမျိုးနဲ့ ပိုင်းခြားလို့ရတယ်။ ဒီနည်းတွေကို လော့ဂျစ်လို့ခေါ်တဲ့ သင်္ချာယုတ္တိဗေဒမှာ အကျယ်တဝင့် လေ့လာကြပါတယ်။ အခုတော့ ဒီအကြောင်း အကြမ်းအားဖြင့်ပဲ ပြောရအောင်။

**ပထမဆုံးအနေနဲ့**ဆိုရရင် အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုဟာ အရှေ့အနောက် မညီတာဖြစ်နိုင်တယ်။ ဥပမာ စကားတစ်ခုဟာ မှန်လည်းမှန်တယ်၊ မှားလည်း




မှားတယ်ဆိုရင် အရှေ့အနောက် မညီဘူးလို့ခေါ်တယ်။ အရှေ့အနောက် မညီတဲ့စကားဆိုတာ အဓိပ္ပာယ်မရှိဘူးပေါ့။ ဥပမာ လူတစ်ယောက်ကို ရဲက သံသယရှိလို့ စစ်ဆေးတဲ့အခါမှာ သူက "ကျွန်တော် လူလိမ်ပါ"လို့ဆိုရင် ဒုက္ခရောက်ပြီ။ ဘာကြောင့်လဲဆိုတော့ ဒီစကားကနေ အရှေ့အနောက်မညီတဲ့ ကောက်ချက်တွေဆွဲလို့ရတယ်။

(၁) လူလိမ်ဟာ မှန်တာကိုမပြောဘူး။ "ကျွန်တော် လူလိမ်ပါ" လို့ဆိုတာက မမှန်တဲ့စကားမို့ ဒီလူဟာ မလိမ်သူ ဖြစ်တယ်လို့ဆိုရမယ်။

(၂) ဒါပေမဲ့ သူက မလိမ်သူဆိုရင် သူပြောတဲ့စကားက မှန်ရမယ်။ ဒါဆိုရင် သူဟာ သူပြောသလိုပဲ လူလိမ်ဖြစ်ရမယ်။

ကဲ . . . ဒီမှာ (၁)နဲ့ (၂)က ဆန့်ကျင်ဘက် အဓိပ္ပာယ်ထွက်တယ်။ ဒါကြောင့် "ကျွန်တော် လူလိမ်ပါ" ဆိုတဲ့စကားက အရှေ့အနောက် မညီတဲ့စကားဖြစ်တယ်။



အမှန်တရားရဲ့သဘောကို ဆွေးနွေးတဲ့အခါမှာ ဒီနည်းကို ဆော့ခရေ့တီး(စ်)က ပုံစံအမျိုးမျိုးနဲ့သုံးတယ်။

ဒီစကားကိုဖြေရတာက အပေါ်မှာဆွဲထားတဲ့ခက်ရင်းမှာ လက်တံဘယ်နှစ်ချောင်းပါလဲ တွက်ကြည့်ရသလိုပဲ။ တစ်ဖက်ကိုကြည့်ရင် နှစ်ခုရှိသလို၊ နောက်တစ်ဖက်ကို ကြည့်ရင် သုံးခုရှိသလိုထင်ရတယ်။ ဒါကိုဖြေရှင်းနိုင်ဖို့က ခေါင်းကို ကြည်ကြည်လင်လင် ထားနိုင်မှရမယ်။

အရှေ့အနောက် မညီသလိုဘဲ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုဟာ မပြည့်စုံတာလည်း ဖြစ်နိုင်တယ်။ ဥပမာ "ငါး ဆိုတာ ရေထဲမှာနေတဲ့သတ္တဝါတစ်မျိုး"လို့ဆိုရင် ခင်ဗျားက ရေထဲမှာသာ မနေတဲ့ ငါးတစ်မျိုးရှိကြောင်း အထောက်အထားပြနိုင်ရင် ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ မပြည့်စုံဘူးလို့ ထောက်ပြရာရောက်တယ်။ ကုန်းပေါ်မှာ ရက်ပေါင်းများစွာနေနိုင်တဲ့ ငါးတစ်မျိုးကို သိပ္ပံပညာရှင်တွေ မကြာခင်ကပဲ တွေ့ရှိထားတယ်။ ရပ်ကွက်ဈေးထဲက ငါးစိမ်းသည်တွေကို သွားမေးကြည့်ရင်လည်း ငါးခူတွေဟာ ကုန်းပေါ်မှာ နာရီပေါင်းများစွာ အသက်ရှင်နေနိုင်ကြောင်း ပြောပြပါလိမ့်မယ်။ ဒါဆို ငါးတိုင်းဟာ ရေထဲမှာအမြဲနေစရာမလိုဘူး။ အချို့ငါးတွေက ရေထဲရောကုန်းပေါ်မှာ ပါနေနိုင်ကြောင်းက ထင်ရှားတာကိုး။ ဒါဆို "ငါးဆိုတာ ရေထဲမှာနေတဲ့သတ္တဝါ

တစ်မျိုး" ဆိုတာက မပြည့်စုံတဲ့စကားဖြစ်တယ်။

အဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ မပြည့်စုံနိုင်သလို လိုတာထက် အပိုတွေပါတာဖြစ်နိုင်တယ်။ "ငါးဆိုတာ ရေထဲမှာနေတဲ့သတ္တဝါတစ်မျိုး" လို့ဆိုတဲ့ ဥပမာမှာဆိုရင် ရေထဲမှာ နေပေမယ့် ငါးမဟုတ်တဲ့ သတ္တဝါတွေ အများရှိကြောင်း လွယ်လွယ်လေးထောက်ပြနိုင်တယ်။ ဥပမာ လင်းပိုင်ဟာ ရေနေသတ္တဝါဆိုပေမယ့် နို့တိုက်သတ္တဝါမို့ ငါးလို့မခေါ်ကြဘူး။ ဝေလငါးလည်း အဲသလိုပဲ။ "ငါး"လို့ ခေါ်ပေမယ့် နို့တိုက်သတ္တဝါပဲမို့ ငါးအမျိုးထဲ မပါပြန်ဘူး။ ဂဏန်းတို့၊ ကျောက်ပုစွန်တို့ကလည်း ရေထဲနေပေမယ့် ငါးမဟုတ်ပြန်ဘူး။ ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အပိုတွေပါနေတာကိုး။

**မေး။** ရေသူမလည်း ရေထဲမှာနေပေမယ့် ငါးမဟုတ်ဘူးနော်။ သူကလူတစ်ပိုင်း ငါးတစ်ပိုင်းလေ။

**ဖြေ။** ကျွန်တော်တို့က တကယ်ရှိတဲ့သတ္တဝါတွေအကြောင်း ပြောနေတာဗျ။

**မေး။** *ဟုတ်ပါတယ်၊ ကျွန်တော်လည်း တကယ်ရှိတဲ့ သတ္တဝါတွေအကြောင်း ပြောနေတာ ရေသူမလည်း တကယ်ရှိတာ ခင်ဗျားတို့မသိဘူးလား။ မကြာခင်ကပဲ သတင်းစာထဲမှာ ရေသူမအကြောင်း ပါလာတာ မဖတ်မိဘူးထင်တယ်။*

**ဖြေ။** သတင်းစာတော့ မဖြစ်နိုင်ဘူး။ စိတ်ကူးယဉ် လန်ကြုတ်စာပေတွေထဲမှာ ဖတ်မိတာပဲဖြစ်ရမယ်။ ထားပါလေ။ အဆိုပြုချက်တစ်ခုဟာ သိပြီးသားတွေကိုပဲ ပြန်ပြောနေရင် အရေးမပါတာမျိုးလည်း ဖြစ်တတ်သေးတယ်။ ဥပမာ "လူပျိုဆိုတာ ကလေးအဖေ မဟုတ်ဘူး" ဆိုတာမျိုးက ပြောစရာမလိုဘူးလေ။ မိန်းမ မယူဖူးသူကို လူပျိုလို့ခေါ်တာမို့ လူပျိုမှာ ကလေးမရှိကြောင်း ထပ်ပြောစရာမလိုတော့ဘူး။

**မေး။** *ဒါဆိုရင် ဆော့ခရေ့တီး(စ်)ရဲ့ နည်းကို ဘယ်လိုနေရာတွေမှာ အသုံးချလို့ရသလဲ။*

**ဖြေ။** လူကြီးသူမတွေက လူငယ်တွေကို ဆုံးမစကားဆိုတယ်ဆိုပါစို့။ သူတို့ကပြောမယ် . . . "ကဲ . . . သား တို့သမီးတို့ လိမ်လိမ်မာမာနေကြကွယ်" လို့ဆိုရင် လူငယ်တွေက ဘာပြောမလဲ။ "ဟုတ်ကဲ့ကောင်းပါပြီ" လို့ ရိုရိုသေသေပဲ ပြန်ပြောပြီး နောက်ကွယ်ကျရင် လုပ်နေကျကိစ္စတွေကိုပဲ လုပ်နေလို့ရတာပေါ့။ ဒါဆိုရင် ဆုံးမစကားဟာ သဲထဲရေသွန်သလို ဖြစ်ကုန်မယ်။ ဘာကြောင့်ဒီလိုဖြစ်ရသလဲ။

ပထမဆုံးစဉ်းစားစရာက "သားတို့သမီးတို့ ဆိုးဆိုးသွမ်းသွမ်းနေကြကွယ်"လို့ လူငယ်တွေကို လူကြီးတွေက ဘာကြောင့်မဆုံးမကြတာလဲ။ သူတို့က ဆုံးမစကား ပြောတဲ့အခါ မှာ "အင်း . . . ဒီကောင်တွေကို လိမ်လိမ်မာမာနေဖို့ ဆုံးမရင်ကောင်းမလား။ ဆိုးဆိုးသွမ်းသွမ်းနေဖို့ ဆုံးမရင် ကောင်းမလား" ဆိုတာမျိုး ခေါင်းအစားခံပြီး စဉ်းစားနေဖို့လိုမယ်မထင်ဘူး။ ဖာလူဒါနဲ့ ရေခဲရေ ဘယ်ဟာပိုစိမ့်သလဲလို့ ရွေးချယ်ရသလိုမျိုး ဖြစ်နေမှာပေါ့။

ဒါကို နားထောင်တဲ့ လူငယ်တွေကရော ဘာလုပ်သင့်သလဲ။ သူတို့က စေတနာအမှန်နဲ့ ဆုံးမတာကို တကယ်သိရင်၊ သူတို့ရဲ့စကားကို တကယ်ပဲ နားထောင်ချင်ရင်၊ "လိမ်လိမ်မာမာ နေပါ"လို့ပြောတာက ဘာကိုဆိုလိုတာလဲလို့ မေးစမ်းကြည့်ရမယ်။

**မေး။** *ဒါကရှင်းပါတယ်။ ကြီးလို "လိမ်" ပြီး သံလို ခပ်"မာမာ" နေဖို့ ပြောတာပဲ ဖြစ်မှာပေါ့။*



*ဒါကြောင့် သံကြိုးလိုနေဖို့ပြောတာ ဖြစ်မယ်။*

**ဖြေ။** ဟုတ်တယ်။ စကားကအဲသလိုမျိုးအထင်လွဲစရာတွေလည်း ရှိနိုင်သေးတယ်။ ဒါကြောင့် သူတို့က ဘယ်လိုပုံစံနဲ့ "လိမ်လိမ်မာမာ"နေစေချင်တာလဲဆိုတာကို လူငယ်တွေက သိဖို့ ကြိုးစားရမယ်။ အပြန်အလှန် ဆွေးနွေးနိုင်ဖို့ အားထုတ်ရမယ်။ "လိမ်လိမ်မာမာ"ဆိုတာက ကျောင်းမှန်မှန်တက်ဖို့ ပြောတာလား၊ ဘောလုံးပွဲမှန်မှန်ကြည့်ဖို့ ပြောတာလား၊ ငွေရှာတဲ့အလုပ်လုပ်ဖို့ပြောတာလား စသည်ဖြင့်မေးကြည့်ရမယ်။ ကျောင်းမှန်မှန်တက်ဖို့ဆိုရင် ဘာကိုဆိုလိုတာလဲ။ အေးအေးယားယားနဲ့ အိမ်မှာ မနေစေချင်တာလား၊ စာမှန်မှန်ဖတ်စေချင်တာလား၊ ဘယ်လိုစာမျိုးကို ဖတ်စေချင်တာလဲ။ ဒါမှမဟုတ် ပညာတတ်စေချင်တာလား၊ ပညာတတ်ဖို့ဆိုရင် ပညာဆိုတာ ဘာလဲ။ ဘယ်လိုလူတွေမှာ ပညာရှိသလဲ။ ဘယ်လိုသင်ယူလို့ရနိုင်သလဲ၊ ပညာတတ်ပြီးတော့ ဘာဖြစ်စေချင်တာလဲ။ အိမ်မှာနေရင်ရှုပ်လို့ မောင်းထုတ်ချင်နေတာလား၊ ဒါဆိုရင် လူကြီးတွေ မျက်စိမနောက်အောင် ဘယ်လိုနေစေချင်သလဲ စသည်ဖြင့် မေးစရာတွေတစ်ပုံကြီး ပေါ်လာမယ်။ ဒီလိုမေးစမ်းတော့မှ သူတို့က ဘာကို ဖြစ်စေချင်တယ်ဆိုတာကို ပိုပြီးတိတိကျကျသိနိုင်မယ်။ ဆုံးမသလိုလည်း နေနိုင်ဖို့ ပိုနီးစပ်လာမယ်။

လူကြီးတွေက ဆုံးမစကားပြောရင် ကောင်းတာတွေ လုပ်ကြပါလို့ အခြေခံအားဖြင့် ပြောကြတာပဲ။ အဲသလိုပြောဖို့ သိပ်ပြီးစဉ်းစားဖို့တောင်မလိုပါဘူး။ ဒါပေမဲ့ ဘယ်လို အရာတွေက ကောင်းတယ်ဆိုတာကို နည်းပြပေးဖို့က သိပ်တော့မလွယ်ဘူး။ ဆုံးမတယ်ဆိုတာ မှန်မြတ်ပေမယ့် ထိထိရောက်ရောက် ဖြစ်စေချင်ရင် ပြောသူရော နားထောင်သူပါ တကယ်အားထုတ်ဖို့လိုတယ်။ စေတနာကောင်းရုံနဲ့ မပြည့်စုံသေးဘူး။ တာဝန်မကျေသေးဘူး။ "ငရဲရောက်မယ့်လမ်းကို စိတ်စေတနာကောင်းနဲ့ ခင်းထားတာ" လို့ စကားရှိတယ်။

## ရှင်းလင်းချက်များ

ဆောင်းပါးမှာ ကောက်နုတ်ဖော်ပြခဲ့တဲ့ ဆွေးနွေးခန်းက ပလေးတိုးရေးတဲ့ လက်ခ်ီး(စ်) Laches ကထာကို အခြေခံ ထားပါတယ်။ Ferguson (1970) ဖော်ပြတဲ့ ဒီဆွေးနွေးခန်းကို ဘာသာပြန်ရာမှာ ဇော်ဂျီ (၁၉၆၇)နဲ့ ညှိထားပါတယ်။ စာမျက်နှာ ၆၂-၆၃ ပါ ကောက်နုတ်ချက်ကို ကျွန်တော်ဘာသာပြန်တာဖြစ်တယ်။

လက်ခ်ီး(စ်)- Laches

နီးရှယ်(စ်)- Nicias

ကျွန်တော် လူလိမ်ပါဆိုတာကို liar paradox လို့ ခေါ်တယ်။

သစ်ပင်ပေါ်မှာရက်ပေါင်းများစွာနေနိုင်တဲ့ငါးတစ်မျိုး . . . ဒီအကြောင်းဖော်ပြတဲ့ သိပ္ပံနယ်သတင်းက- Elie Dolgin (2007), The swamp fish that loves to live in trees. *New Scientist*, (19 October 2007). ဒီငါးကို 'mangrove killifish (Kryptolebias marmoratus)' လို့ခေါ်ပါတယ်။

ငရဲရောက်မယ့်လမ်းကို . . . The road to hell is paved with good intentions.

## ဂျပန်ခေတ်မှာသုံးနှစ်တာ

# ဒီးဒုတ်ဦးဘချို၏အမှာစာ

**ဂျူနီယာဝင်း**



ဒေါ်ခင်မျိုးချစ်သည် ၁၉၄၅ ခုနှစ်က Three Years under the Japs(ဂျပန်ခေတ်မှာသုံးနှစ်တာ) အမည်ရှိ စာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့ပါသည်။

ဂျပန်ခေတ်မှာ သုံးနှစ်တာအပိုင်းသုံးပိုင်း မြန်မာဘာသာပြန်ကို အတွေးအမြင် မဂ္ဂဇင်းတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယခု ဒီးဒုတ်ဦးဘချို၏အမှာစာကို မြန်မာပရိသတ်များ သိစေရန်ပြန်ဆိုပေးလိုက်ရခြင်းဖြစ်ပါသည်။ စာအုပ်၏ အတွင်းဖုံးတွင် "ဆရာဦးဗဂျိုင် (ပန်းချိုင်)-ကျွန်မအား သတင်းစာလောကနှင့် ပထမဆုံးမိတ်ဆက်ပေးခဲ့သူသို့" ဟူ၍ ရေးသားဖော်ပြထားပါသည်။ ထိုစာအုပ်အတွက် ဒီးဒုတ်ဦးဘချို ( ၁၉ ဇူလိုင် ၁၉၄၇ တွင် ကျဆုံးခဲ့သော အာဇာနည်ခေါင်းဆောင်ကြီး) က အင်္ဂလိပ်ဘာသာဖြင့် အမှာစာ ရေးသားပေးခဲ့ပါသည်။ ယင်းကို ဒေါ်ခင်မျိုးချစ်၏မြေး ဂျူနီယာဝင်းက မြန်မာပြန်ဆိုပါသည်။



အမှာစာ

ဒီးဒုတ်ဦးဘချို

**ဂျပန်**

အရှေ့တိုင်းသားလူမျိုးစု၊ အနောက်တိုင်းသားများသာမက ၎င်းတို့အရှေ့တိုင်းသား အချင်းချင်းပင်လျှင် ဉာဏ်မမှီနိုင်လောက်အောင် ကွဲပြားဆန်းပြားသည့် အဓိပ္ပါယ်များကို ပိုင်ဆိုင်သူများဖြစ်သည်။ မိုးကောင်းကင်က ထာဝရဘုရားသခင်ရှိသည်ဟု ယုံကြည်နေလျက်နှင့် ဘုရားသခင်ကိုဆန့်ကျင်သည့် အမြင်များရှိသူ၊ ဗုဒ္ဓဘာသာပါဟု ကြွေးကြော်နေကာ ဘုရားမဲ့ဝါဒကိုလည်း စွဲကိုင်လျက်ရှိသူ၊ အရှေ့တိုင်းမြေရှင်ပဒေသရာဇ်ခေတ် အယူအဆများကို ဆုပ်ကိုင်ထားလျက်နှင့် ခေတ်မှီသည့် အနောက်တိုင်းယဉ်ကျေးမှုတွေကိုလည်း ကူးပြောင်းဖို့ကြိုးစားနေသူ၊ ရုပ်ရှင်တွေထဲ ချစ်ခန်း၊ ကြိုက်ခန်းများကို တားမြစ်ပိတ်ပင်ထားပြီး နေ့စဉ်ဘဝထဲတွင် ခုနစ်လွှာအကကို အားပေးခွင့်ပြုထားသူများ၊ သူရဲကောင်းဆန်သည်ဟု ကြွေးကြော်ကာ ကိုယ့်ကိုယ်ကိုယ်သတ်သေခြင်းကို အရှက်နှင့်အသက်လဲသည့်ပမာ သူရဲကောင်းတို့အလုပ်အဖြစ် သတ်မှတ်တတ်သူများ။ ပါးရိုက်ခြင်းဓလေ့ကို အားပေးလုပ်ဆောင်တတ်သူများ၊ အနောက်တိုင်းယဉ်ကျေးမှုများ ရောထားသော အရှေ့တိုင်းသားအဖြစ်သာမက အတိတ်ကိုဖက်တွယ်ထားသော ပစ္စုပ္ပန်တွင် နေထိုင်ကာ အရှက်တရားနှင့်ရူးမိုက်မှုကို ရောစပ်မွှေထားသည့် လူမျိုးစုတစ်စု ဖြစ်လေသည်။ ထို့ကြောင့် အရာရာသည် မုန်းခြင်း၊ ချစ်ခြင်း၊ သိမ်မွေ့သော ကြမ်းတမ်းမှု၊ ကြင်နာသောရက်စက်ခြင်း ဟူသကဲ့သို့ ဆန့်ကျင်ဘက်များ ဒွန်တွဲလျက် ရှိနေသည်။ စာရေးဆရာ(Kipling)ကစ်ပလင်၏ အဆိုဖြစ်သော "အနောက်ကအနောက်၊ အရှေ့ကအရှေ့။ သူတို့နှစ်ခု ဘယ်တော့မှမဆုံတွေ့" ဟူသောအမြဲမှန်သည့် အဆိုတစ်ခုကိုပင် ဖောက်ခွဲဖျက်ဆီးလိုက်လေတော့ပြီ။ ၎င်းတို့၏ ရှေးလူရိုင်း လူ့အရိုင်းအစိုင်းများ၏ စိတ်နေသဘောထား သဘာဝကို ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမှုနှင့် မောက်မာမှုတို့ဖြင့် ရောစပ်မွှေပစ်လိုက်ကာ မြန်မာပြည်ကို အင်ပါရာမေဂျီ (Emperor Meiji)၏ တာဝန်ပေးချက်အရ "အလင်းရောင်ခြည်များပေးသနားအံ့"ဟု ကြွေးကြော်လျက် ရောက်ရှိလာကြလေပြီ။

မြန်မာပြည်ကား အာလ်ဖာရောင်ခြည်၊ ဘီတာရောင်ခြည်၊ ဂါမာရောင်ခြည် တို့အပြင် ထိုဆေးရောင်များရောစပ်ကာ ဖြစ်ပေါ်လာသောရောင်ခြည်များ၏ အလွှမ်းမိုးခံ ဖြစ်ခဲ့ရလေသည်။ ထိုအလင်းရောင်ခြည်တန်းများ၏ အကျိုးဆက်များအဖြစ် အမွှေပြုကျင့်ခြင်း၊ မခံသာအောင်ပြောခြင်း၊ ကဲ့ရဲ့ပြောဆိုခြင်း၊ စိတ်ဆိုးဒေါသထွက်စေခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ စိတ်ပူပင်ရစေခြင်း ပြင်းထန်သောဝေဒနာခံစားခြင်း၊ စိတ်နှလုံးကြေကွဲခြင်း၊ စိတ်ဓါတ်ကျဆင်းရခြင်းနှင့် အသက်သေဆုံးခြင်းတို့ ဖြစ်ပေါ်လာရလေတော့သည်။ ကင်ဆာ

အကျိတ်ကို စားသုံး ဖျက်ဆီးပစ်လိုက်နိုင်သည်ဟူသော ရေဒီယမ်သတ္တုအပ်များမှ ဖြစ်ပေါ်လာသော ဓါတ်ရောင်ခြည်ကဲ့သို့ ဂျပန်တို့ ပို့လွှတ်လိုက်သော အလင်းရောင်ခြည်တန်းများ။

၄

သည်မြန်မာပြည်လူပြည်သားတို့ကို ကိုယ်အားဖြင့်လည်းကောင်း၊ စိတ်အားဖြင့်လည်းကောင်း၊ ကိုယ်ကျင့်တရားအားဖြင့်လည်းကောင်း၊ စီးပွားရေးအားဖြင့်လည်းကောင်း၊ ယဉ်ကျေးမှုအားဖြင့်လည်းကောင်း၊ အစိတ်စိတ်အမွှာမွှာ ချေမွဖျက်စီးပစ်လိုက်တော့သည်။

ဤစာအုပ်ကိုရေးသားသူ စာရေးဆရာသည် သာမာန်ဗမာအမျိုးသမီးငယ်တစ်ဦး၏ အမြင်ထက်မပိုသော ၃နှစ်တာ ဂျပန်လက်အောက်အတွင်း သူမ၏ ကိုယ်တွေ့ဖြစ်ရပ်များကို ရေးသားခဲ့ရုံသာရှိပါသည်။ မှန်ကန်သောအကြောင်းအရာ၊ ရှုပ်ထွေးမှုမပါသည့် ပြည့်စုံသောရေးသားချက်များ ဖြစ်ပါ၏။ ဤစာအုပ်သည် သာမာန်မြန်မာလူမျိုးတစ်ဦး၏ ခံစားချက်များကို ရောင်ပြန်ဟပ်ပါသည်။ တစ်ဖက်တွင်လည်း သမိုင်းသုတေသီများအတွက် ဂျပန်ခေတ်သုံးနှစ်တာအတွင်း မြန်မာနိုင်ငံ၏ သမိုင်းဖြစ်စဉ်များနှင့် ပတ်သက်၍ မှတ်တမ်းမှတ်ရာ သဲလွန်စများကို ရရှိနိုင်ပါသည်။ ၃နှစ်တာ ဂျပန်ခေတ်အတွင်းက အဖြစ်အပျက်တွေကို လှစ်ဟပြထားသည့် ရေးသားချက်များတွင် ဗမာတစ်ပြည်လုံး စစ်အကျဉ်းစခန်းကြီးအဖြစ်သို့ ရောက်ရှိခဲ့ရပုံ၊ ရိုင်းစိုင်းဆိုးရွားနာဇီစခန်းများ၏ ရက်ဖွယ်မှတ်တိုင်များအဖြစ်ကို အလွယ်တကူသိမြင်လာရပေလိမ့်မည်။ ထိုအကျဉ်းစခန်းကြီးသည် နာမည်ဆိုးဖြင့်ကျော်ကြားသော "ရက်စရာ မော်ကွန်းကျောက်တိုင်များ" ဟု အမည်တွင်သည့် နာဇီအကျဉ်းစခန်းများထက်ပင် သာလွန်သောမှတ်တိုင်တစ်ခုဖြစ်ကြောင်းကို ဤစာအုပ်လေးတွင် တွေ့ရှိရမည်ဖြစ်ပါသည်။

**ဦးဘချို(ဒီးဒုတ်)**
ရန်ကုန် ၁၀-၈-၄၅

ဂျူနီယာဝင်း (မြန်မာပြန်သူ)


လန်ဒန်တက္ကသိုလ် အငြိမ်းစားမြန်မာစာပါမောက္ခ

**ဒေါက်တာလှထေ တရုတ်နိုင်ငံသွား နေ့စဉ်မှတ်စာတမ်း**

စာမူခွင့်ပြုအမှတ် ၈၁၁/၂၀၀၂(၉) ထွက်နေပါပြီ။
ဒေါင်းစာပေ၊ ၁၁၃/ ၃၃လမ်း(အလယ်)၊ ကျောက်တံတား၊ ရန်ကုန်။ ဖုန်း-၃၇၃၂၁၀


အတွေးအမြင်
၂၅နှစ် ပြည့် အထူးထုတ်

# ဒီးဒုတ်ဦးဘချိုနှင့် စာပေဝေဖန်ရေး

**မောင်မောင်အေး**

ဒီးဒုတ်ဦးဘချိုကို ပညာရှိသုခမိန်ဟု သိသူများပါသည်။ စာနယ်ဇင်းသမားများက မျိုးချစ်ပုဂ္ဂိုလ်၊ စွယ်စုံပညာရှင်ဟု ခေါ်ကြသည်။ ဝါဂီနစ်သမားတို့ကမူ ယင်းတို့၏ဆရာတစ်ဆူဟု မှတ်ယူကြပါသည်။ သို့သော် ဒီးဒုတ်ဦးဘချိုကို စာပေဝေဖန်ရေးသမားဟု သိသူနည်းလှပါသည်။

အမှန်စင်စစ် ဒီးဒုတ်ဦးဘချိုသည် သူကိုယ်တိုင်လည်း ဝေဖန်ရေးလုပ်သည်။ ဝေဖန်ရေးလုပ်သူ လူငယ်များကိုလည်း ပြုစုပျိုးထောင်ပေးသူ အားပေးကူညီသူ ဖြစ်ပါသည်။ မှန်ပါသည်။ ကိုနု(နောင်ဝန်ကြီးနိသခင်နု)နှင့် တက်ဘုန်းကြီးသိန်းဖေ (သိန်းဖေမြင့်)တို့သည် ဒီးဒုတ်စာပေရင်ပြင် (စာအုပ်တရားသူကြီးအခန်း)မှ ...င်ရှားလာသူများ မဟုတ်ပါလော။ ...ဇော်ဂျီ၊ မင်းသုဝဏ်စသော ခေတ်...မ်းသမားများလည်း ဒီးဒုတ်စာပေစင်မြင့်...တွင် အားယူခဲ့ကြသူများ ဖြစ်သည်)

ဆရာချိုသည် စာပေမြင့်မှ လူမျိုးတင့်မည်ဟု ယုံကြည်သူဖြစ်သည်။ စာပေမြင့်မားရေးအတွက် ဝေဖန်ရေးလုပ်ငန်းသည် မရှိမဖြစ် လိုအပ်သောအရာဖြစ်သည်။ ဝေဖန်ရေးအလင်းရောင်ရမှ စာပေပန်းကလေးများ ဖူးပွင့်ဝေဆာလာနိုင်သည် မဟုတ်ပါလော။ မြန်မာစာပေတွင် ဝေဖန်ရေးလုပ်ငန်းသည် အစောကတည်းကပင် ရှိခဲ့သည်။ ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရ တို့ခေတ်ကစသည်ထင်သည်။ တောင်းကိုမဖောက် တောင်ကို ဖောက်သည် စိန်ကျောက်အသွင် သီလဝင်ဟူ၍လည်းကောင်း၊ တောင်ကိုမဖောက် တောင်းကိုဖောက်သည် စူးဆောက်ပမာ

ရှုသောဟူ၍လည်းကောင်း ဆိုရိုးရှိခဲ့သည်ကို ကြည့်လျှင် သိနိုင်ပါသည်။

ဆရာချိုသည် စာပေနှံ့စပ်သူဖြစ်၏။ ရှေးဂန္ထဝင်စာပေများကိုရော ခေတ်ပေါ်စာပေများကိုပါ ပိုင်းခြားစိတ်ဖြာဝေဖန်လေ့ရှိသူဖြစ်သည်။ ခေတ်ပေါ်များထဲတွင် နာမည်ကျော် မစ္စတာမောင်မှိုင်းဘွဲ့ခံ ပရိုဖက်ဆာ ဆရာလွန်း၏ကဗျာများကို နက်နက်ရှိုင်းရှိုင်းလေ့လာ၍ လေးလေးနက်နက် ဝေဖန်သည်။ မှိုင်းကလည်း ချို၏ကျိုးကြောင်းပြဝေဖန်မှုကို အငြင်းမပွားကြိုဆိုသည်။ လက်ခံသည်။ ဆရာချိုသည် ခေတ်ပေါ်ကဗျာများကိုသာ အလေးထားလေ့လာသူမဟုတ်၊ ခေတ်ပေါ်ဝတ္ထုများကိုလည်း ထဲထဲဝင်ဝင် လေ့လာလိုက်စားသည်။ စေ့စေ့စပ်စပ် ဝေဖန်သည်။ ယင်းတို့အနက် ဒေါ်မြစိန်၏ "မိန်းမ" ဟူသော ဝတ္ထုလည်း အပါအဝင် ဖြစ်သည်။

ဒေါ်မြစိန်သည် ကိုလိုနီခေတ်က ခေတ်ပညာတတ်လောကတွင် အထင်ကရ အမျိုးသမီးတစ်ဦးဖြစ်သည်။ ဩဇာအရှိန်အဝါကြီးမားသည်။ ၁၉၃၁ တွင် မြန်မာပြည်ဆိုင်ရာ မျက်နှာစုံညီ အစည်းအဝေး လန်ဒန်မြို့၌ ကျင်းပသည်။ ဒေါ်မြစိန်သည် အမျိုးသမီးကိုယ်စားလှယ်အဖြစ် တက်ရောက် ဆွေးနွေးသည်။ သူသည် အမျိုးသားများသာ လွှမ်းမိုးနေသော နိုင်ငံရေး လောကတွင် အမျိုးသားများနှင့် ရင်ပေါင်တန်းကာ တက်ရောက်ဆွေးနွေးခဲ့သူဖြစ်သည်။ အာဂအမျိုးသမီးပါတကား။

ဒေါ်မြစိန်သည် ၁၉၀၄ ခုနှစ်ဖွား။ မော်လမြိုင်ဇာတိဖြစ်သည်။ ဖခင်မှာ ရန်ကုန်တက္ကသိုလ်တွင် မြန်မာတိုင်းရင်းသားများထဲမှ ပထမဦးဆုံး ဥပဒေပါမောက္ခ ဦးမေအောင် ဖြစ်သည်။ ရခိုင်အမျိုးသားတည်း။ မိခင်မှာမွန်လူမျိုး။ စစ်ကဲမောင်ထော်လေး၏ အဆက်အနွယ်ဖြစ်သည်။ မွေးချင်းသုံးယောက်အနက် အငယ်ဆုံးဖြစ်သည်။ အစ်ကိုများမှာ သာဒိုးအောင်ထွန်းလှအောင်။ ဒေါ်မြစိန်အသက် ၁၅ နှစ်အရွယ်တွင် ဆယ်တန်းအောင်သည်။ ၂၄ နှစ်အရွယ်တွင် ရန်ကုန်တက္ကသိုလ်မှ အမ်အေ(မဟာဝိဇ္ဇာ)ဘွဲ့ရသည်။ ထို့နောက် အောက်စဖို့တက္ကသိုလ်သို့သွားရောက်ပညာသင်သည်။ ဘီလစ်ဘွဲ့ရ သည်။ ဆရာဖြစ်သင် ဒီပလိုမာလည်းရခဲ့သည်။ (ဦးဖေမောင်တင်နှင့် မင်းသုဝဏ်တို့လည်း အောက်စဖို့မှ ဘီလစ်ဘွဲ့ရသူများဖြစ်သည်။)

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသောအခါ ကြည့်မြင်တိုင်နေရှင်နယ်ကျောင်းနှင့် မင်းကြီးကတော် ဒေါ်မြမေတည်ထောင်သော ဗုဒ္ဓဘာသာအမျိုးသမီးအထက်တန်းကျောင်းတို့တွင် ကျောင်းအုပ်ဆရာမကြီးအဖြစ် ဆောင်ရွက်သည်။

ဒေါ်မြစိန်၏ ဖခင်ဦးမေအောင်သည် စာပေသမားတစ်ယောက်ဖြစ်သည်။ မြန်မာပညာရှိ မစ္စတာမောင်မှိုင်းဘွဲ့ခံ ဆရာလွန်းကို များစွာကြည်ညိုလေးစားသူဖြစ်သည်။ မိမိအိမ်သို့ပင့်ဖိတ်၍ မြန်မာစာပေနှင့် မြန်မာရာဇဝင်ကို သင်ယူသည်။ တိမ်မြုပ်နေသော ချေင်းဟောင်း ၁၂ စောင်ကိုလည်း ဆရာလွန်း အကူအညီဖြင့် ဖွေဆောင်ဦးတည်းဖြတ် ထုတ်ဝေခဲ့သူဖြစ်သည်။ ထိုစဉ်က သမီးငယ် မေ ဒေါ် ဒေါ်မြစိန်သည် ကွမ်းကြိုက်တတ်သော ဆရာလွန်းကို "ဆရာကွမ်း"ဟု ချစ်စနိုးခေါ်ခဲ့သည် မဟုတ်ပါလော။ ဒေါ်မြစိန်သည် စာပေအသိုင်းအဝိုင်းကြားတွင် ကြီးပြင်းခဲ့ရသူဖြစ်သည်။ စာပေဝါသနာပါသူ ဖြစ်သည်။ ၁၉၄၀ တွင် စာနယ်ဇင်းလောကသို့ဝင်သည်။ အင်္ဂလိပ် မြန်မာနှစ်ဘာသာဖြင့် အမျှရှုပ်စုံဂျာနယ် ထုတ်သည်။ တာဝန်ခံအယ်ဒီတာလုပ်သည်။ သူ့ဖခင် ဦးမေအောင်က "သ-ဘားမင်း" ဟူသော အင်္ဂလိပ်သတင်းစာထုတ်ဝေခဲ့သကဲ့သို့ ဒေါ်မြစိန်ကလည်း"သ-ဗီးကော့"ဟူသော အင်္ဂလိပ်စာစောင်ထုတ်သည်။ ယဉ်ကျေးမှုစာစောင်ပါတကား။ ခေတ်ပြိုင်အမျိုးသမီးစာနယ်ဇင်းသမားများမှာ ဒဂုန်ခင်ခင်လေး အယ်ဒီပင်းဒင့်ဒေါ်စန်း၊ ဒေါ်မမခင်အမ်အက်စီ(ချိုကာဂို) စသည်တို့ဖြစ်သည်။

၁၉၃၉ ဒီဇင်ဘာတွင် မြို့မဦးအလှင် ဦးဆောင်သော တရုတ်မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် အရှေ့တိုက်ပြည်ချုံကင်းမြို့သို့ သွားရောက်သည်။ ဒေါ်မြစိန်က ဒုတိယခေါင်းဆောင်။ အဖွဲ့ဝင်များမှာ ဒီးဒုတ်ဦးဘချို၊ နဂါးနီသခင်နု၊ မစ္စတာဂန်ဂါဆင်နှင့် မစ္စတာဆောတိတ်လျောင်တို့ဖြစ်ပါသည်။

ဒေါ်မြစိန်သည် မြန်မာအမျိုးသမီး နေရှင်နယ်ကောင်စီဝင်ဖြစ်သည်။ အမျိုးသမီး အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ရှေ့တန်းကတက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သည်။ စာအုပ်စာတမ်းများလည်း ရေးသားပြုစုသည်။ သူ၏လက်ရာများအနက် "မိန်းမ" အမည်ရှိဝတ္ထုစာအုပ်သည် ထင်ရှားသည်။ ဤကြိုက်များသည်။ အမျိုးသမီးအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ဝတ္ထုဟန်ဖြင့် သရုပ်ဖော်ရေးသားထားခြင်း ဖြစ်သည်။ ဒီးဒုတ်ဦးဘချိုက ဝေဖန်ဆန်းစစ်ပေးသည်။ ယင်းဝေဖန်စာကို စာအုပ်နိဒါန်းအဖြစ် ဖော်ပြသည်။ (ဆရာချိုက ဒေါ်မြစိန်ထက် အသက်ကိုး နှစ်ကြီးသည်) ဆရာချို၏ ဝေဖန်ဆန်းစစ်မှုမှာ စိတ်ဝင်စားဖွယ်ကောင်းပါတကား။ လူငယ် စာပေသုတေသီတို့ အလွယ်တကူ လေ့လာနိုင်အောင် ပြန်လည် ဖော်ပြလိုက်ပါသည်။

× × ×

မန်လည် ဆရာတော်ဘုရားသည် "ဣတ္ထိတဲ့ ပုရိယာ၊ အစကမ္ဘာက၊ မည်သူမှာပြကတူး၊ ရှေ့ဦးဖြစ်လာ၊ ။သွေမလွဲပါနှင့်၊ ဝေခွဲတော့ဆွေဆရာငယ်၊ မှတ်ပါစေချင်လွန်း။ ။ဥဒါန်းငယ်ဆင်၊ လူ့တမ်းမှာ တစ်မူတင်ဖို့၊ ဇမ္ဗူတွင် ဘယ်မည်သူ့ရှေအောင်၊ ထိုးလိမ့်မော်ကွန်း" ဟူသော ပုစ္ဆာတစ်ရပ်ကို မင်းကွန်းဆရာတော်အား ရေးသားပေးပို့ရာတွင် မင်းကွန်းဆရာတော်က "ဣတ္ထိယတဲ့ ပုရိယာ၊ မဆွကမ္ဘာက၊ မိန်းမမှာ ပြကတူး၊ ရှေ့ဦးဖြစ်လာ။ ။သွေမလွဲပါဘူ၊ ဝေခွဲပေ့ါ ဆွေဆရာငယ်၊ မှတ်ပါစေချင်လွန်း။ ။ဥဒါန်းငယ်ဆင်၊ လူ့တမ်းမှာ တစ်မူတင်ဖို့။ ။ဇမ္ဗူတွင် ဘယ်မည်သူ့အောင်၊ ထိုးတော့မော်ကွန်း" ဟုအဖြေကို ရေးသား၍ ပြန်လည်ပေးပို့တော်မူလေသည်။

အထက်ပါ အဖြေမှာ အသီတိနိပါတ် မဟာဟံသဇာတ်တော်ကို ကိုးကား၍ ဖြေလိုက်ခြင်းဖြစ်လေသည်။ ဗုဒ္ဓဘာသာ ကျမ်းဂန်တို့အရ ဖြပ္ပာဘုံမှကံကုန်၍လည်းကောင်း၊ အသက်ကုန်၍လည်းကောင်း၊ စုတေခဲ့ကြကုန်သော ဖြပ္ပာနွယ်တူကမ္ဘာဦးလူတို့သည် ယောကျ်ား မိန်းမဟူ၍ မရှိ။ ပကတိသော အဆင်းကိုဆောင်ကြလျက် ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပကြကုန်သည်။ မြေဆီ၊ မြေနှစ်၊ မြေသင်းခဲ ပတာလတာနွယ်ချိုစသည်တို့ကို အဆင့်ဆင့်စားသောက်ကြရာ၌

ကိုယ်ရောင်ကိုယ်ဝါတို့ ကွယ်ပျောက်၍ အဆင်းဖောက်ပြန်ကုန်ကြလေသည်။ ထို့နောက် နတ်ကောက်သလေးဆန်များကို စားသုံးကြသောအခါ အာဟာရ၏ကြမ်းတမ်းခြင်းဖြင့် ရသဩဇာအားလုံး မဖြစ်နိုင်တော့ဘဲ ကိုယ်ခန္ဓာအတွင်း၌ ကျင်ကြီးကျင်ငယ်စသော အကြွင်းတို့ဖြစ်လေသည်။ ထိုအကြွင်းများကို စွန့်ပစ်နိုင်စိမ့်သောငှာ၊ သဘာဝဓမ္မအားဖြင့် ကမ္ဘာဦးလူတို့၌ ဝစ္စမဂ်၊ ပဿဝမဂ်စသည်တို့ ပေါ်လာရလျက် ယောက်ျားမိန်းမဟု ခွဲခြားဖြစ်ပေါ်လာကြကုန်သည်။ ဤသို့ဇာတ်ကွဲကြရာ၌ မိန်းမသည် ရှေးဦးစွာ ဖြစ်ပေါ်လာကြောင်းကို ဆိုလေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့၏ ကျမ်းဂန်အရ မိန်းမတို့သည် ကမ္ဘာဦး၌ ရှေးဦးစွာ ဖြစ်ပေါ်လာသော လူမျိုးဖြစ်၍ ကမ္ဘာ့အမိ ကမ္ဘာ့မိခင်ဟု ယူဆရလေသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ အလေးအမြတ်ပြုသော ဗုဒ္ဓဘာသာ အယူအဆဖြင့်ပင် ကမ္ဘာလောကကြီး၌ "မိန်းမ"ဟူသည် မည်မျှလောက် အရေးကြီးကြောင်းကို ထင်ရှားစေလေတော့သည်။

ဘာသာဝဓမ္မအားဖြင့် ဆင်ခြင်မည်ဆိုကလည်း ကမ္ဘာလောက၌ "မိန်းမ" ဟုဖြစ်ပေါ်လာရခြင်းသည် မျိုးနွယ်စဉ်ဆက် ဆက်လက်ပြန့်ပွားရေးသာလျှင် အဓိကလုပ်ငန်း ဖြစ်နေပေသည်။ မိန်းမ မရှိက ကမ္ဘာသူကမ္ဘာသားတို့ ရှိနိုင်ကြ တော့မည် မဟုတ်ဘဲ ကမ္ဘာကြီးသည် ဆိတ်သွားဖွယ်ရာသာ ရှိလေတော့သည်။ လူတို့၏ လောကကြီး၌ မျိုးနွယ်ပြန့်ပွားရေး သည် မည်မျှအရေးကြီးကြောင်းကိုလည်း အဆင့်အတန်း ပညတ်ချက်တို့ဖြင့်ကြည့် လျှင် အလွန်နိုင်းစိုင်း ရှုံ့ကြမ်းသည်ဟု ယူ ဆရမည်ဖြစ်သော မျိုးနွယ်ဆက်သွယ်ပြန့် ပွားခြင်းကိစ္စကို ပြီးစေသော မေထုန်ဆိုင် ရာ ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ကိုပင် ကိုး ကွယ်ပူဇော်သော အလေ့အလာများ ပေါ် ပေါက်ခဲ့ဖူးလေသည်။

"မိန်းမ"ဟူသော သတ္တဝါသည် လူ့လောကကမ္ဘာကြီးအတွင်း၌ ဤမျှ အရေးကြီး၏။ သို့ရာတွင် ဓမ္မတာသဘော အရပင် မိန်းမနှင့် ဆန့်ကျင်ဘက်ဇာတ်ဖြစ် သော ယောက်ျားတို့သည် မိန်းမတို့၏ အရေးကြီးခြင်းကို အသိအမှတ်မပြုလိုကြ၊ အသားမပေးလိုကြပေ။ မိန်းမနှင့် ယောက်ျားအားဏာလုသော စစ်ပွဲ၊ တန် ခိုးလုသော စစ်ပွဲကြီးသည် ကမ္ဘာဦးကစ၍ တိုက်ခဲ့ပေရာ ယခုအထိ တိုက်လျက်ပင် ရှိနေလျက် ရှေ့ကိုလည်း တိုက်သွားကြဦး မည်ပင်ဖြစ်ရာ ဤစစ်ပွဲသည် ကမ္ဘာ၏ အသက်နှင့်အမျှ ရှည်လျားမည့်စစ်ပွဲဟု ထင်မိပေတော့၏။ ဤစစ်ပွဲတွင် မိန်းမများ က အရေးသာသောခေတ်၌ အရေးသာ သော တိုင်းပြည်နိုင်ငံ ကမ္ဘာ့ဒေသတို့၌ မိန်းမတို့သည် ဩဇာအာဏာကြီးမားကြ လျက် အခွင့်အရေး ပိုမိုရရှိခဲ့ကြကုန်၏။ စစ်ရှုံးသောခေတ်၊ စစ်ရှုံးသော တိုင်းပြည် နိုင်ငံကမ္ဘာ့ဒေသတို့တွင် မိန်းမများမှာ အနှိမ်ခံခဲ့ရ၏။ အချုပ်အချယ်ခံခဲ့ရ၏။ ရံ ဖန်ရံခါလည်း ဤစစ်ပွဲကြောင့် မဟုတ်ဘဲ





...နးမများကိုယ်တိုင်ကပင် စစ်မတိုက်ခင်က အရှုံးပေးလျက် အညွှန့်ခံနေကြခြင်းဖြင့် အဆင့်အတန်း အထူး နိမ့်ကျသောဘဝတို့ ရောက်ခဲ့ကြ၏။ မိမိတို့အရေးကြီးကြောင်း ...မသိသဖြင့် အညွှန့်ခံခဲ့ခြင်းတို့အတွက် ...တို့မှ ဆင်းသက်ပေါက်ဖွားသော မျိုးစဉ် ...ယ်ဆက်တို့လည်း ညှိုးဖျင်းသောစိတ်ဓါတ် ...ပါရှိလျက် လူ့လောကတွင် အောက် ...န်းကျကာ လူစဉ်မမီသော တိုင်းပြည် ...ိုင် လူမျိုးတို့အဖြစ်သို့ ရောက်ရှိခဲ့ကြ၏။

...ရာကီပြည်၌ ရှေးကအိမ်တွင်းပုန်းရသော ...န်းမတို့သည် ယနေ့လေယာဉ်ပျံစီးလျက် ...စ်မှုထမ်းနေကြ၏။ တရားရုံးများ၌ တရား ...ကြီးများအဖြစ် ဆောင်ရွက်လျက်ရှိကြ ...၏။ တရုတ်ပြည်၌ ရှေးကခြေသေးမတို့ သည် ယနေ့ယောက်ျားတို့နှင့် တန်းတူ အခွင့်အရေးကို ရရှိကြလျက် သေနတ်ကို ...သ်း၍ ဂျပန်တို့အား ခုခံလျက်ရှိနေကြ၏။ ...ာလဗလလေ့ကျင့်မှုသည် တရုတ်အမျိုး သမီးများအတွက် မြန်မာအမျိုးသမီးတို့ အကျီပါးဝတ်မှုထက်ပင် ခေတ်စား၍နေ၏။ အနောက်နိုင်ငံများ၌ အမျိုးသမီးတို့သည် ...င်သည်မောင်ဖားတို့ စစ်တိုက်သွားရာ၌ ...နှံ့ထားခဲ့သော ယောက်ျားများအလုပ်ကို ...င်ရောက် လုပ်ကိုင်နေကြသည်သာမက ...စ်မှုများကိုပင် ထမ်းရွက်လျက် ရှိနေကြ ...ကုန်၏။

မြန်မာအမျိုးသမီးတို့ကား "မိန်း ...တို့ ကြက်ခြေခွပေးလို့မရ။ ခြေတစ်လှမ်း ...တစ်သန်းတန်သည်" စသောခေတ်မမီ ...သော စကားများကို ဌာနဌာန ကောသလ္လ ...ာက်မစေစားဘဲ အလွဲသုံးစားပြုလုပ်

**မိန်းမတို့၏ဇာတ်သဘာဝကို**
**မည်သည်ယောက်ျားမှ**
**ကုန်စင်အောင်နားလည်ခြင်း**
**မရှိကြချေ။**
**မိန်းမတို့ကို**
**ယောက်ျားတို့တကယ်သိသော**
**အသိတစ်ချက်မှာကား**
**အလွန်ထူးဆန်းသော**
**သတ္တဝါတစ်မျိုးဟူ၍သာ**
**သိကြပေ၏။**

လျက်ရှိနေကြ၏။ ခေတ်မီတိုးတက်မှု အရစ်ရစ်တို့တွင် တိုင်းပြည်နိုင်ငံကြီးပွားမှု တို့၌ အတုမယူဘဲ အလှပြုပြင်နည်း တစ်ခုတည်း၌ အထူးအတုယူနေကြ၏။

မြန်မာမိန်းမတို့ကား ခေတ်အလိုက် ကြမ်းရမည့်နေရာတို့၌ နုနေကြ၏၊ နုရမည့် နေရာ၌ကား ကြမ်းနေကြ၏။ အထက်တန်းမိန်းမတို့သည် ဝမ်းရေးအတွက်လည်း မပူပင်ရ၊ အိမ်မှုအတွက် အစေခံများရှိကြ ပေရာ အားလပ်သောအချိန်ကို မြင်းပွဲ၊ ဖဲ ဝိုင်းတို့ဖြင့် အချိန်ဖြုန်းနေကြ၏။ အလယ်အလတ်စားမိန်းမတို့ကား ရောင်းရေးဝယ် မှုတို့ဖြင့်လည်းကောင်း အလှပြုပြင်မှုဖြင့် လည်းကောင်း အချိန်ဖြုန်းနေကြ၏။ အောက်တန်းမိန်းမတို့ကား ပရိယေသန အတွက် နေ့ရောညပါ ရှာဖွေလုပ်ကိုင်ကြရ ၏။

မြန်မာပြည်မိန်းမများ၏ တိုး တက်ရေး အဆင့်အတန်းမြှင့်တင်ရေး

ခေတ်မီရေးသည် အလွန်ကြီးမားသော ပြဿနာကြီး တစ်ရပ်ဖြစ်ပေ၏။ ထိုပြဿနာကြီးကို ယောက်ျားများရှင်းရန်မှာ အလွန်ခဲယဉ်းလှ၏။ အကြောင်းသော်ကား မိန်းမတို့၏ ဇာတ်သဘာဝကို မည်သည့်ယောက်ျားမှကုန်စင်အောင် နားလည်ခြင်း မရှိကြချေ။ မိန်းမတို့ကို ယောက်ျားတို့ တကယ်သိသော အသိတစ်ချက်မှာကား အလွန်ထူးဆန်းသော သတ္တဝါတစ်မျိုးဟူ၍သာ သိကြပေ၏။ ထိုသို့သာလျှင် သိခြင်းကို မန်လည်ဆရာတော်ဘုရားစီရင်တော်မူသည့် မဃဒေဝလင်္ကာသစ်၌"မရှိမကောင်း၊ ရှိမကောင်းနှင့်၊ မပေါင်းလည်းခက်၊ ပေါင်းလည်းခက်၏" ဟူသောစာပိုဒ်က သက်သေခံလျက်ရှိနေပေ၏။

ယခုဒေါ်မြစိန်သည်"မိန်းမ" ဟူသော စာအုပ်တစ်အုပ်ကို ရေးထုတ်လိုက်ခြင်း၌ မိန်မတို့အကြောင်းကို မိန်းမတို့သာလျှင် သိနိုင်သောကြောင့် ဤစာအုပ်သည် မြန်မာမိန်းမတို့၏ အဆင့်အတန်းကို မြှင့်တင်ရေးတွင် အထူးအရေးပါအရာရောက်မည့် စာအုပ်တစ်အုပ်ဖြစ်ပေတော့မည်ဟု ယုံကြည်မိ၏။ မိန်းမတို့၏ ဓာတ်ယာယီကို သိရှိနိုင်သော မိန်းမကပင် ရေးသားသော စာအုပ်ဖြစ်ရကား မြန်မာမိန်းမတို့အား ပြုပြင်ပြောင်းလဲရေးကို အာဏာရှင်အနေ ဆရာအနေ ဩဝါဒပေးသကဲ့သို့ ရေးသားခြင်းမပြုဘဲ ဖတ်၍ ကောင်းလှသော စိတ်ဝင်စားဖွယ် ဝတ္ထု ဇာတ်သွားဖြင့် ရေးသားထားခြင်းမှာ နှိုက်နှုန်းဖွယ်ရာ ဖြစ်ပေသည်။ မြန်မာပြည်၌ ဤစာအုပ်မျိုး မပေါ်ဖူးသေးပေ။ ဤစာအုပ်သည် မိန်းမများအဆင့်အတန်းကို မြှင့်တင်၍ မိန်းမများကို ခေတ်မီအောင် ပြုပြင်ရန်သာ ရည်ရွယ်သည်မဟုတ်။ ယောက်ျားများကလည်း မိန်းမများအပေါ်၌ အထင်မသေးရန် ရေးသားထားသော စာအုပ်ပင်ဖြစ်ပေသည်။



× × ×

ဒီးဒုတ်ဦးဘချိုသည် အကြားအမြင်များသူ၊ ဗဟုသုတ ကြွယ်ဝသူပါတကား။ သူ၏အတွေးအမြင်များမှာ ကျယ်ဝန်းသည်။ နက်ရှိုင်းသည်။ ရင့်ကျက်သည်။ ဆရာချို၏စာသည် ဆရာချို၏စိတ်ဓါတ်ကို ထင်ဟပ်ဖော်ပြနေပါတကား၊ သူသည် အကြောင်းအရာတစ်ခုခုကို ခြေခြေမြစ်မြစ်လေ့လာ၍ ပိုင်ပိုင်နိုင်နိုင်ပြောနိုင်သူ ဖြစ်သည်။ တစ်ယူသန်မဟုတ်။ တစ်ဖက်စွန်းရောက် မဟုတ်။ နှိုင်းနှိုင်းချိန်ချိန်ပြောသည်။ မျှတသည်။ တရားသည်။ စာဖတ်သူတို့အား အကျိုးအပြစ်ကိုသာထောက်ပြသည်။ ဝေဖန်သည်။ မိမိကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားဆုံးဖြတ်နိုင်အောင် လမ်းဖွင့်ပေးသည့် သဘောသာ ပြုသည်။ ဆရာလုပ်သည့်သဘော၊ ဩဝါဒပေးသည့်သဘော မဟုတ်ပေ။ နှောင်းခေတ်စာပေသမားတို့ စံထားလောက်သော သူပါတကားဟု ယူဆမိပါသည်။

**မောင်မောင်အေး(စစ်ကိုင်း)**

အတွေးအမြင်

၂၅နှစ် ပြည့် အထူးထုတ်

# တစ်နယ်တည်းကပုဂ္ဂိုလ်ကျော်နှစ်ဦး

**ဆလိုင်းဝင်းအောင်**

**သောတာရုံဆရာတော်**
**အရှင်နန္ဒကာဘိဝံသ**

- သက္ကရာဇ် ၁၂၆၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်။ အင်္ဂါနေ့ (၂၇. ၂. ၁၉၀၀) ဖွားမြင်။
- စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ သနိုင်ရွာ။
- ခမည်းတော် ဦးဇောတိ၊ မယ်တော် ဒေါ်အုန်းလှိုင်။
- ၁၂၆၆ ခုနှစ် ပထမအကြိမ် ရှင်သာမဏေပြု၊ ၁၂၉၇ ခုနှစ်၊ ဒုတိယအကြိမ် ရှင်သာမဏေပြု။
- ၁၂၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်နေ့ ပထမအကြိမ် ရဟန်းအဖြစ်ခံယူ၊ ၁၂၈၁ ခုနှစ် နယုန်လပြည့်နေ့၌ ဒုတိယအကြိမ်၊ ၁၂၈၁ ခုနှစ် တပေါင်းလပြည့်နေ့၌ တတိယအကြိမ် ရဟန်းအဖြစ်ခံယူ။
- ၁၂၇၉ ခုနှစ် သက်တော် ၁၈ နှစ်တွင် ပထမကြီးတန်းအောင်မြင်
  ၁၂၈၇ ခုနှစ်၌ ပထမကျော်အောင်မြင်
  ၁၂၈၉ ခုနှစ်၌ သကျသီဟစာမေးပွဲခေါ် ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဘွဲ့ရရှိ
  ၁၃၁၂ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ၏ (ရွှေဦးစွာ) အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်ခံယူရရှိ

- ၁၃၁၅ ခုနှစ် ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင်
  (က) ဆဋ္ဌသံဂီတိဩဝါဒါစရိယသံဃနာယက
  (ခ) ဆဋ္ဌသံဂီတိဘာရ နိတ္ထာရက
  (ဂ) ဆဋ္ဌသံဂီတိပါဠိပဋိဝိသောဓက
  (ဃ) ဆဋ္ဌသံဂီတိဩသာနသောဓေယျ ပတ္တပါဌက အဖြစ်ထမ်းဆောင်ခဲ့
- ၁၃၃၇ ခုနှစ်၊ ပဲခူးမြို့၌ကျင်းပသော ဂိုဏ်းလုံးကျွတ်အစည်းအဝေးကြီးက ရွှေကျင်ဂိုဏ်းကြီး၏ဥပဥက္ကဋ္ဌ (ဒုတိယသာသနာပိုင်)အဖြစ် တင်မြှောက်ခြင်း ခံယူတော်မူခဲ့။
- ၁၂၉၁ ခုနှစ်၊ သက်တော် ၃၀ မှစ၍ ကျမ်းစာများကို စတင်ပြုစုတော်မူခဲ့၊ ၁၂၉၃ ခုနှစ်တွင် ပထမဦးဆုံးကျမ်းစာပြီးစီး။
- ၁၃၃၈ ခုနှစ်၊ တန်ဆောင်မုန်းလတွင် "နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ" ကျမ်းစာပြီးစီးလျှင် "တစ်ဘဝသံသရာ" အမည်ဖြင့် ထေရုပ္ပတ္တိကို ကိုယ်တိုင်ရေးသားတော်မူခဲ့ နိုင်ငံတော်စာသင်ကျောင်းများ၌ သင်ကြားရန် မူလတန်းဗုဒ္ဓဘာသာလက်စွဲခေါ် သင်ခန်းစာများရေးသားခဲ့၊ ပြုစုခဲ့သော ကျမ်းစာအုပ်ပေါင်း ၇၀ ကျော်ရှိ
- သရိုင်ရွာ ပင်းကျောင်းဆရာတော်၊ မြောင်းမြဆရာတော်၊ စစ်ကိုင်းပထမဂန္ဓာရုံဆရာတော်၊ ဒုတိယမဟာဂန္ဓာရုံ ချမ်းအေးဆရာတော်၊ ပခုက္ကူ မဟာဝိသုတာရာမ အလယ်တိုက် ဆရာတော်ဦးပညာ၊ ဆရာတော်သုန်ဦးနန္ဒဝံသ၊ အဘယာရာမ ဆရာတော်တို့ထံတွင် ပရိယတ္တိစာပေတို့ကို သင်ယူခဲ့
- ၁၃၀၃ ခု၊ ဝါဆိုဦး (၁၉၄၁-၄၂) ဂျပန် စစ်တပ်များ၊ မြန်မာပြည်သို့ ဝင်ရောက်သိမ်းပိုက်မည့်နှစ်တွင် ယခုလက်ရှိ အမရပူရ မဟာဂန္ဓာရုံ ကျောင်းတိုက်နေရာသို့ ပြောင်းရွှေ့သီတင်းသုံးတော်မူ၊ ပြောင်းရွှေ့လာစဉ်က သံဃာတော် ၅ ပါး သာရှိ၊ ပျံလွန်တော်မူချိန်တွင် သံဃာတော် ၅၀၀ ကျော် သီတင်းသုံးလျက်ရှိ။
- ၁၃၃၉ ခုနှစ်၊ သက်တော် ၇၈ နှစ်အရောက် နတ်တော်လပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့ (၂၇. ၁၂. ၁၉၇၇) ညနေ ၄ နာရီ မိနစ် ၃၀ တွင် တစ်ဘဝအတွက်ငြိမ်းတော်မူ
- ကမ္ဘာကျော်ဆောင်ပုဒ်မှာ "စိတ်ကောင်းရှိဖို့ကပထမ"

**မဟာစည်ဆရာတော်**
**အရှင်သောဘန**

- သက္ကရာဇ် ၁၂၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်၊ သောကြာနေ့ (၂၉. ၇. ၁၉၀၄) ဖွားမြင်။
- စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ရွာ။
- ခမည်းတော် ဦးကံတော်၊ မယ်တော် ဒေါ်ရွှေအုပ်။
- ၁၂၇၈ ခုနှစ် ရှင်သာမဏေပြု



- ၁၂၈၆ ခုနှစ်တွင် ရဟန်းအဖြစ်ခံယူ
- ၁၃၀၃ ခုနှစ်တွင် သာသနဓဇသီရိပဝရဓမ္မာစရိယဘွဲ့ တံဆိပ်တော်ရရှိ။ ၁၃၁၉ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော် ခံယူရရှိ။
- ၁၃၁၅ ခုနှစ် ဆဋ္ဌသင်္ဂါသနာတင်ပွဲတွင်
  (က) ဆဋ္ဌသင်္ဂီတိပုစ္ဆက
  (ခ) ဆဋ္ဌသင်္ဂါယနဩသာနသောဓက
  (ဂ) ဆဋ္ဌသင်္ဂါယနာဝန်ဆောင်အဖွဲ့ အဖြစ် ထမ်းဆောင်ခဲ့
- နိုင်ငံတော်ဩဝါဒစရိယတာဝန်ကိုလည်း ဆောင်ရွက်တော်မူခဲ့၊ သုဓမ္မာဂိုဏ်း
- ၁၃၀၅ ခုနှစ်တွင် စီရင်ရေးသားတော်မူသော "ဝိပဿနာရှုနည်း" ကျမ်းကြီးနှစ်တွဲသည် ကျော်စောထင်ရှား၊ ဝိသုဒ္ဓိမဂ် မြန်မာပြန် လေးတွဲသည်လည်း ကျော်စောထင်ရှား၊ဆက်လက်ပြုစုသော ကျမ်းများနှင့် ကျမ်းစာအုပ်ပေါင်းမှာ ၇၀ ကျော်ရှိ
- ငယ်ဆရာများနှင့်တကွ မန္တလေးမြို့ အနောက်ပြင် ခင်မကန်တိုက်၌ ကျော်စောသော ဆရာတော်တို့ထံ ပရိယတ္တိကျမ်းဂန်များ သင်ယူဆည်းပူးခဲ့၊ သထုံမင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီးထံ ပဋိပတ်ကို နည်းခံကျင့်ကြံအားထုတ်ခဲ့
- သိက္ခာတော် ၂၅ ဝါရသည်အထိ ဆိပ်ခွန်ရွာ မဟာစည်ကျောင်းနှင့် မော်လမြိုင်တောင်ဝိုင်းကလေး တိုက်ကျောင်းတို့တွင် အခါအားလျော်စွာ သီတင်းသုံးနေထိုင်တော်မူ၊ ၁၃၁၁ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့ (၁၀. ၁၁. ၁၉၄၉) တွင် ရန်ကုန်မြို့ ဗုဒ္ဓသာသနာ့ရိပ်သာသို့ရောက်ရှိ ၁၃၁၁ ခုနှစ် နတ်တော်လပြည့်နေ့ (၄. ၁၂. ၁၉၄၉) မှစ၍ ယောဂီများအား ဝိပဿနာတရားဟောကြားပြသ ရိပ်သာ၏အမည်သည်"မဟာစည်သာသနာ့ရိပ်သာ" ဟုတွင်ခဲ့၊ သက်တော်ထင်ရှားရှိ စဉ် ရိပ်သာခွဲပေါင်း ၃၀၀ ကျော်၊ ကမ္ဘာ အရပ်ရပ်တွင်လည်း သာသနာပြုရိပ်သာခွဲများ တည်ထောင်ပေးတော်မူခဲ့
- ၁၃၄၄ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက် စနေနေ့ (၁၄. ၈. ၁၉၈၂) သက်တော် ၇၈ နှစ်တွင် စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူ
- ကမ္ဘာကျော်ဆောင်ပုဒ်မှာ "မနာလိုကင်း၊ ဝန်တိုရှင်း၊ လက်ငင်းချမ်းသာကြရမည်"

(မဟာဂန္ဓာရုံ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၏
တစ်ဘဝသံသရာဖြစ်စဉ်အကျဉ်းနှင့်
ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏
ထေရုပ္ပတ္တိအကျဉ်းတို့မှ
အချက်အလက်များကို ကိုးကားပါသည်။)

**ဆက်းဝင်းအောင်**

အတွေးအမြင်
၂၅နှစ်ပြည့် အထူးထုတ်

# မြစေတီရဲ့ ပျူသဒ္ဒါ

မောင်သာနိုး

ပျူစကားဟာ ကချင်စကားလိုပဲ မြန်မာစကားနဲ့ ညီနောင်တော်တယ်။ ဝေါဟာရတွေတူသလို သဒ္ဒါပုံစံတူတာတွေရှိသလို မတူတာတွေလည်းရှိတယ်။ ပျူသဒ္ဒါမှာ အခြားသဒ္ဒါများလိုပဲ နာမ်ပုဒ်စု၊ ကြိယာပုဒ်စု နှစ်ပိုင်း ပါတယ်။ နာမ်ပုဒ်စုမှာ ရှေ့ကနေတဲ့ နာမဝိသေသနတွေပါပြီး နောက်ကနေရတာတွေလည်း ပါတယ်။ ကြိယာမှာ ရှေ့ဆက်ပါရပြီး ကြိယာထောက်တွေက နောက်ကပါရတယ်။ အဲဒီပုဒ်တွေ မလေ့လာမီ ကျောက်စာမှာတွေ့သမျှ စကားလုံးတွေ ရေးချကြည့်ရအောင် -

**နာမ်များ**
ဥ-မိမိ
ဥမိ-အမည်
ဥဒေါ့-သူ၊ ယင်း
ဥဝေ့ဝါ-မိဖုရား
ကုံ-နောင်
ကုငွေးဗြော-ကျေးဇူး
ဂေါ-ဂူ
ဆဟး-ဆင်းတု၊ ပုံတူ
ပေါ့-သူ၊ ယင်း၊ ထို
တွ-မင်း၊ ဘုရင်
တျှ-ရေ
တြ-ကျွန်
တြဗံး-ဆရာတော်
ထ-ရွှေ
ဒြ-လည်ဆွဲ
[illegible]-နှစ်ဆယ်
ပ်ဌ-အကြောင်း၊ အထောက်အပံ့
ပ်ဌိ-မြေး
ပြိုး-မြို့၊ ပြည်



[illegible]ဆိး-ဖူးရခြင်း
[illegible]-ဗုဒ္ဓ
[illegible]-ပုံ
[illegible]-ပြတိမာ၊ ဆင်းတု
[illegible]-အချိန်၊ အခါ
[illegible]-အရှင်
[illegible]-မယား
[illegible]-မြလူ၊ လူစိမ်း
[illegible]-ယင်း၊ အဲဒီ
[illegible]-ရွာ
[illegible]-အခါ၊ အချိန်
[illegible]-သံယ
[illegible]-သား
[illegible]-အထွတ်
[illegible]-အဆွေ
[illegible]-နှစ်
[illegible]-သေခြင်း
[illegible]-သုံး
[illegible]-ရှစ်
[illegible]-ရော၊ အခါ၊ အချိန်

**နာမ်ရှေ့ဆက်များ**
[illegible]-ထို
[illegible]-မြတ်၊ အပယ်
[illegible]-ယင်း၊ ဒီ၊ ဤ

**နာမ်နောက်ဆက်များ**
[illegible] ရဲ့
[illegible] အား
[illegible] တွင်၊ ၌၊ ကို
[illegible]
[illegible] ဒီ
[illegible]-ဒုံ၊ တီ၊ ဒီ
[illegible] နဲ့

**နာမ်အချဲ့စကားလုံး**
တွော-တို့ (ဗဟုဝုစ်)

**ကြိယာများ**
ငု-ပြော၊ ဆို
ဆ-ချ
ဆီ-နှိပ်စက်၊ ဖျက်ဆီး
ဆေ-စေ၊ ခိုင်း
ဆဲ-ချ၊ သွန်း
ညိုဆိ-ညှဥ်းဆဲ
တဒ်-လွန်၊ ပြီး
တု-ထုလုပ်
တုး-ပေးအပ်
တူ၊ တွိ-ပြော
တွ-ပုံ၊ ပေးအပ်
တွံး-လွန်
ဒိ-လှူ
ပ-ရှင်ပျ
ပ်း-ပေး
ပ်ဌ-ထောက်ပံ့၊ ကူညီ
ပ်ဝ္ဍူ-ဝင်၊ ရောက်
ဗူး-ပြု၊ မူ
ဗြောမ္ဒ-ဘေးပြု၊ နှိပ်စက်
မွှော်-ကျေးမွေး
မွော်-အောက်မေ့
ရိုပ-ရှင်ပျ
သံး-ပြော
သိ-ဖြစ်
သေ-ပြု
သျှ-ညွတ်၊ ရှေ့ရှု
သွပန-ဌာပနာ
ဟ-ကောင်း
ဟိ-သေ
ဟော-ယူ
ဟွိ-နာဖျား

ဟ်ဋ္ဌော-လှျ

**ကြိယာရှေ့ဆက်**

ဂ-ရင်

ဗိဝး-တယ်၊ သည်

မ-မ (ငြင်းပယ်)

**ကြိယာနောက်ဆက်**

ကျ-ကာ

ဆော-သော်၊ သတည်း

ချ ဒ-ခဲ့၊ တော့

တဒ်-ပြီး၊ အခါ

တွ-လို့၊ ရကား

ဗတွ-ပြီး၊ တော့၊ ၍

မ-တဲ့၊ သော

**ကြိယာထောက်**

ဆော-ခဲ့၊ စေ

တု၊ တေား-တုံ

ပြ-လွန်၊ လှ

**နိပါတ်ပုဒ်**

ဆော-သော်၊ တည်း

တျှ-တမူ၊ ကတော့

ဋ္ဌေ-လေ၊ လည်း

**နာမ်ရှေ့မှာ အညွှန်းတွေ၊ နာမဝိသေသနတွေ၊ နာမ်တွေ ရှိနိုင်တယ်။ နောက်ဆုံးမှာမှ နာမ်နောက်ဆက် ရှိတယ်။**

ပျူစကားမှာ နာမ်ရှေ့စကားလုံးတွေနဲ့ နာမ်တွဲတာကို ဒီကျောက်စာမှာ တွေ့ရတာတွေကတော့-

ပေါ ဗံ မယဝး-ထိုပယ်မယား

ပေါ တွ - ထိုမင်း

ပေါ ဗံ တွ - ထိုအရှင်မင်း

ပေါ ဗံး ဗူစ - ထိုအရှင်ဗုဒ္ဓ

ပေါ ဂေါ - ထိုဂူ

ပေါဋ္ဌော - ထိုရှော်၊ ထိုအခါ

ပေါတြဗံး သယ တွော - ထိုအရှင်သံယာ တို့

တွတုဗံး - အရှင်မင်းမြတ်

ဗံး ဥဝေါ့ မယဝး - ပယ်မယား မိဖုရား

ဗံး တွ - အရှင်မင်း

ယံ ဗံး ဗူစ ထ - ယင်းအရှင်ရွှေဗုဒ္ဓ

ယံ ဗံပြထ - ယင်းအရှင်ရွှေဘုရား

ယံတြရောဟော - ယင်းကျွန်သုံးရွာ

ယံဗံမယး-ယင်းပယ်မယား

ယံ ဗူစ ဂေါ - ယင်းဗုဒ္ဓဂူ

**နာမ်နဲ့နာမ်နောက်ဆက် အသုံးတွေကတော့**

အရိမေဒယ ဒုံ ဗဝး-အရိမေတ္တေယျထံမှာ

ဥဒိ - မိမိကို

ဥဒေါ့ဒ - သူရဲ့

က်ဋ္ဌေ ဖြော ဒိ - ကျေးဇူးကို

ဂေါဥ - ဂူရဲ့

ပေါဥ - ထိုရဲ့

ပေါ တွ တော ဥ - ထိုမင်းမြတ်ရဲ့

ဒိဆိဝးဒိ - ဖူးခြင်းကို

ဗံး ရူ သး - အရှင့်ကိုယ်စား

မျှ ကုံး ဒူ - နောင်အခါမှာ

မဗူး ဗံ ဥဝံ - အရှင်မြတ်ကို

မယဝးဥ - မယားရဲ့

ယံ တိ - ယင်းမှာ

ယံတြရောဟော ဒိ -ယင်းကျွန်သုံးဝးရွာကို

ယံန - ဒီလို၊ ဒီနည်း

ယံ ဗူစ ဥဝံ - ယင်းဗုဒ္ဓအား

ယံ ဗူစ ဂေါ ဥဝံ - ယင်းဗုဒ္ဓဂူအား

ရာဇဂုမ ဥဝံ - ရာမကုမာရ်ကို



သယတွော့ဥ - သံယာတို့ရဲ့

သိဥ - သေခြင်းရဲ့

**နာမ်ပုဒ်စုနောက်မှာလည်း နာမ်နောက်ဆက်လိုက်တယ် -**

ဒုံး ဟ်ဋ္ဌီး တော မ ဒိ - ငါ လှူခဲ့တာကို

ဒုံး ဗိပံး ဆေနတိ - ပေးစေရေးမှာ

ထူးခြားချက်ကတော့ ပျူမှာ ကတ္တားနောက်ဆက်ရှိပုံ မရတာပါပဲ။ နာမ်ကို ဒီအတိုင်းပဲ ကတ္တားပုံစံ သုံးပါတယ်။ တစ်နည်းသုညနောက်ဆက် သုံးတယ်ပေါ့။ ကံကိုလည်း ရံဖန် သုညသုံးတယ်။

ဒို ဗိဝး တွံ - နှစ်လွန်တယ်

ဒိဝးသိ ဥ မိ၊ ဥမိ ဗိဝးသိ- အမည်ဖြစ်တယ်

ဒုံး မယး ဗိး ဟိ -ပယ်မယားသေတယ်

ဒုံး တွ ဗိး ရိုပ - အရှင်မင်း ရှင်ပျံတယ်

တွ တု ဗံး ဗိ ဆ တော တျှ - အရှင် မင်းမြတ် ရေသွန်းခဲ့တယ်

တြ ရောဟောဗိ ပံးတော - ကျွန်သုံးရွာပေးတယ်(ကံ)

ပြဒိမ ထ တု ဗိး သေ - ရွှေဆင်းတု လုပ်စေတယ်

**ကြိယာပုဒ်စုများ**

မြန်မာစသည်နဲ့ မတူ၊ ပျူမှာ ကြိယာရှေ့က အဆက်ထည့်ရတယ်။ မြန်မာ 'ဖြစ်' နောက် 'တယ်'→'ဖြစ်တယ်၊ ကချင် 'ရယ်' နောက် 'အာဒိ'→' ရယ် အာဒိ'။ ပျူမှာ 'သိ' (ဖြစ်) ရှေ့က 'ဗိဝး' (သည်) ထည့်ပြီး 'ဗိဝးသိ' လုပ်ရတယ်။ ကြိယာထောက်က ကြိယာနောက်ကလာတယ်။ 'ဗိဝးသိတော' ဖြစ်ခဲ့တယ်။ ဝါကျချင်းဆက်လိုမှ ကြိယာနောက်ဆက်ကို ကြိယာနောက်က သုံးတယ်။

ဗိးငု- ပြောတယ်

ဗိးဆတော-သွန်းချခဲ့တယ်

ဗိးဆောကျ-လုပ်စေကာ

ဗိးတဒ်-လွန်တယ်

ဗိးတုး တျှ ဋ္ဌော - အပ်တဲ့အချိန်ရော်

ဗိး တွိ တော - ပြောခဲ့တယ်

ဗိးဒိဒ် - လှူတယ်ပါ

ဗိးဒိဆော- ရင့်ကျူးရဲ့

ဗိးပံး-ပေးတယ်

ဗိးပံးတော-ပေးခဲ့တယ်

ဗိးမွှော်-မွေးကျွေးတယ်

ဗိးမွှော်မ-မွေးကျွေးတဲ့

ဗိးမွော်-အောက်မေ့တယ်

ဗိးရိုပ ဒုံ - ရှင်ပျံလို့

ဗိးသိ - ဖြစ်တယ်

ဗိးသေ-လုပ်တယ်

ဗိးသံ-ပြုတယ်၊ မိန့်တယ်

ဗိးသွပန-ထာပနာတယ်

ဗိးညီ-စိုးစံတယ်

ဗိးဟိ-သေတယ်

ဗိးဟိတဒ်-သေတဲ့အခါ

ဗိးဟို ဟ်ဝ ငိုး-နာဖျားတယ်

အာမေဒိတ်အနက်မှာတော့ နောက်ဆက်၊ ဝါ၊ နိပါတ်ပုဒ် 'ဆော' ကို သုံးတယ်။

ပံးဆေဆော-ပေးစေပေါ့

ဟပြဆော-ကောင်းလေစွ

'ဆော'လည်း သုံး၊ 'ဒိ'လည်း သုံးတာလည်း ရှိတယ်။

ဗိးဒိဆော-မိန့်ရဲ့၊ ရင့်ကျူးရဲ့

ငြင်းပယ်အနက် 'မ'ကို သုံးတာ တစ်နေရာပဲ တွေ့ရတယ်။

မပံးဆေဆော-မပေးစေသော်

'ခဲ့ရင်'လို့ အဓိပ္ပာယ်ရတဲ့ 'ဂ'စကား

လုံးက အင်္ဂလိပ်၊ ပါဠိတို့လို ဝါကျရှေ့က လာတာတွေ့ရတယ်။ (IF,သစေ)
ဂ ညှိဆိ - ညှဉ်းဆဲရင်
ဂ ဗြောမှု မတင့်ဖူး-ဖျက်ဆီးတယ်လို့ဆိုရင်

ပျူရဲ့ကတ္တား ကံ အနေအထားက မြန်မာ ကချင်တို့နဲ့ မတူ၊ ရုံဖန် ကြိယာ နောက်က ကံ လာတယ်။ အမြဲတော့ မဟုတ်ဘူး။
ဗီး ပံး တုး ဗံး မယဝးဉသဝး ရဇဂုမ ဉဝံ - ပေးတုံတယ်
ပယ်မယား သား ရာဇကုမာရ်ကို → ပယ်မယားသား ရာဇကုမာရ်ကို ပေးတုံတယ်
ဗီး ဆ တေား တျူ - သွန်းချတယ် ရေ→ ရေ သွန်းချတယ်
ဗီး ဩပန ဗူမ ထ - ဌာပနာတယ် ရွှေ ဗုဒ္ဓ → ရွှေ ဗုဒ္ဓကို ဌာပနာတယ်
ဗီး ဆေ ဂေါ ဉ ဩဘာ ထ - ပြုစေတယ် ရွှေအထွတ်ကို → ဂူရဲ့ ရွှေအထွတ်ကို ပြုစေတယ်
ဗီးငု 'ဟပြဆော'- မိန့်တယ် ကောင်းလေစွ → 'ကောင်းလေစွ' မိန့်တယ်

ပျူမှာ နာမဝိသေသနဟာ နာမ် နောက်က နေတာများတယ်။ ဥပမာ-
တောဗြဒိမ ထ - ပုံရုပ်တုရွှေ = ရွှေပုံရုပ်တု
ဗူမထ - ဗုဒ္ဓ ရွှေ = ရွှေ ဗုဒ္ဓ
ဗြ ထ - ဘုရားရွှေ = ရွှေဘုရား
ဩဘာထ - အထွတ် ရွှေ = ရွှေအထွတ်
ဩ ကုး-အခါနောင်= နောင်အခါ
ဒါပေမဲ့ နာမ်က ဆင်းသက်လာတဲ့ နာမဝိသေသနကိုတော့ နာမ်ရှေ့က ထား တာ များတယ်။
ပေါ ဂေါ - ထိုဂူ
ပေါ တွ - ထိုမင်း
ဗံး တွ - အရှင်မင်း
ဗံး ဉ ဝေါ့ မယဝး - ပယ်မယာဝးမိဖုရား
ယံ ဗူမ ဂေါ - ယင်းဗုဒ္ဓဂူ
ယံဗြရောဟော - ယင်းကျွန်သုံးရွာ

နာမဝိသေသနပုဒ်စုကို ရုံဖန်၊ မွန်မှာလည်း တွေ့ရတဲ့ 'မ' ကို သုံးပြီး ရုံဖန် ပုဒ်စုနှစ်ခု ဒီတိုင်းတွဲယှဉ်လိုက်ပြီးပဲ သုံးတယ်။
ဥဗိ ဗိဝး မွော မ ပေါ တွ - မိမိကို မွေးကျွေး ခဲ့တဲ့ ထိုမင်း
ယံ မ ဂံ ပြဖူး - ငါ လုပ်တဲ့ဒီဟာ
ဂံ ဟ်ဦး တေား မ ဒီဝံ - ငါ လှူခဲ့တဲ့ဟာကို
မယး ဉ သဝး ရဇဂုမ ဗိဝးသိ ဉမိ မ - ရာဇကုမာရ်အမည်ဖြစ်တဲ့ ပယ်မယားသား (ကြောင်းရေ ၁၈-၁၉)
ဒါတွေမှာတော့ ဘာနောက်ဆက်မှ မပါဘူး။
ဗံ မယး ဉ သား ရဇဂုမ ဗိဝးသိ ဉမိ - ရာဇ ကုမာရ်အမည်ဖြစ်တဲ့ ပယ်မယား သား (ကြောင်းရေ ၈)
ယံ ဗြ ရောဟော: ဗီး ပံး မဗူး - အရှင် ပေးတဲ့ ယင်းကျွန်သုံးရွာ

ရာဇကုမာရ် ပျူ ကျောက်စာဟာ မြန်မာ မူကို ကြည့်ပြီး ဘာသာပြန်ထားတာ လို့ ယူဆရတယ်။ ဒါကြောင့် မြန်မာ ဟန် ပါနေနိုင်ပါတယ်။ ဒါပေမဲ့ ပျူ စကားပုံစံကို ထိန်းထားပါလိမ့်မယ်။ မြန်မာလိုပဲ ဝါကျ နှစ်မျိုးတွေ့ရတယ်။ ဝါကျရိုးနဲ့ ဝါကျနှော။

**၁ ဝါကျရိုး**

က) ဩိတြိဘုဝနဒိတျ ဓေရဇ ဉမိ ဗိ သိ [S + SC + V] (သီရိတိဘုဝနဓမ္မရာဇ အမည်ဖြစ်တယ်) (ကတ္တား + အဖြည့်ပုဒ် - ကြိယာ)
ခ) ဉဝံ ဗြ ရောဟော ဗိ ပံး တော။ [IO - DO + V] သူ့ကို ကျွန်သုံးရွာပေးခဲ့တယ် (ကံ + ကံ + ကြိယာ)

**၂ ဝါကျနှော**

က) ဒထဂဒ ဗဒေါဗံ ဗိ ဝ်ဠျူ သ္လူ ဒ -- ဒို့ ဗိ တွံ ထ ဒံ ယံ တိ ဦ ရိုမဓနဗူ ဉ မိ ဒိသိ [Adv Clause of Time + Adv + S x SC x V]
(ဘာဂဝတ သာသနာ ကောင်းစွာရောက် ဒို့ --နှစ် လွန်တော့ ဒီမှာ အရိမဒ္ဒန ပြည် အမည်ဖြစ်တယ်)
ခ) ယံ ဗြ ရော ဟော ဗိ ပံ မဗူ ယံ ဗံ ဗြ ထ ဉဝံ ပံ ဆေ [DO + Adj Clause - IO x V] သခင်ပေးတဲ့ ယင်းကျွန်သုံးရွာ ယင်း ရွှေဘုရားအား ပေးစေ။
ဂ) ပေါ ဠော ဗံ တွ ဗိ ရိုပ ဒံ ဗိ ငု - 'ဟ ပြဆော၊ ဟပြဆော' ဗိသိ။ [Adv + Adv Clause + SxV + DO] ဒီတော့ မင်းမြတ် ရွှင်ပျပြီးမိန့်တယ် - 'ကောင်းလှချည့်၊ ကောင်းလှချည့်' တဲ့။
ဃ) ယံ ဗြ တိ/ ဒူ ကုံး ဒ/ ဝိသဋေ/ ဂိ ဝ်ဋိ ဋေ/ဂိဩ ဋေ မြဇဟ္မဋေ
DO Adv ADV CL [ S, S, S
ယံ ဗူမ ဉဝံ/ဂံ ဟ်ဦတော မ ဒီ/ဂ ဟ ဆိ/ ဂ ဗြော မှု မတင့်ဖူ၊
DO Adj Cl Adv Cl Adv Cl]
ယံ ဗံ ဗူမ အရိမေဒေယ ဒုံ/ဗဒိဆိ တိ တျူ/မပံဆေဆော။
Do Do V
ယင်းကျွန်ကို နောင်အခါမှာ ငါ့သားဖြစ်ဖြစ်၊ ငါ့မြေးဖြစ်ဖြစ်၊ ငါ့အဆွေဖြစ်ဖြစ်၊ လူစိမ်းဖြစ်ဖြစ်၊ ယင်းဗုဒ္ဓကို ငါလှူတာကို ညှဉ်းဆဲ၊ အန္တရာယ်ပြုတယ်ဆိုရင် ယင်း အရိမေတ္တေယျ ဗုဒ္ဓ ဖူးမျှော်ခွင့် မရစေ သော်။

**မောင်သာနိုး**


မြန်မာအကြောင်း အင်္ဂလိပ်လို ရှင်းပြချင်လျှင်

ဒေါက်တာလှဘေ
အငြိမ်းစား မြန်မာစာပါမောက္ခ (လန်ဒန်တက္ကသိုလ်) ရေး
ဒေါက်တာတင်လှိုင် မြန်မာပြန်

The Myanmar Buddhist:
His Life from the Cradle to the Grave

မြန်မာဗုဒ္ဓဘာသာတစ်ယောက်၏ဘဝ၊
ပုခက်တွင်းမှသည် ဂူတွင်းအထိ

(အင်္ဂလိပ်+မြန်မာ)

စာမူခွင့်ပြုအမှတ် ၃၂၄/၀၃/ (၁၀) ထွက်နေပါပြီ။
ဒေါင်းစာပေ၊ ၁၁၃/ ၃၃လမ်း(အလယ်)၊ ကျောက်တံတား၊ ရန်ကုန်။ ဖုန်း-၃၃၃၂၁၀

အတွေးအမြင်

၂၅နှစ်ပြည့် အထူးထုတ်

# စိတ်ဘာသာဗေဒနိဒါန်း

မောင်ခင်မင်(ဓနုဖြူ)



**အခြေခံတက္ကမ္ဘများ**

လူတို့၏ ယုံကြည်မှုများ၊ ပြုမူဆောင်ရွက်မှုများတွင် ဆက်စပ်ယှက်နွယ်နေသော ဘာသာစကား[၁]၏အခန်းကဏ္ဍကို စိတ်ဝင်စားမှုများ တိုးပွားလာသည်နှင့်အညီ ဘာသာစကားကို စနစ်တကျလေ့လာသော ဘာသာဗေဒ[၂] သည်လည်း ပညာရပ်တစ်ခုအဖြစ် ဖွံ့ဖြိုးလာခဲ့ရာ ၁၉၆၀ ကာလနှစ်များတွင် တက္ကသိုလ်များ၌ ဘာသာဗေဒ သင်ကြားလာသည်မှစ၍ ဘာသာဗေဒ၏ပညာရပ်ခွဲများ တစ်စတစ်စ တိုးပွားလျက်ရှိသည်။

ဘာသာဗေဒပညာရှင်[၃]များ၏ စိတ်ဝင်စားမှုနှင့် စူးစိုက်မှုများကိုအကြောင်းပြုပြီး လေ့လာမှုနယ်ပယ်များ၊ နည်းနာများ၊ အမျိုးမျိုးကွဲပြားလာသည်။ ဘာသာဗေဒသည် အခြားသိပ္ပံပညာရပ်များတွင် အသုံးပြုလျက်ရှိသော နည်းနာများဖြစ်သည့် အချက်အလက်စုဆောင်းခြင်း၊ တွေးဆချက်များကို လက်တွေ့စမ်းသပ်ခြင်း၊ သင့် လျော်ရာပုံစံများ တည်ဆောက်ခြင်း၊ သီအိုရီဖော်ထုတ်ခြင်းဟူသော နည်းနာများကို အသုံးပြု၍ ဘာသာစကားကို စနစ်တကျလေ့လာသည်။ ဘာသာဗေဒ၏ အရေးလေ့လာခံအကြောင်းအရာသည် တစ်ဖက်စွန်းတွင် ရူပဗေဒ[၄]နှင့် ခန္ဓာဗေဒ[၅]ကဲ့သို့သော သိပ္ပံပညာရပ်များ အကျုံးဝင်၍ အခြားတစ်ဖက်စွန်းတွင် ဒဿနဗေဒ[၆]နှင့် စာပေဝေဖန်ရေး[၇]ကဲ့သို့သော ဝိဇ္ဇာပညာရပ်များ အကျုံးဝင်နေသည်။ ဘာသာဗေဒ၏ နယ်ပယ်သည် သိပ္ပံပညာရော လူမှုပညာပါ နှစ်ဖက်စလုံး အကျုံးဝင်နေသော နယ်ပယ်ဖြစ်သည်။ ယခုအခါ ဘာသာဗေဒနှင့် အခြားပညာရပ်များ ပေါင်းစပ်ယှက်နွယ်သော ဘာသာရပ်နယ်ပယ်[၈]များ တစ်စတစ်စ တိုးပွားလျက်ရှိရာ ဘာသာဗေဒနှင့် စိတ်ပညာ[၁၀]တို့နယ်ပယ်ချင်း ပေါင်းစပ်ယှက်နွယ်နေသော စိတ်ဘာသာဗေဒ[၁၁] သည် ပေါင်းစပ်ဘာသာရပ်တစ်ခု အဖြစ် ပေါ်ထွန်းနေပြီဖြစ်သည်။

လူသားတို့၏ စူးစမ်းရှာဖွေမှုသမိုင်းကို ခြေရာခံကြည့်မည်ဆိုလျှင် လူသားတို့နှင့် အဝေးဆုံးဖြစ်သော အာကာသကောင်းကင်ကို လေ့လာခံအဖြစ် အစောဆုံးလေ့လာခဲ့ကြကြောင်း တွေ့ရမည်ဖြစ်သည်။ ထို့နောက်တွင်မှ မိမိတို့နှင့်ပို၍နီးသော သစ်ပင်ပန်းမန်များ၊ ပိုးမွှားများ၊ တိရစ္ဆာန်များကို လေ့လာစူးစမ်းကြပြီးနောက် ထို့ထက်ပို၍ နီးသော ပထဝီမြေကြီးကို ဆက်လက်လေ့လာခဲ့ကြသည်။ မကြာသေးမီကာလတွင်မှ မိမိတို့နှင့် အနီးဆုံးဖြစ်သော လူ့စိတ်ကို လေ့လာစူးစမ်းခဲ့ကြခြင်း ဖြစ်သည်။ သို့ဖြင့် သိပ္ပံပညာရပ်များတွင် နက္ခတ္တဗေဒ[၁၂]သည် အစောဆုံးပေါ်ပေါက်သောပညာရပ် ဖြစ်၍ စိတ်ပညာသည် နောက်အကျဆုံးပေါ်ပေါက်သောပညာရပ် ဖြစ်လာရသည်။

သိပ္ပံပညာရှင်သည် လူ့စိတ်ကို ဓမ္မဓိဋ္ဌာန်အမြင်ဖြင့် နယ်နိမိတ် သတ်မှတ်လေ့လာသောအခါ အပြောကျယ်လှသောစကြဝဠာတစ်ခွင်တစ်ပြင်ကို ဖြန့်ကြက်လေ့လာမှုမျိုးထက် တစ်လံမျှသာအလျားရှိသော လူ့ကိုယ်ခန္ဓာတွင်းကို အခြေပြုသည့်လေ့လာမှုမျိုးက "ဆုပ်မိဆုပ်ကိုင်"ရှိကြောင်း သိမြင်လာသည်။ သို့ဆိုလျှင် လူ့စိတ်ကို ဘယ်လိုလေ့လာပါသလဲ။ လူ့စိတ်၏ဖွဲ့စည်းတည်ဆောက်ပုံကို လေ့လာရာတွင် အခြားသတ္တဝါများမှာ မရှိဘဲ လူသားမှာသာရှိသော လူသားသာလျှင် ပိုင်ဆိုင်သော ဘာသာစကားဆိုသည့် အသုံးအဆောင်ကို အထောက်အထားပြု၍ လေ့လာခြင်းဖြင့် လူ့စိတ်ဖွဲ့စည်းတည်ဆောက်ပုံကို တစ်ပိုင်းတစ်ကဏ္ဍ သိနိုင်သည်ဟူသောအမြင်ကို ရခဲ့ကြသည်။ လူ့စိတ်သဘာဝနှင့်တည်ဆောက်ထားပုံကို ထွင်းဖောက်၍ မြင်နိုင်သော "ပြတင်းပေါက်" အဖြစ် ဘာသာစကားကို အသုံးပြုလေ့လာခြင်းသည်ပင် စိတ်ဘာသာဗေဒဖြစ်သည်ဟု ဆိုနိုင်သည်။

လူတစ်ယောက်နှင့် တစ်ယောက် စကားဖြင့်ဆက်သွယ်ပုံကို စဉ်းစားကြည့်လျှင် ဘာသာစကားကို အသုံးပြုပြောဆိုသည့် ဘာသာစကားအပြုအမူ[၁၃]လည်း ပါဝင်၍ စကားပြောစဉ် ဖြစ်ပေါ်နေသော စိတ်ဖြစ်စဉ်[၁၄]လည်း ပါဝင်ကြောင်း သိနိုင်ပါသည်။ စကားပြောသောအခါ ပြောသူသည် သူ့စိတ်ကူးထည်[၁၅]ကို စကားလုံးများအဖြစ် ပြောင်းလိုက်ပြီး သူ့အာရုံငါးပါးဖြင့် ခံယူထားသော အာရုံသိများ[၁၆]၊ ခံစားမှုများ အတွေးများအကြောင်းပြောသည်။ နာသူက သူကြားရသောစကားလုံးများကို စိတ်ကူးထည်အဖြစ် ပြောင်းလိုက်ပြီး ထိုအာရုံသိများ၊ ခံစားမှုများ၊ အတွေးများကို ဆက်စပ်ပေါင်းစည်းကာ ပြန်လည်တည်ဆောက်ရသည်။ သို့ဖြင့် ပြောခြင်း၊ နားထောင်ခြင်းတို့သည် လူ့စိတ်သဘာဝကို သိနိုင်သည့် သဲလွန်စများပါဝင်နေသော စိတ်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများပင် ဖြစ်သည်။

စိတ်ဘာသာဗေဒဟူသည် ဘာသာစကားအပြုအမူနှင့် ထိုအပြုအမူ အခြေခံရာ စိတ်ဖြစ်စဉ်တို့၏ဆက်နွယ်မှုကို လေ့လာသောပညာရပ်ဖြစ်သည်ဟူ၍ ဖွင့်ဆိုကြသည်။ ဤသို့လေ့လာရာတွင် စကားလုံးများ၊ ဝါကျများ၊ စကားရပ်များ၏ အဓိပ္ပာယ်ကို စိတ်ထဲမှာ မည်သို့ဖော်ထုတ်သည်။ စကားပြောရာတွင် စကားလုံးများကို တစ်လုံးနှင့်တစ်လုံး မည်သို့ပေါင်းစပ်၍ ပြောသည်။

ဝါကျတစ်ခုနှင့်တစ်ခု မည်သို့ပေါင်းစပ်ပြောသည်။ နားထောင်ရာ၊ စာဖတ်ရာတွင် ထိုပေါင်းစပ်ထားသော စကားလုံးစု၊ ဝါကျစုများကို မည်သို့ပြန်ခွဲယူပြီး နားလည်ရသည်တို့ကို လေ့လာသည်။ ခြုံ၍ဆိုရလျှင် ရှေ့မှာ ဖော်ပြထားသော လူ့စိတ်သဘာဝနှင့် တည်ဆောက်ပုံကို ထွင်းဖောက်၍ မြင်နိုင်သော ပြတင်းပေါက်အဖြစ် ဘာသာစကားကို လေ့လာခြင်းဖြစ်သည်။ ဤသို့လေ့လာရာတွင် ဘာသာစကား၏ အစိတ်အပိုင်းစို့။ ပန်းခင်းထဲတွင် ကြက်တွေဝင်ယက်ထားသဖြင့် "ကြက်တွေ သောင်းကျန်းလိုက်တာ" ဟု ပြောသည်ကို "ကြွက်တွေသောင်းကျန်းလိုက်တာ" ဟု အကြားမှားခြင်းသည် အဘယ်ကြောင့်ပါလဲ။ အခြားစကားလုံးများကိုမကြားဘဲ အဘယ့်ကြောင့် "ကြွက်" ဆိုသောစကားလုံးကို ကြားရပါသလဲ၊ "လက်ဖက်ရည် သောက်မလား" ဟု မေးသည်ကို "သောက်မယ်"ဟူသော အဓိပ္ပာယ်ဖြင့် "ရပါတယ်" ဟု ပြန်ပြောရာ

**စိတ်ဘာသာဗေဒဟူသည် ဘာသာစကားအပြုအမူနှင့် ထိုအပြုအမူ အခြေခံရာ စိတ်ဖြစ်စဉ်တို့၏ ဆက်နွယ်မှုကို လေ့လာသောပညာရပ်ဖြစ်သည်ဟူ၍ ဖွင့်ဆိုကြသည်။**

များဖြစ်သောစကားသံများ၊ စကားလုံးများ၊ ဝါကျများကို ဘာသာစကား အစိတ်အပိုင်းများအဖြစ် လေ့လာခြင်းဖြစ်သည်။ စိတ်သည် မည်သို့ပြုမူလှုပ်ရှားကြောင်း ရှင်းလင်းစွာ ထွင်းဖောက်မြင်ရသောမြင်ကွင်းများအဖြစ် ဘာသာစကားအချက်အလက်များက ဖော်ပြနေမည်ဖြစ်သည်။

ပြောခြင်း၊ နားထောင်ခြင်းအလုပ်သည် လူတိုင်းနေ့စဉ်လုပ်နေကျအလုပ်ဖြစ်သည့်အတွက် အလေးမမူလောက်သော လွယ်ကူသည့်အလုပ်ဖြစ်သည်ဟု ထင်တတ်ကြသည်။ စင်စစ်အားဖြင့် ထိုအလုပ်သည် အလွန်ရှုပ်ထွေးသော သဘောရှိသည်။ ရှုပ်ထွေးမှုကို သာမန်အားဖြင့် ဂရုမမူမိတတ်သော်လည်း ပြောရင်းဆိုရင်း ရှုပ်ထွေးမှုသဘောကို လှစ်ခနဲ ဂရုမူမိတတ်သည့်အဖြစ်မျိုး ပေါ်လာတတ်သည်။ ဆိုပါနမေးသူက "မသောက်တော့ဘူး" ဟု ပြောခြင်းဖြစ်သည်ဟူ၍ ထင်သွားခြင်းမှာ ဘာကြောင့်ပါလဲ။ တစ်ချိန်က ဘောလုံးပွဲတိုက်ရိုက်အသံလွှင့်ကြေညာသူက "မကွေးဂိုးသမား"ကို "မဂိုးကွေးသမား" ဟု မှားပြောသည့်အတွက် ပရိသတ် ပွဲကျသွားသည့်ဖြစ်ရပ်တွင် ကြေညာသူ ဘာကြောင့် စကားရှေ့နောက် မှားရပါသလဲ။ မြန်မာစာသင်နေသော နိုင်ငံခြားကျောင်းသားက "သူလာမှာမဟုတ်ဘူး" ဟု ပြောချင်သည်ကို တကယ်ပြောတော့ "သူမလာပါလိမ့်မယ်" ဟု ဘာကြောင့် ပြောရတာပါလဲ" ဤသာဓကများကပြောခြင်း၊ နားထောင်ခြင်းအလုပ်တွင် ရှုပ်ထွေးမှုများ ထွေထွေပြားပြားရှိနေကြောင်း ဖော်ပြနေပါသည်။

စိတ်ဘာသာဗေဒတွင် ဘာသာစကား တတ်မြောက်မှု[၁၇]၊ ဘာသာစကားပြောဆိုထုတ်လုပ်မှု[၁၈]၊ ဘာသာစကား နားလည်မှု[၁၉] ဟူသော ကဏ္ဍကြီးသုံးရပ်ရှိသည်။



ဘာသာစကားတတ်မြောက်မှု ကဏ္ဍတွင် ကလေးများ မိမိတို့၏ဘာသာစကားကို တတ်မြောက်လာသည့်ဖြစ်စဉ် အဆင့်ဆင့်ကို လေ့လာသည်။ ကလေးတစ်ယောက် လူ့လောကထဲ ရောက်လာပြီး အသက်အရွယ်အဆင့်ဆင့်တွင် မိခင်နှင့်ပတ်ဝန်းကျင်ကပြောသော စကားများကိုဘယ်လိုဘယ်ပုံနားလည်လာပြီး သူကိုယ်တိုင်လည်း ဘယ်အရွယ်မှာ ဘယ်လိုအသံမျိုးတွေ အသံထွက်တတ်လာပြီး သရသံတွေ၊ ဗျည်းသံတွေ၊ စကားလုံးတွေ၊ ဝါကျတွေ တစ်ဆင့်ပြီးတစ်ဆင့် ဘယ်လိုပြောတတ်လာသည်ဆိုသောဖြစ်စဉ်ကို စနစ်တကျ လေ့လာသည်။

ဘာသာစကား ပြောဆိုထုတ်လုပ်မှု ကဏ္ဍတွင် ပြောသူအနေဖြင့် စကားကို ပါးစပ်က ထုတ်ဖော်ပြောဆိုရာတွင် လှုပ်ရှားဆောင်ရွက်သော စိတ်ဖြစ်စဉ်ကို လေ့လာသည်။ စိတ်ထဲမှာရှိနေသော စိတ်ကူးအတွေးအခေါ်များကို စကားလုံးများအဖြစ် ပြောင်းလဲ၍ ပါးစပ်ထဲက စကားသံဖြစ်အင်္ဂါများဖြင့် ထုတ်ဖော်ပြောဆိုနိုင်ရန် ဆောင်ရွက်ပုံကို လေ့လာခြင်းဖြစ်သည်။

ဘာသာစကားနားလည်မှုကဏ္ဍတွင် ပြောသူက ထုတ်ဖော်ပြောသောစကားသံကို နားထောင်မှု၊ ကြားသည်ကို နားလည်မှု မှတ်မိမှုတို့၏ လှုပ်ရှားဆောင်ရွက်သော စိတ်ဖြစ်စဉ်ကို လေ့လာသည်။

စိတ်ဘာသာဗေဒ၏ ကဏ္ဍအသီးသီးနှင့် ပတ်သက်၍ သီအိုရီများ ကျယ်ကျယ်ပြန့်ပြန့် ဖော်ထုတ်ထားကြပါသည်။ အကောင်အထည်မမြင်ရသောစိတ်ဖြစ်စဉ်ကို အကောင်အထည်မြင်ရသော၊ အသံကြားရသော ဘာသာစကားအပြုအမူများ အရ ဖော်ထုတ်စူးစမ်းမှုများမှာ မှတ်သားဖွယ်၊ စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။



မောင်ခင်မင်( ဓနုဖြူ )

မှတ်စုများ

၁။ language
၂။ linguistics
၃။ linguist
၄။ physics
၅။ anatomy
၆။ philosophy
၇။ literary Criticism
၈။ humanities
၉။ interdiciplinary fields
၁၀။ psychology
၁၁။ psycholinguistics
၁၂။ astronomy
၁၃။ Linguistic Behaviour
၁၄။ Psychological Process
၁၅။ idea
၁၆။ perception
၁၇။ aquisition
၁၈။ production
၁၉။ comprehension

အတွေးအမြင်

၂၅နှစ်ပြည့် အထူးထုတ်

# စာရေးဆရာ(ဘဝနှင့်ဒဿန)

(၇)

# စာရေးဆရာနှင့်တာဝန်

ဦးအေးချို(မဟာဝိဇ္ဇာ)

**စာရေးဆရာနှင့်တာဝန်**

'လူတို့နားတွင်း၊ မိုက်မလင်းကို၊ ဝင်းဝင်းထွန်းညီး၊ ဉာဏ်ဆီမီးဖြင့်၊ မှောင်ကြီးကင်းပျောက်၊ ငါ့စာရောက်က၊ ငါ့အောက်ပညာ၊ နုသေးစွာသား၊ သမ္မာမပြန့် သူအဝ့န့်အား စိတ်ပြားပညာ၊ ပွားပါလိမ့်မည်၊ သူ့ဘို့ရည်၍'

ရှင်မဟာရဋ္ဌသာရက ဘူရိဒတ်ဇာတ်ပေါင်းပျို့ အပိုဒ်(၆)တွင် သူစာရေးရခြင်း၏ ရည်ရွယ်ချက်ကို အထက်ပါအတိုင်း ဖွဲ့နွဲ့ထားသည်။ လူတို့နားတွင်း၌ မိုက်မလင်းနိုင်သည့် အမိုက်မှောင်ကင်း ပျောက်စေရန် စာဆိုရခြင်းဖြစ်ကြောင်းဖော်ပြသည်။ သို့ရာတွင် ဆရာတော်က လူတိုင်းအဖို့ဟုမဆိုဘဲ သူ့အောက်ပညာနုသေးစွာသော လူများအဖို့သာ ရည်ရွယ် ကြောင်းလည်းဆိုသည်။ ဤသည်မှာ ဆရာတော်ရှင်မဟာရဋ္ဌသာရ၏ ရည်ရွယ်ချက်ဟု ဆိုသော်လည်း စာဆိုတို့၏တာဝန်ဟုလည်း ပြောနိုင်ပါသည်။ မိုက်မလင်းနိုင်သည့်လောကကို စာဆို၏ ဉာဏ်ဆီမီးဖြင့် မှောင်ကြီးကင်းပျောက်အောင် အလင်းပေးရမည့် တာဝန်မှာ စာရေးဆရာ၏ တာဝန်ပင်ဖြစ်သည်။

၁၉၆၂ ခုနှစ် ကမ္ဘာအေးကုန်းမြေ၌ ကျင်းပခဲ့သော အမျိုးသားစာပေညီလာခံတွင် ဆရာဇေယျက 'စာရေးဆရာနှင့်တာဝန်' ခေါင်းစဉ်ဖြင့် စာတမ်းတစ်စောင်၊ ဆရာမင်းရှင်က 'စာရေးဆရာ၏တာဝန်' ခေါင်းစဉ်ဖြင့် စာတမ်းတစ်စောင်တောင် တင်သွင်းဖတ်ကြားခဲ့သည်။



ဆရာဇေယျက 'စာရေးဆရာ' ဆောင်းပါးတွင် စာရေးဆရာ၏ဘဝကို ဤသို့ ရေးသားဖူးသည်။

'စာရေးဆရာအလုပ်ကား၊ ဤသို့မဟုတ်။ အဖြတ်ကို အသိတမထား။ မလုပ်ရမနေနိုင်၍ လုပ်သောအလုပ်မျိုး ဖြစ်ပေသည်။ စာရေးချင်စိတ်ပေါက်လာလျှင် ဘာကိုမျှ မမျှော်။ ဘယ်သူမှ တား၍မရ ရေးလိုက်ရမှပင် ဖြစ်ချေသည်'

စာရေးဆရာ စာရေးသည်မှာ. . .

ရေးချင်၍ရေးပြသော်လည်း စာရေးဆရာသည် စာဖတ်သူ အပေါ်၌ တာဝန်ရှိသည်ဟု ဆိုသည်။

'သာမန်အားဖြင့်တော့ ကျွန်တော်တို့ စာရေးနေကြတာ ကို တာဝန်တစ်ခုခုနဲ့ ရေးကြတယ်လို့ မယူဆတတ်ကြပါဘူး။ အမှန်တော့လည်း တာဝန်ကြီးတစ်ရပ်အနေနဲ့ စာရေးဆရာ လုပ်ကြတာလဲ မဟုတ်တော့ စာကို တာဝန်တစ်ရပ်အနေနဲ့ ရေးချင်ကြဘူးပေါ့ခင်ဗျာ။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့တတွေဟာ တာဝန်တစ်ရပ် အနေနဲ့ စာမရေးဖြစ်ကြပေမယ့် စာရေးနေကြတဲ့အတွက် ဖတ်တဲ့ သူတွေအပေါ်မှာ တာဝန်ရှိနေတယ်ဆိုတာ ကိုတော့ ဝန်ခံကြရပါလိမ့်မယ်'

ဆရာမင်းရှင်ပြောလိုသည့် စာရေးဆရာသည် တာဝန် တစ်ရပ်အနေနဲ့ စာရေးခြင်းမဟုတ်ဆိုသည်မှာ ဖိစီးခံရမှု တင်အားတစ်ရပ်ရပ်ကြောင့် စာရေးခြင်းမဟုတ်ကြောင်း ကိုဆိုလိုရိပ်ပေါ်သည်။ စာဖတ်သူအပေါ် တာဝန်ရှိသည် ဆိုသည်မှာ စာရေးဆရာက စာဖတ်သူအပေါ် ပို့သရသည့် အကျိုးကို ဆိုလိုသည်ဟု ပြောချင်ပါသည်။

ဆရာတင့်တယ်က စာရေးဆရာ၏တာဝန်မှာ အကြမ်း ဖျင်းအားဖြင့် သုံးမျိုးရှိသည်။ ၎င်းတို့မှာ (၁) ဖြေဖျော်ခြင်း (၂) သတင်းပို့ခြင်း (၃) ပညာပေးခြင်းတို့ဖြစ်ကြသည်ဟု ဖိုးနိုး အနေပင် ဆိုသည်။ ထိုတာဝန်သုံးရပ်သည် သီးခြားတစ်ခုစီ ဖြစ်၍ မနေ၊ သုံးနားညီတြိဂံကဲ့သို့ အညီအမျှ ထောင့်ချင်း ဆက်စပ်နေရသည်။ တာဝန်တစ်ရပ်နှင့်တစ်ရပ် ဆက်စပ် နေပါက စာပေတာဝန် ပျက်ပြားရသည်ဟုဆိုသည်။

အနုစာပေများ ရေးသားရာ၌ ကျော်ကြားသူ ဆရာသန်းဆွေက

'စာပေသည် လူ့ယဉ်ကျေးမှု၏ သရဖူဖြစ်သည်။ ဘာသာကသုံးပါး၏အရိပ်ထင်ရာ ကြေးမုံပြင်ဖြစ်သည်ဟု

လူတို့ရဲ့အတွေးအခေါ်
ရင့်သန်ရေး
အသိပညာတိုးတက်ရေး
စိတ်သစ်အားသစ်
မွေးမြူရေး
မှတ်တမ်းတင်ရေး
ပြန်ကြားရေး
လှုံ့ဆော်ရေး
ပျော်ရွှင်ကြည်နူးစရာ၊
သံဝေဂရစရာတွေ
အချက်အလက်
ဗဟုသုတတွေကို
စာပေအားဖြင့်အများဆုံး
ပေးစွမ်းနိုင်ပါတယ်။

ယုံကြည်ပါသည်။ ထို့ကြောင့် စာပေပြုစုသူတို့သည် လူ့ယဉ်ကျေးမှု တိုးတက်ရေးကို ရှေ့ရှုကာ လောကသုံးပါးတွင် မိမိလက်လှမ်းမီသမျှကို တိကျရိုးသားစွာဖော်ပြရန် လိုအပ်သည်ဟု ယူဆပါသည်'

ဟု ဆိုသည်။ လောကသုံးပါး၏ အရိပ်ထင်ရာ ကြေးမုံပြင်ဆိုသည်မှာ ကျယ် ပြန့်သည်။ သိမ်လည်းသိမ်မွေ့သည်။ 'မိမိလက်လှမ်းမီသမျှ' ဆိုသော စကားရပ်ဖြင့် စာရေးသူ၏ သစ္စာတရားကို ဦးထိပ်တင်ပေးလိုက်သည်။

ဆရာမင်းရှင်တင်ပြခဲ့သော စာရေးဆရာ၏ တာဝန်စာတမ်းထဲတွင်

'စာပေဟာ လူ့အဖွဲ့အစည်းကို ညွှန်ပြထိန်းသိမ်းပေးတဲ့ လူ့လောက ဆောက်တည်မှု အခန်းကဏ္ဍက ပါဝင်နေပါတယ်။ လူတို့ရဲ့ အတွေးအခေါ် ရင့်သန်ရေး၊ အသိပညာ တိုးတက်ရေး၊ စိတ်သစ်အားသစ် မွေးမြူရေး၊ မှတ်တမ်းတင်ရေး၊ ပြန်ကြားရေး၊ လှုံ့ဆော်ရေး ပျော်ရွှင်ကြည်နူးစရာ၊ သံဝေဂရစရာစတဲ့ အချက်အလက် ဗဟုသုတတွေကို စာပေအားဖြင့် အများဆုံး ပေးစွမ်းနိုင်ပါတယ်။ အဲဒီစာပေမှာပဲ ခေတ်ကို ရောင်ပြန်ဟပ်ပြရတဲ့ အပိုင်းနဲ့ ခေတ်ကိုဦးဆောင်ရတဲ့ အပိုင်းရယ်လို့ အကြမ်းဖျဉ်းအားဖြင့်(၂)ပိုင်း ခွဲခြမ်းထားသင့်ပါတယ်။ ခေတ်ကို ရောင်ပြန်ဟပ်ပြတဲ့အပိုင်းမှာ ခေတ်ရဲ့အကျိုးအပြစ်၊ အဆိုးအကောင်း၊ တိုးတက်မှု ဆုတ်ယုတ်မှုစတဲ့ အချက်အလက်တွေနဲ့ ခေတ်ကို တိုင်းတာပြရပါမယ်။ ခေတ်ကို ဦးဆောင်တဲ့အပိုင်းမှာပဲ လူ့အဖွဲ့အစည်း တိုးတက်ရာ တိုးတက်ကြောင်းကို ရှေ့ဆောင် လမ်းပြဖော်ပြရပါမယ်'

ဟူ၍ တင်ပြထားသည်။ 'စာပေ' 'စာပေ' ဟု ဆိုသော်လည်း စာပေဟူသည် ရေးသားပြုစုသူ စာရေးဆရာကို အကြောင်းရင်းခံပြီးမှ ပေါ်လာရခြင်းဖြစ်သည်၊ ဆရာမင်းရှင် ဆိုလိုချင်သည့် စာပေဂုဏ်ရည် ပြည့်ဝလာရေးမှာ စာရေးဆရာတွင် တည်နေသည်။ ဤသည်ပင်လျှင် စာရေးဆရာ၏ တာဝန်ဟုဆိုသည်။

'×××လူတန်းစားအမျိုးမျိုးတို့ရဲ့ဘဝကို မြင့်တင်အကျိုးပြုနိုင်တဲ့ စာပေတွေ စာဖတ်သူတွေရဲ့ အတွေးအခေါ်ကို ရင့်သန်စေမယ့် အသိပညာတိုးတက်စေမယ့် စိတ်သစ်အားသစ် မွေးမြူစေမယ့် ပြည်ချစ်မျိုးချစ်စိတ် တက်ကြွပေမယ့် စာပေတွေကို စေတနာရည်မှန်းချက်နဲ့ ပြုစု ရေးသားကြဖို့ တာဝန်ရှိတယ်'

ဟု ညွှန်ပြပြီး စာတမ်းကို နိဂုံးချုပ်ထားသည်။ ခေတ်ကိုရောင်ပြန်ဟပ်သည့် အပိုင်းဆိုသည်မှာ စာပေအတွင်း၌ ခေတ်၏ အခြေအနေ မည်မျှ တွေ့ရှိနိုင်သနည်း။ မည်မျှ ထင်ဟပ်သနည်းဆိုသောအချက်နှင့် ရှာဖွေကြည့်နိုင်သည်။ ဆရာဒဂုန်တာရာ ကလည်း ထိုအမြင်အတိုင်းပင် ရေးသားထားသည်။

'မျက်မှောက်ခေတ်စာပေသည် လူ့အဖွဲ့အစည်းနှင့် ဆက်စပ်လျက်ရှိရမည် ဟူသော အယူအဆသည်ကား ယနေ့စာပေလောကတွင် (အထူးသဖြင့် လူငယ်စာပေ ပွင့်သစ်စ များအကြားတွင်) ရှင်သန်စပြုနေပြီ။ ခေတ်ပြိုင်လူ့အဖွဲ့အစည်း၏ရုပ်ပုံတို့ကို စာပေ အနုပညာတို့တွင် တွေ့ရမည်။ သမိုင်းခေတ်ကို မျက်ကွယ်ပြုထား၍ မရ'

(ခံစားမှုနှင့် ခေတ်သစ်ရုပ်ပုံ အလှဗေဒ-၁) ထိုးကျိုးစည်ပေါက် သူ့ကျွန်ဘဝ ရောက်စဉ်က ဆီးဘန်နီဆရာတော် ရေးခဲ့သော 'သေသော်မှတည့် ဩော်ကောင်း၏' ဖြင့်



နိဂုံးချုပ်ထားသော ကေပိုဒ်လင်္ကာသည် အသိများ ထင်ရှား၏။ ဆီးဘန်နီဆရာတော် ရေးသားပြုစုခဲ့သော စာများ အကြောင်းပြောလျှင် 'ကဝိမဏ္ဍနမေဒနီကျမ်း' ထက် အခြားသော ကဗျာများထက် ဤလင်္ကာလွှမ်းမိုးမြဲဖြစ်နေသည်။ ဤသို့ ဖြစ်ရခြင်းမှာ ထိုလင်္ကာသည် ခေတ်ကိုထင်ဟပ်၍ သမိုင်းခေတ်ကို မျက်ကွယ်မပြုသောကြောင့်ဟု ဆိုနိုင်သည်။ ဤသို့ သောစာများ၊ အများအပြားပေါ်ခဲ့သည်မှာ အထူး ပြောရန် မလိုတော့ပေ။

ခေတ်ကိုဦးဆောင်သည့် အပိုင်းမှာမူ စာရေးဆရာ၏ အမြင်က သူရေးသည့်စာအပေါ် အဓိကလွှမ်းမိုးနေသည်။ ဖြစ်ထွန်းပေါ်ပေါက်နေသော ကာလသမိုင်း အခြေအနေကို စာရေးဆရာမည်ကဲ့သို့မြင်သနည်း။ မည်သည့်အမြင်ဖြင့် ချဉ်းကပ်ရေး ဖွဲ့ထားသနည်း။ အကြောင်းရပ်သည် ခေတ်ကို ထင်ဟပ်နေသော်လည်း မည်သည့်ပန်းတိုင်သို့ ပဲ့ကိုင်ပေးနေ သနည်း။ သာဓကတစ်ခု ဆောင်ပါမည်။

၁၉၃၀ ပြည့်နှစ်တွင် ဆရာစံဦးဆောင်သည့် တောင်သူ လယ်သမား အရေးတော်ပုံ ပေါ်ခဲ့သည်။ တောင်သူလယ် သမားများ ပုန်ကန်ကြရသည့် အကြောင်းရင်းခံများရှိသည်။ ထိုအကြောင်းများကြောင့် လက်နက်စွဲကိုင်ကြသည့် အကျိုး များပေါ်လာ ရခြင်းဖြစ်သည်မှာ ငြင်းကွယ်၍မရနိုင်ပေ။ ဗြိတိသျှ အစိုးရအနေနှင့်မူ လက်နက်စွဲကိုင်ခြားနားနေလျှင် မည်သည့်အကြောင်းကြောင့် မခံမရပ်နိုင်ဖြစ်ကြစေကာမူ သူပုန်ဟုပင် ကြေညာရပေမည်။ ကြေလည်းကြေညာသည်။

ထိုအရေးတော်ပုံကို အကြောင်းပြု၍ သိပ္ပံမောင်ဝက 'သူပုန်အငွေ့' ဝတ္ထုရေးပြီး ရှုတ်ချသည်။ ဆရာကြီးပီမိုးနင်း ကလည်း ၂၀. ၅. ၁၉၃၁ နေ့ထုတ် ဗန္ဓုလဂျာနယ်တွင် ဝတ္ထုတိုတစ်ပုဒ်ရေးသည်။ ဂျူနီတပ်သား မောင်ဘနှင့် ချစ်သူညိမ်းခင်တို့၏ အချစ်ဇာတ်လမ်းကို ဦးတည်ဖွဲ့ထား သော်လည်း ကျဆုံးမှုဖြင့် နိဂုံးချုပ်ထားသည်။ နန်းတော်ရှေ့ ဆရာဟင်ကလည်း 'လာမယ်။ လာမယ်။ တပ်ချီခဲ့ကွဲ့၊ ဘယ်မလဲဟဲ့ ဂျူနီ' အစချီ တေးသီချင်း နှစ်ပုဒ်ရေးသည်။ ထိုသီချင်းနှစ်ပုဒ်လုံး ဂျူနီတပ်ဖွဲ့များကို သရော်ထားခြင်း ဖြစ်သည်။ ထိုစာများသည် ခေတ်ကိုထင်ဟပ်နေသည်မှာ မှန်၏။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းကမူ 'ဂျူနီပျံဒီပနီဋီကာ'

> **ကမ္ဘာကြီးတစ်ခုလုံးဟာ အန္တရာယ် ချောက်ကမ်းပါးအစွန်းမှာ ရောက်နေပါတယ်။ ကျွန်မတို့ လူသားတွေဟာ ၂၄ နာရီပဲ နေရတော့မှာလား။ ၂၄ ရက်ပဲ အသက်ရှင် နေရတော့မှာလားဆိုတာ မပြောနိုင်တဲ့အချိန် ဖြစ်နေတယ်။ ထာဝရတန်ခိုးဆိုတာ လည်းမရှိတော့ဘူး။**

ကျမ်း ရေးသည်။ ထိုမှိုကာတွင် 'ဉ ် အရပ် သစ္စာကတိတွေနဲ့ ဂျူနံသရက်ဂစ္စာမိကြပေတော့' အစရှိသော အဖွဲ့အနွဲ့များပါသည်။ နိဂုံးချုပ်လိုက်သော ဂျူနံအရေးတော်ပုံ ကျဆုံးခဲ့ရသည်မှာတော့မှန်၏။ ဤအရေးတော်ပုံ၏ အကျိုးဆက်များကို သမိုင်းအမြင်ဖြင့် သုံးသပ်၍ ဇာတ်တော်ပေါင်းရသော် မည်သည့်စာက ခေတ်ကိုဦးဆောင်နိုင်သနည်းဆိုသော အဖြေမှာ ပေါ်ပြီးသားဖြစ်လေသည်။

စာရေးဆရာကြီး အိုင်ဗင်စတုန်း(Irv -ing Stone)၏ The Role of the Writer in a Troubled World ကို ဆရာမောင်ပေါ်ထွန်းက ဆီလျော်အောင် ဘာသာပြန်ထားဖူးသည်။ ထိုဘာသာပြန်ထဲမှ ကောက်နုတ်ဖော်ပြလိုပါသည်။ ဆရာကြီး အိုင်ဗယ်စတုန်းသည် ကမ္ဘာလှည့်ဟောပြောနေစဉ် ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့တွင် ကျောင်းသူ က မေးခွန်းတစ်ခွန်း မေးသည်။

'ဆရာကြီးရှင့် ဒီအချိန်ဟာ စာရေးဆရာလုပ်ဖို့ အကောင်းဆုံးအချိန် ထင်ပါတယ်။ ဟုတ်ပါသလား'

'ဆိုပါဦး' ဟု ကျွန်ုပ်က သူ့ကို ပြန်မေးလိုက်သောအခါ ထိုသူငယ်မက . . .

'အခုအချိန်မှာ 'ကမ္ဘာကြီးတစ်ခုလုံးဟာ အန္တရာယ်ချောက်ကမ်းပါးအစွန်မှာ ရောက်နေပါတယ်။ ကျွန်မတို့ လူသားတွေဟာ ၂၄ နာရီပဲ နေရတော့မှာလား။ ၂၄ ရက်ပဲ အသက်ရှင်နေရတော့မှာလားဆိုတာ မပြောနိုင်တဲ့အချိန် ဖြစ်နေတယ်။ ထာဝရတန်ဖိုးဆိုတာလည်းမရှိတော့ဘူး။ မျှော်လင့်ချက်ဆိုတာလည်း လေဖမ်းဒန်းစီးသလို ဖြစ်နေတယ်။ လူသားတွေဟာ ပျက်စီးခြင်းလမ်းမပေါ် ရောက်နေကြတယ်။ ဒီတော့ စာရေးဆရာလုပ်လို့ ကောင်းနိုင်ပါဦးမလား' ဟူ၍ ဆိုသည်။

ဤတွင် ကျွန်ုပ်သည်အတန်ငယ်စဉ်းစားလိုက်ပြီးနောက် 'ကျုပ်ကတော့ ဒီလိုမထင်ဘူး။ ဒီအချိန်ဟာ စာရေးဆရာအတွက် အချိန်ကောင်းပဲလို့ ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ခေတ်ဆိုး ကပ်ဆိုးကြီးထဲရောက်လေလေ စာရေးဆရာဟာ အလိုအပ်ဆုံး ဖြစ်လေလေပဲ။ ဒါကြောင့် ဒီအချိန်ဟာ စာရေးဆရာအတွက် စိန်ခေါ်နေတဲ့ အကောင်းဆုံးအချိန်။ အကောင်းဆုံးအခွင့်အလမ်းပဲလို့ထင်တယ်' ဟု ပြန်ပြောလိုက်သည်။

ဒီအချိန်ဟာ
စာရေးဆရာအတွက်
အချိန်ကောင်းပဲလို့
ထင်တယ်။
ဘာဖြစ်လို့လဲဆိုတော့
ခေတ်ဆိုး
ကပ်ဆိုးကြီးထဲ
ရောက်လေလေ
စာရေးဆရာဟာ
အလိုအပ်ဆုံး
ဖြစ်လေလေပဲ။

× × ×



'အချိန်အခါဆိုးဝါးလေလေ စာရေးဆရာတွေ လိုအပ်လေလေ' ဟူသော စကားကို စာရေးဆရာအားလုံး သတိရလိမ့်မည်ဟု ကျွန်ုပ်ထင်သည်။ အကြောင်းသော်ကား စာရေးဆရာတွင် လုပ်စရာ ရှိနေသည်။ တာဝန်ရှိနေသည်။ ဖော်ထုတ်စရာရှိနေသည်။ ဦးတွင်စရာရှိနေသည်'

အိုင်ဗင်စတုန်း၏ အဆိုအမိန့်ကို ဖတ်ရသောအခါ ဩဝါဒထူးဖို့ နိဂုံးတွင် စိန္တကျော်သူ ဦးဩဖွဲ့ဆိုထားသော 'ပြည်ရွာမောင်းရေး၊ မှူရှုပ်ထွေးလည်း၊ ဆေးတစ်အိုးကျွမ်း ကျွမ်းတစ်ရာညက်၊ စိတ်စက်ပျော်ပိုက်၊ လစ်လပ်နိုက်တွင်၊ နှစ်မြိုက်သာယာ၊ စီကုံးပါသည်' ဆိုသောစကားကို သတိရမိသည်။ ပြည်ရွာမင်းရေးမှု ရှုပ်ထွေးနေချိန်၌ ရသမှုအချိန်ကို အသုံးပြုစာရေးသွားသော စိန္တကျော်သူဦးဩသည် အိုင်ဗင်စတုန်းထက် အပြောဦးသည်ဟု ဆိုနိုင်လေသည်။

အင်းဝခေတ်ပျက်ကာလတွင် ရှင်အဂ္ဂသမာဓိသည် အဓမ္မကာလဆိုးကို သံရှင်ခါးနှင့် ခြတ်ချင်သည့်အတွက် ငရဲခန်းပျို့ကို ရေးရသည်။ သားသမီးများ မိဘအပေါ် မရိုမသေ မိုက်ပြလေသည်ကို ဆုံးမလိုသောကြောင့် သုဝဏ္ဏသျှံပျို့ရေးသည် ဆိုသောစကားများသည် ခေတ်ကာလဆိုးလေလေ စာရေးဆရာလိုအပ်လေလေဆိုသော စကား၏သာဓကပင်။ ခေတ်ကာလဆိုးတွင် စာရေးသူ၏အခန်းကဏ္ဍ မည်မျှအရေးကြီးသည်ကို အင်းဝခေတ်ကပင် ဖော်ထုတ်ခဲ့ပြီးဖြစ်သည်။

စာရေးဆရာသည် အခြားအခြားသော အလုပ်လုပ်ကိုင်သူများကဲ့သို့ မဟုတ်ချေ။ စာရေးဆရာအား မည်သူကမှ စေခိုင်း၍ စာရေးနေခြင်းမဟုတ်။ စာရေးချင်လွန်း၍ စာရေးခြင်းဖြစ်သည်။ အခြားအခြားသော အလုပ်အကိုင်များကဲ့သို့ ကိုယ်စားလှယ်များကဲ့သို့ ဆိုက်နာကျင့်သုံးရမည့် တာဝန်၊ ဝတ္တရားဟူ၍လည်း မရှိပေ။ သို့ရာတွင် ထိုကဲ့သို့ တာဝန်ဝတ္တရားရှိသူများထက် ပို၍တာဝန်ကြီးသည်။ စာရေးဆရာ၏ တာဝန်ကို ဘောင်ခတ်ကန့်သတ်၍လည်းမရပေ။ သမိုင်းခေတ်သည် ဖြတ်သန်းစီးဆင်းနေမြဲ စီးဆင်းနေ၏။ စာရေးဆရာ၏ စာသည် ထိုသမိုင်းခေတ်ကို ထင်ဟပ်စေရမည်။ ထိုသမိုင်းခေတ်ကို ရှေ့ဆောင်နိုင်သူ ဖြစ်ရမည်ဆိုသောတာဝန်တို့သည် အလွန်ကြီးလေးသည်၏။ ရွှေဒေါင်းတောင် ကလောင်တစ်မျိုးရယ်နဲ့ ပြည်ကောင်းအောင် ဆောင်မကိုးရယ်လို့ ရည်မှန်းချက်ထားသော စာရေးဆရာများအဖို့မူ ထိုတာဝန်ကို ပျော်ပျော်ကြီးထမ်းဆောင်နေကြသည်။

ယုံကြည်ချက်၊ ဘဝအမြင်နှင့် တာဝန်တို့ ပေါင်းစပ်ပြီးရေးသားနေသော စာရေးဆရာနှင့် ၎င်း၏စာတို့သည် အာယုသိဒ္ဓိပြီးမြောက်နေမည်မှာ အမှန်။

ဦးအေးချို(မဟာဝိဇ္ဇာ)



ကညစ်မကိုင်နိုင်သောအခါ ဆရာတော်သည် လိုက်ရေးသူ ဦးပွင့်းကိုရင်များအား ဖေကြဲလျှောက်ရင်း နှုတ်မှပြောသွား၏။ ဦးပဉ္စင်းနှင့်ကိုရင်များက လိုက်ရေးရ၏။ ဆရာတော်သည် မွန်စာပေကို ထိုမျှချစ်ခင်လေးမြတ်၏။ စာပေကို မြတ်နိုး သဖြင့် မဆုတ်မနစ်ကြိုးပမ်းပြုစုခဲ့၏။ ဆရာတော်၏ ကြိုးပမ်းမှုကြောင့် မွန်စာပေ သိမ်း ဝီးစာကုန်သီသန်းမဖြစ်ခဲ့။ မွန်စာပေ ပပျောက်းတိုင်ငယ်သည်လည်း မိးစွယ်မကျိုးခဲ့။

# ဝေါဆရာတော်

**နိုင်ခင်မောင်လေး**

ဝေါဆရာတော်၏ ဘွဲ့အမည်မှာ ဦးဥတ္တမ ရမ္မဖြစ်၏။ သို့သော် ဆရာတော်၏ ဘွဲ့တော်ကို လူတွေသိပ်မသိကြ။ ဝေါမြို့ တွင် သီတင်းသုံးသဖြင့် ဝေါဆရာတော်ဟု သာ သိထားကြ၏။ မွန်တို့က ဆရာတော် ကို ကျာ်ဇော်အစွော် (အတ္တေ့)ဟု ခေါ်၏။ အစွော် (အတ္တေ့)မှာ ဝေါကို ရှေးက မွန်လို ခေါ်ဆိုခြင်းဖြစ်၏။ မြန်မာတို့က ဝေါဆရာ တော်ဟု သိထားကြပြီး အနောက်တိုင်း သုတေသီများက (The monk of Acwo') ဟုခေါ်၏။ ဆရာတော်သည် မွန်လူမျိုးဖြစ် ၏။ မွန်စာပေသမိုင်းတွင် အထူးထင်ရှား သည့်ပုဂ္ဂိုလ်ဖြစ်၏။ သို့သော် ဆရာတော် နှင့်ပတ်သက်သည့် အချက်အလက်မှတ် တမ်းမှတ်ရာများကား မရှိသလောက်ရှား ၏။ ယုတ်စွဆုံး ဆရာတော်၏ငယ်မည်၊ ခမည်းတော် မယ်တော်တို့၏ အမည်များ ကိုပင် မသိရ။ မွေးရက် ခုနှစ် သက္ကရာဇ် လည်းမသိရ။ ဝေါမြို့တွင် တနင်္ဂနွေနေ့ မွေးဖွားသည်လောက်သာ သိရှိရ၏။

R.Halliday- ဟာလီဒေးက ဆရာ တော်ကို ၁၈-ရာစုအစဦးပိုင်းတွင် မွေးဖွား ပြီး ပဲခူးမြို့ဝန်ဦးသာအောင် အင်းဝကို ထောင်ထားခြားနားစဉ်က ဆရာတော်မှာ ကလေးအရွယ်ပင်ရှိသေးသည်ဟု ဆို၏။ သူကပင် အေဒီ-၁၇၄၀ တွင် ဆရာတော် သည် ဝါတော်(၁၇)ဝါ၊ အသက် (၃၇)နှစ် ဖြစ်ကြောင်း ဆိုခဲ့ပြန်၏။ ဤအဆိုသာ မှန်ကန်ခဲ့လျှင် ဆရာတော်၏မွေးသက္က ရာဇ်မှာ ၁၇၀၃-ခုနှစ်ဖြစ်၏။

သို့သော် အင်းဝကို ဦးသာအောင် ပုန်ကန်သည့်ခုနှစ်မှာ အေဒီ-၁၇၄၀ ဖြစ်



၏။ ဦးသာအောင်သည် အေဒီ-၁၇၄၀ နှစ် မေလ ၂၉-ရက်တွင် သမီးကို ထွင်းသည့်ဟန် အခမ်းအနားပွဲလမ်း သဘင် အကြီးအကျယ်ဆင်ယင်ကျင်းပခဲ့ ၏။ ယင်းအခမ်းအနားသို့ တက်ရောက် လာသည့် မင်းမှုထမ်းနှင့်မြို့နေလူများကို အတင်းအဓမ္မ သစ္စာခံစေ၏။ သစ္စာမခံ ပါက အဆုံးစီရင်၏။ ဝါခေါင်လတွင် သာဝတီမြို့ဝန်လပိုစားဒီပဲယင်းမြင်းခွဲ ဦးသာအောင်သည် စာရေးကြီးထား စား ကျိုးငမောင်၊ ရွှေခွန်မှူး ငကိုယ် တို့နှင့်အတူ အင်းဝကိုပုန်ကန်၏။ သည့် ကြောင့် ဦးသာအောင် အင်းဝကို ပုန်ကန် ခဲ့က ဆရာတော်ကလေးအရွယ်ပင်ရှိ သေးသည်ဟူသော အဆိုနှင့် ၁၇၄၀-ခုနှစ် တွင် ဆရာတော် အသက်(၃၇)နှစ်ရှိပြီ ဟူသော ဟာလီဒေး၏အဆိုနှစ်ရပ်မှာ ရှေ့နောက်မညီဖြစ်နေ၏။

ဆရာတော်ကိုယ်တိုင် မွန်ဘာသာ ဖြင့် ရေးသားပြုစုခဲ့သည့် လောကသိဒ္ဓိ ကျမ်း၏ ကျမ်းပြီးနိဂုံးစာတွင် ဤလောက သိဒ္ဓိကျမ်းကို သက္ကရာဇ်-၁၁၀၂ (အေဒီ- ၁၇၄၀)တွင် ရေးသားခဲ့ပြီး ထိုစဉ်က ဆရာ တော်သည် သိက္ခာတော်(၂၁)ဝါရှိကြောင်း ဖော်ပြခဲ့၏။ ထို့ကြောင့် ဆရာတော်သည် အသက်(၁၉-၂၀)တွင် ရဟန်းခံပါက ဆရာ တော်၏မွေးသက္ကရာဇ်မှာ (အေဒီ ၁၆၉၉ -၁၇၀၀)ဖြစ်၏။ ဤအဆိုသည် ဟာလီ ဒေး၏ ဒုတိယအဆိုနှင့် သုံးလေးနှစ်သာ ကွာသဖြင့် ကိုက်ညီသည်ဟု ဆိုနိုင်၏။ အချို့မွန်ရဟန်းတော်များကလည်း ဆရာ တော်၏မွေးသက္ကရာဇ်မှာ မြန်မာသက္က ရာဇ် (၁၀၆၁-ခု) အေဒီ-၁၆၉၉ ဟု ကြံဆ ထားကြ၏။ သည့်ကြောင့် ဆရာတော်၏ မွေးသက္ကရာဇ်သည် ၁၆၉၉-၁၇၀၀ ဖြစ် ကြောင်း အခိုင်အမာ ကောက်ချက်ချနိုင် ၏။

မြို့ဝန်ဦးသာအောင်သည် စာရေး ကြီး စစ်ကဲဦးထောင်ကိုကွပ်မျက်ပြီး ဟံသာ ဝတီကို အုပ်ချုပ်၏။ ဦးသာအောင်သည် ရက်စက်ကြမ်းကြုတ်၏။ တိုင်းသူပြည်သား များအား ညှဉ်းပန်းနှိပ်စက်၏။ သည့် ကြောင့် မွန်များက ဦးသာအောင်ကို လုပ် ကြံသတ်ဖြတ်လိုက်ကြ၏။ ဦးသာအောင် မရှိသည့်နောက် အင်းဝမှ မြန်မာဘုရင်က မင်းရဲအောင်နိုင်ကို ပဲခူးမြို့ဝန်ခန့်ထားပြန် ၏။

ဝေါဆရာတော်သည် ပဲခူးမြို့ဝန် ဦးသာအောင်၏ ညှဉ်းပန်းနှိပ်စက်မှုကို မခံမရပ်နိုင်သဖြင့် ပဲခူးမှ ဘားပြဂူသို့ တိမ်းရှောင်သွား၏။ ဘားပြဂူတွင် သီတင်း သုံးစဉ် ဂူထဲ ကညင်ဆီမီးတိုင်ကြား မမြင် မစမ်း စမ်းတဝါးဝါးနှင့် ပေစာများ ရေး သားပြုစုခဲ့ရ၏။ ဆရာတော် ပဲခူးမှ ဘားပြ ဂူသို့ ကြွရောက်သီတင်းသုံးသည့်နှစ်မှာ အေဒီ-၁၇၄၀ ပင်ဖြစ်၏။ တိုင်းရေးပြည်ရာ အေးချမ်းသာယာလာသောအခါ ဆရာ တော်သည် ဝေါမြို့သို့ ပြန်ကြွလာ၏။ ကျောင်းသခ်မ်းနှင့်တကွ ရေးသားခဲ့သည့် ပေစာများ သည်အတိုင်းစွန့်၍ ပြန်လာ ၏။ သည့်ကြောင့် ဘားပြဂူတွင် ပေစာ အမြောက်အမြားကျန်ရစ်ခဲ့၏။ ရှေး ဟောင်းလက်ရာဆင်းတုတော်အမြောက် အမြားလည်း ကျန်ရစ်ခဲ့၏။ ဘားပြဂူမှ ရှေးဟောင်းလက်ရာ သစ်သားဆင်းတု တော်များကို မွန်ယဉ်ကျေးမှုပြတိုက်တွင် ခင်းကျင်းပြသထား၏။

ဦးသာအောင် ပဲခူးမြို့ဝန်ဖြစ်စဉ်က ယင်း၏ညှဉ်းပန်းနှိပ်စက်မှုကြောင့် ရာထူး အရာခံအဆင့်ရှိသူ ဗညားပသွန်းသည်

နောက်လိုက်နောက်ပါအခြွေအရံများနှင့် အတူ ထွက်ပြေးတိမ်းရှောင်လာပြီး ဝေါ တွင် အခြေချနေထိုင်ကြ၏။ ဝေါသို့ ဆရာ တော်ပြန်ကြွလာသောအခါ ဗညားသွန်း က ဆရာတော်သီတင်းသုံးရန် ကျောင်း တစ်ကျောင်း ဆောက်လုပ်လှူဒါန်းခဲ့၏။ ဆရာတော်လည်း ထိုကျောင်းမှာပင် သီတင်းသုံး၏။ ရပ်မိရပ်ဖများကလည်း မိမိ တို့ကလေးများကို ပညာသင်ကြားပေးရန် ဆရာတော်ထံလာရောက်အပ်နှံကြ၏။ ထိုစဉ်က ကလေးများအား ပညာသင်ကြား ပေးရန် စာလည်းမရှိ၊ ပေလည်းမရှိ၊ သည့်ကြောင့် ဆရာတော်က ကျမ်းစာ အမြောက်အမြားရေးသားပြုစုခဲ့၏။ ဆရာ တော်ရေးသားပြုစုခဲ့သည့်ကျမ်းများမှာ-

**အဘိဓမ္မပိဋကတ်**

၁။ အဘိဓမ္မာ(၇)ကျမ်း
၂။ ဓမ္မသင်္ဂဏီ
၃။ ဝိဘင်
၄။ ဓာတုကထာ
၅။ ပုဂ္ဂပညတ်
၆။ ကထာဝတ္ထု
၇။ ယမိုက်
၈။ ပဋ္ဌာန်း
၉။ အဘိဓမ္မသင်္ဂဟဋီကာ

**ဝိနည်းပိဋကတ်**

၁။ ပါဠိပါရာဇိကဏ် (ပထမတွဲမှ-နဝမ တွဲထိ)
၂။ ပါရာဇိကဏ် ပါဠိ (ပထမတွဲမှ- သောဠသမတွဲထိ)
၃။ အဋ္ဌကထာပါရာဇိကဏ်ပါဠိ (ဒုတိယ တွဲမှ-နဝမတွဲထိ)
၄။ အဋ္ဌကထာပါရာဇိကဏ် (ဒုတိယတွဲ မှ-၁၉ တွဲထိ)
၅။ ပါရာဇိကဏ်
၆။ ပါဠိစူဠဝဂ်
၇။ ပါဠိစူလဝဂ် (ပ တွဲမှ တေရသမတွဲ ထိ)
၈။ အဋ္ဌကထာစူဠဝဂ်
၉။ ပါဠိမဟာဝါ (၁၂ တွဲ)
၁၀။ ပါဠိမဟာဝါ (ပထမတွဲမှ-ဒွါဒသမတွဲ ထိ)
၁၁။ သာသနာ (၅၀၀၀)
၁၂။ ဥပဇ္ဈာယ်ဆရာအကြောင်း
၁၃။ သေခိယဝတ်

**သုတ္တန္တပိဋကတ်**

၁။ ပါဠိမဟာသမယသုတ်
၂။ ဓမ္မစကြာပါဠိ
၃။ ဗုဒ္ဓပ္ပဏာရသုတ်
၄။ နိဗ္ဗာနသုတ်
၅။ အဂ္ဂရဝတ္ထုသုတ်ပါဠိ
၆။ ဒါနလက္ခဏာသုတ် (ပတွဲမှ-တတွဲထိ)
၇။ ဇမ္ဗူဒီသုတ်
၈။ မင်္ဂလဒီပနီသုတ် (ပတွဲမှ-သတ္တမတွဲ ထိ)
၉။ မင်္ဂလသုတ် (ပတွဲမှ-ပန္နရသတွဲထိ)
၁၀။ ပရိတ်ကြီး(၁၂)ခန်း
၁၁။ သစ္စာလေးပါးပရိတ်
၁၂။ သုတ္တသင်္ဂဟကျမ်း (ပတွဲမှ-အဋ္ဌမ တွဲထိ)
၁၃။ သုတ္တသင်္ဂဟ (ပတွဲမှ-နဝမတွဲထိ)
၁၄။ အင်္ဂုတ္တရနိကာယ်
၁၅။ ပိဋကသာရသင်္ဂဟ (ပတွဲမှ-ဆဋ္ဌမတွဲ ထိ)
၁၆။ ဝိသုဒ္ဓိမဂ်ပါဠိ
၁၇။ ဥတ္တရဒ္ဓဝိသုဒ္ဓိမဂ် (ပတွဲမှ-ဧကာဒသတွဲ ထိ)
၁၈။ ဝိသုဒ္ဓိမဂ် (ပတွဲမှ- ပန္နရသတွဲထိ)
၁၉။ ဝိသုဒ္ဓိမဂ်အကောက်
၂၀။ ပဏ္ဍိတဝေဒနိယ



၂၁။ မိလိန္ဒပညာ (ပတွဲမှ-ဒွါဒသတွဲထိ)
၂၂။ ဓမ္မပဒ (ပတွဲမှ-တေဝီသတွဲထိ)
၂၃။ ဓမ္မပဒ (၁၇ ဝဂ်)
၂၄။ အဒိလသင်္ဂဟ (ပတွဲမှ-ဒွါဒသတွဲထိ)
၂၅။ ဝတ်ငါးပါး
၂၆။ ဗုဒ္ဓဝင်

**ဇာတ်တော်များ**

၁။ ဝေသန္တရာဂါထာတစ်ထောင်
၂။ သတ္တခန်း၊ ရာဇခန်း၊ မဒ္ဒီခန်း၊ ကုမ္မာ ရခန်း
၃။ နဂရခန်း၊ ဇူဇကခန်း၊ ဟိမဝန္တာခိုးမွမ်း ခန်း
၄။ စူဠခန်း၊ မဟာဝန်၊ ဒါနခန်း
၅။ ခန်ဒသသို့ ဝနပ္ပဝိုဟ်
၆။ မဟောသဓဇာတ်၊ ဝိဓူရဇာတ်၊ စန္ဒ ကုမ္မာဇာတ်
၇။ ဝေသဒီဇာတ် (ဒုတိယမှ မန္တရသတ် ထိ)
၈။ ဝေသဒီဇာတ် (ပတွဲမှ ဧကာဒသတွဲ ထိ)
၉။ ပညာသဇာတ်ပါဠိ (ဒုတွဲမှ ပန္နရသ တွဲထိ)
၁၀။ ဇနက္ကဇာတ် (ပ- ဒု- တ)
၁၁။ ဝိဓူရဝိဠ္ဍာမိုရ်ဇာတ်
၁၂။ ဟတ္ထိပါလဇာတ်
၁၃။ သမ်ပတ္တဇာတ်
၁၄။ တေမိယဇာတ်
၁၅။ နာရဒဇာတ်၊ နေမိမင်း
၁၆။ သုရဿမဇာတ်
၁၇။ သုရိယစန္ဒဇာတ်
၁၈။ ပဒ္ဓုပေါသထဇာတ်
၁၉။ ရွှေဂဏန်းဇာတ်
၂၀။ ဇောတကုမ္မာဇာတ်
၂၁။ ငှက်ဝါဇာတ်
၂၂။ သောဝဏ္ဏဇာတ်
၂၃။ သမိပတ္တစာရီလုလင်ဇာတ်
၂၄။ သကြိန်မင်း
၂၅။ တရားမင်း၊ ရာမမင်း (ပ-ဒု)
၂၆။ သုဝကြက်တူရွေးဇာတ်
၂၇။ စဏ္ဍပဇ္ဇောတဇာတ်
၂၈။ ဇမ္ဗူပတိရာဇာ
၂၉။ အဇာတသတ်ဇာတ်
၃၀။ ရဟန်းများအားဟောသော အတိတ် ဇာတ်
၃၁။ ရာဇာမိရာဇာ
၃၂။ သာမာဝတီဇာတ်
၃၃။ ဆဝဏ္ဏာလီသလာထာ (ဒွါဒသ)
၃၄။ ဒူကနိပါတ် (ပတွဲမှ သတ္တမတွဲထိ)
၃၅။ တိကနိပါတ် (ပ-ဒု-တ)
၃၆။ အသီတိနိပါတ်
၃၇။ ဒိဋ္ဌဓမ္မဇာတ်

**အခြားပေစာများ**

၁။ ဂါရဝဆယ်ပါးကျမ်း
၂။ လက္ခဏာရေးသုံးပါးကျမ်း
၃။ နုပါသကာကျမ်း
၄။ သဗ္ဗဒါန (ပ-စတုတ္ထ)
၅။ ပူရဏ်ပူရဒါ
၆။ လက္ခဏာပညာ
၇။ အနုမောဒနာ
၈။ လောကဘာသာ
၉။ မူလသာသနာ
၁၀။ ဘုရားမယ်တော်ကျေးဇူးဆပ်ခန်း
၁၁။ သကြိန်မင်းပေစာ
၁၂။ ကျောင်းအလှူ
၁၃။ အဓါန်ငါးပါးကျမ်း
၁၄။ မူလညာဏကသိုဏ်းကျမ်း
၁၅။ ဘုရားလောင်းပါရမီဖြည့်စာ
၁၆။ ဂါထာတစ်ထောင်ဘုရားရှိခိုး
၁၇။ လက္ခဏာဆယ်ပါး
၁၈။ ဘုရားလောင်း(၁၁)ပါး

၁၉။ ပဋ္ဌမကမ္ဘာ
၂၀။ ဒေါက်ခဲပုံပြင်
၂၁။ ပါရမီဆယ်ပါး၊ သစ္စာလေးပါး
၂၂။ တရားပန်းကုံး
၂၃။ သစ္စာလေးပါး
၂၄။ နှစ်ကျိပ်ရှစ်ဆူ
၂၅။ ဂဏ္ဍိအဖွင့် (တတိယ)
၂၆။ ပါဒဝါဟ (ပ-ဒု-တ)
၂၇။ တင်စိုက်ရလီ
၂၈။ ဘိမ္မာထေရ်ရီ
၂၉။ ကာလထေရ်
၃၀။ ဦးရှင်ကြီး
၃၁။ တိုင်းကြီး(၁၆)တိုင်း
၃၂။ တရီသံသာ
၃၃။ အပျင်းလေးပါး
၃၄။ မူလကမ္မဌာန်း၊ ကမ္မဌာန်းလေးဆယ်
၃၅။ သုကာယမင်း
၃၆။ အောရဇိ
၃၇။ ငမိုးရိပ်မိကျောင်း
၃၈။ ကသုန္တရီ
၃၉။ မာကာသ်န်
၄၀။ သိကြားမင်းမေးဖြေ သိကြားဘုရား မေးခန်း
၄၁။ သိမ်သမိုင်း
၄၂။ ပါရမီကန်
၄၃။ ဗုဒ္ဓဃောသ
၄၄။ သကြာန်မင်း (သံဝစ္ဆ)
၄၅။ နတ်သုံးပါး
၄၆။ ရှင်မွေးနွန်း မင်းနန္ဒာ
၄၇။ နရသာသန
၄၈။ ကမ္ဘာအကြောင်းအမေးအဖြေ
၄၉။ ဝက်သားလေးအကြောင်း
၅၀။ ဓမ္မဒေသနာ
၅၁။ ကောသလ္လအိပ်မက်၊ ကောသလ္လမင်း အကြောင်း
၅၂။ ၄က်သုံးကောင်
၅၃။ ဆန္ဒလက်ာဂိုဏ်း(၉)ဂိုဏ်း
၅၄။ ပိဋကတ်စာရင်း
၅၅။ သူဌေးသားဆုံးမစာ
၅၆။ ဒေါင်းမင်း၊ စန္ဒာအကြောင်း
၅၇။ ကျောင်းလုလင်
၅၈။ ပဋ္ဌပသန္တိမင်၊ ဗျာဒိတ်
၅၉။ အတုလဝေဠ
၆၀။ ပါလေယျထေရ်
၆၁။ အဘိဓာန်ပါနာမ်
၆၂။ ယသကိတ္တိ
၆၃။ ဓမ္မဒီပနီ
၆၄။ မှန်လုံး
၆၅။ အနုသာသန
၆၆။ သတ္တစနေ
၆၇။ ခြေတော်ရာဘုရားရှိခိုး
၆၈။ မူလမူလီ
၆၉။ ပုညကာရီ
၇၀။ သိန္နရာဇ်သီချင်း
၇၁။ ဂဝမ္ပတိဗျာဒိတ်ပေးခြင်း
၇၂။ သမထဝိပဿနာ (ပ-ဒု-တ)
၇၃။ ဘုရားပွင့်ခြင်း
၇၄။ ပါဒလက္ခဏာ
၇၅။ သာရဝိကတ
၇၆။ အမရာဒေဝီ၊ ဘိမ္မာဘုရားရှိခိုး
၇၇။ မှာကိုက်ကိုမြို့
၇၈။ ကျွန်တုတ် (ပ-ဒု)
၇၉။ အရိယမေတ္တေယျ
၈၀။ သူ့ရဲ့ဘုရားအားလျှောက်ထားခြင်း ဘုရားက သူ့ရဲအားဖြေကြားခြင်း
၈၁။ ကြွက်မင်းစာ၊ ဣဝိစာ
၈၂။ ရာဇသံ
၈၃။ သဗ္ဗဒါနအဖွင့်၊ ကမ္မဌာန်းအဖွင့်
၈၄။ ဝါဒသီလဝေါင်
၈၅။ ရွှေတိဂုံဘုရားရှိခိုး



၈၆။ အရှုံဒုမ္မဝတ္ထု
၈၇။ သုရသာ၊ ဃောသကမ္ဘာ
၈၈။ ပဋ္ဌမဗောဓိ
၈၉။ မာတင်ဇာတ်၊ ကိုယ့်ကိုယ်ကိုယ် ဆုံးမစာ
၉၀။ တာဝတိံသာမှကြွလာခန်း
၉၁။ သုညကမ္ဘာ၊ မေးဖြေခန်း
၉၂။ ကလေးကင်ပွန်းတပ်
၉၃။ လိတ်ကောန်ဖေန်၊ ကောန်ဇျင်
၉၄။ တိုင်ရတ်ပေစာ
၉၅။ မင်္ဂဖလ၊ သင်္ဂဟဒေသနာ
၉၆။ ပုညသံခိပ်
၉၇။ ရဟန္တာနတ်များ
၉၈။ တဖုဿ ဘလ္လိက
၉၉။ သီလ(၅)ပါး၊ ဒါနအမျိုးမျိုး
၁၀၀။ လောကသိဒ္ဓိ (သင်္ချာကိန်း)
၁၀၁။ နိမိတ်တစ်ထောင်နှင့်သင်္ခါရလောက
၁၀၂။ လောကသမုတ္တိကျမ်း
၁၀၃။ လောကပညတ္တိကျမ်း
၁၀၄။ လောကကျင့်ဝတ်
၁၀၅။ ဗေဒင်ကျမ်း
၁၀၆။ ဗေဒင်သင်္ချာကိန်း၊ နာရီကိန်း
၁၀၇။ ဗေဒင်၊ လဗင်ဒိုင်
၁၀၈။ အချင်းမြှုပ်ကိန်း
၁၀၉။ နယျသမုဒြ
၁၁၀။ အာကာသ၊ နက္ခတ်ကျမ်း
၁၁၁။ ဝိန္ဓေရောဂနိဒါန်း
၁၁၂။ ဖြိုဟ်ရှစ်ခွင်၊ ဆေးကျမ်း၊ ကာလသားရောဂါ၊ မီးယပ်ကုထုံး
၁၁၃။ ဆေးကျမ်း၊ မျက်စိဆေးကျမ်း
၁၁၄။ ဂါထာမန္တယား၊ နက္ခတ်ကျမ်း
၁၁၅။ ဂါထာ
၁၁၆။ ရောဂလက္ခဏာဒီပနီအိပ်မက်ဟော
၁၁၇။ သထုံရာဇဝင်
၁၁၈။ ရွှေတိဂုံဓာတ်တော်သမိုင်း
၁၁၉။ ဓာတ်တော်သမိုင်း (ပတွဲမှ သတ္တမတွဲထိ)
၁၂၀။ ခေါင်းဆေးကျွန်းသမိုင်း (ပတွဲမှ သတ္တမတွဲထိ)
၁၂၁။ နိမိတ်တဘောင်
၁၂၂။ ဟံသာဝတီသမိုင်း
၁၂၃။ ရာဇဝင်
၁၂၄။ ဓာတ်တော်ဗျာဒိတ်တော် သမိုင်း
၁၂၅။ ဆံတော်သမိုင်း
၁၂၆။ ဓာတ်တော်သမိုင်း (ပတွဲမှ သတ္တမတွဲထိ)
၁၂၇။ ရေမြို့ဗျာဒိတ်
၁၂၈။ ဆေးနည်းအမျိုးမျိုး
၁၂၉။ မွေ့သတ်
၁၃၀။ ရတာကာရောမဟာပဋ္ဌာတပျို့
၁၃၁။ ဇေယျဒတ္တပျို့
၁၃၂။ ငါးရာငါးဆယ်ဇာတ်
၁၃၃။ နယျသမုဒြ
၁၃၄။ အလှူဒါနစာရင်း
၁၃၅။ သဝပမာပျို့
၁၃၆။ ဥသတ်နှင့်ကြောင်မကြီးပျို့
၁၃၇။ မျက်စိလည်စေသောအကြောင်းတရား ၄ ပါး
၁၃၈။ မင်္ဂလသုတ်ဋီကာ
၁၃၉။ သမ်ပတ္တ(သင်္ဂ)ကျမ်း

စသည်တို့ဖြစ်၏။

အချို့ ဆရာတော်ရေးသားပြုစုခဲ့သည့် ပေစာများအမည်များကို မှတ်သားရလွယ်ကူစေရန် လက်ာဖွဲ့၍မှတ်တမ်းထားသည်လည်း ရှိ၏။

**"လောကသိဒ္ဓိ မွဲအာဒိပ၊ လိက်ခနောင်တာဏ္ဍုဒ်ဝါရ၊ လောကဝိနဲဒ်ပိဿဲ ပုရ လိဝ်ပေလာပုန်ဂွံဒ်ပန်ရ၊ အရိသံင် မသုန်နာမ၊ လနုဟ်ပန်ဟောင်တောင်အင္ဂ၊ ထပ်ဴအပံင် ဝေရဝံသ၊ သိနာဲမိဗျာ်ပေင် ဒွါဂျ၊ ဓောမိဂိုန်ပ္တိတ်ပေင်ဒ္ဓိတ်ပ၊ သိုဘိ မွာဂ့် ပေင်စုံတဲ့ရ၊ သင်အဒါသ္ဍဲစုံမွဲပြဲဂျ၊ လိဝ်သိဝ်ကုာဒ်စုံဝါပ၊ အဲဖျေန်လဝ်ရ၊ တိုင်ဝကျုဆန်"**

အဆိုပါလင်္ကာအရ ဆရာတော်ပြုစုခဲ့သောကျမ်းများမှာ

၁။ လောကသိဒ္ဓိကျမ်း
၂။ ကိန္နရီပျို့
၃။ လောကဝိနည်း
၄။ မေသပျို့
၅။ အရိသံသာပျို့
၆။ အပျင်းလေးပါး
၇။ ဝေရဝံသပျို့
၈။ နေမိမင်းပျို့
၉။ ဓောမိရိန်လင်္ကာပုံပြင်(ကြမ္ဘဒိုက်မင်းကြီး)
၁၀။ ဘိမ္မာပျို့
၁၁။ သင်္ဂါဒါပျို့
၁၂။ သီဝိမင်းပျို့

စသည်တို့ဖြစ်၏။

၁၈၈၃-ခု ဖေဖော်ဝါရီလ (၂၁)ရက်နေ့တွင် ဘားနတ်အခမဲ့စာကြည့်တိုက် ဖွင့်လှစ်၏။ အောက်မြန်မာနိုင်ငံ မင်းကြီးဆာချားအက်ဗ်ဘားနတ်က မိမိစာအုပ်များကို အရင်းတည်ဖွင့်လှစ်သဖြင့် ဗားနတ်စာကြည့်တိုက်ဟုခေါ်၏။ မြန်မာနိုင်ငံ၏ ပထမဦးဆုံး ပြည်သူတို့ကြည့်ရှုနိုင်သော အခမဲ့စာကြည့်တိုက်ဖြစ်၏။ စတင်တည်ထောင်စဉ်က ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေတိဂုံဘုရားလမ်းထောင့်တွင်ရှိ၏။ ထိုစဉ်က ဘားနတ်ပိဋကတ်တိုက်၏ ပိဋကတ်တိုက်မှူးမှာ ကလောင်အမည် မင်းရွှေဒိုင် (မာံယှိုဂျ)အမည်ခံ မွန်ဆရာတော် ဦးသီလဝန္တထေရ် ဖြစ်၏။ ဆရာတော် ဦးသီလဝန္တသည် အိန္ဒိယဘုရင်ခံလော့ဒ်ါလဟိုဇီကိုယ်တိုင်ချီးမြှင့်သည့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ကို အစောဆုံးရရှိခဲ့၏။ ထိုသို့ ချီးမြှင့်ခံရသူများအနက် အသက်အငယ်ဆုံးဖြစ်သည်ဟု မုဒွန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တကောသလ္လ သက်တော်ထင်ရှားရှိစဉ်က မိန့်ကြားခဲ့၏။

ဗားနတ်စာကြည့်တိုက်သို့ မြန်မာနိုင်ငံတရားရေးဝန်ကြီး ဂျာဒင်း၊ ပါမောက္ခချိုလဒါတို့ ပထမဦးဆုံးစာအုပ်လှူ၏၊ ရန်ကုန်မြို့မှ ဦးမှျင်နှင့်ဦးမြို့တို့က ငွေတစ်သောင်းတန် ပေပုရပိုက်များလှူဒါန်း၏၊ ၁၉၂၀ ပြည့်နှစ်တွင် ကင်းဝန်မင်းကြီး၏ ပိဋကတ်တော်များ၊ ၁၉၂၄ တွင် ပုဂံဝန်ထောက်မင်းဦးတင်၏ ပိဋကတ်တော်များကို ကျပ်ငါးထောင်စီဖြင့် ဝယ်ယူခဲ့ပြီး စာအုပ်များ၊ ပေစာများ၊ ပုရပိုက်များ တိုးချဲ့စုဆောင်းခဲ့၏။ ထို့ကြောင့် ၁၉၄၂ တွင် ဘားနတ်စာကြည့်တိုက်၌ စာအုပ်ပေါင်း ၂၀၃၀၅ နှင့် ပေမူပရပိုက်မူပေါင်း ၇၅၀၀ ခန့် ရှိလာ၏။

ယင်းပေမူပရပိုက်မူများအနက် ဝေါဆရာတော်ရေးသားပြုစုခဲ့သည့် ပေမူအများအပြားပါဝင်၏။ ဘားနတ်စာကြည့်တိုက် ကတ်တလောက်စာရင်းအရ ဘားနတ်စာကြည့်တိုက်ရှိ ဝေါဆရာတော်ရေးသားပြုစုခဲ့သောပေမူများမှာ အောက်ပါအတိုင်းဖြစ်၏။

၁။ သဒ္ဒသာရတ္ထဇာလိနီနိဿျ
၂။ မင်္ဂလသုတ်စကားပြေ



၃။ မင်္ဂလသုတ်အကျဉ်း
၄။ ရာမညဘာသာမင်္ဂလသုတ်တရား
၅။ မင်္ဂလသုတ်အမေးအဖြေ
၆။ မင်္ဂလဒီပနီကျမ်းစကားပြေ
၇။ မင်္ဂလဒီပနီဝတ္ထုအနုမောဒနာ
၈။ ဧကနိပါတ်ဇာတ်ဝတ္ထု
၉။ ဒုကနိပါတ်အဋ္ဌကထာနိဿျ
၁၀။ တိကနိပါတ်ဇာတ်ဝတ္ထု
၁၁။ စတုကနိပါတ်အဋ္ဌကထာနိဿျ
၁၂။ စတုကနိပါတ်ဇာတ်ဝတ္ထု
၁၃။ ပဉ္စနိပါတ်အဋ္ဌကထာနိဿျ
၁၄။ ပဉ္စနိပါတ်ဇာတ်ဝတ္ထု
၁၅။ သတ္တနိပါတ်အဋ္ဌကထာနိဿျ
၁၆။ သတ္တနိပါတ်ဇာတ်ဝတ္ထု
၁၇။ နဝနိပါတ်ဇာတ်ဝတ္ထု
၁၈။ ဒသနိပါတ်အဋ္ဌကထာနိဿျ
၁၉။ ဒသနိပါတ်ဇာတ်ဝတ္ထု
၂၀။ ဧကာဒသနိပါတ်ဇာတ်ဝတ္ထု
၂၁။ ဒွာဒသနိပါတ်ဇာတ်ဝတ္ထု
၂၂။ တေရသနိပါတ်ဇာတ်ဝတ္ထု
၂၃။ တိံသနိပါတ်ဇာတ်ဝတ္ထု
၂၄။ စတ္တာလီသနိပါတ်ဇာတ်ဝတ္ထု
၂၅။ ပဏ္ဏာသနိပါတ်အဋ္ဌကထာနိဿျ
၂၆။ ပဏ္ဏာသနိပါတ်ဇာတ်ဝတ္ထု
၂၇။ သဋ္ဌိနိပါတ်ဇာတ်ဝတ္ထု
၂၈။ သတ္တတိနိပါတ်ဇာတ်ဝတ္ထု
၂၉။ အသီတိနိပါတ်ဇာတ်ဝတ္ထု
၃၀။ အသီတိနိပါတ်အဋ္ဌကထာနိဿျ
၃၁။ ဋင်းအဋ္ဌကထာနိဿျ(ပထမအုပ်)
၃၂။ ဋင်းနိဿျ(ဒုတိယအုပ်)
၃၃။ ပါစိတ်ပါဠိတော်
၃၄။ ခြေခွင်သောလုလင်ဝတ္ထု
၃၅။ အရှုံဒုမ္မဝတ္ထု
၃၆။ သုရာဇာတ်လယ်ပုစ္ဆန်လုံးဝတ္ထု
၃၇။ ဆင်းရဲသားဝတ္ထု
၃၈။ ဆင်းရဲသားဝတ္ထုလင်္ကာရေး
၃၉။ သုဒ္ဓေါဓနမင်းကြီးဝတ္ထု
၄၀။ ကမ္ဗိလမဟာဗြဟ္မာဝတ္ထု
၄၁။ သဗ္ဗဒါနဝတ္ထု-ခုတွဲ
၄၂။ သဗ္ဗဒါဝတ္ထု
၄၃။ သဗ္ဗဒါအနုမောဒနာ
၄၄။ ဓမ္မဒေသနာတရားစာ
၄၅။ ဓမ္မဒေသနာအနုမောဒနာ
၄၆။ ဓမ္မဒေသနာတရားစာ
၄၇။ သဗ္ဗဒါနနိဿျ
၄၈။ ရေစက်ချ
၄၉။ ကထိန်အကျိုး
၅၀။ ပိဋကတ်အကျိုး၊ တစ်မျိုး
၅၁။ ရှမ်းကရင်အနုမောဒနာ
၅၂။ ဘုရားအလောင်းဆယ်ပါးပါဠိ
၅၃။ ဘုရားအလောင်းဆယ်ပါးပါဠိနိဿျ
၅၄။ ဘုရားအလောင်း၁၀ပါးဝတ္ထု
၅၅။ လောကဝိဒူကျမ်း
၅၆။ လောကသမုတိကျမ်း
၅၇။ လောကဝတ်ကျမ်း
၅၈။ အစွန်းငါးပါးကျမ်း
၅၉။ ဓမ္မဒေသနာတရားစာ
၆၀။ မဟာဝတပါတ်ကျမ်း
၆၁။ ပေါရဏကျမ်း
၆၂။ သဗ္ဗစိတ္တသာခရဏကျမ်း
၆၃။ ဆယ့်နှစ်ရာသီကျမ်း
၆၄။ ယသကိတ္တိကျမ်း
၆၅။ မန္တဝေါဟာကျမ်း
၆၆။ မွန်စာပေဖြင့်အင်္ဂလိပ်စကားကိုရေးထားသောစာ
၆၇။ သဗ္ဗပမာကျမ်း
၆၈။ ပမာသိဒ္ဓိကျမ်း
၆၉။ ပိဋကသင်္ဂဟကျမ်း
၇၀။ မဟာသမယကျမ်းပါဠိနိဿျ
၇၁။ ပိသုကာကျမ်း

၇၂။ သာရသင်္ဂကျမ်း
၇၃။ ပသာဒဝါဟကျမ်း
၇၄။ မူလကမ္မဋ္ဌာန်းကျမ်း
၇၅။ ပဋ္ဌမမ္ဗော်ဓိကျမ်း
၇၆။ ဓနဥ္စယကုမ္မပျို့
၇၇။ မေယဒေဝီပျို့
၇၈။ ဏာဝဏ္ဏပျို့
၇၉။ နယသမုဒြိကျမ်းလင်္ကာ
၈၀။ လောကသိဒ္ဓိကျမ်းလင်္ကာကျမ်း
၈၁။ ကျောင်းသားသူငယ်ဆုံးမစာ
၈၂။ လောကသိဒ္ဓိလင်္ကာအကျယ်
၈၃။ ဓမ္မသတ်ကျမ်းလင်္ကာ
၈၄။ လောကလာသာကျမ်းလင်္ကာ
၈၅။ ရတနာပဇ္ဇောတပျို့
၈၆။ ပတ္တိပါလပျို့
၈၇။ ရွှေခရမယ်ပျို့
၈၈။ သောဝါနိလဟွန်ပျို့
၈၉။ မာယဒေဝါနိပျို့
၉၀။ သတ္တမနုပျို့
၉၁။ ခန္ဓာဘွဲ့လင်္ကာ
၉၂။ မင်းဆက်ရာဇဝင်
၉၃။ ဓမ္မစေတီမင်းရာဇဝင်
၉၄။ ရာဇဝင်နှင့်ဓာတုဝင်အကျယ်
၉၅။ ဗုဒ္ဓဝင်ကျမ်း
၉၆။ ဗုဒ္ဓဝင်၊ မဟာဝင်၊ ဓာတုဝင်နှင့် ဆံတော်ဓာတ်သမိုင်း
၉၇။ မဟာဝင်ကျမ်း
၉၈။ ဓမ္မဝင်ကျမ်း
၉၉။ ဓာတုဝင်ကျမ်းအကျယ်
၁၀၀။ ဓာတုဝင်ကျမ်းနှစ်စောင်တွဲ
၁၀၁။ ဓာတုဝင်ကျမ်းနှင့်ဓာတ်တော် ပေါင်းဘုရားရှိခိုး
၁၀၂။ ရာဇာနေတ္တိကျမ်း
၁၀၃။ တိတ္ထုံကျမ်း
၁၀၄။ နမိတ်လက္ခဏာဟောစာ
၁၀၅။ အပိုင်းအဆစ်ဆယ်ပါးနှင့် သာသနာလျှောက်
၁၀၆။ ပုံပမာနှင့်တကွသောနက္ခတ် ကျမ်း
၁၀၇။ အာကာသသျှတ္တရကျမ်း
၁၀၈။ နက္ခကျမ်းတစ်မျိုး

ဟူ၍ဖြစ်၏။

ထို့အပြင် ဆရာတော်သည် မွန်မင်း ဆက်ရာဇဝင်ကို သက္ကရာဇ် ၁၁၂၀ အေ ၁၇၅၆ တွင်လည်းကောင်း၊ ဟံသာဝတီ သမိုင်းကို ၁၇၆၀ တွင်လည်းကောင်း ရေးသားပြုစုခဲ့၏။ ၁၇၆၈ တွင် မင်္ဂလသုတ် ပြန်ဆိုချက်ကို ရေးသားခဲ့၏။ ယင်းတွင် ဗုဒ္ဓဝင်၊ ဓာတုဝင်၊ မဟာဝင်နှင့် ရာဇဝင် များပါ၏။ ယင်းပေစာများအနက် မွန်မင်း ဆက်ရာဇဝင်သည် အထူးထင်ရှား၏။ သည့်ကြောင့် အနောက်တိုင်းသုတေသီ များက ဘာသာအမျိုးမျိုးပြန်ဆိုခဲ့၏။ ရှေ ဦးစွာ ပါမောက္ခ P.W Schmidt က မင်း ဆက်ရာဇဝင်ကို ဂျာမန်ဘာသာသို့ပြန်ဆို ပြီး ဗီယင်နာ၌ ၁၉၀၆ ခုနှစ်ခန့်က ထုတ်ဝေ ခဲ့၏။ ယင်းပေစာကို ရောမအက္ခရာဖြင့် လည်း ဖလှယ်ခဲ့၏။ ထို့နောက် ဒေါက်တာ C.O Blagden က မူရင်းပေစာနှင့် ညှိနှိုင်း လိုအပ်သည်များကို ဖြည့်စွက်ပြင်ဆင် တည်းဖြတ်ပြီး ဒေါက်တာရှမစ်၏ ဂျာမန်မူ မှ အင်္ဂလိပ်ဘာသာပြန်ဆိုခဲ့၏။ သို့သော် ယင်းစာမူ မထုတ်ဝေဖြစ်ခဲ့။

ထိုစဉ်က ဘားနတ်ပိဋကတ်တိုက် တွင် ပါမောက္ခရှမစ် ဘာသာပြန်သော မူပွားတစ်ခုရှိ၏။ မူပွားကို ထိန်းသိမ်းထား မည့်အစား မူရင်းကိုရှာဖွေသိမ်းထားသင့် ကြောင်း R.Halliday က စာကြည့်တိုက် မှူးအား အကြံပြုခဲ့၏။ ပြီးနောက် မြန်မာ နိုင်ငံ သုတေသနအသင်းဂျာနယ်၏ အယ

ဘာဖြစ်သူ ဒေါက်တာလုစ်ကိုလည်း စာကို မွန်အင်္ဂလိပ်နှစ်ဘာသာ စာအုပ် ဘ်ဝေသင့်ကြောင်း အကြံပြုခဲ့၏။ ဒေါက်တာလုစ်က စာအုပ်ထုတ်ဝေရေး ကော်မတီနှင့်ညှိနှိုင်းပြီး ဆရာတော်၏ မွန် မင်းဆက်ရာဇဝင်ကို မွန်အင်္ဂလိပ် နှစ် ဘာသာပုံနှိပ်ထုတ်ဝေခဲ့၏။ အင်္ဂလိပ် ဘာသာပြန်ဆိုသူကား ဟာလီဒေးဖြစ်၏။ မတိုင်ခင်က ဆရာတော်၏ မွန်ပေမူကို မြန်မာဘာသာသို့လည်း ပြန်ဆိုခဲ့၏။

မြန်မာ့သမိုင်းစာအုပ်ကို ရေးသားခဲ့ ပြုစုခဲ့သူ ဆာအာသာဖယ်ယာက ယင်း စာအုပ်၏အမှာစာတွင် ဆရာတော်၏ မင်းဆက်ရာဇဝင်ကို "a History of Pegu in the Mun Language, by Hsaya dau Athwa a Mun Buddhist monk, which was Translated into Burmes" ဟု ဖော်ပြ ထား၏။

ဆရာတော်သည် မင်းဆက်ရာဇဝင် တစ်ခုမက ရေးသားခဲ့ဟန်ရှိ၏။ ဘားနတ် အခမဲ့စာကြည့်တိုက်ရှိမူကို စာကြည့်တိုက် မှူးက ရာဇဝင်နှင့်ဓာတုဝင်ကျဉ်းချုပ်ဟု ဘေဘယ်ထိုးထား၏။ ထိုင်းတွင်လည်း ယင်းပေမူတစ်မူ တွေ့ရှိရ၏။ စာရေးသူက အစအကြောင်းအရာရေးသားပုံ အားလုံး ၏။ သို့သော် ဓာတုဝင်ဟု လေဘယ်ထိုး ထား၏။ ပါမောက္ခရှမစ်၏မူတွင် "သုပတ် ရာဇဝင်ဒတောဝ်သိင်ရောင်" "Slapat Rajawan Datow Smin ron" မင်းဆက်



ရာဇဝင်ဟု ခေါင်းစီးတပ်ထား၏။ မွန်ပေမူ ကို ဟာလီဒေးက အင်္ဂလိပ်ဘာသာပြန် ဆိုရာ၌

"1. History of Kings
2. Genealogy of Bodhisatya
3. Story of the buddha
4. The story of the Relics
5. The Kings of Pegu
6. Conclusion

စသည်ဖြင့် ခွဲခြားထား၏။ ယင်းသို့ ခွဲခြားရာတွင် အခန်းလိုက်ကားမဟုတ်၊ ပတ်သက်ရာပတ်သက်ရာ စာမျက်နှာထိပ် တွင် စာတန်းထိုးထားသည့်သဘောဖြစ်၏။ အစီအစဉ်တစ်ပြီးလျှင် နှစ်ရောက်မည် နှစ် ပြီးလျှင်တစ်ပြန်လာချင်လာမည်။ ဤသို့ ဖြင့် စာအုပ်တစ်အုပ်လုံး စာမျက်နှာပါ အကြောင်းအရာကိုလိုက်၍ ခေါင်းစဉ်ခွဲ တပ်သွားသည့်သဘောဖြစ်၏။

အေဒီ ၁၇၄၆ တွင် မွန်ဘုရင်ဗညား ဒလ ဟံသာဝတီနန်းကို ဆက်ခံ၏။ ဗညား ဒလနန်းတက်စဉ်က ဆရာတော်သည် သိက္ခာတော်(၂၇)ဝါရပေပြီ။ အရွယ် ထောက်လာသောအခါ ဆရာတော် ဝေါမွှေကျင်သို့ ပြောင်းရွှေ့သီတင်းသုံး၏။ ရွှေကျင်တွင် သီတင်းသုံးစဉ် အဖျင်းလေး ပါးနှင့် ဟတ္ထိပါလပျို့တို့ကို ရေးသားပြုစု ခဲ့၏။ ဟတ္ထိပါလပျို့ကိုရေးသားစဉ် ဆရာ တော် အသက်(၇၃)နှစ်ရှိပေပြီ။ စင်စစ် ဟတ္ထိပါလပျို့သည် ရှင်မဟာရဋ္ဌသာရ မြန်မာဘာသာဖြင့်ရေးဖွဲ့ခဲ့သောပျို့ကို ဝေါ ဆရာတော်က မွန်ဘာသာပြန်ဆိုခြင်းဖြစ် ၏။ ရှင်မဟာရဋ္ဌသာရ၏ခမည်းတော်မှာ မွန်ဘုရင်မရှင်စောပု၏တူ ပုသိမ်မင်း ဗညားအိန်၏မြေး ဓမ္မပါလအမတ်ဖြစ်၏။ မယ်တော်မှာ သတိုးမင်းဖျား၏ သမီးမြစ်

ရင်းဟုဆိုသဖြင့် မွန်မြန်မာမင်းမျိုးမင်းနွယ်မှ ဆင်းသက်လာသူဖြစ်၏။

ဟတ္ထိပါလပျို့သည် ဟတ္ထိပါလဇာတ်ကို တန်ဆာဆင်ဖွဲ့ဆိုထားသဖြင့် ဟတ္ထိပါလပျို့၊ အခန်း(၉)ခန်းဖွဲ့ဆိုသဖြင့် ကိုးခန်းပျို့၊ ညီနောင်လေးဦးတို့ဟောကြားသည့် တရားဓမ္မတွင် အနှစ်သာရအလွန်ပြည့်ဝသဖြင့် စတုဓမ္မသာရပျို့ စသည်ဖြင့် ထင်ရှား၏။ ဟတ္ထိပါလပျို့ကို ပထမတွင် မြန်မာရဟန်းတော် ဦးပညာရုံသီအား မွန်ဘာသာသို့ပြန်ဆိုစေခဲ့၏။ နောက် ဦးပညာနုံသီလက်လျှော့သွားတော့မှ ဝေါဆရာတော်အားပြန်ဆိုစေ၏။

ဟတ္ထိပါလပျို့သည် မွန်မြန်မာနှစ်ဘာသာစလုံး အရေးအဖွဲ့အလွန်ကောင်းသောပျို့ဖြစ်၏။ မြန်မာမူတွင် ရှည်ရှည်လျားလျားဖွဲ့ဆိုထား၏။ မွန်မူတွင် ရိုးရိုးရှင်းရှင်းနှင့်ခပ်ကျဉ်းကျဉ်းဖွဲ့ဆိုထား၏။ ဇာတ်ပေါင်းခန်းတွင် မြန်မာ(၁၀)ပိုဒ်ကို (၁၁)မျက်နှာမျှ ရေးသားထား၏။ မွန်က နှစ်ပိုဒ်ကို တစ်မျက်နှာလောက်နှင့် လိုရင်းကိုသာ အကျဉ်းရုံးရေးဖွဲ့၏။ အချုပ်အားဖြင့် ဆရာတော်၏ ဟတ္ထိပါလပျို့ မွန်ဘာသာပြန်သည် တိုတိုနှင့်လိုရင်းရောက်၏။ ဝေါဟာရအသုံးအနှုန်းရိုး၍ရှင်း၏။ စာအဖွဲ့အဆို ကျစ်လျစ်သိပ်သည်း၏။ အစပ်အဟပ်ထိထိမိမိရှိ၏။ ကာရန်ယူ
လှပ၏။ အသံထွက်ဖတ်လျှင် လက်ာသွားမှာ သုတိသာယာဖွယ်ဖြစ်၏။ ထို့ကြော
ဆရာတော်သည် မွန်အမတ်ကြီးဗညား
ဒလကဲ့သို့ ဘာသာပြန်ရာတွင် နိုင်နိုင်န
နင်း ကျွမ်းကျွမ်းကျင်ကျင်ရှိ၏။

ဝေါဆရာတော်သည် ပဲခူးတွင်လည
သီတင်းသုံးခဲ့သည်ဟု ဆို၏။ ပဲခူးတ
ဆရာတော်သီတင်းသုံးခဲ့သည့်ကျောင်းကာ
မဟာစေတီအရပ်တွင်ရှိ၏။ ကျောင်းဝင်
သည်(၁၇)ကေမျှရှိ၏။ ယခုအခါ ကျောင်
ဝင်းတစ်ခုလုံး အုန်းပင်၊ ထန်းပင်၊ အခြာ
သစ်ပင်များဖြင့် အုံ့အုံ့ဆိုင်းဆိုင်း ဝေ
ဆာဆာရှိ၏။ ကျောင်းဝင်းထဲတွင် နှစ်ထ
တိုက်ကျောင်းဟောင်းတစ်ဆောင်ရှိ၏
ကျောင်းဆောင်ကားအကျယ်ကြီးမဟုတ
ကျောင်းတိုက်မှာ သွပ်မိုးဖြစ်၏။ ပြတင်
ပေါက်များအားလုံး ပိတ်ထား၏။ မည်သူမ
မနေတော့၊ အုတ်နံရံ၏ဘေးတစ်ဖက်တွင်
ရေကန်ကြီးတစ်ကန်ရှိ၏။ ရေမှာ ကြည်

**ဆရာတော်၏ ဟတ္ထိပါလပျို့ မွန်ဘာသာပြန်သည် တိုတိုနှင့်လိုရင်းရောက်၏။ ဝေါဟာရအသုံးအနှုန်း ရိုး၍ရှင်း၏။ စာအဖွဲ့အဆို ကျစ်လျစ်သိပ်သည်း၏။ အစပ်အဟပ်ထိထိမိမိရှိ၏။ ကာရန်ယူပုံလှပ၏။ အသံထွက်ဖတ်လျှင် လင်္ကာသွားမှာ သုတိသာယာဖွယ်ဖြစ်၏။ ထို့ကြောင့် ဆရာတော်သည် မွန်အမတ်ကြီးဗညားဒလကဲ့သို့ ဘာသာပြန်ရာတွင် နိုင်နိုင်နင်းနင်း ကျွမ်းကျွမ်းကျင်ကျင်ရှိ၏။**



၏။ ကျောင်း၏မြောက်ဘက်တွင် ဇရပ်
စ်ဆောင်ရှိ၏။ တောင်ဘက်တွင်မူ သစ်
းကျောင်းအိုတစ်ဆောင်ရှိ၏။ ကျောင်း
င်းတွင် ရှေးဟောင်းသိမ်တစ်ခုရှိ၏။ ယင်း
သိမ်ကို ၁၂၈၇-ခုနှစ်က ပြုပြင်ခဲ့၏။ သိမ်
တွင် မြန်မာရဟန်း(၄)ပါး သီတင်းသုံးနေ
၏၊ ကျောင်းထိုင်ဆရာတော်က နှစ်ထပ်
က်ကျောင်းဟောင်းကို လက်ညှိုးညွှန်၍
ကျောင်းကား ဝေါဆရာတော် ကာလ
ည်ကြာသီတင်းသုံးခဲ့သည့်ကျောင်း၊ ထို
ရာကား ဝေါဆရာတော်စကြီလျှောက်
ည့်နေရာ၊ ဤကျောင်းဝင်းတစ်ခုလုံး
ည်လည်း ဝေါဆရာတော်၏ကျောင်း
င်းဖြစ်ကြောင်း မိန့်ကြားခဲ့၏။

ဝေါဆရာတော် နောက်ဆုံးသီတင်း
သုံးခဲ့သည့်ကျောင်းကား ရွှေကျင်ကမ်းနား
ကျောင်းဖြစ်၏။ ဤကျောင်းတွင်ပင်
ဆရာတော်ပျံလွန်တော်မူ၏။ မည်သည့်
သက္ကရာဇ်၊ မည်သည့်အသက်အရွယ်
တွင် ဆရာတော်ပျံလွန်ခဲ့သည်ကို မသိရ။
ထိုကျောင်းတွင် ဆင်ဖြူရှင်မင်းတရား
နတ်ရွာစံပြီးနောက်ပိုင်းအထိ သီတင်းသုံး
ကြောင်း သိရှိရ၏။ ဆင်ဖြူရှင်မင်းတရား
သည် အေဒီ-၁၇၇၅တွင် နတ်ရွာစံ၏။
ထို့ကြောင့် ဆင်ဖြူရှင် နတ်ရွာစံစဉ်က
ဆရာတော်၏အသက်မှာ (၇၆)နှစ်ပြီဖြစ်၏။
ဆရာတော်မွေးဖွားသည်မှ ယခုအချိန်
အထိ နှစ်ပေါင်းသုံးရာကျော် (၃၀၉)နှစ်
ရှိပေပြီ။ ဆရာတော်ကို ဂုဏ်ပြုသောအား
ဖြင့် ဝေါဆရာတော် နှစ်သုံးရာပြည့်
အထိမ်းအမှတ် အခမ်းအနားတစ်ခုပြုလုပ်
ပေးသင့်၏။

ဆရာတော်သည် သူ့ဘဝတစ်လျှောက်လုံး မွန်ပေစာများ ရေးသားပြုစုခြင်းဖြင့်သာ အချိန်ကုန်ခဲ့၏။ ဆရာတော်၏ စာပေအရေးအသားသည် နှောင်းခေတ် မွန်တို့အတွက် စံထားစရာဖြစ်၏။

ဆရာတော်နှင့်ပတ်သက်၍ ဟာလီဒေးက သူ့ အင်္ဂလိပ်ဘာသာပြန်ဆိုသည့် မင်းဆက်ရာဇဝင်အကျဉ်း၏နိဒါန်းတွင် အောက်ပါအတိုင်းမှတ်ချက်ချထား၏။

"The author of this history, known as the monk of Acwo' (no personal name seems ever to be given him), has a great reputation among the Muns as a writer. At times one will be told off hand that the monk of Acwo' wrote all the books. This, of course, is far from being the case, as many of the books show internal evidence of having been written long before his time. Still his accredited works are quite voluminous. He indeed represents the later Mun, and his Rajawan is a good example of the later literary form of that language."

"ဤသမိုင်းအကျဉ်းကို ရေးသားပြုစုခဲ့သူမှာ အဇွော် (အဇှော့) Acwo (ဝေါဆရာတော်)ဟု ထင်ရှားသော ဘုန်းတော်ကြီးတစ်ပါးဖြစ်၏။ (ကျမ်းပြုဆရာတော်၏ သီးခြားအမည်နာမရှိခဲ့ဟန်မတူ) ဆရာတော်သည် မွန်လူမျိုးထဲတွင် အလွန်ထင်ရှားကျော်ကြားသည့် ကျမ်းပြုအကျော်အမော်ဖြစ်၏။ မွန်သမိုင်းဆိုင်ရာ ပေစာအားလုံးလိုလို ဆရာတော်က ပြုစုခဲ့သည်ဟု ထင်ရလောက်အောင် ကျမ်းပေါင်းမြောက်မြားစွာ ပြုစုခဲ့၏။ သို့သော် ဆရာတော်မတိုင်ခင်က ရေးသားခဲ့သည့် ပေစာများလည်းရှိ၏။ စာပေရေးသားရာတွင် ဆရာတော်၏ စကားလုံးအသုံးအနှုန်း

သည် ထူးချွန်ပြောင်မြောက်၏။ အထူးသဖြင့် ဆရာတော်ရေးသားပြုစုခဲ့သည့် မွန်ဘာသာရာဇဝင်ပေစာများသည် နှောင်းခေတ်မွန်စာပေ၏ ရှေ့ဆောင်လမ်းပြ မီးရှူးတန်ဆောင်ဖြစ်၏။"

ပါမောက္ခရှမစ် ဂျာမန်ဘာသာသို့ ပြန်ဆိုသောမူတွင် ကျမ်းပြီးခုနှစ်သက္ကရာဇ် ဖော်ပြထားခြင်းမရှိ။ ဟာလီဒေးက ၎င်းဘာသာပြန်သည့် မင်းဆက်ရာဇဝင်၏ ကျမ်းပြီးနိဂုံးတွင် . . .

"On Saturday the 12th of the light half of Margasirsha, in the year 1128, I, the superior of Acwo' monastery, have composed a historical work setting forth briefly the line of kings in succession for the benefit of the people."

"ကျွန်ုပ် ဝေါဆရာတော်သည် ပြည်သူတို့၏အကျိုးကို မျှော်ကိုး၍ မြန်မာသက္ကရာဇ် ၁၁၂၈-ခုနှစ် နတ်တော်လဆန်း (၁၂)ရက် တနင်္ဂနွေနေ့တွင် ဤမင်းအဆက်ဆက်တို့၏ မင်းဆက်ရာဇဝင်ကျမ်းအကျဉ်းကို အောင်မြင်စွာစီရင်ရေးသားခဲ့၏" ဟူ၍ဖြစ်၏။

ဆရာတော်အသက်ထင်ရှားရှိစဉ်ကရပ်ရေးရွာရေးမအေးချမ်းသဖြင့် မွန်စာပေသည် ရေနည်းငါးပမာဖြစ်ခဲ့ရ၏။ ဤသည်ကိုသိသော ဆရာတော်သည် မွန်ဘာသာစာပေများကို မနားမနေရေးသားခဲ့၏။ နောက်ပိုင်းတွင် ဆရာတော်၏ ညာလက်မနှင့်လက်ညှိုး ဖြတ်လိုက်ရသဖြင့် စာလည်းရေး၍မရတော့။ သို့သော် ဆရာတော်အားအားမလျော့။ လောကခံကို ဦးမညွတ်။ တည်စိမကိုင်နိုင်သောအခါ ဆရာတော်သည် လိုက်ရေးသူ ဦးပဥ္စင်းကိုရင်များအားစကြီးလျှောက်ရင်း နှုတ်မှပြောသွား၏။ ဦးပဥ္စင်းနှင့်ကိုရင်များက လိုက်ရေးရ၏။ ဆရာတော်သည် မွန်စာပေကို ထိုမျှချစ်ခင်လေးမြတ်၏။ စာပေကို မြတ်နိုးသဖြင့် မဆုတ်မနစ်ကြိုးပမ်းပြုစုခဲ့၏။ ဆရာတော်၏ကြိုးပမ်းမှုကြောင့် မွန်စာပေဆီမီး မီးစာကုန်ဆီခန်းမဖြစ်ခဲ့။ မွန်စာပေဖယောင်းတိုင်ငယ်သည်လည်း မီးစွယ်မကျိုးခဲ့။

အမွန်စင်စစ် ဝေါဆရာတော်ကား မွန်စာပေတည်းဟူသော မိုးကောင်းကင် ထိုမိုးကောင်းကင်၏ အရှင်နေမင်းတည်း။

**နိုင်ခင်မောင်လေး**

**ကျမ်းကိုး**

၁။ ဝေါဆရာတော်၊ လောကသိဒ္ဓိကျမ်း (မွန်ဘာသာ)၊ ရွှေသိန်းပုံနှိပ်တိုက်၊ မော်လမြိုင်။

၂။ ပါမောက္ခဒေါက်တာနိုင်ပန်းလှ၊ သုတေသနစာပေ၊ မိုးကြည်စာပေ၊ ရန်ကုန်၊ ၁၉၉၈။

၃။ ဟံသာဝတီဦးဘရင်၊ မြန်မာရာဇဝင်မှတ်တမ်း၊ ကျော်ဦးစာပေထုတ်ဝေရေး၊ ရန်ကုန်၊ ၁၉၆၈။

၄။ ဝေါဆရာတော်၊ မွန်မင်းဆက်ရာဇဝင် (မွန်-အင်္ဂလိပ်)၊ မြန်မာနိုင်ငံသုတေသနအသင်း၊ ရန်ကုန်။

၅။ ဒေါ်ကြည်၊ မြန်မာနိုင်ငံအခြေအနေ။

၆။ စွယ်စုံကျမ်း၊ အတွဲ-၇။

၇။ ဘာ်းနတ်ပိဋကတ် ကတ်တလောက်စာရင်း။

ဝေါဆရာတော်၏ မွန်မူတွင် တနင်္ဂနွေနေ့ဟု ဖော်ပြထား၏။ ဟာလီဒေး၏ အင်္ဂလိပ်ဘာသာပြန်တွင် စနေနေ့ဟုပါရှိ၏။

အတွေးအမြင်
၂၅နှစ် ပြည့် အထူးထုတ်

# စစ်ကဲ ဦးရွှေနော်၏ဆရာ ဦးရွှေကွန်နှင့် ပတ်သက်၍

**မောင်မြေနီ(တမာတော)**

ကျွန်တော်သည် နိုဝင်ဘာ ၂၀၀၈ အတွေးအမြင်ထဲမှ ဆရာနိုင်ခင်မောင်လေး၏ "စစ်ကဲဦးရွှေနော်နှင့် အာဒိကပ္ပကမ္ဘာဦးကျမ်း" ဆောင်းပါးကို ဖတ်ရှုရပါသည်။ ဆရာ့ဆောင်းပါးကြောင့် ဦးရွှေနော်ကို ကြားဖူးရုံမျှသာရှိသည့် ကျွန်တော့်အဖို့ ပိုမိုပြည့်စုံစွာ သိခွင့်ရလိုက်သည်။ ဤအတွက် ဆရာနိုင်ခင်မောင်လေးကို ကျေးဇူးတင်ပါသည်။

အာဒိကပ္ပ ကမ္ဘာဦးကျမ်းတွင် ဦးရွှေနော်က "ဖလ်နန်းရှင်နောင်ကြီးဘုရားလက်ထက် ဘုန်းတော်ကြီးတစ်ပါး ပေါ်ပေါက်ခဲ့သည်။ ယင်းဆရာတော်ဘွဲ့မှာ မထင်ရှား၊ လူအမည်ဦးငှုပ်ဟုလူသိများ၏။ ယင်းဆရာတော်သည် လောကဓမ္မ အခြင်းအရာများကို ကျွမ်းကျင်နှံ့စပ်၏။ ထိုဆရာတော်ကြီးထံတွင် ဘုန်းခေါင် ဘုရင်မင်းမြတ်၏ သမီးတော် ဘုရားလေး၊ ဖလ်နန်းရှင်၏သမီးတော် ဘုရားကြီးတို့ ဗေဒင်ပညာသင်ကြားခဲ့သည်။ ဦးရွှေနော်၏ ဆရာဖြစ်သူ ဦးရွှေကွန်သည်လည်း ဆရာတော်ဘုရား၏ တပည့်ဖြစ်၏"ဟု မှတ်တမ်းတင်ထားသည်ဟု ဆို၏။

**ဖလ်နန်းရှင်နောင်ကြီးဘုရားလက်ထက် ဘုန်းတော်ကြီးတစ်ပါးပေါ်ပေါက်ခဲ့သည်။ ယင်းဆရာတော်ဘွဲ့မှာမထင်ရှား။ လူအမည်ဦးငှုပ်ဟု လူသိများ၏။ ယင်းဆရာတော်သည် လောကဓမ္မ အခြင်းအရာများကိုကျွမ်းကျင်နှံ့စပ်၏။**

ထိုကိစ္စကို ဆရာနိုင်ခင်မောင်လေးက "ဖလ်နန်းရှင် နောင်တော်မင်းကြီးသည် ကုန်းဘောင်မင်းဆက် ဒုတိယမြောက်ဘုရင် နောင်တော်ကြီးမင်းမဟုတ်။ ဦးရွှေနော် ဖော်ပြသော ဖလ်နန်းရှင် နောင်တော်ကြီးမင်းနှင့် ကုန်းဘောင်မင်းသည် တစ်ပါးတည်းဖြစ်သည်။ မင်းတုန်းမင်းကို ဆိုလိုရင်းဖြစ်သည်။ ဖလ်နန်းရှင်၏ သမီးတော်စုဖုရားကြီးနှင့် ကုန်းဘောင်မင်း၏သမီးတော် စုဖုရားလေးဟူသည် မင်းတုန်းမင်း၏သမီးတော် မိုင်းနောင်စုဖုရားကြီးနှင့် ရမည်းသင်း စုဖုရားလေးကိုသာ ဆိုလိုရင်းဖြစ်သည်" ဟု ယူဆသင့်ကြောင်း တင်ပြ ထားသည်။

သမိုင်းဝါသနာရှင်တစ်ယောက်မျှသာဖြစ်သော ကျွန်တော့်ကို ထိုကိစ္စအား ဆွေးနွေးတင်ပြခွင့်ပြုပါမည့်အကြောင်း လေးစားစွာ ခွင့်တောင်းပါရစေ။

ဆရာနိုင်ခင်မောင်လေး တင်ပြသလို ဖလ်နန်းရှင်နော်တော်ကြီးမင်းသည် ကုန်းဘောင်မင်းဆက်၏ ဒုတိယမြောက်ဘုရင် နောင်တော်ကြီးမင်းမဟုတ်သည်မှာ သေချာနိုင်ပါသည်။ ဆရာ့ဆောင်းပါးအရ ဦးရွှေနော်သည် ၁၁၉၂ ခု ဖွားဖြစ်သည်။ နောင်တော်ကြီးမင်းက ၁၁၂၂ ခုနှစ်တွင် နန်းတက်ခဲ့သည်။ ဦးရွှေနော်၏ဆရာဖြစ်သူ ဦးရွှေကွန် ပညာဆည်းပူးခဲ့သည့် ဘုန်းတော်ကြီးဦးငွေသည် နောင်တော်ကြီးမင်းလက်ထက်တွင် ပေါ်ပေါက်ခဲ့ပြီးအံ့။ ဦးရွှေနော်နှင့် ဦးရွှေကွန်သည် အကြမ်းအားဖြင့် အသက် ၇၀ လောက် ကွာခြားနေသည်။ ဆရာတပည့်သည် ထိုမျှလောက်ကွာခြားနိုင်ဖို့ခဲယဉ်းသည်။

ထိုသို့ဆိုလျှင် "ဖလ်နန်းရှင် နောင်တော်ကြီးမင်းနှင့် ကုန်းဘောင်မင်းသည် တစ်ပါးတည်းဖြစ်သည်။ မင်းတုန်းမင်းကိုသာ ဆိုလိုသည်" ဟူသည့် အယူအဆသည် မှန်သလော။ ကျွန်တော်အနေဖြင့် ဖလ်နန်းရှင် နောင်တော်ကြီးမင်းသည် ဘကြီးတော်မင်းကို ဆိုလို၍ ကုန်းဘောင်မင်းသည် ဘကြီးတော်မင်း၏ညီတော် သာယာဝတီမင်းကိုဆိုလိုကာ မင်းတုန်းမင်းက မင်းတုန်းမင်းသာဖြစ်သည်ဟု ယူဆပါ၏။

ဘကြီးတော်မင်းသည် အမရပူရထီးနန်းကို ၁၁၈၁ ခုနှစ်တွင် ဆက်ခံခဲ့သည်။ ၁၁၈၅ ခုနှစ်တွင် အင်းဝ ထီးနန်းဟောင်းကို ပြန်လည်တည်ဖန်၍ ပြောင်းရွှေ့စိုးစံသည်။ ဘကြီးတော် ပြန်လည်တည်ဆောက်သည့် အင်းဝထီးနန်းသည် ဖလ်မှန်တို့ဖြင့် ဆန်းကြယ်စွာ တင့်တယ်သည်။ ထို့ကြောင့် ဘကြီးတော်မင်းကို ဖလ်နန်းရှင်ဟု ခေါ်တွင်ခဲ့သည်။ တဖန် သာယာဝတီမင်း၏ မိတူဖတူ နောင်တော်အရင်းဖြစ်၍ ဖလ်နန်းရှင် နော်တော်ကြီးမင်း ဟုလည်း ခေါ်တွင်ခဲ့သည်





ဦးရွှေနော်၏ ဆရာဖြစ်သူ ဦးရွှေကွန် ပညာဆည်းပူးခဲ့သော ဘုန်းတော်ကြီး ဦးငွေသည် ဘကြီးတော်မင်း လက်ထက်တွင် ပေါ်ပေါက်ခဲ့သည် ဆိုအံ့။ ဦးရွှေနော်နှင့် ဦးရွှေကွန်တို့ ဆရာတပည့်သည် အသက် နှစ်ဆယ်ဝန်းကျင်သာ ကွာခြားနိုင်ကြောင်း ပေါ်လွင်လာလိမ့်မည်။ ဤကွာခြားမှုသည် ဖြစ်နိုင်ခြေအများဆုံးရှိသော ကွာခြားမှုပင်။

သာယာဝတီမင်းသည် ကုန်းဘောင်ရွှေဘိုတွင် အခြေတည်၍ အင်အားစုသော နောင်တော်ဖြစ်သော ဘကြီးမင်း၏ အင်းဝထီးနန်းကို ၁၁၉၉ တွင် သိမ်းမြန်းခဲ့သည်။ ကုန်းဘောင်ရွှေဘိုကို အခြေတည်၍ နန်းတက်ခဲ့သော သာယာဝတီမင်းကို ကုန်းဘောင်မင်း၊ ရွှေဘိုမင်း၊ သာယာဝတီမင်းဟု ရာဇဝင်မှာတွင်ခဲ့သည်။

မင်းတုန်းမင်းသည် ဘကြီးတော်မင်း၏ တူတော်ဖြစ်သည်။ သာယာဝတီမင်း၏ သားတော်ဖြစ်သည်။ ၁၂၁၄ တွင်မှ နန်းတက်သည်။ ထို့ကြောင့် ကျွန်တော့်အနေဖြင့် ဖလ်နန်းရှင် နောင်တော်ကြီးမင်းသည် ဘကြီးတော်မင်း။ ကုန်းဘောင်မင်းသည် သာယာဝတီမင်း၊ မင်းတုန်းမင်းသည် မင်းတုန်းမင်းသာဖြစ်ကြောင်း တင်ပြဆွေးနွေးရပါသည်။

သမီးတော်များကိစ္စကို ဆက်လက်ဆွေးနွေးလိုပါသေးသည်။ သမီးတော်များကိစ္စကို ဆွေးနွေးရင်း အထက်ပါ မင်းသုံးပါး သီးခြားဖြစ်ကြောင်း ကိစ္စကိုလည်း ပိုမိုရှင်းလင်းသွားလိမ့်မည်ထင်ပါသည်။

ဆရာ နိုင်ခင်မောင်လေးက "ဖလ်နန်းရှင် ကုန်းဘောင်မင်းတို့ကို တစ်ပါးတည်းဟု ယူရမည်။ အဘယ့်ကြောင့်ဆိုသော် မင်းတုန်းမင်းသည် ကုန်းဘောင်မင်းဆက်သာဖြစ်သည် ကနောင်မင်းသား၏ နောင်တော်ဖြစ်သည်။ ထို့ကြောင့် ဖလ်နန်းရှင်၏ သမီးတော် စုဖုရားကြီးနှင့် ကုန်းဘောင်မင်း၏သမီးတော် စုဖုရားလေးသည် မင်းတုန်းမင်း၏ သမီးတော် မိုင်းနောင်စုဖုရားကြီးနှင့် ရမည်းသင်း စုဖုရားလေးကို ဆိုလိုခြင်းဖြစ်သည်"ဟု တင်ပြခဲ့သည်။

မိုင်းနောင်စုဖုရားကြီးမှာ ၁၂၂၁ ခုတွင် ဖွားမြင်သူဖြစ်သည်။ ရမည်းသင်း စုဖုရားလေးသည် ၁၂၃၀ တွင် မွေးဖွားသူဖြစ်သည်။ ထို့ကြောင့် မိုင်းနောင် စုဘုရားကြီးသည် ဦးရွှေနော်ထက် ၂၉ နှစ် ငယ်သည်။ ဦးရွှေနော်၏ ဆရာဖြစ်သူ ဦးရွှေကွန်ထက် အသက် ၅၀ ဝန်းကျင်ငယ်လိမ့်မည်။ ထို့အတူ ရမည်းသင်းစုဖုရားလေးသည် ဦးရွှေနော်ထက် အသက် ၃၈ နှစ်ငယ်သည်။ ဦးရွှေနော်၏ ဆရာဖြစ်သူ ဦးရွှေကွန်ထက် အသက် ၆၀ ဝန်းကျင်ငယ်လိမ့်မည်။ ထို့ကြောင့် ဦးရွှေကွန်နှင့် အသက်ချင်း ၅၀ ဝန်းကျင် ၆၀ ဝန်းကျင် ကွာကြသော မိုင်းနောင် စုဖုရားကြီးနှင့် ရမည်းသင်းစုဖုရားလေးတို့သည် ဆရာတူတပည့်ဖြစ်နိုင်မှု အလွန်နည်းနေသည်။

တစ်ဖန် ဆရာ နိုင်ခင်မောင်လေးက "ဖလ်နန်းရှင် နောင်တော်မင်းကြီးသည် မင်းတုန်းမင်းသာ ဖြစ်သည်ဟု ဆိုရာ ဘုန်းတော်ကြီး ဦးငွေသည် မင်းတုန်းမင်းလက်ထက်မှ ပေါ်ပေါက်ခဲ့သော ပုဂ္ဂိုလ်ဟု ယူဆရမလို ဖြစ်နေသည်။ မင်းတုန်းမင်း နန်းတက်ခဲ့သော ၁၂၁၄ ခုတွင် ဦးရွှေနော်သည် အသက် ၂၂ နှစ် ရှိနေပြီ။ ဝန်ထမ်းဘဝပင် ရောက်နေပြီ။ ဦးရွှေနော်၏ ဆရာ ဖြစ်သူ ဦးရွှေကွန်မှုကား အသက် ၄၀ ကျော်ပြီးနေလိမ့်မည်။ ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်နေလိမ့်မည်မဟုတ်တော့။



ထိုအချက်တွေကို ထောက်ရှု၍ ဘုန်းတော်ကြီး ဦးငုသည် မင်းတုန်းမင်းလက်ထက်တွင် ပေါ်ပေါက်ခဲ့သောပုဂ္ဂိုလ်မဟုတ်သလို ဦးရွှေကွန်နှင့် ဆရာတူတပည့်များသည်လည်း မိုင်းနောင်စုဖုရားကြီးနှင့် ရမည်းသင်း စုဖုရားလေးတို့ မဟုတ်နိုင်ဟု ကျွန်တော့်အနေဖြင့် ဆွေးနွေးတင်ပြလိုသည်။

ထိုသို့ဆိုလျှင် ဦးရွှေကွန်နှင့်အတူ ဆရာတူတပည့်တွေ ဖြစ်ခဲ့သည့် စုဖုရားကြီး စုဖုရားလေးတို့သည် မည်သည့်ဘုရင်၏ သမီးတော်တွေဖြစ်သနည်း။ ဦးရွှေနော်က "ဖလ်နန်းရှင် နောင်တော်ကြီးမင်း၏သမီးတော် စုဖုရားကြီး။ ကုန်းဘောင်မင်း၏ သမီးတော် စုဖုရားလေး" ဟု မှတ်တမ်းပြုခဲ့ကြောင်း ဆရာနိုင်ခင်မောင်လေးကိုယ်တိုင် တင်ပြထားသည်။ ထို့ကြောင့် ကျွန်တော့်အနေဖြင့် "စုဖုရားကြီးသည် ဘကြီးတော်၏သမီး" စုဖုရားလေးသည် သာယာဝတီမင်း၏သမီး"ဟု ယူလိုက်ချင်သည်။ မြန်မာဘုရင်များလက်ထက်တော်က ဘုရင့်သမီးတော်တိုင်း ဘွဲ့မည်ရည်ရှိကြသည်။ ဥပမာ မိုင်းနောင်စုဖုရားကြီး၏ ဘွဲ့သည် သီရိသုရတနာမင်္ဂလာဒေဝီဖြစ်သည်၊ မြတောင်စုဖုရားလတ်ဘွဲ့သည် သီရိသုပဘာ ရတနာဒေဝီ ဖြစ်သည်။ ရမည်းသင်းစုဖုရားလေး၏ဘွဲ့သည် သီရိသုသိင်္ဂီရတနာဒေဝီ ဖြစ်သည်။ သို့သော် ရှည်လျားလှသော ဘွဲ့တွေကို နန်းတွင်းအသိုင်းအဝန်းက မှတ်သားခေါ်ဝေါ်ရိုးမရှိကြ။ အကြီးအငယ်ကိုလိုက်၍ စုဖုရားကြီး စုဖုရားလေးဟုသာ အလွယ်ခေါ်ကြရိုးရှိသည်။

ကျွန်တော် ဆက်၍စဉ်းစားမိသည်မှာ စုဖုရားကြီးသည် ဘကြီးတော်၏ အဘယ်သမီးတော်ကိုဆိုလိုသနည်း။ စုဖုရားလေးသည် သာယာဝတီမင်း၏ အဘယ်သမီးတော်ကို ဆိုလိုသနည်းဟူ၍ ဖြစ်သည်။ ဆက်စပ် စဉ်းစားရသမျှ ပြောရလျှင် စုဖုရားကြီးသည် ဘကြီးတော်နှင့် နန်းမတော်မယ်နုတို့၏သမီးတော် သီရိပဝရတိလောကမဟာရတနာဒေဝီ (နောင်အခါ မင်းတုန်းမင်း၏ အလယ်နန်းမိဖုရား ဆင်ဖြူမရှင်ဖြစ်လာမည့်သူ) ဖြစ်၍ စုဖုရားလေးမှာ သာယာဝတီမင်းနှင့် မိဖုရားခေါင်ကြီးတို့၏သမီးတော် သီရိပဝရ မဟာရာဇိန္ဒာဓိပတိရတနာဒေဝီ (နောင်အခါ မင်းတုန်းမင်း၏ မိဖုရားခေါင်စကြာဒေဝီဖြစ်လာမည့်သူ) ဟု ဆိုလိုက်ချင်ပါသည်။

ဘကြီးတော်နှင့် နန်းမတော်မယ်နုတို့၏ သမီးတော် (ဆင်ဖြူရှင်) သည် မွေးချင်းသုံးယောက်တွင် အငယ်ဆုံးဖြစ်သော်လည်း အကြီးနှစ်ယောက်မှာ ငယ်ကလွန်ကြသည်။ ထို့ကြောင့် မိဖုရားခေါ်မယ်နု၏ တစ်ဦးတည်းသော သမီးတော်လိုဖြစ်သွား၍ စုဖုရားကြီးခေါ်ရိုးရှိနိုင်သည်။ သာယာဝတီမင်းနှင့် မိဖုရားခေါင်ကြီးတို့၏



သမီးတော်(စကြာဒေဝီ)တွင် မွေးချင်းခုနစ်ယောက်ရှိသည်။ အစ်ကိုတော် ပုဂံမင်းသားနှင့် တတိယမြောက် သမီးတော်ဖြစ်သော စကြာဒေဝီသာ ကြွင်းကျန်ရစ်သည်။ အားလုံး ငယ်ကလွန်ကုန်ကြသည်။ ထို့ကြောင့် စကြာဒေဝီသည် မိဖုရားခေါင်ကြီး၏ သမီးတော်ဖြစ်နေသည့်တိုင် အစ်ကိုတော် ပုဂံမင်းသားရှိနေ၍ စုဖုရားလေးဟု ချစ်စနိုး ခေါ်ကြရိုးရှိနိုင်သည်။

အသက်အရွယ်ချင်း နှိုင်းယှဉ်ကြည့်လျှင် ဆင်ဖြူမရှင်သည် ၁၁၈၃ ခုဖွားဖြစ်၍ ဦးရွှေနော်ထက် ၉ နှစ်ကြီးသည်။ ဦးရွှေကွန်ထက် ၁၈ နှစ်ဝန်းကျင် ငယ်သည်။ အစ်ဖန် စကြာဒေဝီသည် ၁၁၇၃ ခုဖွားဖြစ်၍ ဦးရွှေနော်ထက် ၁၉ နှစ်ကြီးသည်။ ဦးရွှေကွန်ထက် တစ်နှစ် နှစ်နှစ်လောက်သာ ငယ်မည်။ ထို့ကြောင့် ဦးရွှေကွန်သည်လည်းကောင်း၊ ဦးရွှေကွန်နှင့် သက်တူရွယ်တူနီးပါးဖြစ်သော စကြာဒေဝီသည်လည်းကောင်း။ ဦးရွှေကွန်ထက် ဆယ်နှစ်လောက်ငယ်သော ဆင်ဖြူမရှင်သည်လည်းကောင်း၊ ဘုန်းတော်ကြီး ဦးငုထံ ပညာသင်ခဲ့သူများဖြစ်နိုင်ဖို့ နီးစပ်လှသည်။ ဆရာတူတပည့်ဖြစ်နိုင်ဖို့ နီးစပ်လှသည်။ ထို့အပြင် စကြာဒေဝီသည် လောကဓမ္မရေးရာ ဗေဒင်ပညာတွင် မင်းတုန်းမင်းက အားထားပြုရလောက်အောင် ကျွမ်းကျင်သည်ဟု ရာဇဝင်တွင် အဆိုရှိနေသည်။

သို့သော် ဦးရွှေကွန်နှင့် ဆရာတူတပည့် စုဖုရားကြီးသည် ဘကြီးတော်၏ သမီးတော်ဖြစ်သည်ထားဦး။ စုဖုရားလေးသည် သာယာဝတီမင်း၏ သမီးတော်ဖြစ်သည်ထားဦး။ ဆင်ဖြူမရှင်နှင့် စကြာဒေဝီ မဟုတ်ဘဲ အခြားသမီးတော်များရော မဖြစ်နိုင်သလောဟု မေးဖွယ်ရာ ရှိနေပြန်ပါသည်။ ဦးရွှေနော်က သူ့ဆရာ ဦးရွှေကွန်သည် စုဖုရားကြီးနှင့် စုဖုရားလေးတို့ ပညာဆည်းပူးခဲ့သော ဘုန်းတော်ကြီး ဦးငု၏ တပည့်ဟု တခုတ်တရ တင်ပြထားခြင်းမှာ ဆင်ဖြူမရှင်နှင့် စကြာဒေဝီလို ထင်ရှားသော သမီးတော်များဖြစ်၍သာ အားယူ၍ ပြောခြင်းဟု ယူဆသင့်ပေသည်။

မည်သို့ဆိုစေ ကျွန်တော် ဆွေးနွေးမှုကို အချုပ်အားဖြင့်ဆိုရလျှင် "ဖလ်နန်းရှင် နောင်တော်ကြီးမင်းသည် ဘကြီးတော်မင်းဖြစ်သည်။ ကုန်းဘောင်မင်းသည် သာယာဝတီမင်းဖြစ်သည်။ ဖလ်နန်းရှင်၊ ကုန်းဘောင်၊ မင်းတုန်းမင်းတို့သည် မင်းတစ်ပါးတည်းမဟုတ်။ သီးခြားမင်းသုံးပါး ဖြစ်သည်။ ဘုန်းတော်ကြီး ဦးငုသည် ဘကြီးတော်မင်းလက်ထက်တွင် ပေါ်ပေါက်ခဲ့သော ပုဂ္ဂိုလ်ဖြစ်သည်။ စစ်ကဲဦးရွှေနော်၏ ဆရာဖြစ်သူ ဦးရွှေကွန်နှင့် ဆရာတူတပည့်ဖြစ်ခဲ့သော စုဖုရားကြီးနှင့် စုဖုရားလေးတို့မှာ မင်းတုန်းမင်း၏ သမီးတော် မိုင်းနောင်စုဖုရားကြီးနှင့် ရမည်းသင်း စုဖုရားလေးတို့ မဟုတ်။ ဘကြီးတော်၏ သမီးတော် ဆင်ဖြူမရှင်နှင့် သာယာဝတီမင်း၏ သမီးတော် စကြာဒေဝီတို့သာ ဖြစ်နိုင်ကောင်းသည်"ဟု တင်ပြလိုရင်း ဖြစ်ပါသည်။

ကျွန်တော့် ဆွေးနွေးတင်ပြချက်လုံးဝ မှန်ကန်ရမည်ဟုကား တယူမသန်ပါ။ အတွေးအမြင်ရှိသမျှဖြင့် ဆွေးနွေးတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

မောင်မြေနီ(တမာတော

မင်းရဲကျော်စွာမှာ
ငယ်လည်းငယ်၊ စိတ်ထက်၍
စစ်သွေးကြွသူဖြစ်သည်။
ဤသည်ကို ဟံသာဝတီသားတို့က
အခွင့်ကောင်းယူ၍ စစ်မြှူကစားသည်။

# လှိုင်နှင့် သူတို့သားအဖ

**မောင်မောင်လှမြင့်**

"လှိုင်"မှာ ရန်ကုန်မြို့မြောက်ဘက်မိုင်(၆၀)ကျော်အကွာ လှိုင်မြစ်၏ အရှေ့ဘက်ကမ်းပေါ်တွင် တည်ရှိသည့် မြို့ဟောင်းဖြစ်ပါသည်။ ယခုအခါတွင်မူ တိုက်ကြီးမြို့နယ်အတွင်း ပါဝင်သည့် ကျေးရွာတစ်ရွာဖြစ်သော်လည်း ပဒေသရာဇ်ခေတ်ကာလ၌ ထင်ရှားအရေးပါသော မြို့တစ်မြို့ ဖြစ်ခဲ့သည်။ ဂျေ၊ အက်(စ်) ဖာနီဗယ်နှင့် ဦးဖေမောင်တင်တို့ ပြုစုသည့် မှန်နန်း ဥဆောင်းကျမ်းအဆိုအရ လှိုင်မြို့ကို သက္ကရာဇ် ၆၇၃-ခုနှစ်၌ ပုဏ္ဏရိကမင်း တည်ခဲ့သည်ဟု သိရပါသည်။ ထိုအချိန်မှစ၍ မြန်မာ့သမိုင်း၌ အရေးပါသော မြို့တစ်မြို့ ဖြစ်ခဲ့ရာ ကုန်းဘောင်ခေတ်စာဆို ဘောလယ်ဘုရင် လှိုင်ထိပ်ခေါင်တင် အပိုင်စားခဲ့သဖြင့် ပို၍ လူသိများခဲ့သည်။

ယခု ဖော်ပြလိုသော လှိုင်နှင့် ပတ်သက်သည့် "သူတို့သားအဖ"ဆိုသည်ကား ပထမ အင်းဝခေတ်မှ ဘုရင်မင်းခေါင်နှင့် သူ၏သားတော်များဖြစ်ကြသည့် မင်းရဲကျော်စွာနှင့် ဆင်ဖြူရှင်သီဟသူတို့ ဖြစ်ပါသည်။ သားအဖသုံးဦးစလုံးပင် အောက်ဟံသာဝတီနှင့် အကြိမ်ကြိမ် စစ်ခင်းခဲ့ရသည်။ ၁၇၄၅-မှ ၁၇၈၅ အထိ နှစ်ပေါင်း (၄၀)မျှပင် ကြာခဲ့သည်။ ထိုစစ်ကာလတစ်လျှောက်၌ လှိုင်သည် သူတို့အတွက် အရေးပါသော အမှတ်ထင်ထင်နေရာ ဖြစ်ခဲ့ပါသည်။



**အင်းဝမင်းခေါင်နှင့်လှိုင်**

မြန်မာသက္ကရာဇ် (၇၄၅) ခုနှစ်တွင် ဟံသာဝတီ၌ ရာဇာဓိရာဇ် မင်းပြုသည်။ ထိုတွင် ဦးရီးတော်သူ မြောင်းမြမြို့စား လောက်ဖျားက အင်းဝမင်းကြီးစွာစော်ကဲ ထားချီးပင့်ရာမှ အင်းဝနှင့်ဟံသာဝတီ အနှစ်(၄၀)စစ်ပွဲ ပေါ်ပေါက်ခဲ့ရသည်။ လောက်ဖျား၏ ပင့်ဖိတ်ချက်အရ အင်းဝ အိမ်ရှေ့မင်းဆင်ဖြူရှင်တရဖျားနှင့် ညီ တော် ပြင်စည်မင်းသား မင်းဆွေ (အင်းဝ သမင်းခေါင် ဖြစ်လာသူ)တို့ ဦးဆောင် သော ကြည်းတပ်၊ ရေတပ်တို့ စုန်ဆင်း တိုက်ခိုက်ရာ၊ ပြင်စည်မင်းသားမင်းဆွေ၏ ဟံယာဝတီကြောင်း ချီတပ်က လှိုင်မြို့ကို သိမ်ကြဲသည်တွင် မြို့ပျက်ပြီး လှိုင်မြို့စား သမိန်ဇိတ်ပွတ်ကို လက်ရမိသည်။

**မင်းရဲကျော်စွာနှင့် လှိုင်**

မြန်မာသက္ကရာဇ်(၇၇၈)ခုနှစ်တွင် မင်းရဲကျော်စွာဒလ၌ ကျဆုံးသည်။ မင်းရဲကျော်စွာမှာ ငယ်လည်းငယ်၊ စိတ်ထက်၍ စစ်သွေးကြွသူဖြစ်သည်။ ဤသည်ကို ဟံသာဝတီသားတို့က အခွင့်ကောင်းယူ၍ စစ်မြှူကစားသည်။ မင်းရဲကျော်စွာက ဆင်တော် 'ငချစ်ခိုင်'ကိုစီး၍ ထွက်တိုက်သောအခါ ဗညားဓမ္မရာဇာတပ်၊ ဗညားရဲတပ်၊ ဗညားကျန်းတပ်နှင့် ရာဇာဓိရာဇ်၏တပ်ပါ ပျက်သည်။ ဤမျှ အောင်နိုင်သော်လည်း မင်းရဲကျော်စွာက မနား။ သမိန်အဝနိုင်တပ်ကို ဆက်၍တိုက်ပြန်သည်။ ဆင်တော် 'ငချစ်ခိုင်'မှာ ပင်ပန်းပြီဖြစ်သည်။ နောက်မှ ဆင်ကူအမတ်တို့ မမီလာသောကြောင့် ဆင်တော်မှာ ပြေးသွားရသည်။ ဤတွင် တောတောက

တောတွင်းသို့ ဝင်ပုန်းသွားသည့် ရာဇာဓိရာဇ်၏ သားတော်များဖြစ်သော ဗညားဓမ္မရာဇာ၊ ဗညားရဲနှင့် ဗညားကျန်းတို့က ဆင်အစီးသုံးဆယ်ဖြင့် ဝိုင်း၍ထိုးခုတ်ရာ ဆင်တော် 'ငချစ်ခိုင်'၏ ကိုယ်တွင် လှံချက်တစ်ရာလောက် ထိသည်။ ဆင်တော်မှာ နာကျင်လွန်းလှသဖြင့် ခါရာ မင်းရဲကျော်စွာ ဆင်ပေါ်မှကျ၍ ပေါင်ကို ခတ်မိသည်။ လမ်းမလျှောက်နိုင်တော့သဖြင့် တွားသွားပြီး အုန္နဲပင်အောက် ဝင်နေရ၏။ အနာသည်းလှသဖြင့် မလှုပ်ရှားနိုင်ရှိနေစဉ် ဟံသာဝတီတပ်သားတို့ ဖမ်းယူကာ ရာဇာဓိရာဇ်ထံ ဆက်သည်။

ရာဇာဓိရာဇ်က "တူမောင် ဆေးဝါးကုသခံယူပါ။ ပျောက်ကင်းလျှင် သားအဖြစ် မွေးမြူမည်။ သမီးတော်နှင့် ထိမ်းမြားပေးပြီး အိမ်ရှေ့အရာ အပ်နှင်းမည်" ဟု ဆိုသည်။ မင်းရဲကျော်စွာက "ဘကြီးတော် ကျွန်ုပ်သည် ဟံသာဝတီကို မရအဲ မပြန်ဟု အဓိဋ္ဌာန်ပြုပြီး ဖြစ်သည်။ မည်သူ့ကြောင့်ကြမှု မခံလို၊ ရှင်သည်ထက် သေသည်က မြတ်၏။ ထုံးစံအတိုင်း စီရင်ပါလော့"ဟု ဆိုသည်။ ရာဇာဓိရာဇ်လည်း မင်းရဲကျော်စွာကား သေသည်အထိ မာန်ချမည့်သူမဟုတ်ဟု သိရှိကာ အဆုံးစီရင်လိုက်သည်။

မင်းရဲကျော်စွာ ကျဆုံးကြောင်း ဗိုလ်မင်းတပ်မင်းတို့က အင်းဝမင်းခေါင်ထံ စာလွှာပို့ဆက်အစီရင်ခံသည်။ ဘုရင်မင်းခေါင်လည်း ဆင်လုံးမြင်းရင်းအများစီရင်၍ ရေအား၊ ကြည်းအားဖြင့် ဟံသာဝတီသို့ နေ့ညဥ့်မဆိုင်း စုန်တော်မူသည်။ လှိုင်မြို့သို့ ရောက်ရှိစဉ် မင်းရဲကျော်စွာနှင့် လိုက်ပါသွားသော စလင်းစားနော်ရထာ၊ ကလေးစား ကျေးတောင်ညီတို့ တပ်ကို

စုစည်းထိန်းသိမ်း၍ ပြန်လာသည်ကို ဆုံမိသည်။ သားတော် ကျဆုံးပုံအကြော
အစုံအလင်သိရသောအခါ များစွာကြေကွဲတော်မူသည်။ ထို့နောက် ငါ့သားတော်
သင်္ချိုင်းရာကို ငါကိုယ်တိုင်ကြည့်မည်ဟု ရေအား ကြည်းအားအပြည့်ဖြင့် ဒလသို့ စုန်တေ
မူသည်။ ဒလမြို့အား အလွယ်တကူ သိမ်းပိုက်ရရှိကာ ရာဇာဓိရာဇ်၏ သားတော်
ဖြစ်ကြသည့် ဗညားရံနှင့် ဗညားကျန်းတို့ လက်လွှတ်ထွက်ပြေးရ၏။ ဘုရင်မင်းခေါင်လည
သားတော်၏သင်္ချိုင်းသို့သွား၍ ရာဇာဓိရာဇ်မြှုပ်ထားရာမှ ပြန်ဖော်ပြီး အရိုးကိုထီးဖြူအုပ်
အမှုအမတ်တကာအပေါင်းတို့အား ပူဇော်စေသည်။ ပြီးသောအခါမှ ရွှေအိုးတွင်ထည့်
လှော်ကားဖြင့် တင်ဆောင်ပြီး မထီးအဝဒ်ရေချသည်။

**ဆင်ဖြူရှင်သီဟသူနှင့် လှိုင်**

မြန်မာသက္ကရာဇ်(၇၈၅)ခုနှစ်၌ ဟံသာဝတီတွင် ရာဇာဓိရာဇ်၏သားတော်ကြီး ဗညား
ဓမ္မရာဇာမင်း ဖြစ်လာသည်။ ထိုစဉ်တွင် အင်းဝထီးနန်း၌လည်း ဘုရင်မင်းခေါင်၏
သားတော် အငယ် ဆင်ဖြူရှင်သီဟသူ(မင်းရဲကျော်စွာ၏ညီ) မင်းပြုနေပြီဖြစ်သည
ဗညားဓမ္မရာဇာအား ညီတော်များဖြစ်ကြသည့် ဗညားကျန်းနှင့် ဗညားရံတို့
ပုန်ကန်ခြားနားကြ၏။ ယင်းသို့ အောက်ဟံသာဝတီ၌ အကွဲကွဲအပြားပြားရှိနေချိန်တွ
ဆင်ဖြူရှင်သီဟသူက တပ်များစေ လွှတ်တိုက်ခိုက်စေသည်။ မင်းမဟာ၊ သီဟပတေ
ဘယကျော်ထင်၊ ရာဇသင်္ကြန်၊ မိုးညှင်း သတိုးစသောစစ်သူကြီးများဦးစီးသည့် ကြည်းတပ်
ဘယဂါမဏိ၊ ဘယသင်္ကြန်၊ ကျေးတောင် ညိုစသည့် စစ်သူကြီးများဦးစီးသည
ရေတပ်များဖြင့်တိုက်ခိုက်ရာ ပုသိမ်၊ ခဲပေါင်၊ ဒလမြို့များ ကို ရသော်လည်း ဒဂုံမြို့အာ
မသိမ်းပိုက်နိုင်ဘဲရှိနေသည်။ တစ်လံခန့် ဝိုင်းရံထားရာ ဒဂုံစားဗညားရံ
နှမတော်ရှင်စောပုကို ဆက်သပါမည်ဟု စကားဆိုလာသည်။

ဆင်ဖြူရှင်သီဟသူလည်း ရေကြောင်းငါးတပ်စီရင်တော်မူပြီး ကဏ္ဍုလွန်းကြင်ငါး
လှော်ကားသံလှေနှစ်ရာ၊ ရိက္ခာတင်ကုန်လှေ သုံးရာ၊ စစ်သည်သူရဲခုနစ်သောင်းဖြင့် ရွှေဖော
စီး၍ စုန်လာတော်မူသည်။ လှိုင်သို့ရောက်လျှင် ကြည်းတပ်၊ ရေတပ်ခြံရံပြီး ရပ်နားစော
ဆိုင်းနေသည်။ ဒဂုံစားဗညားရံက နှမတော်ရှင်စောပုကို ဆက်သပါမည်လျှောက်ထား
ပြဿဒ်သုံးဆောင်ဆောက်ပြီးလျှင် နှမတော်ရှင်စောပုကို သီရိတြိဘဝနာဒိတျာ ပ
အတုလအဂ္ဂမဟာဓိ ဓမ္မရာဇာဓိရာဇမဟာဒေဝီဟူသော ဘွဲ့အမည်ဖြင့် မိဖုရားကြီးတို့
အဆောင်အယောင်နှင့်တကွ ကိုယ်လုပ်အမတ်သမီး သုံးကျိပ်၊ အထိန်းအချီခန့်မှ
ရွှေဝေါနှင့် ဆင်ဖြူ ရှင်ရှိရာ ဖောင်တော်သို့ မှူးအမတ်၊ မြန်မာအမတ်တို့ ဝန်းရံ၍ ပို့လာသည
ဆင်ဖြူရှင်သီဟသူလည်း ဖောင်တော်ထက်တွင် ခရီးဦးကြိုဆီး၍ လက်လှမ်းတော်မူသည
အပြင်အလျာ အရောင်အဆင်း ကောင်းမြတ်လွန်းလှသောကြောင့် ရှင်စောပုအာ
အလွန်လေးမြတ်တော်မူကာ ခုနစ်ရက်တိုင်တိုင် မှူးအမတ်၊ မြန်မာအမတ်တို့ကို ကျွေးမွေ
တော်မူပြီးမှ အင်းဝသို့ ဆန်တော်မူသည်။

ဤသို့လျှင် လှိုင်မြို့သည် အင်းဝဘုရင်မင်းခေါင်၊ ယင်း၏သားတော်များ ဖြစ်ကြသော
မင်းရဲကျော်စွာ၊ ဆင်ဖြူရှင်သီဟသူတို့နှင့် တက်ကြွဖွယ်ရာ ကြေကွဲဖွယ်ရာ၊ ကြည်နူးဖွယ်
ဖြစ်ရပ်များဖြင့် ဆက်စပ်လျက်ရှိခဲ့ပါသည်။

မောင်မောင်လှမြ

---

> **မြန်မာအဘိဓာန်က**
> **ခွင့်လွှတ်(ကြိယာ)ကိုအပြစ်မယူဘဲ**
> **ချမ်းသာခွင့်ပေးသည်ဟု**
> **အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။**

# မိတ်ဆွေဖွဲ့ခြင်းသည်ရန်ကိုချေမှုန်းခြင်း

## မောင်ကျေးငှက်

မြန်မာအဘိဓာန်က ခွင့်လွှတ် (ကြိယာ)ကို အပြစ်မယူဘဲ ချမ်းသာခွင့် ပေးသည်ဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။

မြတ်စွာဘုရား၏ အတိတ်ဘဝ ...င်များကိုကြည့်လျှင် အပြစ်ရှိသူများကို အပြစ်မယူဘဲ ချမ်းသာခွင့်ပေးသည့် သာဓကများစွာ တွေ့ရသည်။ ဥပမာ မိမိအစွယ် ...တ်စေသော စူဠသုဘဒ္ဒါကို ခွင့်လွှတ် ...ည့်ဆဒ္ဒန်ဆင်မင်း၊ တောထဲမှာမျက်စိ ...လမ်းမှားနေ၍ လမ်းပြပေးသူ မိမိဦး ...ကို ကျောက်ခဲဖြင့်ထုသည့် ပုဏ္ဏား ...ါ ခွင့်လွှတ်သောမျောက်မင်း၊ မိမိကို ...စက်သည့်အလမ္ပာယ်ဆရာကို ခွင့်လွှတ်သော ဘူရိဒတ်နဂါးမင်း၊ ပုဏ္ဏကဘီလူး ...စက်မှုကို ခွင့်လွှတ်သော ဝိဓုရအမတ်၊ ...သွေးများကို နှိပ်စက်သော စူဇကာ ...အပေါ် ခွင့်လွှတ်သော မင်းဝေဿန္တရာ ...ည်... စသည်ဖြင့်။

ခွင့်လွှတ်ခြင်းသည် ပညာရှိသူတော်ကောင်းတို့၏ စိတ်နေသဘောထားသို့မဟုတ် ကျင့်စဉ်ဟူ၍ဆိုနိုင်သည်။ ၎င်းသည်အတ္တ၊ မာနရှေ့တန်းတင်မှုကို ဖေးဖယ်၍ မိမိကိုယ်မိမိနှိမ့်ချလိုက်သော စိတ်ဓာတ်ပင်ဖြစ်၏။ ခွင့်လွှတ်ခြင်းနှင့် စပ်လျဉ်း၍ ချမ်းမြေ့နိုပ်သာဆရာတော်က ဘုရားဒေသနာတော်နှင့်အညီ "စိတ်ထားဖြောင့်မှန်၊ ခွင့်လွှတ်ရန်၊ သည်းခံမေတ္တာပွား" ဟူ၍ ဆောင်ပုဒ်စီခဲ့သည်။ "Forgiveness is the best revenge - ခွင့်လွှတ်ခြင်းသည် အကောင်းဆုံး လက်စားချေခြင်းမည်၏" ဟူ၍လည်း အင်္ဂလိပ်လို ဆိုရိုးစကားရှိပေသည်။

အင်းဝမြို့တည် နန်းတည် ဘုရင် သတိုးမင်းဖျားသည် နာမည်ကျော်သူခိုး တေတ်ပြားကို ဖမ်းဆီးရမိသောအခါ ဤသို့မေး၏။

"မောင်မင်း စား၊ လုံ၊ ရဲတင်း၊ ပုဆိန် ဘာနဲ့သေချင်သလဲ။ မင်းကြိုက်ရာရွေးပေတော့"

"သေရမယ့်အတူတူ သတ်ချင်တာနဲ့ သတ်လိုက်။ သေဖို့အသင့်ပဲ။ ကြိုက်ရာရွေးပါဆိုရင်တော့ မိဖုရားစောဥမ္မာကို လိုချင်တယ်"

ချက်ချင်းလည်ပင်းကို လက်သုံးတော်ဓားနှင့် ခုတ်ပိုင်းလိုက်စရာပင်။ သို့သော် စိတ်မဆိုးသော သတိုးမင်းဖျားက ဤသို့ စဉ်းစား၏။

"သေရမှာမကြောက်တဲ့ ဒီလောက်ရဲရင့်သူကို အချည်းနှီး မသေစေသင့်ဘူး။ ငါ့ထံမှာ အမှုထမ်းခိုင်းရရင် တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းမှာ သေချာတယ်"

**ခွင့်လွှတ်နိုင်မှသာ နှစ်ဦးနှစ်ဖက်စိတ်သက်သာရာရမည်။**
**မိမိကိုချည်နှောင်ထားသော နောက်တစ်ဖန်ပူပန်မှု**
**သံဝေဂရမှုတည်းဟူသောကြိုးကို ဖြတ်တောက်လိုက်ရာရောက်မည်။**
**အတိတ်ကထမ်းပိုးထားခဲ့ရသောဝန်ထုပ်ကို ခွာချစွန့်လိုက်ပြီဖြစ်၍**
**လွတ်လပ်ပေါ့ပါးသွားပြီ။**
**အနာဂတ်ခရီးကို အောင်မြင်စွာလျှောက်လှမ်းနိုင်တော့မည်ဖြစ်သည်။**

သတိုးမင်းဖျားသည် တေက်ပြားအပေါ် သည်းခံခွင့်လွှတ် ကွင်းလုံးကျွတ်လွှတ်ငြိမ်းချမ်းသာခွင့်ပေးရုံသာမက မင်းမှုထမ်းပင် ခန့်အပ်တာဝန်ပေးလိုက်၏။ ငါးကိုလိုချင်သောသူသည် ပိုက်ကွန်ကိုချစ်ရာရောက်သွားပြီ။ မကြာမီ တောင်တွင်းကြီးစား သီဟပတေ့ ပုန်ကန်ခြားနားမှုကို ချီတက်ချေမှုန်းရာတွင် တေက်ပြားပါဝင်ခဲ့၏။ သီဟပတေ့အားကိုးသော လေးသည်ကျော်ကို တေက်ပြားက ညဘက်ဝင်လုပ်ကြံလိုက်မှ သီဟပတေ့ အညံ့ခံ၍ အင်းဝဘုရင်အောင်ပွဲဆင်ခဲ့ရ၏။

ဟံသာဝတီ ဘုရင်ရာဇာဓိရာဇ်သည် မွန်သူရဲကောင်း လဂွန်းအိမ်ထံ အမတ်ဒိန်နှင့် သမိန်ဗြာဇ္ဈကိုလွှတ်၍ ပုသိမ်စစ်တပ်ကိုချေမှုန်းရန် ဒေါပေါလုလင်သို့ ရေတက်ပါလျက် စစ်မထွက်သေးသည်ကို စုံစမ်းမေးမြန်း၏။

"မိဖုရားဒလသုဒ္ဓမာယာကို တပ်မက်တဲ့စိတ်နဲ့ ပူဆွေးလွမ်းနာကျနေလို့ပါ။ စစ်ထွက်လည်း သေမယ့်အတူတူ ဒီစိတ်နဲ့



ဒီ အသေခံတော့မယ်လို့ အရှင်ကိုလျှောက်ထိုက်ပါတော့"

အမတ်ဒိန်နှင့် သမိန်ဗြာဇ္ဈတို့ထံမှ ဤစကားကြားရသောအခါ ရာဇာဓိရာဇ်က စဉ်းစား၍ အမိန့်ချလေ၏။

"သူရဲကောင်းတစ်ယောက် ဆုံးရှုံးလို့မဖြစ်ဘူး။ မိဖုရားကအစားထိုးလို့ရတယ်။ မိဖုရားဒလသုဒ္ဓမာယာကို လဂွန်းအိမ်ထံ တစ်ခါတည်းခေါ်သွား"

မိဖုရားက ငိုမဲ့မဲ့နှင့် လဂွန်းအိမ်ထံရောက်သောအခါ လဂွန်းအိမ်က မိဖုရားကို လက်ဆောင်ပစ္စည်းနှင့် ဆီးကြို၍ ဦးချကန်တော့လေ၏။ ဤသို့လည်း ပြောသည်။

"ကျွန်တော့်သခင် ဘုရင်မင်းမြတ် ကျွန်တော့်အပေါ် ဘယ်လောက်ချစ်သလဲ စမ်းကြည့်တာပါ။ ဘုရင်ကျွန်တော့်ကို ချစ်မှန်းသိပါပြီ။ မိဖုရားကိုကျွန်တော် ပြစ်မှားရဲပါဘူး။ ဒေါပေါလုလင်ကို ခုပဲ စစ်ထွက်ပြီး ရန်သူကိုချေမှုန်းပါမယ်"

တကယ်ပင် ဒေါပေါလုလင်၌ ပုသိမ်စစ်တပ်ကို လဂွန်းအိမ်အနိုင်ရခဲ့ပါ၏။

အေဗရာဟင်လင်ကွန်းအား ရန်သူတွေကို အဘယ်ကြောင့် မချေမှုန်းသလဲမေးသောအခါ ဤသို့ဖြေခဲ့၏။

"ကျုပ်ရန်သူတွေကို မိတ်ဆွေဖွဲ့ထိုက်တယ်ဆိုရင် ရန်သူတွေကို ချေမှုန်းထိုက်ရာ မရောက်ဘူးလား"

ဤနေရာတွင် ဆရာကြီးဒဂုန်တာရာ၏ လက်သုံးစကားနှင့် ဆက်စပ်စဉ်းစားကြည့်မိသည်။

"နိုင်ငံရေးလုပ်တယ်ဆိုတာ ရန်သူကိုမိတ်ဆွေဖြစ်အောင် စည်းရုံးတာပဲ။ ရန်သူမရှိ မိတ်ဆွေမရှိ မုန်းသူမရှိ ချစ်သူရှိပေါ့ဗျာ"



အက်ဒွပ်ဟားဘတ်က ဤသို့ ရေးခဲ့ဖူး၏။

"သူတစ်ပါးကို ခွင့်မလွှတ်နိုင်သောသူသည် သူကိုယ်တိုင်လျှောက်မည့်တံတားကို ချိုးဖျက်ရာကျသည်။ လူတိုင်းကို ခွင့်လွှတ်ဖို့လိုအပ်သည်"

ခွင့်လွှတ်ခြင်းကို အချိန်ဆွဲထားလျှင် မုန်းတီးမှုတည်းဟူသော အနာကရင့်သထက် ရင့်သွားမည်။ နာကျည်းမှုကို ဖက်တွယ်ဆုပ်ကိုင်ထားခြင်းသည် ပျော်ရွှင်မှုကို ဆိတ်သုဉ်းစေ၏။

ခွင့်လွှတ်နိုင်မှသာ နှစ်ဦးနှစ်ဖက်စိတ်သက်သာရာရမည်။ မိမိကိုချည်နှောင်ထားသော နောက်တစ်ဖန် ပူပန်မှု၊ သံဝေဂရမှုတည်းဟူသော ကြိုးကိုဖြတ်တောက်လိုက်ရာရောက်မည်။ အတိတ်က ထမ်းပိုးထားခဲ့ရသောဝန်ထုပ်ကို ခွာချစွန့်လိုက်ပြီဖြစ်၍ လွတ်လပ်ပေါ့ပါးသွားပြီ။ အနာဂတ်ခရီးကို အောင်မြင်စွာ လျှောက်လှမ်းနိုင်တော့မည် ဖြစ်သည်။

Ref; (၁) လေးမြိုင်၊ လောကကြေးမုံ
(၂) ဒေါက်တာနိုင်ပန်းလှ၊ ရာဇာဓိရာဇ် အရေးတော်ပုံ။
(၃) မောင်ကျော်ငွေ၊ လမ်းမှန်ညွှန်ပြလူ့ဘဝ အနုပညာဘာသာပြန်စာအုပ်

မောင်ကျော်ငွေ

# တွေးမိသမျှရေးကြည့်ရ

နန္ဒမင်းနိုင်

လွန်ခဲ့သော ၂လကျော်၊ ၃လအတွင်းက ကျွန်တော် ခရီးယာယီများခဲ့ရသည့်အတွက် လစဉ်ဖတ်နေမြဲဖြစ်သည့် မဂ္ဂဇင်းများ၊ စိတ်ကြိုက်ရွေးဝယ်ရသည့် ကောင်းနိုးရာရာစာအုပ်များနှင့် အဆက်ပြတ်သွားခဲ့ကာ၊ သွားရင်းလာရင်းလက်လှမ်းမီသမျှ ဂျာနယ်သတင်းစာလောက်နှင့်သာ တင်းတိမ်ခဲ့ရပါသည်။ ရန်ကုန်မြို့ အရောက်တွင် စာဖတ်သမားတစ်ဦးဖြစ်သူ သူငယ်ချင်း ကြယ်ငါးပွင့် သဘော်အရာရှိဟောင်းကိုလှမြင့်သို့ ပြန်ခဲ့သောလများက 'အတွေးအမြင်' စာအုပ်များရှိ၊ မရှိ။ ရှိလျှင် ရချင်ကြောင်းပြောကြည့်ရာက သူ့ထံမှ အဆင်ပြေစွာရရှိခဲ့ပါသည်။

ကျွန်တော်စာဖတ်ခဲ့သည်မှာ စာဖတ်တတ်စအရွယ်မှ ယခုအသက် ၅၀ကျော်အထိ၊ မရေမတွက်နိုင်သော စာအုပ်စာတမ်းများကို ဖတ်ခဲ့ရသော်လည်း၊ ထိုသို့ စာဖတ်ခြင်းမှရရှိခဲ့သည့် အတွေးများ၊ လက်တွေ့ဘဝအတွေ့အကြုံများမှတဆင့် ရရှိခဲ့သည့်အမြင်များကို ဖြန့် လျက်ရေးနိုင်ခဲ့သမျှမှာမူ ဆောင်းပါး ၁၀ပုဒ် ခန့်သာဖြစ်ပါတော့သည်။ ၎င်းသည်ပ ကျွန်တော်၏ အတော့်ကိုကြိုးစားရသေ အားထုတ်မှုများပင်ဖြစ်ခဲ့ပါသည်။ ဖြစ်ရပုံမှ ရေးရသည်ထက်စာလျှင်၊ တွေးနေရသည့်

**'စာကိုသိပ်မဖတ်နဲ့တော့ဗျ စဉ်းစားတော့။ ခင်ဗျားမှာဘွဲ့တစ်ခုတောင်ရပြီးပြီပဲ။ နည်းနည်းဖတ်ပြီးများများစဉ်းစားဖို့ အချိန်ရောက်ပြီ။ အများကြီးဖတ်ပြီး နည်းနည်းမှမစဉ်းစားရင်ဗဟုသုတများတဲ့ လူညံ့တစ်ယောက်ပဲဖြစ်နေမှာပေါ့။**





ဘဖြည်းဖြည်း သဘောကျလာ၍လည်းဖြစ်နိုင်ပါသည်။ အထူးသဖြင့် 'အတွေးအမြင်'မှ စာတစ်ပုဒ်ကိုဖတ်ပြီးတိုင်း စာအုပ်ဘေးချကာ တွေးတောစဉ်းစားရသည့်အချိန်များကလည်း မနည်းလှပါ။ ဖတ်ရသည့်အကြောင်းအရာနှင့်ပတ်သက်ပြီး တူညီသောအတွေးများ၊ မတူညီသောအမြင်များ။ ၎င်းတို့ကိုအခြေခံ၍ ဖြန့်ထွက်သွားသော စိတ်ကူးစိတ်သန်းများ။

'တွေးတောစဉ်းစားခြင်း'ဟုဆိုရာတွင် တစ်ချိန်က နာမည်ကျော် သတင်းစာဆရာကြီးမြို့မမောင်၏ ဆရာအောင်သင်းသို့ပြောစကားတစ်ရပ်ကို သတိရမိပါသည်။

လွန်ခဲ့သော ၄၇ နှစ်ခန့်က ဆရာအောင်သင်းတစ်ယောက် ဘက္ကသိုလ်မှ ဘွဲ့တစ်ခုရပြီးကာစ၊ ဘွဲ့လွန်သင်တန်း တက်နေချိန်တွင် သူ၏ဇာတိတောင်တွင်းကြီး၌ တည်ထောင်မည့်ပြတိုက်အတွက် ကိစ္စတစ်ခုဖြင့် ဆရာမြို့မမောင်ထံ ရောက်သွားခဲ့ဘူးလေသည်။ ထိုသို့နှစ်ယောက်သားတွေ့ကြပြီး လာရင်းအဓိကကိစ္စရပ်များကို ပြောဆိုပြီးချိန်တွင်၊ စာအုပ်စာပေများအကြောင်း စကားလမ်းကြောင်းပြောင်းသွားကြကာ၊ ဆရာမြို့မမောင်မှ ဆရာ အောင်သင်းသို့ ပြောစကားတစ်ရပ်ကို ကြိုက်နှစ်သက်သဖြင့် မှတ်သားခဲ့ဘူးပါသည်။

ဆရာမြို့မမောင်၏ပြောစကားမှာ 'စာကိုသိပ်မဖတ်နဲ့တော့ဗျ။ စဉ်းစားတော့။ ခင်ဗျားမှာဘွဲ့တစ်ခုတောင်ရပြီးပြီပဲ။ နည်းနည်းဖတ်ပြီး များများစဉ်းစားဖို့ အချိန်ရောက်ပြီ။ အများကြီး ဖတ်ပြီး နည်းနည်းမှမစဉ်းစားရင် ဗဟုသုတများတဲ့လူညံ့ တစ်ယောက်ပဲ ဖြစ်နေမှာပေါ့။ အများကြီးစဉ်းစားပြီးရေးထားတဲ့ စာအုပ်ကောင်း၊ နည်းနည်းလောက်ဖတ်ပြီး ကိုယ်တိုင်က များများ စဉ်းစားနိုင်ရင် ပိုကောင်းတယ်ဗျ' ဟူ၍ဖြစ်ပါသည်။

ဤသည်တွင်ကျွန်တော်က ဆက်လက်အတွေးဖြန့်ကျက်မိသည်မှာ ယခုခေတ်ပုဂ္ဂိုလ်အချို့၏ဂုဏ်ပုဒ်များကို သတင်းစာများတွင် တွေ့မြင်နေရသည်၌ မိမိအဓိကယူခဲ့သည့်ဘာသာရပ်ဘွဲ့တစ်ခုခုအပြင် နောက်ဆုံး၌ ၂ ခု၊ ၃ ခုထက်မနည်းသော အဓိကဘာသာဘွဲ့နှင့် စပ်ဟပ်မှုလည်းမရှိသည့် ဒီပလိုမာများကို မကြာခဏတွေ့မြင်နေရပြန်ရာ ဘွဲ့တစ်ခုရလျှင်ပင် တော်လောက်ပြီစဉ်းစားပါတော့ဟု ပြောခဲ့သူ ဆရာမြို့မမောင်အနေဖြင့် မည်သို့ပြောဆိုပေလိမ့်မည်ဆိုသည်ကိုလည်း ခန့်မှန်းတွေးတော ကြည့်လိုက်မိခြင်းဖြစ်ပါသည်။

ဤနေရာတွင် ထိုကဲ့သို့ ဘွဲ့ဂုဏ်ထူးအမြီးရှည် တပ်ထား

ကြသူများအနက် စာတကယ်ဖတ်သူများ၊ ဖတ်ပြီး တွေးတော စဉ်းစားဆင်ခြင်တတ်သူများ၊ အယူအဆဆုံးဖြတ်ချက် မှန်ကန်စွာ ပြုလုပ်တတ်သူများ၊ ရှိနိုင်-မရှိနိုင် ဆိုသည့်အချက်ကိုမူ သီးခြားစဉ်းစားတွေးတောစရာအဖြစ် ကျန်ရှိနေပါသေးသည်။

လူ့သမိုင်းတလျှောက်တွင် သူမတူအောင်တွေးတောစဉ်းစားခဲ့ကြပြီး၊ ယနေ့ထက်တိုင် လူ့ဘောင်လောကကြီးအတွက် အသုံးဝင်လှသော အတွေးများမြင့် လမ်းညွှန်ခဲ့ကြသော ပုဂ္ဂိုလ်ကျော်ပေါင်းများစွာ ပေါ်ထွန်းခဲ့ကြပြီး ဖြစ်ပါသည်။ ၎င်းသူတို့က အတွေးအမြင်များ၊ သိပ္ပံပညာ အတွေးအမြင်များ၊ နိုင်ငံရေးအတွေးအမြင် အယူအဆများစသည်များကို ဖော်ထုတ်ခဲ့ကြသော အဆိုပါပုဂ္ဂိုလ်ကျော်တို့၏ တွေ့ရှိတရားများကို အောက်မေ့သတိရမိသလို အံ့ဩဖွယ်ထူးခြားသည့် အတွေးအမြင်များကို ကြံဆောင်ခဲ့ကြသော်လည်း လူမသိ သူမသိဖြစ်နေကြသော လေးစားဖွယ် ပုဂ္ဂိုလ်အချို့ကိုလည်း ပြန်လည်သတိရ တွေးတောမိရပါသည်။

ဥပမာ အသက်အရွယ်ကြီးရင့်လာချိန်တွင် ဆင်းရဲချို့တဲ့လာတတ်ကြသည်။ လူအိုဖြစ်၍ဝင်ငွေမရှိတော့သည့်အခါ မိမိအားစောင့်ရှောက်ရန် မိသားစုအပေါ် မှီခိုအားထားရသည်။ ၎င်းပြဿနာကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းပေးနိုင်စွမ်းရှိသည့်'ပင်စင်ခံစားခွင့်' ဟူသော အတွေးအခေါ်တစ်ရပ်ကို တည်ထောင်ဖန်တီးခဲ့သည်။ ၁၈၈၀ပြည့်နှစ်အတွင်းက ဂျာမာန်လူမျိုး အော်တိုဗွန်ဘစ်စမတ်(Otto Von Bismarck 1880)ကို အလေးပြုသတိရမိပါသည်။ သူ၏ခမ်းနားကြီးကျယ်သော အတွေးမှပင် ပင်စင် (Pension) ဟူ၍ပေါ် ပေါက်လာပြီး ယနေ့ကမ္ဘာတွင် လက်ခံကျင့်သုံးနေသော လူသားတို့အတွက် အကျိုးရှိလှသည့် အတွေးအမြင်တစ်ခု ဖြစ်ပါသည်။

ဤနေရာတွင် အခြားထူးခြားပြောင်မြောက်သည့် အတွေးအမြင်တစ်ရပ်ကိုဖော်ဆောင်ခဲ့ကာ ထိုပုဂ္ဂိုလ်သည် ၎င်း၏အတွေးမှပေါက်ဖွားလာသည့် လက်တွေ့ဘဝ၌မူ ခံစားခွင့်တစ်စုံတစ်ရာမရနိုင်ဘဲ သူလိုကိုယ်လိုတွေ့ကြုံခဲ့ရသည့်အဖြစ်တစ်ခုကိုလည်း ပြန်လည်သတိရမိပါသည်။

ထိုပုဂ္ဂိုလ်ကား ရွှေကိုင်းသား (ဆရာတော်ဦးသောဘိတ)ပင် ဖြစ်ပါသည်။ ဆရာတော်သည် ရတနာပုံမန္တလေး နှစ်တစ်ရာသက်တမ်းပြည့်ကာနီး အချိန်တွင်ကျင်းပရန် ပထမဦးဆုံးသောအတွေးကိုရခဲ့သူဖြစ်ပါသည်။ ဆရာတော်မှတဆင့် ထိုအတွေးသည် လူထုဦးလှ၊ ဒေါ်အမာတို့ ထံသို့ရောက်သွားပြီး ထိုမှတဖန် မန္တလေးမှမြန်မာပညာရှိကြီးများ၊ စာရေးဆရာကြီးများ၊ အုပ်ချုပ်ရေးပိုင်းမှ ပုဂ္ဂိုလ်များထံရောက်သွားကာ၊ မန်းရာပြည့်ပွဲတော်ကြီးထိုစဉ်ကပေါ်ပေါက်လာခဲ့ရခြင်းဖြစ်သည်ဟုမှတ်သားဖူးပါသည်။

သို့ရာတွင် ၎င်းမန်းရာပြည့်ပွဲတော်ကျင်းပရာနေရာသို့ ဆရာတော်ရွှေကိုင်းသားရောက်လာသည့်အခါတွင်မူ သူများနည်းတူ ရာပြည့်ပွဲကျင်းပရာကွင်းထဲသို့ ပိုက်ဆံတစ်မတ်ပေးပြီး ဝင်ခဲ့ရကြောင်းကိုလည်း ဖတ်ဖူးမှတ်ဖူးရပါသည်။

ဆရာတော်ရွှေကိုင်းသား၏ အတွေးမှာ ဘာသာရေးနှင့်ပတ်သက်သည် မဟုတ်သော်လည်း မြန်မာမှုနှင့် အမျိုးသား



ရေးတို့တွင်မူ ကျေးဇူးကြီးမားလှပြီး ဘာသာရေးရှုထောင့်မှ သီးသန့်ပြတ်သားစွာ တွေးခေါ်ပြီး မိန့်ကြားခဲ့ဖူးသော ဆရာတော် အရှင်ဇနကာဘိဝံသ၏ အတွေးတစ်ခုကိုလည်း အကြောင်းသင့်၍ ဖော်ပြလိုပါသေးသည်။

ဆရာတော်က အဆုံးအမပြုသည်မှာ 'သက်နီးဝတ်တာ ကိုက၊ ကာမဂုဏ်တောကြီးထဲက လွတ်မြောက်ချင်လို့ဝတ်လာကြတာ။ ဒါပေမဲ့ အဲဒီရည်ရွယ်ချက်တွေ ပျောက်ပြီးတော့ ခေါင်းရင်းမှာ ရေဒီယိုကလေးချလို့ ကက်ဆက်ကလေးချလို့ဖြစ်လာကြတယ်။ သတိပြုကြရမယ်နော်။ ရုပ်မြင်သံကြားဆိုလား၊ ဘာဆိုလား၊ အဲဒါကျတော့ အရုပ်ပါမြင်ရတာတဲ့။ အနီးကပ်မြင်ရတာတဲ့။ အဲ . . . ခက်ကုန်တော့မှာပဲဟရို့။ ကြည့်လုပ်ကြပါဦး။ မြတ်စွာဘုရားကဖြင့်(စက္ခုနာသံဝရောသာဓု)တဲ့။ မျက်စိနဲ့ကြည့်မှုကိစ္စတွေမှာ အထူး စောင့်စည်းနိုင်ပါမှ ကောင်းမှာတဲ့။ ပညတ်ချက်တွေရှိပါတယ်' ဟူ၍ဆရာတော်က အတွေးကို အခြေခံ၍ ဆုံးမခဲ့ဖူးပါသည်။

သို့ရာတွင် လွန်ခဲ့သောတစ်နှစ်ခန့်က ရန်ကုန်နှင့် အတန်လှမ်းသော ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းသို့ အလှူအတန်းကိစ္စတစ်ခုဖြင့် ရောက်သွားခိုက် ဦးပဥ္စင်းခပ်ရွယ်ရွယ်နှစ်ပါးတို့မှ Website များအကြောင်း အပြန်အလှန်ဆွေးနွေးကြသည်ကို နံဘေးမှ ကြားနာမိရာ အတော်ပင်အဆင့်မြင့်လှကြောင်း သတိထားမိခဲ့ရပါသည်။

ဤနေရာတွင်လည်း ကျွန်တော်၏ အတွေးများက ရပ်မနေနိုင်ဘဲ ကျေးဇူးရှင်ဆရာတော် အရှင်ဇနကာဘိဝံသများကြားသွားလျှင်ဖြင့် . . . ဟူ၍ အတွေး နယ်ချဲ့မိရပြန်ပါသေးသည်။

သို့ရာတွင် ယနေ့ပညာခေတ်တွင် အချို့သောရှေးရိုးစွဲ အယူအဆများ၊ အခေါ်အဝေါ်များ၊ ဆိုရိုးစကားများနှင့် ယုံကြည်ချက်များသည်လည်း မဖြစ်မနေပြောင်းလဲလာရမည်ဟူသော အချက်ကို လက်မခံချင်၍ မဖြစ်တော့သည့်အခြေအနေသို့ ရောက်မှန်းမသိ ရောက်လာနေပြန်ပါသည်။

ကျွန်တော်ငယ်စဉ်က မူလတန်းကျောင်းသားဘဝတွင် အဘိုးဖြစ်သူက 'အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ ဤသုံးချက်ခုမပိုင်လျှင်၊ နောင်ပြင်ရန်ခက်သည့်အမျိုး' ဟူသည့် ရှေးစကားကို သေချာစွာရှင်းလင်းပြောကြားဆုံးမခဲ့ဖူးပါသည်။ တစ်ဖန်ကျောင်းသားကြီး အရွယ်တေးချင်းများ စိတ်ဝင်စားလာချိန်တွင် ဆရာမြို့မငြိမ်း၏ ငယ်နုစဉ်ကရေကူးဝတ်စုံဖြင့် အင်္ဂလိပ်မပုံကို



**ဝိဇ္ဇာအတွေးအခေါ်က စတင်ဦးဆောင်ပြီး သိပ္ပံတီထွင်မှုများ ပေါ်ပေါက်ခဲ့ရသည်ဆိုသော အယူအဆသည် ယနေ့ပညာခေတ်ဝယ် တဖန်ပြန်ဦးထောင်လာခြင်းကို တွေ့မြင်နိုင်ပါသည်။**

လက်မောင်းတွင် ဆေးမင်ကြောင်တင်ထားခဲ့မိသူအဖို့ အသက်ကြီးရင့်လာချိန် လူကြီးချင်းသကြိုဟ်ငြင်းကြရာ၌ လက်သီးလက်မောင်းတန်းမိလျှင်ဖြင့် မင်ကြောင်ပုံ ပေါ်တာမှ အရှက်ရချည်ရဲ့ဟူသည့် 'သကြိုဟ်ငြင်းရင်ခက်မယ်'ဆိုသော သီချင်းကလည်း ထိမိခဲ့လေသည်။ နောက်ပိုင်း၌ ကျွန်တော်ကိုယ်တိုင် သားနှင့်သမီးကို ဤဆိုရိုးစကား၊ ဤတေးသွားဖြင့် ပင် အစဉ်အလာကို ဆက်လက်ထမ်းပိုးခဲ့ရပါသေးသည်။

ယခုတော့မှ အဆိုပါသက်တမ်းရှည်ကြာလှသည့် အတွေးအခေါ်တစ်ရပ်၌'ဆေးမင်ရည်စုတ်ထိုး' ဟူသည်ကတော့မှ ယနေ့ပညာခေတ်၌ မှားသွားခဲ့ပေပြီ။ အစဦးပိုင်းက ဆေးမင်ကြောင်ကို လေဆာရောင်ခြည်ဖြင့် ဖျက်နိုင်သည်ဆိုသော်လည်း နာကျင်မှုခံစားနေရဆဲဟု သိထားရာမှ၊ နောက်ဆုံးမကြာမတင် သတင်းတပုဒ်၌ မနာမကျင်၊ ဘေးထွက်ဆိုးကျိုးမရှိ မြန်ဖျက်နိုင်သည့် အလှဆီတစ်မျိုးကို အင်္ဂလန်နိုင်ငံမှ တီထွင်နိုင်ခဲ့ကြောင်း အတည်ပြုနိုင်ခဲ့ရာ မည်သည့်နိုင်မြဲသော သစ္စာတရားဟုထင်ရသည့် အယူအဆအတွေးအခေါ်များသည် ဘယ်သောအခါမှာများပြောင်းလဲကုန်ကြရဦးမည်နည်း ဟူ၍လည်း မတွေးချင်ဘဲတွေးရပါတော့သည်။

အမှန်မှာတွေးတောခြင်း၊ စဉ်းစားခြင်း၊ ချင့်ချိန်မြော်မြင်ခြင်း၊ ချိန်ဆကြည့်ခြင်း စသည်တို့မှာ အနက်အဓိပ္ပါယ်အရာ၌ အလွန့်အလွန်ပါးပါးကလေးသာခြားထားသော စကားရပ်များသာဖြစ်ကြပါသည်။ ကျွန်တော်တို့ငယ်စဉ်ကပင် ကြားဖူးကြပြီးသော၊ ဝိဇ္ဇာအတွေးအခေါ်က စတင်ဦးဆောင်ပြီး၊ သိပ္ပံတီထွင်မှုများပေါ်ပေါက်ခဲ့ရသည်ဆိုသော အယူအဆသည် ယနေ့ပညာခေတ်ဝယ် တဖန်ပြန်ဦးထောင်လာခြင်းကို တွေ့မြင်နိုင်ပါသည်။ ယင်းမှာ အိန်းစတိုင်း၏ စကားတစ်ရပ်၌၊ စိတ်ကူးစိတ်သန်း(Imagination)က ဖန်တီးသောအရာတစ်ခုကို သက်သေထူသည်ဟူသော မှတ်ချက်ရှိခဲ့သည်နှင့်အညီ ဤပညာခေတ်တွင် စိတ်ကူးစိတ်သန်းက၊ ပညာထက်ပိုပြီး 'အရေးပါသည်ဟူသော အယူအဆမှာ အခိုင်အမာပြန်ပေါ်လာခြင်း ဖြစ်ပါသည်။

ယနေ့မင်းမူနေသည့် ကွန်ပျူတာသည် ကျွန်တော်တို့အား'ဖြစ်သည်/မဖြစ်ပါ' ဟူသောအဖြေ(၂)ခုအနက် (၁)ခုကိုသာ ထုတ်ပေးနိုင်ပြီး 'ဖြစ်ကောင်းဖြစ်နိုင်သည်' ဟူသောအဖြေမျိုးကို ထုတ်ပေးနိုင်စွမ်းမရှိပါ။ အမှန်တော့ယင်း'ဖြစ်ကောင်းဖြစ်နိုင်သည်' ဆိုသောအဖြေမှာ အတွေးတစ်ရပ်မှပေါက်ဖွားလာခြင်းမျိုးသာ ဖြစ်ပေရာ၊ ကျွန်တော်တို့လူသားများကသာလျှင် ဦးနှောက်နှင့်နှလုံးသားပေါင်းစပ်ဖြစ်ဖွားခဲ့လာသည့် အတွေးအမြင်တို့ဖြင့် လောကကြီးကို ဦးဆောင်အလှဆင်ကြပေလိမ့်ဦးမည်ဖြစ်ကြောင်း အတွေးရောက်မိရပါသည်။

နန္ဒမင်းနိုင်

အတွေးအမြင်

၂၅နှစ်ပြည့် အထူးထုတ်

# ယူနက်စကိုအတွေ့အကြုံများ

**ဦးသက်ထွန်း(အငြိမ်းစားသံအမတ်ကြီး)**

## ပညာထူးချွန်သူ
## The Rhodes Scholar

ကျွန်တော်သည် ငယ်စဉ်က Rhodes Scholar သိပ်ဖြစ်ချင်ခဲ့၏။ မဖြစ်နိုင်ပါကလည်း ယင်းဆုရသူနှင့် တွေ့ချင်ခဲ့၏။ ကျွန်တော် ယူနက်စကိုအမြဲတမ်းကိုယ်စားလှယ်ဖြစ်တော့မှ ထိုဆုတောင်းပြည့်ခဲ့၏။ ယူနက်စကို ညီလာခံပွဲတစ်ခု၌ မြန်မာပြည်ပေါက် Rita Lakin (nee Lazarus) က သူမ၏ အထက်အရာရှိ ပညာရေးကဏ္ဍ Operational Programmes Division အာရှဌာနစိတ်မှူး Eric Prabhakar (EP) ကို မြန်မာသံအမတ်ကြီးနှင့် မိတ်ဆက်ပေး၏။ အရပ်ရှည် အသားညိုချော၊ နက်မှောင်သောဆံပင်ကို ရှည်ရှည်ထား၍ သေသပ်စွာ ဖီးထားပြီး အမြဲပြုံးနေသော မျက်စိရှင်တစ်ဦးဖြစ်၏။ ရုပ်ရည်အားဖြင့် အိန္ဒိယပြည်တောင်ပိုင်း မဒရာစီအဆက်အနွယ်မှန်း မထင်ရှားသော်လည်း သူ၏ဘိုးဘေးဘီဘင်တို့၏ ဦးနှောက်အမွေခံယူ၍ Oxford တက္ကသိုလ်သို့ Rhodes Scholar အဖြစ် စေလွှတ်ခြင်းခံရ၏။

Oxford တက္ကသိုလ်မှ ဘွဲ့ရပြီး ပြည်တော်ပြန်ရာ သူ့ဘွဲ့နှင့်

တန်းတူ အရည်အ ချင်းမြင့်သော တင်းနစ်ကစားသူအဖြစ် အိန္ဒိယပြည်ရှိ Burmah Shell ကုမ္ပဏီက လခကောင်းပေး၍ အရာရှိအဖြစ် ခန့်ထားလိုက်၏။ ရှုပ်းချမ်းသာ၊ အင်္ဂလိပ်တို့နှင့် အပေါင်းအသင်းအဖြစ် ယူနက်စကို ဒုညွှန်ချုပ် Dr.Adesesiah ၏ တူမ၊ ရုပ်မချောသော်လည်း ပိုက်ဆံချမ်းသာသူနှင့် အိမ်ထောင်ပြုလိုက်၏။ ( Dr. Adesesiah နှင့် Professor John Galbraith တို့သည် ကမ္ဘာ့ ဘောဂဗေဒပညာရှင်များ အနက် စာရေးအကောင်းဆုံး ပုဂ္ဂိုလ်နှစ်ဦးဖြစ်၏) သို့သော် နှစ်အနည်းငယ်ကြာသော် ကုမ္ပဏီအရာရှိလုပ်ရသည်မှာ ပျင်းလာပြီး ဉာဏ်ပိုသုံး၍ ပိုပျော်စရာလည်းကောင်းသည့် အလုပ်ကို ပါရီရှိ ယူနက်စကို၌ တွေ့ရှိရ၏။ ကနဦးတွင် ဦးလေး၏ ကိုယ်ရေးလက်ထောက်အဖြစ် အမှုထမ်းပြီးနောက် ဦးလေး အငြိမ်းစား မယူမီ ပညာရေးကဏ္ဍသို့ ပြောင်းရွှေ့လိုက်၏။ အာရှပညာရေးဌာနစိတ်မှူး အဖြစ် P-5 အဆင့်၌ အတန်ငယ်ကြာသော် ဒါရိုက်တာအဆင့်ရာထူး လိုချင်လာ၏။ မကြာမီက တည်ထောင်လိုက်သော Cooperation for Development and External Relations Sector (CPX) အာရှဌာနခွဲမှူးကို မှန်းနိုင်၏။ အလားတူ မျှော်မှန်းနေသူ နောက်တစ်ဦးမှာ သိပ္ပံကဏ္ဍ၌ အာရှသိပ္ပံ ဌာနစိတ်မှူး ဘင်္ဂလားဒေ့ရှ်နိုင်ငံသား Kemal Reheem (KR) ဖြစ်၏။

ထိုအချိန်၌ မလေးရှားမှ Chang Min - Kee ပင်စင်သက်ပြည့်၍ လစ်လပ်သော CPX/AFE ရာထူးကို EP ရော KR ပါ လျှောက်ကြ၏။ သို့သော် ယင်းရာထူးကို ညွှန်ချုပ်က ကျွန်တော့်အား ကတ် ပေးထားသဖြင့် အရည်အချင်း ပိုပြည့် သော EP အား ချန်လှပ်၍ KR အား အာရှ ယူနက်စကိုသံအမတ်အုပ်စု၏ ဥက္ကဋ္ဌ အဖြစ် နှစ်နှစ်တိုင် ဆောင်ရွက်ခဲ့သူ နှင့် ယှဉ်ပြိုင်စေ၏။ Rita အား နိုင်ငံသား ချင်းတူအတွက် ကြိုးပမ်းပေးသည်ထင်၍ EP သည် Rita ကို ၎င်း၏ ဌာနစိတ် ကန်ထုတ်လိုက်၏။ EP မရိပ်စားမိသည်မှ ယခင်က ဆွေကြီးမျိုးကြီး ပြင်သစ်တစ်ဦး ၏ ဇနီးဖြစ်ခဲ့ဖူးသူ အင်္ဂလိပ်မ အတွင်းရေး မှူးနှင့် ထင်ထင်ပေါ်ပေါ် ပေါင်းသင်းနေ ခြင်းကို လက်ရှိ ညွှန်ချုပ်ရော ယခင် DDG ကပါ (၎င်း၏ တူမကို ပစ်ထားသ ဖြင့်) မကြိုက်ကြောင်းပင်။ ကျွန်တော် Fontenoy ၆ ထပ်၌ ညွှန်မှူးလုပ်နေစဉ် EP က ၃ ထပ်မှ တစ်ခါ နှစ်ခါ မော်တ နှင့် ပစ်ရာမထိသဖြင့် ၎င်းက သံတမန် လောကမှ ဝင်လာသူတို့ ယူနက်စကို ကျွန်တော့်လို ကြာကြာမခံကြောင်း ဝန် ပြောကြားပါသည်။ EP မသိသည်မှာ ပါ ၌ သံအမတ် ၃ နှစ်မလုပ်ခင် ရန်ကုန် ၂၅ နှစ်ခန့် မြူနီကရက်လုပ်ဖူးကြောင်းပင် ကျွန်တော် Rhodes Scholar တစ်ဦး တွေ့ဖူးရုံမက နိုင်ဖူးပေပြီ။ သို့သေ လောဘနှင့် ယဏှာကြောင့် ၎င်းဘဝပြ ပွဲ၌ တက်သင့်သလောက် မတက်သည် စိတ်မကောင်းပါ။

ဦးသက်ထွန်း
(အငြိမ်းစားသံအမတ်ကြီး



# ယူနစ်နှင့် အရပ်သုံးအတွေးများ

**ဒေါက်တာခင်မောင်ညို**

“ညီညီဘယ်ကပြန်လာလဲ”
“ဈေးကပြန်လာတာပါ”
“ဘာတွေဝယ်လာတာလဲ”
“ဆန်ရယ်၊ ငါးရယ်၊ လိမ္မော်သီးရယ်”
“ကောင်းတယ်၊ ဆန်ဘယ်လောက်ဝယ်ခဲ့လဲ”
“၆ လုံးပါ”
“ငါးကရော ဘာငါးလဲ၊ ဘယ်လောက်ဝယ်ခဲ့တာလဲ”
“ကကတစ်ပါ။ ၃၀ သားပါ”
“လိမ္မော်သီးကရော”
“ဆယ်လုံးကို ငါးရာပါ”
“အေး၊ ကောင်းတယ်။”
“ဟုတ်ကဲ့အကိုကြီး”
ညီညီနှုတ်ဆက်ကာပြန်သွားသည်။

ဒါကမြန်မာပြည်ကဈေးဝယ်တဲ့ အလေးအတိုင်းအတာတွေရဲ့ ယူနစ်တွေပါပဲ။ မြန်မာနိုင်ငံမှာဒေသတစ်ခုနဲ့တစ်ခု ကွဲပြားသွားပေမယ့် အတိုင်းအတာ ယူနစ်တွေ ကတော့ မပြောင်းတတ်ဘူး။

အချို့နေရာတွေမှာသာ လိမ္မော်သီးကိုအလုံးအရေအတွက်အစား ပိဿာချိန်နဲ့ ရောင်းတာတွေရှိတယ်။

ဒါပေမဲ့မြန်မာတွေတိုင်းတာနေတဲ့ယူနစ်တွေဟာ အခြားနိုင်ငံအများစုသုံးနေ အပြည်ပြည်ဆိုင်ရာယူနစ်နဲ့ အတော်လေးကွာခြားနေတာကို တွေ့ရတယ်။ ဂလုပ်ဘယ် ဆိုတဲ့ကမ္ဘာ့ရွာမှာ ကျွန်တော်တို့တစ်တွေရဲ့အခြေခံယူနစ်တွေ တူဖို့လိုပါသလား။

လူငယ်တွေသိပ္ပံကိုလေ့လာတဲ့အခါ ယူနစ်ကိုသတိထားဖို့တော့လိုတယ်။

တစ်ချိန်က လူတွေဟာဝေးနေကြတယ်။ ယနေ့ကမ္ဘာမှာတော့ လူတွေဟ အလွန်နီးကပ်လာကြတယ်။

အထူးသဖြင့်ဖောက်ကားရောင်းဝယ်တဲ့အခါ ယူနစ်ကအရေးပါလာတယ်။

စီးပွားရေးကို လွှမ်းမိုးနေတဲ့ယူနစ်နှစ်မျိုးတော့ရှိတယ်။

တစ်မျိုးကတော့ အတိုင်းအတာဖြစ်ပြီး နောက်တစ်မျိုးကတော့ ငွေကြေးယူန ဖြစ်တယ်။

ကမ္ဘာမှာသိပ္ပံယူနစ်လို့ခေါ်တဲ့ SI ယူနစ်ကို နိုင်ငံအတော်များများက လိုက် ကျင့်သုံးနေကြပါတယ်။(အမေရိကန်ကတော့ သူရဲ့ယူနစ်ဟာ အမေရိကန်စနစ်လို့ခေါ်လို့ လောက်အောင် SI ယူနစ်နဲ့ခြားနားတယ်။)

တစ်ချိန်က ကိုက်၊ ပေါင်၊ စက္ကန့်ခေါ်တဲ့ (FPS)စနစ် အဓိကထားတဲ့ အင်္ဂလိ တွေသော်မှ ယနေ့မှာ SI ယူနစ်ကိုပြောင်းလိုက်ပြီဖြစ်တယ်။

“မင်း နို့ဆီခွက် အတိုင်းအတာနဲ့ ဝယ်တဲ့ဆန်ဟာ ၈ လုံးတပြည်ရှိရဲ့လား”

“ ပြည့်ပါတယ်”

“သူတို့ကိုဘယ်သူစံတိုက်ထားလဲ”

“ကျွန်တော်တော့မသိဘူး။ ဒါပေမယ့် တကယ်လို့ စားစရာတွေဝယ်တဲ့အခ အလေးမပြည့်ရင် သမာဓိချိန်ခွင်မှာ သွားပြောလို့ရတယ်”

‘ဒီလိုပြောတဲ့အခါ သူတို့ရဲ့အလေးတွေ အလေးချိန်မပြည့်ရင် သူတို့ကို ဖမ်းဆီး အရေးယူ အပြစ်ပေးတာတွေ ဒဏ်ငွေရိုက်တာတွေလုပ်လား ”

“ဒဏ်ငွေလည်းမရိုက်ဘူး ဖမ်းလည်း မဖမ်းဘူး။ ဖမ်းရင် တစ်ဈေးလုံးကုန်မယ်”

“ဒါဆိုရင် တိုင်လည်းဘာထူးမလဲ”

“မဖမ်းပေမဲ့ အလေးချိန်လျော့နေလို့သွားပြောရင်တော့ သာသာထိုးထိုး ထည့် ပေးလိုက်တာပဲ။ဒါပေမဲ့ ခဏခဏသွားပြောရင် ဈေးသည်ကမြူစုတယ်။ ရန်လုပ်တာတွေ ရှိလာတယ်”

“အလေးတောင်းအချိန်တွေဟာ အရေးပါတဲ့ယူနစ်တွေပါ။ သာလွန်မင်း တရားကြီးဟာ အလေးတင်းတောင်းအချိန်တွေကို စည်းကြပ်ခဲ့တယ်လို့ဆိုတယ်။ဒါဟာ အဆင်ပြေဖို့ရယ် သာတူညီမျှဖြစ်စေဖို့ရယ် အချက်နှစ်ချက်ပါဝင်တယ်။ တကယ်တော့ အချိန်အတွယ်တွေ တစ်ပြေးညီရှိမှသာ စီးပွားရေးလုပ်ရတာတွေ အဆင်ပြေမှာဖြစ်တယ်”

“ဘယ်လိုသက်ဆိုင်နေတာလဲ”

“မင်း ယူနီဗာဆယ်ဆိုတာကြားဖူးမယ်။ တစ်ကမ္ဘာလုံးသုံးတဲ့ယူနစ်ပေါ့။ ကမ္ဘာကြီးမှာ တိုင်းပြည်နှစ်ရာကျော်ရှိတယ်။ လူဦးရေ သန်းခြောက်ထောင်ကျော်ရှိတယ်။ လူမျိုးကတော့ ထောင်ကျော်မယ်။ ဘာသာစကားတွေကွဲပြားနေတယ်။ ဒါတွေဟာ လူတွေရဲ့ထူးခြားချက်ပဲ။ လူမျိုးတွေတူစေ၊ ဘာသာစကားတွေတူစေလို့ လုပ်လို့မရဘူး။ ဒါပေမဲ့လုပ်လို့ရတာ သိပ္ပံနဲ့နည်းပညာဆိုင်ရာယူနစ်တွေပဲ”

ညီညီကိုကျွန်တော်ရှင်းပြသည်။



“မင်း ဂျပန်မူလီဆိုတဲ့စကားကိုကြားဖူးလား”

“ကြားဖူးပါတယ်။ အရစ်ရှည်တယ်ကိုပြောတာ”

“တကယ်တော့ ဂျပန်မူလီဟာ အရစ်ရှည်တာမဟုတ်ဘူး။ ယူနစ်ကြောင့် အရစ်စိတ်သွားတာပါ။ ဥပမာ သာမန်အင်္ဂလိပ်စနစ်မှာကြည့်မယ်။ သူတို့က လက်မကို အခြေခံယူနစ်သုံးတယ်။ တစ်လက်မမူလီတစ်ချောင်းမှာ အရစ်၁၀ရစ်ရှိတယ်ဆိုပါတော့ ဂျပန်သုံးတဲ့ မူလီမှာလည်း တစ်စင်တီမီတာမှာ ၁၀ ရစ်ပါတယ်။ဒါပေမယ့် တစ်စင်တီမီတာ ဟာ တစ်လက်မထက် နှစ်ဆခွဲလောက်ကွာတော့ အရစ်အရေအတွက်ဟာ အများကြီးကွာ တယ်။”

“ဒါကြောင့်ဂျပန်မူလီလို့ပြောတာကိုး။ ဒါပေမယ့် လူတွေက ဂျပန်မူလီဟာ အရစ် စိတ်တယ်။ အရစ်များတယ်ပြောမယ့်အစား အရစ်ရှည်တယ်လို့ပြောတယ်။ ဘာကြောင့်လဲ”

“ မင်းအရပ်ထဲသွားမေးကြည့်ပါ။ သံနဲ့မှို့ဘယ်သူလေးလဲလို့ ”

“သံလေးတယ်လို့ပြောမှာပေါ့”

“ဟုတ်တယ်ညီညီ။ ဒါပေမဲ့သံတစ်ပိဿာနဲ့ မှို့တစ်ပိဿာ ဘယ်သူလေးလဲ”

“ဖါတော့အတူတူပေါ့”

“အေး။ ဒါပေမဲ့လူတွေသံလေးတယ်။ မှို့ပေါ့တယ်ပဲပြောကြတယ်။ ကျောင်းသား တစ်ယောက်ကပြောင်းဖူးတယ်။ ဆရာရယ် မှို့တစ်ပိဿာနဲ့ သံတစ်ပိဿာ အလေးချိန် တူလို့ရှိရင် မောင်ကျော်နဲ့ ကျွန်တော် ရန်ဖြစ်တယ်ဆိုပါတော့ မောင်ကျော်က ကျွန်တော့်ကို မှို့တစ်ပိဿာနဲ့ရိုက် ကျွန်တော်ကမောင်ကျော့်ကို သံတစ်ပိဿာအတုံးကြီးနဲ့ထုရင် မောင်ကျော်သေသွားမှာပေါ့လို့ပြောဖူးတယ်။ သူပြောတာမှန်ပါတယ်။ မှားနေတာက အလေးချိန်မဟုတ်ဘူး။ သိပ်သည်းကိန်း (Density)ပါ။ အရပ်သုံးပေါ့တယ်ဆိုတာ သိပ်သည်းကိန်းနည်းတာပေါ့။ လေးတယ်ဆိုရင် သိပ်သည်းကိန်းများတာပဲ”

ထိုနေ့က တူလေးညီညီကို ယူနစ်တွေ အယူအဆတွေကို ရှင်းပြနေမိသည်။

တကယ်တော့အရပ်သုံးတွေကို ပြင်ရသည်မှာ ခက်ခဲလှသည်။ ထိုအသုံးများသည် မတိကျသော်လည်း နားလည်ရလွယ်သည်။ အများညီ ဤကို ကွဲဖတ် သည်များလည်းပါသည်။

ဥပမာ အပူချိန် (Temperature)ကိုကြည့်ပါ။

ရေဆူသောအပူချိန် ၁၀၀ ဒီဂရီ ဆဲလ်စီယပ်စ် ဖြစ်သည်။ (ယနေ့ စင်တီဂရိတ် အစား ထိုစကေးကို တီထွင်သူ *Swedish astronomer, Anders Celsius* (1701-1744) ကိုဂုဏ်ပြုသည့်အနေဖြင့် Celsius ဟုခေါ်ခြင်းပင်။ ယနေ့တိုင် မြန်မာ ဒီယာအများသည် Celsius ဟုမသုံးကြသည်ကို အံ့ဩဖွယ်ရာတွေ့ရှိရသည်။ ယူနစ်တွင်မူ သင်္ကေတအတိုင်း °Cဟုသာရေးသည်။ ဥပမာ 0°C 100 °C စသည်တို့ဖြစ်သည်)

စကားဆက်ပါမည်။ အပူချိန် ၁၀၀ ဒီဂရီဆဲလ်စီယပ်စ် (100°C) တွင် ရေဆူသည်။အပူချိန် သုံညဒီဂရီဆဲလ်စီယပ်စ် (0°C) တွင် ရေခဲသည်။ တကယ်တော့ 0°C သည် အင်မတန်အေးနေပါသည်။ သို့သော် 0°C ကို အပူချိန်ဟုသာသုံးသည်။ အအေးချိန် ဟုမသုံးပါ။

ဈေးထဲသွားကာ ရေခဲရောင်းသောဆိုင်တွင် "အဒေါ်ကြီး ရေခဲရေအေးအေး လေးပေးပါ" ဟုမပြောဘဲ "ရေခဲရေ အပူချိန်လျော့လျော့လေးပေးပါ" ဟု ပြောလျှင်သင့်ကို ရူးသွားပြီဟုမှ ချယူဆပေမည်။

ထိုအသုံးများသည် မည်သူ့ကိုမှမထိခိုက်ပေ။

သို့သော် အလေးတင်းတောင်းအချိန်တွေကျတော့ များစွာထိခိုက်နိုင်သည်။ ဒါတွေကို စံတိုက်ခြင်း သို့မဟုတ် စံကိုက်ခြင်း (Standardization) ဟုခေါ်သည်။ အထူးသဖြင့် ပြည်တွင်းအသုံးများကို စံကိုက်ထားသင့်သည်။

စံပြင်ါးဈေးရှိ ငါးတစ်ပိဿာနှင့် သံဈေးရှိ ငါးတစ်ပိဿာတူသင့်သည်။

ဒိုက်ဦးတွင်ကောက်သောပဲတစ်တန်သည် သဘော်တင်သော ပဲတစ်တန်နှင့် အလေးချိန်တူသင့်သည်။

အလေးချိန်မမီသောအခါ 'ခဲ'ထိုးသည်။ သဲရောသည်။ ထိုအတွက်မြန်မာ့ကုန် ပစ္စည်းများ ဈေးကွက်တွင်မျက်နှာငယ်သည်။ ထို့အတူမြန်မာလူမျိုးများသည်လည်း မျက်နှာငယ်သည်။

ထိုအတွက် သက်ဆိုင်ရာကြီးကြပ်သူများတွင် တာဝန်ရှိသည်။

"အလေးမပြည့်ရင်လာပြောပါ' ဟု ပြောရုံနှင့်မရပေ။

နည်းလမ်းရှာရမည်။ ပြစ်ဒဏ်များချမှတ်သင့်က ချမှတ်ရမည်။

မှန်ကန်သောအလေးချိန် 'စံ' ကို ထုစ်နိုင်ငံလုံးထားရှိရပေမည်။

ပစ္စည်းကောင်းမွန်ခြင်းအတွက် (Excellence) ဟူသောစံကို ထားရှိသင့်သည်။

သာမန် လူမှုရေးအမူအကျင့်များကို စံတိုက် ရခက်ပါသည်။

သို့သော် စားသောက်ဓလေ့များကိုတော့ပြင်နိုင်သည်။

"ဆီစားများလျှင်ရောဂါရသည်"

"ဆားစားများလျှင်ရောဂါရသည်"

"အစာမစားမီလက်ကိုစင်အောင်ဆေးပါ"

စသောအလေ့အကျင့်များကိုမူ စံတိုက်ရကောင်းပါသည်။

ထို့အတူ မှန်ကန်သောအလေးချိန်ရှိရမည်၊ ကောင်းမွန်သော ကုန်ပစ္စည်းကိုသာ ရောင်းမည်ဟူသော အလေ့အကျင့်(မူ)ချမှတ်ထားပါက တစ်နိုင်ငံလုံးချမ်းသာမည်။ မိမိလူမျိုး လည်းဂုဏ်တင့်မည်။

နိုင်ငံတကာအလယ်တွင်မြန်မာပြည်ကပေ့ာဟု ဂုဏ်ယူဝင့်ကြွား နိုင်စေဖို့ မြန်မာ တစ်မျိုးသားလုံး ကြိုးစားသင့်သည်။

ပထမ မဝံ့မရဲ ဖြစ်နေမည်။

အခက်အခဲမရှိပါ။ နောင်တွင် အများက ယုံကြည်ကိုးစားလာပြီး တစ်နေ့တခြား အဆင်ပြေလာမည်ဟု ရဲရဲကြီးသာ အာမခံလိုက်ပါတော့သည်။

ဒေါက်တာခင်မောင်ညို

# ကောလိပ်များနှင့် ပညာရေးလွတ်လပ်ခွင့်

# (၂)

ဘာထရန်ရပ်ဆဲလ် ဘိုးလှိုင်ဘာသာပြန်

ယခင်လမှအဆက်

ပညာရေးလွတ်လပ်ခွင့် ဆိုသည်မှာ ရှေး အခါက ဘာသာရေးဂိုဏ်း၏ ဩဇာမှ ကင်းလွတ်ခွင့်ကို ဆိုလိုရင်းဖြစ်သည်။ ထို့ကြောင့် အင်္ဂလန်တွင် ဟင်နရီ(အဋ္ဌမ) ဘုရင်လက်ထက်၌ ပညာရေးလွတ်လပ်ခွင့် လျော့ပါးဆုံးရှုံးခဲ့၏။ မည်သည့် နိုင်ငံတွင် မဆို လွတ်လပ်ခွင့်ကို ကာကွယ်စောင့် ရှောက်ရန်အတွက် အစိုးရ၏ တန်ခိုး အာဏာကို မကြောက်ရွံ့ရသော လူပုဂ္ဂိုလ် များ၏ အစုအဝေး လိုအပ်သည်။ ဤ အချက်ကို ကျွန်တော် အလေးအနက် ထား၍ ပြောဆိုပါသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်များ၏ အစုအဝေးဆိုရာ၌ တက္က သိုလ်များ ပါဝင်ရန် အရေးကြီးပါသည်။ တက္ကသိုလ်များသည် လွတ်လပ်ခွင့် ကာ ကွယ်စောင့်ရှောက်သော အစိုးရနှင့်ကင်း သော မဏ္ဍိုင်ဖြစ်ရန် လိုအပ်ပါသည်။

ယနေ့ အမေရိကန်နိုင်ငံ၏ ပုဂ္ဂလိက မှ တက္ကသိုလ်များတွင် ဒီမိုကရေစီယန္တရား ၏ကွပ်ကဲမှုခံရသော တက္ကသိုလ်များထက် ပညာရေးလွတ်လပ်မှု ပိုမိုဖြစ်ထွန်းနေသည် ကို တွေ့ရသည်။ ဤသို့ ဖြစ်ရခြင်းမှာ အစိုးရ၏ အလုပ်တာဝန်သာ ဖြစ်သည်ကို အလွဲလွဲအချော်ချော် နားလည်ထားခြင်း ကြောင့် ဖြစ်၏။ [**ဘာသာပြန်သူ၏ ရှင်းလင်းချက်။** ။ ဘာထရန်ရပ်ဆဲ၏ ဆိုလိုရင်းမှာ "အမေရိကန်နိုင်ငံတွင် ဒီမို ကရေစီအစိုးရလက်အောက်ခံတက္ကသိုလ် များထက် (အစိုးရနှင့်ကင်းသော) ပုဂ္ဂလိက တက္ကသိုလ်များတွင် ပညာရေးလွတ်လပ် ခွင့် ပိုရှိသည်။ ထိုသို့ ဖြစ်ရခြင်းမှာ အုပ် ချုပ်သူများက အစိုးရ၏တာဝန်ကို နား

မလည်သောကြောင့်"ဖြစ်၏။]

အခွန်ထမ်း လူထုအနေနှင့်လည်း တက္ကသိုလ်ဆရာ/ဆရာမများကို "ငါတို့ငွေနှင့် လခပေးထားသည်"ထို့ကြောင့် သူတို့ ဘာတွေသင်ကြားရမည်ကို "ငါတို့ဆုံးဖြတ်ပြောဆိုပိုင်ခွင့် ရှိသည်"ဟု ထင်မြင်ချက်ရှိနေသည်။ ဤခံယူချက်ကို ထင်တိုင်း အစီပွာယ်ကောက်မည်ဆိုလျှင် တက္ကသိုလ်ပါမောက္ခများ၏ အမြင့်စား အသိပညာသည် တန်ဖိုးမဲ့ဖြစ်ပေလိမ့်မည်။ ထိုအတိုင်းဆိုလျှင် ပါမောက္ခများ ပညာတတ်ဖို့ မလိုပြီ။ အာဏာပိုင်တို့ အလိုအတိုင်း 'စာသင်တတ်'လျှင် လုံလောက်နေပြီ။ ရှိတ်စပီးယားက ညည်းတွားသည်။ "တယ်မိုက်သကိုး၊ ဆရာကြီးလုပ်ချင်တယ်၊ အတတ်ပညာကို ခြယ်လှယ်ချင်တဲ့လူတွေ"တဲ့။ ("Folly, doctorlike, controlling shill": Shakespeare)

သို့သော် အမေရိကန် အတော်များများ သဘောပေါက်ထားသော ဒီမိုကရေစီစနစ်တွင် နိုင်ငံပိုင်တက္ကသိုလ်များအပေါ် (ထိုကဲ့သို့) ကွပ်ကဲအုပ်ချုပ်မှု ရှိအပ်သည်ဟု ပေါ်လွင်နေမည်။ အညတရ ပုဂ္ဂိုလ်တစ်ဦး၏ခြဇာသည် အထင်ကရပုဂ္ဂိုလ်နှင့် ထိပ်တိုက် ကြုံတွေ့လာသောအခါမျိုးတွင် ထိုသို့ ကွပ်ကဲမှုလုပ်ချင်သည်။ အာဒိမိဒိကို သတ်သော ရောမသား လက်မရွံ့ အာဏာသားသည် ငယ်စဉ်က ဂျီသြမက်ထရီ သင်ယူခဲ့ဖူးသူဖြစ်လျှင် ပုဂ္ဂိုလ်ကျော်ကို အဆုံးမစီရင်မီ ခံစားချက်တစ်မျိုးဖြစ်ပေါ်မည် ကေန်တည်း။ ပညာမဲ့သူတို့ မနှစ်သက်သောအယူကို ကိုင်စွဲပို့ချသော ပုဂ္ဂိုလ်အပေါ်၌ ဒီမိုကရေစီ၏ အခွင့်အာဏာကိုင်စွဲပြီး နှိပ်ကွပ်မည့် တစ်ယူသန် အမေရိကန်သည်လည်း (သူဟာ ငယ်စဉ်က ပညာကောင်းကောင်းသင်ခဲ့ဖူးလျှင်) အလားတူ ဖြစ်ပေလိမ့်မည်။

ဒီမိုကရေစီနည်းလမ်းအတိုင်း အာဏာအလွဲသုံးစားလုပ်သည့်အတွက် အထူးစိုးရိမ်ဖွယ် အန္တရာယ်ရှိနေပေသည်။ သွေးရူးသွေးတန်း လူအုပ်၏ လှုံ့ဆော်မှုကြောင့် ပေါ်ပေါက်လာနိုင်သော အန္တရာယ်ဖြစ်၏။ လူထုကို အုံကြွအောင် သွေးထိုးလှုံ့ဆော်ရာ၌ အထူးကျွမ်းသောသူက ဒီမိုကရေစီကို ခုတုံးလုပ်ပြီး အနေနှင့်အမြန် တစ်သွေးတစ်သံ အာဏာရှင်ဖြစ်လာသည်လည်း ရှိသည်။ (ဘာသာရပ်ဆဲက နာဇီဟစ်တလာနှင့် ဖက်ဆစ်မွတ်ဆိုလီနီတို့ အာဏာရလာပုံကို ရည်ညွှန်းသည်။ ဘာသာပြန်သူ။)

ဤကဲ့သို့သော အန္တရာယ်ကို တားဆီးကာကွယ်ရန်အတွက် အဓိကအင်အားသည် ခိုင်မာသော ပညာအခြေခံ (ညာဏဗလ)ဖြစ်၏။ ညာဏအားကသာ မဆင်မခြင် အုံကြွမှုများကို ရှောင်ရှားအောင်လုပ်နိုင်သည်။ ဤပညာမျိုးကို တက္ကသိုလ်ဆရာ/ဆရာမ အများစုက သင်ကြားပို့ချချင်သော ဆန္ဒရှိပါ၏။ သို့သော် သူတို့၏ အထက်ပုဂ္ဂိုလ်များနှင့် လူများစုအာဏာ နိုင်ငံရေးစနစ်က သူတို့ ထိထိရောက်ရောက် မသင်ကြားနိုင်အောင် ဟန့်တားနေသည်။ အဘယ်ကြောင့်နည်း ထိုပုဂ္ဂိုလ်များသည် အာဏာတည်မြဲရန်အတွက် လူထု၏ ဆင်ခြင်တုံတရားကင်းမဲ့မှုကို အားသုံးချရသောကြောင့်ဖြစ်၏။ လူတိုင်းက မှန်မှန်ကန်ကန် တွေးတောဆင်ခြင်တတ်လာသောတစ်နေ့တွင် သူတို့ ပြုတ်ကျမည်ကို သိကြ၏။ ဤသို့ဖြင့် အောက်ခြေ၏ မိုက်မဲမှုနှင့် အထက်က အာဏာငမ်းငမ်းတက်သော စိတ်တို့ ဒွန်



တွဲပြီး အသိဉာဏ်ရင့်သန်သူတို့ကို လှုပ်ရှားရအောင် ဖိလေတော့သည်။ ပညာရေးကျိုင် ခိုင်မာစေပြီး ပညာရေးလွတ်လပ်ခွင့်ကို မြှင့်တင်ခြင်းဖြင့် ဤနိုင်ငံ(အမေရိကန်)သည် ယခုဖော်ပြသော အခြေအနေဆိုးမှ ရှောင်လွှဲနိုင်ပေမည်။

မည်သည့်နိုင်ငံတွင်မဆို လူကြိုက်နည်းသော ပညာရှင်ကို နှိပ်ချင်သော အကျင့်သည် အန္တရာယ်ကြီးဖြစ်၏။ နိုင်ငံပျက်စီးရာပျက်စီးကြောင်း ဖြစ်ခဲ့တာလည်း အခါခါဖြစ်ခဲ့လေပြီ။ အနိုင်အမာ ဥပမာအဖြစ် စပိန်နိုင်ငံ၏ သမိုင်းမှ ပြစရာရှိသည်။ ဂျူးနှင့် မိုးလူမျိုးများကို နှင်ထုတ်သဖြင့် စပိန်တွင် စိုက်ပျိုးရေးဆုတ်ယုတ်ပျက်ပြားခဲ့ပြီး ပရမ်းပတာ ငွေကြေးစနစ်ကျင့်သုံးသောအဖြစ် ရောက်ခဲ့သည်။ ဥရောပတွင် ထိပ်တန်းနိုင်ငံအဆင့် စပိန်လျှောကျတော့သည်။ အလားတူ အလုပ်ကြောင့် အလားတူ ကျဆုံးမှုကို ဂျာမဏီကြုံတွေ့ရလိမ့်မည်။ ချက်ချင်းမဟုတ်တောင် တစ်နေ့တော့ ကျဆုံးရန် ကေန်ဖြစ်၏။ (ဘာသာရပ်ဆဲက ဂျာမဏီ၏ ၁၉၄၅ ခု အဖြစ်ဆိုးကို ကြိုတင်ဟောကိန်းထုတ်ခြင်းဖြစ်သည်။ ဘာသာပြန်သူ။)

ရုရှားတွင် အလားတူအဖြစ်ဆိုး ဆိုက်ရောက်နေတာ အတော်ကြာပေပြီ။ ရုရှား၌ ခေါင်းမာလူမိုက်တစ်စု ကြီးစိုးမှုကို ယူးယောက်မြို့သားများက အားကျပြီး အတုယူနေလေပြီ။ ၁၉၃၈ ခု ဒီဇင်ဘာလထုတ် နက္ခတ္တဗေဒ ဂျာနယ်တွင် ပါမောက္ခအေ၊ ဗွီ၊ ဟီး(လ်)၏ ရေးသားချက်ကို ကျွန်တော် ကိုးကားဖော်ပြပါမည်။

၁။ ခေတ်သစ်အရင်းရှင် အထက်တန်းလွှာတို့၏ အာကာသဗေဒ(cosmology)သည် သဘောတရားရေးရာ၌ အလွန်အမင်း ရှုပ်ထွေးနေ၏။ စကြဝဠာသည် အရွယ်အားဖြင့်လည်းကောင်း၊ သက်တမ်းကာလအားဖြင့်လည်းကောင်း အနန္တ ဖြစ်သည်ဆိုသော အဓိပ္ပါယ်ရှိသော ပဋိလောမ ရုပ်သဘောတရားကို ငြင်းပယ်သောကြောင့် ဤအရှုပ်မှမကင်းလွတ်နိုင်ကုန်။

၂။ နက္ခတ္တဗေဒ ပညာအသိုင်းအဝန်းနှင့် သိပ္ပံလောကတွင်လည်းကောင်း၊ စာနယ်ဇင်းလောကတွင်လည်းကောင်း ဖက်ဆစ်ဘက်တော်သားတို့ တစ်ချိန်က နေရာယူ အပိုင်စီးထားလေသောကြောင့် တော်လှန်ရေးနှင့် ဒီလာဖြစ်သော အရင်းရှင် ဘူဇွာ အတွေးအခေါ်များ စာပေတွင်လွှမ်းမိုးနေပေသည်။

၃။ ရုပ်သဘောတရားအခြေခံသော အာကာသဗေဒ အသိပညာ နည်းနည်းပါးပါး ရှိလေသမျှသည်လည်း လူမသိသူမသိ မြုပ်နေပြီး မကြာသေးသော ကာလအထိ ပြည်သူ့ရန်သူများ၏ ဖိနှိပ်ခံထားရသည်။

၄။ သိပ္ပံ စိတ်ဝင်စားသော အသိုင်းအဝန်းတွင် သင်ကြားပို့ချသမျှမှာလည်း လက်ရှိ အရင်းရှင် နက္ခတ္တဗေဒ အတွေးအမြင်သာဖြစ်သည်။

၅။ ဆိုဗီယက်ပြည်သူတို့၏ ရန်သူများကို ဖော်ထုတ်ရမည့် အခွင့်

အရေးတွင် ရုပ်ဝါဒအခြေခံသော ဆိုဗီယက် အာကာသဗေဒ ပညာရပ် လိုအပ်နေပေသည်။

၆။ ဒဿနဗေဒ နည်းနိဿျနှင့်အညီ တိတိကျကျဖော်ထုတ်ထားသော အာကာသဗေဒ သီအိုရီများကို တင်ပြပြီး ကမ္ဘာတစ်လွှား ပျံ့နှံ့ရန်လိုအပ်နေပေပြီ။

(dialectical materialism ကို အနုပဋိလောမရုပ်ဝါဒ ဟု ရှေးက သုံးစွဲသည့်အတိုင်း ပြန်ဆိုခြင်းဖြစ်သည်။)

အထက်ပါစာတွင် "ဆိုဗီယက်"ကို "အမေရိကန်"နှင့် အစားထိုးပါ။ "ဖက်ဆစ်" အစား "ကွန်မြူနစ်"သုံးပါ။ "အနုပဋိလောမရုပ်ဝါဒ"နေရာတွင် "ကက်သလစ်သစ္စာတရား"ထည့်သွင်းသုံးနှုန်းပါ။ ဤ(အမေရိကန်)နိုင်ငံတွင် ပညာရေးလွတ်လပ်ခွင့်ကို ဖျက်ဆီးနေသော ရန်သူများ လုပ်နေပုံကို ဖော်ပြသော စာတမ်းတစ်စောင်ဖတ်ရှုရလိမ့်မည်။

xxx

အားတက်ဖွယ် လက္ခဏာတစ်ရပ်ကိုတော့ တွေ့မြင်ရပါသည်။ အခြားမဟုတ်ပါ။ လူများစု၏ အနိုင်ကျင့်ဗိုလ်ကျမှု အမေရိကန်တွင် ကျရောက်ခဲ့သည်မှာ ယခုမှ အသစ်ဖြစ်သည်မဟုတ်။ နှစ်ပေါင်းတစ်ရာကျော်ခဲ့ပါပြီ။ သို့သော်ငြားလည်း ယခုအခါ ရှေးကလောက် ဆိုးဝါးချင်မှ ဆိုးဝါးမည်။ ယခု တော်ပေသေးသည် ဆိုသော လက္ခဏာ ဖြစ်ပါသည်။ ဒေတော့ကေဗီး(လ်) ရေးသော "အမေရိကန် ဒီမိုကရေစီ" စာအုပ် (De Tocqueville's 'Democracy in America)ကို ဖတ်ရှုသူတိုင်း ဤအချက် တွေ့မြင်ပါလိမ့်မည်။ သူရေ သမျှ အတော်များများ ယနေ့ထိ မှန်ကန် နေဆဲဖြစ်သည်။ သို့သော် တချို့အချက် များတော့ လွဲချော်နေတာသေချာသည်။ ဥပမာ "အမေရိကန်နိုင်ငံလောက် ဒဿန ဗေဒ ပညာကို အလေးမထားသော တခြား နိုင်ငံတစ်ခုတလေမျှပင် မရှိပါ"ဟု သူရေ ထားသည်။ ဤအချက်ကို ကျွန်တော် သဘောမတူပါ။ သို့သော် အောက်ပ စာပိုဒ်တွင် အမှန်တရား အတန်အသ ပါဝင်ပါသည်။ (တော့ကေဗီး(လ်)၏ ခေ အခါတွင် ယခုထက် ပိုပြီး မှန်ကောင်းမှ ပါလိမ့်မည်။)

"အမေရိကန်ပြည်တွင် လွတ်လပ်စွ တွေးခေါ်ခွင့်ကို လူများစုကြီးက အတော်ကြီး ဟန့်တားလျက်ရှိသည်။ စာရေးသူ တစ်ဦးသည် ဟန့်တာ သည့်ဘောင်အတွင်းမှ သူ ကြိုက် တာ ရေးခွင့်ရှိသည် မှန်၏။ သို့သေ ဘောင်ကိုမကျော်မိလေနှင့်။ ကျော် သူ နောင်တရရလိမ့်မည်။ သူ အောင်မြင်သူအဖြစ် အသိအမှတ်ပြု နိုင်သော တစ်ခုတည်းသော အာ ပိုင်က သူ့အပေါ် စိတ်ခုအောင်လု မိလေသောကြောင့် သူ နိုင်ငံရေ လုပ်ချင်လျှင် လမ်းစပိတ်ပြီ။ တခြား နည်းဖြင့် သူထိုက်တန်ရာကိုခံစားခွ မရနိုင်ချေပြီ။ ရုပ်ရှင်သရုပ်ဆော ဆောင်း၊ အဆိုကောင်း ဖြစ်ဦးတေ ပရိသတ် အားပေးမှုဆုံးရှုံးလိမ့်မည်။ သူ့စိတ်ထဲရှိတာတွေကို ရေးသာ ထုတ်ဝေခြင်း မပြုမီက သူနှင့်အတွေ တူသူ၊ သူ့ကို ထောက်ခံသူတွေ သည်ဟု ထင်ခဲ့မည်။ သို့သော်



သိရှင်ကြား သူ့စကားကို ဝေဖန်သံတွေ ကျယ်လောင်လာချိန်တွင် ယခင်က သူ့ကို ထောက်ခံခဲ့သူတွေ ရှဲသွားလိမ့်မည်။ သူတို့ကား တွေးရဲသာတွေးရဲပြီး၊ အသံထွက် မပြောရဲသူတွေဖြစ်၏။ အသံထွက်ပြောရဲသူ ခံရမှန်းသိလာချိန်တွင် သူ့ကိုဝေးဝေးမှ ရှောင်မည်။ နောက်ဆုံးတော့ သူလက်လျှော့ရသည်။ ပြောမိ ရေးမိတာ မှားလေခြင်းဟု နောင်တရပြီး 'ရေငုံ'ဘဝသို့ ရောက်ပေမည်။"

ဒီမိုကရေစီစနစ်တွင် လူ့အဖွဲ့အစည်းက တစ်ဦးတစ်ယောက်အပေါ်၌ ဩဇာသက်ရောက်ခွင့်ရှိသည့်အကြောင်းကိုလည်း တော့ကေဗီး(လ်)က ရေးသားထားသည်။ ထိုအချက် မှန်ကန်သည်ဟု ကျွန်တော်ဝန်ခံပါသည်။

ပုဂ္ဂိုလ်တစ်ဦးချင်း၏ ဩဇာရှိန်ဝါသည် တော့ကေဗီး(လ်)၏ ခေတ်နှင့်စာလျှင် အတော်ပင်လျော့ကျခဲ့လေပြီ။ ထုလွန်းမြင့်လွန်းသော တံတိုင်းကြီးကို မကျော်နိုင်၊ မဖောက်နိုင်သည့် အဖြစ်ပါတကား။ ဤသို့ ဖြစ်ပေါ်ခြင်းသည် ဒီမိုကရေစီနိုင်ငံများတွင်သာ မဟုတ်ပါ။ အနောက်တိုင်းယဉ်ကျေးမှုလွှမ်းသော နိုင်ငံများတွင် ထိုဖြစ်ရပ်ကြောင့် အန္တရာယ်ကြီး ရင်ဆိုင်နေရသည်။ မတားနိုင် မထိန်းနိုင်ခဲ့သော အသိပညာဖွံ့ဖြိုးရေး ဆုံးခန်းတိုင်ပေတော့မည်။

**ဉာဏ်ဖွံ့ဖြိုးတိုးတက်ရေးသည် အတွေးအမြင်၏ လွတ်လပ်ခွင့်အပေါ်၌ မူတည်ပါ၏။ 'ဘုရားဟော'ကို သမားရိုးကျတို့ ယုံမှတ်သလို လူများစု၏ယုံကြည်ချက်ကို တန်ဖိုးထားနေကြလျှင် လွတ်လပ်သောအတွေးအမြင် သုဉ်းလိမ့်မည်။**

ဉာဏ်ဖွံ့ဖြိုးတိုးတက်ရေးသည် အတွေးအမြင်၏ လွတ်လပ်ခွင့်အပေါ်၌ မူတည်ပါ၏။ 'ဘုရားဟော'ကို သမားရိုးကျတို့ ယုံမှတ်သလို လူများစု၏ ယုံကြည်ချက်ကို တန်ဖိုးထားနေကြလျှင် လွတ်လပ်သော အတွေးအမြင်သုဉ်းလိမ့်မည်။

လူများတိုင်း အတွေးအမြင် အမြဲတမ်းမမှန်ပါ။ လွန်ခဲ့သော နှစ်ပေါင်း (၅၀) ခန့်က ဒါဗန်မြို့တွင် 'ကမ္ဘာမြေပြားသူများအသင်း'(Flat Earth Society) ရှိခဲ့ဖူးသည်။ ထိုအဖွဲ့က တစ်ကမ္ဘာလုံးကို စိန်ခေါ်ပြီး ကမ္ဘာကြီးပြားသည့်ဘက်မှ ငြင်းမည်ဟုကြေညာ၏။ ကမ္ဘာလုံးသည့်ဘက်မှ သင်္ဘောကပ္ပတိန်တစ်ယောက်က ပြောဆိုသည်။ သူက ကမ္ဘာကို သူလှည့်ပတ်ပြီးပါပြီ။ ထို့ကြောင့် ကမ္ဘာလုံးပါသည်ဟုဆို၏။ သူက ဤတစ်ချက်သာ အကြောင်းပြနိုင်၏။ အခြေအတင် စကားပွဲကို မဲနှင့်ဆုံးဖြတ်ရာ အပြားက မဲဆန္ဒ သုံးပုံနှစ်ပုံနှင့်နိုင်လေသည်။ (ထိုခေတ်က ဒါဗန်တွင် တက္ကသိုလ်မရှိသေးဟု ထင်ပါသည်။)

လူအများနှင့်မတူအောင် တွေးသူများကြောင့် စာရိတ္တပိုင်းတွင်ရော၊ အသိဉာဏ်ပိုင်းတွင်ပါ တိုးတက်မှုများပေါ်ပေါက်ခဲ့သည်။ ဆိုကရေတိ (အချို့ကတော့ ဆော့ခရေးတီး)

ရေရှခရာ၏ ဂဲလီလေယိုဂလီလီ စသော ရှေ့ဆောင်ပုဂ္ဂိုလ်ကျော်တို့သည် ရှေးရိုးအယူစွဲသူများ၏ပြစ်တင်ခြင်း၊ ရန်ငြိုးထားခြင်း ခံခဲ့ကြရ၏။ သို့သော် ရှေးအခါက နှိပ်ကွပ်ယန္တရားသည် ကျွန်တော်တို့ခေတ်လောက် အစွမ်းမထက်သေးပါ။ ထို့ကြောင့် ဒိဋ္ဌ (အပြစ်စွပ်စွဲခံရသူ)သည် ကွပ်မျက်ခံရသည့်တိုင်၊ သူ၏အတွေးအမြင်ကို ကောင်းကောင်းဖြန့်ဝေမည့်စနစ်က ရှိနေသေးသည်။

သာသနာအတွက် အသက်စွန့်သူ၏သွေးသည် သာသနာအတွက် မြေဩဇာဖြစ်၏။ သို့သော် ဂျာမဏီကဲ့သို့သော နိုင်ငံတွင် ဤအတိုင်း မဟုတ်တော့ပြီ။ ဂျာမဏီတွင် အာဇာနည်သည် လူမသိသူမသိ အသက်စွန့်ရ၏။ သူ၏ 'ဒေသနာ'ကို ဖြန့်ဝေရန် နည်းလမ်းမရှိပြီ။

ဤနိုင်ငံ (အမေရိကန်)တွင် ပညာရေးလွတ်လပ်ခွင့်ကို ဆန့်ကျင်နေသူများသည် သူတို့မကြိုက်သော အယူအဆကို တိုက်ခိုက်ရန်အတွက် သူတို့နိုင်ငံကို ဂျာမဏီလိုဖြစ်သွားအောင်လုပ်လိမ့်မည်။ တစ်ဦးချင်း၏ အတွေးအမြင်သစ်ကို အင်အားသုံးပြီး တိုက်ခိုက်မည့်သူတွေဖြစ်၏။ သူတို့သည် အတွေးသစ်အမြင်သစ် မှန်သမျှကို ရှုတ်ချခြင်း၊ လူ့အဖွဲ့အစည်းကို 'သေ'နေအောင် နှိပ်ထားမည်။ သူတို့ကြောင့်သာဆိုလျှင် သမိုင်းတွင် ဘာမျှ အရာမထင်မည့် မျိုးဆက်များသာ ဆက်ခါဆက်ခါ မွေးထုတ်ပေလိမ့်မည်။

စစ်အန္တရာယ်နှင့် ရင်ဆိုင်နေရသော ဤကမ္ဘာတွင် ဘာကြောင့်များ ပညာရေးလွတ်လပ်ခွင့်ကို ရေကြီးခွင်ကျယ်လုပ်နေရသနည်းဟု အချို့သူများက မေးချင်မေးလိမ့်မည်။ မတရားမှုကိုလုပ်ရာ၌ အလိုတူအလိုပါမဟုတ်သူများ နှိပ်စက်ခံရတာထောင်သွင်းခံရတာ ဒုနှင့်ဒေး ရှိနေချိန်တွင် ပညာရေးလွတ်လပ်ခွင့်ကို ရှေ့တန်းတင်သင့်ပါသလားဟု ဆိုသူက ဆိုဦးမည်။ ထိုကဲ့သို့သော ကိစ္စများလောက်တော့ ပညာရေးလွတ်လပ်ခွင့်ကို ရှေ့တန်းမထားသင့်ကြောင်း ကျွန်တော်ဝန်ခံပါသည်။ သို့သော် ၎င်းသည်လည်း တိုက်ပွဲ၏ စစ်မျက်နှာတစ်ရပ်ဖြစ်ကြောင်းကို ပြောလိုပါသည်။ မျှော်လင့်ချက်အသစ်၊ ယုံကြည်ချက်အသစ်၊ အတွေးအမြင်သစ်သည် လူသားအတွက် အမြဲထာဝစဉ် လိုအပ်ချက်ဖြစ်သည်။ တစ်ပြေးညီ အဆွေးအမြေ့ထဲမှ တက်လမ်း၏အစ ပေါ်လာစရာမရှိလေသောကြောင့် အသစ်သမားကို လွတ်လပ်ခွင့်ပေးအပ်ပေသည်။

Bertrand Rursell: Freedom and the Colloge (in Why I am Not a Christian) မှ ဘာသာပြန်ပါသည်။

ဘိုးလှိုင်

အတွေးအမြင် ပင်တိုင်ဆောင်းပါးရှင်တစ်ဦး၏ စူးရှသောအတွေး ထက်မြက်သောအမြင်

ဝင်းထွဋ်ဇော် **အရှေ့ဗြဟ်ပေါ်မှာရေးတဲ့သမိုင်း**

နှင့် အတွေးအမြင်ဆောင်းပါးများ

ဒေါင်းစာပေမှ ထွက်နေပါပြီ။ စာမူခွင့်ပြုအမှတ် ၅၃/၀၂/ (၁၁)

**အောက်စဖို့က ဝိဇ္ဇာပညာနယ်တွင် ထင်ရှားကျော်ကြား၏။**
**ဘာသာစာပေသမိုင်းနှင့် ယဉ်ကျေးမှု ဥပဒေ၊ လူမှုရေး၊ စီးပွားရေးပညာရပ်များတွင်**
**အောက်စဖို့ပညာရှင်များသည် အမြဲတမ်းထိပ်တန်းမှာရှိ၏။**
**ကိန်းဗရစ်က သိပ္ပံပညာနယ်တွင် ဩဇာကြီးသည်။**
**ကိန်းဗရစ်၏ ပညာရှင်များသည် သင်္ချာနှင့်သိပ္ပံ၌ ထွန်းတောက်၏။**

# ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များ
# ကိန်းဗရစ်တက္ကသိုလ်

(၁)

**ဒေါက်တာတင်လှိုင်**

အောက်စဖို့တက္ကသိုလ် အကြောင်းရေးလျှင် ကိန်းဗရစ်တက္ကသိုလ်အကြောင်းလည်း ရေးမှဖြစ်မည်။ ကိန်းဗရစ်နှင့် အောက်စဖို့သည် မောင်နှမ တက္ကသိုလ်ဖြစ်သည်။ နှစ်ခုလုံးကမ္ဘာ့ထိပ်တန်းဝင် မတိမ်းမယိမ်းအဆင့် နေရာရသည်။

အောက်စဖို့ကဲ့သို့ပင် ဗြိတိသျှ အင်ပါယာ၏ ဩဇာကြောင့် ကိန်းဗရစ်လည်း တိုးတက်ပြီး ထိပ်တန်းတက္ကသိုလ် ဖြစ်ခဲ့သည်။

အထူးပြောဖွယ်လည်း ရှိပါသည်။ အောက်စဖို့၏ ပညာဂုဏ်သတင်းနှင့် ကိန်းဗရစ်၏ပညာဂုဏ်သတင်းကွာခြားသည်။

အောက်စဖို့က ဝိဇ္ဇာပညာနယ်တွင် ထင်ရှားကျော်ကြား၏။ ဘာသာစာပေသမိုင်းနှင့် ယဉ်ကျေးမှု၊ ဥပဒေ၊ လူမှုရေး၊ စီးပွားရေးပညာရပ်များတွင် အောက်စဖို့ပညာရှင်များသည် အမြဲတမ်းထိပ်တန်းမှာရှိ၏။

ကိန်းဗရစ်က သိပ္ပံပညာနယ်တွင် ဩဇာကြီးသည်။ ကိန်းဗရစ်၏ ပညာရှင်များသည် သင်္ချာနှင့်သိပ္ပံ၌ ထွန်းတောက်၏။

ကျန်းမာရေးနှင့်ဆေးပညာတွင် တက္ကသိုလ်နှစ်ခုလုံး တစ်မျိုးစီ ဂုဏ်သတင်းနှင့်သင်ပေါ်၏။

အောက်စဖို့နည်းတူ ကိန်းဗရစ်တက္ကသိုလ်မှလည်း နိုင်ငံခေါင်းဆောင် အကျော်အမော် အမြောက်အမြား ပေါ်ထွက်ခဲ့သည်။ လတ်တလောထင်ပေါ်ကျော်ကြားခေါင်းဆောင်များကို ဖော်ပြရလျှင် စင်္ကာပူဝန်ကြီးချုပ် လီကွမ်ယူးနှင့်သား ဝန်ကြီးချုပ် လီရှန်လွန်း၊ အိန္ဒိယခေါင်းဆောင်ကြီး ဂျဝါဟာလာနေရူး၊ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းတို့ ပါဝင်သည်။

မြန်မာထဲမှလည်း ရှေးကကိန်းဗရစ်တက္ကသိုလ်တွင် ပညာဆည်းပူးခဲ့သူအတော်များများရှိသည်။ ၁၉၅၂-၅၆ မြန်မာနိုင်ငံ၏ သမ္မတကြီးဒေါက်တာဘဦး၊ ဝန်ကြီးဟောင်း ဒေါက်တာအေးမောင်၊ နိုင်ငံခြားရေးဝန်ကြီးဟောင်း စဝ်ခွန်ချိုနှင့် အခြားပုဂ္ဂိုလ်ကျော် အတော်များများ ကိန်းဗရစ်တက္ကသိုလ်ထွက်များဖြစ်သည်။

တက္ကသိုလ်၏အကျဉ်းချုပ်

အမည်။ ။ကိန်းဗရစ်တက္ကသိုလ်(University of Cambridge) Universitas Cantabrigiensis ဟုလက်တင်ဘာသာနှင့် ရှေးကအသုံးရှိခဲ့သည်။ ထိုအမည်ကို အစွဲပြုသဖြင့် အတိုကောက် Cantab ဟုရေးလေ့ရှိသည်။

ဆောင်ပုဒ်။ ။Hinc lucem et pocula sacra (Latin) From this place, we gain enlightenment and precious knowledge (Eng) ဤနေရာမှ ကျွန်ုပ်တို့ ဉာဏ်အလင်းနှင့် အဖိုးတန်သုတပညာကို ရရှိသည်။

တည်ထောင်နှစ်။ ။AD ၁၂၀၉ ခုနှစ်ဝန်းကျင်

တက္ကသိုလ်အမျိုးအစား။ ။Public university (အစိုးရပါဝင်ပတ်သက်မှုမရှိသော) ပုဂ္ဂလိက အဖွဲ့အစည်းပိုင်တက္ကသိုလ်။ (အင်္ဂလန်တွင် သုံးနှုန်းသော Public ၏အဓိပ္ပာယ်ကို အောက်စဖို့တက္ကသိုလ်အကြောင်း ရေးသားစဉ်က ဖော်ပြခဲ့ပါပြီ။)

တက္ကသိုလ်၏ငွေပဒေသာပင်။ ။၂၀၀၆ စာရင်းအရ ကောလိပ်များ အပါအဝင် ပေါင်းစတာလင် ၄.၁ ဘီလီယံ (US$ သန်း ၆၀၀၀ ကျော်)

တက္ကသိုလ်အဓိကာတိ(Chancellor)။ ။ His Royal Highness The Duke of Edinburgh (မိဘုရားကြီးအယ်လီဇဘက်၏ ကြင်ရာတော် အီဒင်ဘာရာမြို့စား မင်းသားကြီး ဖိလစ်)။ ရာသက်ပန် အဓိပတိ

ဒုတိယအဓိပတိ(Vice-Chancellor)။ ။ (လက်ရှိ) Professor Alison Richard

ဝန်ထမ်းအင်အား။ ။

ပါမောက္ခ ...
ရီဒါ ...
ကထိက ...
အခြားနှင့် စုစုပေါင်း ၈၆၁၄

ကျောင်းသားဦးရေ။ ။

ဘွဲ့ကြို ၁၂၀၁၈ ယောက်
ဘွဲ့လွန် ၆၃၇၈ ယောက်
ပေါင်း ၁၈၃၉၆ ယောက်

တည်နေရာ။ ။ကိန်းဗရစ်မြို့၊ အင်္ဂလန်။

တက္ကသိုလ်၏ကိုယ်ပိုင်အရောင်။ ။ ကိန်းဗရစ်အပြာ (Cambridge Blue)

ပါဝင်သောအဖွဲ့အစည်းများ။ ။

* Russell Group (Group of Research led British universities)
*Coimbra Group (Network of Leading European Universities)
*LERU (League of European Resract Universities)
*IARU(International Alliance of Research Universities)

Website ; www.cam. ac. uk



**တက္ကသိုလ်သမိုင်း**

ကိန်းဗရစ်တက္ကသိုလ်ပေါက်ဖွားလာခြင်းသည် အောက်စဖို့တွင် ၁၂၀၉ ခုနှစ်၌ ဖြစ်ပွားသော ရာဇဝတ်မှုခင်းတစ်ရပ်၌ အရင်းတည်သည်ဟု အဆိုရှိ၏။ အောက်စဖို့တက္ကသိုလ် ဆရာနှစ်ဦးသည် အမျိုးသမီးတစ်ဦးကို သတ်မှု (သို့မဟုတ်) သေစေမှုနှင့် ရုံးတင်ခဲ့ရ၏။ အောက်စဖို့မြို့ တရားရုံးက သူတို့ကိုသေဒဏ်ပေးပြီး ကြိုးပေးကွပ်မျက်လိုက်၏။ အောက်စဖို့က ဆရာနှစ်ယောက်၏ ကြိုးမိန့်ကိုကန့်ကွက်သည့်အနေနှင့် မိမိသဘောဖြင့် စာသင်တန်းများ ရပ်နိုင်းလိုက်၏။ တက္ကသိုလ်ဆရာအတော်များများလည်း အောက်စဖို့ကို စွန့်ခွာပြီး တစ်ရပ်တစ်ကျေးပြောင်းရွှေ့ကြသည်။ ထိုအချိန်၌ ကိန်းဗရစ်တွင် စာသင်ကျောင်းတစ်ကျောင်းရှိနေပြီ။ တက္ကသိုလ်မဟုတ်။ ထိုကျောင်းသို့အောက်စဖို့မှ ဆရာတချို့ ရောက်လာသည်။ ဘွဲ့လွန်သုတေသနသမားများလည်း ပါဝင်သည်။ သူတို့စုပေါင်းလာရာမှ ကိန်းဗရစ်ရှိကျောင်းသည် တက္ကသိုလ်အဖြစ် ပြောင်းလဲလာသည်။

၁၂၃၃ ခုနှစ်တွင် ရောမအခြေစိုက် နဝမပုပ်ဂရက်ဂရီ (Pope Gregory IX)က အမိန့်စာချွန်တော်ထုတ်ပြီး ကိန်းဗရစ်ကို တက္ကသိုလ်အဖြစ် အသိအမှတ်ပြုသည်။ ထိုအမိန့်အရ တက္ကသိုလ်အဓိပတိနှင့် ကိန်းဗရစ် တက္ကသိုလ်ဆရာများကို "ပညာသဟာယ" (Universiton of scholars) အဖြစ် အသိအမှတ်ပြုပြီး မည်သူမျှ မနှောင့်ယှက်နိုင်အောင် ဥပဒေအရ အကာအကွယ်ပေးသည်။ (ထိုခေတ်တွင် ဘုရင်လည်း ရောမသာသနာပိုင်၏ ဩဇာကိုလွန်ဆန်ခွင့်မရှိ) ၁၂၉၀ ပြည့်နှစ်တွင် စတုတ္ထနစ်ကလပ် ပုပ်ရဟန်းမင်း (Pope Nicholas IV) ကကိန်းဗရစ်ကို Stadium generale (အဆင့်မြင့်ပညာသင်ကြားရေးလာဌာန)အဖြစ် အသိအမှတ်ပြုစာ ထုတ်ပေးသည်။ ၁၃၁၈ ခုတွင် ပုပ်ဂျွန် ၂၂ (Pope John XXII) ကထပ်မံပြီး အလားတူ အသိအမှတ်ပြု ပြန်တမ်းထုတ်သည်။ ထိုအချိန်မှစပြီး အလယ်ခေတ်တစ်လျှောက်လုံးတွင် ဥရောပဒေသအနှံ့အပြားမှ သုတေသီများ ကိန်းဗရစ်လာပြီး သုတေသနပြုလုပ်ကြ၊ သင်ကြားဟောပြောကြနှင့် တက္ကသိုလ်စည်ကားဝေဖြောလာခဲ့သည်။

ကောလိပ်များက တက္ကသိုလ်၏ နောက်မှပေါ်ပေါက်သည်။ ရှေးက "hostel" ဟုခေါ်သော ကိုယ်ပိုင်ငွေမစသာဖြင့် ရပ်တည်သည့် ကျောင်းသား "အိပ်ဆောင်" များရှိခဲ့သည်။ နောင်တွင် တဖြည်းဖြည်းနှင့် အဆောင်များသည် ကောလိပ်များထဲတွင် ပေါင်းသွား၏။

ကိန်းဗရစ်တက္ကသိုလ်၏ ပထမဆုံးကောလိပ်ဖြစ်သော ပီတာဟောက်(စ) ကောလိပ် (Peterhouse College) ကို ၁၂၈၄ ခုတွင် Bishop of Ely ကတည်ထောင်သည်။ ၁၄-၁၅ ရာစုတွင် နောက်ထပ်ကောလိပ်များ တိုးပွားလာသည်။ ယခုခေတ်အထိ တိုးပွားဆဲဖြစ်၏။ သို့သော် Sydney Sussex ကောလိပ်ကိုတည်ထောင်သော ၁၅၉၆ ခုမှ ၁၈၀၀ ပြည့်နှစ် Downing College တည်ထောင်သည်အထိ နှစ်ပေါင်း ၂၀၀ ကျော်အတွင်း ကောလိပ်အသစ် မပေါ်ပေါက်ခဲ့ချေ။ နောက်ဆုံးတည်ထောင်သော ကောလိပ်မှာ Robinson College (၁၉၇၀ ပြည့်) ဖြစ်သည်။ Hughes Hall အဆောင်သည် ရှေးကျသော်လည်း ၂၀၀၇ ခုနှစ်ရောက်မှ ကော



လိပ်အဆင့်တက္ကသိုလ်၏ အသိအမှတ်ပြုခံရသဖြင့် အသစ်ဆုံးကောလိပ်ဖြစ်လေသည်။ အားလုံးကောလိပ် ၃၁ ခုရှိ၏။

အလယ်ခေတ်တွင် တည်ဆောင်ခဲ့သော ကောလိပ်များမှာ ကျောင်းသားများစုစုပေါင်း ဝတ်ပြုဆုတောင်းရန်အတွက် ကိုယ်ပိုင်ဘုရားကျောင်း/ဘုရားဆောင်ပါဝင်သည်။ ကောလိပ်ရှေ့ဆောင်တွယ်လွန်သူ ဆရာကြီးများအတွက် ကျောင်းသားများက မှန်မှန်ဆုတောင်းမေတ္တာပို့လေ့ရှိသည်။ ရှေးကကောလိပ်များမှာ Canon Law ခေါ် သာသနာရုံးတော်က ပြဋ္ဌာန်းသော ဥပဒေကိုအဓိကပို့ချခဲ့သည်။ ၁၅၃၆ ခုနှစ်တွင် ဟင်နရီ VII ဘုရင်လက်ထက်ဘုန်းကြီးကျောင်းများကိုဖျက်သိမ်းပြီး ဘာသာရေးဥပဒေသင်ကြားမှုကို မင်းမိန့်နှင့် ပိတ်ပင်၏။ ထိုအချိန်မှစပြီး ကိန်းဗရစ်တက္ကသိုလ်က သမ္မာကျမ်းစာနှင့် သင်္ချာကို အဓိကသင်ကြားပို့ချခဲ့သည်။

တက္ကသိုလ်၏နှစ်ဦးကာလကမြို့နှင့်ကျောင်းသား မသင့်မတင့် ပြဿနာများ ဖြစ်ခဲ့သည်။ ကျောင်းသားများကလည်း ၁၄-၁၅ နှစ်သားအရွယ်များ၏။

၁၂၃၁ ခုနှစ်တွင်(HenryIII) ဘုရင်က တက္ကသိုလ်ဆရာများ/ကျောင်းသားများကို မင်းမိန့်နှင့် အကာအကွယ်ပေးသည်။ မြို့ခံအိမ်ရှင်များက မတရားအိမ်ဆောင်ခတောင်းခံခြင်း၊ စားသောက်ဆိုင်များက မတရားဈေးကြီးကြီးနှင့် ရောင်းချမှုကို ပိတ်ပင်သည်။ တက္ကသိုလ်နှင့်ပတ်သက်သူများကို မစော်ကားရ။ တက္ကသိုလ်ဆရာများသာ အဆင့်မြင့်ပညာသင်ကြားခွင့် ရှိသည်။ ထို့ပြင် တက္ကသိုလ်ဆရာကြီးတစ်ဦးဦး၏ အုပ်ထိန်းမှုခံယူသော ကျောင်းသားဟာ ကိန်းဗရစ်မြို့တွင် နေထိုင်ခွင့်ရှိသည်ဟု ဘုရင်ကအမိန့်ထုတ်၏။

တဖြည်းဖြည်းနှင့် ကျောင်းသားများက သင်ယူလိုသော ဘာသာရပ်နှင့်သင်ရိုးကိုပုံဖော်ယူသည်။ အီတလီနှင့် ပြင်သစ်တက္ကသိုလ်များကို စံထားကြ၏။ အောက်စဖို့ကိုလည်း တုပ၏။ "အခြေခံသင်ရိုး" အဖြစ် grammar (သဒ္ဒါကျမ်း) Logic(လော့ဂျစ်)နှင့် rhetoric(ပြောဟောဆွေးနွေးခြင်းဆိုင်ရာ) ဘာသာများကို သင်ယူကြရသည်။ နောက်ပိုင်းတွင် သင်္ချာ ဂီတ၊ ဂဲဩမက်တြီနှင့် ဝိဇ္ဇာဘာသာများ ပါဝင်လာပြီး Bachelor နှင့် Master ဘွဲ့များပေးသည်။

အလယ်ခေတ်အထိ ပါမောက္ခဟူ၍မရှိသေး။ ဘွဲ့ရပြီးဆရာဖြစ်လိုင်စင်ရ ဆရာကြီးများကသာ သင်ကြားသည်။ သင်ကြားမှုမှာလည်း စာဖတ်ပြ၊ ရှင်းပြခြင်းဖြစ်၏။

စာစောပိုင်းတွင် နှုတ်မေး စာမေးပွဲသာ စစ်ဆေးသည်။ ကျောင်းသားက ပုစ္ဆာ၊ ပြဿနာ သို့မဟုတ် thesis ကို ရှေးဦးစွာတင်ပြရသည်။ ပြီးလျှင် ၂နှစ်၊ ၃နှစ် ဝါရင့်ကျောင်းသားကြီးများ၏ ဝေဖန်



ပြီး အခြေအတင် ပြန်လှန်ဆွေးနွေးရသည်။ နောက်ဆုံးတွင် ဆရာကြီးများနှင့် အခြေအတင်မေးမြန်းခံပြီး ဖြေဆိုရသည်။

တက္ကသိုလ်ဆရာကြီးများ အားနီးပါးက Canon Law,Civil Law, divinity (ကျမ်းစာ) အထူးပြုကြသည်။ ဆေးပညာ အထူးပြုသူများရှိ၏။

ဆရာကြီးတစ်ဦးထံ၌ တပည့်အဖြစ် မှတ်ပုံတင်ခွင့်ရလျှင် matriculation ခေါ် တက္ကသိုလ်ဝင်ခွင့် ပြီးမြောက်၏။

စာသင်ကြားသော ဆရာကြီးများ၏ သင်းဖွဲ့ကို Regent Masters ဟုခေါ်သည်။ ထိုအဖွဲ့က သူတို့ကိုယ်စား မြို့မှာအာဏာပိုင်များနှင့် ပြောဆိုဆက်ဆံရန် ကိုယ်စားလှယ်နှစ်ဦး ရွေးချယ်သည်။ ၁၆ ရာစုထဲတွင် ရေးခဲ့သော မော်ကွန်းမှတ်တမ်းများတွင် Regent Masters ၏ဆုံးဖြတ်ချက်များ၊ နှင်းအပ်ခဲ့သောဘွဲ့များ တွေ့ရှိရသည်။ ရှေးဦးတက္ကသိုလ်လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များ ၁၃ ရာစုမှပင် တင်တွေ့ရှိရသည်။

၁၄-၁၅ ရာစုတွင် တက္ကသိုလ်ဆရာအများစုသည် သာသနာ့ဝန်ထမ်း (ဘုန်းကြီး) သို့မဟုတ် မင်းပေးရာထူးလက်ခံလိုသူများဖြစ်၏။ ထို့ကြောင့် ဆရာများက ဘာသာသာသနာ ဦးစီးပုဂ္ဂိုလ်များထံမှ အထောက်အပံ့နှင့် ကာကွယ်စောင့်ရှောက်မှု တောင်းခံကြသည်။ သူတို့အပေါ် Bishop of Aly ၏ လွှမ်းမိုးမှုများသည်။ ၁၅ ရာစု ကုန်ဆုံးချိန်တွင် ထို အမှီအခိုမှ တင်းလွတ်လာကြသည်။ သို့သော် ရောမ ကက်သလစ်ချုပ် ပုပ်ရဟန်းမင်းကြီး၏ အမိန့်ဩဇာ လွှမ်းဆဲဖြစ်၏။ တက္ကသိုလ်အဓိပတိသည် ပညာပို့ချသူ ဆည်းပူးသူ အားလုံးပေါ် စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိသော ဘာသာရေး အာဏာပိုင်နှမင်း(ဝိနိစ္ဆယ) ဖြစ်၏။ ထို့ပြင် ရာဇဝတ်မှုအသေးစား အပါအဝင် တရားမမှုများကိုလည်း အဓိပတိက စီရင်ခွင့်ရ၏။

ဤအတောအတွင်း ဘုရင်က တက္ကသိုလ်ကို အကာအကွယ်ပိုပြီးပေးသည်။ မြို့သားများက တက္ကသိုလ်ဆရာများ ကျောင်းသားများအပေါ် အမြတ်ကြီးစား မတရားမလုပ်အောင် တားသည်။ ဘုရင်၏မျက်နှာသာပေးမှုကြောင့် တက္ကသိုလ်နှင့် မြို့မပြေမလည်ဖြစ်လာရာ ၁၉ ရာစုတိုင်၏။ မြို့သားများက တက္ကသိုလ်ပိုင်ပစ္စည်းပစ္စယကို ဝင်ရောက်ဖျက်ဆီးမှုများရှိသည်။ ဘုရင်ကအဖွဲ့ဖွဲ့စုံစမ်းစစ်ဆေးပြီး တက္ကသိုလ်အဓိပတိကို အာဏာပိုပြီးပေး၏။

**ကိန်းဗရစ်၌**
**သင်္ချာနှင့်သိပ္ပံ အလွန်လျင်မြန်စွာ**
**ထွန်းကားလာသည်။**
**ပုဂ္ဂလိက ပညာဒါနရှင်များက**
**ငွေပဒေသာပင်စိုက်ထူပြီး**
**ပါမောက္ခရာထူးများထပ်မံ**
**ထူထောင်ပေးသည်**

**တက္ကသိုလ်နယ်မြေအဆောက်အဦ**

ရှေးဦးပထမတွင် တက္ကသိုလ်၏ ကိုယ်ပိုင်ဟူ၍မရှိခဲ့။ ဘုရားကျောင်း၊ ဘုန်းကြီးကျောင်းကို မှီခိုကပ်ရပ်ပြီးရပ်တည်ရသည်။ တဖြည်းဖြည်းနှင့် စာသင်ခန်းနှင့်

ကျောင်းသားအဆောင်အတွက် မြေငှားရမ်းသည်။ ၁၄ ရာစုထဲတွင် Senate House Hill တည်ရှိသော မြေကွက်ကို တက္ကသိုလ်ကဝယ်ပြီး အဆောက်အဦဆောက်သည်။ အဆောင်များကို School ဟု ခေါ်၏။ ရှေးဦးစွာသင်ဆောင် Divinity School ဖြစ်ပြီး ကျောင်းသားအဆောင်များသည် St.Peters (သို့) Peterhouse ဖြစ်၏။ ထို့နောက် မင်းမှုထမ်းလောင်းကျောင်းသားများအတွက် ဒုတိယအက်ဒဝပ်ဘုရင်က ၁၃၁၇ တွင် အဆောင်ဆောက်ပေးရာ King's Hall မည်တွင်ပြီး King's College ဖြစ်လာ၏။ နောက်နှစ် ၁၀၀ အတွင်း ကောလိပ် ၉ ခု ထပ်တိုးသည်။ ၁၅၂၀ပြည့်နှစ်တွင် ကောလိပ် ၁၃ခု ထိ ရှိလာ၏။

၁၆ ရာစုထဲတွင် ကောလိပ်များသည် တက္ကသိုလ်၏လုပ်ငန်းတွင် အရေးပါသော ကဏ္ဍမှပါဝင်လာ၏။ ကောလိပ်အကြီးအကဲ(ကျောင်းအုပ်ကြီး) ထဲမှ တစ်ဦးကို ဒုတိယအဓိပတိခန့်သော အစဉ်အလာပေါ်ပေါက်လာသည်။ ၁၅၀၉-၃၅ အတွင်းကောလိပ်ကျောင်းအုပ်ကြီး၊ Proctor (ကျောင်းသားရေးရာမှူး) ဒုတိယအဓိပတိ၊ အဓိပတိတာဝန်များ ထမ်းဆောင်သော ဖွှရ်ဖစ်ရှားသည် မင်းမိဖုရား၏ လူရင်းဖြစ်ပြီး အလွန်ပေါက်ရောက်သူဖြစ်၏။ သူ၏လက်ထက်တွင် Christis နှင့် St.John's ကောလိပ်များဖွင့်သည့်အပြင် Endowed Chair ခေါ် အလှူတကာ၏ ရည်စူးငွေပဒေသာဖြင့် ပါမောက္ခရာထူးများ တီထွင် ခန့်အပ်သည်။ သူ့လက်ထက်တွင် ကိန်းဗရစ်တက္ကသိုလ်သည် အရပ်ရပ်မှ ပညာကျော် သုခမိန်များ စုဝေးရာ ဖြစ်လာ၏။ Erasmus of Rotterdam ဟု တွင်သော ရော့တာဒမ်မြို့ (နယ်သာလန်နိုင်ငံ) မှ သုခမိန်သည် ကိန်းဗရစ်ရောက် ပြည်ပပညာရှိများတွင် အထင်ကရဖြစ်၏။ ရှေးက လက်တင်ဘာသာ အလေးထားသည်။ အီရပ်(စ်)မှ ဂရိနှင့် ဟီးဘရူးဘာသာများ အခြေခံသော "ပညာသစ်" (New Learning) ကိုအားပေး၏။ သူ့ကြောင့် ဘာသာရေးနှင့် ဒဿနဗေဒ ဆတူ ရောမှုသော တွေးခေါ်မျှော်မြင်မှုပေါက်ဖွားလာသည်။ ခရစ်ယာန်သာသနာကို ပုံစံသစ်ဖော်ထုတ်သော (Reformation အတွက် လမ်းခင်းပေးခြင်းဖြစ်၏။ နောက်ဆုံး ဩဇာကြီးသော ဘုန်းကြီးကျောင်းများ ဖျက်သိမ်းလာသည်အထိ ဖြစ်ပေါ်၏။

ဘာသာရေးဩဇာနည်းပြီး ပညာအစဉ်အလာကြီးလာသည်။ အဌမဟင်နရီ (Henery VIII)က Trinity College (ရတနာသုံးသွယ်ကောလိပ်) ကို တည်ထောင်ပေးသည်။ ဒေါက်တာကီး (Dr. Caius) ကဂွန်ဗီးကျောင်းသားအဆောင် (Gonville Hall) ကို Gonville and Caius College အဖြစ် ပြင်ဆင်ဖွဲ့စည်းတည်ထောင်သည်။ (နာမည်ကျော် နက္ခတ္တရူပဗေဒ သင်္ချာပညာကျော်နှင့် စာရေးဆရာ စတီဖင်ဟော့ကင်း Stephan Hawking) သည် ယခု အသက်ထင်ရှားရှိဆဲဖြစ်ပြီး ကွန်ဗီးနှင့် ကီးကောလိပ်တွင် ကျောင်းထိုင်လျက်ရှိ၏။ (Caius ကို ကီးဟု အသံထွက်သည်) ထိုကောလိပ်များသည် မူလက အမျိုးသားများကို "ဘုန်းကြီးဖြစ်သင်တန်း" ပို့ချမှုအဓိက လုပ်ဆောင်ခဲ့၏။ သို့သော် တဖြည်းဖြည်းနှင့် လူဝတ်အရပ်သားကျောင်းသား တိုးလာသည်။ လောကီပညာအားကောင်းလာသည်။



ဘွဲ့ယူရန်မဟုတ်သော်လည်း အချို့တွင် လူငယ်ယောက်ျားလေးတော်များများ ကိန်းဗရစ်တွင် လာရောက်နေထိုင်ကြသည်။ ပညာတတ်လောကနှင့် အဆက်အသွယ်ရပြီး တက္ကသိုလ်၏ ကန်းပြင်ပလှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ကြပြီးနောက် သူတို့သည် လန်ဒန်တော်ရှိ Inns of Court ခေါ် တရားရုံးတွဲဖက်သော ဝတ်လုံ(ရှေ့နေ) အတတ်ကျောင်းတက်ကြ၏။ (အင်္ဂလိပ်လက်ထက်တွင် မြန်မာတော်တော်များများ ဝတ်လုံတော်ဘွဲ့ရကြသည်။ Barrister ခေါ် အဆင့်မြင့်ရှေ့နေသည် ရုံးတော်၏ဝတ်ရုံ (gown) ဝတ်ခွင့်ရသဖြင့် ဝတ်လုံဘွဲ့- ဝတ်လုံတော်ရ-ဟုခေါ်သည်။ တက္ကသိုလ်ဘွဲ့ ...တ်)

ကိန်းဗရစ် လေရှူ-ရေသောက်မှု ဝတ်လုံလောကတွင် လူရာဝင်သည့် ...ဘောဖြစ်ပေသည်။ (သမ္မတကြီးဒေါက်တာဘဦးသည် ကိန်းဗရစ်မှ MA ဘွဲ့ရပြီးနောက်၊ ဝတ်လုံဘွဲ့လည်းရသည်။ အဓိပတိ ဒေါက်တာဗမော်သည် ကိန်းဗရစ် ...တက္ကတက်သည်။ အချိန်ပြည့်မတက်ဘဲ လန်ဒန်သွားပြီး ဝတ်လုံသင်တန်းတက်နေသည်။ ကိန်းဗရစ်ဆရာက သိပြီးကျောင်းထုတ်ပစ်သည်ဟု အဆိုရှိ၏။ ဒေါက်တာဗမော်ကိန်းဗရစ်ဘွဲ့မရ၊ ဝတ်လုံဘွဲ့ barrister ရသည်။ ပညာရေးဝန်ကြီးနှင့် နိုင်ငံရေးခေါင်းဆောင်ဖြစ်လာသော တရားဝန်ကြီးဟောင်း ဒေါက်တာအေးမောင်သည် ကိန်းဗရစ်မှ သင်္ချာဘာသာဖြင့် MA ဘွဲ့ရပြီးမှ ဝတ်လုံဘွဲ့ လန်ဒန်တွင်ရသည်) ကျောင်းသားမဟုတ်သော ရှေ့နေဟောင်းများကြောင့် ကိန်းဗရစ်တွင် ကျောင်းသားနှင့် မြို့သားကြား ပဋိပက္ခများ (gown and town) ပေါ်ပေါက်ခဲ့၏။

အဌမဟင်နရီ၏ ဩဇာပေးမှုကြောင့် ကိန်းဗရစ်တွင် ဘာသာရေးသင်ကြားမှုဆုတ်ယုတ်ပြီး ဂရိနှင့် လက်တင် ရှေးစာကြီးပေကြီး (classics) သင်ကြားမှု တိုးတက်လာသည်။ ထို့ပြင် သင်္ချာလည်း ရှေ့တန်းရောက်လာ၏။ ထို့ပြင် အဌမဟင်နရီက မတည်ငွေပဒေသာပင်ဖြင့် ပါမောက္ခရာထူး ၂ နေရာထပ်မံဖန်တီးတည်ပေးသည်။ (Regius professorships in Divinity, Hebrew, Greek, Physic and Civil Law ဟုခေါ်တွင်သော ပါမောက္ခရာထူးများဖြစ်၏။ Regius=Royal=တော်ဝင်)

၁၅၂၀ ပြည့်နှစ်တွင် တက္ကသိုလ်ပိုင် စာပုံနှိပ်စက်ထောင်ပြီး ကိန်းဗရစ်တက္ကသိုလ် ပုံနှိပ်တိုက်ဖွင့်လှစ်သည်။

၁၇ရာစု အိုက်ဇက်နယူတန်၏ခေတ်တွင် (၁၆၄၃-၁၇၂၇) တွင် ကိန်းဗရစ်၌ သင်္ချာနှင့် သိပ္ပံအလွန်လျင်မြန်စွာ ထွန်းကားလာသည်။ ပုဂ္ဂလိက ပညာဒါနရှင်များက ငွေပဒေသာပင် စိုက်ထူပြီး ပါမောက္ခရာထူးများထပ်မံ ထူထောင်ပေးသည်။ သင်္ချာအတွက် Lucasian Chair of Mathematics ပါမောက္ခနေရာ ၎င်းအပြင် ဓာတုဗေဒ၊ နက္ခတ္တဗေဒ၊ ခန္ဓာဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊ လက်တွေ့ဒဿနဗေဒ(ရူပဗေဒ) ပါမောက္ခရာထူးများ ပါဝင်သည်။ ပါမောက္ခ၏ရာထူးပိုင်ခွင့်ကို chair ဟုခေါ်သည်။ ထိုခေတ်တွင်ပင် တက္ကသိုလ်၏ ကိုယ်ပိုင်ရုက္ခဥယျာဉ်၊ ဘူမိဗေဒပြတိုက်၊ နက္ခတ်ကြည့်စင်များ တည်ဆောက်သည်။ ထို့ပြင် အာရပ်ဘာသာစကားနှင့် အခြားစာပေများအတွက်ပါ ပါမောက္ခခန့်ပြီး လေ့လာသင်ကြားသည်။ အလွန်တိုးတက်သော ခေတ်ဖြစ်၏။ ပထမဂျော့ဘုရင်

က ဘစ်ရှော့ဂျွန်မိုး၏ စာအုပ်အစုံကို တက္ကသိုလ်သို့ လှူဒါန်းသည်။ ၁၇၃၀ ပြည့်တွင် Senate House အဆောက်အဦ တည်ဆောက်ပြီး ၎င်းတွင်စာကြည့်တိုက်ထားသည်။

၁၉-၂၀ ရာစုထဲဝင်လာချိန်၌ နိုင်ငံရေးအပြောင်းအလဲများ ဖြစ်ပေါ်လာသည်ကို အကြောင်းပြုပြီး တက္ကသိုလ်ကို ပြုပြင်ရန် တောင်းဆိုသည့်အတိုင်း ပြင်ဆင်မှုများ ပြုလုပ်သည်။

၁၈၄၇ ခုနှစ်တွင် ဩဇာကြီးသော မင်းသားကြီး အဲ(လ်)ဘတ် (Prince Albert) တက္ကသိုလ်အဓိပတိဖြစ်လာသည်။ မင်းသားကြီးသည် ဗိတိုရိယဘုရင်မကြီး၏ ကြင်ယာတော်ဖြစ်သည်။ အောက်စဖို့နှင့် ကိန်းဗရစ်တက္ကသိုလ်များ၏ အခြေအနေကို စုံစမ်းလေ့လာရန် ဘုရင်မခန့်တော်ဝင်ကော်မရှင်ကို တာဝန်ပေးရာမှ ၁၈၅၆ ခုတွင် အောက်စဖို့နှင့် ကိန်းဗရစ်တက္ကသိုလ် အက်ဥပဒေ ပြဋ္ဌာန်းပေးသည်။ ၎င်းကို ပြင်ဆင်မွမ်းမံမှုများနောက်ပိုင်းတွင် ပြုလုပ်သော်လည်း တက္ကသိုလ်၏ စီမံခန့်ခွဲရေးအတွက် ယနေ့တိုင်အခြေခံဥပဒေ ဖြစ်နေသည်။

၁၉၁၄-၁၈ ပထမကမ္ဘာစစ်ကြီးဖြစ်ပွားသောကာလတွင် အတန်းများပိတ်ထားသည်။ တက္ကသိုလ်နှင့် ပတ်သက်သူများ (ကျောင်းသား/ဆရာ ဝန်ထမ်းများ) ကျရာတာဝန် စစ်မှုထမ်းကြရသည်။ အားလုံး ၁၃၈၇၈ ယောက် စစ်မှုထမ်းသည့်အထဲမှ ၂၄၇၀ ယောက် ကျဆုံးကြောင်း မှတ်တမ်းတင်ထားသည်။

စစ်ပြီးကျောင်းပြန်ဖွင့်သော်လည်း ၁၉၁၉ ခုတွင် ငွေကြေးအကြပ်အတည်း ကြုံတွေ့သဖြင့် အစိုးရက ဝင်ပြီး



ထောက်ပံ့ရသည်။

၁၉၂၀ ပြည့်နှစ်ဘုရင့်ကော်မရှင်၏ ထောက်ခံချက်အရ အစိုးရကနှစ်စဉ်ထောက်ပံ့ငွေ သတ်မှတ်ပြီး မှန်မှန်ပေး၏။ တက္ကသိုလ်ဗဟိုက စာသင်တန်းနှင့်လက်တွေ့သင်တန်းများကို တာဝန်ခံပြီးသင်ကြားပို့ချရန် ပြင်ဆင်ဖွဲ့စည်းသည်။ သို့သော်ကောလိပ်များက ၎င်းတို့၏ လွတ်လပ်ခွင့်ကို ဆက်လက်ထိန်းပြီး ကိုယ်ပိုင်အစီအစဉ်နှင့် ကျောင်းသားတစ်ဦးချင်း၏ အနီးကပ်သင်ကြားပေး၏။

၂၀ ရာစုအစမှစတင်ပြီး ရူပဗေဒတုသိပ္ပံတွင် ကိန်းဗရစ်သည် ကမ္ဘာ့ဝင်ဖြစ်လာ၏။ လျှပ်စစ်သံလိုက် သဘောတရား ပါရဂူကျိမ်းကလပ်မက်ဆဝဲ အီလက်ထရွန်းကိုတွေ့သော ဂျေ ဂျေ သွမ်ဆင်နယကီယာ ရူပဗေဒ ဆရာကြီးအားနက်ရူသားဖို့ တို့ထက်စောပြီး ရူပ-သင်္ချာဆရာကြီး နယူတန်နှင့် သဘာဝတ္တဗေဒ ခေါင်းဆောင် ချားဒါဝင် စသောပုဂ္ဂိုလ်များကြောင့် ကိန်းဗရစ်သည် သိပ္ပံပညာရှေ့ဆောင် ဗိမ္ဗာန်ကြီးဖြစ်နေလေသည်။



**ဖွဲ့စည်းအုပ်ချုပ်ပုံ**

ကိန်းဗရစ်တက္ကသိုလ်သည် ကောလိပ်များ၊ ပညာမဟာဌာနများ၊ အခြားပညာအဖွဲ့အစည်းများ ပေါင်းစုထားသော "ပညာသဟာယ" ဖြစ်သည်။ ကောလိပ် ၃၁ ကျောင်းသည် တက္ကသိုလ်၏ အပေါင်းအစုဝင်ဖြစ်သော်လည်း ကိုယ်ပိုင်လွတ်လပ်ခွင့်ရှိကြသည်.

တက္ကသိုလ်ကို စီမံကွပ်ကဲသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများစွာရှိသည်။ ဖွဲ့စည်းလုပ်ကိုင်ပုံ ရှုပ်ထွေးသော်လည်း နှစ်

**ကိန်းဗရစ်တက္ကသိုလ်၏**
**စီမံခန့်ခွဲရေးစနစ်သည်**
**အလွန်ရှုပ်ထွေး၏။**
**အစဉ်အလာထုံးတမ်းများကိုလည်း**
**လိုက်နာရသည်။**
**အာဏာပိုင်အဖွဲ့အစည်း**
**များသည်သဘောရှိ၏**

ပေါင်း ၈၀၀ အစဉ်အလာအရ ယနေ့တိုင်အလုပ်ဖြစ်နေသည်။

အဓိပတိ(Chancellor) သည် တက္ကသိုလ်၏ ဦးဆောင်နာယကကြီး ဖြစ်၏။ အဓိပတိကို "ဆီးနိတ်"(Senate) က မဲဆန္ဒဖြင့် ရွေးချယ်တင်မြှောက်သည်။ ရာသက်ပန်ရာထူးဖြစ်၏။ သို့သော် အဓိပတိသည် ရုပ်ပြအကြီးအကဲဖြစ်၏။ တက္ကသိုလ်၏ နေ့တဓူဝလုပ်ငန်းတွင် သူမပါ။ အဓိပတိသည် ဒုတိယအဓိပတိနှင့် ကောလိပ်များကို နှုတ်၏စောင်မခြင်းဖြင့် ကူညီသည်။ ခက်ခဲသောပြဿနာရှိလျှင် အကြံပေးသည်။ အဓိကအားဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော Convocation ခေါ် တက္ကသိုလ်၏ စုံညီအစည်းအဝေးတွင် ဂုဏ်ထူးဆောင်ဘွဲ့နှင့် သာမန်ဘွဲ့ ဒီဂရီများ ပေးအပ်သည်။

(မှတ်ချက်။ ။Convocation ကို မြန်မာလို ဘွဲ့နှင်းသဘင်ဟု မြန်မာပြန်ထားသည်။ သို့သော် Convocation ၏မူရင်း အဓိပ္ပါယ်မှာ တက္ကသိုလ်၏ အရေးကိစ္စများ စဉ်းစားဆွေးနွေးသော စုံညီအစည်းအဝေး၏ အစီအစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်ခြင်း ဖြစ်သည်)

ဒုတိယအဓိပတိ(Vice Chancellor) သည် တက္ကသိုလ်၏ စီမံခန့်ခွဲရေးနှင့် ပညာရေးကို ဦးဆောင်အရာရှိချုပ် ဖြစ်လာ၏။ ဒုတိယအဓိပတိသည် Regent House, Council နှင့် General Board ဟုခေါ်သော တက္ကသိုလ်၏ အာဏာပိုင် အဖွဲ့အစည်းများက ချမှတ်ပြဋ္ဌာန်းသော မူဝါဒကို အကောင်အထည်ဖော် လုပ်ဆောင်ရသည်။ ဒုတိယအဓိပတိအောက်တွင် တွဲဖက်ဒုတိယအဓိပတိ ၅ ယောက်က လုပ်ငန်းနယ်များခွဲပြီး ဌာနမှူးအဖြစ် စီမံခန့်ခွဲသည်။ လုပ်ငန်းဌာနကြီးများမှာ

-စီမံကိန်းနှင့် ပစ္စည်းစီမံမှု(Planning and Resources)
-ဝန်ထမ်းရေးရာ (Personnel)
-သုတေသန(Research)
-ပညာရေး (Academic)
-အထူးလုပ်ငန်းတာဝန်များ (Special Projects) ဖြစ်သည်။

ဒုတိယအဓိပတိနှင့် တွဲဖက်ဒုတိယအဓိပတိများကို ရွေးချယ်ရေးကော်မတီ

နှင့် General Board အဖွဲ့နှင့် ညှိနှိုင်းပြီး တက္ကသိုလ်ကောင်စီက ခန့်အပ်သည်။

**Regents House** (ဂေါပကရုံးဟုဘာသာပြန်ကြည့်မည်) တက္ကသိုလ်၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့ဖြစ်သည်။ အဖွဲ့ဝင်များအဖြစ် ကောလိပ်များမှ ဆရာကြီးများ၊ အဓိပတိနှင့် တက္ကသိုလ်ထိပ်ပိုင်းအရာရှိများပါဝင်သည်။ အဖွဲ့ဝင်ပေါင်း ၃၈၀၀ ခန့်ပါဝင်၏။ ဂေါပကအစည်းအဝေးက တက္ကသိုလ်၏မူဝါဒကို ချမှတ်ပြီး လုပ်ထုံးလုပ်နည်း ဥပဒေစည်းကမ်းများ ပြင်ဆင်ခြင်း အသစ်ချမှတ်ခြင်း ပြုလုပ်သည်။

ထို့ပြင် ဂေါပကရုံးက ကောင်စီအဖွဲ့ဝင်များကို ရွေးကောက်ခန့်ထားသည်။ Board of scrutiny (လုပ်ငန်းစစ်အဖွဲ့) ၏ အဖွဲ့ဝင်များကိုလည်း ရွေးကောက်ခန့်အပ်သည်။ ထို့ပြင်တက္ကသိုလ်၏ အခြားအဖွဲ့အစည်းများအတွက် grace ခေါ် သဘောဆန္ဒဖော်ပြပြီး ခန့်အပ်သည်။

ဂေါပကရုံးအစည်းအဝေးကို နှစ်စဉ်ပုံမှန် Senate House တွင်ကျင်းပသည်။ ထိုအစည်းအဝေးက အပ်နှင်းမည့်ဘွဲ့များကို အတည်ပြုပြီး ဂုဏ်ထူးဆောင်ဘွဲ့ အပါအဝင်ဘွဲ့များ ပေးအပ်သည်။ ထို့ပြင် အသစ်ခန့်ဒုတိယအဓိပတိနှင့် တွဲဖက်ဒုတိယအဓိပတိများ၏ အလုပ်တာဝန်စတင်ထမ်းဆောင်မှုကို လက်ခံအတည်ပြုသည်။

**ကောင်စီ(Council)** တက္ကသိုလ်၏ စီမံခန့်ခွဲရေးနှင့် မူဝါဒပြဋ္ဌာန်းရေးအတွက် အဓိက တာဝန်ရှိသော အဖွဲ့ဖြစ်သည်။ Regent House (ဂေါပကရုံး) ၏ ကြီးကြပ်မှုကိုနာခံပြီး လုပ်ဆောင်ရသည်။ ရာထူးခန့်ထားရေး၊ ငွေကြေးနှင့် သယံဇာတစီမံရေး၊ ပညာရေး အတွက် အဓိကအာဏာပိုင်ဖြစ်၏။

ကောင်စီဝင်များအဖြစ် အဓိပတိနှင့် ဒုတိယအဓိပတိပါဝင်သည်။ အဓိပတိသည် အစည်းအဝေးတက်လေ့မရှိသဖြင့် ဒုတိယအဓိပတိသည် ကောင်စီဥက္ကဋ္ဌဖြစ်၏။ အခြားအဖွဲ့ဝင်များမှာ

-ကောလိပ်ကျောင်းအုပ်ကြီး ၄ ယောက် (Regent House ကရွေးချယ်သည်)

-ပါမောက္ခ (သို့) ရီဒါ ၄ ယောက် (Regent House ကရွေးချယ်သည်)

-Regent House သဟာယဝင်လူကြီး ၄ ဦး (Regent House ကရွေးချယ်သည်)

-လက်ရှိကျောင်းသားထဲမှ ကျောင်းသားကိုယ်စားလှယ် ၃ ဦး၊ ဘွဲ့လွန်ကျောင်းသားတစ်ယောက်ပါရမည်။ ကျောင်းသားများ၏ မဲဆန္ဒနှင့် ရွေးသည်။

ထို့ပြင် Regent House ၏ "grace" ခေါ် ဆုံးဖြတ်ချက်အရ ထည့်သွင်းပေးထားသော တက္ကသိုလ်၏ ပြင်ပပုဂ္ဂိုလ်များလည်း ပါဝင်သည်။

တက္ကသိုလ် မော်ကွန်းထိန်း (Registry)က ကောင်စီ၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်၏။ (အခြားတက္ကသိုလ်များတွင် မော်ကွန်းထိန်းကို Registrar ဟုခေါ်ပြီး Registry သည် မော်ကွန်းထိန်းရုံးဖြစ်၏။ သို့သော်ကိန်းဗရစ်တွင် Registry သည် မော်ကွန်းထိန်းပုဂ္ဂိုလ်ဖြစ်၏)

**ဆီးနိတ်(Senate)**

၁၉၂၆ ခုနှစ်မတိုင်မီအထိ ဆီးနိတ်သည် တက္ကသိုလ်၏ အုပ်ချုပ်ရေး အာဏာပိုင်ဖြစ်၏။ လက်ရှိဆီးနိတ်တွင် အဖွဲ့ဝင်များမှာ တက္ကသိုလ်မှ MA ဘွဲ့နှင့် ၎င်းထက်မြင့်သော ဘွဲ့ရအားလုံးပါဝင်သည်။ MA သည် ကိန်းဗရစ်တွင် ဘွဲ့လွန်ဒီဂရီမဟုတ်ပါ။ စာမေးပွဲဖြင့် (သို့) သင်တန်းဖြင့် ပေးသောဘွဲ့မဟုတ်ပါ။ ကိန်းဗရစ်မှ BA ဘွဲ့ရပြီးသူများကို ဘွဲ့ရပြီး အနည်းဆုံး ၂ နှစ်အကြာတွင် သတ်မှတ်ငွေပေးသွင်းသောသူကို အပ်နှင်းသောဘွဲ့ဖြစ်သည်။ တက္ကသိုလ်ဝန်ထမ်းဆရာကြီး (သို့) အဆင့်မြင့် ရာထူးရှင်ပုဂ္ဂိုလ်အချို့ကိုလည်း ကိန်းဗရစ်က MA ဘွဲ့ပေးသည်။

ဆီးနိတ်ကမဲပေးပြီး တက္ကသိုလ်အဓိပတိကို ရွေးချယ်ခန့်အပ်သည်။ ထို့ပြင် High Steward ဟုခေါ်သော အုပ်ချုပ်ရေးမှူးကိုလည်း ရွေးချယ်ခန့်အပ်သည်။

**သင်ကြားရေးဌာနများဘုတ်အဖွဲ့ (General Board of Faculties)**

၎င်းအဖွဲ့၏ အဓိကတာဝန်မှာ ပညာရေးမူဝါဒကို အကြံပေးရန်နှင့် တက္ကသိုလ်ပိုင်ငွေကြေးနှင့် ပစ္စည်းသုံးစွဲမှုကို ကွပ်ကဲပေးရန်ဖြစ်၏။ သင်ကြားရေးနှင့် သုတေသနအဆင့်အတန်းကို မနိမ့်ကျအောင် ထိန်းသိမ်းပြီး ဆရာများတာဝန်ကျေပွန်မှုရှိမရှိ ၎င်းအဖွဲ့က စောင့်ကြည့်အကဲဖြတ်သည်။ General Board ကို ဒုတိယအဓိပတိက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး မဟာဌာနများက ရွေးချယ်အမည်တင်သော Regent House အဖွဲ့ဝင်ထဲမှ (၈)ဦး၊ ကောင်စီကခန့်ထားသော Regent House အဖွဲ့ဝင်လူကြီး (၄)ဦးနှင့် ကျောင်းသားကိုယ်စားလှယ် ၂ ဦးပါဝင်သည်။ တစ်ဦးမှာ ဘွဲ့လွန်ကျောင်း။

ထို့ပြင်ဘဏ္ဍာရေးကော်မတီ လုပ်ငန်းစစ်အဖွဲ့စသည်ဖြင့် အဖွဲ့အစည်းအမျိုးမျိုးရှိသည်။

ခြုံကြည့်လျှင် ကိန်းဗရစ်တက္ကသိုလ်၏ စီမံခန့်ခွဲရေးစနစ်သည် အလွန်ရှုပ်ထွေး၏။ အစဉ်အလာထုံးတမ်းများကိုလည်း လိုက်နာရသည်။ အာဏာပိုင်အဖွဲ့အစည်းများသည့် သဘောရှိ၏။ ၎င်းမှာ လုပ်ပိုင်ခွင့်ကို ဖြန့်ဝေပေးခြင်းဖြစ်သည်။ အပြန်အလှန် ထိန်းကွပ်ခြင်းလည်း ဖြစ်သည်။ ပုဂ္ဂိုလ်တစ်ဦး အဖွဲ့တစ်ဖွဲ့က ထင်ရာလုပ်၍ မရအောင် ကွပ်ကဲသောစနစ်ဖြစ်သည်။

**ကောလိပ်များ**

ကိန်းဗရစ်တက္ကသိုလ်တွင် ကောလိပ်(၃)ကျောင်းပါဝင်သည်။ ကောလိပ်သည် တက္ကသိုလ်၏ အစုလိုက်အဖွဲ့ဝင် (Corporate member) ဖြစ်သည်။ လက်အောက်ခံဟု မဆိုနိုင်။ ကောလိပ်တစ်ခုချင်းသည် သီးခြားလွတ်လပ်၏။ သို့သော် သင်ကြားရေးတွင် တက္ကသိုလ်၏ လုပ်ထုံးလုပ်နည်း အစဉ်အလာနှင့် အညီ ပါဝင်လုပ်ဆောင်ကြ၏။

ကောလိပ်ကို ကြီးမှူးအုပ်ချုပ်သော ဆရာကြီး/ဆရာမကြီးကို Master (ဆရာကြီး)၊ Principal (ကျောင်းအုပ်ကြီး)၊ President (ဥက္ကဋ္ဌကြီး)၊ Mistress (ဆရာမကြီး)၊ Provost (အုပ်ချုပ်ရေးမှူး)၊ Wonden ( အဆောင်မှူး) စသည်ဖြင့် ရာထူးနာမည်အမျိုးမျိုးနှင့် ခေါ်ဝေါ်သည်။ တက္ကသိုလ်တစ်ခုထဲ၌ပင် ကောလိပ်ကိုလိုက်ပြီး ရာထူးအခေါ်အဝေါ် ကွဲပြားသည်။

ကောလိပ်စီမံအုပ်ချုပ်ရေး အဖွဲ့ (Governing Body) တွင် ကောလိပ်ကျောင်းအုပ်ကြီးနှင့် ကောလိပ်သဟာယဝင် (Fellow) ခေါ် ဆရာကြီးများပါဝင်သည်။ ကောလိပ် Fellow များသည် မိမိတို့ နှစ်သက်ရာကျောင်းသားများ ရွေးချယ်လက်ခံခွင့်ရှိ၏။ သတ်မှတ်ထားသော

အနိမ့်ဆုံးလိုအပ်ချက်များ ပြည့်မီသူကိုသာ ရွေးချယ်ရသည်။

ကောလိပ်သည် ကျောင်းသား နေထိုင်ရာ (အိပ်၊စား) အဆောင်ဖြစ်၏။ ကျောင်းသား၏အခြေခံ လူနေမှုအသိုင်းအဝန်းဖြစ်၏။

ကောလိပ်က ကျောင်းသားတစ်ယောက်ချင်း၏ ပညာရေးကို ကြီးကြပ်ပေးရန် Tutor ဟုခေါ်သော Supervisor များ ခန့်အပ်တာဝန်ပေးသည်။ ကျောင်းသားသည် ၎င်း၏ကျူတာလမ်းညွှန်သည့်အတိုင်း စာသင်တန်းတက်ရသည်။ စာသင်တန်း (Lecture) ကို တက္ကသိုလ်တွင် တက်ရသည်။ ကျူတာက ကျောင်းသားကို ဘာစာဖတ်ရမည်၊ ဘာအက်ဆေးရေးရမည် နိုင်းစေသည်။ သို့မဟုတ် လေ့ကျင့်ခန်းပုစ္ဆာပေးသည်။ ကျောင်းသားသည် ကျူတာနှင့် အနည်းဆုံးတစ်ပတ် တစ်ကြိမ်တွေ့ပြီး စာဆွေးနွေးရသည်။ ကျူတာက အများဆုံး ကျောင်းသား(၃)ယောက်အ[ထိ] တစ်ဖြိုင်တည်းတွေ့ဆုံ ဆွေးနွေးမေးမြ[န်း] သည်။ ကောလိပ်ကျူတာသည် ကောလိ[ပ်] သဟာယဝင် (fellow) ဖြစ်၏။ ပါမောက္[ခ] ကိုယ်တိုင်လည်း Fellow ဖြစ်ပြီး သူလည်း ကျူတာအလုပ်ကိုလုပ်သည်။

ကောလိပ်တွင် Bursur ခေါ် ဘဏ္ဍာရေးမှူး၊ Chaplain ခေါ် ကျောင်း ဝတ်အဖွဲ့နာယက အစရှိသော အခြား ရာ ထူးများလည်း ရှိသည်။

ကောလိပ်တိုင်း ကိုယ်ပိုင်အိ[မ်] ဆောင်၊ စားသောက်ခန်း၊ အားကစားခန်း အပန်းဖြေမိုးစုံရှိသည်။ ကျောင်းသားများ ဝါသနာပါရာအလိုက် သင်းဖွဲ့သော ကလပ်၊ အသင်းစသည်ဖြင့် အဘက်ဘ[က်] မှ ပြည့်စုံသော "ပညာသဟာယ" တစ်[ခု] ဖြစ်၏။ အချင်းချင်း ပြောဆိုဆွေးနွေးခြ[င်း] ဖြင့် "ပညာပဒေသာပင်" ကိုမှီတွယ်ရာ ရောက်သောနေထိုင်မှုဖြစ်၏။

ဒေါက်တာတင်လှိုင်

---

သမိုင်းပညာရှင်ကြီး ဒေါက်တာ သန်းထွန်း
အတွေးအမြင်စာစောင်တွင် အခန်းဆက်ရေးသားခဲ့သော
မြန်မာသမိုင်းဆိုင်ရာ အယူအဆရေးရာများ၊ အမြင်သစ်များ

**ဒေါက်တာသန်းထွန်း**
**မြန်မာသမိုင်းရှာတော်ပုံ**

ပါမောက္ခ ဒေါက်တာသန်းထွန်း အသက် ၈၀ ပြ[ည့်] ( ၆ ဧပြီ ၂၀၀၃)
အထိမ်းအမှတ်အဖြစ်ထုတ်ဝေခဲ့ [သည်]။

စာမူ ခွင့်ပြုချက် ၅၄/၀၄/ (၅)
ဒေါင်းစာပေ၊ ၁၁၃/ ၃၃လမ်း(အလယ်)၊ ကျောက်တံတား၊ ရန်ကုန်။ ဖုန်း-၃၇၃၂၁၀

---

အတွေးအမြင်
၂၅နှစ်ပြည့် အထူးထုတ်

# "အသုံးမကျတဲ့" အသိပညာ

**မောင်ရဲနိုင်**

[သိပ္ပံနည်းကျ စမ်းသပ်]ဆွေးများကို သစ္စာဖောက်ခြင်းဖြင့် ရာထူးကြီးမြင့်လာသူ ဖရန်စစ် [ဘေ]ကွန် (Francis Bacon)က 'အသိပညာတန်ခိုးစွမ်းအား' ရယ်လို့ [ထု]တ်ဖော်တင်ပြခဲ့ပါတယ်။ အတွေ့အကြုံရင့်ကျက်တဲ့ သင်ခန်းစာ[တွေ] [ဖြ]စ်ရပ်ဖြစ်မှန်း သံသယရှိစရာမလိုပါဘူး။ ဆာ သောမတ် ဘရောင်း ([Si]r Thomas Brown)က သူယောင်မယ်တွေ ဘာသီချင်း ဆိုတတ် [ကြ]တယ်ဆိုတာ သိချင်စမ်းခဲ့တယ်။ သို့သော်လည်း ဒါကိုသိရုံနဲ့ သူဟာ [...]ယ်တရားသူကြီးကနေ ခရိုင်တရားသူကြီး တက်မဖြစ်နိုင်ပါဘူး။

[ဘေ]ကွန်ရဲ့စိတ်ထဲမှာ ရှိခဲ့တဲ့ အသိပညာ [ဆို]တာဟာ ဒီကနေ့ ကျွန်တော်တို့ သိပ္ပံ[နည်]းကျလို့ခေါ်နေကြတဲ့ ပညာမျိုးပါ။ [သိ]ပ္ပံပညာရဲ့အရေးပါမှုကို အလေးအနက် [ဆ]န်ပြရင်းနဲ့ သူဟာ အာရပ်တွေနဲ့ အလယ် [ခေ]တ်စောစောပိုင်းက အစဉ်အလာတွေကို [...]နိုနောက်ကျပြီးမှ သယ်ဆောင်ခဲ့သူပါ။ [...]ရင်ခေတ်တွေမှာ အသိပညာ(Knowledge) [ဆို]တာဟာ နက္ခတ္တဗေဒ၊ အဂ္ဂိယတ်နဲ့ [...]ဆေးပညာတွေပါဝင်တဲ့ သိပ္ပံကိုင်းခွဲတွေပဲ [ဖြ]စ်ပါတယ်။

**စာအုပ်ကို အမှတ်တမဲ့လှန်ရင်း ပိုက်သဂိုးရပ်သီအိုရမ်ကိုတွေ့တော့ "ဟာ . ဒါတော့ မဖြစ်နိုင်တာဘဲ" လို့ သူအံ့ဩသွားခဲ့တယ်။ ပြီးမှ သက်သေပြချက်တွေကို နောက်ပြန်ဖတ်ရင်း မူလအဆိုကို ရောက်သွားမှ ယုံသွားပါသတဲ့။**

ဒီလေ့လာမှုတွေ ပိုင်နိုင်ထားတဲ့ ပညာရှိပုဂ္ဂိုလ်ဟာ မှော်စွမ်းအင်တွေကိုပါ ပိုင်ဆိုင်ပါတော့တယ်။ ဆယ်ရာစု စောစောပိုင်းက ဒုတိယမြောက်ပုပ်ရဟန်းမင်း ဆီလ်ဗက်စတာ (Pope SilvesterII)ဟာ စာအုပ်တွေဖတ်တာ တစ်ခုကြောင့်ပဲ မကောင်းဆိုးဝါးတွေနဲ့ အဆက်အဆံရှိတဲ့ မှော်ဆရာကြီးအဖြစ် အားလုံးက သတ်မှတ်တာခံခဲ့ရပါတယ်။ ပရော့စ်ပါရို (Prospero)ဟာ ရှိတ်စပီးယားခေတ်က စိတ်ကူးယဉ်ဇာတ်ကောင်တစ်ယောက်ပါ။ သူဟာ စုန်းကဝေအတတ်တွေတတ်ပဲ့အတွက် ရာစုနှစ်များစွာ သတ်မှတ်ခဲ့တဲ့အတိုင်း ပညာရှိပုဂ္ဂိုလ်ပါပဲ။ ကျွန်တော်တို့ အခုခေတ်မှာ သိထားတဲ့ ဘေကွန်ကလည်း မှန်မှန်ကန်ကန် ယုံကြည်ခဲ့ပါတယ်။ ဒါကတော့ သိပ္ပံပညာဟာ အရင်ခေတ်ဟောင်းတွေက ဝိဥာဉ် ရှေ့ဖြစ်ဟောဆရာတွေ အိပ်မက်မက်နိုင်တာထက်တောင် ပိုပြီးတန်ခိုးစွမ်းပကားကြီးမားတဲ့ မှော်ကြိမ်လုံးကို ပေးနိုင်ပြီဆိုတာပါပဲ။

ဘေကွန်ရဲ့ လက်ထက်က အင်္ဂလန်မှာ အထွတ်အထိပ်ကို ရောက်ခဲ့တဲ့ ပြန်လည် ဆန်းသစ်ရေးရီနေဆန်ဟာ အသိပညာလက်တွေ့အသုံးချမှုအမြင်ကို ဆန့်ကျင်ပုန်ကန်ခဲ့ ပါတယ်။ ဂရိလူမျိုးတွေဟာ ဟိုးမားနဲ့ အကျွမ်းတဝင်ဖြစ်ခဲ့ကြတယ်။ ဒီကနေ့ ကျွန်တော်တို့ ဂီတခန်းမနဲ့ ကျွမ်းဝင်သလိုပေါ့။ ဘာကြောင့်လဲဆိုတော့ ဟိုးမားကို သူတို့နှစ်ခြိုက်လို့ပါပဲ။ ပညာသင်ကြားမှုထဲ ပါဝင်နေရတယ်ဆိုတဲ့ ခံစားချက်မျိုး သူတို့မှာမရှိခဲ့ကြဘူး။ သို့ပေမယ့် ဆယ့်ခြောက်ရာစု လူတွေကိုတော့ ဘာသာဗေဒ အတော်အတန်မတတ်ရင် နားလည်နိုင်မှာ မဟုတ်ပါဘူး။ သူတို့ဟာ ဂရိတွေကို အားကျကြတယ်။ ပြီးတော့ ပျော်ရွှင်မှုတွေနဲ့လည်း အဆက်မပြတ်ချင်ကြဘူး။ ဒီတော့ သူတို့က ပုံတူပဲ ကူးချကြတော့တယ်။ ဂန္ထဝင်ရေး ဖတ်ရာမှာရော အခြား သိပ်မလေးနက်တဲ့နေရာများမှာရောပဲ။

ရီနေဆန်ခေတ်မှာ ပညာသင်ယူရေးကိစ္စဟာ ဘဝရဲ့ပျော်မွေ့မှုတစ်ရပ်သာ ဖြစ်ခဲ့တယ်။ အရက်သောက်တာကို ချစ်တင်းနှောတာလို့ပါပဲ။ ငါဟာစာပေမှာသာမက ကြမ်းတမ်းတဲ့ လေ့လာရေးများမှာလည်း ဒီအတိုင်း ဖြစ်ခဲ့တယ်။ ယူကလစ် (Euclid)အကြောင်း ဟော့ (Hobb) စတင်သိရှိတုန်းကအကြောင်း အားလုံး ကြားဖူးကြပါတယ်။ စာအုပ်ကို အမှတ်တမဲ့ လှန်ရင်း ပိုက်သဂိုးရပ် သီအိုရမ်ကိုတွေ့တော့ "ဟာ . . . ဒါတော့ မဖြစ်နိုင်တာဘဲ" လို့ သူအံ့ဩသွားခဲ့တယ်။ ပြီးမှ သက်သေပြချက်တွေကို နောက်ပြန်ဖတ်ရင်း မူလအဆုံး ရောက်သွားမှ ယုံသွားပါသတဲ့။ အဲဒီအခိုက်အတန့်ဟာ သူ့အတွက် စိတ်အာရုံ ပျော်ရွှင် သက်သက်မျှသာဖြစ်ကြောင်း ဘယ်သူမှ သံသယဖြစ်ကြမှာမဟုတ်ပါဘူး။ မြေတိုင်းတာ ဂျီဩမေတြီ အသုံးဝင်မှုအကြောင်း သူတွေးမိမှာ မဟုတ်ပါဘူး။

ရီနေဆန်ခေတ်ရဲ့ အဓိကအကြောင်းရင်းက စိတ်ပိုင်းဆိုင်ရာ ဝမ်းသာရွှင်လန်းမှု ဖြစ်ပါတယ်။ အသိဉာဏ်ကင်းမဲ့မှုနဲ့ အယူသီးမှုတို့က စိတ်ရဲ့မျက်လုံးတွေကို ပါးကြိုးနဲ့နှောင်တဲထားချိန်မှာ အနုပညာလွတ်လပ်စွာဖန်တီးမှုနဲ့ အချို့သော ကြည်နူး ချမ်းသာမှုများ ပြန်လည်ထိန်းသိမ်းရေး ဖြစ်ပါတယ်။

ဂရိတွေဟာ စာပေသက်သက်၊ အနုပညာသက်သက်သာမက ဒဿနိကဗေဒ ဂျီဩမေတြီနဲ့ နက္ခတ္တဗေဒတွေမှာပါ အာရုံစိုက်ခဲ့ကြပါတယ်။ အဲဒီပညာရပ်တွေဟာ လေးစားဖွယ်ရာတွေ ဖြစ်ခဲ့ပါတယ်။ သို့ပေမယ့် တခြားသိပ္ပံပညာရပ်တွေမှာတော့ ပြ



တွေရှိခဲ့ရဲ့။ ဆေးပညာဟာ ဟစ်ပိုခရေးတပ်စ် (Hippocra-tus) နဲ့ ဂေလင် (Galen) တို့နာမည်ကြောင့် ဂုဏ်ရှိခဲ့တာ မှန်ပါတယ်။ ဒါပေမယ့် ဒီပညာဟာ ကြားကာလမှာ အာရပ်တွေနဲ့ ဂျူးတွေ လက်ထဲမှာချည်း ကန့်သတ်ရှိနေခဲ့ပြီး မှော်ပညာနဲ့ ခွဲမရအောင် ဆက်စပ်နေခဲ့ပါတယ်။ ပါရာဆဲ့လ်ဆယ် (Paracelcus) ရဲ့ နာမည်ဟာ သံသယဖြစ်စရာပါ။ ဓာတုဗေဒဆိုရင် ပိုပြီးတော့တောင် အနံ့အသက်ဆိုးပါသေးတယ်။ ဆယ့်ရှစ်ရာစုကျမှသာ လေးစားလာကြတာပါ။

ဒီနည်းနဲ့ပဲ ဂရိနဲ့ လက်တင်ရဲ့ အသိပညာကို သယ်ဆောင်ခဲ့ကြတာ ဖြစ်ပါတယ်။ ဂျီဩမေတြီနည်းနည်းနဲ့ နက္ခတ္တဗေဒ လောက်သာ လူကြီးလူကောင်းတစ်ယောက် အတွက် ပညာတတ်အဆောင်အယောင် အဖြစ် သတ်မှတ်ခဲ့ကြတာပါပဲ။ ဂရိတွေက ဂျီဩမေတြီပညာ လက်တွေ့အသုံးချမှု အပေါ် အထင်သေးအမြင်သေး သဘောထားခဲ့ကြတယ်။ သူတို့ခေတ်မှိန်သွားတဲ့ အခါကျတော့ နက္ခတ္တဗေဒပညာကိုလည်း ဗေဒင်ပညာအသွင်နဲ့ သုံးတာတွေ့လာခဲ့ကြရပါတယ်။ ဆယ့်ခြောက်ရာစုနဲ့ ဆယ့်ခုနစ်ရာစုတွေမှာလည်း အဓိကအားဖြင့် သင်္ချာပညာကို စိတ်မပါ့တပါနဲ့သာ လေ့လာခဲ့ကြတာပါပဲ။ အောက်လမ်းပညာနဲ့ အဆက်အစပ်ဖြစ်ပြီး သိက္ခာကျခဲ့ရတဲ့ အခြားသိပ္ပံပညာရပ်တွေကိုတော့ လျစ်လျူရှုထားခဲ့ကြတာပါပဲ။

နောက်တော့ အသိပညာကို ပိုပြီး ကျယ်ပြန့်စွာ ပိုပြီး လက်တွေ့ကျစွာ ခံယူတဲ့အမြင် တစ်စတစ်စ ပြောင်းလဲလာခဲ့တယ်။ ဆယ့်ရှစ်ရာစု တစ်ရာစုလုံးပါပဲ။ ပြင်သစ်တော်လှန်ရေးအပြီးနဲ့ စက်ယန္တရားထွန်းကားအလာမှာတော့ ပြောင်းလဲမှု ရုတ်တရက် အရှိန်မြန်လာပါတော့တယ်။ ပြင်သစ်တော်လှန်ရေးက လူကြီးလူကောင်း ယဉ်ကျေးမှုကို ထိုးနှက်ခဲ့ပြီး စက်ယန္တရားက လူကြီးလူကောင်းမဆန်တဲ့ ကျွမ်းကျင်မှု ပေါ်ထွန်းစေခဲ့ပြီး အံ့ဩစရာ မြင်ကွင်းသစ်ကို ဖော်ဆောင်ပေးခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်တစ်ရာငါးဆယ်အတွင်း လူတွေဟာ 'အသုံးမကျတဲ့'အသိပညာရဲ့ တန်ဖိုးကို အားတက်သရော မေးခွန်းထုတ်ခဲ့ကြတယ်။ ပြီးတော့ ရှိသင့်ရှိအပ်တဲ့ အသိပညာဆိုတာဟာ လူ့အသိုင်းအဝိုင်းရဲ့ စီးပွားရေးဘဝ အစိတ်အပိုင်းတစ်ခုခုမှာ အသုံးချလို့ရတဲ့ ပညာမျိုးသာ ဖြစ်တယ်လို့ ယုံကြည်လာကြပါတယ်။

အစဉ်အလာပညာရေးစနစ်မျိုးရှိတဲ့ ပြင်သစ်နဲ့ အင်္ဂလန်နိုင်ငံတို့မှာ အသိပညာလက်တွေ့အသုံးချရေးအမြင်ဟာ တစိတ်တပိုင်းသာ အောင်မြင်မှုရှိပါသေးတယ်။ ဥပမာအားဖြင့် တရုတ်ဂန္ထဝင်တွေကိုသာ ဖတ်နေပြီး ခေတ်သစ်တရုတ်ပြည်ကို ဖန်တီးခဲ့တဲ့ ဆွန်ယက်ဆင်ရဲ့စာတွေ မဖတ်ဖူးတဲ့ တရုတ်ပါမောက္ခတွေ တက္ကသိုလ် မှာ ရှိနေကြဆဲပါ။ ရှေးဟောင်းသမိုင်းကို စာဟန်သန့်သန့်နဲ့ ရေးထားတဲ့အတိုင်း သိရှိထားသူတွေလည်း ရှိနေကြဆဲပါ။ ဂရိမှာ အလက်ဇန္ဒားထိနဲ့ ရောမမှာ နီရိုးလက်ထက် လက်ထိပေါ့။ သို့သော် ဒီနောက်ပိုင်း အရေးကြီးတဲ့ သမိုင်းတွေကျတော့ စာဟန်နိမ့်လို့ဆိုပြီး မသိချင်ကြတော့ဘူး။

ဘာပဲဖြစ်ဖြစ် ပြင်သစ်နဲ့ အင်္ဂလန်မှာ အစဉ်အလာဟောင်းဟာ သေဆုံးနေပါပြီ။ ခေတ်မီတဲ့နိုင်ငံများ ဖြစ်ကြတဲ့ ရုရှားနဲ့ အမေရိကတို့မှာတော့ လုံးဝဆိတ်သုဉ်းသွားပါပြီ။ အမေရိကမှာဆိုရင် ပညာရေး

**ဆယ့်ငါးရာစုအီတာလျံလူမျိုးတစ်ယောက်အတွက် ဖတ်စရာဆိုလို့**
**သူ့ဘာသာစကားအပြင် လက်တင်နဲ့ဂရိပဲရှိခဲ့တယ်။**
**အဲဒီဘာသာစကားတွေဟာ ယဉ်ကျေးမှုအတွက် မရှိမဖြစ်တဲ့သော့ချက်တွေပဲ။**
**သို့သော် အဲဒီနောက်ပိုင်းမှာ ကြီးကျယ်တဲ့စာပေတွေဟာ**
**ခေတ်သစ်ဘာသာစကားအသီးသီးမှာပေါ်ထွန်းလာခဲ့တယ်။**

ကော်မရှင်က လူအများစုလုပ်ငန်းခွင် စာပေးစာယူတွေမှာ သုံးတဲ့စကားလုံးဟာ ထောင့်ငါးရာသာရှိတယ်လို့ ထောက်ပြထားပါတယ်။ ဒါကြောင့် ကျန်တဲ့စကားလုံး တွေကို ကျောင်းသင်ခန်းစာထဲက ဖြုတ်ပစ်ဖို့ အကြံပြုထားပါတယ်။ ဗြိတိသျှရဲ့ တီထွင်မှုတစ်ရပ်ဖြစ်တဲ့ အခြေခံအင်္ဂလိပ်စာမှာ လိုအပ်တဲ့ဝေါဟာရအရေအတွက်ဟာ ရှစ်ရာအထိ လျှော့ချထားပါတယ်။ စကားလုံးလှလှတွေသုံးပြီး မိန့်ခွန်းချွေတဲ့ခေတ်ဟာ ကုန်ဆုံးသွားပါပြီ။ စကားလုံးများရဲ့ တစ်ခုတည်းသောရည်ရွယ်ချက်ဟာ လက်တွေ့သတင်းအချက်အလက်တို့ ပေးဖို့သာပါပဲ။ ရုရှားမှာဆိုရင် လက်တွေ့ရည်မှန်းချက်နောက်ကို လိုက်ကြတဲ့နေရာမှာ အမေရိကန်ထက်တောင် ပိုပြီးအားတက်သရောရှိပါတယ်။ ပညာရေးအဆောက်အအုံတွေမှာ သင်ကြားနေသမျှဟာ ပညာရေး သို့မဟုတ် အစိုးရအတွက် ရည်မှန်းချက်အတွက်ပဲ ဖြစ်ပါတယ်။ တစ်ခုတည်းသောချွင်းချက်က သီအိုလိုဂျီပါပဲ။ ဘာသာရေးကျမ်းစာတွေကိုတော့ မူရင်းဂျာမန်ဘာသာနဲ့ပဲ လေ့လာနေကြပါတယ်။

နေရာတိုင်းလိုမှာ အသိပညာကို သူ့ဘာသာသူ ကောင်းမှုတစ်ရပ် သို့မဟုတ် ယေဘုယျအားဖြင့် ကျယ်ပြန့်ပြီး လူသားဆန်တဲ့ အထင်အမြင်ဖန်တီးမှုအဖြစ် မရှုမြင်ကြတော့ပါဘူး။ နည်းပညာ ကျွမ်းကျင်မှုအမည်တစ်ရပ် အမြင်ဖြစ်လာကြပါပြီ။ ဒါဟာ သိပ္ပံနည်းပညာနဲ့ စစ်ရေးလိုအပ်ချက်အရ ပေါ်ပေါက်လာခဲ့တဲ့ လူ့အဖွဲ့အစည်းကြီးရဲ့ ကြီးကျယ်တဲ့ ချိတ်တွဲမှုဖြစ်ပါတယ်။ စီးပွားရေးနဲ့ နိုင်ငံရေးအပြန်အလှန် မှီခိုမှုဟာ အရင့်အရင်ခေတ်တွေထက် ပိုများလာပါပြီ။ ဒါကြောင့် လူတစ်ယောက်အနေနဲ့ သူ့အိမ်နီးနားချင်းတွေက ဒီလူ အသုံးကျပါကလားလို့ မြင်လာအောင်နေတတ်ဖို့ လူမှုရေးဖိအားပေးခံလာရပါပြီ။ သိပ်ပြီးချမ်းသာသူတွေမှတစ်ပါး သို့မဟုတ် ရှေးဆန်တဲ့ ဘာမှမဖြစ်တဲ့ လူတွေမှတစ်ပါး ပညာရေးအဆောက်အအုံတွေဟာ ငွေကိုသူတို့ကြိုက်သလို မသုံးနိုင်တော့ပါဘူး။ နိုင်ငံတော်ရဲ့ လိုအပ်ချက်ဖြစ်တဲ့ ကျွမ်းကျင်မှုနဲ့ သစ္စာစောင့်သိမှုဘက်မှာသာ သုံးစွဲကြပါတော့တယ်။

ကျွန်တော်တို့ဟာ ဘယ်သူတစ်ဦးတစ်ယောက်မှ ဘဝကို ပျင်းရိစွာခံစားနေတာ မကြိုက်ကြပါဘူး။ လူတိုင်းလူတိုင်းဟာ ကြီးကျယ်တဲ့ အရေးကြီးတဲ့ကိစ္စကြီးမှာ ကိုယ်စီပါဝင်နေစေချင်ကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့ စိတ်မှာ အားလပ်ချိန်ရယ်လို့



မရှိတော့ပါဘူး။ အရေးကြီး တယ်လို့ ကျွန်တော်တို့ ထင်တာတွေကို အထောက်အကူပြုစေတာမျိုးမှတစ်ပါး ဘာခြားဖဟုသုတရှာဖို့ အချိန်မရှိတော့ဘူး။

ပညာရေးကို ကျဉ်းမြောင်းစွာ အသုံးချရေးသက်သက်အမြင်အကြောင်း ပြောရာတွေ အများကြီး ရှိပါသေးတယ်။ အသက်မွေးမှု တစ်ခု မစမီ အရာရာတိုင်းကို သင်ယူနေဖို့ အချိန်မရှိပါဘူး။ 'အသုံးမကျ'တဲ့အသိပညာဟာ အလွန်ပဲ အသုံးကျပါတယ်။ ခေတ်သစ်ကမ္ဘာကို သူကပဲ ဖန်တီးထားတာပါ။ သူသာမရှိခဲ့ရင် ကျွန်တော်တို့မှာ စက်တွေ၊ မော်တော်ကားတွေ၊ ရထားလမ်းတွေ၊ လေယာဉ်ပျံတွေ ရှိမှာမဟုတ်ပါဘူး။ ကျွန်တော်တို့မှာ ခေတ်ပေါ် ကြော်ငြာမှုတွေ၊ ခေတ်ပေါ် ဝါဒဖြန့်မှုတွေ မရှိသင့်တော့ဘူးဆိုတာလည်း ဖြည့်စွက်ပြောရပါလိမ့်မယ်။

ခေတ်ပေါ် အသိပညာဟာ ဖျမ်းမျှကျန်းမာရေးအခြေအနေကိုလည်း အများကြီး မြှင့်တင်ပေးခဲ့ပါတယ်။ တစ်ချိန်တည်းမှာ မြို့ကြီးပြကြီးတွေကို အဆိပ်ငွေ့နဲ့ ဘယ်လိုဖျက်ဆီးပစ်နိုင်တယ်ဆိုတာကိုလည်း ရှာဖွေတွေ့ရှိခဲ့ပါတယ်။ အရင်ခေတ်တွေနဲ့စာကြည့်ရင် ကျွန်တော်တို့ကမ္ဘာဟာ 'အသုံးကျ'တဲ့ အသိပညာမှာ ရေသောက်မြစ်ခံပါတယ်။ ဘယ်သူ့အသိုင်းအဝိုင်းမှ အခုလောက် မပြည့်စုံခဲ့ပါဘူး။ ပညာရေးဟာ ဒါကို ဆက်လက်မြှင့်တင်သွားမယ်ဆိုတာဟာလည်း သံသယရှိစရာမလိုပါဘူး။

အစဉ်အလာယဉ်ကျေးမှုပညာရေးထဲက အမြောက်အမြားဟာ ရူးမိုက်မှုသာဖြစ်ကြောင်း ဝန်ခံရပါမယ်။ ယောက်ျားလေးတွေဆိုရင် လက်တင်နဲ့ ဂရိသဒ္ဒါကို နှစ်အကြာကြီး သင်ကြရတယ်ဆိုပြီးတော့လည်း (ရာခိုင်နှုန်းနည်းနည်းလေးမှအပ) ဂရိလက်တင်စာရေးဆရာကြီးတွေလို ဖတ်တတ်သွားကြတာ ဖတ်ချင်သွားကြတာ မဟုတ်ဘူး။ ဘယ်ဘက်ကကြည့်ကြည့် ခေတ်သစ်ဘာသာစကားနဲ့ သမိုင်းဟာ လက်တင်ဂရိထက်ပိုကောင်းပါတယ်။ သူတို့ဟာ ပိုပြီး အသုံးကျရုံတင်မက အချိန်နည်းနည်းလေးနဲ့ ယဉ်ကျေးမှုတွေ အများကြီး ပေးပါတယ်။

ဆယ့်ငါးရာစုအီတာလျံလူမျိုး တစ်ယောက်အတွက် ဖတ်စရာဆိုလို့ သူ့ဘာသာ စကားအပြင် လက်တင်နဲ့ ဂရိပဲ ရှိခဲ့တယ်။ အဲဒီ ဘာသာစကားတွေဟာ ယဉ်ကျေးမှုအတွက် မရှိမဖြစ်တဲ့ သော့ချက်တွေပဲ။ သို့သော် အဲဒီနောက်ပိုင်းမှာ ကြီးကျယ်တဲ့ စာပေတွေဟာ ခေတ်သစ်ဘာသာစကားအသီးသီးမှာ ပေါ်ထွန်းလာခဲ့တယ်။ မြို့ပြထွန်းကားမှုကြီး မြန်ဆန်လာတဲ့အတွက် ရှေးဟောင်းဗဟုသုတတွေဟာ ကျွန်တော်တို့ရဲ့ ပြဿနာတွေအပေါ် နားလည်ရေးမှာ အသုံးမဝင်တော့ပါဘူး။ သမိုင်းနဲ့ ခေတ်သစ်ဘာသာစကားများသာမက သိပ္ပံပညာဟာလည်း ကောင်းမွန်စွာ သင်ကြားပေးမယ်ဆိုရင် ယဉ်ကျေးမှုကို အထောက်အကူပြုပါတယ်။ ဒါ့ကြောင့် ပညာရေးမှာ တိုက်ရိုက်အသုံးချမှုအပြင် တခြားရည်ရွယ်ချက်တွေလည်း ဆက်လက်ထိန်းသိမ်းထားနိုင်စရာ ရှိပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားမယ်ဆိုရင် အသုံးချမှုနဲ့ ယဉ်ကျေးမှုတို့ဟာ တစ်ခုခုကို ရွတ်တင်နေသူတွေထင်သလို ဆန့်ကျင်ဘက်များ မဟုတ်ကြပါဘူး။

အသုံးကျမှုနဲ့ ယဉ်ကျေးမှုတို့ကို ပေါင်းစပ်နိုင်တဲ့ကိစ္စများအပြင် တိုက်ရိုက်

မဟုတ်တဲ့ သွယ်ဝိုက်အသုံးချမှု အမျိုးမျိုးလည်း ရှိပါသေးတယ်။ နည်းပညာစွမ်းဆောင်ရည်ကို အထောက်အကူမဖြစ်တဲ့ အသိပညာပိုင်ဆိုင်ထားမှုမျိုးပါ။ ခေတ်သစ်ကမ္ဘာရဲ့ အဆိုးဝါးဆုံး သွင်ပြင်လက္ခဏာတချို့ကိုလည်း ဒီအသိပညာမြှင့်တင်ပေးခြင်းဖြင့် ကောင်းမွန်လာစေနိုင်တယ်လို့ ကျွန်တော်ထင်ပါတယ်။

သိစိတ်နဲ့လုပ်ရတဲ့အလုပ်ဟာ တစ်စုံတစ်ခုသော ရည်ရွယ်ချက်များမှာသာ အာရုံစူးစိုက်နေမယ်ဆိုရင် လူများစုအနေနဲ့ အပြီးသတ်မှာ ဟန်ချက်ပျက်ပြီး အာရုံကြော ကမောက်ကမဖြစ်လာတတ်ပါတယ်။ စစ်ကာလအတွင်းက ဂျာမန်ပေါ် ကျဉ်းမြောင်းတဲ့အမြင်ဟာ လူတစ်ယောက်ကို ကျွမ်းကျင်မှုသာမက ရည်ရွယ်ချက်ပါ လေ့ကျင့်ပေးရမယ်ဆိုတာကို နားမလည်ဘူး။

လေ့ကျင့်မထားတဲ့ လူ့သဘာဝထဲမှာ ရက်စက်မှုအတော်အတန်ပါဝင်နေပါတယ်။ အနည်းနဲ့အများဆိုသလို နည်းအမျိုးမျိုးနဲ့ ပြတတ်ပါတယ်။ ကျောင်းမှာ ယောကျ်ားလေးတွေဟာ ကျောင်းသားသစ်လေးအပေါ် မကြင်နာတတ်ဘူး။ မိန်းကလေးအတော်များများဟာလည်း မကောင်းပြောခံရရုံနဲ့ အနာကြီးနာတတ်ကြတယ်။ စပိန်တွေက နွားရိုင်းသတ်ကြတယ်။ ဗြိတိသျှတွေက အမဲပစ်ချင်ကြတယ်။ ဂျာမနီမှာ ဂျူးတွေကို အမဲလိုက်တာ၊ ရုရှားမှာ ကုလတ်တွေကိုလိုက်တာကျတော့ ဒီရက်စက်မှုဟာ ပိုဆိုးဝါးသွားတယ်။ နယ်ချဲ့စနစ်အားလုံးဟာ သူတို့အတွက် ပစ်မှတ်ရှာပေးကြတယ်။ စစ်ကာလမှာတော့ ဒါမျိုးဟာ အများပြည်သူတာဝန်အဖြစ်တောင် ဂုဏ်တင်ပေးကြသေးတယ်။

အထက်တန်းပညာတတ်တွေ တစ်ခါတရံ ရက်စက်တတ်ကြတာ ဝန်ခံရပါမယ်။ ဒါပေမယ့် နိမ့်ရာမှာသာ စိတ်ဓာတ်ကျက်စားသူတွေလောက်တော့ မများဘူးလို့ ကျွန်တော်ထင်ပါတယ်။ ကျောင်းမှာ အနိုင်ကျင့်တဲ့ကလေးဟာ စာကျတော့ သူများလောက် မလိုက်နိုင်တတ်ဘူး။ လူဆိုးဂိုဏ်းဖော်ထုတ်သုတ်သင်ရာမှာ ဂိုဏ်းခေါင်းဆောင်ဟာ အသိဉာဏ်အမဲ့ဆုံးလူ ဖြစ်နေတတ်တယ်။

တစ်လောကလုံးမှာ အလိုလားဆုံးအရာနှစ်ခုကတော့ တန်ခိုးအာဏာနဲ့ အားကျကြည်ညိုမှု ဖြစ်တယ်။ အသိဉာဏ်မဲ့တဲ့လူဟာ အဲဒီတစ်မျိုးမျိုးကို ကြမ်းကြုတ်တဲ့ နည်းနဲ့သာလျှင် ရယူတတ်ကြတယ်။ ယဉ်ကျေးမှုဟာ လူတစ်ယောက်ကို အန္တရာယ်မဖြစ်စေတဲ့ တန်ခိုးနဲ့ သူနဲ့ထိုက်တန်သော လေးစားကြည်ညိုမှုကို ပေးပါတယ်။ ဂယ်လီလီယိုဟာ ကမ္ဘာလောက ပြောင်းလဲအောင်လုပ်ခဲ့ရာမှာ မည်သည့် ပဒေသရာဇ်ထက်မဆို သာတယ်။ သူ့စွမ်းအားဟာ သူ့ကိုဆွဲချလုပ်သူတွေထက် မနှိုင်းယှဉ်သာအောင် ကြီးမားပါတယ်။ ဒါကြောင့် သူ့အလှည့်မှာ သူဟာ ဆွဲချပြန်လုပ်ဖို့ မလိုတော့ဘူး။

"အသုံးမကျတဲ့"အသိပညာရဲ့ အရေးကြီးဆုံးအားသာချက်ကတော့ စိတ်ကိုဆင်ခြင်တတ်စေတဲ့ အလေ့အကျင့် ပျိုးထောင်ပေးမှုပါပဲ။ ကမ္ဘာကြီးမှာ အဆင်သင့် ဖြစ်နေတာတွေ အများကြီးရှိနေတယ်။ တချို့လုပ်ရပ်တွေမှာ လုံလောက်တဲ့ ကြိုတင်စဉ်းစားဆင်ခြင်ထားမှု မရှိဘူး။ ဒါသာမက ပညာနဲ့ ချိန်ထိုး နှိုင်းယှဉ်လိုက်ရင် မလုပ်သင့်မလုပ်ထိုက်တဲ့ လုပ်ရပ်တွေလည်းရှိနေတယ်။ လူတွေဟာ ဒီကိစ္စနဲ့ပတ်သက်ပြီး သူတို့ရဲ့ဘက်လိုက်မှုတွေကို နည်းအမျိုးမျိုးနဲ့ အကြောင်းပြနေကြတယ်။



ကျွန်တော်တို့အနေနဲ့ကတော့ လုပ်...တစ်ခုဟာ စကြဝဠာနဲ့ လူ့ကံကြမ္မာကို ...ဆနားလည်ပြီးမှ စတာ အကောင်း...ဖြစ်မယ်လို့ ထင်ပါတယ်။ စိတ်ခံစားမှု...စားရာအတိုင်း မဖြစ်သင့်ပါဘူး။ လှုပ်...မှုမှာ မဟုတ်ဘဲ အတွေးအခေါ်မှာ ...မွေ့တတ်တဲ့ အကျင့်ဟာ တန်ခိုး...အာဏာ အလွန်အကျွံမက်မောမှုကို ...ဆီးပေးနိုင်ပါတယ်။ ကံဆိုးမှုကြားမှာ ...ဆေးတည်ငြိမ်နေစေပြီး သောကများ...ယ်မှာ စိတ်ငြိမ်းချမ်းမှုကို ရရှိစေနိုင်ပါ...ယ်။ ပုဂ္ဂိုလ်ရေးသက်သက်မှာသာ ကန့်...ထားတဲ့ ဘဝတစ်ခုဟာ အနေးနဲ့...နဆိုသလို မခံရပ်နိုင်လောက်အောင် ...ကျင်လာစေတတ်ပါတယ်။ ပြတင်း...ကျမ်းများမှတဆင့် စကြဝဠာပြင်ကျယ်...သို့ထွက်ခြင်းအားဖြင့်သာလျှင် ဘဝရဲ့ ...ကွဲဖွယ်ရာ အစိတ်အပိုင်းများကို ခံနိုင်...ရှိစေပါတယ်။

စိတ်ရဲ့ ဆင်ခြင်သုံးသပ်မှု အလေ့...ကျင့်ဟာ အသေးအဖွဲကိစ္စကနေ အလေး...နက်ထိ အကျိုးရှိစေနိုင်ပါတယ်။ စိတ်...ရာ အငယ်စားလေးတွေက စကြည့်ပါ။ ...မှာ ကြမ်းပိုးကိုက်တာ ရထားမမီလိုက်...။ ပြဿနာရှာတတ်တဲ့ စီးပွားရေး...ဖော်ကိုင်ဖက်။ ဒီကိစ္စလေးတွေဟာ ...ကောင်းတို့ရဲ့ ကောင်းမြတ်တဲ့ အတွေး...ခေါ်မျိုး မလိုအပ်ပါဘူး။ လူသား...အားလုံးရဲ့ သဘာရသဘောမျိုးနဲ့ ဖြေရှင်း...လိုပါဘူး။ သို့သော်လည်း ဒီလို ဒေါသ...ရာ အသေးအမွှားလေးတွေကြောင့် ...အများအပြားရဲ့ ကောင်းမြတ်တဲ့ ...ဘဝနဲ့ ဘဝရဲ့ ပျော်ရွှင်မှုအရသာ ...စီးစေတတ်ပါတယ်။

ဒီလိုကြုံရတဲ့အခါမျိုးမှာ အမှတ်မဲ့

ရှောင်တခင် ဗဟုသုတလေးတွေနဲ့ ဖြေသိမ့်နိုင်စရာ အများကြီးရှိပါတယ်။ ဒီ ဗဟုသုတလေးတွေဟာ ကြုံနေရတဲ့ မပြေလည်မှုနဲ့ ဆက်စပ်မှုရှိချင်လည်း ရှိမယ်၊ သို့မဟုတ် စိတ်ကူးသက်သက်မျှ ဖြစ်ချင်လည်း ဖြစ်ပါလိမ့်မယ်။ အရင်းရှင်တွေ လောဘတက်လာတဲ့အခါ ဘရုတပ်စ်ကို သတိရပြီး ဖြေသိမ့်လိုက်ပါ။ ဘရုတပ်စ်ဟာ မြို့တစ်မြို့ကို ၄၀ ရာခိုင်နှုန်း အတိုး

**သုံးသပ်ဆင်ခြင်မှုရဲ့ အရေးကြီးတဲ့ အပိုင်းတွေကတော့ ဘဝရဲ့ ကြီးကျယ်တဲ့ဒုစရိုက်မှုတွေ၊ သေခြင်း၊ နာကျင်ခြင်းနဲ့ ရက်စက်ခြင်း၊ လူမျိုးများ မလိုအပ်သောပျက်သုဉ်းမှုသို့ မျက်ကန်းချီတက်ခြင်းများနဲ့ သက်ဆိုင်ပါတယ်။**

နဲ့ ငွေထုတ်ချေးပြီး မြို့က အတိုးမဆပ်နိုင်တော့ ကိုယ်ပိုင်စစ်တပ်ငှားပြီး မြို့ကို ဝိုင်းခဲ့တယ်လေ။

ဒီလို ရှာရှာဖွေဖွေ လေ့လာမှုများဟာ မနှစ်မြို့စရာများကို လျော့ပါးစေပြီး နှစ်မြို့စရာများကိုလည်း တိုးပွားစေပါတယ်။

ယဉ်ကျေးမှုထဲက အသေးအဖွဲ ပျော်စရာလေးတွေဟာ လက်တွေ့ဘဝရဲ့ အငယ်စားသောကတွေကို ပြေပျောက်စေပါတယ်။ သုံးသပ်ဆင်ခြင်မှုရဲ့ အရေးကြီးတဲ့ အပိုင်းတွေကတော့ ဘဝရဲ့ ကြီးကျယ်တဲ့ ဒုစရိုက်မှုတွေ၊ သေခြင်း၊ နာကျင်ခြင်း

နဲ့ ရက်စက်ခြင်း၊ လူမျိုးများ မလိုအပ်သောပျက်သုဉ်းမှုသို့ မျက်ကန်းချီတက်ခြင်းမှာ... သက်ဆိုင်ပါတယ်။ လက်ရှိကမ္ဘာကြီးမှာ ဒေါသထွက်နေတဲ့ မိမိကိုယ်မိမိ ဗဟိုပြုသ... အုပ်စုတွေနဲ့ ပြည့်နှက်နေပါတယ်။ သူတို့အသီးသီးဟာ လူ့ဘဝကြီးတစ်ခုလုံးကို မြင်... စွမ်းမရှိကြဘူး။ တစ်လက်မတောင် အလျှော့မပေးချင်ဘဲ ယဉ်ကျေးမှုကြီးတစ်ရပ်လုံး... ဖျက်ဆီးပစ်ချင်နေကြတယ်။ ဒီကျဉ်းမြောင်းမှုကို ဘယ်လိုနည်းပညာ ညွှန်ကြားမှု... ဖြေဆေးမပေးနိုင်ပါဘူး။

တစ်ဦးချင်းရဲ့ ဆိုက်ကော်လော်ဂျီအရပြောမယ်ဆိုရင် ဖြေဆေးကို သမိုင်းမှာ၊ ဇီဝဗေဒ... နက္ခတ္တဗေဒမှာနဲ့ တခြားပညာရပ်တွေမှာ တွေ့နိုင်ပါတယ်။ ဒီဖြေဆေးဟာ မိမိကိုယ်... လေးစားမှုမပျက်စေရဘဲ လူသားကို နိုးဝေးနိမ့်မြင့် အမှန်အတိုင်း မြင်နိုင်စေပါလိမ့်မ... တကယ်လိုအပ်တာဟာ ဟိုသတင်းအချက်အလက် ဒီသတင်းအချက်အလက် မဟုတ်ပါဘူး... လူ့ဘဝတစ်ခုလုံးရဲ့ အန္တိမဆင်ခြင်သိများကိုပေးမယ့် အသိပညာမျိုးသာဖြစ်ပါတယ်... သူ့ရဲ့ကောင်းပုဂ္ဂိုလ်များရဲ့ဘဝတွေပါဝင်တဲ့ သမိုင်းနဲ့အနုပညာ၊ စကြဝဠာထဲမှာ လူရယ်... ဆန်းကြယ်စွာ မတော်တဆ ယာယီအနေအထားရရှိနေကြောင်း သိနားလည်မှု၊ ဒါတွေက... လူပီသစွာ ဂုဏ်ယူပြီး မြင်နိုင်သိနိုင်ဖို့ ခမ်းနားကြီးကျယ်မှုကို ခံစားနိုင်ဖို့ နားလည်... တွေးတောတတ်ကြဖို့ပါပဲ။ ကြီးကျယ်တဲ့အမြင်တွေကို ပုဂ္ဂိုလ်ရေးမဟုတ်တဲ့ စိတ်ခံစားမှု... ပေါင်းစပ်မှသာ ဉာဏ်ပညာ (Wisdom) ဆိုတာ အလွယ်တကူ ပေါ်ပေါက်လာတာပါ။

အချိန်ပြည့် နာကျင်နေတဲ့ဘဝဟာ အရင်အနှစ် ၂၀၀ ကထက် ပိုပြီးနာကျင်မှု... ဖြစ်လာပါပြီ။ ဒီနာကျင်မှုမှ ထွက်ပြေးရန် ကြိုးစားရင်း လူတွေဟာ သေးနုတ်လာကြတယ်... မိမိကိုယ်မိမိ လှည့်စားလာကြတယ်။ သို့သော် ဒီယာယီလမ်းလွှဲမှုတွေဟာ ရေရှည်မှာ... နာကျင်မှုတွေ တိုးပွားလာစေတယ်။ တစ်ဦးချင်းရော အများနဲ့ဆိုင်တဲ့ ကံမကောင်းမှုတွေ... စိတ်ဆန္ဒနဲ့ အသိဉာဏ်လက်တွဲပြီး အနိုင်ယူကြရမှာပါ။ စိတ်ဆန္ဒရဲ့အပိုင်းက အဖြေမ... မဟုတ်တာနဲ့ မကောင်းမှုကို ရှောင်ရှားဖို့ ဖြစ်ပါတယ်။ အသိဉာဏ်ပိုင်းကတော့ ဒါ... နားလည်ဖို့ ကုစားနိုင်တာဆိုရင်လည်း ကုစားဖို့၊ ကုစားလို့မရနိုင်တာဆိုရင်လည်း အတိုင်... အတာအားဖြင့်သည်းခံဖို့ မလွဲရှောင်သာမှုအဖြစ်လက်ခံဖို့ တခြားဒေသ တခြားခေတ်ကာ... များနဲ့ စကြဝဠာဟင်းလင်းပြင်ကြီးထဲမှာ တခြားရှိနေကြတာများကိုလည်း သတိသမ္ပ... ရှိနေကြဖို့ ဖြစ်ပါတယ်။

(Bertrand Russell ၏ On Praise of Idleness မှ "Useless" Knowledge)

မောင်ရှို...


မြန်မာလူငယ်များ လေယာဉ်ပညာစိတ်ဝင်စားလာကြပြီဆိုလျှင် ဤစာအုပ်ကို ဖတ်ရှုမှုဖြစ်မည်

ဂျူနိယာဝင်း မြန်မာပြန် **လူစွမ်းအားနှင့်ပျံသန်းခြင်း**

လေယာဉ်ပျံတီထွင်မှုနှင့် ပျံသန်းမှုသမိုင်း အပြည့်အစုံ

၄၀/ ၂၀၀၃ (၁)

ဒေါင်းစာပေ၊ ၁၁၃/ ၃၃လမ်း(အလယ်)၊ ကျောက်တံတား၊ ရန်ကုန်။ ဖုန်း-၃၇၃၂၂၀


အတွေးအမြင်

၂၅နှစ်ပြည့် အထူးထုတ်

# ဆိတ်ဆိတ်တွေး ရေးရေးပေါ်

## မောင်မောင်လှိုင်(အပ်စိုက်က)

- အမှောင်ထုတွင် ဒုစရိုက်နှင့်ပြစ်မှုများ ပေါက်ဖွား၏။
  အလင်းရောင်က ကောင်းမှု သုစရိုက်များကို မီးမောင်းထိုး၏။
- လူတစ်ဦးချင်း ကျန်းမာရမည်။
  မိသားစုတစ်စုချင်း ပျော်ရွှင်ရမည်။
  တိုင်းနိုင်ငံတစ်ခုချင်း တည်ငြိမ်အေးချမ်းရမည်။
  ကမ္ဘာကြီးငြိမ်းချမ်းရမည်။
- ပျာယာခတ်ခြင်းသည် လေ့ကျင့်မှုမကြံ့ခိုင်ခြင်းကြောင့်၊
  ပျာပျာလောင်လောင်ဖြစ်ခြင်းသည် စိတ်တည်ငြိမ်မှုမရှိသောကြောင့်၊
  ကိန်းခန်းချဲ့ခြင်းသည် ကိုယ့်ကိုယ်ကိုယ်နှိမ့်ချခြင်း မရှိသောကြောင့်။
- စိတ်မရှုပ်ထွေးလျှင် အပြုအမူဖြောင့်တန်းတော့၏။ စိတ်အေးချမ်းလျှင် အပြုအမူတည်ငြိမ်၏။
- ရုပ်ဝတ္ထုတပ်မက်မှုကို အနိမ့်ဆုံးအဆင့်သို့ လျှော့ချထားလျှင် စိတ်အေးချမ်းမှုကို အမြင့်ဆုံးသို့ မြှင့်တင်နိုင်ပေလိမ့်မည်။
- ချမ်းသာခြင်းကို အားမကျလျှင် စိတ်ငြိမ်းချမ်းမည်။
  ဆင်းရဲခြင်းကို အထင်မသေးလျှင် ကိုယ်ငြိမ်းချမ်းမည်။
- ယုံကြည်သော်လည်း မစွဲလန်းလျှင် ထိန်းချုပ်ခြင်းမခံရ။
  ယုံကြည်ပြီး စွဲစွဲလန်းလန်းဖြစ်လျှင် ချယ်လှယ်ထိန်းချုပ်ခံရမည်။
- ခက်ခဲခြင်းကို လွယ်ကူစေခြင်းသည် ဒဿနဗေဒ၏ အလုပ်တည်း။
  ခက်ခဲရှုပ်ထွေးခြင်းကို ရှင်းလင်းလွယ်ကူစေခြင်းသည် သိပ္ပံပညာ၏ အလုပ်တည်း။

- မိန်းမတွေရဲ့ဝန်တိုမှုက နှုတ်ဖျားမှာ။ ယောကျ်ားတွေရဲ့ဝန်တိုမှုက စိတ်ထဲမှာ။
- တရားနာလျှင် စိတ်ချမ်းသာမှုရ၏။
  လှူပ်ရှားမှုလုပ်လျှင် ကိုယ်ကျန်းမာ၏။
- ဒေါသထွက်တုန်းပြောသောစကားကို အမှန်တကယ်ဟုမယူသင့်။
  ထွေရာလေးပါးပြောစကားထဲကစကားကို လျစ်လျူမရှုသင့်။
- ဘဝင်မငြိမ်လျှင် ဇရမ်းဗတာဖြစ်တော့သည်။
  ခြေလှမ်းမမှန်လျှင် လုပ်သမျှဆုံးရှုံးပေတော့မည်။
- မိန်းမများအဖို့ လင်ယောကျ်ားရွေးချယ်မှုသည် အရေးကြီးဆုံး။
  ယောကျ်ားများအဖို့ အလုပ်အကိုင်ရွေးချယ်မှုသည် အရေးကြီးဆုံး။
- လင်နှင့်မယား အပြန်အလှန်ကူညီလျှင် လုပ်ငန်းထူထောင်အောင်မြင်၏။
  လင်နှင့်မယား သင့်သင့်မြတ်မြတ်ရှိလျှင် မိသားစု ပျော်ရွှင်တော့၏။
  လင်နှင့်မယား အပြန်အလှန်သံသယပွားလျှင် အိမ်ထောင်ပျက်ပြားတော့၏။
  လင်နှင့်မယား အပြန်အလှန်ဆန့်ကျင်ကြလျှင် အန္တရာယ်ပွားတော့၏။
- လင်မယားက အသက်ကြီးလေလေ ပိုချစ်လေလေ။
  သူငယ်ချင်းက အသက်ကြီးလေလေ ပိုသစ္စာရှိလေလေ။
- အရှုပ်အရှင်းများသည့် မိန်းကလေးမယူလေနှင့်။
  အရည်အချင်းမဲ့သည့် ယောကျ်ား လင်သားမတော်နှင့်။
- မိဘချင်းမသင့်မြတ်လျှင် သားသမီးဒုက္ခများ၏။
  လင်မယားစကားများကြလျှင် ဘေးလူအထင်သေး၏။
- မိခင်မေတ္တာဆုံးရှုံးလျှင် ကလေးစိတ်ကို ထိခိုက်စေ၏။
  ဖခင်မေတ္တာဆုံးရှုံးလျှင် ရဲရင့်သည့်စိတ်ဓါတ် ဆုံးရှုံးစေ၏။
- လင်မယားကြား ပြဿနာကို တိုက်ရိုက်ဖြေရှင်းမှ လွယ်ကူ၏။
  ရန်သူကြား ပြဿနာကို ကြားလူဝင်ဖြေရှင်းက လွယ်ကူနိုင်၏။
- လင်ယောကျ်ား၏ မကောင်းကြောင်း အတင်းပြောလျှင် မိမိ၏တန်ဖိုးပါ ကျဆင်း၏။
  မယား၏ ချို့ယွင်းချက်ကိုအတင်းပြောလျှင် အိမ်တွင်းရေး အရှုပ်အရှင်း ပွားတတ်၏။
- မိဘ၏ဂုဏ်ရောင်ပြောင်မှုသည် သားသမီးတို့ဦးမော့နိုင်ကြ၏။
  သားသမီးတို့၏ ဂုဏ်ရောင်ပြောင်မှုသည် မိဘတို့၏ ကိုယ်ပွားတည်း။
- မကောင်းသည့်အမှု မပြုခဲ့သူ ကြောက်စိတ်မရှိ။
  တရားမျှတမှုကိုပြောဝံ့သူ သေမည်ကိုမကြောက်။
- ဉာဏ်ပညာကြီးသူသည် "နာမည်ကောင်း" အတွက် လုပ်ခြင်းမဟုတ်။
  ကြင်နာတရားကြီးမားသူသည် "အကျိုး" အတွက် လုပ်ခြင်းမဟုတ်။
  သတ္တိရှိသူသည်"သေရေးရှင်ရေး"ကြောင့် လုပ်ခြင်းမဟုတ်။
- သေသင့်ပါလျက်မသေ ကျန်ရစ်ခြင်းသည် အချောင်နေရခြင်းဖြစ်၏။



မသေသင့်ဘဲသေရခြင်းသည် အချည်းနှီး အသက်ဆုံးရှုံးခြင်းဖြစ်၏။

- စစ်တိုက်သည်မှာ အသက်ကိုရင်း၍ ကြိုးပမ်းလုပ်ဆောင်ခြင်းတည်း။
  ဝါဒဖြန့်ချိရေးမှာ သဘောတရားအမှန်ကိုတင်၍ တိုက်ပွဲဝင်ခြင်းတည်း။
- အသက်ရှင်ဆဲကာလတွင်လည်း ကောင်းမှုများများလုပ်ထားခဲ့လျှင် သေခါနီးတွင် စိတ်အေးချမ်းသာမှု ပိုမိုရရှိမည်။
- "အတွင်းအား"ကို အောင်မြင်စွာလေ့ကျင့်ရယူထားလျှင် မည်သည့်ဖိအားကိုမျှ မကြောက်တော့ပေ။
  "တရားမှန်" ပေါ်တွင်ခိုင်မြဲစွာရပ်တည်နိုင်ပါက မည်သည့် "ခွန်အား" မျှ ကြောက်စရာမရှိတော့ပေ။
- နည်းလမ်းကောင်းရှိလည်း လူကောင်းပါရှိရမည်။ သို့မှသာ အကောင်အထည်ကောင်း ပေါ်ပေါက်မည်။
  လူကောင်းရှိလည်းမူကောင်းရှိရဦးမည်။ သို့မှသာ လူကောင်းများကို ထိန်းသိမ်းထားနိုင်မည်။
- ဘာသာတရားယုံကြည်ခြင်းသည် ဘာသာတရား အားကိုးပြီး ထမင်းစားရန်မဟုတ်။
  ပါတီကိုယုံကြည်အသက်ဝင်ခြင်းသည် ပါတီအားကိုး၍ အသက်မွေးဝမ်းကျောင်း ရန်မဟုတ်။
- မိသားစုတွင် အိမ်တွင်းသူခိုးရှိလျှင် မိသားစု ဘယ်တော့မှမကြီးပွား။
  နန်းတွင်း၌ မသမာသောအမတ်ရှိလျှင် တိုင်းပြည်တွင် ဘယ်တော့မှ မငြိမ်းချမ်းတော့။
- ရယ်မောခြင်းတွင် အဓိပ္ပါယ်များစွာပါဝင်၏။
  ငိုကြွေးခြင်းတွင် စွမ်းအားများစွာပါရှိ၏။
- သူငယ်ချင်းကောင်းအဖြစ် မျိုးဆက်သုံးဆက် ဆက်နိုင်ရန် ခဲယဉ်း၏။
  သားစဉ်မြေးဆက် တစ်ရာအထိ ဆက်နိုင်၏။
- လူရှေ့နှင့်နောက်ကွယ် မတူညီခြင်းသည် လိမ်နေခြင်းတည်း။
  စင်အပေါ်နှင့် စင်အောက်ပြောင်းပြန် ဖြစ်နေခြင်းသည် ညာနေခြင်းတည်း။
- သာမာန်လူ့ဘဝမျိုးကို တန်ဖိုးထားလေ့ကျင့်ခန်းမျိုး မလုပ်ဘဲ ဂျင်ဆင်းမကနတ်ဆေးစားလည်း ကျန်းမာအသက်ရှည်လိမ့်မည်မဟုတ်။
- အေးချမ်းစွာ နေ့ရက်များကုန်စေ၍
  ရိုးစင်းစွာ လောကီလူမှုရေးကို ပြီးမြောက်ပါစေ။
- စိတ်ကို အပင်ပန်းခံလေ့ကျင့်လျှင် စိတ်ခိုင်မာသည်။
  ကိုယ်ခန္ဓာကို အပင်ပန်းခံလေ့ကျင့်လျှင် ကိုယ်ကျန်းမာမည်။
- ရောဂါဖြစ်မှ ကျန်းမာရေးတန်ဖိုးကိုသိကြ၏။
  အခက်အခဲကြုံမှ ဆွေမျိုးသားချင်းကို သတိရကြ၏။

မောင်မောင်လှိုင်(အဝ်စိုက်တူ)



# ဘဲလ်ကဗ်(၁၉၉၄) အငြင်းအခုံ

ဦးခင်မောင်ဆွေ

အမေရိကန်ပြည်ထောင်စုမှာ ၁၉၉၄ ပြည့်နှစ်တုန်းက အများပြည်သူရဲ့ အာရုံကို ဆွဲဆောင်နှိုးဆွနိုင်ခဲ့တဲ့ သုတစာပေဆိုင်ရာ စာအုပ်တစ်အုပ်ပေါ်ထွက်လာခဲ့ဖူးတယ်။ စာအုပ်ရဲ့အမည်က "The Bell Curve" ပါ။ သည်စာအုပ်ကို အမေရိကားစာနယ်ဇင်းလောကမှာ နာမည်ကြီးတဲ့ စာရေးဆရာ ချားလ်စ်မာရေး (Charles Murry) နဲ့ ဟားဗတ်တက္ကသိုလ်မှ စိတ်ပညာရှင် ရစ်ချက်ဟန်းရှတိန်း (Richard Herrnstein)တို့က ပူးတွဲရေးသား ထုတ်ဝေခဲ့ကြတာပါ။ စာမျက်နှာ ၈၅၀ ခန့်ပါရှိတယ်။ သူတို့နှစ်ဦး ရှစ်နှစ်ကြာအောင် အချက်အလက်တွေ စူးစမ်းရှာဖွေ ပြုစုခဲ့တာလို့ ဆိုပါတယ်။ ယခုဆောင်းပါးမှာ သည်စာရေးဆရာနှစ်ဦးရဲ့ "The Bell Curve" စာအုပ်ပါ အကြောင်းအရာအနှစ်ချုပ်နဲ့ ယင်းကြောင့်ဖြစ်ပေါ်လာခဲ့ရ... ဂယက်ရိုက်ခတ်မှုကို စာရေးသူက တင်... သွားမှာပါ။ သည်စာအုပ်ဟာ အမေရိက... လူ့အဖွဲ့အစည်းအတွင်းမှာ ဉာဏ်ရည်... ဟာမှုကို အလေးထားပြောလို့ "The Be... Curve" လို့ အမည်ခံထားပါတယ်။ [စိတ်... တိုင်းပညာ (Psychometry) ကမ္ဘာ့ဖြစ်မ... တဲ့ စာရင်းအင်းပညာအရ ယေဘုယျ... တဲ့ ပုံမှန်မျဉ်းကွေး (သို့) ဘဲလ်ကဗ် (Be... Curve in general) ကို မရည်ညွှန်းပါ... ကြိုတင်စကားပလ္လင်ခံပါရစေ။ ဒါကြော... ယခုဆောင်းပါး ခေါင်းစီးကို "ဘဲလ်က... ၁၉၉၄-အငြင်းအခုံ"လို့ မြန်မာလို ဆီလျော်... ဘာသာပြန်ဆိုလိုက်ပါတယ်။]

မာရေးနဲ့ ဟန်းရှတိန်းတို့... အမေရိကား လူ့အဖွဲ့အစည်းဟာ ဖရို... ဖြစ်လုနီးပြီ။ သည်လိုဖြစ်ရခြင်းအကြော...



...င်းက ပညာတတ်လူတန်းစားတွေနဲ့ နိုင်ငံရဲ့မူဝါဒ ရေးဆွဲကြသူတွေဟာ လူတွေအကြား ချမ်းသာကြွယ်ဝမှု၊ ဆင်းရဲမွဲတေမှုနဲ့ လူမှုရေးအရည်အဆင့် (social status) တွေကို ပြဋ္ဌာန်းပေးတဲ့ ဉာဏ်ရည်ရဲ့ အခန်းကဏ္ဍကို လျစ်လျူရှုထားခဲ့လို့ပဲလို့ ဆိုပါတယ်။ အမေရိကန်လူ့အဖွဲ့အစည်းရဲ့ ထိပ်ပိုင်းအလွှာမှာ "တတ်သိလူရည်မွန်စု" (Cognitive Elite) တွေဖြစ်ကြတဲ့ ထိပ်တန်းပညာတတ် တစ်နေ့တစ်ခြား လူဦးရေတိုးပွားလာနေပြီး လူနေမှုအဆင့်မမီကြတဲ့ သူပိတ်တုံးတွေရှိကြတယ်။ အထူးသဖြင့် အမေရိကန် လူ့အဖွဲ့အစည်းအတွင်းမှာရှိတဲ့ လူမည်းတွေဟာ ဉာဏ်ရည်ဉာဏ်သွေးအားဖြင့် နိမ့်ကျညံ့ဖျင်းကြတယ်လို့ သည်စာအုပ်မှာ တုံးတိတိကြော်ငြာထားခဲ့ပါတယ်။ "ဘဲလ်ကဗ် ၁၉၉၄" ပေါ်ထွက်လာ...ဟာ နှစ်ဆယ်ရာစုကုန်ဆုံးလုနီးချိန်...တယ်။ အမေရိကားရဲ့ လူမှုစီးပွားရေး...တ်ယုတ်ကျဆင်းချိန်၊ ကမ္ဘာ့စူပါပါဝါ...ဖြစ် ဦးဆောင်မှုကို ခြိမ်းခြောက်ခံလာ...ချိန် စိတ်နေစိတ်ထားနဲ့ ချိန်ကိုက်ထား...သလိုရှိတာပါ။

သည်အချိန်တုန်းက သည်စာအုပ်ပါအကြောင်းအရာတွေကို ဖတ်ရှုပြီး အမေရိကား တန်တလျားမှာ နေထိုင်ကြတဲ့ ပညာတတ်တွေအကြား လူဖြူနဲ့လူမည်းတွေအကြား သာမန်ပြည်သူတွေအကြားမှာ ဒေါသအိုးကိုပေါက်ကွဲစေတဲ့ ...ားစစ်ထိုးပွဲ အငြင်းအခုံပေါ်ပေါက်စေ...တယ်။

### ...အိုးပေါက်ကွဲစေတဲ့စာအုပ်

တကယ်က လူမျိုးရေးနှင့် အိုင်ကျူ (IQ) ဆိုတဲ့ ပြဿနာကို သိပ္ပံနည်းကျ သုတေသနပြုဖို့ဆိုတာက ပတိကအားဖြင့် အချေအတင် ငြင်းခုံစရာကောင်းတဲ့ အကြောင်းအရာပါ။ ယုတ်စွအဆုံး သည်သုတေသနမျိုးကို လူမည်းတွေအပေါ်ထားတဲ့ အာယာတကို တရားမှန်အတည်ပြုရာမှာ အသုံးချသွားကြလေ့ရှိကြတာပါ။ "ဘဲလ်ကဗ် ၁၉၉၄" လိုစာအုပ်မျိုး အမေရိကားမှာ ထုတ်ဝေခဲ့ဖူးပါတယ်။ ၁၉၆၉ ပြည့်နှစ်တုန်းကလည်း ရူပဗေဒသိပ္ပံ နိုဘဲလ်ဆုရှင် ဝေလျံရှော့ကလေး (William Shockley) နဲ့ ကလီဖိုးနီးယား ဘာကလေတက္ကသိုလ်မှ စိတ်ပညာရှင် အသာဂျေဆင် (Arthur Jesen) တို့ကလည်း လူမျိုးရေးနှင့် အိုင်ကျူအကြောင်းပူးတွဲရေးသား ထုတ်ဝေခဲ့ဖူးတယ်။ သည်တုန်းကလည်း အမေရိကားရဲ့စာနယ်ဇင်းတွေမှာ တီဗွီဖန်သားပြင် စကားဝိုင်းအစီအစဉ်မှာ ကျွတ္တသိုလ်ပုရဝုဏ် ဟောပြောပွဲ စကားစစ်ထိုးပွဲတွေမှာ ပြောဆိုငြင်းခုံကြနဲ့ အုံးအုံးကျွက်ကျွက်ပွက်လောညံအောင် ဂယက်ရိုက်သွားခဲ့ဖူးတယ်။ ယခုသူတို့နှစ်ဦးက "ဘဲလ်ကဗ် ၁၉၉၄" ကို ထောက်ခံခဲ့ကြတယ်။

"ဘဲလ်ကဗ် ၁၉၉၄" စာအုပ်ကို ရေးသားပြုစုခဲ့ကြတဲ့ မာရေးနဲ့ ဟန်းရှတိန်တို့က လူဖြူနဲ့လူမည်း အိုင်ကျူကွာဟချက်ဖြင့် မခံမရပ်နိုင်အောင် ဖိစီးနေပါပြီ။ လူမည်းအများစုဟာ ဆင်းရဲမွဲတေမှုမှာပဲ နစ်မွန်းလျက်ပဲ ရှိနေကြမှာပါ။ လူဖြူတွေရော လူမည်းတွေကပါ လူမည်းတွေ ဉာဏ်ရည်ဉာဏ်သွေးအားဖြင့် အပြစ်အနာအဆာရှိခြင်းဆိုတဲ့ အစစ်အမှန်တရားကို ရင်ဆိုင်ဖြေရှင်းကြရမှာ ဖြစ်တယ်လို့ဆိုပါတယ်။

လူဖြူနဲ့ လူမည်းတွေရဲ့ ဉာဏ်ရည်တိုင်းတာရရှိချက်တွေအရ မှန်မှန်ခြားနားချက်ဟာ မျိုးဗီဇဆိုတဲ့ အချက်ကြောင့်

ပါ။ ပတ်ဝန်းကျင်ကြောင့်မဟုတ်ပါဘူး။ သို့ပေမယ့် သည်ဖြစ်ချက်ကို တရားဝင်ဆင်ခြေဆင်လက်တစ်ရပ်အထိ ဖြစ်လာဖို့ မစဉ်းစားပါဘူးလို့လည်း ဆိုထားပြန်ပါတယ်။ လူဖြူနဲ့လူမည်းတစ်ဦးချင်းတစ်ယောက်ချင်း အနေအထားမှာသည် အမြင်မျိုးနဲ့ မမြင်ဖို့လည်း မရည်ရွယ်ပါဘူးလို့ ဖော်ပြထားပါတယ်။ တကယ်တော့ သည်စာအုပ်ဟာ သည် ခေတ်ကာလရဲ့ အမေရိကန်လူ့အဖွဲ့အစည်းရဲ့ နက်ရှိုင်းစွာ အဆိုးမြင် စိတ်ဆိုးဒေါသထွက်အောင် မီးမောင်းထိုးပြသလို ရှိနေခဲ့ပါတယ်။

ဝေါလ်စထရီဂျာနယ်မှာ မာရေးနဲ့ ဟန်းရှတိန်းတို့ရဲ့ အိုင်ကျူနဲ့လူမျိုးရေးပြဿနာ ဆွေးနွေးခန်းကောက်နုတ်ချက်ကို စာမျက်နှာတစ်ခုလုံးနေရာပေးပြီး အချိန်အတော်ကြာ ဖော်ပြတယ်။ သည်နယူးရီပတ်ဘလစ် (The New Republic) ဂျာနယ်မှာ စာမျက်နှာ ၁၁ မျက်နှာခန့်ထိ "ဘဲလ်ကာဗ် ၁၉၉၄"စာအုပ်ရဲ့ အကြောင်းအရာတွေကို ခြုံငုံရေးသားချက်တွေ ဖော်ပြခဲ့တယ်။ သည်အကြောင်းအရာနဲ့ပတ်သက်လို့ ထောက်ခံသူနဲ့ ဝေဖန်ဆန့်ကျင်သူရဲ့ သုံးသပ်ချက်ဆောင်းပါး ၁၄ပုဒ်ထိ ထည့်သွင်းဖော်ပြပေးခဲ့တယ်။

ပညာတတ်လစ်ဘရယ် လူဖြူ တွေကလည်း "ဘဲလ်ကာဗ် ၁၉၉၄" စာအုပ်ပါအကြောင်းအချက်တွေကို အပြင်းအထန် ကန့်ကွက်ခဲ့ကြတယ်။ဟားဗတ်တက္ကသိုလ် ဆေးပညာကျောင်းတော်မှ ဒေါက်တာအဲလ်ဗင်ပိုစိန့်က "သူတို့ (စာအုပ်ရေးသူ) ဟာ 'ဘဲလ်ကာဗ် ၁၉၉၄' စာအုပ်ကို သိပ္ပံဆိုင်ရာ သုတပညာပေးလို့ ဆိုချင်ကြတယ်။ ဒါပေမဲ့ သည်စာအုပ်ကြောင့် လူမျိုးခွဲခြားရေး (RACISM) အကျိုးသက်ရောက်မှုရှိခဲ့တာပါ။ လူမည်းတွေဟာ ညံ့ဖျင်းသူတွေပါလို့ နဂိုကတည်းကခံယူထားတဲ့ လူတွေအဖို့တော့ သူတို့ရဲ့အာဃာတကို အတည်ပြုပေးရာ ရောက်သွားတာပေါ့။ သည့်အပြင် "လူတွေက လူမည်းတွေညံ့ဖျင်းကြတယ်လို့ တွေးထင်ထားတာကို လူမည်းတွေ ကြားသိနေကြတာ ကြာပါပြီ။ သို့ပေမယ့် သည်စာအုပ်မှာပါတဲ့ အချက်ပေးစကားကြောင့် လူမည်း အာဖရိကန် အမေရိကန်တွေအကြားမှာ ပြင်းထန်တဲ့ နာကျည်းခံစားမှုတွေ ပေါ်ပေါက်စေခဲ့တယ်" လို့ သုံးသပ်ပြခဲ့တယ်။

ချီကာဂိုတက္ကသိုလ်က ဝေလျံဂျူးလီယက်ဝီလဆင်ကလည်း "တကယ်တော့ သည်စာအုပ်မှာဘာအသစ်အဆန်းမှ မပါပါဘူး။ အားလုံးသိပြီးသား အကြောင်းအရာတွေချည်းပါ ဘာမှနိုးကြားတက်ကြွစရာ အထွေအထူးမရှိပါဘူး" သူက





> **အမေရိကားမှာ ဘယ်သူတွေချမ်းသာတယ်။**
> **ဘယ်သူတွေကဆင်းရဲမွဲတေကြတယ်။ သူတို့ကြားမှာဘယ်သူတွေရှိကြတယ်။**
> **သည်လိုကွဲပြားခြားနားရခြင်းရဲ့ အဓိကအကြောင်းရင်းက**
> **ဉာဏ်ရည်ပြဿနာချက်ကြောင့်ပဲလို့ရှင်းလင်းချက်ထုတ်ပြခဲ့တယ်။**

"သည်စာအုပ်ဟာ သိပ္ပံနည်းကျပညာသားပါတဲ့ ဝေဖန်ထိုးနှက်ချက်ကို ကြံ့ကြံ့ခံနိုင်မှာမဟုတ်ဘူး" လို့ကောက်ချက်ချခဲ့တယ်။

**အိုင်ကျူသည် အပြီးသတ်စံသတ်မှတ်ချက်လော? IQ is it Destiny?**

မာရေးနဲ့ဟန်းရှတိန်းတို့က သာမာန်လူပြိန်းတစ်ယောက် နားလည်ရလွယ်အောင် ဉာဏ်ရည်နဲ့ လူ့အဖွဲ့အစည်းအတွင်းမှ ဖြစ်အင်တွေအကြားမှ အချက်အလက်ဆိုင်ရာ စာရင်းအင်းကိန်းဂဏန်းတွေကို ရောသမမွှေပြီးတော့ လျှို့ဝှက်သိမ်မွေ့တဲ့ ဆင်ခြေဆင်လက်တွေကို တန်ဆာဆင်ပြီး ရေးသားတင်ပြတဲ့နည်းကို အသုံးပြုခဲ့တာပါ။ "ဘဲလ်ကာဗ် ၁၉၉၄" ကိုအနှစ်ချုပ်လိုက်လျှင် အဓိကအားဖြင့် သူတို့ အခြေအတင်ပြောဆိုနေတာ အချက်သုံးခုပဲရှိပါတယ်။

ပထမတစ်ချက်က အမေရိကန်လူ့အဖွဲ့အစည်းရဲ့ လူတန်းစားအတွေးအခေါ်ကို အသစ်ပြန်လည် အဓိပ္ပါယ်ဖော်ဆောင်ဖို့ပါ။ စာရေးသူနှစ်ဦးက ယခုခေတ်ကာလမှာ များသောအားဖြင့် သည်တိုင်းပြည်ကို ညံ့ဖျင်းတဲ့သူတွေက အုပ်စိုးတာကိုခံနေကြရတယ်။ "ဉာဏ်သိလူရည်မွန်စု" (Cogmiti ve Elite) လူတန်းစားကို IQ စစ်ဆေးလွှာတွေနဲ့ ရွေးချယ်ကြတယ်။ သူတို့တစ်တွေရဲ့ ကောလိပ်တက္ကသိုလ်ဝင်ခွင့်ကိုလည်း ပညာအထုံစစ်ဆေးလွှာ (Scholastic Aptitude Test- SAT) နဲ့ပဲ ရွေးချယ်ခဲ့တာပါပဲတဲ့။ ဒါပေမဲ့ အများစုတတ်သိ လူတန်းစားလူဦးရေ 125 သန်းဟာ IQ- 90 နဲ့ 100 ကြားမှာပဲ ရှိကြတယ်။ အမေရိကန်လူ့အဖွဲ့အစည်းရဲ့ အောက်ခြေမှာ လူနေမှုအဆင့်မမီတဲ့ လူဦးရေ 12.5 သန်းဟာ လူမှုအဆင့်လောကားအဆင့်မြင့်တက်ဖို့ ဉာဏ်ရည်ဉာဏ်သွေးစွမ်းပကား ကင်းမဲ့နေတယ်လို့ဆိုပါတယ်။

"ဘဲလ်ကာဗ် ၁၉၉၄" မှာ ထပ်ကာတလဲလဲတင်ပြထားတဲ့ ဒုတိယအချက်ကတော့ သည်စာအုပ်ကအဓိကပြောပြချင်တဲ့ အကြောင်းအရာပါပဲ။ အမေရိကားမှာ ဘယ်သူတွေချမ်းသာတယ်။ ဘယ်သူတွေက ဆင်းရဲမွဲတေကြတယ်။ သူတို့ကြားမှာ ဘယ်သူတွေရှိကြတယ်။ သည်လိုကွဲပြားခြားနားရခြင်းရဲ့ အဓိကအကြောင်းရင်းက ဉာဏ်ရည်ပြဿနာချက်ကြောင့်ပဲလို့ ရှင်းလင်းချက်ထုတ်ပြခဲ့တယ်။ သည်စာအုပ်ရဲ့အမည်က ဘဲလ်ကာဗ်ဆိုတာဟာ စာရင်းအင်းပညာရပ်ရဲ့ဝေါဟာရ "ပုံမှန်မျဉ်းကွေးပျံ့ချက်" (Normal Curve Distribution)ကို ရည်ညွှန်းတာပါ လူတွေရဲ့ဉာဏ်ကို စစ်ဆေးလွှာနဲ့ စစ်ဆေးလို့ရတဲ့ ရမှတ်တွေကို စုရုံးဖွဲ့စည်းဖော်ပြတဲ့ နည်းနိဿျတစ်ခုပဲပေါ့။

**ဘဲလ်ကဗ်ရဲ့ယာဘက် အမြီးပိုင်းမှာရှိကြတဲ့ လူမည်းအချို့ လူနေမှုအဆင့်တန်းမြင့်တက်ပြီး ကြီးပွားချမ်းသာကြပေမယ့်လို့ ကျန်တဲ့လူမည်းသန်းပေါင်းမြောက်မြားစွာကတော့ သည်လိုဖြစ်မလာနိုင်ဘဲ ဆင်းရဲတွင်းနက်နဲနေဦးမှာပဲ။**

ဘဲလ်ကဗ်ရဲ့ ယာဘက်အမြီးပိုင်းမှာ ဉာဏ်ရည်ထက်မြက်တဲ့ လူတွေရှိကြပြီး ဘယ်ဘက်အမြီးပိုင်းမှာတော့ ဉာဏ်ရည်နှောင့်နှေးတဲ့ လူတွေရှိကြတယ်။ စာရေးသူ မာရေနဲ့ ဟန်းရှတိန်းတို့က ဘယ်ဘက်အမြီးပိုင်းမှာ ရှိကြသူတွေကို အုပ်စုနှစ်စုခွဲပြတယ်။ အဆင့် ၄ ကဉာဏ်ထုံထိုင်းတွေဖြစ်ပြီး အဆင့် ၅ ကတော့ အလွန်အမင်း ဉာဏ်ထုံထိုင်းတွေ ဖြစ်ကြတယ်။ သည်အုပ်စုနှစ်ခုစလုံးရဲ့ အနာဂတ်ဟာ စိုးရိမ်စရာအလွန်ကောင်းတယ်။ သူတို့ဟာ အမေရိကန်ပြည်ထောင်စု လူဦးရေ ရဲ့ 25% ဖြစ်ကြပြီး 62.5 သန်းခန့်ရှိတယ်လို့ ဆိုပါတယ်။

လူမှုရေးဒုက္ခဝေဒနာတွေဖြစ်တဲ့ ဆင်းရဲမွဲတေလို့ လူမှုဖုံလုံရေးအထောက်အပံ့တွေနဲ့ ဘယ်တော့မှမလွတ်ကင်းနိုင်ဘဲ ဘဝရပ်တည်နေကြတာ၊ မြို့ပြကြီးတွေရဲ့ အတွင်းပိုင်းတွေမှာ ရာဇဝတ်မှုတွေ ထူပြောရတာ။ ဆယ်ကျော်သက်အရွယ် အဖေမပေါ်ဘဲ ကိုယ်ဝန်ဆောင်သည် ဦးရေအဆမတန်တိုးပွားလာရတာ စတဲ့ စတဲ့ ပြဿနာတွေကို IQ ဉာဏ်ပြကိန်းနဲ့ အကောင်းဆုံးရှင်းလင်းချက်ထုတ်ပြလို့ ရနိုင်တယ်လို့ဆိုပါတယ်။ သည်အမြင် သည် စာအုပ်ရေးသူတို့က ပတ်ဝန်းကျင်နဲ့ ယဉ်ကျေးမှုပြဌာန်းချက်တွေကို ညွှန်းဆိုတဲ့ သီအိုရီယူဆချက်တွေကို ပယ်ချခဲ့ကြတယ်။ အစိုးရရဲ့ လစ်ဘရယ်ဆန်တဲ့ဆင်းရဲတွင်းမှ ရုန်းထွက်နိုင်ရေး ကြိုးပမ်းအားထုတ်မှုတွေကိုလည်း ဝေဖန်ရှုံ့ချခဲ့တယ်။ သူတို့က သည်လူတွေအများစုဟာ ဉာဏ်ရည်သိပ်မကောင်းကြဘူး ဆိုတာကသူတို့ဘယ်တော့မှ လူလတ်တန်းစားဝင်ဖြစ် မလာနိုင်ဘူးဆိုတာကိုပြောပြနေတာပဲ ဖြစ်လို့ဆိုပါတယ်။

လူသားအတွက်ဉာဏ်ရည်ဟာ အရေးကြီးတယ်။ ဒါဟာ တစ်စိတ်တစ်ပိုင်းအားဖြင့် မျိုးဗီဇဆက်ဆံမှုပဲဆိုတာကို ဘယ်သူကမှ သံသယမရှိကြပါဘူး။ လူဖြူတွေနဲ့ လူမည်းတွေအကြား ပျှမ်းမျှဉာဏ်ရည်ကွာဟချက်က IQ 15 မှတ်ရှိတာကို ပညာရေးသုတေသီတွေနဲ့ စိတ်ပညာရှင်တွေက အသေအချာသိပြီးသား အချက်ပါ။ ဒါဟာ ဘာမှအသစ်အဆန်း မဟုတ်ပါဘူး။ လူဖြူတွေရဲ့ပျှမ်းမျှဉာဏ်ရည်ဟာ IQ 100 ဆိုရင် လူမည်းတွေရဲ့ ပျှမ်းမျှ ဉာဏ်ရည်ဟာ IQ 85 ဖြစ်တယ်။ မာရေ နဲ့ ဟန်ရှတိုင်းတို့က သည်အချက်ကိုထောက်ပြီး အကျယ်တဝင့်ရှင်းလင်း ပြောဆိုခဲ့ကြတာပါ။ သူတို့က လူမည်းတွေအကြားမှာ သာလွန် IQ မြင့်သူ ( Superior IQ) မရှိ ဘူးလို့ မဆိုလိုပါဘူး။ သို့ပေမယ့် အချိုးအဆအားဖြင့် လူမည်းဉာဏ်ရည်ကောင်းသူဦးရေ လူဖြူဉာဏ်ကောင်းသူဦးရေနဲ့စာလျှင် နည်းပါးတယ်လို့ဆိုပါတယ်။



လူမည်းတွေ ဉာဏ်ရည်အားဖြင့် နိမ့်ကျညံ့ဖျင်းကြတယ်။ ဒါကြောင့် မာရေက မရှောင်လွှဲသာတဲ့ စကားသုံးရလျှင်တော့ ဒါဟာနိုင်ငံရေးအားဖြင့် နောက်ဆက်တွဲအကျိုးဆက် ဖြစ်လာတော့တာပါပဲတဲ့။ သူရဲ့ယုတ္တိဆင်ခြေက ဉာဏ်ရည်နိမ့်ပါး ညံ့ဖျင်းတဲ့ လူမည်းအုပ်စုဝင်တွေဟာ ဉာဏ်ရည်မြင့်တဲ့ လူဖြူအုပ်စုဝင်တွေနဲ့ ညီမျှမျှတစွာစုစည်းပြီး ပေါင်းစည်းညီညွတ်တဲ့ လူ့အဖွဲ့အစည်း (Integrated Society ) ဆိုတဲ့ အိပ်မက်ဟာလည်း ဘယ်တော့မှ ဖြစ်မလာနိုင်ဘူး။ ဒါဟာနတ္ထိဖြစ်သွားခဲ့ပါပြီလို့ဆိုခဲ့တယ်။

အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ လူမည်းဦးရေရဲ့ လေးပုံတစ်ပုံဟာ IQ အားဖြင့် 75 လောက်ပဲရှိတယ်။ ဒါဟာ ဉာဏ်ရည်အားဖြင့် ဉာဏ်နှောင့်နှေး ကြားစည်း (borderline retardation ) မှာရှိနေကြသူတွေပါ။ ဘဲလ်ကဗ်ရဲ့ယာဘက် အမြီးပိုင်းမှာရှိကြတဲ့ လူမည်းအချို့လူနေမှုအဆင့်တန်းမြင့်တက်ပြီး ကြီးပွားချမ်းသာကြပေမယ့်လို့ ကျန်တဲ့လူမည်းသန်းပေါင်း မြောက်မြားစွာကတော့ သည်လိုဖြစ်မလာနိုင်ဘဲ ဆင်းရဲတွင်းနက်နဲနေဦးမှာပဲ။ ဉာဏ်ရည်စစ်ဆေးလွှာရမှတ်တွေကို အထောက်အထားပြုပြီး လူလတ်တန်းစား လူမည်းတွေနဲ့ လူလတ်တန်းစားလူဖြူတွေအကြား အိုင်ကျူကွာဟချက် ကျုံ့မလိုက်လာပေမယ့် အဆင့်နိမ့်လူမည်းတွေနဲ့ ကျတော့ ကျုံ့လိုက်လာနေတာက မျိုးဗီဇအကြောင်းရင်းကို ဖော်ညွှန်းနေတာလို့ ဆိုပြန်ပါတယ်။

ဒါပေမဲ့ "ဘဲလ်ကဗ် ၁၉၉၄" ကို ဆန့်ကျင်တဲ့ပညာရှင်တွေက သည်စာအုပ်ရေးသူနှစ်ဦးတို့ဟာ လက်ရွေးစဉ်ကောက်နုတ်အထောက်အထားပြုတဲ့ IQ ဒေတာကို သာဖော်ပြရတာက နိုင်ငံရေးနဲ့စပ်ဆိုင်ချင်တဲ့ ရည်ရွယ်ချက်ကြောင့်ပါလို့ ထောက်ပြဝေဖန်ခဲ့ကြတယ်။ အိုင်ကျူအငြင်းအခုံ နဲ့ ပတ်သက်လို့ ၁၉၈၄ ခုနှစ်ဆန်းက ပညာရှင် မတ်စ်စနိုက်ဒါမင် (Mark Synderman) နဲ့ နိုင်ငံရေးသိပ္ပံပညာရှင် စတန်လေရော့သ်မင် (Stanley Roth - man) တို့က အမေရိကားရဲ့ ထိပ်တန်းတက္ကသိုလ်တွေက လူမှုရေးသိပ္ပံပညာရှင် ၆၆၁ ဦးတို့ရဲ့သဘောထားကို စစ်တမ်းကောက်ယူလေ့လာခဲ့ဖူးပါတယ်။ သည်ပညာရှင်တွေက အိုင်ကျူနဲ့ ပတ်သက်တဲ့ အမြင်သဘောထားတူညီချက်တွေ ထွက်ပေါ်လာခဲ့တယ်။



သူတို့က လူမျိုးတွေအကြား ကွာဟခြားနားမှုတွေဟာ မျိုးဗီဇတစ်ခုတည်း အခြေခံတယ်ဆိုတာကို လက်မခံကြပါဘူး။ လူမျိုးတွေအကြား ကွာဟခြားနားမှုဟာ တဖြည်း

ဖြည်းနဲ့ ကျင်းကျံ့လာနိုင်တဲ့ အလားအလာကောင်းတွေရှိတယ်။ သို့ပေမယ့် IQ စစ်ဆေးလွှာတွေဟာ တစ်စုံတစ်ရာ လက်ဆုပ်လက်ကိုင်ပြသတဲ့ အမွေဆက်ခံနိုင်မှုနဲ့ အစစ်အမှန်ဖြစ်မှုကို တိုင်းတာပြတယ်ဆိုတဲ့ အချက်မှာလည်း သဘောတူညီကြပါတယ်။ အိုင်ကျူဟာ ကျောင်းပညာရေးနဲ့ အလုပ်လောကနယ်ပယ်မှာ ထမြောက်အောင်မြင်မှုအပေါ် သက်ရောက်မှုရှိတဲ့ အထောက်အထားတွေ အမြောက်အမြားပဲ ရှိတာအမှန်ပါပဲ။ သည်ပညာရှင်တွေက တတ်သိစွမ်းရည် မညီမျှမှုဟာ နိုင်ငံရေးဆိုင်ရာ ဦးစားပေးစရာအကြောင်းတစ်ခု မဟုတ်ပါဘူး။ ဒါဟာ လူ့ဘဝရှင်သန်မှုတွေရဲ့ သာမန်ဖြစ်စဉ်တစ်ခုသာလျှင် ဖြစ်တယ်လို့ ဆိုခဲ့ပါတယ်။

ဉာဏ်ရည်သုတေသနတွေနဲ့ ပတ်သက်လို့ ယေးလ်တက္ကသိုလ်မှ ရှေ့ဆောင် စိတ်ပညာရှင် ရောဘတ်စတန်းဘတ် (Robert Sternberg) က "ဘဲလ်ကဗ် ၁၉၉၄" စာအုပ်ကို အကဲဖြတ်ခဲရာမှာ

"ကျုပ်တို့အားလုံး ဉာဏ်ရည်စစ်ဆေးလွှာတွေက အချို့သောလူမျိုးရေးကွဲပြားခြားနားမှုကို ပြဆိုနေတာသိကြတာပဲ။ ဒါပေမဲ့ ကျုပ်တို့တစ်တွေ "ဉာဏ်ရည်နဲ့ IQ စစ်ဆေးလွှာ ခြားနားတာကိုလည်း သိကြတာပဲ။ မာရေနဲ့ ဟန်းရှုတိန်းတို့သည် ခြားနားချက်ကို မျက်ကွယ်ပြုထားတာကိုက သည်စာအုပ်ရေးဆရာတွေရဲ့ စာရင်းအင်းဆိုင်ရာအဓိပ္ပာယ် ကောက်ချက်တွေက သူတို့ရဲ့ (နိုင်ငံရေးဆိုင်ရာ) ဆောင်ရွက်စရာ အစီအစဉ်ကို လှုံ့ဆော်ပေးနေလို့ပါပဲ" လို့ပြောခဲ့ပါတယ်။

စာရေးဆရာ ချားလ်စ်မာရေဟာ စာနယ်ဇင်းသမားပီပီ စာပေရေးသားမှုအတတ်မှာ ညှို့ဓါတ်ပါအောင် ရေးနိုင်စွမ်းရှိသူ၊ စာဖတ်ပရိသတ်က သူ့အာဘော်အပေါ်မှာ တိမ်းညွှတ်လာအောင် ရေးသားနိုင်သူ၊ သည့်အပြင် လူမှုရေးသိပ္ပံနယ်ပယ်မှ စာရင်းအင်းဒေတာတွေကို မဖောနိုင်မပန်းနိုင် ရှာဖွေစုဆောင်းတတ်တဲ့ စရိုက်စွဲမြဲနေသူ တစ်ယောက်ပါ။ "ဘဲလ်ကဗ် ၁၉၉၄" စာအုပ်ထုတ်ဝေပြီးမှာ မာရေဟာ ကွန်ဆာဗေးတစ်လက်သစ် (New Conservative) နိုင်ငံရေးသမားတွေအကြားမှာ စန်းပွင့်တဲ့ မူဝါဒအရောင်းသမား ဖြစ်လာခဲ့တာပေါ့။ သူ့ ရည်ရွယ်ချက်က လူမှုရေးမညီမျှမှု (social inequality) နဲ့ ပတ်သက်လို့ "တော်လှန်ဆန်းသစ်" တဲ့ အတွေးအခေါ်တစ်ရပ် ပျံ့နှံ့လာစေဖို့ ပါပဲတဲ့။

**နိုင်ငံရေးဗျာဒိတ်**

"ဘဲလ်ကဗ် ၁၉၉၄" စာအုပ်မှာ တတိယအချက်အနေနဲ့ အဓိကအလေးအနက် ဖော်ပြသွားတာကတော့ အမေရိကားအနေနဲ့ ကြုံတွေ့နေရတဲ့ လူမှုရေးဒုက္ခဝေဒနာတွေကို ဘယ်လိုဖြေရှင်းသွားသင့်တယ်ဆိုတဲ့ ဗျာဒိတ်ပေးခြင်းပါပဲ။ မာရေနဲ့ ဟန်းရှုတိန်းတို့က အမေရိကားရဲ့ လူ့အဖွဲ့အစည်းမှာ "တတ်သိလူရည်မွန်စု" (Cognitive Elite) နဲ့ တစ်နေ့တစ်ခြား လူဦးရေအဆမတန် တိုးပွားလာနေတဲ့ လူနေမှုအဆင့်နိမ့်သူတွေဟာ ပိုပိုပြီးဝင်ရိုးစွန်းတစ်ဖက်စွန်းဆီကို ရွေ့လျားသွားနေကြပြီ။ အဆင့်နိမ့်ဦးရေထဲမှာ လူမည်းတွေ၊ လူဖြူတွေ လက်တီနိုးတွေ နိုင်ငံရပ်ခြားမှ ပြောင်းရွှေ့အခြေချလာသူတွေ ပါဝင်ကြတယ်။ နိုင်ငံကိုဦးဆောင်နေကြတဲ့ နိုင်ငံရေးသမားတွေ တတ်သိပညာရှင်တွေ ကုန်သွယ်မှု စီးပွားလုပ်ငန်းကြီးတွေကို ဦးစီးဦးကိုင်ပြုနေကြသူတွေဟာ အကျိုးမဖြစ်ထွန်းတဲ့ မူဝါဒတွေချမှတ်ပြီး ဉာဏ်ရည်အားဖြင့် အပြစ်အနာဆာရှိသူတွေကို ဆင်းရဲတွင်းမှ ရုန်းမထွက်ဖို့ ကြိုးပမ်းနေကြတယ်။ ဒါတွေဟာ အချည်းအနှီးပါပဲ။ လူ့အဖွဲ့အစည်းကို နိုင်ငံရေးအားဖြင့် ကြီးမားတဲ့တန်ပြန်အကျိုးသက်ရောက်မှုကို ဖြစ်စေရမှာပါ။ သည်လိုလုပ်ရပ်ဟာ လူနေမှုအဆင့်နိမ့်သူတွေကို လုံးဝဥဿုံ ထိန်းချုပ်ရာရောက်သွားလိမ့်မယ်။ သယာဝပြောနေတဲ့နိုင်ငံတစ်နိုင်ငံကို အအုပ်အထိန်းနဲ့ ထိန်းချုပ်ထားတဲ့နိုင်ငံ (custodial state) အဖြစ် လုပ်ကိုင်သလို ရှိသွားလိမ့်မယ်လို့ ဆင်ခြေပေးခဲ့ကြတယ်။

ပူးတွဲစာရေးသူ ဟန်းရှုတိန်းက သည်စာအုပ်ပါ သဘောထားအမြင်နောက်ဆက်တွဲ ဖြည့်စွက်ချက်အနေနဲ့ သီးခြားဆောင်းပါးတစ်ခုမှာ "အမေရိကားရဲ့ ထိပ်တန်းတက္ကသိုလ်ကြီးတွေမှာ လူမည်းကျောင်းသားတွေကို လူဖြူတွေနဲ့ တန်းတူရည်တူ ကျောင်းဝင်ခွင့်မပြုသင့်ဘူး။ သူတို့ပညာယူမှာ ပြည့်စုံပေါက်ရောက်မှု မရှိကြဘူး။ သည်လိုစိတ်စွမ်းရည်အဆင့်မရှိတဲ့ လူမည်းကျောင်းသားဦးရေကို လျှော့ချသင့်တယ်။ ဉာဏ်ရည်စစ်ဆေးလွှာနဲ့ စစ်ဆေးကန့်သတ်သင့်တယ်လို့ ရေးသားခဲ့ပါတယ်။

အခြားဆောင်းပါးတစ်ပုဒ်မှာ သူကပဲဉာဏ်ထုံထိုင်းသူတွေဟာ ဉာဏ်ကောင်းသူတွေထက် မျိုးပွားနှုန်းအဆမတန်သာလွန်တာကြောင့် သည်တိမ်းညွှတ်ချက်ဟာ မျိုးဗီဇဆုတ်ယုတ်မှု (DYGENE-SIS) ဖြစ်လို့ ဒါဟာသိပ်ကို အရေးတယူ ရှုမြင်သုံးသပ်ရမယ့်ကိစ္စလို့ ရှုမြင်သုံးသပ်ခဲ့တယ်။ လူမှုဖူလုံရေး အထောက်အပံ့တွေနဲ့ ရင်သွေးတွေမွေးတဲ့ မိခင်တွေဟာ တစ်မျိုးသားလုံးရဲ့ IQ ကို ကျဆင်းမှုကို ဖြစ်ပေါ်စေတယ်။ [အလားတူဆင်ခြေဆင်လက်မျိုးကပဲ ၁၉၂၀-၃၀ ပြည့်နှစ်တစ်တဝိုက်မှာ လူမျိုးကောင်းမွန်စွာတိုးတက်ပေါက်ဖွားရေးနည်းစနစ် ပညာလှုပ်ရှားမှု (Eugenicist Movement) ကိုပေါ်ပေါက်စေခဲ့တာပါ။ ယူဂျင်းနဲ့ဆစ်တွေက လက်ရွေးစင်မျိုးပွားမှုဝါဒကို နှစ်သက်လိုလားကြတယ်။ လူဦးရေအတွင်းမှ နှစ်သက်လက်ခံဖွယ်အုပ်စုတွေမှ မောင်နှံစုံတို့ကို ရွေးချယ်လက်ထပ်စေခြင်း အစီအစဉ်ပဲပေါ့။ ယူဂျင်းနဲ့ဆစ် (RACISM) လူမျိုးခွဲခြားရေးကို ပြောင်ပြောင်တင်းတင်း ကျင့်သုံးခဲ့တဲ့ ဟစ်တလာရဲ့ နာဇီဂျာမဏီခေတ်မှာ အထွဋ်အထိပ် ရောက်ခဲ့တာပါပဲ။]

မာရေနဲ့ ဟန်းရှုတိုင်းတို့ဟာ ယူဂျင်းနဆစ်ကို မထောက်ခံဘူးလို့ ကြေညာခဲ့ပါတယ်။ သို့ပေမယ့် မှိုခိုကလေးငယ်တွေရဲ့ မိသားစုထောက်ပံ့မှုတွေကို ရပ်တန့်ပစ်ဖို့ ဆော်ဩကြသူတွေပါ။

**ဦးခင်မောင်ဆွေ**

***References***


1. Nersser; U., et al (1995). Intelligence: Knowns and unknowns. American Psy Ass.
2. IQ is it Destiny? Newsweek, Oct 24.1994

# စီးပွားရေးပညာနိုဗဲယ်ဆုရှင်များ

# မေလာ-မာကိုဝစ်-ရှပ်

ဦးကြည်မြင့်(လသာ)

၁၉၉၀ ပြည့်နှစ် စီးပွားရေးပညာနိုဗဲလ်ဆုကို စတော့ ငွေကြေးဈေးကွက်သဘောတရားနှင့် ပုံသေနည်းများ ထုတ်ဖော်မှုအတွက် ပညာရှင်(၃)ဦးကို ပူးတွဲပေးအပ်ခဲ့သည်။

### ၂။ မာတွန်မေလာ

Merton Miller (၁၉၂၃-၂၀၀၀)သည် ကုမ္ပဏီ၏ ဘဏ္ဍာငွေကြေး ဖွဲ့စည်းလုပ်ကိုင်မှု financial structure ကို အခွန်နှင့် ဒေဝါလီဥပဒေလုပ်ထုံးများက ပါဝင်ပြဋ္ဌါန်းပုံ အကြောင်း ပထမဆုံးထုတ်ဖော်သူအဖြစ် ကျော်ကြားခဲ့သည်။ ထို့နောက် မိုဒီဂလျန်နီ-မေလာသီအိုရမ်ဟု သတ်မှတ် ခေါ်ဆိုရသော အရင်းအနှီးရှာဖွေကြသူ လုပ်ငန်းရှင်များအတွက် ရှယ်ယာစတော့ရောင်းချခြင်းနှင့် ဘွန်းစတော့ရောင်းချခြင်း တို့ကြား ရွေးချယ်ရန်သဘောတရားနှင့် ပုံသေနည်း ထုတ်ဖော်မှုကြောင့် ပိုမိုနာမည်ရလာခဲ့သည်။

'ရှယ်ယာရောင်း'အရင်းရှာခြင်းသည် ရှယ်ယာဝယ်သူတို့နှင့် လုပ်ငန်းကိုခွဲဝေပိုင်ဆိုင်ရသည့် ဆိုးကျိုးရှိပြီး၊ နောက်ထပ်ရှယ်ယာတိုးချဲ့ရောင်းပါက ရှယ်ယာ၏အမြတ်ဝေစု ကျဆင်းမည်ဖြစ်သည်။ ကုမ္ပဏီပုံနိမ့်ထိခိုက်မည်။ နောက်ထပ် ...ယ်ယာတိုးမရောင်းဘဲ ဘွန်းစတော့ ...ရာင်းချငွေချေးယူပါကလည်း သူများ ...တိုးကို ဦးစွာပေးရမည်ဖြစ်၍ ရှယ်ယာ ...ပေါ် အမြတ်ဝေစု ကျမည့်အရေးမှ ...ွတ်နိုင်ဘဲရှိမည်။

'ဘွန်းရောင်း' ချေးယူအရင်းရှာခြင်း ...ည် အတိုးပေးပြီး ကျန်အမြတ်အပေါ် ...ာ အခွန်ဆောင်ရသည့် အကျိုးကျေးဇူး ...သည်။ သို့သော်လုပ်ငန်းရှုံးသည် မြတ် ...သည်နှင့်မဆိုင်ဘဲ တိုးရင်းပေးနေရမည်။ ပုံ ...ပေးရန် ပျက်ကွက်သည်နှင့် ရှယ်ယာ ...စုကဲ့သို့ တောင်းပန်ထိန်ချန် နောက်ပြန် ...၍မရဘဲ သိမ်းဆည်းထုခွဲဖျက်ပစ်ရန် ...ရားရုံးသို့ အစောဆုံးရောက်နိုင်သည်။

မိုဒီဂလျန်နီ(၁၉၈၅ဆုရှင်)နှင့် မေလာ ...က အထက်ပါပြဿနာများကို ကိန်း ...တွက်နည်းပေါ်သည်အထိ အချက် ...လက်၊ အခြေအနေ မျိုးစုံအတွက် သီ ...ချီများကို တစ်နေရာစီတွင် သီးခြားစီပြု ...ကြသည်။

သူတို့၏ နောက်ဆုံးသုံးသပ်ချက်၌ ...ယ်ယာဘွန်းများ စုံစီနဖာတွဲရင်းနှီးမြှပ်နှံ ...တော့Protfolio stocks တီထွင်ရန်နှင့် ...မြတ်ကြည့်လွတ်လပ်စွာ ရွှေ့ပြောင်း ...ဆင်းဝယ်နိုင်သော ဈေးကွက်တို့က ရှယ် ...နှင့်ဘွန်းစတော့ နှစ်မျိုးလုံးကိုမည်သို့ ... တွဲစပ်သုံးစွဲအရင်းရှာဖွေသည်ဖြစ်စေ ...ခြားကွဲပြားမှု လျော့နည်းစေကြောင်း ...ညီစွာထုတ်ဖော်ခဲ့သည်။

သူတို့နှစ်ဦးနှင့် ဂျိမ်း(စ်)တိုဆင် ...၁၉၈၁) ရောဘတ်မာတွန်(၁၉၉၇)၊ မီဂွန် ...လ်(၁၉၉၇)စသော ငွေကြေးဈေးကွက် ...ဂဗေဒပညာရှင်တို့၏ ကျေးဇူးကြောင့် ...ှာငွေကြေးဈေးကွက်သည် ၁၉၇၀ နှစ် ...ငွေကြေးဖောင်းပွ စီးပွားရေးတန့်ရပ်မှု



Stasflation မှ ရုန်းထွက်နိုင်စေကာ ဆယ်စုနှစ်သုံးခုကျော်ကြား ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို အုံမခန်းဖြစ်လာစေခဲ့သည်။ ယနေ့ ၂၀၀၈-၀၉ ငွေကြေးပျက်ကပ်အစပြု စီးပွားရေးကျဆင်းမှုကြီးသည် သူတို့ရှင်းပြသော သဘောတရားကိုလျစ်လျူရှုကာ လွတ်လပ်မှုကို လက်ကုန်နိူက်ခြင်းကြောင့် ဖြစ်ပေါ်ရသည်။ ယနေ့ငွေကြေးဈေးကွက် ပြုပြင်ရေးများတွင် သူတို့ရှင်းပြသော သဘောတရားများကို ပြန်လည်မွှေနှောက် နာခံလာရသည်။

ဤတွင် မိုဒီဂလျန်နီနှင့် မေခလာတို့ နှစ်ဦးလုံးကပင် ထူးပြီးမဆန်းသော လူတို့၏စီးပွားရေးအပြုအမူတစ်ခုဖြစ်သော ငွေကြေးကြားခံလုပ်ငန်းများ၏ တီထွင်မှု အန္တရာယ်ကို ထောက်ပြခဲ့ဖူးသည်။ ဘဏ်များအပါအဝင် ငွေကြေးကြားခံလုပ်ငန်းများကရှယ်ယာနှင့် ဘွန်းစဟော့များကို ပြည်သူသို့ ရောင်းချရာတွင် တိုက်ရိုက် မဟုတ်ဘဲ သူတို့၏ကုမ္ပဏီ ကိုယ်ပိုင်ရှယ်ယာနှင့် ဘွန်းစတော့များအဖြစ် ထည့်သွင်းကာ တစ်ဆင့်ပြု ရောင်းချကြသည်။ ယင်းမှ နောက်ပိုင်းတွင် စုံစီနဖာတွဲများ အာမခံထားစာချုပ် seuritized တို့ပါ ဈေးကွက်သို့ ရောက်လာသည်။ အဆင့်သုံးလေးဆင့်အထိ CDO၊ CDSများ၊ conduitများဖြစ်လာခြင်းက ၂၀၀၈ ငွေကြေးပျက်ကပ်၏ တရားခံများ ဖြစ်ခဲ့ပါသည်။

မာတွန်မေလာသည် စီးပွားရေးနိုဗဲယ်ဆုရှင် အများဆုံးထွက်ပေါ်ရာ ရှီကာဂိုတက္ကသိုလ်မှ ဖြစ်ပါသည်။

### ၂။ ဟယ်ရီမာကိုဝင်

စုံစီနဖာစတော့များကို အစောဆုံး ထုတ်ဖော်ရေးသားသူမှာ နယူးယော့ခ်

တက္ကသိုလ်မှ ၂၅ နှစ်အရွယ်ဘွဲ့ကြိုကျောင်းသား Harry Markowitz (၁၉၂၇ဖွား)ဖြစ်သည်။ Portfolio Selection Theory(၁၉၅၂)စာတမ်းကို ဆရာဖြစ်သူ တာ့ဂျ်လင်ကွပ်မင် (၁၉၇၅ဆုရှင်) က ကူညီခဲ့ပြီး ပါရဂူစာတမ်းအဖြစ် တင်ပြရာတွင် ဘောဂဗေဒအစစ်မဟုတ်ဟူ၍ ပါမောက္ခ မေလ်တန်ဖရိုက်မင်(၁၉၇၆ဆုရှင်)၏ ပယ်ချမှုကို ခံရသေးသည်။ သဘောတရားများပိုမိုပြည့်စုံစွာ ဖော်ပြနိုင်သောအခါမှ လက်ခံခြင်းခံရသည်။ သဘောတရား Principle ပြည့်စုံမှ အချိန်နေရာအလိုက် သုံးစွဲနိုင်မည်ဖြစ်ပါသည်။ ဖရိုက်မင်သာအလိုလိုက်ခဲ့လျှင် ၁၉၉၀ပြည့်နှစ် စီးပွားရေးပညာနိုဗဲလ်ဆုရှင်ဖြစ်လာမည်မဟုတ်သလို ကွပ်မင်သာအားမပေးလျှင် တယောဆရာသော်လည်းကောင်း၊ စကားဝှက်ဖော်သူတစ်ယောက်သော်လည်းကောင်း သူဖြစ်ခဲ့မည်ဟု မာကိုဝစ်ကဆိုပါသည်။

စွန့်စားရမည်ဆိုခြင်းမှာ လူတို့အတွက် ကြောက်စရာဝန်ထုပ်ဝန်ပိုးဖြစ်သည်ဟု စွန့်စားမှုစီမံခန့်ခွဲရေး risk management ဘာသာ၏ဖခင်ကြီး ကဲနက်အဲရိုး(၁၉၇၂ ဆုရှင်) က အိုမာခရမ်၏ ကဗျာတစ်ပုဒ်ကို လိုက်၍ရွတ်ဆိုပြဖူးသည်။

'. . . ရွေ့လျားနေသော လက်ချောင်းကလေးများက အမိန့်စာကို ထုတ်ပြန်နေသည်။ အသနားခံမှု၊ ဆွဲဆောင်မှုတို့က စာကြောင်းဝက်မျှကို အလျှော့ပေးရန် မတတ်နိုင်။ သင်၏ မျက်ရည်များသည်လည်း စာတစ်လုံးမျှကို ဖျက်အောင်မတတ်နိုင် . . .'

စွန့်စားခြင်းသည် လူ့ဘဝတွင် ပါဝင်မြဲ အစိတ်အပိုင်းဖြစ်သည်။ မဖြစ်နိုင်ခြင်းမှ လွတ်မြောက်ရေးလည်းဖြစ်သည်။ ရှေ့ကိုသေချာလျှင် ရွေးချယ်နေရန်၊ စွန့်စားနေရန်မလိုပါ။ အနာဂတ်ကို အပြည့်မသေချာနိုင်သော်လည်း တစ်ဝက်သေချာမည်ဆိုလျှင် စွန့်စားမှုပါတော့မည်မဟုတ်။ စွန့်စားမှုမပါလျှင် အမြတ်တော့နည်းမည်။ အရှုံးကားမရှိ။ စုံစီနဖာစတော့သဘောတရားသည် စတေးတစ်မျိုးတည်းတွင် စွန့်စားမှုကြီးခြင်း၊ မသေချာမှုများခြင်းကို စတော့အမျိုးကွဲများစွာ ထည့်သွင်းကာ စွန့်စားမှု၊ မသေချာမှုတို့ကို အနှံ့ခွဲဖြန့်ခြင်းဖြင့် လျော့ပါးသေချာလာစေခြင်းဖြစ်သည်။



စွန့်စားရဲခြင်းဖြင့် လူ့ဘောင်တိုးတက်သည်မှာမှန်သည်။ ထိုလူစားများကို မ
ွန့်စားပါနဲ့ဟုတား၍မရ။ သူတို့ကပင်
အမြတ်နည်းပါးစေ၊ တိုးတက်မှုနှေးပါစေ၊
စွန့်စားလိုသူတို့ထက် များဦးမည်။ မာကို
ဝ်သည် ဗီလျံရှပ်နှင့်အတူ ငွေကြေးပိုင်
ဆိုင်မှုများတန်ဖိုးသင့်ပုံစံကို ဆက်လက်တီ
ထွင်ခဲ့သည်။



၁။ ဗီလျံရှပ်

ရှပ်နှင့်မာကိုဝစ်တို့၏ ငွေကြေးစတော့ဈေးနှုန်းပုံစံ Capital Assets Pricing Model CAPM သည်ပြည်သူများဘက်မှ ရှယ်ယာစုံတွဲများတွင် မည်သည့်ရှယ်ယာ ှုန်းစတော့များ မည်သို့တွဲဝယ်ယူရန် ဒ်နှုန်းသေတွက်နည်း *ready recogner* ထုတ်ပေးသည်။ သာမန် မစွန့်စားရဲသူတို့အတွက်သာမက အကြီးမားဆုံး စွန့်စားဝံ့သူများအတွက်လည်း သီးခြားပါဝင်သည်။

စတော့တစ်ခုချင်း၏ စွန့်စားရမှုများ ှင့် (က) ကုမ္ပဏီလုပ်ငန်း၏ အမျိုးအစား ခ)ရှယ်ယာရေးသားရောင်းချပေးသော ဘြားခံလုပ်ငန်းတို့၏ နာမည်ကောင်း အဆင့်နှင့် စွမ်းရည်(ဂ)ငွေကြေးဈေးကွက်၏ ပြောင်းလဲနိုင်သောအခြေအနေတို့ အပေါ်တည်သော်လည်း ယခုစတော့အစုံတွဲများ၌ စွန့်စားရမှုသည် စနစ်တကျ systematic စွန့်စားရမှုဖြစ်ပါသည်။ ဤသို့ဖြင့် (က)နှင့်(ခ) အကြောင်းတရားများ သည် ၇၅ % အထိလျော့ကျသွားပြီး 'ဘယ်လိုလုပ်လိုက်ရင် ဘယ်လိုမြတ်မှာ' ဟူသော အကြံလေးများ ဘုံပျောက်သွားစေခဲ့သည်။

ရှပ်က သူတစ်ယောက်ချင်း အနေဖြင့် အစုံတွဲစတော့များကို ညံ့-ကောင်းတွဲ ရောင်းသူများအတွက်လည်း ပုံသေနည်း ထုတ်ပေးခဲ့သည်။ ရှပ်သည် မာကိုဝစ်နှင့် CAP-M ကို ၁၉၆၄ တွင်ရေးခဲ့ပြီး၊ enve -lop theorem ဟုကျော်ကြားသည့် A Theory of Market Equilibrium Under Conditions of Risks ကိုလည်းရေးခဲ့သည်။

၁၉၃၆ ဖွား *William Sharp* ကသူ့ကိုယ်သူ ကွန်ပျူတာဝါသနာအိုး nerd ဟုဆိုသည်။ 'ပညာတွေအမျိုးမျိုးပြောင်းသင်ရတာပျော်တယ်' ဟုဆိုသော ရှပ်သည် ကောလိပ်ကျောင်းအုပ်ကြီးနှင့် အထက်တန်းကျောင်းအုပ် ဆရာမကြီးတို့၏သားဖြစ်သည်။ ဆရာဝန်ဖြစ်ရန် သင်ကြားရင်းမှ အမျိုးမျိုးခွဲထွက်နိုင်သော ရုပ်သိပ္ပံကို ပြောင်းလဲသင်ယူခဲ့ပြီး၊ စာရင်းကိုင်ဘာသာကို နှစ်မြိုက်ရာမှ စီးပွားရေးလုပ်ငန်းပညာကို ပြောင်းသင်ခဲ့ပြန်သည်။ ထို့နောက်မှ ရုပ်သိပ္ပံဥပဒေသများပါ အသုံးချသော ဘောဂဗေဒကို ဆက်သင်ဖြစ်ခဲ့သည်။ ဗီလျံရှပ်သည် ကာလီဖိုးနီးယားတက္ကသိုလ်မှ ဖြစ်သည်။

Ref; The Nobel Laureates.
*by Marilu H.MacCarty*

*ဦးကြည်မြင့်(လသာ)*

လူ့အဖွဲ့အစည်းအားလုံးနှင့် ပညာရပ်အားလုံးသည်
နာနာဘာဝ၊ စုန်း၊ နတ် စိတ်ကူးပုံဖော်ယုံကြည်မှုနှင့်
အကြွင်းမဲ့ပဒေသရာဇ်အုပ်ချုပ်ရေးမှ
ဖန်ဆင်းရှင်တစ်ပါးတည်းက စကြဝဠာသက်ရှိသက်မဲ့ရုပ်
ဖန်တီးချုပ်ကိုင်သောအတွေးအခေါ်အဆင့်နှင့်
နောက်ဆုံးသိပ္ပံခေတ်သို့ရောက်ရှိသည်ဟုဆိုသည်။

# အတွေးအခေါ်ဝေါဟာရနှင့် ပညာရှင်အညွှန်း

မောင်ကိုသိ

**Comte, Auguste (၁၇၉၈-၁၈၅၇)**

လူမှုရေးသိပ္ပံဘာသာကို စတင်ထူထောင်သူဟု သတ်မှတ်ကြသလို အရာရာကို သိပ္ပံနည်းကျ သဘာဝအချိုးကျ ဓာတ်ပြုအားနှင့် ရုပ်စွမ်းအားတိကျမှုအတိုင်း တိုးတက်ခြင်း positivism ကို ရှေ့ဆောင်ဟောပြောသူ ပြင်သစ်ပညာရှင် ဖြစ်သည်။ ပြင်သစ်ဉာဏ်အလင်းပေါက်၏ ဓလေ့အတိုင်း လူတို့၏ အနာဂတ်သည် သိပ္ပံပညာအပေါ်တည်ပြီး လူမှုရေးကိုလည်း ရုပ်သိပ္ပံအတိုင်း လေ့လာ ဖော်ထုတ်နိုင်သည်ဟု မြင်သည်။ စမ်းသပ်မှုဆန်ဆန် လေ့လာမှတ်တမ်းပြုပြီးမှ အဆိုတစ်ရပ်ကို စတင်သင့်သည်ဟု သူကဆိုသည်။ ဤတွင် ၁၈ ရာစု ပြင်သစ်နှင့်အင်္ဂလိပ် လက်တွေ့စမ်းသပ်ဝါဒီများ empiricists ၏ သိပ္ပံသည် အချက်အလက်များခွဲခြမ်းမှတ်တမ်းတင်ရန်ဆိုခြင်းမှ လမ်းခွဲလျက် အရာရာအတွက် ယေဘုယျ သီအိုရီများထုတ်ဖော်ရန်ဖြစ်သည်ဟု ခံယူသည်။

ကွန်တီ၏ Course of Positive Philosophy ၆ အုပ်တွဲ (၁၈၃၀-၄၂)တွင် သုံးဆင့် ဥပဒေသကို ဖော်ပြခဲ့သည်။ လူ့အဖွဲ့အစည်းအားလုံးနှင့် ပညာရပ်အားလုံးသည် နာနာဘာဝ၊ စုန်း၊ နတ် စိတ်ကူးပုံဖော် ယုံကြည်မှုနှင့် အကြွင်းမဲ့ပဒေသရာဇ်အုပ်ချုပ်ရေးမှ ဖန်ဆင်းရှင်တစ်ပါးတည်းက စကြဝဠာ သက်ရှိသက်မဲ့ ရုပ်ဖန်တီးချုပ်ကိုင်သော အတွေးအခေါ်အဆင့်နှင့် နောက်ဆုံးသိပ္ပံခေတ်သို့ရောက်ရှိသည်ဟု ဆိုသည်။ ဥရောပ တော်လှန်ရေးကာလ လူမှုပြုပြင်ရေးသမားဖြစ်သည်နှင့်အညီ သိပ္ပံအခြေခံလူမှုအစီအစဉ်သစ် ထူထောင်ရေးကို ဟောပြောသည်။ အ



ဆားလောက်သည့် ဗဟုသုတပညာရပ်နှင့်ပြည့်စုံသော ခေါင်းဆောင်များ အုပ်ချုပ်ရေးကို မျှော်မှန်းသည်။ ကွန်တီသည် ခရစ်ယာန်ဘာသာတွင် နောင်ပေါ်ပေါက်လာသည့် ဖန်တီးရှင် ပဓာနမဟုတ်သော လူသားအခြေခံ ဘာသာရေးအတွေးအခေါ်သစ်ကိုလည်း လမ်းခင်းပေးခဲ့သည်။

**Conditioning, Classical and operant**

အပြုအမူဝါဒ behaviorism ၏ အခြေခံဖြစ်သော နှိုးဆွမှုနှင့် တုံ့ပြန်မှုဆိုင်ရာ လူတို့သင်ကြားနားလည်ဟု အခြေအနေနှစ်ရပ် ဖြစ်သည်။ ရှေ့ကဖြစ်ပြုမှုကို တုံ့ပြန်ခြင်းအခြေအနေအား ရုရှားအပြုအမူ ပညာရှင် physiologist အီဗန်ပါးဗလော့က ထုတ်ဖော်ခဲ့ပြီး ဂန္ထဝင် (သို့) Pavlovian သင်ကြားနားလည်မှုဟု ခေါ်သည်။ ဤတွင် ရှေ့ဖြစ်ရပ်နှင့် တုံ့ပြန်မှုတို့ကြား ယခင်ဆက်နွယ်မှု တစ်စုံတစ်ရာ မရှိ။ ယိမ်း (သို့) ကိရိယာ operant (or) instrumental သင်ကြားနားလည်ပုံတွင် ဖြစ်ရပ်တစ်ခုကို ကြိုတင်သိမြင်ထားမှုအရ ဖြစ်ပေါ်သော တုံ့ပြန်မှုကိုဆိုလိုသည်။ ယင်းကို အမေရိကန် အပြုအမူပညာရှင် စကင်နာ B.F.Skinner က အဓိကထုတ်ဖော်သည်။

ပါးဗလော့ သင်ကြားနားလည်မှုတွင် ခွေးတစ်ကောင်သည် အစာကိုမမြော်နှင့် အစာထည့်သော ခွက်သံ၊ အစာကျွေးသော သခင့်အသံကြားရုံဖြင့် သွားရည်ထွက်သည်ဟု ဥပမာပေးသည်။ ယင်းမှ အစာနှင့် ထိခြင်းကင်းသည့် ခေါင်းလောင်းသံဖြင့်ခေါ်ယူကျွေးနေကျဖြစ်လျှင် ခေါင်းလောင်းသံကြားသည်နှင့်ပင် ခွေးသည် သွားရည်ယိုသည်ဟု တိုးချဲ့ပြသည်။

ယိမ်းအခြေအနေသင်ကြားနားလည်မှုအတွက်လည်း တူညီသော ဥပမာများစွာရှိသည်။ အဓိက ကွဲပြားချက်များတွင် အလိုအလျောက် ရုပ်ကတုံ့ပြန်ခြင်းမဟုတ်ဘဲ စိတ်ကလိုလားစွာ လိုက်နာတုံ့ပြန်ခြင်း ဆုပေး-ဒဏ်ပေးစနစ် အခြေခံခြင်း၊ အကြိုက်(အပေါင်း) မက်လုံးနှင့် မကြိုက် (အနုတ်) မက်လုံးတွန်းအားရှိခြင်းတို့ ပါဝင်သည်။ ပါးဗလော့ (ဂန္ထဝင်)နှင့် စကင်းနား (ယိမ်း၊ ချိတ်ဆက်ကိရိယာ) သင်ကြားနားလည်မှု အခြေအနေနှစ်ရပ်သည်လည်း ဆက်စပ်သည်။

စကင်းနားက တိရစ္ဆာန်တို့၏အပြုအမူကို တိုက်တွန်းနှိုးဆွ မက်လုံးပေးခြင်း-ရုပ်သိမ်းခြင်းဖြင့် ထိန်းချုပ်စေစားနိုင်သည်ဟု ဆိုသည်။ ယင်းကို စကင်းနားသေတ္တာ Skinner box (or) operant chamber ပုံစံဟုခေါ်သည်။ ခိုတစ်ကောင်အား ခလုတ်သုံးခုချပေးပြီး တစ်ခုကိုနှိပ်လျှင် အစာထွက်ကျလာစေပြီး၊ နောက်တစ်ခု၌ ဘာမှထွက်မလာ၊ နောက်တစ်ခု၌ ဓာတ်လိုက်စေခြင်းဖြင့် သင်ပေးထားနိုင်ကြောင်း သူကလက်တွေ့ပြခဲ့သည်။ အလားတူ လူတို့သည်လည်း ပေါ်ပေါက်နေသောအခြေအနေကို တုံ့ပြန်တတ်ရန် သင်ကြားနားလည်မှုရှိထားသည်ဟု အပြုအမူပညာက ဆိုပါသည်။

**Confucianism**

အနောက်တိုင်းတွင် ကွန်ဖြူးရှပ်စ်ဟု သိကြသော တရုတ်ဘာသာရေးနှင့် နီတိဒဿနဆရာကြီး ကောင်ဖူးဆု (၅၅၁-၄၇၉

ဘီစီဘီး) ၏ သင်ကြားမှုများဖြစ်သည်။ အသစ်တီထွင်တွေးခေါ်မှုမဟုတ်ဘဲ အစဉ်အလာ ဓလေ့ထုံးတမ်းတို့အပေါ် ကျင့်သုံးလိုက်နာအပ်သည်များဟူ၍ ပြုစုရေးသားချက်များဖြစ်သည်။ တရုတ်ရှေးဟောင်းပညာဤကျမ်း (အိုင်ချင်း I Ching ခေါ် ပြောင်းလဲမှုများ စာအုပ်အပါအဝင် ဂန္ထဝင်ငါးခု (ဝူချင်း Wu Ching) ကို တည်းဖြတ်ပြုစုရာတွင် သူ၏ ဝေဖန်မှတ်ချက်များ ပါဝင်သည်။ စာအုပ်လေးအုပ် (ရှီဆု Shih Shu)မှာ သူကိုယ်ပိုင်ရေးသော သင်ခန်းစာပေး ပုံပြင်နှင့်စကားပုံများကို အခြား သူ့တပည့်များရေးသော သုံးအုပ်နှင့် ပေါင်းလျက် သူသေမှ ထုတ်ဝေသည်။ တာအိုဝါဒ Taoism နှင့် လိမ္မာယဉ်ကျေးရန် တူညီသော်လည်း အခြေခံအားဖြင့် ကွဲပြားမှုရှိသည်။ ကွန်ဖြူးရှပ်စ်က တရုတ်တို့၏ အစဉ်အလာဓလေ့အတိုင်း ဗဟိုနှင့်အောက်ခြေအုပ်ချုပ်ရေးအဆင့်ဆင့်၊ မိုးနတ်မင်းအလိုကျဝါဒတို့ ပါဝင်ပြီး၊ တာအိုဝါဒက လူတန်းစားမဲ့နှင့် စကြဝဠာဓာတ်များ လူတိုင်းတွင်ရှိမှုတို့ကို အခြေခံသည်။ စကြဝဠာအတွင်း ပဋိပက္ခနှင့်သဟဇာတ Yin and Yang ကို ကွန်ဖြူးရှပ်စ်တို့က အထက်အား နာခံမှုဖြင့်ပြီးစေပြီး၊ တာအိုတို့က သဘာဝတရား၏ ပြန်လည်ချိန်ညှိမှုကိုပြောသည်။

ကွန်ဖြူးရှပ်စ်ဝါဒက တစ်ဦးချင်းသည် လူ့အဖွဲ့အစည်း၊ မြေကမ္ဘာ၊ စကြဝဠာတို့တွင် နေထိုင်ရပြီး နိုင်ငံရေး၊ လူမှုရေး၊ မိသားစုအတွင်း မိမိနေရာမှနေ၍ အထက်ကို ဦးညွှတ်-အောက်ကို စောင့်ရှောက်ရမည်ဟု သင်သည်။ စကြဝဠာအတွင်း သဟဇာတမပြတ်ရှိနေရန် မိုးနတ်မင်း The Mandate of Heaven (T'ien Ming) ၏ အဆုံးအဖြတ်ကို ရိုသေလိုက်နာရမည်။ မိုးနတ်မင်း၏ အဆုံးအမတွင် ကျင့်ဝတ်များနှင့် ကောင်းမှု၊ ချစ်မှု၊ သစ္စာရှိမှု၊ ရိုးဖြောင့်မှု စသည့် ကျင့်ဝတ်များကို လူတိုင်းက ကျင့်သုံးရမည် jen ဟုဆိုသည်။ အလယ်အလတ်ကျင့်စဉ်သည် ကွန်ဖြူးရှပ်စ်ဝါဒ၏ "ကိုယ့်အပေါ် လုပ်လျှင် မကြိုက်သည်ကို သူတစ်ပါးအပေါ် မလုပ်ရ"ဟူသော ရွှေစည်းမျဉ်းဖြစ်သည်။ ကောင်းသောအပြုအမူဖြစ်ရန် ဓလေ့ထုံးတမ်း လိုက်နာခြင်း၊ ယဉ်ကျေးဖွယ်ရာခြင်း၊ ဘာသာရေးကိုင်းရှိုင်းခြင်း ဟူသော စည်းမျဉ်းနှင့် အရာရာကိုလေးစားခြင်း၊ သည်းခံခြင်းရှိရမည်ဟူသော စည်းမျဉ်းတို့နှစ်ရပ်က စောင့်ရှောက်သည်ဟုဆိုသည်။ လီတွင် ကွယ်လွန်ပြီးသော မိဘဘိုးဘွားတို့အား ကန်တော့ခြင်း ပါဝင်သည်။

ဘီစီဘီ (၃)ရာစုတွင် ကွန်ဖြူးရှပ်စ်ဝါဒ နှစ်ပိုင်းကွဲသည်။ ဆွန်စူက လူသည် အခြေခံအားဖြင့် မကောင်းမှုပြုသည်။ ညွှန်ပြသင်ကြားဆုံးမရန်လိုသည်။ ဘာသာရေးကျင့်ကြံရန်လိုသည်ဟု ဆိုသည်။ မင်ဆီယပ်စ်(မင်စူ)က လူသည် အခြေခံအားဖြင့်ကောင်းသည် လေ့လာသင်ယူခြင်း၊ စည်းကမ်းရှိခြင်း၊ မိမိကိုယ်ကိုပျိုးထောင်ခြင်းဖြင့် တိုးတက်နိုင်သည်ဟုဆိုသည်။

ဆွန်မင်းဆက် (၉၆၀-၁၂၇၉) ကာလတွင် တာအိုနှင့် ဗုဒ္ဓဝါဒနှစ်ရပ်အခြေခံသော လက်သစ်ကွန်ဖြူးရှပ်စ်ဝါဒပေါ်သည်။ နောင် သူတို့ နှစ်ဂိုဏ်းထပ်ကွဲသည်။ ယင်းတို့အနက် ဩဇာအကြီးဆုံးမှာ ချူး (၁၁၃၀-၁၂၀၀) ဦးဆောင်သော စည်းမျဉ်းဂိုဏ်း School of Principle (လီရှူး Li Hsueh) ဖြစ်သည်။ သူတို့က စာအုပ်လေးအုပ်ကို ပြန်ကျင့်သုံးသည်။ ၂၀ ရာစုအစောပိုင်းအထိ ပြည်သူ့ဝန်ထမ်းစာမေးပွဲသင်ရိုးဖြစ်လာခဲ့စေသည်။ သူက အရာရာတွင် တစ်ခုတည်းသော သဘာဝစည်းမျဉ်း (သို့) ဥပဒေ li ရှိပြီး ပြောင်းလဲကွဲပြားမှုများမှာ စွမ်းအားကွဲပြားမှု ch'i ကြောင့်ဖြစ်သည်ဟု ဆိုသည်။ ယင်းကို ဝမ်ယန်မင် (၁၄၇၂-၁၅၂၉)က စိန်ခေါ်သည်။ သူက အရာရာသည် စိတ် mind တွင်ပါဝင်ပြီး စိတ်ကြောင့်ကွဲပြားဖြစ်ပေါ်ရသည်ဟု ဆိုသည်။ စိတ်ဝိညာဉ်သန့်ရှင်းစင်ကြယ်မှုသည် အမြင့်မားဆုံးလိုအပ်သည့်အရာဟု ယူသော ဂိုဏ်း Idealistic School of Mind (Hsin SHsueh) ဟုခေါ်သည်။ ချူးဆီ၏ ကွန်ဖြူးရှပ်စ်ဝါဒက ၂၀ ရာစုဆန်းအထိ တရုတ်ပြည် နိုင်ငံရေး၊ လူမှုရေးဘဝကို လွှမ်းမိုးခဲ့သည်။ ၁၉၁၁-၁၂ ပညာတတ် အရပ်သားခေါင်းဆောင်များက ဘုရင်ကို တော်လှန်ပြီးသည့်နောက် ကွန်မြူနစ်တို့တက်လာသည့် ၁၉၄၉ အထိ ကွန်ဖြူးရှပ်စ်ဝါဒ ကြီးစိုးခဲ့သည်။

## Congregationalism

ခရစ်ယာန် ပရိုတက်စတင့် ကျောင်းတော်များစွာအနက် တစ်ခု၏ အစိုးရအုပ်ချုပ်ရေးနှင့် ၎င်းအဆင့်ဆင့်ဗဟိုအထိ ကျောင်းတော်ဖွဲ့စည်းရေးနှင့် ၎င်းသီးခြားကင်းလွတ်စွာရပ်တည်ရမည်ဟူသော ဝါဒဖြစ်သည်။ (၁၇)ရာစု အင်္ဂလိပ်ခွဲထွက်ရေးခေါင်းဆောင် Robert Browne ဦးဆောင်သော ဘုရားကျောင်းများသန့်စင်ရေးလှုပ်ရှားမှုမှပေါ်ပေါက်သည်။ ပြူရီတန်တို့၏ နယူးအင်္ဂလန်တွင် စတင်ပေါ်ပေါက်ပြီး ဘာသနာပြုတို့ ဦးဆောင်မှုဖြင့် ကိုယ်ထူကိုယ်ထဝတ်ကျောင်း အသီးသီးပေါ်လာသည်။ ၂၀ ရာစုဆန်း၌ အခြားဂိုဏ်းငယ်များ ပါဝင်ပူးပေါင်းလာသည်။

**သိခြင်းကိုနိုးထနေသော အခြေအနေနှင့် အတူတကွဖြစ်သည် (သို့)တူသည်ဟု သီအိုရီအများစုတွင် ယူဆသည်။ သိ-မသိ (သို့) ကြုံဆနေခြင်း လွတ်မျောနေခြင်း အပြန်အလှန်ဖြစ်နေသည် ဆက်နွယ်နေသည်ဟုလည်း အများကသတ်မှတ်သည်။**

## Consciousness

တိုက်ရိုက်အားဖြင့် "အသိများအစုအဝေး"ဟု လက်တင်ဘာသာမှလာသည်။ ယင်းကို ကောင်းစွာနားလည်ရန် မလွယ်သလို ဆန့်ကျင်ဘက်အဓိပ္ပာယ်များလည်း ဖော်ကြသည်။ "အသိ"သည် လူနှင့်တိရစ္ဆာန်ကွဲပြားစေပြီး၊ ဖြစ်ခြင်း-မဖြစ်ခြင်း၏ အခြေခံဖြစ်ကာ၊ ရုပ်သက်သက်-နာမ်သက်သက် စုဝေးစေသည်။ "အသိ"ကို လေ့လာခြင်းမှာ မူလက ဒဿနနှင့် စိတ္တဗေဒနယ်ပယ်ဖြစ်သော်လည်း ဦးနှောက်အာရုံကြော၊ သတင်းသီအိုရီနှင့် စက်ရုပ်တီထွင်မှုတို့တွင် ပစ်ပယ်၍မရသောအရာဖြစ်လာသည်။

ဂျွန်လော့စ်က သတိထားမိခြင်း aware ဟူသော နာမဝိသေသန သိသောမှ သိခြင်းနာမ်အဖြစ် စတင်ခဲ့ခြားပြသည်။ သူ့အတွက် "သိခြင်း"သည် ကိုယ့်အတွေးကိုယ် သတိထားမိခြင်း ပြန်လည်သုံးသပ်နိုင်စွမ်းတို့ဖြစ်သည်။ ဖရွိုက်၏ မသိစိတ်သီအိုရီမပေါ်မီအထိ စိတ္တဗေဒသည် သိခြင်းကိုလေ့လာမှုသာဖြစ်ခဲ့သည်။ ဝီလျံဂျိမ်းစ်က မသိစိတ်ကို "ဤသို့သော သိစိတ်"ဟု သုံးစွဲခဲ့သည်။ သူ၏ စမ်းချောင်းကလေးကဲ့သို့ သူ့ဘာသာစီးဆင်းနေသော အတွေးသည် လော့စ်၏ အတွေးပြတ်များကြား ပြန်လည်သတိထားမိခြင်းအသိဖြင့် သိ-မသိ နှစ်ပိုင်းနှစ်မျိုး အစဉ်နှင့်ဆန့်ကျင်ဘက်ဖြစ်သည်။

သိခြင်းကို နိုးထနေသောအခြေအနေနှင့်အတူတကွဖြစ်သည် (သို့) တူသည်ဟု သီအိုရီအများစုတွင် ယူဆသည်။ သိ-မသိ (သို့) ကြုံဆနေခြင်း လွတ်မျောနေခြင်း အပြန်အလှန်ဖြစ်နေသည် . . . ဆက်နွယ်နေသည်ဟုလည်း အများကသတ်မှတ်သည်။ ထို့ကြောင့် သိခြင်းသည် "သတိထားမိခြင်း"နှစ်ဆင့်ဖြစ်ပေါ်သည်။ ကိုယ်စိတ်အခြေအနေကို သတိထားမိခြင်း "မောလိုက်တာ"နှင့် မိမိကိုယ်ကို ပြန်သတိထားမိခြင်း "ဒီလောက်အပင်ပန်းမခံသင့်ဘူး" စသည်ဖြင့် ဖြစ်သည်။ ဤသို့ဖြင့် စိတ်ဝါဒီတို့က သိခြင်းသည် လူ၏အခြေခံဖြစ်တည်မှု၊ တိရစ္ဆာန်နှင့်ကွဲပြားသော စိတ်ကူးယဉ်၊ အလိုဆန္ဒ၊ ယုံကြည်ချက်တို့ရှိမှုဟု ဆိုသည်။

သိခြင်း၏ရင်းမြစ်အကြောင်းကို ဝိညာဉ်ခေါ်သူများမှ လျှပ်စစ်ယန္တရားတီထွင်သူများအထိ စဉ်းစားကြသည်။ အိန္ဒိယနှင့် အရှေ့တိုင်းဒဿနများတွင် အမှန်တရားရှာဖွေခြင်းအစ ဖြစ်သည်။ ၂၀ ရာစု သိပ္ပံက ဦးနှောက်၏အချက်အလက် စဉ်ခြင်း၏အစဟု ဆိုသည်။ အပြုအမူဝါဒီတို့က သိခြင်းမရှိ၊ ဦးနှောက်ကနှိုးဆွ တုံ့ပြန်မှုသက်သက်ဟု ငြင်းသည်။ ထို့ကြောင့် သိခြင်းသည် လူမှုဆက်ဆံရေး နည်းလမ်းအစဖြစ်သည်။ ခေတ်သစ်မှတ် တွေးခြင်း cognitive ဝါဒီတို့က အလားတူ မသိစိတ်ကို တုံ့ပြန်မှုမဲ့နှိုးဆွခံရခြင်းဟု ဆိုသည်။

အာရုံကြောနှင့် ကွန်ပျူတာသိပ္ပံက စိတ်ကိုအရှုပ်ထွေးဆုံး အချက်အလက် စီစဉ်မှုဟု ထောက်ခံသည်။ ယင်းမှာ အသိဉာဏ် နှိုးဆွခံ- တုံ့ပြန်မှုအမြင့်ဆုံးရရန် သုတေသနဆက်လုပ်သည်။ ဝေဖန်သူတို့၏ ကွန်ပျူတာက လူကိုမမီနိုင်ဆိုခြင်းမှာ ယခုအချိန်အထိသာဟု ပြောရမည်။

မောင်ကိုသီ

**Ref:** The World of Ideas
by Chris Rohmann.

စိတ်၏သဘောသဘာဝကို ဆစ်ဆစ်ပိုင်းပိုင်း ခိုင်ခိုင်လုံလုံ ရှင်းပြထားသော မြန်မာဘာသာဖြင့် ရှားရှားပါးပါး တစ်အုပ်တည်းသောစာအုပ်

ဦးခင်မောင်ဆွေ
**စိတ်၏စံအိမ်ဦးနှောက်**

စာမူခွင့်ပြုအမှတ် ၇၂၈/၀၇/ (၈) ဒေါင်းစာပေသို့ မှာကြားနိုင်ပါသည်။

# ကျွန်တော်နှင့် ခေတ်ပြိုင်များ

ဦးသက်ထွန်း
အငြိမ်းစားသံအမတ်ကြီး

(အောက်တွင်ဖော်ပြမည့် အကြောင်းအရာများသည် အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်းက သူနှင့်ခေတ်ပြိုင်ပုဂ္ဂိုလ်များအကြောင်း အမှတ်တရ ပြန်လည်ရေးသားနေသောစာစု၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ယခုလတွင် ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်နိုင်ငံ၌ အတူတကွ ပညာသင်ခဲ့ကြသူများအနက်မှ ဦးထွန်းမြင့်အကြောင်းကို ဖော်ပြလိုက်ပါသည်။ ပို၍ပြည့်စုံစေရန် Literary Coterie Magazine ၁၉၉၆ ခု အတွဲ(၆)ပါ Mrs. Yuriko Nemoto ရေး "အရှေ့တောင်အာရှမှ ပညာတော်သင်များ (၂)"မှ ဦးသက်ထွန်းက ဘာသာပြန်ဆို တင်ပြထားပါသည်။ မြန်မာနာမည်များကို နိုင်ငံခြားသားများက ရေးသားသည့်အခါ သူတို့ထုံးတမ်းဓလေ့အတိုင်း 'ဦး' 'ဒေါ်'စသည် ဖြင့်သည့်ရေးလေ့မရှိ၍ မြန်မာပြန်ဆိုရာတွင် မူရင်းအတိုင်း 'ဦး' 'ဒေါ်' မတပ်ဘဲ ဖော်ပြသည်ကို မှိုင်းသည်ဟုမယူဆပါရန် ပန်ကြားအပ်ပါသည်။ ။ အယ်ဒီတာ)

## ကံမကောင်းအကြောင်းမလှသူ
## တောင်ကြီးထွန်းမြင့်

ရန်ကုန်မှ သက်ထွန်းနှင့် မောင်မောင်ညွန့်တို့က တောင်ကြီးမှထွန်းမြင့်အား ဆက်ဆက်သွားတွေ့ပါဟုဆို၍ မိတ်ဆက် စာရေးပေးလိုက်ပါသည်။ ၁၉၉၄ ခု ဒီဇင်ဘာလ ကုန်ခါနီး ဖြစ်ပါသည်။ ပထမဦးစွာ မီးရထားဖြင့် ကီလိုမီတာ ၆၅၀ ခန့် မြောက်ဘက်သို့ယွန်း၍ ရှမ်းပြည်နယ် ကလောမြို့သို့ သွားပါသည်။ ထင်းရှူးတောအတွင်း ငြိမ်ဆိတ်စွာ ပြန့်နေသော ကုန်းမြင့်မြို့ကလေးဖြစ်ပါသည်။ တယ်လီဖုန်းဆက်ကြည့်ရာ ထွန်းမြင့်က ကလောသို့ လာစရာရှိ၍ ကလောဟိုတယ်၌ လာတွေ့မည်ဟု ဆိုပါသည်။

နောက်တစ်နေ့နံနက် ထွန်းမြင့်သည် သမီးသမက်၊ သမက်၏ နှမပါ ခြံရံ၍ ရောက်လာပါသည်။ အရပ်ရှည်ရှည်၊ ခပ်ပိန်ပိန်၊ ကျောမတ်မတ်၊ ဆံပင်ဖြူဖြူ ပုဂ္ဂိုလ်အဖြစ် တွေ့ရပါသည်။ ပဏာမ နှုတ်ဆက်စကားပြောကြားရာ ခန့်ညား သော ဥပဓိရုပ်နှင့်မလိုက် အသံအနည်း ငယ် ပျော့သည်ကို သတိပြုမိ၏။ ရယ်ပြုံး သော မျက်နှာထားမဟုတ်သော်လည်း မြူးမွှေးသော မျက်ခုံးမွေးအောက်က မျက်စိ တို့မှာ တည်ငြိမ်သိမ်မွေ့၏။ ကျွန်မက လှမ်းပေးသော မိတ်ဆက်စာကို ၎င်းက ဖတ်ရှုပြီးသော် ကျွန်မက ၎င်းအား လာ ရောက် တွေ့ဆုံရခြင်းအကြောင်းကို ရှင်းပြ ၏။

"သိပြီးပြီလို့ ထင်ပါရဲ့။ ကျွန်တော့် အသံ ထင်သလောက်မထွက်တာ အတော် ကြာသွားပါပြီ။ ကူတော့ ကူညီချင်ပါရဲ့။ ကြာကြာစကားပြောရင် နာလာလို့ အချိန် တိုတိုပဲ ပြောပါရစေ"

ဟု တောင်းပန်သည့် မျက်နှာထားနှင့် ပြောလေသည်။ ၎င်းပြောပြ၍ သိခဲ့ရသည် မှာ . . .

"ထွန်းမြင့်သည် ၁၉၂၁ ခုတွင် ရှမ်း ပြည်နယ်မြို့တော် တောင်ကြီး၌ မွေးဖွား သည်။ တောင်ကြီးမြို့ အထက်တန်း ကျောင်းမှအောင်မြင်ပြီး ရန်ကုန်တက္ကသိုလ် ၌ ဓာတုဗေဒပညာကို ဆည်းပူးသည်။ ဒုတိယနှစ် သင်ကြားနေစဉ် ၁၉၄၁ ခု ဒီဇင်ဘာလ၌ စစ်ဖြစ်၍ ကျောင်းပိတ်သွား သည်။ ရန်ကုန်မြို့ကို ဂျပန်စစ်လေယာဉ်တို့ အဆက်မပြတ် တိုက်ခိုက်နေ၍ ချက်ချင်း မိမိနေရပ်ဌာနီပြန်လိုသော်လည်း မပြန်နိုင် ခဲ့။ စစ်မီးတောက်သည် အရှိန်အဟုန် ကြီးမားစွာနှင့် မြောက်ဘက်သို့ ပျံ့နှံ့၍ တောင်ကြီး သွားလမ်းမှာ မီးရထားလမ်း ရော၊ ကားလမ်းမကြီးပါ နေရာအချို့၌ အတားအဆီးရှိ ပြတ်တောက်နေ၍ ဖြစ် ၏။ ၁၉၄၂ ခု မတ်လတွင် ရန်ကုန်မြို့တော် ကျ၍ ဂျပန်စစ်အုပ်ချုပ်ရေးလက်အောက် ရောက်သည်။ အသိမိတ်ဆွေတို့ထံ၌ "စစ် ပြေးဒုက္ခသည်"ပမာ မတတ်သာ၍နေထိုင် နေရသော ထွန်းမြင့်သည် ၁၉၄၂ ခု ဩဂုတ်လတွင် မိမိနေရပ်ဌာနီပြန်နိုင်ခဲ့ တော့သည်။

ရှမ်းပြည်နယ်ကို အင်္ဂလိပ်ပိုင် မြန်မာ ပြည်၌ သွယ်ဝိုက်အုပ်ချုပ်ရေးစနစ်အောက် ၌ နှစ်ရှည်လများထားရှိ၍ စော်ဘွား ဓာ ကော်က တိုက်ရိုက် အုပ်ချုပ်ခဲ့လေသည်။ သို့သော် ဂျပန်စစ်အုပ်ချုပ်ရေးလက် အောက် အရေးပေါ်အခြေအနေ၌ ရှမ်း ပြည်နယ်မှာလည်း ကျောင်းများကို ပိတ်ခဲ့ပါသည်။ ဘာမျှ လုပ်စရာမရှိသော နေ့များအကြား စိတ်ဓာတ်ကျနေစဉ် ၁၉၄၃ ခု ဧပြီလ ဂျပန်ပညာတော်သင် ရွေးကောက်လွှာများခေါ်သည်နှင့် အမြန် အလွှား လျှောက်ထားလိုက်ပါသည်။ လျှောက်ထားသူ တစ်ရာခန့်အနက် ၃ ဦး ရွေးချယ်ရာ ၎င်း ၃ဦးအနက် ပါဝင်သော ထွန်းမြင့်သည် များမကြာမီ ရန်ကုန်သို့ သွားရပါသည်။

**ကျောင်းပြောင်းခြင်း**

ရန်ကုန်၌ ပညာတော်သင် လေ့ကျင့် ရေး သင်တန်းတက်ပြီးနောက် ဇွန်လကုန် တွင် ဂျပန်နိုင်ငံသို့ သွားရောက်ပါသည်။ တိုကျိုရှိနိုင်ငံတကာကျောင်း၌ အခြေခံ သင်တန်းပြီးဆုံးပြီးနောက် မောင်မောင်ညွှန့်





၎င်းအတူ မိယာဇာကီးစိုက်ပျိုးရေး ပညာ သင်ကျောင်းသို့ ဝင်ပါသည်။ ယင်းကျောင်း ၌ ထွန်းမြင့် စိတ်ပျက်မိသည်မှာ သာမန် ...ရိုးမဟုတ်ဘဲ စိတ်ထဲတွင် မျိုသိပ်မရ သော မကျေနပ်မှုကို ကျောင်းအာဏာပိုင် ...ထံ တိုက်ရိုက်တင်ပြခြင်းဖြင့် ထိပ်တိုက် တွေ့သွားသောကြောင့် အာဏာပိုင်တို့က သည်း စိတ်ပျက်သွားပြီး ၎င်းအတွက် အနေကြပ်သွားခြင်း ဖြစ်လေသည်။ ထို အချိန်၌ တိုကျိုသို့ သွားရသည့် အခွင့် အလမ်းကို အသုံးချ၍ သံရုံးမှ ဗိုလ်စကြာ ...ံ အကျိုးအကြောင်းကိုတင်ပြ ၎င်း၏ အကူအညီဖြင့် ကျိုတိုသို့ ကျောင်းပြောင်း နိုင်ရလေသည်။

၁၉၄၅ ခု ဧပြီလမှ ဩဂုတ်လ ၁၅ ရက် ဂျပန်စစ်ရှုံးသည်အထိ တိုတောင်း သော ၄ လ ကာလသာ ဖြစ်သော်လည်း ...န်ဖိုးရှိသော တက္ကသိုလ်ကျောင်းသား ...ဝကို ခံစားရပါသည်။ သို့ကြောင့်ပင် ၎င်းအပါအဝင် မြန်မာကျောင်းသား ၉ ဦး ... စစ်ပြီးနောက် ကျိုတို၌ ဆက်လက် ...သင်ကြားလိုကြောင်း ပြင်းပြစွာ ဆန္ဒ ပြုကြသော်လည်း အငြင်းဆိုခံရပြီး ...အောက်တိုဘာလနောက်ပိုင်းတွင် အများ ...ည်းတူ ဌာနီပြန်ခဲ့ကြပါသည်။

**အဝိုင်ငံ၌ စိတ်မျက်ရုံ**

ထွန်းမြင့်က မွေးရာဇာတိတောင်ကြီး သို့ ပြန်ရောက်သည်မှာ ထိုနှစ်ကုန်ဖြစ်ပါ သည်။ ၎င်းသည် တက္ကသိုလ်ပြန်မတက် တော့ဘဲ ၁၉၄၆ ခုနှစ်စတွင် "ရှမ်းပြည်နယ် လူငယ်များ အစည်းအရုံး"သို့ ဝင်၍ အင်္ဂလိပ် ဆန့်ကျင်ရေးလှုပ်ရှားမှု စတင် ခဲ့ပါသည်။ သို့သော် ထိုမျှနှင့် မရောင့်ရဲဘဲ ရဲဘော်များကို စည်းရုံး၍ "ရှမ်းပြည်နယ် လွတ် လပ်ရေး အစည်းအရုံး"ကို ဖွဲ့စည်းပြီး ၎င်း ကိုယ်တိုင် အတွင်းရေးမှူးချုပ်အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ထိုအစည်းအရုံး သည် ရှမ်းပြည်နယ်ကို အနာဂတ်တွင် စော်ဘွားကောင်စီ အုပ်ချုပ်ရေးစနစ်မှ ကိုယ့်မင်းကိုယ့်ချင်း ပါလီမန် ဒီမိုကရေစီ စနစ်သို့ ပြောင်းလဲ၍ စစ်မှန်သော လွတ်လပ်ရေးသို့ ရှေ့ရှုပါ သည်။

သို့နှင့် ၁၉၄၇ ခု ဖေဖော်ဝါရီလတွင် ရှမ်းပြည်နယ်အလယ်ပိုင်းပင်လုံမြို့၌ ကျင်း

---

**ထွန်းမြင့် မွေးရာဇာတိ တောင်ကြီးသို့ ပြန်ရောက်သည်မှာ ထိုနှစ်ကုန်ဖြစ်ပါသည်။ ၎င်းသည် တက္ကသိုလ် ပြန်မတက်တော့ဘဲ ၁၉၄၆ ခုနှစ်စတွင် ရှမ်းပြည်နယ် လူငယ်များ အစည်းအရုံးသို့ဝင်၍ အင်္ဂလိပ်ဆန့်ကျင်ရေး လှုပ်ရှားမှု စတင်ခဲ့ပါသည်**

---

ပေသော "ပင်လုံညီလာခံ"တွင် ဗိုလ်ချုပ်အောင်ဆန်း တင်ပြသောမူကို လက်ငင်းအခြေအနေအရ သဘောတူ လက်ခံခဲ့ပါသည်။ ရှမ်း၊ ကယား၊ ကချင် အသီးသီး *တို့၏ စော်ဘွား၊ ဒူးဝါးတို့သည်လည်း* သဘောတူခဲ့ကြသော အချက်တို့မှာ လွတ်လပ်ရေးရပြီးနောက်လည်း ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြည်နယ်အသီးသီးအဖြစ် ပါလီမန်ဒီမိုကရေစီစနစ်ကျင့်သုံးခွင့်ရရှိရေး၊ ထို့နောက် တစ်ဖန် ၁၀နှစ်အကြာတွင် ခွဲထွက်လိုပါက ခွဲထွက်နိုင်သည့် အခွင့်အရေးတို့ ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ကျိုးစွန့်ပြည်တွင်းစည်းရုံးမှု အင်္ဂလိပ်အစိုးရနှင့်စေ့စပ်ဆွေးနွေးမှုတို့၏ ရလဒ်အဖြစ် မြန်မာနိုင်ငံသည် ၁၉၄၈ ခု ဇန်နဝါရီလ ၄ ရက်နေ့ တွင် ၆၂ နှစ်ကြာ ဗြိတိသျှကိုလိုနီဘဝမှ လွတ်မြောက်၍ အပြည့်အဝလွတ်လပ်ရေးရရှိခဲ့သည်။ သို့သော် လွတ်လပ်ရေးတိုက်ပွဲကို အစဉ်တစိုက်ဦးဆောင်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်မှာ ၁၉၄၇ ခု ဇူလိုင်လ ၁၉ ရက်နေ့တွင် နိုင်ငံရေးရန်သူ ဦးစော၏ လုပ်ကြံမှုကြောင့် အသက်ဆုံးရှုံးခဲ့ရပြီး အများပြည်သူနှင့်အတူ လွတ်လပ်ရေးနေ့ကို မဆင်နွှဲနိုင်ရှာပေ။ ပင်လုံညီလာခံအပြီး ၅လ အကြာတွင် ဖြစ်ပေါ်ခဲ့သည့် အမျိုးသားဆုံးရှုံးမှုကြီးပေ။

လွတ်လပ်သော အစိုးရအဖွဲ့သစ် ဖွဲ့စည်းသည့်အခါ ရှမ်းပြည်နယ်မှ အထက်လွှတ်တော်အမတ်အဖြစ် အရွေးခံရသော ထွန်းမြင့်သည် သတ္တုတွင်းဝန်ကြီးဌာနပါလီမန်အတွင်းဝန်ဖြစ်လာ၏။ ထိုရာထူး၌ ၂ နှစ်ခန့် ဆောင်ရွက်ပြီး ဝန်ကြီးချုပ်ဦးနုနှင့် စိတ်သဘောထားကွဲလွဲ၍ ၁၉၄၉ ခုနှစ်အကုန်၌ ရာထူးမှ နုတ်ထွက်ခဲ့သေသည်။ ပါလီမန်အတွင်းဝန်ဘဝတွင် ထွန်းမြင့်သည် ရှမ်းပြည်နယ်ညောင်ရွှေစော်ဘွားညီ၏ သမီးစောအုံကြူနှင့် *ထိမ်းမြားပြီး သားဦးဖွားလေသည်။* ညောင်ရွှေစော်ဘွားမှာ မြန်မာနိုင်ငံ၌ ယာယီသမ္မတကြီးဖြစ်၍ ၎င်း၏ညီမှာ ရှမ်းပြည်နယ်ဝန်ကြီးဟု ဆိုပါသည်။ စော်ဘွားအုပ်ချုပ်ရေးစနစ် ဆန့်ကျင်ရေးသမားက စော်ဘွားမျိုးတစ်ဦးနှင့် လက်ဆက်ခြင်းမှာ ဖြစ်တောင့်ဖြစ်ခဲသော ကံကြမ္မာဟု ဆိုရပေမည်။

ထွန်းမြင့်သည် ရာထူးမှ နုတ်ထွက်ပြီးနောက် အတန်ကြာ ရန်ကုန်၌နေပြီး အတိုက်အခံအဖွဲ့သို့ဝင်၍ အမေရိကန်ဘက်လိုက်သော အစိုးရကို ဝေဖန်ခဲ့ပါသည်။ ၁၉၅၂ ခုတွင် တောင်ကြီးပြန်၍ ထိုနှစ်တွင်ပင် သမီးကလေးစပယ် မွေးပါသည်။

၁၉၆၂ ခု မတ်လ ရန်ကုန်၌ ကျင်းပသည့် "အမျိုးသားဆွေးနွေးရေးညီလာခံ" သို့ ထွန်းမြင့်သည် ရှမ်းပြည်နယ်ကိုယ်စား လှယ်တစ်ဦးအဖြစ် တက်ရောက်ခဲ့ပါသည်။

မောင်မောင်ညွန့်ထံမှ နောက်မှ ကြားသိရသည့်ကိစ္စဖြစ်သော်လည်း တိုကျိုရှိနိုင်ငံတကာကျောင်း၌နေတုန်းက သိခဲ့သော Marion သည် ထွန်းမြင့်က မြန်မာပြည် ပြန်ရောက်ပြီးနောက်ပိုင်းတွင်လည်းကောင်း သူမက ဂျပန်ပြည်၌ အိမ်ထောင်ကျပြီးနောက်ပိုင်း၌လည်းကောင်း ထွန်းမြင့်နှင့် စာရေးအဆက်အသွယ်လုပ်နေသည်ဟု ဆိုပါသည်။ မြန်မာပြည်၌ အာဏာသိမ်းသည့်ကိစ္စဖြစ်ပြီးနောက် အဆက်



အသွယ် ပြတ်သွားသဖြင့် စိတ်ပူမိသော Marion သည် မောင်မောင်ညွန့်ထံ စာရေး၍ ထွန်းမြင့်အကြောင်း မေးမြန်းလေသည်။ သို့သော် ၎င်းသည် အကြောင်းပြန်ဝံ့ပေ။ "Marion စိတ်ပူခြင်းကို ...မိုနက်ရှိုင်းစေမည် ဖြစ်၍ ဖုံးကွယ်ထားခြင်းက ယောက်ျားတို့၏ မိတ်ဆွေစိတ်ဓာတ်ပဲ"ဟု ဆိုလေသည်။ Marion ထံမှ အဆက်အသွယ်လည်း များ မကြာမီပြတ်သွားလေသည်။

"ထောင်မှထွက်လာပြီးနောက် ထွန်းမြင့်သည် တောင်ကြီးမှ မိသားစုနှင့် ပြန်လည်နေထိုင်ကာ စာရေးစာဖတ်ဘဝ၌ ပျော်မွေ့လေသည်။ ၁၉၈၅ ခုနှစ်တွင် ၎င်း၏ ချစ်လှစွာသော ဇနီးကို ဆုံးရှုံးလေသည်"

စကားဆုံးသည်အထိ သဘောကောင်းစွာ နားထောင်နေသော မိသားစု

---

"ဂျပန်နဲ့ အမေရိကန်၊
ဥရောပမှာ အသံပျောက်သွားသူတို့
လည်ချောင်းထဲမှ လေနှင့်
စကားအသံထွက်ပြောနည်း
သင်ကြားပေးပါသည်။
တော်တော်တော့လေ့ကျင့်ရတယ်။
ဒါပေမဲ့ စကားကောင်းကောင်း
ပြောနိုင်သွားတဲ့
လူတော်တော်များများ
ကျွန်မတွေ့ဖူးတယ်။

---



အားလည်းကောင်း၊ ဒုက္ခခံ၍ ကူညီသော ထွန်းမြင့်အားလည်းကောင်း၊ ကျေးဇူးတင်သောစိတ် အပြည့်အဝဖြင့် ဟိုတယ်၌ပင် နေ့လယ်စာအတူအကွ စားသုံးကြပါသည်။

"နောက်တစ်ခါ ရှမ်းပြည်နယ် လာတဲ့အခါ တောင်ကြီးက ကျွန်တော့်အိမ်ကို ကြွခဲ့ပါ။ အဲဒီအချိန်ကျတော့ ကျွန်တော့်အသံလည်း ပြန်ကောင်း သွားမှာမို့ စကားဆက် ပြောကြသေးတာပေါ့"

မိသားစုကလည်း . . .

"နောက်ထပ်တွေ့ဖို့ရန် မျှော်လင့်နေပါမယ်"

ဟုဆို၍ အားလုံးထွန်းမြင့်၏ သမက်တင်ကြည်လှိုင်မောင်းသောကားနှင့် ပြန်သွားကြလေသည်။

**နောက်တစ်ကြိမ်တွေ့ဆုံခြင်း**

နောက်တစ်နှစ်အကြာ ၁၉၉၅ ခု ဒီဇင်ဘာလ မြန်မာပြည်ပြန်ရောက်သည့်အခါ တောင်ကြီးရှိ ထွန်းမြင့်အိမ်သို့ သွားရောက်ခဲ့ပါသည်။ မသွားမီ ၎င်း၏ အိမ်သားတို့နှင့် အဆက်အသွယ် ယူကြည့်၍ သိရှိရသည်မှာ လုံးဝ အသံမထွက်တော့ဟု သိရှိရပါသည်။ လူကိုယ်တိုင်တွေ့ရသောအခါ ကျွန်မကိုယ်တိုင်လည်း အသံမထွက်တော့ပါ။ ယခင်ခြောက်လခန့်က လည်ချောင်းတွင် အနာတွေ့၍ အသံ



ကြောတို့ကို ဖြတ်လိုက်ရသည်ဟု ဆိုပါသည်။ တစ်ယောက်တည်းနေသော ၎င်း၏အိမ်သို့ သမီးစပယ်နှင့် ယောက်ျားတို့က တစ်ယောက်တစ်လှည့်စီ ထမင်းသုံးနပ်လာပို့ပြီး ဖခင် စိတ်မငယ်ရအောင် ညလာအိပ်ပေးသည် ဆိုပါသည်။

ကျွန်မလာမည့်အကြောင်းကို သိထားသော ထွန်းမြင့်သည် အင်္ဂလိပ်စာဖြင့် ရေးထားသော စာရွက်နှစ်ရွက်ကို အားနည်းသောလက်ဖြင့် လှမ်းပေးပါသည်။ ဖတ်ကြည့်ရာ လည်ချောင်းခွဲစိတ်ကုသရ၍ အသံပျောက်သွားသည့်အကြောင်းအရာခပ်သိမ်းထက် စိုးရိမ်သည့်ကိစ္စမှာ အသိမိတ်ဆွေတို့က မေ့သွားတော့မည်လားဟု ကျွန်မအား စကားဆက်မပြောနိုင်သည်ကို တောင်းပန်ကြောင်း အစရှိသည်ပါ ရှိပါသည်။

"ဂျပန်နဲ့ အမေရိကန်၊ ဥရောပမှာ အသံပျောက်သွားသူတို့ လည်ချောင်းထဲမှ လေနှင့်စကားအသံထွက် ပြောနည်းသင်ကြားပေးပါသည်။ တော်တော်တော့ လေ့ကျင့်ရတယ်။ ဒါပေမဲ့ စကားကောင်းကောင်းပြောနိုင်သွားတဲ့ လူတော်တော်များများ ကျွန်မ တွေ့ဖူးတယ်။ ရန်ကုန်မှာများ အဲဒီလိုဆရာများ ရှိသလား။ သက်ထွန်းတို့ မောင်မောင်ညွန့်တို့ကို မေးကြည့်ရမယ်"ဟု ကျွန်မက ပြောကြားရာ ထွန်းမြင့်သည် ညှိုးနွမ်းသော မျက်နှာတွင် မှေးမှိန်သော မျှော်လင့်ချက်အရောင်ကလေးကို ပြလျက် ခေါင်းညိတ်လေသည်။

ရန်ကုန်ရောက်၍ ၎င်းတို့နှစ်ယောက်အား စကားပြောကြည့်ရာ သက်ထွန်းက "ကျွန်တော့်ဦးလေးလည်း ဒီလိုရောဂါပဲ။ အသံပြန်ထွက်ဖို့ စကားပြန်သင်ရတာပဲ။ အဲဒီဆရာနဲ့ အမြန်တိုင်ပင်ကြည့်ရမယ်" ဟု ဆိုပါသည်။

သို့သော် ကျွန်မ ဂျပန်ပြည်ပြန်ရောက်ပြီး မည်သူ့ထံကမှ သတင်းမရပါ။ သူတို့ပြောသလို မဖြစ်လို့ဘဲလားမသိ။ ကျွန်မ စိတ်ထဲမှာတော့ ထွန်းမြင့်၏ စိတ်မချမ်းမြေ့သောမျက်နှာပဲ မြင်နေပါသည်။

(Literary Coterie Magazine ၁၉၉၆ ခု အတွဲ(၆)ပါ၊ Mrs. Yuriko Nemoto "အရှေ့တောင်အာရှမှ ပညာတော်သင်များ(၂)" ကို ဘာသာပြန်ဆိုသည်။)

ဦးသက်ထွန်း

အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်း
မြန်မာတစ်ဦး၏ ကမ္ဘာ့အမြင်
A Myanmar Looks at Others
အင်္ဂလိပ် + မြန်မာ ၂ ဘာသာတွဲ
စာမူ ခွင့်ပြုချက်အမှတ် ၅၄/၀၄/ (၅)
ထွက်နေပါပြီ

အပြောင်းအလဲတစ်ခုမှာ
ခရစ်နှစ် ၁၂၁၅ ခုနှစ်တွင် အင်္ဂလန်ကိုအောင်နိုင်သည့် ဘုရင်ဝီလျံ၏
မြစ်တော်၏မြစ်တော် ဂျွန်လက်ထက်တွင်မှ "မဟာပဋိညာဉ်" ဟုခေါ်သော
**The Great Charter** ကို လက်မှတ်ထိုးဖြစ်ခြင်းဖြစ်သည်။

# မဟာပဋိညာဉ်

**တင်မောင်မြင့်**

အင်္ဂလန်နိုင်ငံနှင့် အင်္ဂလိပ်လူမျိုးဟူ၍ ဖြစ်ပေါ်လာအောင် အချိန်အများကြီး ယူခဲ့ရလေသည်။ အလွန့်အလွန်နှေးကွေးသော အပြောင်းအလဲများကို ဖြတ်ကျော်ခဲ့ရသည်။ ပမာပြစရာ အပြောင်းအလဲတစ်ခုမှာ ခရစ်နှစ် ၁၂၁၅ ခုနှစ်တွင် အင်္ဂလန်ကို အောင်နိုင်သည့် ဘုရင်ဝီလျံ၏ မြစ်တော်၏မြစ်တော် ဂျွန်လက်ထက် တွင်မှ 'မဟာပဋိညာဉ်' ဟု ခေါ်သော The Great Charter ကို လက်မှတ်ထိုးဖြစ်ခြင်းဖြစ်သည်။ သည်စာချုပ်ဖြစ်ပေါ်လာပုံမှာ ဤသို့ဖြစ်သည်။

ဂျွန်၏နာမည်မှာ 'မြေမဲ့ဂျွန်' (John Lackland) ဖြစ်သည်။ ဒုတိယ ဟင်နရီဘုရင်၏ သားတော်ငါးပါးအနက် အငယ်ဆုံးဖြစ်သည်။ သူ့ကို အင်္ဂလန်ပြည့်ရှင် ဘုရင်မင်းမြတ်ဖြစ်လာမည်ဟု ဘယ်သူမျှ မမျှော်လင့်ခဲ့ကြပေ။ 'မြေမဲ့ဂျွန်' ဟူသည့် နာမည်ကိုက သူ့ကံကြမ္မာနိမိတ်နှံ့ချာပုံကို ပြနေသည်။ သူ့ကိုမွေးဖွားစဉ် အခါက ခမည်းတော်ဘုရင်ကြီးတွင် သူ့အတွက် အမွေပေးစရာ၊ မြေယာစဉ်းငယ်မျှ မကျန်တော့ဟု အဆိုရှိသည်။ ထို့ကြောင့် သည်အမည်တွင်ဟန်ရှိသည်။

သို့သော် ဂျွန်သည် ဘုရင်ဖြစ်ဖို့ဇာတာပါလာသူဖြစ်သည်။ ဖခင်ဟုရင်ကြီး နတ်ရွာမစံမီ နောင်တော်သုံးယောက်တို့ ကွယ်လွန်သွားကြသည်။ စတုတ္ထအစ်ကို ရစ်ချတ်သည် ၁၁၈၉ ခုနှစ်တွင် ပထမရစ်ချတ်ဘုရင်အဖြစ် နန်းတက်လာသည်။ ယိုဘုရင် ရစ်ချတ်မှာ စစ်မြေပြင်တွင် အပြောက်တရားကင်းမဲ့စွာ ရှပ်ရှပ်ချွံချွံ တိုက်ခိုက်မှုကြောင့် မဟာသူရဲကောင်းရစ်ချတ်ဟု နာမည်ကြီးသူ (Richard the lion Hearted)ဟုတွင်သည်။ သို့သော် ရစ်ချတ်၏ သူရသတ္တိကြောင့် တိုင်းသူပြည်သားများ ဝန်ပိကြရသည်။

အင်္ဂလိပ်အခွန်ထမ်းများသည် စစ် သွေးကြွဘုရင် ရစ်ချတ်၏ စစ်စရိတ်များကို ပေးဆောင်ကြရသည်။ တစ်ခါတွင် ခရူဆိတ်စစ်ပွဲတစ်ပွဲကို အနိုင်တိုက်ပြီး ပြန်အလာ အပြန်လမ်းတွင် သူ့ကို ရန်သူတွေက မိသွားသည်။ ရွေးမငွေတွေ ပုံပေးပြီး ရွေးယူရသည်။ သည်ငွေတွေကိုလည်း ပြည်သူတွေက ကျခံရ၏။

အင်္ဂလန်ကို ပြန်ရောက်ရောက်ချင်း သူက နောက်ထပ် စွန့်စားခန်းတစ်ခုဖွင့်ပြန်သည်။ သူ့စီမံကိန်းမှာ ပြင်သစ်ကို တိုက်ခိုက်သိမ်းပိုက်ဖို့ဖြစ်၏။ သည်စစ်ပွဲအတွက်လည်း ဘုရင်ရစ်ချတ်၏ အခွန်မှုးတွေက အခွန်တွေ တိုးကောက်ရပြန်သည်။ ပြည်သူတွေ ချူသံပါအောင် ညည်းကုန်ကြပြီ။

၁၁၉၉ ခုနှစ် စစ်ပွဲတွင် ရစ်ချတ်ဒဏ်ရာရသည်။ သည်ဒဏ်ရာဖြင့်ပင် ရစ်ချတ်ဘုရင်နတ်ရွာစံလေသည်။ ဤသို့ဖြင့် အင်္ဂလန်နိုင်ငံ၏ သရဖူသည် ဂျွန်၏ခေါင်းပေါ်သို့ ရောက်လာလေတော့သည်။ သို့သော် ထိုသရဖူမှာ ကြွေးတွေနှင့်နေသည့် သရဖူ ဖြစ်သည်။

သည်ကြွေးတွေဆပ်ဖို့မှာ ဂျွန်၏တာဝန် ဖြစ်လာတော့သည်။ အင်္ဂလန်နိုင်ငံ၏ ဘုရင်တစ်ပါးအနေဖြင့် သူ့တွင် ငွေရှာဖို့ ရပေါက်ရလမ်းတွေ အများကြီးရှိသည်။ မြေပိုင်ရှင်အားလုံးက ဘုရင်ကို သသမေဒ အခွန်တော်ဆက်ကြရသည်။ ကုန်ပစ္စည်းတွေကို ဘုရင်က အောက်ဈေးနှင့်ဝယ်ပြီး အမြတ်တင်ရောင်းသည်။ ရဲတိုက်ကြီးတွေကို ပြည်သူတွေက ဆောက်ပေးရသည်။ သူ လိုအပ်သည့်အခါ မြင်းတွေ လှည်းတွေ ဆင်ပေးရသည်။ သည်လိုကိစ္စအဝဝကို ဂျွန်က သူကိုယ်တိုင် ဆုံးဖြတ်သည်။

ငွေရဖို့ နည်းလမ်း အသွယ်သွယ် သုံးပြီး ဂျွန်ကစီးပွားရေး တောင့်တင်း အောင် လုပ်သည်။ ဝန်ဆောင်မှုများအတွက်လည်း သူကငွေယူသည်။ စုဆောင်းသည်။ ပြည်သူတွေကြားတွင် ဖြစ်ပွားသည့် အမှုအခင်းများတွင် ဘုရင့်တရားသူကြီးများက အဆုံးဖြတ်ပေးရသည်။ သည်အတွက် ဘုရင် ... ပြည်သူက ဝန်ဆောင်မှုပေးရသည်။ ဘုရင့်တရားသူကြီးများမပါလျှင် ပြည်သူ ...မှ အမှုအခင်းများကို ဖြေလည်အောင် ...ယ်သူမျှ မလုပ်နိုင်ကြ။



ဂျွန်၏ ငွေရှာပုံရှာနည်းကို အင်္ဂလန် ...သူကောင်းမျိုး မြေပိုင်ရှင်ကြီးများ၊ ...နမတ်များက မလိုလားကြ။ ဆန့်ကျင် ...က် ဖြစ်လာကြသည်။ ထို့ထက် ပို၍ ...းသည်မှာ ဂျွန်က တတိယမြောက် ...ာန်းမင်းနှင့် ရန်ဖြစ်ခြင်းဖြစ်သည်။ သည် ...ပွဲကြောင့် ဘုရားကျောင်းမှ ပြည်နယ် ...ဏ်းချုပ်ရွေးသည့်စနစ် ပေါ်လာသည်။ ...ည်နယ်ဂိုဏ်းချုပ်သည် အင်္ဂလန်ဘုရား ...ျောင်း (Church in England) ခေါင်း ...ဆောင်နှစ်ဦးအနက် အာဏာအရှိဆုံး ...စ်ဦး ဖြစ်လာသည်။

အစဉ်အလာအရ ပြည်နယ်ဂိုဏ်း ...ကို ဘုရားကျောင်းရဟန်းတော်များက ...ွေးချယ်ပေးရသည့် အချိန်ရှိခဲ့ဖူးသည်။ ...့သော် ဘုရင်ကရွေးချယ်အတည်ပြု ...းသည်ကများသည်။ ၁၂၀၅ ခုနှစ်တွင် ...န်းတော်ကြီးများက ပြည်နယ်ဂိုဏ်းချုပ် ...စ်ပါး ရွေးသည်။ ဘုရင်ဂျွန်က နောက် ...စ်ပါး ရွေးသည်။ ဤတွင် ရဟန်းမင်းက ...တိယတစ်ပါးရွေးဖို့ အဆိုပြုပြီး သူ့ ...ကြိုက် ရွေးလိုက်သည်။

သို့သော် ဘုရင်ဂျွန်က ရဟန်းမင်း ...ွေးသည့် စတီဖင်လင်တန် (Stephen-...ngton) ဆိုသူအား အင်္ဂလန်နိုင်ငံ ...တွင်းသို့ ဝင်ခွင့်မပြုဘဲ ငြင်းပယ်လိုက် ...သည်။ ပြီးတော့ ဘုရားကျောင်းမှ ရဟန်း ...းအား တိုင်းပြည်တွင်းမှ ထွက်သွားရန် ...မိန့်ထုတ်လိုက်သည်။ ထိုအခါ ရဟန်းမ...င်းက တားမြစ် ကန့်သတ်မိန့် (Interdict) တစ်ခု ထုတ်ပြန်လိုက်သည်။ အမိန့်မှာ အင်္ဂလန်တွင် မည်သူတစ်ဦး တစ်ယောက်မျှ ဘုရားကျောင်း၏ တိကျသော ဘာသာရေး အစဉ်အလာမပါဘဲ ရေနှစ်ရေဖျန်းမင်္ဂလာ ပြုလုပ်ခွင့်မရှိစေရ။ လက်ထပ်ထိမ်းမြားခွင့်မရှိစေရ။ ဖုတ်ကျည်း သင်္ဂြိုလ်ခြင်းမပြုရဟူသည့် တားမြစ်မိန့်ဖြစ်သည်။

သည်အမိန့်ကြောင့် ဂျွန်သည် ဒေါသအမျက် ချောင်းချောင်းထွက်လေတော့သည်။ ထီးဆောင်းမင်းတစ်ပါး၏ အခွင့်အာဏာကို သုံးပြီး ဘုရားကျောင်းပိုင်မြေအားလုံးကို သိမ်းယူလိုက်သည်။

ခုနစ်နှစ်ကြာသည့်အခါ ဂျွန်က ရဟန်းမင်းနှင့် ပြေငြိမ်းလိုက်ပြီး စတီဖင်လင်တန်ကို အင်္ဂလန်သို့ ဝင်ခွင့်ပြုလိုက်သည်။ သို့သော်လည်း ဂျွန်သည် ထိုအချိန်တွင် ရက်စက်သော၊ ကောက်ကျစ်သော ဘုရင်တစ်ပါး၏ အသွင်ကို ဆောင်ထားလေပြီ။ အင်္ဂလန်နိုင်ငံ၏ သူကောင်းမျိုး မှူးမတ်တွေ၊ မြေပိုင်ရှင်ကြီးတွေ ပို၍ မကျေမနပ် ဖြစ်လာကြသည်။ တိုင်းပြည်နှင့် လူမျိုးအတွက် သူတို့မှာ ပြောရေးဆိုခွင့်ရှိသည်ဟု စတင် သဘောပေါက်လာကြသည်။ သည်ဘုရင်၏ အန္တရာယ်မှ သူတို့ကိုယ်သူတို့ ကာကွယ်ဖို့ နည်းလမ်းတွေ ရှာလာကြသည်။

အဖြေရှာပေးသူမှာ စတီဖင်လင်တန် ဖြစ်သည်။ လင်တန်သည် ဂျွန်၏ အမိက အတိုက်အခံ ဖြစ်လာသည်။ လင်တန်က ထောက်ပြသည်။ ဂျွန်၏ အဘိုး၏ အဘိုးဖြစ်သော ပထမမြောက် ဟင်နရီဘုရင်က ၁၁၀၀ ခုနှစ်တွင် စာချုပ်တစ်ခုကို လက်မှတ်ရေးထိုးခဲ့သည်။ သည်စာချုပ်တွင် ဘုရင်က သူကောင်းမျိုးများ၊ မြေပိုင်ရှင်များကို လွတ်လပ်ခွင့် ပေးပါမည်ဟု အသိ

အမှတ်ပြုခဲ့သည်။

'ဘာကြောင့် သည်စာချုပ်ကို ဘုရင်ဂျွန်က အသိအမှတ်မပြုဘဲ နေရမည်လဲ' ဟူသည့် မေးခွန်းကိုတင်လာသည်။ မှူးမတ်သူကောင်းမျိုးများ၊ မြေပိုင်ရှင်များက သည်အချက်ကိုကိုင်ပြီး စာချုပ်အသစ်ချုပ်ဆိုဖို့ စိုင်းပြင်းတော့သည်။ သည်စာချုပ်က ဘုရင်၏ တာဝန်ဝတ္တရားများကို ရှင်းရှင်းလင်းလင်း သတ်မှတ်ပေးမည်။ သူကောင်းများ၊ မြေရှင်များအတွက် ဘုရင်လုပ်ပေးရမည့် တာဝန်များကို သတ်မှတ်ပေးမည်။ သူကောင်းမျိုးများ၊ မြေရှင်များက သူတို့ လက်အောက်မှ ပြည်သူများအတွက် မည်သည့်တာဝန်များ ယူရမည်ကိုလည်း သတ်မှတ်ပေးမည်။ သူကောင်းမျိုးများ၊ မြေရှင်များက ဘုရင်ကို လက်မှတ်ထိုးခိုင်းမည်။ လက်မှတ် မထိုးလျှင် သို့မဟုတ် လက်မှတ်ထိုးပြီး စာချုပ်ပါအတိုင်း မလိုက်နာလျှင် ဘုရင်ကို ဖြုတ်ချမည်။

ဂျွန်က သူတို့ကို အားစမ်းခွင့် ပေးလိုက်သည်။ သူက ပြင်သစ်ကို သိမ်းပိုက်ဖို့ စစ်ချီသည်။ ပြင်သစ် စစ်မြေပြင်မှ စစ်စားရိတ်တွေ ထပ်ပို့ရန် တိုင်းပြည်သို့ ပြန်တောင်းသည်။ သို့သော် မြို့စား နယ်စား၊ သူကောင်းများက ရုတ်တရက် မပို့ဘဲ နေသည်။ သည်အတွက်ကြောင့် ပြင်သစ်တွင် ဂျွန်စစ်ရှုံးရလေတော့သည်။ အင်္ဂလန်သို့ ဂျွန် ပြန်ရောက်လာချိန်တွင် ကြွေးပတ်လည် ဝိုင်းနေလေပြီ။ ငွေရှာရတော့မည်။

ဤတွင် သူကောင်းများ၊ မြို့စား နယ်စားများအတွက် အခွင့်အခါသင့်လာလေတော့သည်။ အခွန်အတုတ်တွေ မပေးဖို့ အားလုံး သဘောတူလိုက်ကြသည်။ ထို့မှ တစ်ဆင့်တက်၍ သူတို့ သဘောတူညီချက်အတိုင်း ဘုရင်က မလိုက်နာလျှင် ပုန်ကန်ခြားနားမည်ဟု ရာဇသံ ပေးလိုက်သည်။ သူတို့၏ ရဲတိုက်ကြီးများကို ခံတပ်များသဖွယ် အခိုင်အခံ့ တည်ဆောက်ပြီး စစ်ပြင်ကြလေတော့သည်။

ဂျွန်က အာဏာကို လက်မလွှတ်ချင်။ သို့သော် သူ လျှော့မပေးလျှင် တိုင်းပြည်နာမည်ကို သဘောပေါက်သည်။

ထို့ကြောင့် အတိုက်အခံတို့နှင့် တွေ့ဆုံ ဆွေးနွေးရန် 'ထန်း' မြစ်ကမ်း နံဘေးတစ်နေရာတွင် ချိန်းဆိုလိုက်သည်။ လန်ဒန် မှ မိုင်နှစ်ဆယ်ဝေးသည့် 'ရန်နီမိဒေသ' တွင် ဖြစ်သည်။

ထိုစခန်းတွင် မှူးမတ်သူကောင်းများ၊ မြေရှင်များက သူတို့၏ တောင်းဆိုချက်ကို ဘုရင့်အား ဆက်သကြသည်။ ယင်း 'စာရွက်ပေါ်'တွင် ဘုရင်က တံဆိပ်နှိပ်ခဲ့သည်။ ပြီးတော့ ဘုရင်နှင့် သူကောင်း မှူးမတ် မြေရှင်တို့ အသေးစိတ်တွေကို ရက်ပေါင်း များစွာ ဆွေးနွေးကြသည်။ ဤသို့ဖြင့် တစ်ပတ်အတွင်း မဟာပဋိညာဉ်စာချုပ်ကို အချောသတ်နိုင်ခဲ့ကြသည်။

မဟာပဋိညာဉ်သည် ဘုရင်၏အာဏာကို ထိန်းချုပ်ကန့်သတ်လိုက်သည့် စာချုပ်တစ်ခုဖြစ်လေသည်။ ဂျွန်သည် ဘုရားကျောင်း၏ လွတ်လပ်မှု အန္တရာယ်မပြုနိုင်တော့ပေ။ သသ... အခွန်နှုန်းကို ထိပ်တန်းမြေပိုင်ရှင်ကြီးများ၊ သူကောင်းများနှင့် မဆွေးနွေးဘဲ ဘုရင် မသတ်မှတ်နိုင်တော့။ ကောက်ခံခြင်း မပြု နိုင်တော့။ ဘုရင့်ဘက်မှအရာရှိများ ရွေးချယ်ရာတွင် 'နိုင်ငံတော်၏ ဥပဒေကို နားလည်သူများ၊ ကောင်း... လေ့လာ စူးစမ်းနိုင်သူများကိုသာ ရွေး...

ရမည်' ဟု ပဋိညာဉ်က ဆိုထားသည်။ လက်တွေ့တွင် တွေ့ရှိလာရသောပြဿနာများ ဖြေရှင်းပြီး ယင်းတို့ကို ဥပဒေအဖြစ် ပြဋ္ဌာန်းသတ်မှတ်ရမည်။

ပဋိညာဉ်အရ ဘုရင်သည် ပြည်သူများကို 'လွတ်လပ်သည့်လူများ' ဟု အသိအမှတ် ပြုရမည်။ ယင်းတို့တွင် အများပြည်သူနှင့်အတူ သူကောင်းများ မြို့စားနယ်စားများလည်း ပါဝင်သည်။ ဘုရင်သည် 'လွတ်လပ်သောလူများ' ကို ဥပဒေအရ တရားစီရင်ခြင်းမပြုဘဲ ထောင်ချခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်း မပြုလုပ်နိုင်တော့ပေ။ အဓိပ္ပာယ်မှာ လူတစ်ယောက်ကို အထောက်အထားမခိုင်လုံဘဲ ဘုရင်က ထောင်မချနိုင်တော့ပေ။ ယခင်ကလို သူ့ကို ဒဏ္ဍပေးသူတိုင်းအား ဖမ်းဆီးချုပ်နှောင်ခြင်း မပြုနိုင်တော့။

သည်အချက်တွေကို ဘုရင်က သဘောတူလက်မှတ်ရေးထိုးသည်။ သို့သော် ဂျွန်နှင့် သူကောင်းမှူးမတ်များအကြားမှ ပဋိပက္ခများကို မဟာပဋိညာဉ်စာချုပ်က ဆုံးခန်းတိုင်အောင် အကောင်အထည် ဖော်မပေးနိုင်ခဲ့ပေ။ ၁၂၁၆ ခုနှစ် အောက်တိုဘာလတွင် မက်မွန်သီးနှင့် ပန်းသီးအရက် အလွန်အကျွံသောက်မိသဖြင့် ဘုရင်နတ်ရွာစံသွားသောကြောင့် ဖြစ်သည်။

သို့သော် မဟာပဋိညာဉ်သည် ဆက်လက်၍ အသက်ရှင်ခဲ့လေသည်။ မြို့စား နယ်စား သူကောင်းများက စာချုပ်ကို ဆက်လက် ထိန်းသိမ်းထားခဲ့သည်။ မည်သည့် အပြောင်းအလဲမျှ ထပ်မံ ဖြည့်စွက်ခြင်းမပြုဘဲ အကာအကွယ် ပေးထားခဲ့သည်။ ဤသို့ဖြင့် မဟာပဋိညာဉ်သည် အင်္ဂလိပ်လူမျိုးတိုင်း မမေ့နိုင်သည့် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်လာခဲ့သည်။ ပြည်သူက ပြည်သူ့အခွင့်အရေးကို နားလည်လာပြီး ဘုရင်က ပြည်သူ့အခွင့်အရေးကို လေးစားလာရတော့သည်။ ဤသို့ဖြင့် ဘုရင်ကိုယ်တိုင် ဥပဒေစိုးမိုးမှုအောက်သို့ ရောက်လာရလေတော့သည်။

ထိုရာစုနှစ် နောက်ပိုင်းတွင် အင်္ဂလိပ်လူမျိုးတို့သည် သူတို့ဥပဒေကို သူတို့ပြဋ္ဌာန်းနိုင်ဖို့ အခွင့်အလမ်းများ ပေါ်လာခဲ့လေသည်။ ပါလီမန်ပေါ်ပေါက်လာခြင်း ဖြစ်၏။ ပါလီမန်ဟူသည့် စကားမှာ ပြင်သစ်စကားဖြစ်သည်။ အဓိပ္ပာယ်မှာ 'စကားပြောခြင်း' သို့မဟုတ် 'ဆွေးနွေးခြင်း' ဖြစ်သည်။ အင်္ဂလန်တွင်တော့ ဘုရင့်ကောင်စီ အစည်းအဝေးဟူသည့် အဓိပ္ပာယ်ကို ဆောင်လာသည်။

ရှေးရှေးက ဘိုးလောင်းတော် ဘေးလောင်းတော် ဘုရင်များအတိုင်း ပထမ ဧဒွတ်ဘုရင်သည်လည်း မဟာဘုရင့်ကောင်စီ ဖွဲ့စည်းထားသည်။ ဘုရားကျောင်းမှ ကိုယ်စားလှယ်များနှင့်

## မဟာပဋိညာဉ်နှင့် ပါလီမန်သည် တစ်ဦးတစ်ယောက်တည်း အုပ်ချုပ်သည့်စနစ်မှ ဥပဒေဖြင့် အုပ်ချုပ်သည့်စနစ်သို့ ကူးပြောင်းရာတွင် များစွာအထောက်အကူပြုခဲ့လေသည်။ တစ်ပြိုင်တည်းတွင် အင်္ဂလိပ်လူမျိုးများအား စည်းလုံးညီညာစေခဲ့သည်

သူကောင်းမှုူးမတ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ၁၂၉၅ ခုနှစ်မှစ၍ သည်ကောင်စီကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။ နိုင်ငံနှင့် အဝှမ်းမှ ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ဖို့ ဘုရင်မင်းမြတ်က အမိန့်တော်ချမှတ်လိုက်သည်။ လွတ်လပ်သော ပြည်သူများက သူတို့ကိုယ်စား ပါလီမန်တက်ဖို့ ကိုယ်စားလှယ်များ ရွေးချယ်ကြရမည်။

ပြည်သူ့ကိုယ်စားလှယ်များအား ဘုရင်က ဆင့်ခေါ်ပြီး ပထမဆုံးပါလီမန်ကို ကျင်းပသည်။ မကြာမတင် အတွင်း အင်္ဂလိပ် ပါလီမန်တွင် အုပ်စုနှစ်စုကွဲသွားသည်။ သူကောင်းမျိုးများက အထက်လွှတ်တော် (House of Lords)၊ စစ်သည်သူရဲများနှင့် သာမန်ပြည်သူများက အောက်လွှတ်တော် (House of Commons) ဟူ၍ လွှတ်တော်နှစ်ရပ် ဖြစ်လာသည်။ ပါလီမန်သည် အင်္ဂလိပ် အစိုးရ၏ အုတ်မြစ်ဖြစ်လာတော့သည်။

ရေရှည်တွင် မဟာပဋိညာဉ်နှင့် ပါလီမန်ပေါ်လာခြင်းသည် ဘုရင့်အာဏာစက်ကို သတ်မှတ်ရာတွင် အထောက်အကူ ဖြစ်ခဲ့လေသည်။ မဟာပဋိညာဉ်နှင့် ပါလီမန်သည် တစ်ဦး တစ်ယောက်တည်း အုပ်ချုပ်သည့်စနစ်မှ ဥပဒေဖြင့် အုပ်ချုပ်သည့်စနစ်သို့ ကူးပြောင်းရာတွင် များစွာအထောက်အကူပြုခဲ့လေသည်။ တစ်ပြိုင်တည်းတွင် အင်္ဂလိပ်လူမျိုးများအား စည်းလုံးညီညာစေခဲ့သည်။ ဤသို့ စည်းရုံးမှုဖြင့် အင်္ဂလန်သည် လည်းကောင်း၊ အင်္ဂလိပ်လူမျိုးသည်လည်းကောင်း ကမ္ဘာပေါ်တွင် အခိုင်အမာ ရပ်တည်နိုင်လာခဲ့လေသည်။

*Source* :- The Age of Europe
*From* : World History Program

တင်မောင်မြင့်

# ဘုရားသခင်. . .
# ဘုရင်ကေရာဇ်နှင့်ပြည်သူ

အပိုင်း(၁၆)

**မောင်စိုးမောင်**

**(၁၈)ရာစုခေတ်နှောင်း ဒီသနဲ့ဥပဒေအပြောင်း။**

(၁၈)ရာစုနှောင်းပိုင်းမှာ အင်္ဂလန်နဲ့ ရပ်ရှား PRUSSIA တို့က တစ်ဖက် ငင်သစ်နဲ့ သြစတြီးယား AUSTRIA ကတစ်ဖက် စစ်ဖြစ်ကြပါတယ်။ စစ်ပွဲက ) နှစ်ကြာပါတယ်။ 1763 ခုနှစ်မှာ းပါတယ်။ အဲဒီ (၇)နှစ်စစ်ပွဲ Seven ears' War အပြီးမှာ ပြင်သစ်တို့ဘက်က ံးပါတယ်။ ဒါကြောင့် စစ်ရှုံးတဲ့ ပြင်သစ် ာ သူ့ရဲ့ ကိုလိုနီလက်အောက်ခံဖြစ်တဲ့ ာမေရိကန်က စိန့်လောရင့်စ် St.Law-ence နဲ့ မစ်စစ်စပီမြစ်ဝှမ်းဒေသ Mis-ssippi Valleys တွေကို အင်္ဂလန်လက်ထဲ ့ပေးလိုက်ရပါတယ်။ နောက်ပြီးတော့ သည်း အိန္ဒိယကို စိုးမိုးအုပ်ချုပ်ဖို့ ပြင်သစ် ို့ရဲ့အကြံကိုလည်း စစ်နိုင်တဲ့အင်္ဂလန်က ရုန့်လွှတ်မဖြစ် စွန့်လွှတ်ရအောင် မရမက အားပေးတဲ့အတွက် စွန့်လွှတ်လိုက်ရ ါတယ်။

စစ်ပွဲအပြီးမှာ ပြင်သစ်ဘုရင်ဟာ သြစတြီးယား Austria နဲ့ ပူးပေါင်းစစ်ပွဲ ဝင်ခဲ့တဲ့အတွက် အဝေဖန် အပြစ်တင်ခံရ ပါတယ်။ အဲဒါအပြင် စစ်ကြွေးတွေလည်း တစ်ပုံတစ်ခေါင်းကြီး တင်ကျန်ရစ်ပါတယ်။ ဒါတွေဟာ ဘဏ္ဍာရေးပြဿနာတွေကို အလျှင်အမြန် ပေါ်လာစေတဲ့အပြင် လူမှုရေးပြဿနာတွေကိုလည်း ပေါ်လာစေပါတယ်။ ဒီပြဿနာတွေက ပြင်သစ်တော်လှန်ရေးကြီး French Revolution ပေါ်ပေါက်ဖို့ကို ဦးတည်စေခဲ့ပါတယ်။ ဒီလိုဖြစ်နေရတဲ့အထိမှာမှ ပြင်သစ်ပါလီမန်လို့ တစ်နည်းအားဖြင့် ခေါ်နေကြတဲ့ အထက်ရုံး(ဝါ) ဥပဒေအဆင့်မြင့်တရားရုံး higher law courts တွေဟာ ဘုရင်ရဲ့ဝန်ကြီးတွေနဲ့ မကြာခဏ အဆင်မပြေဖြစ်နေကြပါတယ်။ ဒီလို အဆင်မပြေဖြစ်နေချိန်မှာပဲ မှန်တက်စ်ကရားရဲ့ အာဏာခွဲဝေရေး

သဘောတရား Seperation of powers theory of Montesquier က ကျော်ကြားလာပါတယ်။ ဒီသဘောတရားကို အထက်ရုံးကလည်း သဘောအကျကြီး ကျလာနေကြပါတယ်။ ဒီအခါမှာ ဘုရင်ကို ဆန့်ကျင်ပြီးတော့ နိုင်ငံရေးလွတ်လပ်ခွင့် political liberty တွေကို အထက်ရုံးက တောင်းဆိုလာကြပါတယ်။ ဒါပေမဲ့ ဘုရင်က လက်မခံပါ။ လက်မခံတဲ့အပြင် တောင်းဆိုသူတွေကို ချက်ချင်းလက်ငင်းပဲ နှိပ်ကွပ်ပစ်လိုက်ပြီး သက်ဦးဆံပိုင်ဘုရင်စနစ်နဲ့ပဲ ဆက်အုပ်ချုပ်ပါတယ်။ အဲသလို အုပ်ချုပ်တာဟာ ပြင်သစ်တော်လှန်ရေးကြီး ဖြစ်တဲ့အထိပါပဲ။

အင်္ဂလန်ဟာ စစ်ပွဲနိုင်လိုက်တော့ နယ်မြေအများအပြားကို သိမ်းပိုက်လိုက်နိုင်ခဲ့ပါတယ်။ အဲဒါအပြင် ပင်လယ်ပြင်ကိုလည်း ပြိုင်ဘက်မရှိ စိုးမိုးနိုင်ခဲ့ပြီး ကမ္ဘာပေါ်မှာလည်း လက်အောက်ခံကိုလိုနီနိုင်ငံအများဆုံးကို ပိုင်ဆိုင်တဲ့နိုင်ငံအဖြစ်နဲ့ ထည်ထည်ဝါဝါ ရပ်တည်လာနိုင်ခဲ့ပါတယ်။ အဲသလို အင်အားကြီးလာတဲ့ အင်္ဂလန်မှာ တတိယမြောက် ဂျော့ gorge (1760) နန်းတက်လာတဲ့အခါမှာ ဘုရင့်ရဲ့တော်ဝင်တန်ခိုးအာဏာတွေ ပိုမိုကြီးထွားလာအောင် ကြိုးစားလာပါတယ်။ အဲသလိုကြိုးစားတဲ့အနေနဲ့ ပါလီမန်နဲ့ ဝန်ကြီးချုပ်တို့ရဲ့ အာဏာတွေကို ထိန်းချုပ်ကန့်သတ်လိုက်ပါတယ်။ အဲသလို လုပ်လိုက်တဲ့အတွက်ကြောင့် အငြင်းပွားမှုတွေ ပေါ်ပေါက်လာပြီး အင်္ဂလိပ်စနစ်ရဲ့သဘာဝနဲ့ တန်ဖိုး nature and value of Engilsh system တွေကို ပြန်သုံးသပ်လာကြပါတယ်။ အဲသလို ပြန်သုံးသပ်နေကြတဲ့ အချိန်မှာပဲ ဘုရင်ဟာ ပင်လယ်ရေကြောင်းသွားဥပဒေ Navigation Acts တွေကို ပိုပြီး တင်းတင်းကြပ်ကြပ်လုပ်လိုက်ပြန်ပါတယ်။ အဲဒါအပြင် ကနေဒါ Canada ကို ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်လိုက်ရတဲ့ စစ်စရိတ်တချို့တစ်ဝက်ကို အမေရိကန်တွေက မကျခံမဖြစ် စိုက်ထုတ်ကျခံရမယ်ဆိုပြီး တစ်ဖက်သတ် အမိန့်ထုတ်လိုက်ပါတယ်။ ဒီလို မဆီမဆိုင် အတင်းအဓမ္မကျခံစေလိုက်တာကို အမေရိကန်တွေက မကျေမနပ် ဒေါသဖြစ်ကြပါတယ်။ ဒီဒေါသတွေက အမေရိကန်တော်လှန်ရေး American Revolution ပေါ်ပေါက်ဖို့ကို မီးမွှေးပေးခဲ့တာပါပဲ။

(၇)နှစ် စစ်ပွဲမှာ အင်္ဂလန်နဲ့အတူ လက်တွဲတိုက်ပွဲဝင်ခဲ့တဲ့ ပရပ်ရှား Prussia ဟာ စည်းလုံးကျစ်လျစ်လာပြီး အင်အားတောင့်တင်းလာပါတယ်။ ပရပ်ရှားဘုရင်ဖြစ်တဲ့ မဟာဖရက်ဒရစ် Frederick the great ဟာ အဲဒီခေတ် အဲဒီအခါက စံပြုရတဲ့ အသိအမြင်ကျယ်တဲ့ သက်ဦးဆံပိုင် အာဏာရှင်ဘုရင် enlightened despots တစ်ပါးပါ။ သူနဲ့ခေတ်ပြိုင် အသိအမြင်ကျယ်တဲ့ သက်ဦးဆံပိုင်အာဏာရှင်ဘုရင်တွေကတော့ ရုရှားက ဒုတိယမြောက် ကက်သရင်း Catherine II of Russia ဩစတြီးယားက ဒုတိယမြောက် ဂျိုးဇက်ဖ် Joseph II of Austria နဲ့ စပိန်က တတိယမြောက် ချားလ်စ် Charles III of Spain တို့ ဖြစ်ကြပါတယ်။ ဒီဘုရင်တွေဟာ ဖီဆီရိုခရက် Physiocrats တွေရဲ့ လူမှုရေးနဲ့ စီးပွားရေးအမြင်တွေကို လက်ခံနှစ်သက်ကြပါတယ်။ နှစ်သက်ကြတဲ့အလျောက်လည်း သူတို့ရဲ့ ပြည်တွင်းမှာ ပြုပြင်ပြောင်းလဲရေး reforms တွေ အကျယ်အပြန့်လုပ်ခဲ့ကြပါတယ်။ ဒီအခါ



မှာ မြေကျွန်တွေရဲ့ အခြေအနေတွေဟာ ပြောင်းလဲလာကြပါတယ်။ အခွန်တော်ကောက်ယူတဲ့စနစ်ကလည်း တိုးတက်လာပါတယ်။ အုပ်ချုပ်ရေးနဲ့တရားစီရင်ရေး နည်းလမ်းတွေကိုလည်း ပြုပြင်လာပါတယ်။ ကူးသန်းရောင်းဝယ်ရေးနဲ့ ကုန်ထုတ်လုပ်ရေးတို့ကို တင်းကြပ်ထားတဲ့ ဥပဒေစည်းကမ်းတွေကိုလည်း လျှော့ချပေးလာပါတယ်။ နောက်ပြီးတော့လည်း မှူးကြီးမတ်ကြီးတွေနဲ့ ဘုန်းတော်ကြီးတွေရဲ့ အခွင့်ထူးခံပိုင်ခွင့်တွေကိုလည်း ကန့်သတ်ဖြတ်တောက်ပစ်လိုက်ပါတယ်။ ဒီအခါမှာ ဘုရားကျောင်းတော် Church ရဲ့ ဩဇာကို လျှော့ချလိုက်နိုင်တဲ့အပြင် ပုပ် Pope ဟာ ဘုန်းမင်းကြီးနဲ့ ဂျိုးဇက်စ်ဝါဒီ Jesuits တွေရဲ့ လှုပ်ရှားမှုတွေကိုလည်း တားဆီးကန့်သတ်နိုင်ခဲ့ပါတယ်။

အဲဒီခေတ် အဲဒီအခါက ဘုရင်တွေကြားမှာ အသိအမြင်ကျယ်ပြီး ဆင်ခြင်တုံတရားနဲ့ပြည့်စုံတဲ့တွေးခေါ်ရှင် rational philosophers of the enlightment တွေအဖြစ်နဲ့ တိုင်းပြည်ကို စောင့်ရှောက်အုပ်ချုပ်ဖို့ အမြင်တွေခေတ်စားနေပါတယ်။ အဲဒီအခါမှာ အစိုးရအပေါ်ကို နိုင်ငံရေးတွေးခေါ်ရှင်တွေက လက်တွေ့ကျကျ ဩဇာပေးလာကြတာတွေကို စတင်တွေ့ရှိလာပါတယ်။ ဘယ်လို တွေ့လာရသလဲဆိုတော့ တာဂေါ့ Turgot ကို လူဝီ (၁၅) Louis XV ဘုရင်ရဲ့လက်အောက်မှာ ဘဏ္ဍာရေးဝန်ကြီးအဖြစ် ခန့်အပ်တာမျိုး တွေ့လာရပါတယ်။ ဒီအခါမှာ တာဂေါ့အနေနဲ့ ဖိဆီရိုခရက်တွေရဲ့ သဘောတရားအတိုင်း လက်တွေ့ကျင့်သုံးပြဖို့ အခွင့်အရေး ရသွားခဲ့ပါတယ်။ အဲသလိုပါပဲ။ မဟာဖရက်ဒရစ် ဘုရင်ကြီးကလည်း ဗောလ်တဲရား Voltaire ကို သူ့ရဲ့ရုံးတော်မှာ တာဝန်ပေးခဲ့ပါတယ်။ ပြီးတော့ ရှူဆိုး Rousseau ကိုလည်း ကော်ဆီကာ Corsica နဲ့ ပိုလန် Polland က ခက်ခဲတဲ့ နိုင်ငံရေးအခြေအနေတွေကို ဖြေရှင်းပေးဖို့အတွက် တာဝန်ပေးခဲ့ပါသေးတယ်။ ရုရှားက ကက်သရင်းဘုရင်မကြီးကလည်း မားစီးရား ဒီလာ ရီဗီးရား Mercier de la Riviere ကို ပင့်ဖိတ်ပြီး ဥပဒေရေးရာနဲ့ ပတ်သက်တဲ့ အကြံဉာဏ်တွေပေးဖို့ တာဝန်ပေးခဲ့ပါတယ်။ ဩစတြီးယားဘုရင် ဒုတိယမြောက် ဂျိုးဇက်ဖ်ကလည်း ရှူဆိုးနဲ့တာဂေါ့တို့ နှစ်ဦးနဲ့ ပုဂ္ဂိုလ်ရေးအရကိုပဲ ခင်မင်ကြပါတယ်။ ဒီလိုနည်းနဲ့ နိုင်ငံရေးတွေးခေါ်ရှင်တွေ အများအပြားဟာ အစိုးရအဖွဲ့အပေါ်မှာ ဩဇာညောင်းလာကြပါတယ်။

မွန်တက်စ်ကရားရဲ့ အယူအဆတွေဟာ လူမှုပြုပြင်ရေး social reforms လုပ်ငန်းတွေကို ဖော်ဆောင်ရာမှာ အတော်ကြီး လွှမ်းမိုးခဲ့ပါတယ်။ ဒါပေမဲ့လည်း သူက နိုင်ငံရေးနဲ့ပတ်သက်လာရင်တော့ အုပ်ချုပ်ရေးနဲ့ဥပဒေပြုရေးတို့ကို ခွဲခြားထားရမယ်လို့ ဟောပါတယ်။ ဒါကို အသိအမြင်ကျယ်တဲ့ သက်ဦးဆံပိုင်အာဏာရှင်ဘုရင်တွေက လက်မခံချင်ကြပါ။ ဘုရင်တွေကတော့ သူတို့ဘုရင့်နိုင်ငံတော်ရဲ့ နိုင်ငံရေး (အုပ်ချုပ်ရေး) ပြင်ဆင်ဖွဲ့စည်းတာမျိုးကို လုံးဝမလိုလား မနှစ်သက်ကြဘဲ သူတို့ရဲ့ ပြုပြင်ပြောင်းလဲရေးမှုတွေအတိုင်းပဲ ဆက်လက်ကျင့်သုံးပြီး မင်းလုပ်ချင်နေကြပါတယ်။ ဒါကြောင့်မို့လို့လည်း ပြင်သစ် တော်လှန်ရေးကြီး ပေါ်ပေါက်လာတဲ့အထိ ကိုယ်စားပြုပါလီမန် Representative paliaments တွေ မပေါ်

ပေါက်သေးခဲ့တာဘဲ ဖြစ်ပါတယ်။

နိုင်ငံတကာဥပဒေ international law ဖြစ်ပေါ်ရေးမှာ အခြေခံရမှာတွေက သဘာဝတရားမျှတမှုရဲ့ စည်းကမ်းနည်းလမ်း rules of natural justice တွေပါ။ ဒါပေမဲ့လည်း (၁၈)ရာစု နှောင်းပိုင်း နိုင်ငံခြားရေးမူဝါဒတွေမှာ ဒီလို အမြင်ကျယ်တာမျိုးတွေကို နည်းနည်းပါးပါးပဲ တွေ့ရပါသေးတယ်။ ပင်လယ်ရေကြောင်းသွားလာရေးမှာ အင်္ဂလန်က လွတ်လပ်မှုတစ္စာသွားလာခွင့်ကို တောင်းဆိုပေမယ့် တခြားနိုင်ငံတွေက စိတ်မဝင်စားကြတဲ့အတွက်ကြောင့် နိုင်ငံတကာဥပဒေအနေနဲ့ ပေါ်ထွက်မလာနိုင်ခဲ့ပါ။ ဘုရင်တွေအနေနဲ့ စိတ်ဝင်စားနေကြတာတွေကတော့ သူတို့ရဲ့ မင်းဆက် တည်တံ့ရေးပါပဲ။ သူတို့ မင်းဆက်တည်တံ့ရေးအတွက်ဆိုရင် ဘယ်လောက်ပဲ ကောက်ကျစ်ရ ကောက်ကျစ်ရ လုပ်နေကြပါတယ်။ သူတို့ အကျိုးရှိမယ့်လူကို ဘယ်လိုပုံစံမျိုးနဲ့ဖြစ်ဖြစ် ပေါင်းရ ပေါင်းရ . . . သူတို့ပြိုင်ဘက် အားနည်းသွားအောင် ဘယ်လိုနည်းလမ်းနဲ့ပဲ ချိုးနှိမ်ရ ချိုးနှိမ်ရ လုပ်နေကြပါတော့တယ်။ ပြီးတော့ ဘာမဟုတ်တဲ့အကြောင်းအရာကလေးနဲ့ပဲဖြစ်ဖြစ် အပျက်အစီးများလှတဲ့ စစ်ပွဲကြီးတွေကို ကြာရှည်ကြာမြော တိုက်နေကြပါသေးတယ်။ နောက်ပြီးတော့လည်း သူတို့အနေနဲ့ လိုရင်လိုသလို မလိုရင်မလိုသလို နဂိုက သဘောတူထားတဲ့ စာချုပ်တွေကို အလွယ်တကူ ဖောက်ဖျက်နေကြပါတယ်။ ဘုရင်ဧကရာဇ်တစ်ပါးအနေနဲ့ ကိုယ့်အကျိုးစီးပွားကွက်ကွက်ကလေးကိုသာကြည့်ပြီး ထင်ရာစိုင်းလုပ်နေကြတာတွေဟာ မက်ကီယာဗယ်လီ Machiavelli ရဲ့ ဝါဒနည်းလမ်းတွေအတိုင်း လက်ခံကျင့်သုံးနေကြတာပဲ ဖြစ်တယ်လို့ ပြောနိုင်ပါတယ်။ ဥပမာအနေနဲ့ပြရရင် မဟာဖက်ဒရစ်ဘုရင်ကြီးက စလီစီအား Silesia ကို ထိန်းချုပ်ပြီး ပိုလန်နိုင်ငံကို ခွဲပစ်လိုက်တာကိုကြည့်ရင် သိသာပါတယ်။

(၁၈)ရာစုနှောင်းပိုင်းမှာ ပေါ်ပေါက်လာတဲ့ နိုင်ငံရေးအမြင်တွေကိုကြည့်ရင် ကောင်းမွန်တိုးတက်လာတဲ့သဘောတွေ ထင်ထင်ရှားရှားတွေ့လာရပါတယ်။ အဲဒီအချိန်မှာ သူတို့ရဲ့ ဆင်ခြင်တုံတရားတွေကို အသုံးချပြီး လူမှုရေးနဲ့နိုင်ငံရေး မကောင်းမှု social and political evils တွေကို ပြုပြင်ယူနိုင်တယ်လို့ ယုံကြည်နေကြပါတယ်။ ပြီးတော့ သဘာဝတရားဥပဒေ natural law ထဲမှာပဲ ကုထုံးအခြေအားလုံးကို ရှာတွေ့နိုင်တယ်လို့လည်း ယုံကြည်နေကြပါသေးတယ်။ နောက်ပြီးတော့လည်း အခြေခံကျတဲ့ အချက်အလက်အားလုံးကိုလည်း အောင်အောင်မြင်မြင် ဖော်ထုတ်ပေးနိုင်ကြလိမ့်မယ်လို့လည်း ယူဆနေကြပါသေးတယ်။ အဲဒီအခြေခံအချက်အလက်တွေကို အသုံးချပြီး ပြဿနာဖြစ်နေတဲ့ လူမှုရေးအခြေအနေအားလုံးကို လက်တွေ့ဖြေရှင်းပေးလာနိုင်ကြလိမ့်မယ်လို့လည်း ယုံကြည်နေကြပါသေးတယ်။ အဲဒါအပြင် ပြီးပြည့်စုံပြီး ထာဝရတည်တံ့မယ့် စနစ်မျိုးပေါ်ပေါက်စေရမယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ တရားဥပဒေတွေကိုလည်း အသေးစိတ် ရေးဆွဲလာကြပါသေးတယ်။ အဲဒီအချိန်အခါက လူတွေရဲ့စိတ်ထဲမှာ ရိုးရှင်းပြီး အငြင်းမပွားနိုင်တဲ့ပုံစံတွေကပဲ နက်နက်ရှိုင်းရှိုင်းလွှမ်းမိုးနေပါတယ်။ ဥပမာအနေနဲ့ ပြရမယ်ဆိုရင် ဖီဆီရိုခရက်တွေရဲ့ အခွန်တစ်မျိုးတည်းကောက်ခံရေး၊ လွတ်လပ်စွာ





ကုန်သွယ်ရေး လေဇဖဲ laissez-faire သဘောတရားနဲ့ လွတ်လပ်ခြင်း liberty တန်းတူညီမျှခြင်း equality နဲ့ ညီရင်းအစ်ကိုပမာ ချစ်ကြည်ရေး(ဝါ) သာယာပြေပြေရေး fraternity တို့ကို လက်ခံလာကြတာတွေဟာ ဥပမာကောင်းတွေပါပဲ။

လူသားတွေရဲ့ ပြဿနာတွေ ဘယ်လောက်ရှုပ်ထွေးသလဲဆိုတာကို အသိအမှတ်ပြုဖို့ နေရာမှာ မွန်တက်စ်ကရား Montesquieu ဟာ တစ်ယောက်ထီးတည်း ဖြစ်နေပါတယ်။ ပြီးတော့ တစ်ကမ္ဘာလုံး အကျုံးဝင်တဲ့ မူဝါဒတွေဖော်ထုတ်ဖို့ ဘယ်လောက်ခက်ခဲသလဲဆိုတာနဲ့ လက်တွေ့အသုံးချဖို့ ဘယ်လောက်ခက်ခဲသလဲဆိုတာနဲ့ ပတ်သက်လာရင်လည်း မွန်တက်စ်ကရားဟာ တစ်ယောက်တည်း အထီးကျန်ပါပဲ။

ရိုးသားတဲ့စိတ်ကူးဉာဏ်တွေနဲ့ ဆင်ခြင်တုံတရားရဲ့စွမ်းအားတွေကို ယုံကြည်ပြီး လူ့အဖွဲ့အစည်းကို ပြန်လည်ပြုပြင်ပြောင်းလဲ ပုံသွင်းချင်တယ်ဆိုရင် ခေတ်ဟောင်းက တလွဲတွေတောလုပ်ကိုင်ကြတာတွေကို အမြစ်လှန် ပြောင်းလဲပစ်ဖို့လိုပါတယ်။ ဒါ့ကြောင့်လည်း ပြင်သစ်တော်လှန်ရေးကြီးအပြီးမှာ စနစ်သစ် ဖော်ထုတ်ဖို့ ခက်ခဲခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သဘာဝတရားဥပဒေတွေခေါ်ရင် natural law philosophers တွေရဲ့ သဘောတရားတွေက အခြေအနေတွေကို ပိုမိုဆိုးဝါးအောင်ပြုလုပ်ခဲ့ပါတယ်။

## ပြင်သစ်လူမှုရေးနဲ့ ကျင့်ဝတ်သိက္ခာအမြင်များ
## French Social and Moral Philosophy

ရှုးဆိုးရဲ့သဘောတရားတွေ ကျော်ကြားလာတဲ့အချိန်နဲ့ ပြင်သစ်တော်လှန်ရေးကြီး စတင်ဖြစ်ပွားလာတဲ့အချိန်အထိ ကြာခဲ့တဲ့ ကြားကာလမှာ ပြင်သစ်ရဲ့ နိုင်ငံရေးအတွေးအခေါ်တွေဟာ လူမှုရေး စီးပွားရေးနဲ့ ဘာသာရေး ပြုပြင်ပြောင်းလဲမှုတွေကိုသာ အာရုံစိုက်နေခဲ့ပါတယ်။ ဖီဆီရိုခရက်တွေအနေနဲ့ တွေ့ရတဲ့ အဓိကအခက်အခဲကတော့ ဥစ္စာဓန wealth ကို ပိုင်ဆိုင်ရအောင် ဘယ်လိုလုပ်မလဲ ဆိုတာနဲ့ ပိုင်ဆိုင်လာတဲ့ဥစ္စာဓနကို ဘယ်လိုအသုံးချကြမလဲ ဆိုတဲ့ ကိစ္စတွေပါပဲ။ သူတို့ ဖီဆီရိုခရက်တွေရဲ့ ဖြေရှင်းနည်းတွေကတော့ စိုက်ပျိုးရေးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ မြေခွန်ကို တစ်ခုတည်းထားဖို့ ပြည်တွင်းကုန်သွယ်ရေးမှာ ကန့်သတ်ထားတာတွေ ဖယ်ရှားပစ်ဖို့နဲ့ သဘာဝနိယာမ natural laws တွေအတိုင်း အလုပ်ဖြစ်မယ့် လေဇဖဲဝါဒ laissez-faire policy အတိုင်း ကျင့်သုံးလုပ်ကိုင်ဖို့ပါပဲ။ ဒါပေမဲ့ ဖီဆီရိုခရက်တွေရဲ့ အမြင်တွေနဲ့ ဆန့်ကျင်နေကြသူတွေလည်း ရှိကြပါသေးတယ်။ ဥပမာ မော်ရယ်လီ Morelly နဲ့ မေဗလီ Albe Mably တို့ပါ။ သူတို့ကတော့ ဥစ္စာဓနကို တစ်သီးပုဂ္ဂလပိုင်ဆိုင်ခွင့်ပြုတာဟာ မကောင်းဆိုးဝါး evil ဖြစ်စေတဲ့ အဓိကအချက်ပဲလို့ မြင်ကြပါတယ်။ အထူးသဖြင့် လယ်ယာမြေတွေကို ပိုင်ဆိုင်ခွင့်ပြုတာဟာ ပိုဆိုးတယ်လို့ လက်ခံကြပါတယ်။

သူတို့အနေနဲ့ကတော့ အားလုံး စုပေါင်းပိုင်ဆိုင်ကြတဲ့ ကွန်မြူနစ်နဲ့ဆိုရှယ်လစ် လုပ်ထုံးလုပ်နည်းတွေကို ကျင့်သုံးသင့်တယ်လို့ အကြံပြုကြပါတယ်။

(၁၈)ရာစုမှာ ပြင်သစ်ပြည်တွင်း ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ အကြံပြုတင်ပြခဲ့တဲ့ ပညာရှင်တွေဟာ လေးမျိုးလေးစား ကွဲပါတယ်။

ပထမအုပ်စုက (၁၈)ရာစု ပထမ နှစ်ငါးဆယ်အပိုင်းမှာ ပေါ်ခဲ့ပါတယ်။ အဲဒီအဖွဲ့ထဲမှာ မွန်တက်စ်ကရား Montesquieu ဒီ အာဂျန်ဆင် D'Argenson နဲ့ ဗောလ်တဲရား Voltaire တို့ပါကြပါတယ်။ သူတို့တစ်တွေက ဖြစ်ရပ်တွေကို သမိုင်းဆိုင်ရာလေ့လာနည်းတွေနဲ့ ကြည့်ကြပြီး အင်္ဂလိပ်အစိုးရကို စံပြအနေနဲ့ ယူကြပါတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်တွေကတော့ အလယ်အလတ်ကျပါတယ်။

ဒုတိယအဖွဲ့မှာတော့ ရူဆိုး Rousseau ဒီဒဲရော့ Diderot ဟဲလ်ဗင်တပ်စ် Helvantius နဲ့ ဟိုးလ်ဘက်ရှ် Holbach တို့ပါကြပါတယ်။ သူတို့တစ်တွေကတော့ လက်ရှိအခြေအနေကို လုံးဝ လက်မခံနိုင်ကြသူတွေပါ။ ဒါကြောင့်လည်း အခြေအနေ ပေးပေး . . . မပေးပေး သူတို့ဖြစ်စေချင်တဲ့အတိုင်း လုပ်ချင်ကိုင်ချင် ဆောင်ရွက်ချင်နေကြပါတယ်။ သူတို့တစ်တွေကတော့ စဉ်းစားဆင်ခြင်တာသက်သက် pure reason ကို လက်ကိုင်ထားပြီး အဘက်ဘက်က ကောင်းမွန်ပြည့်စုံတဲ့ နိုင်ငံတော် perfect state တစ်ခုကို တည်ထောင်ချင်နေကြတာပါပဲ။

တတိယအုပ်စုကတော့ ဖီဆီရိုခရက် Physiocrats တွေပါ။ ဒီအုပ်စုထဲမှာ ကွင်းစ်နေ Quesmay နဲ့ ရီဗယ်ရီး Riviere တို့က ဩဇာအကြီးဆုံးပါ။ သူတို့အဖွဲ့က ဘုရင်စနစ်ကို ထောက်ခံကြပါတယ်။ ဒါပေမဲ့ လည်း စီးပွားရေးပြုပြင်ပြောင်းလဲမှု economic refrom ကို တောင်းဆိုကြပါတယ်။

စတုတ္ထအဖွဲ့ကတော့ တော်လှန်လိုက်အဖွဲ့ပါ။ မေဘလီ Mably နဲ့ ကွန်ဒိုးဆေး Condorcet တို့က ဦးဆောင်ကြပါတယ်။ သူတို့က ဒီမိုကရေစီကို စလယ်ဆုံးအကြွင်းမဲ့လက်ခံကြပါတယ်။ ပြည်သူလူထုရဲ့ အချုပ်အခြာ အာဏာပိုင်ခွင့် sovereignty of the people ကို ထူထောင်ဖို့အတွက် တော်လှန်ရေး revolution ဟာ လိုအပ်တယ်လို့ သူတို့က ခံယူကြပါတယ်။

ဒီပညာရှင်တွေဟာ အုပ်စုလေးစု ကွဲပေမယ့်လည်း အားလုံးသဘောတူကြတဲ့ အချက်တစ်ချက်ရှိပါတယ်။ အဲဒါကတော့ "လူသားတွေဟာ သဘာဝအခွင့်အရေးတွေ ပိုင်ဆိုင်ကြတယ် men posses natural rights" ဆိုတဲ့ အယူအဆပါ။ ဒီအယူအဆဟာ လွတ်လပ်တဲ့အယူအဆ liberalism ရဲ့ အဓိကခံယူချက်ဖြစ်လာပြီး တော်လှန်ရေးဖြစ်ဖို့ရာအတွက်လည်း အရေးအကြီးဆုံး သဘောတရား ဖြစ်လာပါတယ်။

### အီတလီ တရားဥပဒေရေးရာပညာရှင်များ The Italian Jurists

မွန်တက်စ်ကရား Montesquieu ရဲ့ အမြင်နဲ့နည်းလမ်းကို အသုံးချပြီး လူမှုရေးနဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကို (၁၈)ရာစု ဒုတိယနှစ်ငါးဆယ်တစ်ဝက်ပိုင်းမှာ အောင်အောင်မြင်မြင် လုပ်နိုင်ခဲ့ကြသူ နှစ်ဦးကတော့ အီတလီက ဥပဒေပညာရှင် ဘက်ကာရီးရား Cesare Baccaria နဲ့





ဖီလန်ဂျဲရီ gaetano Filangieri တို့ ဖြစ်ကြပါတယ်။ သူတို့နှစ်ဦးမတိုင်ခင်က ဥရောပတိုက်မှာ ကျင့်သုံးနေတဲ့ ရာဇဝတ်မှုဥပဒေ Criminal laws တွေဟာ ခေတ်နောက်ကျနေခဲ့ပါပြီ။ ရာဇဝတ်မှုတွေကို စစ်ဆေးတာတွေလည်း ရုပ်ပျက်ဆင်းပျက် ဖြစ်လောက်အောင်ကိုပဲ တရားမမျှတပါဘူး။ ပြီးတော့ ရာဇဝတ်သားတွေကို အပြစ်ပေးတာတွေကလည်း မယုံကြည်နိုင်လောက်အောင်ကိုပဲ ရက်စက်ကြမ်းကြုတ်လှပါတယ်။ အဲဒါတင် မဟုတ်ပါဘူး။ သတင်းပေးတွေကိုလည်း ဆုချတဲ့အပြင် သက်သေအထောက်အထား နည်းနည်းပါးပါးလေးပဲ ရှိတယ်ဆိုရင်ပဲ အရေးယူဖို့ လုံလောက်တယ်လို့ ယူဆနေကြပါတယ်။ ဆိုးတာက မဖြစ်မနေ ဝန်ခံလာစေဖို့အတွက် ဇွတ်အတင်းအဓမ္မ ညှဉ်းပန်းနှိပ်စက်တာမျိုးတွေလည်း လုပ်နေကြပါတယ်။ ဒီတော့ အမှုအမြောက်အမြားမှာပဲ သေဒဏ်တွေ အလွယ်တကူချမှတ်နေကြပါတော့တယ်။ ဥရောပတိုက်မှာ အင်္ဂလန်ဟာ တခြားနိုင်ငံတွေထက်စာရင် တရားဥပဒေရေးရာမှာ အဆင့်အတန်းမြင့်ပေမယ့်လည်း သေဒဏ်တွေ အများအပြားပေးနေတာကို တွေ့နေရပါသေးတယ်။

### အင်္ဂလိပ်တရားဥပဒေနဲ့ ကိုယ်ကျင့်တရားအမြင်များ English Legal and Moral Philosophy

(၁၈)ရာစုနှစ်ရဲ့ ဒုတိယ နှစ်ငါးဆယ်အတွင်းမှာ အင်္ဂလိပ်တွေရဲ့ နိုင်ငံရေးတွေးခေါ်ယူဆပုံတွေ ပြောင်းလဲလာမယ့် အရိပ်လက္ခဏာတွေ စတင်တွေ့လာရပါတယ်။ အထူးသဖြင့် တတိယမြောက်ဂျော့ခ်ျ gorge III ဘုရင်တက်လာတဲ့နောက်ပိုင်းမှာ ပိုသိသာလာပါတယ်။ အဲဒီအခါမှာ ပြင်သစ်အတွေးအခေါ်တွေရဲ့ ဩဇာသက်ရောက်မှုတွေကို အင်္ဂလိပ်တွေ စတင်ခံစားလာနေကြရပါပြီ။ ပြီးတော့ ဗော်လ်တဲရား Voltaire မွန်တက်စ်ကရား Montesquieu နဲ့ ရူဆိုး Rousseau တို့ရဲ့ စာပေတွေကိုလည်း အင်္ဂလိပ်ပညာရှင်တွေဟာ ရှုထောင့်အမျိုးမျိုးကနေ လေ့လာနေကြပါပြီ။ အဲဒါအပြင် အင်္ဂလိပ်ပညာရှင်တွေဟာ အင်္ဂလန်နဲ့ပြင်သစ်တို့ရဲ့ အစိုးရအဖွဲ့ တည်ထောင်ဖွဲ့စည်းပုံနည်းစနစ်တွေကိုလည်း နှိုင်းယှဉ်လေ့လာနေကြပါပြီ။ ဒီအထဲမှာ မွန်တက်စ်ကရားက အင်္ဂလိပ်တွေအပေါ် အထူးတလည် ဩဇာကြီးသူဖြစ်လာပါတယ်။ ဘာပြုလို့လဲဆိုတော့ မွန်တက်စ်ကရားရဲ့ သမိုင်းဆိုင်ရာ အယူအဆတွေနဲ့ ဥပဒေဆိုင်ရာ အယူအဆတွေဟာ လူမှုပြောင်းလဲရေး social change အတွက် နည်းလမ်းကောင်းတွေ ဖြစ်တယ်လို့ အင်္ဂလိပ်ပညာရှင်တွေက လက်ခံယူဆကြလို့ပါပဲ။ နောက်ပြီးတော့လည်း လွတ်လပ်မှုရဲ့ အရေးကြီးပုံတွေကို မွန်တက်စ်ကရား တစ်ချိန်လုံး ထောက်ပြသွားတာတွေဟာလည်း အင်္ဂလိပ်ပညာရှင်တွေ

အတွက် အင်အားကြီးတစ်ရပ်နဲ့ တွန်းအားကြီးတစ်ရပ် ဖြစ်ခဲ့ပါတယ်။ မွန်တက်စ်ကရားက ဗြိတိသျှဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ British Constitution ကို နှီးကျူးပြီး အာဏာခွဲဝေရေး seperation of powers ဟာ မရှိမဖြစ်တဲ့အခြေခံမှု ဖြစ်တယ်လို့ ယုံကြည်တာတွေဟာ အင်္ဂလိပ်ပညာရှင်တွေအပေါ်ကို အထူးဩဇာညောင်းပြီး အင်္ဂလိပ်တွေရဲ့ အစိုးရဖွဲ့စည်းပုံစနစ်ကို ပြန်သုံးသပ်စေခဲ့ပါတယ်။

ရှူးဆိုးရဲ့အမြင်တွေကတော့ အဲဒီအချိန်အခါက အင်္ဂလန်မှာ ခါးခါးသီးသီး အတိုက်ခိုက်ခံခဲ့ရပါတယ်။ ဒါပေမဲ့လည်း အင်္ဂလိပ်ပညာရှင် ဂျွန်လော့ခ် John Loche ရဲ့ နောက်လိုက်တစ်ဦးဖြစ်တဲ့ ရှူးဆိုးရဲ့ ပြုပြင်ပြောင်းလဲရေးအမြင်တွေကို ပရစ်စလီ Priestly နဲ့ ပရိုက်စ် Price တို့က ပုံစံတစ်မျိုးနဲ့ တင်ပြသွားကြတာတွေကို တွေ့ကြရပါတယ်။ ဒီလိုနဲ့ ဗြိတိသျှတွေရဲ့ တွေးခေါ်ပုံအသစ်တွေဟာ စတင်ပေါက်ဖွားလာပါတော့တယ်။

အမေရိကန်တော်လှန်ရေး American Revolution ဖြစ်ပေါ်နေချိန်မှာ လွတ်လပ်တဲ့သဘောတရားအယူအဆ liberal theory တွေဟာ အင်္ဂလန်ပြည်တွင်းမှာ လျှင်လျှင်မြန်မြန်ပဲ ပျံ့နှံ့လာပါတယ်။ အဲဒီ အပြင် ပြင်သစ်တော်လှန်ရေး French Revolution လှုပ်ရှားမှုတွေ ဖြစ်ပွားလာ ချိန်မှာ အင်္ဂလိပ်တွေဟာ အစပိုင်းမှာ တော့ ပြင်သစ်တော်လှန်ရေးကို နှစ်သက် သဘောကျခဲ့ကြပါတယ်။ ဒါပေမဲ့လည်း ပြင်သစ်ဒီမိုကရေစီ French democracy ရဲ့ အလွန်အကျွံဖြစ်မှုတွေနဲ့ နပိုလီယံ ဆင်နွှဲတဲ့စစ်တွေကိုကြည့်ပြီး အင်္ဂလိပ်တွေ ဟာ နောက်ကြောင်းပြန်လှည့်လိုစိတ်တွေ ပေါ်လာကြပါတယ်။ ဒီလိုနဲ့ ရှေ့မတိုး တော့တဲ့ အင်္ဂလိပ်တွေဟာ ရှေးရိုး အစဉ်အလာမပျက် ထိန်းထိန်းသိမ်းသိမ်း နေချင်လာကြပါတော့တယ်။ ဒီရှေးရိုး အစဉ်အလာမပျက် ထိန်းသိမ်းလိုတဲ့အယူ အဆ Conservative doctrine တွေဟာ အင်္ဂလန်မှာ ရာစုတစ်ခုရဲ့ လေးပုံတစ်ပုံ လောက် လွှမ်းမိုးနေခဲ့ပါတယ်။

***ကိုးကား။ ။***


(၁) GETTELL'S HISTORY OF POLITICAL THOUGHT

(၂) တက္ကသိုလ်အောင်ခင်ဦး ပြုစုသည့် နိုင်ငံရေးအတွေးအခေါ် နှင့် လူမှုရေးသမိုင်း


မောင်စိုးမောင်


ဒေါက်တာခင်မောင်ဝင်း+တက္ကသိုလ်ရွှေရိုဝင်း

အသက်ကိုဖန်တီးခြင်းနှင့်သိပ္ပံစာတမ်းများ

စာမူခွင့်ပြုအမှတ်
၄၆၉/၀၃/ (၅)

ဒေါင်းစာပေ

၁၁၃/ ၃၃လမ်း(အလယ်)၊ ကျောက်တံတား၊ ရန်ကုန်။ ဖုန်း-၃၇၃၂၁၀
e-mail: daung73@myanmar.com.mm


# မေတ္တာနုနစေညွှန်းပြု

(၅)

# မြတ်သောစေတနာ

ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်)

**ခေါင်းအုံး**

"ရောမမြို့ကြီးကို တစ်ရက်တည်းနှင့် တည်ဆောက်ခဲ့ခြင်းမဟုတ်ပါ"ဟူသော သုံးဆောင်းအဆိုတစ်ရပ်ရှိပါသည်။ အဓိပ္ပာယ်မှာ ကမ္ဘာ့ခေတ်ဟောင်း သမိုင်းရာဇဝင်၌ ဘုန်းမီးနေလ အလွန်မှတ္တွန်းပခဲ့ဖူးသော ရောမအင်ပါယာကြီး၏ မြို့တော် ရောမမြို့ကြီးသည် ကြီးမားခန့်ထည်သော အဆောက်အဦကြီးများ၊ ဘာသာရေးဆိုင်ရာ နတ်ကွန်းနှင့်တကွ ဘုရားကျောင်းတော်ကြီးများ ဘုန်းတော်ကြီးကျောင်းဆောင်များ၊ ဘုရင်ဧကရာဇ်စံမြန်းရာ နန်းတော်ကြီးများတို့သည် အလွန်တစ်ရာမှ ကြီးကျယ်သားနားထည်ဝါခဲ့ပါသည်။ တိုင်လုံးမြင့်ကြီးများကို ကျောက်ဖြူများနှင့် ထုဆစ်ထား၏။ ရုပ်တုများမှာလည်း အလွန်ပင် သက်ရှာမြောက်လွန်း၏။ ပန်းခြံ ဥယျာဉ်ကြီးများ၌လည်း ဘဲငန်းတွေ၊ ကိုယ်လုံးကိုယ်ထည် အချိုးအစား ကျနလှပလွန်းသည့် အမျိုးသား အမျိုးသမီးကျောက်ဆစ်ရုပ်ထုတွေ ရေပန်းရေကန်တွေနှင့် အလွန်ပင်ကြည်နူးဖွယ်ရာ မျက်စိပသာဒရှိလှ၏။ မျက်မှောက်ခေတ်မှာပင် တိုင်လုံးမြင့်ကြီးများ ခြံရံသည့်အဆောက်အဦကို ရောမဒီဇိုင်းဟု ကင်ပွန်းတပ်ခေါ် ခေါ်နေကြဆဲဖြစ်အောင် အနုပညာလက်ရာ မြင့်မားခဲ့ကြ၏။ ထိုသို့ နတ်နန်းနတ်ဘုံတမျှ ကြီးကျယ်လှခဲ့သော ရောမမြို့ကြီးကို တစ်ရက်တည်းနှင့် အဘယ်မှာ တည်ဆောက် ပြီးစီးနိုင်ပါမည်နည်း။ နတ်တို့ဖန် ရေကန်အသင့် ကြာအသင့် မဟုတ်ပါပေ။ လူတို့၏ စွမ်းအားဖြင့် တည်ဆောက်ရခြင်းဖြစ်ပေရာ နှစ် လ ရက်ပေါင်း ထောင်သောင်းချီ၍ တည်ဆောက်ခဲ့ရခြင်းအမှန်ပါ။ လုပ်ငန်းတစ်ရပ်သည် နေ့ချင်းညချင်း အကောင်အထည် ပေါ်နိုင်ပါ။ ရေရှည်စီမံကိန်းဖြင့် စိတ်ရှည်ရှည် ဇွဲရှိရှိ လုပ်ဆောင်ရမည်ကို အားပေးသော စကားစု ဖြစ်၏။

**မြင့်မားလှသည့်ခြတောင်ပို့ကြီးသည်လည်း**
**သေးငယ်သော ခြကောင်လေးများ၏**
**မလျှော့သော ဇွဲ၊ လုံ့လ ဝီရိယတို့၏ ပေါင်းစုအားကြောင့်**
**ဖြစ်ပေါ်လာခဲ့ရခြင်းဖြစ်ပါပေသည်။**

မြန်မာတို့အဆိုတစ်ရပ်ရှိသည်လည်း ရောမအဆိုနှင့်အလားတူရှိပါ၏။ "တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမတုံး" ဟူသော စကားဆိုရိုးဖြစ်ပါသည်။ မှန်ပါသည်။ တစ်နေ့တ လက်အတိုင်းအထွာတစ်လံမျှသာ မှန်မှန်ခရီးဆက်ပါလေ။ ပုဂံမြို့ကြီးကတော့ ဘယ်ထွက်မပြေးပါ။ သူ့ဌာနေမှာသာ ပုံသေတည်ရှိနေမည်မို့ တစ်နေ့တစ်လံများ ပေါင်းစုအားဖြင့် နောက်ဆုံးတစ်နေ့မှာပုဂံမြို့သို့ဆိုက်ရောက်နိုင်ပါကြောင်း အဆိုစကားပြုရင်း ခက်ခဲသော ကိစ္စတစ်ရပ်သည် မှန်မှန်သာကြိုးစားသွား၊ အဆုံးတစ်နေ့မှာ ပြီးစီးအောင်မြင်ပါကြောင်း အားပေးစကား ပြောကြားခြင်းလည်း မည်ပါပေသည်။ ကြီးမားသော ပျားလက်ပို့ကြီး သည်လည်း ပျားကောင်ငယ်လေးများ၏ အကြိမ်ကြိမ်အထပ်ထပ် တည်ဆောက်ခြင်း ပျားရည်များနှင့် ပြည့်လျှမ်းလာခဲ့ရခြင်းပါ။ အလားတူပင် မြင့်မားလှသည့် ခြတောင်ပို့ကြီး သည်လည်း သေးငယ်သော ခြကောင်လေးများ၏ မလျှော့သော ဇွဲ၊ လုံ့လ ဝီရိယတို့၏ ပေါင်းစုအားကြောင့် ဖြစ်ပေါ်လာခဲ့ရခြင်း ဖြစ်ပါပေသည်။ ပေါင်းစုအား၏ ရလဒ်ပါတည်း။

**ပင်လယ်ရေ**

ပင်လယ်ဆိုသည်ကား အလွန်ကျယ်ပြောနက်ရှိုင်းလှ၏။ သည်ဘက်ကမ်းမှ ဟိုဘက် ကမ်းသို့ လှမ်းမမြင်နိုင်ပါ။ ရွက်လှေသင်္ဘောမဆိုထားနှင့်။ ခေတ်မီပင်လယ်ကူး သင်္ဘောကြီးများပင်လျှင် တစ်ပတ်ဆယ်ရက် ဆက်တိုက်ခုတ်မောင်းပါမှ ကူးမြောက် အောင်မြင်နိုင်၏။ ထိုပင်လယ်တွင်းရှိ ပင်လယ်ရေများသည် ဘယ်ကရောက်လာကြ သနည်း။ နတ်တို့ဖန်ဆင်းသည်တော့ မဟုတ်တာမှန်သည်။ အကြောင်းရှာကြည့်တော့ မိုးရေကြောင့် ဖြစ်လာရခြင်းရယ်ပါတဲ့။ မိုးသေးမိုးပေါက်တို့ မြေပေါ်သို့ ကောင်းကင် အထက်ရှိ တိမ်တိုက်ကြီးများမှ ရွာသွန်းချ၏။ မိုးတစ်ပေါက်ချင်းအနေအားဖြင့် သေးငယ် လှ၏။ မိုးပေါက်အများ စုပေါင်းအားသည် ချောင်းငယ် မြောင်းငယ် မြစ်ငယ်လေးများ ဖြစ်ပေါ်စေ၏။ မြစ်ကြီးများမှတစ်ဆင့် ပင်လယ်တွင်းသို့ စီးဝင်၏။ နေ့ဆက်ရွာသွန်းသည့် မိုး လဆက် စီးဆင်းသည့်မြစ်ရေ နှစ်ဆက်စုဆောင်းပေါင်းစုနေသည့် ပင်လယ်ရေတို့ကြောင့် ပင်လယ်နှင့် သမုဒ္ဒရာတွင်းရှိ ရေပြင်ထုကြီး ဖြစ်ပေါ်လာရပါသည်။

သဲကန္တာရကြီးသည်လည်း ပင်လယ် ရေပြင်ကြီးကဲ့သို့ ကျယ်ပြန့်လွန်းလှ၏။ သဲပေါင်



ကုဋေကုဋာတို့၏ စုပေါင်းအားသရုပ် မဟုတ်ပါလား။ ကမ္ဘာမြေထုကြီးကိုလည်း ကြည့်လိုက်ပါ။ ကမ္ဘာကြီး၏ ဆယ်ပုံကိုပုံလိုက်လျှင် မြေကြီးထုကား သုံးပုံကျော် ပါဝင် ပါသတဲ့။ တွန့်ခေါက်တောင်တန်းကြီးတွေ မီးတောင်ကြီးတွေ ကျယ်ပြောလှသည့် မြေပြင်ကြီးတွေ၊ မြင့်မားလှသည့် ကုန်းမြင့်ကြီးတွေနှင့် ဖွဲ့စည်းထားသော မြေကြီးထုကို မြေမှုန့်လေးများနှင့် တည်ဆောက်ထားခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် မြေမှုန့်လေးများ၏ စုပေါင်းအားဖြင့် မြေကြီးပေါ် ဖြစ်ပေါ်လာရခြင်းမဟုတ်လား။ ဆိုခဲ့ပြီးသော ပျားလက်ပို့ကြီး၊ ခြတောင်ပို့ကြီး၊ ပင်လယ်ရေပြင်နှင့် ကမ္ဘာမြေထုကြီးအားလုံး တို့သည် ပေါင်းစုအား၏ အကျိုးလဒ်များသာဖြစ်၏ဟု တနည်းအားဖြင့် ကောက်ချက် ဆွဲနိုင်ပါသည်။

ကျွန်တော်တို့ ဘိုးဘွားဘီဘင် လက်ထက်များကပင် ဆိုဆုံးမစကားတစ်ရပ်ရှိခဲ့၏။ "တစ်ယောက်အားနှင့် ယူသော်မရ အများစုပေါင်းအားနှင့် ယူသော်ရ၏" ဟု စည်းလုံး ညီညာအောင်ကြောင်းပြော အဆိုဖြစ်ပါသည်။ အဘိုးဖြစ်သူက မြေးငယ်လေးများအား ဘင်းစည်းကြီးကို ထက်ပိုင်းချိုးခိုင်း၏။ အားကောင်းမောင်းသန်မြေးငယ်တို့ တစ်ဦးချင်းစီ ဘင်းစည်းကြီးကို အားသွန်ခွန်စိုက်ချိုးကြည့်၏။ မကျိုးနိုင်ပါ။ ကဲ. . ထင်းစည်းကြီးကို ဖြည်ချလိုက်ပြီး ထင်းချောင်းတစ်ချောင်းစီကို ချိုးခိုင်း၏။ အလွယ်တကူကျိုး၏။ စုပေါင်းအား ကြောင့် ရန်သူတို့ မအောင်မြင်နိုင်ပါ။ စည်းလုံးညီညွတ်ကြပါ။ ခွဲကွဲလျှင် ကျားဆွဲ ခံရလိမ့်မည်။ အမျိုးသားတို့ စိတ်ဝမ်းမကွဲကြနှင့်။ စည်းလုံးညီညာအင်အားကြောင့် ရန်သူကို အနိုင်ပြန်တိုက်နိုက်မည်ဆိုသော ပုံသက်သေကောင်း ဖြစ်ပါတော့သည်။

အလှူရေစက် လက်နှင့်မကွာသော ကျွန်တော်တို့ မြန်မာလူမျိုးများသည် နေ့စဉ်နှင့် အမျှ ကောင်းမှုကုသိုလ်ဒါနငယ်လေးများ အမြဲပြုနေကြ၏။ လခနည်းသူများပင်လျှင် ချွေးနဲ့စာထဲမှ ဖဲ့လှူ၏။ "တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူ လှူနိုင်ရိုးလား" ဆိုရိုးလေးကလည်း သက်သေခံနေပါသည်။ တစ်ဦးတည်း အလှူကြီး မလှူနိုင်ငြားလည်း စုပေါင်းအားဖြင့် ရွာဦးကျောင်းကြီးတွေ ဟည်းထနေပုံကို ရှမ်းပြည်နယ်တောရွာများ၌ မြင်တွေ့နိုင်ပါသည်။

**စေတနာ**

အများအကျိုးကို သယ်ပိုးကြရာ၌ စေတနာမကြီးလျှင် မဖြစ်နိုင်ပါ။ မည်သည့်ကိစ္စမဆို စေတနာနည်းလျှင် အောင်မြင်မှုနည်းလိမ့်မည်။ စေတနာများလျှင် အောင်မြင်မှု များ လိမ့်မည်။ စေတနာကြီးလျှင် အောင်မြင်မှုကြီးမည်။ စေတနာငယ်လျှင် အောင်မြင်မှု ငယ်မည်။ စေတနာဖြူလျှင် အောင်မြင်မှုဖြူမည်။ စေတနာမည်းလျှင် အောင်မြင်မှု မည်းပါမည်။ အကြောင်းမှာ စေတနာသည် ကံတရားဖြစ်လျက် ကံဆိုသည်ကလည်း ကမ္မဟူ သော ပါဠိစကားပြုလုပ်ခြင်းဟု အဓိပ္ပာယ်ရခြင်းမှ ဆင်းသက်လာခဲ့ခြင်းကြောင့် ဖြစ် ပါသည်။ စေတနာသည်ကံ၊ ကံသည် အလုပ်။ ထို့ကြောင့် အလုပ်သည် ကံဖြစ်လျက် ကံသည် အလုပ်ဖြစ်တော့သည်။

ကျွန်တော်တို့ ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် ခေါင်တိုင်အနီးရှိ

**ကူညီပံ့ပိုးနိုင်သူက အကူအညီလိုအပ်နေသူအား**
**ထောက်ပံ့မှုပေးမှသာ လောကကြီးသာယာစိုပြေနိုင်ပါမည်။**
**ဘာသာရေးရှုထောင့်မှ ကြည့်လျှင်လည်း**
**မွန်မြတ်သော လုပ်ငန်းတစ်ခုဖြစ်ပါသည်။**

တောင်ပို့ကြီးကျေးရွာတွင် ဂျပန်လူမှုရေးအဖွဲ့မှ ဒေသခံ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေး လူငယ်သင်တန်းကျောင်း ဖွင့်လှစ်ထားပါသည်။ နိုင်ငံရေးနှင့် မပတ်သက်သော ထိုလူမှုရေးဂျပန်အဖွဲ့သည် သူ့ကဏ္ဍနှင့်သူ၊ စာသင်ကျောင်းဆောင်များ တည်ဆောက်ပေးခြင်း၊ စက်ရေတွင်းများ တူးဖော်ပေးခြင်း၊ ရေအားလျှပ်စစ်ရရှိရေးနှင့် ကျေးရွာနှင့်အလိုက် တစ်နိုင်တည်ဆောက်ပေးခြင်း၊ ကျေးရွာရန်ပုံငွေရရှိစေရန် စုပေါင်းမွေးမြူရေး၊ စုပေါင်းစိုက်ပျိုးရေးများအတွက် မတည်ငွေ ထူထောင်ပေးခြင်းများလည်း နယ်မြေအလိုက်၊ ကျေးရွာအလိုက် လိုအပ်သလို ဆောင်ရွက်ပေးနေပါသည်။ ထို့အပြင် စာတော်ပြီး ကျောင်းဆက်မတက်နိုင်သော တောင်သူဦးကြီးများ၏ သားငယ်သမီးငယ်များကိုလည်း ကျောင်းအလိုက် ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများတို့က ရွေးချယ်ပေးရ၏။ ထောက်ပံ့ကြေးငွေကိုလည်း ထိန်းသိမ်းကြပ်မတ်ပေးကြရ၏။ သူတို့၏ စီမံမှုကိုယူကာ ညောင်ရွှေမြို့နယ် ပညာရေးမှူးကြီးက ဝန်ထမ်းများလစာမှ အချိုးကျ အနည်းငယ်စီ လှူဒါန်းစေကာ ထည့်ဝင်ပံ့ပိုးမှု အစီအစဉ်တစ်ရပ်လည်း ရှိနေပါသည်၊ အလွန်ကြီးမြတ် ကောင်းမြတ်သော ပညာဒါနအစီအစဉ်တစ်ခုဖြစ်ပါသည်။

မိမိတို့ ဒေသခံပြည်သူများအတွက် တိုင်းစွန့်ဆွေမျိုးစွန့်ပြီး လာရောက်ဆောင်ရွက် ပေးနေကြသည့် ဂျပန်တို့အား ဝိုင်းဝန်းကူညီကြရင်း သူတို့စနစ်ကို သဘောကျကာ တစ်တပ်တစ်အား ပညာသင်ထောက်ပံ့ကြေးကို ကရာမိုစီယာ ဂျပန်လူမှုရေးအဖွဲ့နှင့်အတူ ပေးအပ်ခဲ့ကြ၏။ နည်းပင်နည်းငြားသော်လည်း တကယ့်အခက်အခဲရှိသည့် ကျောင်းသူ ကျောင်းသားများနှင့် မိဘများအတွက်တော့ ကြီးစွာသော အထောက်အကူဖြစ်သည်မှာ မှန်ပါလှ၏။ စာမေးပွဲတွေအောင်မြင်ကာ အသက်မွေးဝမ်းကျောင်းပညာအသီးသီး ရရှိလျက် မိမိခြေထောက်ပေါ် မိမိရပ်တည်သွားနိုင်သည်တို့ကို မြင်တွေ့ရသောအခါ ပီတိဖြာဝေ ပါသည်။

**အစီရင်ခံစာ**

"ကူညီပံ့ပိုးနိုင်သူက အကူအညီလိုအပ်နေသူအား ထောက်ပံ့မှုပေးမှသာ လောကကြီး သာယာစိုပြေနိုင်ပါမည်။ ဘာသာရေးရှုထောင့်မှ ကြည့်လျှင်လည်း မွန်မြတ်သော လုပ်ငန်းတစ်ခုဖြစ်ပါသည်။ လူသားချင်းစာနာထောက်ထားသော အခြေခံစိတ်ဖြင့် လူ့ဝန်းကျင်အတွက် ကောင်းမြတ်စေသည့်အပြင် တိုးပြည်ကိုလည်း ပိုမို ဖွံ့ဖြိုးတိုးတက်စေ



ပါသည်။ ဤယုံကြည်ချက်တို့ဖြင့် အလှူရှင်တစ်စုတို့က စိတ်တူကိုယ်မှု စုစည်းမိခဲ့ကြ ပါသည်။ ဂျပန်ပြည်မှ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်း NGO 'ကရာမိုင်စီယာ'က မြန်မာပြည်သူအတွက် ကူညီမှုတို့ကိုစံနမူနာယူပြီး ဤစေတနာအဖွဲ့ကို ၂၀၀၀ ပြည့်နှစ် တရင်းရှင်းတမ်း ဖြစ်ပါသည်။ အစချီသော နိဒါန်းစကားအောက်မှာ စာရင်းရှင်းတမ်း နမူနာအချို့ကို ဖော်ပြထား၏။

ပထမပိုင်းတွင် ညောင်ရွှေအထက မှ ကျောင်းသူကျောင်းသား ၃၁ ဦးအတွက် စာအုပ် ၁၁၀၊ ဘောပင် ၆၂ ခဲတံ ၆၂ တန်ဖိုး ၁၁၀၆၇၊ ပညာသင်ထောက်ပံ့ကြေး ၁၂ ဦးအတွက် ၄၈၀၀၀/-၊ တောင်ကြီး မြို့နယ် ကန်လုံးစာသင်ကျောင်းအတွက် စာသင်ခုံများ ၁၂၆၀၀၊ အားလုံးပေါင်းကို ၇၁၆၆၇။ ကောက်ခံရရှိငွေ ၆၂၆၀၀ ဖြစ် ရာ။ လိုအပ်ငွေ ၉၀၆၇ကို အဖွဲ့ဝင်တစ်ဦး မှ စိုက်ထုတ်လှူဒါန်းခြင်းဖြစ်ကြောင်း ၂၀၀၀ ပြည့်နှစ် စာရင်းရှင်းတမ်းဖြစ်ပါ သည်။

ဒုတိယပိုင်းတွင် နောင်ကားမူကြို့ကျောင်းသို့ လှူဒါန်းငွေ တစ်သိန်းနှင့် ဖိနပ် ၂၅ ရန် ၄၅၀၀၀/-၊ ပညာသင်ထောက်ပံ့ ကြေး ၄၈၀၀၀၊ ညောင်ရွှေမြို့နယ် ထီးပုံး ကျောင်းသို့ လှူဒါန်းငွေ ကျပ်ငါးသောင်း၊ ပေါင်းစု ၂၀၂၅၀၀တို့မှာ ၂၀၀၁ ခုနှစ်အ တွက် ရှင်းတမ်းဖြစ်ကာ မေဖလားဝါးဘဏ် လက်ကျန်ငွေ ၁၆၁၀/- သည် ဘဏ်ပိတ် လိုက်ရ၍ ထုတ်မရဘဲ နစ်နာခဲ့ရကြောင်း သိရှိရ၏။ ကျန်အပိုင်းကို အောက်ပါအတိုင်း ကူးယူဖော်ပြရပါ၏။

"စေတနာ့အဖွဲ့ကို ၂၀၀၀ ပြည့်နှစ်အတွင်း အလှူရှင်အနည်းငယ်ဖြင့် အစပျိုးခဲ့ ရာမှ ယခု ၂၀၀၇ ခုနှစ်၌ အလှူရှင်ပေါင်း ၃၀ ကျော်အထိ တိုးပွားလာပြီ။ ပညာသင် နှစ် တစ်နှစ်အတွက် ထောက်ပံ့ကြေးတစ်ကြိမ် အပ်နှံသော စနစ်အရ ၈ နှစ်အတွင်း ၈ ကြိမ် စုစုပေါင်း ၉၇၁၀၀/- ဖြစ်၏။ ရှေ့ပိုင်း ၂ နှစ်၌ စာအုပ် စာသင်ခုံ စသ ဖြင့် အခြားအလှူ စုစုပေါင်း ၁၉၈၁၆၇ ဖြစ်၍ ၂ ရပ်ပေါင်း ၁၁၄၉၃၆၇ ဖြစ်ပါ သည်။"

"အလှူရှင် တိုးလာသည်နှင့်အမျှ ကောက်ခံရရှိငွေ တိုးလာ၏။ ထောက်ပံ့ ကြေးလည်း တိုးမြှင့်ပေးလာနိုင်ခဲ့ရာ ၂၀၀၀ ပြည့်နှစ်တွင် အလယ်တန်းအဆင့် တစ်ဦး ၄၀၀၀/- ပေးခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် တစ် ဦး ၅၀၀၀/-နှုန်းအထက်တန်းအဆင့်တစ် ဦး ၇၀၀၀/- နှုန်း တိုးမြှင့်ပေးအပ်နိုင်ခဲ့၏။ ယခု ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွက် အလယ်တန်းအဆင့် တစ်ဦး ၇၀၀၀ နှုန်း နှင့် အထက်တန်းအဆင့် တစ်ဦး ၁၀၀၀၀/- နှုန်းအထိ တိုးမြှင့်ပေးအပ်နိုင်ခဲ့ပါပြီ။"

ပညာရေး အခြားအလှူများပါရှိသော ရှေ့ပိုင်း ၂ နှစ်အတွက် ရသုံးငွေစာရင်းကို နမူနာအဖြစ် ဖော်ပြရပါကြောင်း၊ ကျန်နှစ်များအတွက်မူ ပညာရေးထောက်ပံ့ကြေး တစ်မျိုးတည်း ပေးအပ်ခဲ့ရာ အသေးစိတ်မပြောတော့ဘဲ ကြည့်လိုသူတို့ ဒေါ်အေးအေးသန်း ထံ တောင်းယူနိုင်ပါကြောင်းဖြင့် နိဂုံးချုပ်ထားပါသည်။ အခြားမြို့နယ်အသီးသီးတို့ကလည်း ဤနမူနာအတိုင်း အများအကျိုး ဆောင်ရွက်နိုင်လျှင် ကောင်းပေစွဟု တွေးတောနေမိ ပါသည်။

ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်)

# လောဘ၊ ဒေါသနှင့် မာန

မောင်ကောင်းမြင့်

သတင်းစာကို ဖတ်လိုက်ရသောအခါ ရေဒီယိုကို နားထောင်လိုက်ရသောအခါ ရုပ်သံလိုင်းများကို ကြည့်ရသောအခါ ထိပ်ခေါင်းသတင်းများ (Headline news)တွင် အနိဋ္ဌာရုံများကို ဖတ်ရ ကြားရ မြင်တွေ့ကြရသည်။ ပေါက်ကွဲမှုသတင်း၊ သတ်ဖြတ်မှုသတင်း၊ တိုက်ပွဲသတင်းများနှင့် သဘာဝ ဘေးဒဏ်များတို့က နေရာယူလျက်ရှိကြသည်။ စိတ်ချမ်းသာဖွယ်သတင်းက ၃၀% မျှပင် ရှိမည် မထင်ပေ။

ထိုသတင်းများတွင် လူတို့၏ ပယောဂကြောင့် ဖြစ်ပွားရသော အနိဋ္ဌာရုံများက ပိုများနေလေသည်။ CNA က သတင်းကြော်ငြာစာတန်းတစ်ခုတွင် "သူတို့သည် ညကို နေ့အသွင် မြင်နေကြရသည်"ဟူသော စာတန်းနှင့် ညဖက်ဖြစ်ပါလျက် ကျည်မျိုးစုံ၊ ဗုံးမျိုးစုံ၊ ဒုံးမျိုးစုံ ပေါက်ကွဲမှုကြောင့် လျှပ်တစ်ပြက်လင်းလက်နေသည့် ဓာတ်ပုံများကို ဖော်ပြထားသည်။

ထို့ကြောင့် လူတို့သည် တစ်ယောက်နှင့်တစ်ယောက်၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး အုပ်စုတစ်စုနှင့်တစ်စု တိုက်ခိုက်နေကြသည်။ လူတို့တီထွင်သော လက်နက်ဆန်း မျိုးစုံဖြင့် ပစ်ခတ်နေကြသည်။ ထိုသို့ တိုက်ခိုက်နေကြ

**လူသားတိုင်း၌ ရှိအပ်သော လောဘ၊ ဒေါသ၊ မာနသည် ရှိသင့်သည်ထက် ပိုလာသောအခါ ထိုအပူကြောင့် ပထမဦးစွာ ထိုပုဂ္ဂိုလ်အားတောက်လောင်၏။ ထို့မှဆက်၍ အနီးဆုံးလူအား ဒုက္ခပေး၏။ ထိုထက်ပိုလာလျှင် အခြားတစ်ပါးသောသူတို့အား ဒုက္ခပေးသည်။**





ရခြင်းမှာ "မိမိတို့ကိုယ်(မိမိတို့နိုင်ငံ)ကို ကာကွယ်နေကြရခြင်း ဖြစ်ပါသည်"ဟု ဆိုကြပြန်သည်။ ထို့ပြင် "မိမိတို့၏ အယူဝါဒအတွက် တိုက်ပွဲဝင်နေကြရသည်"ဟုလည်း ဆိုကြပါသည်။ အဆိုးဆုံးမှာ "ငြိမ်းချမ်းစွာ နေထိုင်နိုင်ရေးအတွက် ဤသို့ လုပ်ဆောင်နေကြရခြင်း ဖြစ်ပါသည်"ဟူသော သဘောသက်ရောက်သည့် စကားမျိုးကို ဆိုနေကြပြန်ခြင်း ဖြစ်သည်။

တိုက်ပွဲများကြောင့် တိုက်ပွဲဝင်စစ်သားများ ထိခိုက်သေကျေရှုံးနှင့် အပြစ်မဲ့ အရပ်သားများ ထိခိုက်သေကျေရသော အရေအတွက်မှာ ကွာခြားလှသည်။ အပြစ်မဲ့သူတို့ကား အကြောင်းမဲ့ သေကြ၊ အိမ်ရာပျက်ကြ၊ ပြေးလွှားကြရသည်။ သူတို့ပြောသော "ငြိမ်းချမ်းမှု"ကား အဘယ်မှာနည်း။

ဤသို့ဖြစ်ရခြင်းကို စဉ်းစားလိုက်သောအခါ လူတို့၏ လောဘ၊ ဒေါသနှင့် မာနကို ထင်လင်းစွာ မြင်ရလေတော့၏။

မြင်တွေ့ရသော အဆိုပါ ဖြစ်စဉ်များ၏ အခြေခံအကြောင်းရင်းမှာ မည်သည့် အကြောင်းပြချက်စကားကို ဆိုနေကြစေကာမူ အရင်းခံသော အကြောင်းကြီးများမှာ ဆိုခဲ့သော 'လောဘ၊ ဒေါသ၊ မာန' ကြောင့်သာ ဖြစ်သည်ကို တွေ့ကြကြောင်း ဆိုပါမည်။

ဤဆောင်းပါးသည် ဘာသာရေး ဆောင်းပါးမဟုတ်သော်လည်း လူတို့၏ အဇ္ဈတ္တသဘာဝကို အခြေခံ၍ ရေးသား ဖော်ထုတ်ထားသည်ဖြစ်၍ လူမျိုး ဘာသာ မရွေး 'လူတိုင်းကိုယ်စီ'၌ ရှိနေသော အဆိုပါ အပြစ်သုံးချက် ကြီးမားခြင်းနှင့် ပတ်သက်၍ ဆိုချင်ပါသည်။ (ကြီးမားခြင်း ဆိုရာတွင် အထူးကြီးမားခြင်းကို အဆိုပြုခြင်း ဖြစ်ပါသည်)

ရွှေပြည်အေးတရားဟောခြင်း မဟုတ်၍ လူတို့အား လောဘ၊ ဒေါသ၊ မာန မရှိပါနှင့်ဟု ဆိုစရာအကြောင်း မမြင်ပေ။ ရှိနေကြမည်သာ ဖြစ်၏။ နိုင်ငံကို အုပ်ချုပ်သူသည် တောရိပ်ခိုသူမဟုတ်သဖြင့် အဆိုပါ အမျက်သုံးပါးမှ (ဘာသာရေးအဆုံးအမ တည်နေသူများ မဟုတ်ခြင်းကြောင့်လည်း ဖြစ်၏) နည်းပါးဖွယ်ရာ မမြင်ပေ။

လူသည် အပူဓာတ်ရှိနေရ၏။ ကိုယ်အပူချိန်သည် ၉၈. ၄F˚ ရှိရသည်။ ထိုထက်နည်းလျှင်လည်း 'နေမကောင်း'ဟု ဆိုရ၏။ များလျှင်လည်း 'နေမကောင်း'ဟု သတ်မှတ်သည်။ သာမန်ရှိသင့် ရှိထိုက်သော အပူချိန် ရှိခြင်းမှာ သဘာဝကျသည်။ ကောင်းသည်။ ထိုထက် အတန်ငယ် ပိုလာလျှင် (ဖျားနာ)ဆိုပါက မထောင်းသာသော်လည်း ၂ ဒီဂရီ ၃ ဒီဂရီ ပိုလာပါက ဆေးရုံရောက်တော့မည် ဖြစ်၏။ (လူအပူချိန်ထက်ဆိုးသော လောဘ၊ ဒေါသ၊ မာန အပူကား ဆိုဖွယ်မရှိတော့)

ထို့အတူပင် လူသားတိုင်း၌ ရှိအပ်သော လောဘ၊ ဒေါသ၊ မာနသည် ရှိသင့်သည်ထက် ပိုလာသောအခါ ထိုအပူ

ကြောင့် ပထမဦးစွာ ထိုပုဂ္ဂိုလ်အား တောက်လောင်၏။ ထိုမှဆက်၍ အနီးဆုံးလူအား ဒုက္ခပေး၏။ ထိုထက်ပိုလာလျှင် အခြားတစ်ပါးသော သူတို့အား ဒုက္ခပေးသည်။

လောဘကြီးသော၊ အမျက်ဒေါသပြင်းထန်သော၊ မာန်မာန မောက်ကြွလွန်းသော (သာမန်လူတို့သည်ပင်) အခြားလူကို ဒုက္ခပေးလေရာ လုပ်ပိုင်ခွင့်ရှိသော၊ အာဏာပါဝါရှိသော၊ အဆုံးအဖြတ်ပြုနိုင်သော နိုင်ငံကို အုပ်ချုပ်နေသောသူတို့ဆိုပါက ဆိုဖွယ်ရာ မရှိတော့ပေ။

ယနေ့ ကမ္ဘာကြီး၌ ဖြစ်နေသော စစ်ပွဲများသည် . . .

လောဘ- လိုချင် မက်မောခြင်း၊ တပ်မက်ခြင်းဟူသော သူများဥစ္စာ၊ သူများနယ်မြေ၊ သူများအာဏာကို ရယူလိုသောဆန္ဒကြောင့် အခြေခံသည်။ မိမိအတွက်သာကြည့်သော လွန်ကဲသော လောဘကြောင့် ဖြစ်ရကြောင်း ယုံမှားဖွယ်မရှိပေ။ မည်သည့် ယဉ်ကျေးချိုသာသော သံတမန်စကားကို ဆိုနေကြစေကာမူ သူတစ်ပါး၏ ပိုင်ဆိုင်ခြင်းကို ရယူလိုခြင်း (သို့မဟုတ် မိမိ၏ ထိန်းသိမ်းပိုင်ဆိုင်မှု အဝန်းအဝိုင်းတွင် ရှိနေစေလိုခြင်း)ကား အဓိကဖြစ်၏။

ဒေါသ- အမျက်၊ စိတ်တိုခြင်းတည်းဟူသော အကြောင်းကြောင့် မိမိ၌ရှိသော အင်အားဟူသမျှကို အသုံးချလျက် တစ်ဖက်သား (တစ်ပါးနိုင်ငံ)ကို (ကာကွယ်ရပါသည်ဟု အကြောင်းပြချက်) ဝင်ရောက်ဖြိုခွင်းခြင်းကား ထင်ရှားလှသည်။ ငါ့ကို ထိပါးလို့ ငါ့နိုင်ငံကို ထိပါးလို့ဟူသော အကြောင်းဖြင့် အစွမ်းကုန် ဒေါသဖြင့် မိမိ၏ အင်အားရှိသရွေ့ လက်တုံ့ပြန်ကြခြင်းကား မငြင်းနိုင်ပေ။

မာန- ထောင်လွှားခြင်း၊ တက်ကြွခြင်းကား အင်အားရှိခြင်းကို အကြောင်းပြုလျက် အမြင့်မားဆုံး ရှိနေကြသည်၊ ဤတွင် မာနရှိခြင်းကား အင်အားရှိသူတို့သာ မဟုတ်။ အင်အားနည်းပါးသော၊ နိမ့်ကျသော သူတို့၌ပင် ရှိနေကြသည်ချည်းဖြစ်၏။ မာနကား သုံးမျိုး ရှိ၏။

(၁) သေယျာမာန- အမျိုး၊ အကျင့် အတတ်ပညာ မြင့်မြတ်သည်ဟူ၍ ထောင်လွှားခြင်း။

(၂)သဒိသမာန- အမျိုး၊ အကျင့် အတတ်ပညာ တူညီသည်ဟူ၍ ထောင်လွှားခြင်း။

(၃)ဟိနမာန- အမျိုး၊ အကျင့် အတတ်ပညာ ညံ့သော်လည်း ငါ့ကို မကဲ့ရဲ့သင့်၊ မထေမဲ့မြင် မပြုသင့်ဟု ထောင်လွှားခြင်း။

**မာန= ထောင်လွှားခြင်း၊**
**တက်ကြွခြင်းကား**
**အင်အားရှိခြင်းကို**
**အကြောင်းပြုလျက်**
**အမြင့်မားဆုံးရှိနေကြသည်။**
**ဤတွင် မာနရှိခြင်းကား**
**အင်အားရှိသူတို့သာမဟုတ်။**
**အင်အားနည်းပါးသော၊**
**နိမ့်ကျသော သူတို့၌ပင်**
**ရှိနေကြသည်ချည်းဖြစ်၏။**



အဆိုပါသုံးပါးအနက် ဟိနမာနကိုလည်း ဤစစ်ပွဲများ၌ တွေ့နိုင်လေသည်။ အထူးသဖြင့် လူသားတို့တွင် သေယျမာနနှင့် ဟိနမာနကား ထင်ရှားစွာ တွေ့နိုင်သော အတောက်လောင်ဆုံးမီးများ ဖြစ်လေသည်။

ထိုတိုက်ပွဲများကို ခေါင်းဆောင်နေသော 'နိုင်ငံအကြီးအကဲ' ဆိုသူတို့မှာ ပညာ၊ အတွေ့အကြုံ၊ ဆင်ခြင်တုံတရား (စဉ်းစားခြင်း)တို့၌ (သာမန်အချိန်တွင်) နည်းပါးသူတို့ မဟုတ်ပေ။ အသက်အားဖြင့်လည်း ၅၀ ဟူသော အသက်အထက်တွင်သာ ရှိကြရာ ကမ္ဘာ့သက်တမ်း (၆၂ နှစ်ဟု သတ်မှတ်ထားရာ) တတိယအရွယ်သာ ဖြစ်ပါသည်။ ဤသို့ နိုင်ငံရေး အတွေ့အကြုံ၊ ပညာ (Phd. အဆင့်အတန်းရှိသူများ)နှင့် စဉ်းစားတွေးခေါ်တတ်ခြင်း၌လည်း အလေ့အကျင့် ရှိသူများချည်း ဖြစ်ပါလျက် ဤသို့ အနိုင်မခံ အရှုံးမပေး ကြနေတတ်ကြခြင်းကား လောဘ၊ ဒေါသနှင့် မာနက (လူတစ်ယောက်၌ ရှိအပ်သည်ထက် ပိုနေသောကြောင့်သာ) အမှန်တရားများကို မျက်ကွယ်ပြုထားခြင်း ဖြစ်လေသည်။

နိုင်ငံရေးတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ (ဝါဒတစ်ခုနှင့်တစ်ခု) ဆန့်ကျင်နေကြလျက် အမှန်တရားတစ်ဖက်ဖက်က ပြောစေကာမူ သူဖြူလျှင် ငါမဲ (မည်း)ဟူသော အခြေခံကို လက်ကိုင်စွဲလျက် အကြောင်းတရားကို ဆန့်ကျင်ခြင်း မဟုတ်ဘဲ (နိုင်ငံကို- အုပ်စုကို- သာ ဆန့်ကျင်လျက်) မဲပေးနေကြခြင်းဟူသောသဘောမှာ ပညာ၊ အတွေ့အကြုံ၊ ဆင်ခြင်တုံတရားကို မျက်ကွယ်ပြုလျက် မာနတရားသာ လက်ကိုင်ပြုနေကြခြင်းမှာ ထင်ရှားလှပေသည်။ မိမိထောက်ခံသူက ဘယ်လောက်မှားမှား (မှားမှန်းလည်း တကယ်သိလျက်) ထောက်ခံမဲပေးနေကြခြင်းကား အဘယ်အကြောင်းကြောင့်နည်းဆိုသော် ဤ လောဘ၊ ဒေါသနှင့် မာနမှလွဲ၍ အခြားမရှိပေ။

ဤသို့သော အခြေအနေများကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများကို မိမိနိုင်ငံ၌ တိုက်ရိုက်မဟုတ်ပါဘဲလျက် စစ်ဘေးစစ်ဒဏ်ကြောင့် ကပ်သင့်နေသော အရပ်သူများကို တွေ့မြင်ရသောအခါ အာဏာပိုင်ဆိုသော လောဘ၊ ဒေါသ၊ မာနကြီးလှသည့် ထိုအမျက် (အပြစ်အနာများလှသူ)များကြောင့်ဟုသာ ဖြစ်ရသည်ဟူ၍ အမှန်ကောက်ချက်ကို ထပ်၍ ချလိုက်ရပေတော့သည်။

မောင်တောင်မြင့်


ဒေါင်းစာပေသို့ မှာကြားနိုင်ပါသည်။

| | |
|---|---|
| ဇွန်ီယာဝင်း | * လူ့စွမ်းအားနှင့်ပုံသန်းခြင်း (လေယာဉ်ပုံသမိုင်းနှင့် လေယာဉ်မောင်းပညာအကြောင်း) စာမူခွင့်ပြုအမှတ် ၄၀/၂၀၀၃/ (၁) |
| ဒေါက်တာခင်မောင်ဝင်း | * ဂိမ်းသီအိုရီ စာမူခွင့်ပြုအမှတ် ၁၀၄/၀၂/ (၁) |
| ဒေါက်တာခင်မောင်ဝင်း+ တက္ကသိုလ်ရွှေရိုင်း | * အသက်ကိုဖန်တီးခြင်းနှင့်သိပ္ပံစာတမ်းများ စာမူခွင့်ပြုအမှတ် ၄၆၉/၀၃/ (၅) |

# ပုစ္ဆာကိုဘယ်လိုတွက်ကြမှာလဲ

ဉာဏ်မောင်

ရင်ထဲမှာ စူးစူးနင့်နင့် ခံစားလိုက်ရတဲ့ အကြောင်းအရာကလေးတွေက ရှိလာတော့ စာရေးချင်စိတ်ကလေးတွေက ပြူတစ်ပြူတစ်ပေါ်လာပါတယ်။ ဒီအခါမှာ ခေါင်းစဉ်ကိုဘယ်လိုတပ်ရပ့ါမယ်ဆိုတာက ရွေးမရဖြစ်လာတယ်။

ပထမရွေးမိတဲ့ ခေါင်းစဉ်က 'တွက်နည်းမှား အဖြေမှန်'ပါ။ ဒီလိုတွေးမိတာကတော့

ကျွန်တော်တို့ ခပ်ငယ်ငယ် အလယ်တန်းကျောင်းသားဘဝလောက်တုန်းက သင်္ချာဆရာ့က အတန်းထဲမှာ သင်္ချာတွက်ခိုင်းတတ်ပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့တစ်တွေက ကိုယ့်ဖာသာကိုယ်တော့ တွက်ကြတာပါပဲ။ ဒါပေမဲ့ မတွက်တတ်ကြတာမျိုးတွေလည်း ရှိတတ်ကြတယ်လေ။ အဲဒီလိုအခါမျိုးတွေမှာ သင်္ချာတော်သူတစ်ယောက်ဆီက အဖြေဘယ်လောက်ရသလဲဆိုတာကို ဆရာမ မသိအောင် တိုးတိုးကလေးကပ်မေးပြီး အဆုံးသတ်မှာ သူများရဲ့အဖြေမှန်ကို ခိုးကူးထည့်တတ်ကြပါတယ်။ ဒါကိုသတိရပြီး 'တွက်နည်းမှား အဖြေမှန်'ခေါင်းစဉ်ကို ပေးချင်နေမိတာပါ။ တကယ့်ဘဝထဲကို ကြည့်လိုက်ပြန်တော့လည်း တွက်နည်းမှားပေမယ့် အဖြေမှန်နေသူတွေကို တွေ့နေရတတ်တယ်လေ။ ဘယ်လိုတွေ့နေရသလဲဆိုတော့ တချို့ (အများစုတချို့မဟုတ်ပါ။ အနည်းစုတချို့ပါ) လူတွေများဆိုရင် ပြထားတဲ့ လုပ်ငန်းက ဒီလောက်ကြီးမဟုတ်ပေမယ့် အဲဒီလုပ်ငန်းရဲ့ နောက်ကွယ်မှာ ဘာတွေကိုဘယ်လို လုပ်နေကြတယ်မသိ။ ဟန်းဖုန်းသံတကီကီ။ ကားသံတဝီဝီ။ ရွှေရောင်တပြောင်ပြောင်။ စိန်ရောင်တစ်လက်လက်နဲ့ အောင်မြင်မော်ကြွားနေကြတာကို တွေ့နေရပါတယ်။



ဒါပေမဲ့ ဒီတွက်နည်းမှား အဖြေမှန်ခေါင်းစဉ်ကို တစ်ဖက်ကလည်း မပေးချင်ပြန်ပါဘူး။ ဘာပြုလို့လဲဆိုတော့ လုပ်နည်းလုပ်ဟန် မမှန်တဲ့အတွက် ထွက်လာတဲ့ရလဒ်ကလည်း မလှမပဖြစ်နေတာမျိုးတွေကို တွေ့တွေ့နေရလို့ပါ။ ဒီတော့ တွက်နည်းမှား အဖြေလွဲလို့ခေါင်းစဉ်ပေးချင်နေမိပြန်ပါရော။

ဒါပေမဲ့ တကယ်တော့ ဘဝစစ်စစ်ကြီးထဲကို ကြည့်လိုက်ပြန်တော့လည်း တွက်နည်းမှားပြီး အဖြေမှန်နေသူ အနည်းငယ်ကို တွေ့နေရသလို တွက်နည်းမှားလို့ အဖြေလွဲနေသူ အများစုကိုလည်း တွေ့နေရပြန်ပါတယ်။

အခုကျွန်တော့်ရင်ကို လာဆွ နေတဲ့ အကြောင်းအရာလေးတွေက ဒီလို ပါ။

လူဆိုတာ များသောအားဖြင့် (များသောအားဖြင့်) ဖြစ်နိုင်ရင်(ဖြစ်နိုင်ရင်) အောင်မြင်ကျော်ကြားချင်ကြတာ ချည်းပါပဲ။ ချမ်းသာကြွယ်ဝချင်ကြတာချည်းပါပဲ။ ဒါကြောင့်လည်း စင်ပေါ်ကလူကို အထင်ကြီး မော်ကြည့်မိကြတာပါ။ ပါကဲ့ရိုး၊ ပရာဒို၊ မတ်တူးပေါ်ကလူကို အားကျကြည့်ကြည့်မိကြတာပါ။ ဒီအခါမှာ တစ်နေ့မှာ ငါလည်းမင်းတို့လို ဖြစ်စေရမယ်လို့ ရင်ထဲကျိတ်ပြီး ဆုတောင်းမိတတ်ကြပါတယ်။

ရန်ကုန်မှာနေတဲ့ ဆရာဝန်မကလေးတစ်ယောက်ကလည်း အဲဒီလို ကြိတ်ဆုတောင်းနေတဲ့ အထဲမှာပါပါတယ်။ သူကဆင်းရဲကြပ်တည်းလို့ အဲသလိုဆုတောင်းတာ မဟုတ်ပါဘူး။ ရန်ကုန်မှာ ကိုယ်ပိုင်တိုက်ခန်းနဲ့ ကားနှစ်စီးနဲ့ နေနိုင်တဲ့သူပါ။ တစ်စီးက ကိုယ်ပိုင်စီးပြီး တစ်စီးကတော့ 'တက' အငှားကား လုပ်ထားပါတယ်။ ဆေးခန်းကရတဲ့ဝင်ငွေနဲ့ 'တက' ကရတဲ့ အုံနာကြေးတွေပေါင်းလိုက်ရင် သူတစ်ယောက်စာ ဗိုက်ရိုက်စားလို့ ရပါတယ်။ ဒါပေမဲ့ ဒီလောက်ကလေး အဆင်ပြေနေတာကို သူကအောင်မြင်နေတယ် မသတ်မှတ်ပါဘူး။ ချမ်းသာနေတယ် မသတ်မှတ်ပါဘူး။ သိန်းထောင်ချီ၊ သောင်းချီ လက်ဖျားငွေသီးနေမှ ချမ်းသာအောင်မြင်တယ်လို့ သူကခံယူပါတယ်။

ဒီတော့ ဆေးကုသတဲ့အလုပ်ထက် 'သုံးလုံး'ဒိုင်ခံဖို့ကို သူစိတ်ဝင်စားပါ တယ်။ ကားအော်ဒါလိုက်ဖို့ထက် 'တစ်လုံး နှစ်လုံး' ကိုင်ဖို့ကို သူရွေးချယ်ပါတယ်။

ဒီလိုနဲ့ဆရာဝန်မလေးဟာ 'တစ်လုံး၊ နှစ်လုံး၊ သုံးလုံး'ဂဏန်းတွေကို အကြီးအကျယ် ပြူးပြဲကြည့်နေပါတော့တယ်။ လူနာမျှော်ရမယ့်အစား ကိုယ်ခေါ် တက်လာမယ်'ချုတ်chartလေးယားကိုပဲ မျှော်နေမိပါတယ်။ အုံနာခစောင့်ယူရမယ့်အစား 'ဘာထွက်သွားသလဲ' နားစွင့်နေမိပါတယ်။ ဒီအခါမှာ လောင်းကစားသမားတို့ရဲ့ ထုံးစံအတိုင်း နဲ့သမားပါးလို ဖောင်းလိုက် ပိန်လိုက်။ ပိန်လိုက် ဖောင်းလိုက်နဲ့ ဖြစ်နေပါတယ်။ ဖောင်းတဲ့အခါ ပျော်ပျော်ပါးပါး မော်မော်ကြွားကြွား စားလိုက်သောက်လိုက် သုံးလိုက်ဖြုန်းလိုက်နဲ့ ပြုံးပျော်ကြည်နူးနေပါတယ်။ ပိန်တဲ့အခါကျတော့ အထဲကို ခွက်ဝင်သွားတဲ့အထိ ပိန်သွားတတ်ပါတယ်။ အဲသလိုအခါမျိုးမှာ ရှိသမျှအရပ်ရှစ်မျက်နှာအားလုံးကို အူယားဖားယားနဲ့ ဗိုင်းကြီးပတ်ပတ်ပြေးပြီး ရှာရဖွေရရင်းနဲ့ပဲ အမောဆို့နေရတတ်ရှာပါတယ်။

ရေရှည်လာတဲ့ အခါကျတော့ မော်မော်ကြွားကြွားတွေက ရှားပါးလာတယ်။ အူးယားဖားယားတွေက များများ

လာပါတယ်။ ဒီအခါမှာ'လှေမျောလှေနဲ့လိုက် ငွေမျောငွေနဲ့လိုက်'လို့ဆိုကြသလို လိုက်လုပ်ရပါတယ်။ လိုက်လုပ်မိပါတယ်။ ဒီလိုနဲ့ကားတွေ တစ်စင်းပြီးတစ်စင်း ပြုတ်လာပါတယ်။ ဒီလိုနဲ့ရွှေတွေ စိန်ကျောက် တစ်ခုပြီးတစ်ခု ပြုတ်လာရပါတယ်။ နောက်ဆုံးမှာကျတော့ ကြွေးလည်ပင်းပတ်လာပါတယ်။ ဘယ်လိုမှ ရှောင်တိမ်းပတ်မပြေးနိုင်တော့တဲ့အဆုံး အဖမ်းခံလိုက်ရပါတယ်။ အခု'အထဲ'မှာ ရောက်နေရှာပါပြီ။

အမှန်က ဆရာဝန်မလေးရဲ့ စိတ်ရင်းက သဘောကောင်း မနောကောင်းကလေးပါ။ နာဝစ်မှာ သူဟာ ဂဏန်းခြောက်လုံးအထိ ရက်ရက်ရောရော လှူခဲ့တန်းခဲ့ပါတယ်။ ဒါပေမဲ့ သူတတ်ထားတဲ့ ဆေးပညာက သူ့ချမ်းသာချင်သလောက်ကို ဖြည့်ဆည်းမပေးစွမ်းနိုင်ပါဘူး။ သူ့သဘော မနောကောင်းတာတွေကလည်း 'မတ်တူး'ကိုသူ့ဆီရောက်ဖို့ သံလိုက်လိုဆွဲမကပ်နိုင်ခဲ့ပါဘူး။

ဒီလိုနဲ့ . . .

ချမ်းသာချင်လွန်းလှတဲ့ လောဘက သဘောမနောကောင်းပြီး ပညာတတ်တဲ့သူ့ကို ရွေးချယ်လျှောက်လှမ်းစရာ လမ်းမှားတွေဆီရောက်အောင် တွန်းပို့ခဲ့ပါတယ်။

ကျွန်တော့်မိတ်ဆွေ တစ်ယောက်က မိဘလက်ငုပ်လက်ရင်းကို ဆက်လုပ်တဲ့ကုန်သည်ပွဲစားတစ်ယောက်ပါ။ သူ့မိန်းမက သူ့ယောက်ျားရဲ့ လုပ်ငန်းနဲ့မတူတဲ့ စီးပွားရေးကို သီးခြားသန့်သန့်လုပ်ပါတယ်။

ကျွန်တော့်မိတ်ဆွေက မိဘကို မိဘမှန်းသိပါတယ်။ ချစ်ပါတယ်။ ရိုသေပါတယ်။ မိဘတွေ စီးပွားရေးကနေ နားသွားတော့ သူကပဲမိဘနှစ်ပါးကို ကျွေးမွေးပြုစု စောင့်ရှောက်ပါတယ်။ ကျေးဇူးဆပ်ပါတယ်။ အဖေကြီးဆုံးသွားတော့ အမေကြီးကို ပိုဂရုစိုက်ပါတယ်။ ညီငယ်၊ ညီမငယ်တွေကို ပိုကြည့်ရှုပါတယ်။

ဒါပေမဲ့ ဒီအခါမှာ ပြဿနာဖြစ်လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူကိုယ်တိုင် စီးပွားပျက်သွားလို့ပါ။ စီးပွားရေးက အဲသလိုရပ်သွားပေမယ့်လည်း သူက အမေကို သူတတ်နိုင်သလောက် ဆက်ပြုစုပါတယ်။ ကန်တော့ပါတယ်။ ဒါပေမဲ့ ခက်တာက သူ့ကန်တော့ငွေတွေက သူ့မိန်းမမသိအောင်'ဘတ်'ထားတဲ့ငွေတွေဖြစ်နေပါတယ်။

တစ်ခါ၊ နှစ်ခါမသိသာသေးပေမယ့် ဆယ်ငါးခါ အခါနှစ်ဆယ်လောက်ကျတော့ သူဘတ်တာတွေ ပေါ်လာပါတယ်၊ ပစ္စည်းစာရင်းတွေစစ်လိုက်တော့ ပစ္စည်းတွေက ကွာနေတာ တွေ့ရပါတယ်၊ ငွေစာရင်းတွေ စစ်ကြည့်လိုက်တော့ ငွေတွေ ကွာနေတာ တွေ့ရတယ်၊ အဲဒါအပြင် ငွေချေပြီးသားပစ္စည်းတွေ အကြွေးအဖြစ်နဲ့ ပြန်လာ အတောင်းခံနေရတယ်။ ဒီအခါမှာ သူ့မိန်းမလည်း ထိန်းမနိုင် သိမ်းမရနိုင်လောက်ကို ပေါက်ကွဲတော့တာပါပဲ။ ဒီအခါမှာ သူ့မိန်းမရဲ့ ပွဲကြမ်းကြမ်းနဲ့ ပေါက်ခွဲလိုက်တဲ့ စကားလုံးကြမ်းကြမ်းကြီးတွေ အောက်မှာ သူဟာ ပြားပြားဝပ် မလှုပ်နိုင်တော့ပါဘူး။ နောက်ဆုံးကျတော့ သူဟာခေါင်းက လေးငုံ့ပြီး မျက်နှာမသာမယာနဲ့ အိမ်ပေါ်က ဆင်းရပါတယ်။ ဒီအခါမှာ ကျွန်တော်တို့သူငယ်ချင်းတစ်တွေ စိတ်မချမ်းမသာဖြစ်ကြရပါတယ်။

တကယ်ဆိုရင်'အမေကို ဘယ်



**ချမ်းသာချင်လွန်းလှတဲ့ လောဘက**
**သဘောမနောကောင်းပြီး ပညာတတ်တဲ့**
**သူ့ကို ရွေးချယ်လျှောက်လှမ်းစရာ**
**လမ်းမှားတွေဆီရောက်အောင်တွန်းပို့ခဲ့ပါတယ်။**

လောက် ကန်တော့ကြရအောင်ဟေ့' လို့ မိန်းမကို အစကတည်းက ဦးဆောင်ပြီး လမ်းကြောင်းချပြရမှာပေါ့။ မဟုတ်ဘူးလား။ 'ငါ့ညီမလေးတွေ ညီလေးတွေ ကြပ်တည်းနေကြရှာတယ်။ ဘယ်လောက်၊ ဘယ်လောက်တော့ဖြင့် ကူညီကြရအောင်ဟေ့' နဲ့ မိန်းမကို စည်းရုံးသိမ်းသွင်းရမှာပေါ့။ မဟုတ်ဘူးလား။ ကိုယ်ကိုယ်တိုင်ကတောင်မှ မိန်းမလုပ်စာထိုင်စားနေရတာ ခုလိုပေးချင်ကမ်းချင်တယ်ဆိုရင် ကိုယ့် မိန်းမကို ကိုယ်အရင်ဆုံး နူးနူးနပ်နပ်ချဉ်းကပ်ထားရမှာပေါ့။ မဟုတ်ဘူးလား။

ခုတော့ အဲသလိုမဟုတ်ဘူး။

ပွင့်ပွင့်လင်းလင်း မရှိဘူး။

ခိုးကြောင်၊ ခိုးဝှက်တွေ လျှောက်လုပ်တယ်။ တကယ်ဆိုရင် ကိုယ့်အမေကို ကိုယ်ကန်တော့တာပဲ။ ဒါမှားနေလို့လား။ မမှားဘူးလေ။ ကိုယ့်ညီ၊ ညီမတွေကို ပြန်ကြည့်တာပဲ။ ဒါမှားနေလို့လား။ မမှားဘူးလေ။ ဒါပေမဲ့ လုပ်နည်းလုပ်ဟန်တွေက ပြောစရာဖြစ်လာတယ်။

ဒီတော့ အိမ်ပေါ်ကဆင်းရရော။

အဲဒီမှာတင် သားသမီးတွေကရော ပတ်ဝန်းကျင်ကပါ ဝိုင်းဖျောင်းဖျကြရတာပေါ့။ ဘယ်နှယ့် . . . မြေးပဲချီရတော့မယ်။ အိမ်ပေါ်က ဆင်းရတယ်ဆိုတော့ လူကြားလို့မှ မကောင်းဘူးလေ။ ပြီးတော့ အရပ်ထဲထွက်လာတဲ့အသံကိုလည်း နားထောင်ကြည့်ဦး။ အမေကို ခိုးကျွေးခိုးပေးလို့တဲ့။ ဒီတော့မိန်းမလုပ်သူဘက်က ကြည့်တော့လည်း ကိုယ့်ယောကျ်ားကို စေတနာမရှိရာကျမနေဘူးလား။ လုပ်လိုက်ပုံက အကုန်လုံးကို အရှက်ကွဲရော။ တစ်အိမ်လုံးကို အရှက်ကွဲရော။ ဒီအထဲမှာ မိန်းမလုပ်သူက အဆိုးဆုံး။

နောက်ဆုံးကျတော့ သားသမီးတွေရဲ့ မျက်နှာကိုထောက်ပြီး အိမ်ပေါ်ပြန်တင်လိုက်ပါရဲ့။ ပတ်ဝန်းကျင်ရဲ့စကားတွေကို မလွန်ဆန်ချင်တဲ့အတွက် အိမ်ပေါ်တော့ ပြန်တင်လိုက်ပါရဲ့။ ဒါပေမဲ့

လေစိမ်းတွေက တိုက်ထားခဲ့လေတော့ မျက်နှာတွေက ဖိုဖိုစာစာ ကလေးတွေနဲ့ပဲပေါ့လေ။

အင်း . . . လုပ်ပုံက ဟုတ်မှမဟုတ်တာကိုး။

တွက်နည်းမှားတော့ အဖြေလည်းလွဲခဲ့ရတာပဲပေါ့။

သူများတတွေ အဖြေခိုးချလို့ အဖြေမှန်ရတာကိုကြည့်ပြီး . . .

ငါလည်းသူတို့လို ခိုးချလိုက်ဦးမှပဲဆိုပြီး လုပ်ချလိုက်တော့ . . .

အဖြေကိုပဲ ရွေးကြည့်တတ်တဲ့ တာဝန်ကိုပေါ့ပေါ့ဆဆ လုပ်တတ်တဲ့ဆရာမျိုးနဲ့တွေ့တဲ့အခါ အမှတ်ပြည့်ရလိုက်ကြသူတွေ ရှိပေမယ့် . . .

ကိုယ်နဲ့ကျမှ အဆင့်တိုင်းကိုတစ်လုံးမကျန် စစ်စစ်ပေါက်ပေါက် စစ်တတ်တဲ့ ဆရာသမားအစစ်အမှန်နဲ့ တွေ့လိုက်တဲ့အခါမှာ . . .

ဒီနေရာမှာ အတွေးကဆုံးတာ မဟုတ်ပါဘူး။ အခုမှ အတွေးက စတာပါ။ အမေးက ပေါ်လာတာပါ။

ပုစ္ဆာကို ဘယ်လိုတွက်ကြမှာလဲ။

ဘဝမှာ ဘယ်လိုရှုန်းကန်လှုပ်ရှားကြမှာလဲ။

ညဏ်မောင်


ပညာတော်သင်အဖြစ်၊ မြန်မာကျွမ်းကျင်ပညာရှင်အဖြစ်၊ သံတမန်အဖြစ်၊ နိုင်ငံတကာအဖွဲ့အစည်းဝန်ထမ်းအဖြစ် ၆၅နှစ်အတွင်းနိုင်ငံပေါင်း ၅၀သို့ ၂၃၄ကြိမ်သွားရောက်ခဲ့ရသူ

**အငြိမ်းစားသံအမတ်ကြီး**
**ဦးသက်ထွန်း**

**မြန်မာတစ်ဦး၏ ကမ္ဘာ့အမြင်**
**A Myanmar Looks at Others**

အင်္ဂလိပ် + မြန်မာ ၂ ဘာသာတွဲ
စာမူ ခွင့်ပြုချက်အမှတ် ၅၄/၀၄/ (၅)
ထွက်နေပါပြီ

၂၀၀၉ခု စက်တင်ဘာလထုတ်
**"နိုင်ငံရပ်ခြားအတွေ့အကြုံများ"** နှင့်တွဲ၍ ဖတ်နိုင်ပါသည်။

ဒေါင်းစာပေ၊ ၁၁၃/ ၃၃လမ်း(အလယ်)၊ ကျောက်တံတား၊ ရန်ကုန်။ ဖုန်း-၃၇၃၂၁၀


# နိုဘယ်ဆုရှင်များ၏အတွေးအမြင်များ

## ဘာ့ကြောင့်ပူတင်းကပျော့ပြီးကျောက်ခဲကမာရသလဲ ?

Why is Pudding Soft and Stone Hard?
By
Klaus von Klitzing

**ဒေါက်တာလှနုထွေး (ဒဿနဗေဒ)**
**တည်းဖြတ်-ဒေါက်တာခင်မောင်ဝင်း (ဒဿနဗေဒ)**

ကမ္ဘာကျော်သိပ္ပံဆရာကြီး Albert Einstein က "The whole of science is nothing more than a refinement of everyday thinking" [သိပ္ပံပညာတစ်ရပ်လုံးသည်ကား အခြားမဟုတ် နေ့စဉ် စဉ်စားနေခြင်းအား တိုးတက်ပြုပြင်ထားခြင်းပင်ဖြစ်သည် ] ဟု ပြောခဲ့ပါတယ်။ ပြီးတော့ "Scientific knowledge is the most reliable and useful knowledge that human beings possess"[သိပ္ပံပညာသည် လူတို့၌ရှိသော အသိဉာဏ်တို့အနက်၊ အခိုင်မာဆုံးနှင့် အသုံးဝင်ဆုံး အသိဉာဏ်ဖြစ်သည်] ဟုလည်း ဆိုပြန်ပါတယ်။

"မာခြင်း" ၊ "ပျော့ခြင်း" ဆိုတာဟာ လူတို့ရဲ့ နေ့စဉ်တွေ့နေရသော ရုပ်ဝတ္ထုများရဲ့ သာမန်အရည်အချင်းနှစ်ရပ်သာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီအရည်အချင်းနှစ်ရပ်ဟာ ပညာရှင် Klaus von Klitzing ရဲ့ လက်ကို ရောက်သွားတဲ့အခါမှာတော့ အလွန်တန်ဘိုးရှိတဲ့ သိပ္ပံပညာဆိုင်ရာ အသိဉာဏ်တစ်ရပ်ဖြစ်လာပါတယ်။

Klaus von Klitzing ဆိုသူ သိပ္ပံပညာရှင်ကို ၁၉၄၃ ခုနှစ်၊ ဇွန်လ ၂၈ ရက်မှာမွေးပြီး ၁၉၈၅ ခုနှစ်မှာ The quantum Hall effect ကို ရှာဖွေနိုင်ခဲ့တဲ့အတွက် ရူပဗေဒဆိုင်ရာ Nobel ဆုကို ချီးမြှင့်ခံခဲ့ရပါတယ်။ သူဟာ ဂျာမနီနိုင်ငံ Stuttgart မှာရှိတဲ့ Max Planck Institute မှာ စာပေသင်ကြား ပို့ချနေပါတယ်။ သူ့ရဲ့ "မာခြင်း"၊ "ပျော့ခြင်း" နဲ့ စပ်လျဉ်းတဲ့ ရေးသားချက်ကို တစ်ဆင့် ပြန်ဖောက်သည်ချပါရစေ။

ပါးစပ်ထဲကို ပူတင်းတစ်ဇွန်းထည့်လိုက်တဲ့အခါ အလွန်အရသာရှိတဲ့ vanilla အရသ ဟာ တစ်ကိုယ်လုံးကို စိမ့်သွားစေပါတယ်။ လျှာဖျားကနေ ဝမ်းထဲထိ မဝါးလိုက်ရ လျှောကနဲ ဝင်သွားပါတော့တယ်။ ဒါပေမယ့် ဇီးသီးတစ်လုံးကို ရုတ်တရက် ကိုက်ထည် လိုက်ရင်တော့ ဇီးစေ့ကို ကိုက်မိသွားတာနဲ့ ဆိုးဝါးတဲ့ခံစားမှုကို ခံစားရမှာပါ။

ဒါဖြင့် မာတယ်၊ ပျော့တယ်ဆိုတာဘာလဲ? ရုပ်ဝတ္ထုတွေဟာ ဘာ့ကြောင့်မာပြီ ဘာ့ကြောင့် ပျော့ရသလဲ? ဒီလိုမေးခွန်းမျိုးကို ကျွန်တော်တို့ ရူပဗေဒပညာရှင်တွေက စိတ်ဝင်စားကြပါတယ်။ သူတို့က ရုပ်ဝတ္ထုတွေမှာ ဒီလိုဂုဏ်ရည်တွေ ဘယ်လိုရှိလာသလ ဆိုတာကို ရှင်းပြဖို့ ကြိုးစားနေကြပါတယ်။ စင်စစ် ကျွန်တော်တို့မြင်တွေ့ခံစားနိုင်တ ရုပ်ဝတ္ထုအားလုံးဟာ အမျိုးအစားအားဖြင့် တစ်ရာလောက်ရှိတဲ့ ရုပ်အစိုင်အခဲလေးတွေ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ဒီရုပ်ဝတ္ထုလေးတွေရဲ့ ဖွဲ့စည်းပုံကိုလိုက်ပြီး ရုပ်ပစ္စည်းတွေ အရောင်အားဖြင့်ခြားနားမှု၊ ပုံသဏ္ဌာန်အားဖြင့်ခြားနားမှု၊ စွမ်းအင်အားဖြင့် ခြားနားမှု စ ခြားနားမှုတွေဟာ ဖြစ်ပေါ်လာပါတယ်။ ဒါ့အပြင် ဒီရုပ်အစိုင်အခဲလေးတွေကြောင့်လည် ဒီကမ္ဘာပေါ်မှာ အသားအရောင်အမျိုးမျိုးရှိကြတဲ့ လူတွေ၊ မြက်ပင်တွေနဲ့ သစ်ပင်အမြ ကြီးတွေ၊ ပိုးမွှားတွေ၊ ငါးတွေ၊ ငှက်တွေနဲ့ နို့တိုက်သတ္တဝါတွေ ဖြစ်လာပါတယ်။ ဒါ လူတိုင်းမသိကြပါဘူး။

အမှန်အတိုင်းပြောရရင်တော့ ကျွန်တော်အခုပြောခဲ့တာတွေကို လက်ခံနိုင်ဖို့ဆို ကျွန်တော်တို့အနေနဲ့ စိတ်ကူးစိတ်သန်းကောင်းဖို့တော့ လိုပါတယ်။ အဲဒီလို စိတ်ကူးစိ သန်းကောင်းတဲ့ လူတစ်ယောက် တစ်ချိန်က ရှိခဲ့ပါတယ်။ သူကတော့ တွေးခေါ်ပညာရှ တစ်ယောက်ဖြစ်သလို၊ သင်္ချာပညာရှင်တစ်ယောက်လည်းဖြစ်တဲ့ Democritus (460-37 B.C) ပဲ ဖြစ်ပါတယ်။ [သူဟာ ဗုဒ္ဓမွေးဖွားပြီးနောက် နှစ်တစ်ရာလောက်မှာ မွေးဖွားလာခဲ့သ ဖြစ်ပါတယ်။] သူဟာ လွန်ခဲ့တဲ့နှစ် ၂၄၀၀ လောက်ကတည်းက သက်ရှိသက်မဲ့သတ္တဝါတွေ သစ်ပင် တောတောင်တွေ စတဲ့ လောကမှာရှိတဲ့ အမျိုးမျိုးသောအရာဝတ္ထုအားလုံးဟာ တူညီတဲ့အစိုင်အခဲလေးတွေနဲ့ ဖွဲ့စည်းထားတာဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ သူ့ရဲ့အလိုအ unit လို့ခေါ်ရမယ့် အသေးငယ်ဆုံးအပိုင်းလေးတစ်ခုရှိပါတယ်။ သူက ဒီအပိုင်းလေး ဂရိလို a-tomos လို့ခေါ်ပါတယ်။ a-tomos ရဲ့ အဓိပ္ပါယ်ကတော့ ထပ်မံခွဲခြမ်း၍မရသော (not dividable) လို့ အဓိပ္ပါယ်ရပါတယ်။ ပြီးခဲ့တဲ့ခေတ်တွေတုန်းက Democritus ရဲ့ atoms နဲ့ ပတ်သက်တဲ့အယူအဆကို လူတွေနားမလည်နိုင်ကြတဲ့အတွက် သူ့အယူအဆ အချိန် အကြာကြီး ချောင်ထိုးခြင်းခံခဲ့ရပါတယ်။

Democritus ပေါ်ပြီး နှစ်ပေါင်းနှစ်ထောင်အကြာ ၁၇ ရာစုအတွင်းမှာတော့ အင်္ဂလိ လူမျိုးသိပ္ပံပညာရှင် Isaac Newton ဟာ ကမ္ဘာနဲ့ကြယ်တွေဟာ ကြီးမားတဲ့ပတ်လမ်းထဲမှ တစ်ခုကိုတစ်ခု ဘာ့ကြောင့်လှည့်ပတ်နေရသလဲဆိုတာကို သိရှိခဲ့ပါတယ်။ Newton ဟာ ကောင်းကင်ထဲက ရွေ့လျားနေတဲ့အရာတွေအားလုံးအကြောင်းကို ရှင်းပြနိုင်ဖို့အတွက် equation တွေကို မရမချင်း မနားတမ်းတွက်ချက်ခဲ့ပါတယ်။ ဒီလုပ်ဆောင်ချက်ဟာ ခေတ်သစ်ရူပဗေဒရဲ့ အစပဲဖြစ်ပါတယ်။ နယူတန်ရဲ့ Theory ကို Democritus ရဲ့ theor ထက် လူတွေအသိများကြပါတယ်။ ဘာ့ကြောင့်လဲဆိုရင် နယူတန်ပြောတဲ့ ကြယ်တွေ



လတွေကို လူတိုင်းမြင်တွေ့နိုင်ကြလို့ပါပဲ။ ဒါပေမယ့် Newton အနေနဲ့တော့ ကျောက်တုံး တွေထဲက၊ ပူတင်းတွေထဲက ရုပ်အစိုင်အခဲလေးတွေကိုတော့ လေ့လာဖို့အခွင့်မသာခဲ့ပါဘူး သူ့အနေနဲ့ အသေးငယ်ဆုံး အရာဝတ္ထုလေးတွေဟာ အလွန်ကြီးမားတဲ့ ကြယ်တွေလတွေ မှာပဲ ရွေ့လျားမှုတွေရှိနေတယ်ဆိုတာကို မစူးစမ်းနိုင်ခဲ့ပါဘူး။

အခုဆိုရင် ကျွန်တော်တို့ဟာ atom တစ်ခုမှာ nucleus ဆိုတာရှိတယ်ဆိုတာကို သိကြပါပြီ။ ဂြိုလ်တွေကနေကိုလှည့်ပတ်နေသလို၊ လကကမ္ဘာကိုလှည့်ပတ်နေသလို nucleus ကို electron တွေက ဝိုင်းရံလှည့်ပတ်နေကြပါတယ်။ ကျွန်တော်တို့သိတဲ့ အရိုးဆုံးအရှင်းဆုံး ဒြပ်စင်တစ်ခုကတော့ hydrogen ဖြစ်ပါတယ်။ Hydrogen atom မှာ nucleus ကို လှည့်ပတ်တဲ့ electron ဟာ တစ်လုံးပဲရှိပါတယ်။ အကယ်၍ Hydrogen မှာ နောက်ထပ် electron တစ်ခုသာ ထပ်တိုးလိုက်ရင် အဲဒီ atom ရဲ့ အလေးချိန်၊ အဲဒီ atom ရဲ့ အချင်းချင်းဆွဲငင်အား စတဲ့ atom ရဲ့ သဘာဝဟာ ပြောင်းလဲသွားမှာဖြစ်ပါတယ်။ ဒါဟာ ဒီ atom ဆိုတဲ့ အစိုင်အခဲ လေးတွေရဲ့ ဖွဲ့စည်းမှုသဘာဝပဲဖြစ်ပါတယ်။

ကျောက်ခဲတွေ၊ ပူတင်းတွေအပါအဝင် အရာဝတ္ထုအားလုံးကို atom တွေနဲ့ ဖွဲ့စည်း ထားတာဖြစ်ပါတယ်။ ဒီ atom တွေဟာ အုပ်စုလေးတွေဖွဲ့ဖို့ တစ်ခုနဲ့တစ်ခုဆက်ကြပါတယ်။ ဒီလို atoms အုပ်စုကို molecules လို့ အမည်ပေးထားပါတယ်။ ဒါကြောင့် molecule ဆိုတာ atom တွေနဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ အဲဒီလို အုပ်စုဖွဲ့ပုံပေါ်မှာ မူတည်ပြီး အမျိုးမျိုးသော ဒြပ်စင်တွေ ဖြစ်လာပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ရေ၊ မြေ၊ လေစတဲ့ အရာရာတိုင်းဟာ ဒီလို molecule တွေနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ အဲဒီတော့ ဒီ molecule တွေဟာ ဘယ်လိုဖွဲ့စည်းနေကြသလဲ၊ ဘယ်လိုဖွဲ့စည်းသလဲဆိုတော့ atom နှစ်ခုကို ဘောလုံးတွေနဲ့ ဆပ်ကပ်ကစားနေတဲ့လူနှစ်ယောက်လို့ သဘောထားလိုက်ပါ။ တစ်ဦးစီရဲ့ လက်ထဲမှာ ဘောလုံးတွေရှိတယ်လို့လည်း သဘောထားလိုက်ပါ။ ဒီဆပ်ကပ်ကစားသူနှစ်ဦး ဟာ အချင်းချင်း ဘောလုံးတွေကို ပစ်ပေါက်ပြီး လက်လှည့်ကစားပြတဲ့အခါ ဘယ်ဘောလုံး ဟာ ဘယ်သူ့ရဲ့ဘောလုံးဆိုတာကို မသိရတော့ပါဘူး။ ဒီနည်းအတိုင်းပဲ atom နှစ်ခုဟာ ဘုံပိုင်ဆိုင်တဲ့ electron တွေနဲ့ molecule တစ်ခုကို တည်ဆောက်ဖို့ ပေါင်းစပ်ကြရပါတယ်။

တစ်ဖန် molecule တွေကလည်း တစ်ဆင့်တက်ပြီး ပို၍ပို၍ကြီးတဲ့ molecule အုပ်စုကြီး တွေကို ဖွဲ့စည်းကြပါတယ်။ သူတို့ရဲ့ ဖွဲ့စည်းပုံကိုလိုက်ပြီး အမျိုးမျိုးသောအရာဝတ္ထုတွေ ဖြစ်လာပါတယ်။ ပူတင်းအကြောင်းကို စဉ်းစားကြည့်လိုက်ရအောင်။ ကျွန်တော်တို့ဟာ နွားနို့ထဲကို ခဲစေတဲ့အရာကိုထည့်ပြီး မွှေလိုက်တဲ့အခါမှာ နွားနို့ထဲမှ အဆီနဲ့ Protein ဟာ ခဲစေတဲ့အရာရဲ့ ကစီဓာတ်နဲ့ Scaffold လို့ခေါ်တဲ့ molecule တွေကို ဖွဲ့စည်းဖို့ ပေါင်းစည်း သွားပါတယ်။ အဲဒီလိုသူတို့ပေါင်းစပ်နေချိန်မှာ အရည်တွေဟာ ခဲခဲလိုက်လာပါတယ်။ ဒါဟာ သန်းပေါင်းများစွာသော atom တွေက ပိုပြီးခိုင်မာတဲ့ ဖွဲ့စည်းမှုအသစ်ကို တည် ဆောက်နေတာဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကျွန်တော်တို့အနေနဲ့ ပူတင်းတစ်ဇွန်းလောက် ကို ပါးစပ်ထဲထည့်လိုက်ချိန်မှာတော့ အလွန်သေးငယ်ပြီး လှည့်ပတ်နေကြတဲ့ electron တွေကို စားနေတာပါလားလို့တော့ မတွေးမိကြပါဘူး။

အခုအထိတော့ ပူတင်းဘာ့ကြောင့် နူးညံ့ရတယ်ဆိုတာကို ကျွန်တော်တို့ တိတိကျကျ

မသိသေးပါဘူး။ အကြမ်းအားဖြင့် ပြောရရင်တော့ ပူတင်းဘာကြောင့် နူးညံ့သလဲဆိုရင် သူ့ရဲ့ molecule တွေဟာ အချင်းချင်း ခိုင်ခိုင်မာမာပေါင်းစပ်မနေလို့ပဲဖြစ်ပါတယ်။ ဒီလိုခိုင်ခိုင်မာမာတွဲပြီး ပေါင်းစပ်မထားတဲ့အတွက် တဖန်ပြန်ပြီး အလွယ်တကူ ကွဲထွက်သွားနိုင်ပါတယ်။ ပူတင်းတစ်ပန်းကန်ကို ရက်အနည်းငယ် အပြင်မှာထားကြည့်လိုက်ပါ။ အရည်တွေထွက်ပြီး စားချင်စရာမကောင်းတဲ့အဖြစ်ကို ရောက်သွားတာတွေ့ရမှာပါ။

တစ်ဖက်မှာ ကျောက်ခဲတွေကို ကြည့်ကြရအောင် ကျောက်ခဲတွေကမာတယ်။ ကျောက်ခဲတွေကို ထုခွဲချင်ရင် အင်အားကိုသုံးရတယ်။ ဥပမာ ကျောက်ခဲတွေကို အက်စစ်ထဲထည့်၊ ဒါမှမဟုတ် အမြင့်ဆုံးအပူချိန်ပေး ဒီနောက်ပြန်ပြီးအေးခဲသွားအောင်လုပ်လိုက်ရင်တော့ ကျောက်ခဲဟာ ကွဲသွားပါလိမ့်မယ်။ ကျောက်ခဲတစ်လုံးကို ခွဲပြီးတဲ့အခါ သူ့ရဲ့အတွင်းပိုင်းမှာ လက်နေတဲ့အရာလေးတွေကို တွေ့ရပါလိမ့်မယ်။ ဒါတွေက crystal လို့ခေါ်တဲ့ atom တွေပဲဖြစ်ပါတယ်။ ကျောက်ခဲတွေထဲမှာ atom တွေဟာ အချင်းချင်း တင်းတင်းကျပ်ကျပ်ဆွဲငင်ထားကြတယ်။ တစ်ခုနဲ့တစ်ခု လှည့်ပတ်ရာမှာတောင် နီးနီးကပ်ကပ် လှည့်ပတ်ကြပါတယ်။ ကျောက်ခဲထဲက crystal တွေရဲ့ မျက်နှာပြင်ဟာ အရမ်းချောမွေ့တယ်၊ အလင်းရောင်ထဲမှာဆိုရင် တလက်လက် အရောင်ထွက်နေကြပါတယ်။ သူ့ကို microscope နဲ့ ကြည့်မယ်ဆိုရင် ဆားပွင့်လေးတစ်ပွင့်နဲ့ တူပါတယ်။

ကံကောင်းတာက ရူပဗေဒပညာရှင်တွေအနေနဲ့ crystal တစ်ခုရဖို့ နေ့တိုင်းနေ့တိုင်း ကျောက်ခဲတွေကို ရိုက်ခွဲနေစရာမလိုပါဘူး။ ဓာတ်ခွဲခန်းထဲမှာပဲ crystal တွေကို လုပ်ယူရပါတယ်။ ဓာတ်ခွဲခန်းထဲမှာ crystal တွေကို လုပ်ရာမှာ သဘာဝမှာမရှိတဲ့ ပုံစံကျလှပတဲ့ crystal တွေကိုတောင် တည်ဆောက်နိုင်ပါတယ်။ သဘာဝအတိုင်းဆိုရင် စိန်တွေတောင် အဖြူရောင်သန့်သန့်ဆိုတာ ရှားပါတယ်။ အချို့က အဝါရောင်ဖောက်နေတတ်ပါတယ်၊ အချို့အပြာဖောက်နေတတ်ပါတယ်။ ဒါဟာ စိန်ကို တည်ဆောက်တဲ့အခါတုန်းက atom တွေရဲ့အစီအစဉ်ဟာမကျပဲ လစ်ဟာမှု၊ ဒါမှမဟုတ် မှားယွင်းမှုရှိနေလို့ ဖြစ်ပါတယ်။ စိန်ဆိုရင် atom တွေဟာ တစ်ခုနဲ့တစ်ခု အလွန် တင်းတင်းကျပ်ကျပ် ချည်နှောင်တွဲဆက်ထားတဲ့အတွက်ကြောင့် အခြားကျောက်တွေနဲ့နှိုင်းရင် အမာဆုံးဖြစ်နေတာပါ။ စိန်မှာပါတဲ့ atom တွေကိုပဲ တစ်ခြားနည်းလမ်းတစ်ခုနဲ့ တွဲဆက်ထားမယ်ဆိုရင် စိန်ဖြစ်လာမှာမဟုတ်ပါဘူး၊ အခြားပစ္စည်းတစ်ခုခုဖြစ်သွားမှာပါ။ ဥပမာ ခဲတံက ခဲဆံဟာလဲ စိန်မှာပါဝင်တဲ့ atom တွေနဲ့ပဲ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီမှာ atom ဆက်ပုံက လျော့ရိလျော့ရဲဖြစ်နေလို့ စိန်မဖြစ်လာပဲ ခဲဆံဖြစ်လာတာပါ။ ဆက်ပုံဟာ ဘယ်လောက်လျော့ရဲသလိုဆိုရင် ခဲနဲ့ရေး ထားတဲ့မျဉ်းကြောင်းကို အလွယ်တကူဖျက်ပစ်နိုင်ပါတယ်။

ကျွန်တော်တို့ဟာ ဓာတ်ခွဲခန်းထဲမှာ ရုပ်ပစ္စည်းအသစ်တစ်ခုကို တည်ဆောက်တော့မယ်ဆိုရင် အညစ်အကြေးတွေမပါဝင်ပဲ သန့်စင်တဲ့ပစ္စည်းဖြစ်လာဖို့လိုပါတယ်။ ဒီလိုဖြစ်လာဖို့အတွက် ဓာတ်ခွဲခန်းရဲ့ သန့်ရှင်းမှုကို အထူးဂရုစိုက်ကြရပါတယ်။ ကျွန်တော်တို့ဟာ ဓာတ်ခွဲခန်းထဲက လေကိုတောင် အကြိမ်ကြိမ် စစ်ဆေးသန့်စင်ပြီးမှ စမ်းသပ်မှုတွေ စတင်လုပ်ဆောင်ကြတာပါ။ ရုပ်ပစ္စည်းအသစ်တစ်ခုကို ပြုလုပ်ပြီးတိုင်းမှာ အဲဒီရုပ်ပစ္စည်းရဲ့ အတွင်းသဘောကို အသေးစိပ်ကြည့်ရှုနိုင်တဲ့ မှန်ဘီလူးတွေနဲ့ ကြည့်ရှုလေ့လာ



ဘယ်။ ဥပမာ သူတို့ရဲ့ဖြစ်တည်လာတဲ့ သဘာဝအသစ်တွေက ဘာတွေလဲ ? သူတို့ဟာ ခိုင်မာမှုရှိရဲ့လား ? လျှပ်စစ်စီးဆင်းမှုရှိနိုင်ရဲ့လား၊ မရှိနိုင်ဘူးလား ? သံလိုက်ဓာတ်ရှိသလား မရှိဘူးလား ? စသဖြင့် ကျွန်တော်တို့ ဓာတ်ခွဲခန်းမှဖြစ်လာတဲ့ ရုပ်ပစ္စည်းတွေကို အသေးစိပ်စစ်ဆေးကြပါတယ်။

"အခုပြောတာတွေက ပူတင်း၊ ကျောက်ခဲတို့နဲ့ ဘာဆိုင်သလဲ" လို့ မေးချင်မေးကြမှာပါ။ အဖြေကတော့ ကျောက်ခဲတွေကို ဆင့်ဆင့်ပြီး ထပ်သွားမယ်ဆိုရင် တောင်စဉ်တောင်တန်းတွေကို တည်ဆောက်နိုင်ပါတယ်။ ရူပဗေဒပညာရှင်တွေကလည်း atom တွေနဲ့ ပစ္စည်းတွေကို တည်ဆောက်ပါတယ်။ atom တွေနဲ့တည်ဆောက်ရာမှာ တစ်ချို့ကိုတော့ ပူတင်းလိုနူးညံ့ပြီး သိမ်မွေ့တဲ့ပုံစံမျိုးကို တည်ဆောက်နိုင်ပါတယ်။ ဒီလိုနည်းနဲ့ electron မဖြတ်သန်းနိုင်တဲ့ ရုပ်ပစ္စည်းတွေကို တည်ဆောက်နိုင်သလို၊ electron စီးဆင်းနိုင်တဲ့ ရုပ်ပစ္စည်းတွေကိုလဲ တည်ဆောက်နိုင်ပါတယ်။

ဥပမာ လျှပ်စစ်ပစ္စည်းကို ထိန်းချုပ်နိုင်တဲ့ microchips တွေကို atom တွေနဲ့ တည်ဆောက်နိုင်ပါတယ်။ အဲဒီလို လျှပ်စစ်ပစ္စည်းတွေကိုထိန်းချုပ်တဲ့ microchips တွေကို atom တွေနဲ့ပြုလုပ်တဲ့အခါမှာ electron တစ်လုံးထဲကပဲ ဖွင့်နိုင်၊ ပိတ်နိုင်တဲ့ မီးခလုပ်တစ်ခုရဲ့ အလုပ်မျိုးကို လုပ်နိုင်စွမ်းရှိလာပါတယ်။ ယခုအခါမှာ ကျွန်တော်တို့ သိကြတဲ့အတိုင်းပဲ မမြင်ရတဲ့ atom တွေနဲ့ electron တွေက ရောမစက်ကြီးတွေအတွက် အလုပ်လုပ်ပေးနေပါပြီ။ ကျွန်တော်တို့အိမ်တွေမှာရှိတဲ့ CD စက်တွေ၊ အဝတ်လျှော်စက်တွေဟာလဲ ဒီ atom တွေ၊ electron တွေရဲ့ အကူအညီနဲ့ လည်ပတ်နေတာ ဖြစ်ပါတယ်။

ဒေါက်တာလှနုထွေး (ဘာသာပြန်)

ပညာတော်သင်အဖြစ်၊ မြန်မာကျွမ်းကျင်ပညာရှင်အဖြစ်၊ သံတမန်အဖြစ်၊
နိုင်ငံတကာအဖွဲ့အစည်း ဝန်ထမ်းအဖြစ် ၆၅နှစ်အတွင်း
နိုင်ငံပေါင်း ၅၀သို့ ၂၃၄ကြိမ်သွားရောက်ခဲ့ရသူ

**အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်း**
**နိုင်ငံရပ်ခြားအတွေ့အကြုံများ**

**EXPERIENCES ABROAD OF**
**RETIRED AMBASSADOR**
**U THET TUN**

အင်္ဂလိပ် + မြန်မာ ၂ ဘာသာတွဲ

စာမူ ခွင့်ပြုချက်အမှတ် ၄၀၀၈၃၈၀၇၀၉
ထွက်နေပါပြီ
ဒေါင်းစာပေ၊၁၁၃/ ၃၃လမ်း(အလယ်)၊ ကျောက်တံတား၊ ရန်ကုန်။ ဖုန်း-၃၇၃၂၁၀

**မြန်မာပြည်ရှိတရုတ်များကို နှစ်မျိုး နှစ်စား ခွဲခြားခေါ်လေသည်။ အင်္ကျီရှည်တရုတ်နှင့် အင်္ကျီအတိုဟူ၍ဖြစ်သည်။**

# မြန်မာပြည်ရောက်တရုတ်များ

**မောင်သန်းဆွေ(ထားဝယ်)**

ကမ္ဘာတွင် မည်သည့်နိုင်ငံတွင်မဆို တရုတ်လူမျိုးရှိသည်ဟု အဆိုရှိသည်။ အနီးဆုံးဥပမာပြရလျှင် စာရေးသူတို့ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများတွင် တရုတ်စစ်စစ်လူဦးရေနှင့် တရုတ်နွယ်ဖွားလူဦးရေသည် အတိုင်းအတာတစ်ခုအထိ များပြားလှကြောင်း တွေ့ရမည်။ အိမ်နီးချင်းနိုင်ငံတစ်ခု၏ မင်းဆက်တွင် တရုတ်လူမျိုးဘုရင်ရှိခဲ့ပြီး လက်ရှိဘုရင်ကိုယ်တိုင်ပင် တရုတ်နွယ်ဖွားဖြစ်သည်။ သူတို့၏ဝန်ကြီးချုပ်ဟောင်းတစ်ဦးသည် တရုတ်ဖြစ်၏။ စင်္ကာပူကဲ့သို့သော နိုင်ငံတလေးတွင် အုပ်ချုပ်သူလူတန်းစားမှ တိုင်းသူပြည်သားများအထိ တရုတ်ဖြစ်နေသည်ကို တွေ့ရပေမည်။

စာရေးသူတို့၏ မြန်မာပြည်သို့ တရုတ်ပြည်မှ တရုတ်များသည် ကုန်းလမ်း၊ ရေလမ်းဖြင့် ရောက်ရှိလာပြီး မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် နေထိုင်လာခဲ့သည်မှာ နှစ်ပေါင်းကြာလေပြီ။ မြန်မာပြည်ရှိ တရုတ်များကို နှစ်မျိုး၊ နှစ်စားခွဲခြားခေါ်လေသည်။ အင်္ကျီရှည်တရုတ်နှင့် အင်္ကျီအတိုဟူ၍ဖြစ်သည်။ ကွယ်လွန်သူ စာရေးဆရာ မောင်ဝမ်ဆန်း (သံဖြူဇရပ်)က အင်္ကျီတို၊ အင်္ကျီရှည် ဆိုသည်မှာ ရန်ကုန်မြို့သို့ ရောက်လာစက၊ အင်္ကျီလက်ရှည်ဝတ်သော ဖုကျန်တရုတ်အင်္ကျီလူမျိုးကို လက်ရှည်တရုတ်ဟုခေါ်၍ အင်္ကျီလက်တိုဝတ်ထားသော ကန်တုန်တရုတ်လူမျိုးကို လက်တိုတရုတ်ခေါ်ကြောင်း ရေးသားဖူးသည်။ ကျွန်တော်နှင့် အလွန်ခင်မင်သော တရုတ်ဆရာမကြီးတစ်ယောက်က

"အင်္ကျီတို၊ အင်္ကျီရှည်ဆိုတာ ရှင်တို့တိုင်းပြည်မှာပဲရှိတာပါ။ အမှန်တော့ သူတို့လာခဲ့တဲ့ တရုတ်ပြည်က နယ်မြေအလိုက် ခွဲခြားပြီး ခေါ်လို့ဖြစ်တယ်၊



တရုတ်ပြည်မှာ အင်္ကျီတို၊ အင်္ကျီရှည်ရယ်လို့ မရှိပါဘူး"

ဟုပြောပြဖူးသည်။ ဤအကြောင်းကို သိချင်၍ မြန်မာနိုင်ငံတွင် လာရောက်နေထိုင်သော တရုတ်များအကြောင်း လေ့လာကြည့်သည့်အခါ အောက်ပါအတိုင်းတွေ့ရသည်။

**ဖုကျန်(အင်္ကျီရှည်)တရုတ်လူမျိုး**

ဖုကျန်တရုတ်လူမျိုးသည် တရုတ်ပြည်တောင်ပိုင်း ဖုကျန်ခရိုင်တွင် နေထိုင်ကြသော လူမျိုးများဖြစ်သည်။ မြန်မာနိုင်ငံအတွင်းသို့ ပထမဦးဆုံးလာရောက်နေထိုင်ကြသူများ ဖြစ်သည်ဟုသိရသည်။ မွေးမြူရေးလုပ်ငန်းဖြင့် စီးပွားရှာကြ၏။ မွေးမြူရေးလုပ်ငန်းဖြင့် အခြေစိုက်နိုင်ခဲ့၍ ငွေကြေးချမ်းသာကြွယ်ဝပြီး ပညာကို ကောင်းစွာ သင်ကြားနိုင်ခဲ့သဖြင့် ခေတ်ပညာတတ်ကြသော တရုတ်များဖြစ်သည်။ မြန်မာနိုင်ငံ စီးပွားရေးလောကတွင် ကုန်တိုက်ကြီးများ၊ ပွဲရုံကြီးများမှအစ၊ စက်မှုလက်မှုလုပ်ငန်းကြီးများအထိ လုပ်ကိုင်ကြသဖြင့် ချမ်းသာကြွယ်ဝ တွင်ကျယ်လာသည်။ မြန်မာနိုင်ငံတွင် လူဦးရေ အများဆုံးဖြစ်သည်။

**ဖုကျန်(အင်္ကျီရှည်)ဟတ်ကာလူမျိုး**

ဖုကျန်ဟတ်ကာလူမျိုးသည် ဖုကျန်ခရိုင်အနီးတွင်ရှိသော ယွမ်တင်းခရိုင်မှ လူမျိုးများဖြစ်သည်။ အများအားဖြင့် တရုတ်စစ်တပ်တွင် ဝင်ရောက်အမှုထမ်းလေ့ရှိသည်။ တရုတ်ပရဆေးဝါးနှင့် တရုတ်ဆေးပစ္စည်းများ ရောင်းချကြသည်။ သကြားလုံးလုပ်ငန်း၊ အလှကုန်လုပ်ငန်းများကိုလည်း လုပ်ကိုင်ကြ၏။ ဖုကျန်တရုတ်လူမျိုးများ၏ အားပေးမှုကြောင့် ကုမ္ပဏီကြီးများ၊ စက်မှုလက်မှုလုပ်ငန်းများတွင် အခြေစိုက်လုပ်ကိုင်ကြသည်။ မြန်မာနိုင်ငံသို့ လာရောက်နေထိုင်ကြသည်မှာ မကြာလှသေးဟု သိရသည်။ ဖုကျန်ဟတ်ကာလူမျိုးများသည် မြန်မာနိုင်ငံတွင် လူနည်းစုသာဖြစ်သည်။

**ကန်တုန်(အင်္ကျီတို)လူမျိုး**

တရုတ်ပြည်ကန်တုန်ခရိုင်တွင် နေထိုင်သော လူမျိုးဖြစ်သည်။ မြန်မာနိုင်ငံသို့ ပထမဆုံးဝင်လာသော ဖုကျန်လူမျိုးများပြီးလျှင် ဒုတိယဝင်လာသည့်လူမျိုးဖြစ်သည်။ သူတို့၏ အသက်မွေးဝမ်းကျောင်းမှာ လက်သမား၊ အပေါင်ဆိုင်လုပ်ငန်း၊ ကန်ထရိုက်လုပ်ငန်းစသည့် လက်လုပ်လက်စားလုပ်ငန်းများကို လုပ်ကိုင်သည်။ ထို့ကြောင့် သူတို့၏သားသမီးများအား ပညာသင်ပေးရာ၌ အားနည်းလေရာ ပညာတတ်နည်းသည်။ (ဤသည်မှာ ရှေးယခင်က ဖြစ်ပါသည်။ ယခုအခါပညာတတ် များလာကြသည်) ကန်တုန်တရုတ်လူမျိုး(အင်္ကျီတို)များသည် စကားပြောလျှင် အော်ကြီးဟစ်ကျယ်နှင့် စကားပြောဆိုလေ့ရှိသည်။ အမျိုးသမီးအများစုမှာ တရှေ့နှင့် နတ်များကို ယုံကြည်သည်။ အစားအသောက်ကိုလည်း ဆန်းဆန်းပြားပြား ချက်ပြုတ်စားတတ်ကြလေသည်။

**ကန်တုန်(အင်္ကျီတို)ဟတ်ကာလူမျိုး**

တရုတ်ပြည်ကန်တုန်ခရိုင်အနီးရှိ ခရိုင်တစ်ခုမှ တရုတ်လူမျိုးဖြစ်သည်။ လက်လုပ်လက်စား လုပ်စားသူများဖြစ်သည်။ လုပ်ကိုင်သောလုပ်ငန်းများမှာ အင်္ကျီချုပ်ဆိုင်၊ အရက်ဆိုင်၊ ဖိနပ်ဆိုင်နှင့် အပေါင်ဆိုင်လုပ်ငန်းများ ဖြစ်သည်။ အင်

ရတွင် အမှုထမ်းများအဖြစ် လုပ်ကိုင်သူ
များလည်းရှိ၏။ မြန်မာနိုင်ငံတွင် လူနည်း
စုသာဖြစ်သည်။ တချို့ဟတ်ကလူမျိုးများ
သည် ၎င်းတို့နေထိုင်ရာ မူရင်းဒေသမှ
အကြောင်းတစ်ခုကြောင့် (ဥပမာ-စစ်ရှုံး၍)
ထွက်ပြေးလာသူများဖြစ်သည်ဟု ဆိုပါ
သည်။

**ဟတ်ကျူးတရုတ်လူမျိုး**

တရုတ်ပြည်တောင်ပိုင်း ပင်
လယ်ကမ်းခြေအနီးရှိ ဟုတ်ကျူးခရိုင်မှလူ
မျိုးဖြစ်သည်။ စီးပွားရေးလုပ်ငန်းတွင်
လက်ဖက်ရည်ဆိုင်၊ မုန့်တိုက်၊ သကြားလုပ်
ငန်း၊ စတိုးဆိုင်များ ဖွင့်လှစ်လုပ်ကိုင်ကြ
သည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် သွား
လာနေထိုင်ကြသော လူမျိုးဖြစ်သည်။ မြန်
မာ့နယ်စပ်ကုန်းလမ်းခရီး၌ ကျွမ်းကျင်သူ
များဖြစ်၏။ လူဦးရေအနည်းငယ်သာ ရှိ
သည်။ ဟုတ်ကျူးတရုတ်များ စကားပြော
သံည့်အခါ မြန်ဆန်ပြီး အသံစူးရှလှလေ
သည်။

**ဟုပက်တရုတ်လူမျိုး**

တရုတ်ပြည်မြောက်ပိုင်းနယ်
က ရောက်လာသော တရုတ်များဖြစ်
သည်။ လက်လုပ်လက်စား များ၏။
မြန်မာနိုင်ငံတွင် လူနည်းစုသာ ဖြစ်လေ
သည်။

**ယူနန်တရုတ်လူမျိုး**

တရုတ်ပြည် ယူနန်နယ်သည်
ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် နီးကပ်စွာရှိ
သည်။ မြန်မာနိုင်ငံ မြောက်ပိုင်းနယ်စပ်များ
၌ အနေများသည်။ သတ္တုတွင်းလုပ်ငန်း၊
လမ်းဖောက်ခြင်းလုပ်ငန်း၊ ကျောက်တွင်း
တူးခြင်းလုပ်ငန်း၊ လားဝန်ချီဖြင့် ကုန်စည်
များပို့ခြင်း စသည့်လုပ်ငန်းများကို လုပ်

အတွေးအမြင်
၂၅နှစ်ပြည့် အထူးထုတ်

ကိုင်သည်။ ရန်ကုန်မြို့သို့ ငွေကြေးကြွ
ဝသူ ယူနန်လူမျိုး မိသားစုများမှအ
ယခင်က ဆင်းသက်နေထိုင်သူ နည်းပါး
လေသည်။

**စန်တုံတရုတ်လူမျိုး**

တရုတ်ပြည်မြောက်ပိုင်း စန်
နယ်မှ ရောက်လာသူများဖြစ်သည်။
ထည်၊ စက်မှုလက်မှုလုပ်ငန်း စသည်တို့
လုပ်သည်။ တရုတ်ပြည်တွင် စစ်ဘက်
အမှုထမ်းလေ့ရှိသည်။ မြန်မာပြည်သို့
လာသော လူနည်းစုသာဖြစ်၏။ ၁၉၅
ခုနှစ်မှ ၁၉၆၀ ခုနှစ်အတွင်း မြန်မာပြ
အနှံ့အပြား၌ တရုတ်ပိုးများကို စက်ဘီးပြ
တင်၍ သွားလာရောင်းချသော တရု
များ ရှိခဲ့ဖူးသည်။ အချို့က ခေါက်လှ
ရေးလုပ်သူများဟု ပြောကြသည်။ အ
မှာ စန်တုံတရုတ်လူမျိုးများသာ ဖြစ်သည်



**ကိုင်နန်တရုတ်လူမျိုး**

မြန်မာနိုင်ငံသို့ ဒုတိယကမ္ဘာ
စစ်ကြီးပြီးမှ ဝင်ရောက်လာသူများဖြစ်
သည်။ အစားအစာကို ကောင်းမွန်စွာချက်
ပြုတ်တတ်သည်။ သို့ကြောင့် ထမင်းဆိုင်
များ ဖွင့်လှစ်ရောင်းချကြ၏။ နောင်အခါ
အစားသောက် ဟိုတယ်ဆိုင်ကြီးများ ဖွင့်
လှစ်လုပ်ကိုင်လာခဲ့ကြသည်အထိ ကြီးပွား
လာလေသည်။ လူနည်းစုသာဖြစ်၏။

**နန့်ဟဲတရုတ်လူမျိုး**

တရုတ်ပြည်မြောက်ပိုင်းမှ
ရောက်လာသူများပင် ဖြစ်သည်။ စက်မှု
လက်မှုလုပ်ငန်းရှင်များ စက်မှုပညာရှင်
များဖြစ်သည်။ အချို့လည်း စားသောက်
ဆိုင်လုပ်ငန်းကို လုပ်ကိုင်သည်။ မြန်မာနိုင်
ငံတွင် လူနည်းစုသာဖြစ်လေသည်။

**ဆျောင်ချူတရုတ်လူမျိုး**

တရုတ်ပြည်တောင်ပိုင်းမှ
ရောက်လာသော လူမျိုးများဖြစ်သည်။
အများအားဖြင့် တရုတ်စားကုန်၊ သောက်
ကုန်များ ရောင်းချလေ့ရှိသည်။ ပညာတတ်
သူများ ဟုဆိုသည်။ လူနည်းစုသာ ဖြစ်လေ
သည်။

မြန်မာပြည်သို့ကုန်းလမ်းဖြင့်
ဝင်လာသော တရုတ်များမှာ မြန်မာ
ပြည်မြောက်ပိုင်းမှ ဝင်လာကြခြင်းဖြစ်၏။
တရုတ်ပြည်တွင် ကွန်မြူနစ်အစိုးရဖြစ်ပြီး
နောက် မြောက်ပိုင်းမှကုန်းလမ်းဖြင့် အများ
ဆုံးပြေးဝင်လာကြသည်။ ရှေးကမူမြန်မာ
ပြည်တောင်ပိုင်းမှ ရေလမ်းခရီးဖြင့်ဝင်လာ
သူများသည်။ ထိုတရုတ်များမှာ တရုတ်
ပြည် ပင်လယ်ကမ်းခြေပိုင်းမှ တရုတ်များ
ဖြစ်သည်။ ထို့ကြောင့် အချို့တရုတ် ဘုံ
ကျောင်းများတွင် ရွက်လှေပုံများထည့်သွင်း
ထားသည်ကို တွေ့ရ၏။ ၎င်းတို့ရွက်လှေ
ဖြင့် ဝင်ရောက်လာသည်ကို ဖော်ပြလို၍
အထိမ်းအမှတ်ဖြင့် ထည့်သွင်းထားသည်
ဟုပင် ထင်ရသည်။ ရေလမ်းခရီးဖြင့် ဝင်
လာသူများသည် မြိတ်ခရိုင်၊ ထားဝယ်ခရိုင်
မော်လမြိုင်ခရိုင်များမှ တစ်ဆင့်ရန်ကုန်သို့
ဝင်ရောက်နေထိုင်ခဲ့ကြသူများ ဖြစ်သည်။
ရန်ကုန်မြို့တွင် စတင်နေထိုင်လာခဲ့သည်
မှာ အလောင်းမင်းတရားကြီး ရန်ကုန်မြို့
ကို မသိမ်းပိုက်မီအချိန်ကပင် ဖြစ်သည်ဟု
အဆိုရှိသည်။ ထိုအချိန်က အလောင်းမင်း
တရားကြီးတည်ထားသော ရန်ကုန်မြို့သစ်
၏ တပ်နောက်ဖက်တွင် နေထိုင်ကြ၏။
ထိုတပ်ကလေးအရပ်မှာ ယခုကုန်ဈေးတန်း
နှင့် လသာလမ်းကြား ကမ်းနားပိုင်းဖြစ်
သည်ဟု ပြောပြကြပါသည်။ ယင်းတပ်
ကလေးရပ်မြစ်ကမ်းတွင် တရုတ်ဆိပ်ခေါ်
သော သင်္ဘောဆိပ်တစ်ခုပင် ရှိခဲ့သည်ဆို
၏။ အခြားမြို့များသို့ သွားလာအသုံးပြု
သော ဆိပ်ကမ်းဖြစ်ပုံရ၏။ တရုတ်ဆိပ်ဟု
ခေါ်ဆိုခြင်းမှာ ထို အနီးအနားတွင်
တရုတ်တို့နေထိုင်သော ရပ်ကွက်များရှိ
ခြင်း၊ တရုတ်လူမျိုးတို့၏ ကုန်ပစ္စည်း
အတင်အချ များပြားခြင်းတို့ကြောင့်
လည်း ဖြစ်သည်ဟု ပြောပြကြပါသည်။
တပ်ကလေး ဟု ခေါ်တွင်သော တရုတ်
တန်းရပ်ကွက်တွင် စတင်နေထိုင်ခဲ့သည့်
တရုတ်အမျိုးအစားများမှာ ဖုကျန်နယ်
ကန်တုံနယ်သားများနှင့် မလေးတရုတ်
များသာ ဖြစ်လေသည်။ (မလေးတရုတ်
ဆိုသည်မှာ ရှေးက မာလာယုကျွန်းဟု
ခေါ်သော ယခု မလေးရှားပြည်မှ ဖြစ်
သည်။ စက်ာပူနှင့် ပီနန်မှ အများဆုံးလာ
ကြသော တရုတ်များဖြစ်၏။ ထိုခေတ်က
ပီနန်ကို ပုလောပီနန်ဟု ခေါ်ကြသည်)

ယခုလသာမြို့နယ်၊ ယခင်တရုတ်တန်းရှိ မဟာဗန္ဓုလလမ်းမကြီးကိုပင်လျှင် ကန်တုံကွာရေး(ကန်တုံလမ်းမကြီး) ဟုခေါ်တွင်ခဲ့သည်ကို ထောက်ရှု၍ယခင်က ကန်တုံ(အကျိတို) တရုတ်လူမျိုးအများဆုံး နေထိုင်ခဲ့သည်မှာ ထင်ရှားသည်။ ကိုလိုနီခေတ်က ယခုလသာမြို့နယ်နေရာကို တရုတ်တန်း(ချိုင်းနားတောင်း) ဟူ၍ ခေါ်သည်ဆို၏။

မြန်မာပြည်ရောက် တရုတ်များသည် မြန်မာနိုင်ငံအနှံ့အပြားတွင် နေထိုင်ကြရာ သူတို့ကိုးကွယ်သော ဘုရားဘုံကျောင်းများသည် မြန်မာနိုင်ငံအရပ်ရပ်၌ရှိသည်။ တရုတ်တို့၏ သဘာဝမှာ အသင်းအပင်း အဖွဲ့အစည်းနှင့် နေတတ်သောလူမျိုးဖြစ်၍ ဘုရားကျောင်း၊ ဘုံကျောင်းများသာမက လူမှုရေး၊ သာရေး၊ နာရေးအသင်းဘုံကျောင်းများလည်း တည်ဆောက်ခဲ့ကြသည်။ မြန်မာနိုင်ငံရှိ တရုတ်ဘုံကျောင်းများကို အမျိုးအစားခွဲခြားကြည့်သောအခါ (၁)ဘုရားကျောင်းဘုံကျောင်း (၂) မျိုးရိုးဘုံကျောင်း (၃) သူတို့လာရာပြည်နယ်၊ မြို့နယ်ဆိုင်ရာဘုံကျောင်း (၄) အသင်းများကပေါက်ဖွားလာသော ဘုံကျောင်းများဟူ၍ အကြမ်းဖျင်းခွဲခြားနိုင်သည်။

ထိုဘုံကျောင်းများတွင် သူတို့၏ တရုတ်အနုပညာလက်ရာမွန်များ (တရုတ်ပြည်မှရောက်ရှိလာသည်) စုဝေးရာ၊ သိမ်းဆည်းရာ၊ တည်ရှိရာဖြစ်လေသည်။ ယခုလသာမြို့နယ်(ယခင်တရုတ်တန်း)တွင် တရုတ်အမျိုးအနွယ်တို့ တည်ဆောက်ထားသော ဘုရားကျောင်း၊ ဘုံကျောင်းများမှာ အခြားမြို့နယ်များတွင်လည်း မြန်မာပြည်အနှံ့ရှိကြသည်။ မြို့ကြီးလျှင်ကြီးသလောက်ရှိ၏။ စာရေးသူတို့ ထားဝယ်မြို့တွင်ပင် ဘုရားကျောင်းဘုံကျောင်း၊ မျိုးရိုးဘုံကျောင်းပြည်နယ်/မြို့နယ်ဘုံကျောင်း အသင်းများက ပေါက်ဖွားလာသော ဘုံကျောင်းဟူ၍ (၁၀)ကျောင်းမက ရှိပါသည်။ ရန်ကုန်မြို့ကဲ့သို့ မြို့တော်များတွင်မူ ဆိုဖွယ်ရာမရှိချေ။ မန္တလေးမြို့တွင်လည်း မြန်မာဘုရင်များ လက်ထက်ကတည်းက ရှိသော တရုတ်ဘုရားကျောင်း၊ ဘုံကျောင်းများရှိပါသည်။ အမရပူရတွင်ရှိသော ကွမ်ရင်ဘုရားကျောင်း၊ ဘုံကျောင်းမှာ ရှေးကလှပြီဖြစ်သည်။ ယခုအမရပူရမြို့ ရွှေဂုံထုပ်ရပ်ကွက် တရုတ်တန်းလမ်း၌ ရှိသည်။ ခရစ်နှစ် ၁၇၇၃ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၁၃၅ ခုနှစ်၌ ဆင်ဖြူရှင်မင်း လက်ထက်ကတည်းက ကွမ်ရင်ဘုရားကျောင်း၊ ဘုံကျောင်းကို ဆောက်လုပ်သည်ဟု ဆိုသည်။ မီးဘေးခံရသဖြင့် ဗဒုံမင်း (ဘိုးတော်ဘုရား) လက်ထက်တွင် ပြန်လည်ဆောက်လုပ်လှူဒါန်းသည်။ တစ်ဖန်မီးသင့်ပြန်၍ စစ်ကိုင်းမင်း(ဘကြီးတော်) လက်ထက်တွင် တတိယအကြိမ် ဆောက်လုပ် လှူဒါန်းသည်ဟု ဆို၏။ တစ်ဖန်မီးသင့်လောင်ပြန်သဖြင့် သာယာဝတီမင်းလက်ထက်တွင် စတုတ္ထအကြိမ် ပြန်လည်ဆောက်လုပ်ရသည်ဟု သိရသည်။ ဒုတိယကမ္ဘာစစ်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံး ရသဖြင့် (သက္ကရာဇ် ၁၃၀၄-၁၃၀၇) တွင် တရုတ်လူမျိုးများက ပြန်လည် ပြုပြင်မွမ်းမံခဲ့သည်။

ဤကွမ်ရင်ဘုရားကျောင်း ၁၈၅၅ ခုနှစ်တွင် ဗြိတိသျှသံအဖွဲ့ရောက်လာကြသည်ဟု သိရသည်။ ထိုသံအဖွဲ့အဖွဲ့ဝင်တစ်ဦးက မှတ်တမ်းတင်ထားသဖြင့် ထိုခေတ်ကထိုကျောင်းတော်၏ အသွင်အပြင်ကို သိရသည်။



**တရုတ်ဘုံကျောင်း
ဆိုသည်မှာ
ဘာသာရေးအရ
ရှိခိုးပူဇော် ပြုရန်သာမက
တရုတ်အမျိုးသားများ
တွေ့ဆုံ
ဆွေးနွေးညှိနှိုင်းရာ
အပျင်းဖြေစကားပြောရာ
"ကလပ်" သဘောမျိုးပင်**

"တရုတ်လူမျိုးတို့ ကိုးကွယ်သော တရုတ်ဘုံကျောင်းတစ်ခု အမရပူရနေပြည်တော်တွင် ရှိပါသည်။ ကျွန်ုပ်သည် သံအဖွဲ့ဝင်တို့နှင့် သွားရောက်လေ့လာရာ တရုတ်ကုန်သည်ကြီးတစ်စုတို့က ပျူငှာစွာ ဆီးကြိုဧည့်ခံပါသည်။ တရုတ်ဘုံကျောင်းဆိုသည်မှာ ဘာသာရေးအရ ရှိခိုးပူဇော်ပြုရန်သာမက တရုတ်အမျိုးသားများတွေ့ဆုံ ဆွေးနွေးညှိနှိုင်းရာ အပျင်းဖြေစကားပြောရာ "ကလပ်" သဘောမျိုးပင် ဖြစ်ပါသည်။ အမရပူရမြို့ကျောင်းတွင် မာဘယ်ကျောက်များဖြင့် စီထားလျက် ဗိသုကာနှင့်ပန်းပုလက်ရာများမှာ အလွန်ပင် အနုပညာမြောက်လှပါသည်။ ဘုံကျောင်းပတ်လည်တွင် အုတ်တံတိုင်းကြီးများ ကာရံထား၍ သူတို့ကိုးကွယ်ရာ ရုပ်တုများကို အဆောင်တစ်ခုစီဖြင့် သီးခြားထားလေ့ရှိ၏။ ထမင်းစားခန်းနှင့်တူသော အခန်းတစ်ခန်းတွင် စားပွဲနှင့် ကုလားထိုင်များရှိရာ တရုတ်လူကြီးများ အားလပ်ချိန်တွင် လာရောက်၍ ဆွေးနွေးတိုင်ပင်တွေ့ဆုံခြင်း ပြုကြသည်ဟု သိရသည်။ ကျွန်ုပ်တို့ကို ဘုံလူကြီးများက ထိုအခန်းသို့ ဖိတ်ခေါ်ကာသက်ဝင်ရည်ကြမ်းဖြင့် တည်ခင်းဧည့်ခံပါသည်။ တရုတ်များကမူ ကြေးပိုက်တစ်ခုစီဖြင့် ဆေးငွေ့ရှူခြင်း ပြုလုပ်နေကြသည်။ သူတို့၏ ဆေးရှူကရိယာတွင် ရေထည့်သည့်ခွက်တစ်ခုရှိသည်။ ဆေးရှူနေချိန်တွင် တပည့်တစ်ဦးက ဆေးများထပ်ထည့်ပေးခြင်း မီးညှိပေးခြင်းတို့ကို အနီးမှပြုလုပ်ပေးရသည်။ ဘိန်းရှူခြင်းဖြစ်၏။ ကျွန်ုပ်တို့ ဘုရားဆောင်အတွင်း ကြည့်ရှုရာ ရှေးဟောင်းပစ္စည်းများ အလွန်ပေါများပါသည်။ စင်မြင့်တစ်ခုပေါ်မှ သူတို့ကိုးကွယ်သောနတ်ရုပ်တုများ အလယ်တွင် ဂေါတမဗုဒ္ဓရုပ်ပွား ဆင်းတုတစ်ဆူလည်း ရှိသည်ကိုတွေ့ရပါသည်။ ဘုရားစင်ပြုလုပ်ထားပုံမှာ တရုတ်အမျိုးသားဗိသုကာ၊ ပန်းပုလက်ရာ၊ အနုပညာစစ်စစ်ဖြစ်သည်ကိုတွေ့ရပါသည်။ ထိုဘုရားကျောင်းတည်ဆောက် ပြုပြင်ရာတွင် ကျပ်ငွေတစ်သိန်းခွဲကုန်ကျသဖြင့် အမရပူရနေပြည်တော်မှတရုတ်များ စုပေါင်းထည့်ဝင်လှူဒါန်းကြသည်ဟု ဆိုသည်"

စာရေးသူသွားရောက် လေ့လာစဉ်ကလည်း အထက်ပါမှတ်တမ်းအတိုင်းပင်တွေ့ရသည်။ မြန်မာဘုရင်ကြွလာစဉ်က ထိုင်သောစားပွဲနှင့် ခုံဆိုသည်ကိုပင်ပြလိုက်ရာ မြန်မာဘုရင်ကိုယ်တိုင်ပင်ကြွလာဖူးကြောင်းတွေ့ရ၏။ မည်သည့်ဘုရင်ဖြစ်သည်ဟု မပြောနိုင်ပါ။ ထိုဘုံကျောင်းတွင် ဘုရားကျောင်းတော်မော်ကွန်းတင် ကျောက်စာရေးထိုးထားသည်ဟု တွေ့ရသည်။ အပိုဒ်ပေါင်း (၄၉) ပိုဒ်ရှိသည်။ ဘုရားကျောင်းသမိုင်းတွင် အပြင်အဆင်နှင့် ကုန်ကျငွေများ အသေးစိတ်ကို ဖော်ပြထားသည်။

ကွမ်ရင်ဆိုသည်မှာ တရုတ်ရဟန္တာမ ဖြစ်၏။ မြန်မာပြည်တောင်ပိုင်းနှင့်အောက်ပိုင်းရှိ ဘုံကျောင်း များတွင် ကွမ်ရင်ရုပ်တုကိုထား၍ ကိုးကွယ်လေ့ရှိသည်။ အခြား တရုတ်ဘုရားဆိုသည်များမှာနတ်များသာဖြစ်၏။ မြန်မာပြည် အောက်ပိုင်းတွင် "မာစောပို" ဘုရားကျောင်းများလည်းရှိ၏။ ရေကိုမြင်ရသောနေရာများတွင်သာ တည်ထားလေ့ရှိ၏။ ပင်လယ်ကိုပိုင်သောနတ်ဟုသိရသည်။

ရန်ကုန်မြို့တွင်လည်း နှစ်ရာချီ၍ရှိပြီဖြစ်သော တရုပ်ဘုရားကျောင်း၊ ဘုံကျောင်းများရှိပါသည်။ ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် ၂၁လမ်းထောင့်၊ အမှတ် (၆၄၈)ရှိ လသာမြို့နယ်ရှိ ချင်ကာကွမ်းရိုးရာဘုံကျောင်းသည် ကန်တုံ(အကျီတို)လူမျိုး ချင်မျိုးစု၏ စုဝေးရာမျိုးရိုးဘုံကျောင်း ဖြစ်ပါသည်။ အဆောက်အအုံမှာ တရုတ်ရိုးရာယဉ်ကျေးမှုဗိသုကာပုံစံအတိုင်း တည်ဆောက်ထားသော အဆောက်အအုံဖြစ်သည်။ ဘုံကျောင်းအသင်းဝင် (၁၀၀၀) နီးပါးရှိသည်ဟု သိရသည်။ ခရစ်နှစ် ၁၈၆၉ ခုနှစ်မှစ၍ တည်ဆောက်ခဲ့သည်ဟုဆိုသည်။

သိမ်ကြီးဈေးနှင့် လသာလမ်းကြား ကားပစ္စည်းဆိုင်တန်းရှိသည်မှ "လျောင်စန်တောင်" ဘုရားကျောင်းမှာ ခူးမျိုးရိုးနှင့် စန်မျိုးရိုးလူမျိုးစုတို့ စုဝေးရာမျိုးရိုးဘုံကျောင်း တစ်ခုရှိသည်။ ထိုမျိုးရိုးစုဘုံကျောင်းများတွင် ၎င်းတို့ မျိုးရိုးအလိုက် ဘုရားများ ကိုးကွယ်ထားသည်။ အမှန်မှာ လူစွမ်းကောင်းနတ်များပင်ဖြစ်၏။ ထိုဘုံကျောင်းပိုင် ရန်ကုန်မြို့တွင် တိုက်အိမ်အလုံးပေါင်း (၅၀) ကျော်မက ရှိသည်ဟုဆိုပါသည်။ ဤသည်ကိုကြည့်ခြင်းဖြင့် ဘုရားကျောင်း၏ ဘဏ္ဍာအခြေအနေကိုခန့်မှန်းနိုင်ပါသည်။ ဤဘုံကျောင်းမှ သူတို့၏ မျိုးနွယ်စုဝင်ချို့တဲ့သောကျောင်းသားများကိုပင် အထောက်အပံ့ပြုသည်ဟုသိရသဖြင့် လူမှုရေးဆိုင်ရာအသင်းအဖွဲ့တစ်မျိုးလည်း ဖြစ်သည်။ ဖော်ပြခဲ့သော ဘုံကျောင်းကြီးများအပြင် အခြားဘုံကျောင်းများလည်း ရန်ကုန်မြို့တွင်ရှိပါသေးသည်။ တရုတ်မူဆလင်များအတွက် ပန်းသေးဗလီဟုပင်ရှိပါသည်။

**မောင်သန်းဆွေ(ထားဝယ်)**

***ကိုးကားချက်***

၁။ သုတေသီမြင့်ထွန်း-မြန်မာနိုင်ငံရောက်
 တရုတ်အနုလက်ရာအဖြာဖြာ

၂။ ကိုပညာ(အမရပူရ) -တောင်သမန်ဝန်းကျင် သမိုင်းနေရာများ။

# နေ့စဉ်နိုးကြားတက်ကြွနေအောင်နေပါ

**ခင်စောတင့်**

ပျော်ရွှင်မှုဆိုတာ ဘာပါလဲ။ ကျန်းမာရေး၊ ချစ်ခြင်းမေတ္တာ၊ မိတ်ဆွေကောင်းများ၊ နေချင့်စဖွယ် နေရာလေး၊ လွတ်လပ်မှု၊ စိတ် ငြိမ်းချမ်းမှု၊ ဒါတွေအားလုံး အရေး ကြီးပါတယ်။ ဒါတွေကို ဘယ်သူက ဖန်တီးပေးပါသလဲ။ ဘယ်က ရောက်လာပါသလဲ။ စာဖတ်သူ ဖန်တီးတာပါပဲ။ အားလုံး အတွင်းစိတ်က လာပါတယ်။

စာဖတ်သူရဲ့ မျှော်မှန်းချက်တွေအတိုင်း နေနိုင်တယ်ဆိုရင် စာဖတ်သူဟာ အပျော်ဆုံးလူပါပဲ။ တခြားသူတွေရဲ့ မျှော်လင့်ချက်တွေအတိုင်း ပြုမူနေထိုင်မယ်ဆိုရင် စာဖတ်သူမှာ အကန့်အသတ်တွေ ရရှိသွားပါပြီ။ စိတ်ချမ်းသာမှုက ဘယ်က စတင်သလဲဆိုရင် စိတ် ကျန်းမာရေး၊ ကိုယ် ကျန်းမာရေးနဲ့ အတွင်းက ငြိမ်းအေးမှုနဲ့ စတင်ပါတယ်။

စာဖတ်သူအတွက် အရေးကြီးတာတွေ ဆောင်ရွက်ဖို့ အချိန်ရရှိဖို့က မိမိဘဝကို ပြန်လည်ဖွဲ့စည်းဖို့ လိုအပ်ပါတယ်။ ပထမဦးဆုံး လွတ်လပ်မှု၊ အနှောင်အဖွဲ့ကင်းမှုကို ရှာဖွေပါ။ စာဖတ်သူအတွက် တစ်နေ့မှာ (၂၄)နာရီပဲ ရပါတယ်၊ ဘဝကို ပြောင်းလဲဖို့ စာဖတ်သူရဲ့ အင်အားကို အသုံးချမယ်ဆိုရင် အဲဒီ (၂၄)နာရီကို အကျိုးရှိရှိ အသုံးပြုနိုင်ပါလိမ့်မယ်။

နေ့စဉ် နိုးကြားစိတ်လှုပ်ရှားစွာ နေသွားနိုင်ဖို့ ဘာတွေ ပြုလုပ်နိုင်ပါသလဲ။

တစ်နေ့တာအတွင်းမှာ စာဖတ်သူ ဘာတွေ ပြုလုပ်လိုသလဲဆိုတာကို ဦးစွာ စာရင်းပြုစုလိုက်ပါ။ အားလုံး ပြုလုပ်လို့ မပြီးရင်လည်း ကိစ္စမရှိပါဘူး။

ကျွန်မ နေ့စဉ် ဘာတွေ ပြုလုပ်သလဲဆိုရင် ဦးစွာ တရားမှတ်ပြီးရင် DVD စက်နဲ့ဖြစ်စေ MRTV-4 ကလာတဲ့ တရားဖြစ်စေ တစ်နာရီ နာယူပါတယ်။

ပြီးရင် ခြံထဲဆင်းပြီး ပန်းခူး၊ ပန်းပင်တွေ ပြုပြင်ပါတယ်။ ဒီအလုပ်ဟာ

ကျွန်မကတော့ နေ့စဉ် လေးနက်စရာ၊ ပျော်ရွှင်စရာအတွက် အချိန်ထားသလို မိတ်ဆွေသူငယ်ချင်း တွေအတွက်၊ ခန္ဓာကိုယ်အတွက်၊ စိတ်လေ့ကျင့်ခန်းအတွက် အချိန်တွေသပ်သပ်ဖယ်ထားပါတယ်

စိတ်ကြည်နူးရတာတင် မကပါဘူး။ ကျန်းမာရေး အတွက်လည်း သင့်တော်ပါတယ်။

ကိုယ်လက်သုတ်သင်၊ မနက်စာစားပြီးရင် စာရေးဖို့အတွက် နှစ်နာရီ အချိန်ယူပါတယ်။ ဆောင်းပါးတစ်ပုဒ်ကို တစ်ရက်နဲ့ မပြီးရင်လည်း နောက်တစ်နေ့ဆက်ပြီးရေးပါတယ်။ ဒီဆောင်းပါးနဲ့ ကိုက်ညီမယ့် အသုံးအနှုန်း၊ တရားစကားတွေကို ရှာဖွေဖတ်ရှုပါတယ်။

နေ့လယ်ဘက်မှာတော့ စာဖတ်ဖို့ အချိန်နဲ့ သီချင်းနားထောင်ဖို့ အချိန် ဖယ်ထားပါတယ်။ ခဏတဖြုတ် အနားယူ အိပ်စက်ပါတယ်။

သူငယ်ချင်းနှစ်ယောက်၊ သုံးယောက် နဲ့ အလျဉ်းသင့်သလို ဖုန်းနဲ့ စကားပြောပါတယ်။ သူတို့ကလည်း ဘဝမှာ အရေးကြီးပါတယ်။ အမြဲမပြတ် ထိတွေ့နေမှ ပိုပြီးရင်းနှီးကြပါတယ်။ တခြားအလုပ် လုပ်ဖို့၊ စားသောက်ဖို့၊ တစ်ကိုယ်ရည်သန့်ရှင်းဖို့ မိသားစုနဲ့ ထမင်းဝိုင်းမှာ ပြောဆိုဆွေးနွေးဖို့တွေအတွက်လည်း အချိန်ရှိရ မှာပါပဲ။ ကျွန်မကတော့ နေ့စဉ် လေးနက်စရာ၊ ပျော်ရွှင်စရာအတွက် အချိန်ထားသလို မိတ်ဆွေသူငယ်ချင်းတွေအတွက်၊ ခန္ဓာကိုယ် အတွက်၊ စိတ်လေ့ကျင့်ခန်းအတွက် အချိန်တွေသပ်သပ်ဖယ်ထား ပါတယ်။ အများအားဖြင့် အလုပ်ထွက်လုပ်သူတွေက အိမ်ပြန် ရောက်တဲ့အခါ ပင်ပန်းနွမ်း နယ်နေကြပါပြီ။ တကယ်လက်တွေ့မှာ သူတို့ ပြုလုပ်နေကြတာက ညစာစားမယ်။ တီဗွီရှေ့မှာထိုင်မယ်။ ပြီးတော့ အိပ်ရာဝင်ကြမယ်။

နေ့လယ်စာကို တအားကြီးစားကြတာက ဦးနှောက်ပင်ပန်း နွမ်းနယ်မှုကို ဖြစ်စေပါတယ်။ အစားအစာ အမျိုးအစားကို ပြောင်းလဲပြီး စားဖို့လိုအပ်ပါတယ်။ ဆန်စားတာကနေ ဂျုံနဲ့လုပ်တဲ့ အစားအစာကို တစ်လှည့်စားသင့်ပါတယ်။ အအေး၊ သစ်သီး ဖျော်ရည်စတာတွေကိုလည်း တစ်ပြိုင်တည်း သုံးလေးမျိုးမစားသုံးဘဲ တစ်နေ့ တစ်မျိုးလောက်သာ စားသုံးသွားရင် လုံလောက်ပါတယ်။ တစ်ကြိမ်တည်းမှာပဲ ဒိန်ချဉ်၊ ထောပတ်သီး၊ Sunkist ဖျော်ရည်၊ စတော်ဘယ်ရီဖျော်ရည်၊ နွားနို့၊ ငှက်ပျောသီး၊ ဒူးရင်းသီး၊ ပန်းသီး စတာတွေကို စားသုံးနေမယ်ဆိုရင် ရေရှည်အတွက် ကျန်းမာရေးမှာ ထိခိုက်လာနိုင်ပါတယ်။ အစားအသောက်ကို နည်းနည်းနဲ့ မကြာ ခဏ စားသောက်ပေးတာက သက်ကြီးရွယ်အိုတွေအတွက် သင့်တော်ပါတယ်။

ပြီးတော့ အချိန်မဖြုန်းဖို့ပါပဲ။ ကျွန်မကတော့ ညည်းညူပြတာ မကျေနပ်တာတွေ တတွတ်တွတ်ပြောပြီး အချိန်ဖြုန်းတာတွေ မလုပ်ပါဘူး။ တီဗွီကိုလည်း ကြည့်ချင်တာရှိရင် ကြည့်လိုက်ပြီး



တစ်ချိန်လုံး ထိုင်ကြည့်ပြီး အချိန်မဖြုန်းတတ်ပါဘူး။ တစ်နေ့တာ လုံးမှာ လုပ်ချင်တာတွေ အားလုံးလုပ်ဖို့ အချိန်မရှိဘူးလို့ တွေးတတ် ကြပါတယ်။ မလိုအပ်တဲ့တာဝန်တွေကို တစ်နေ့တစ်နေ့ ယူမိနေတာ ကို သဘောပေါက်လာရင် တခြားအရေးကြီးတာတွေကို လုပ်ဖို့ အချိန်ရလာပါလိမ့်မယ်။ အိမ်မှာ အရွယ်ရောက်လာတဲ့ကလေး တွေကို သူတို့တစ်ကိုယ်ရည်သန့်ရှင်းရေးကို ပြုလုပ်စေတာ ကိုယ့်အိပ်ရာကိုယ်သိမ်းပြီး ကိုယ့်ပန်းကန်ကိုယ်ဆေးတတ်ဖို့ သင်ပေးရမှာ ဖြစ်ပါတယ်။

မိသားစုတွေဟာ စာဖတ်သူရဲ့အချိန်တွေကို အများဆုံး ဖြုန်းပစ်နိုင်သူတွေ ဖြစ်လာနိုင်ပါတယ်။ အထူးသဖြင့် လူကြီးတွေက ညည်းညူပြတာကို အချိန်ယူပြီး နားထောင်ပေးရခြင်းပါပဲ။ သူတို့ကို နားထောင်မပေးနိုင်တာကို ရှင်းပြပါ။ ဒါဟာ သူတို့ကို မချစ်လို့ မဟုတ်ဘဲ သူတို့နဲ့ နေရတဲ့အချိန်တွေကို quality time အကျိုး ရှိပြီး တန်ဖိုးရှိတဲ့ အချိန်တွေသာ ဖြစ်သင့်ပါတယ်။ စာဖတ်သူဟာ ငြင်းခုံခြင်းတွေ၊ ညည်းညူခြင်းတွေ၊ အပြစ်တင်ခြင်းတွေ၊ အတင်း ပြောခြင်းတွေနဲ့ အချိန်မဖြုန်းလိုဘူးဆိုတာကို သိစေဖို့ လိုအပ် ပါတယ်။

တစ်နေ့တာမှာ စာဖတ်သူ ဘယ်လောက်တောင် အချိန်ဖြုန်း ခဲ့တယ်ဆိုတာကို သတိပြုမိလာရင် အချိန်ဟာ ဘယ်လောက် အဖိုးတန်တယ်ဆိုတာကို နားလည်လာပါလိမ့်မယ်။ အလဟဿ ဖြစ်စေမယ့် အချိန်တွေကို ရှင်းရှင်းလေးပဲ ဖယ်ထုတ်လိုက်ပါ။

ဘဝထဲက အရေးပါတဲ့သူတွေနဲ့ အချိန်ကုန်လွန်ရတဲ့အခါမှာ သူတို့နဲ့ အချိန်ကို တန်ဖိုးရှိရှိကုန်လွန်ပါစေ။ အဲဒီအချိန်ကို တန်ဖိုးရှိရှိ အသုံးပြုပါ။ ပြဿနာတွေကို ထွက်ပေါက်ရှာတာ သက်သက် မဖြစ်စေပါနဲ့။ နေ့စဉ်နေ့တိုင်းဟာ စိတ်လှုပ်ရှားစရာနေ့များ ဖြစ်ပါစေ။ စနေ၊ တနင်္ဂနွေနေ့တွေသာ ပျော်ရွှင်စရာနေ့များလို့ သတ်မှတ်နေကြတာ မှားယွင်းပါတယ်။ မိမိအတွက် ဦးစားပေး တဲ့နေ့များဖြစ်ပါစေ။ လိုအပ်ချက်တွေ ဖြည့်ဆွမ်းနိုင်တဲ့ နေ့များအဖြစ် ထူထောင်ပါ။ မိမိအတွက်နဲ့ သူတစ်ပါး အကျိုးဆောင်ဖို့အတွက် နေ့များဖြစ်လာအောင် ဖန်တီးပါ။ ဘဝခရီးကို သင့်တင့် လျောက်ပတ်စွာ ညှိနှိုင်းပြီး လျှောက်လှမ်းနိုင်အောင် ကြိုးစား စေလိုပါတယ်။

ခင်စောတင့်

တစ်နေ့တာမှာ စာဖတ်သူ ဘယ်လောက်တောင် အချိန်ဖြုန်းခဲ့တယ်ဆိုတာကို သတိပြုမိလာရင် အချိန်ဟာ ဘယ်လောက် အဖိုးတန်တယ်ဆိုတာကို နားလည်လာပါလိမ့်မယ်။ အလဟဿ ဖြစ်စေမယ့် အချိန်တွေကို ရှင်းရှင်းလေးပဲ ဖယ်ထုတ်လိုက်ပါ။

# လောကကို အမှိုက်ဆင်သူ

**ခင်မာလာကြာဖြူ**

တချို့ကိစ္စတွေမှာ ကျွန်မဉာဏ်နှင့် စဉ်းစားလို့ မမီတဲ့ အကြောင်းများစွာ ရှိပါ တယ်။

ဥပမာ လမ်းပေါ်အမှိုက်ပစ်တဲ့ကိစ္စဆိုတာမျိုးကတော့ အကျင့်ပါပြီး လမ်းရယ် ဘာရယ် မဟုတ်၊ လက်ထဲမှာအမှိုက်မရှိတော့လျှင်ပြီးရောဆိုပြီး လုပ်လိုက်တာမျိုး ရှိနိုင်တယ်။ ဒါကလည်း ကျွန်မအိမ်မှာ တွေ့နေတဲ့ကိစ္စကို တွေးမိလို့ပါ။

ကျွန်မအနေနဲ့ကတော့ သစ်သီးခွံဖြစ်စေ၊ အစားအသောက်ကိုထုပ်ထားတဲ့ အခွံဖြစ်စေ ပစ်ဖို့ရှိတယ်ဆိုလျှင် အဲဒီအမှိုက်စွန့်ဖို့နေရာကို ပထမစဉ်းစားပြီးမှ အခွံခွာလေ့ရှိပါတယ်။

အိမ်မှာတွေ့နေတာက သစ်သီးဖြစ်စေ၊ အခွံဖြစ်စေ၊ ကိစ္စပြီးတာနဲ့ လုပ်တဲ့နေရာမှာထားခဲ့ကြတာရှိတယ်။ သူတို့အနေနဲ့က နောက်မှလာသိမ်းဖို့ စိတ်ကူးရှိသလား၊ မရှိဘူးလားဆိုတာ ကျွန်မဟာ သူတို့မဟုတ်တော့ အတပ်မပြောနိုင်ပါဘူး။ ဒါပေမဲ့ မနေနိုင်တဲ့ ကျွန်မကပဲ သိမ်းလိုက်ရတာများတယ်။

ဒါထားလိုက်တော့ ကိုယ့်အိမ်ထဲဘာဖြစ်ဖြစ်ပေါ့။ ပစ်တဲ့လူ ရှိတယ်။ သိမ်းတဲ့လူရှိတယ်။ သိမ်းတဲ့လူ မရှိတဲ့အခါ အဲဒီအိမ် ကြွက်သိုက်ဖြစ်ရော။

ဒါပေမယ့် အများနဲ့ဆိုင်တဲ့လမ်းပေါ်မှာ အမှိုက်တစ်ခုတည်းမဟုတ်ပဲ ကုန်စုံဆိုင်တစ်ဆိုင်က တစ်နေ့တာထွက်တဲ့ အမှိုက် အကုန်လုံး (တောင်းတစ်တောင်းစာမျှ)ကို ညဘက် လူသွားလမ်းလယ်ကောင် ပစ်တဲ့ ကိစ္စကတော့ "ဘာဖြစ်လို့ လုပ်တာလဲ"ဆိုတာ ဘယ်လိုမှ စဉ်းစား၍ မရပါ။

ကျွန်မဆေးခန်းမှ တစ်နေ့တာ ထွက်တဲ့အမှိုက်၊ ကျွန်မအသုံးပြုတဲ့ပစ္စည်းတွေ၊ စားတဲ့သစ်သီးတွေက ထွက်တဲ့အမှိုက်မှန်သမျှအတွက် ဆေးခန်းထဲမှာ အမှိုက်ပုံးတစ်ခု(အဖုံးနှင့်) အိမ်ထဲမှာအမှိုက်ပုံးတစ်ခု။ မနက်လင်းတာနဲ့ ဆိုက္ကားဆရာတစ်ယောက်က အမှိုက်ရှိရှိ မရှိရှိ လာသိမ်းတယ်။ တခြားခိုင်းစရာမရှိရင် တစ်နေ့ ၂၀ဝိ ပေးလိုက်ရုံပဲ။ သူ့မိသားတစ်စုလုံးကိုတော့ ဆေးအလကားကုပေးရတာရှိတယ်။ အဲဒီကုန်စုံဆိုင်မှာ အလုပ်သမား(၃) ယောက်လောက်ရှိတယ်။ ဒီအမှိုက်တွေကို တစ်နေရာမှာစုဖို့ ပစ်ခိုင်းဖို့မလုပ်ဘဲ ညဆိုင်သိမ်းချိန်မှာ ရှိသမျှ အမှိုက်လမ်းလယ်ကောင်ပစ်ခဲ့တယ်။ မနက်ကျွန်မဆေးခန်းရောက်ချိန် (၆) နာရီခွဲမှာ ဆေးခန်းထိ အမှိုက်တွေဖွာလန်ကြဲနေတော့တယ်။ မိုးတွင်းဆိုရင်တော့ ကတ္တရာလမ်းလယ်ခေါင်ဖွက်ပေါက်နေရော။

တကယ်တော့ ပြောချင်တယ်။ ဒါပေမဲ့ မပြောဘူး။ မနေနိုင် မထိုင်နိုင် ပစ်နေတဲ့ အလုပ်သမားကို "နင်တို့ဘာလို့အမှိုက်တွေ လမ်းလယ်ခေါင်ပစ်တာလဲ"

လို့မေးမိသေးတယ်။ အဲဒီလူက ဆိုင်ထဲလက်ညှိုးထိုးပြတယ်။ တစ်ရက်လည်း



မဟုတ်။ တစ်ပတ်လည်းမဟုတ်။ လမ်းထဲကအိမ်တွေကလည်း မေတ္တာပို့လှပြီ။ သူက တာဝန်မဲ့တာဆိုရင် ကျွန်မတို့လည်း ပြောဖို့ တာဝန်မဲ့တာပဲ။ ဒါပေမဲ့ ကျွန်မတို့ ဘယ်သူမှ မပြောကြဘူး။ အမုန်းလေးတောင် မခံချင်ကြတော့ မိမိအိမ်ရှေ့၊ မိမိသမ်း၊ မိမိရပ်ကွက်ကို အမှိုက်ဆင်တာ ကြည့်နေကြရုံရှိတာပဲ။ ဘာဖြစ်လို့ ပစ်တာလဲဆိုတာ ဘယ်လိုစဉ်းစားစဉ်းစား အဖြေမထွက်ဘူး။ မပြောချင်တော့ သူ့ကို အမှိုက်တောင်းတစ်ခုပဲ ဝယ်ပေးချင်သလိုလို၊ အမှိုက်ကျုံးတဲ့ လူကို ပိုက်ဆံပေးပြီး ခေါ်ကျုံးခိုင်းချင်သလိုလို ဖြစ်တာကလွဲလျှင် ယနေ့တိုင် အမှိုက်ဆင်ထားတဲ့ လမ်းပေါ်က ဖြတ်နေဆဲပါပဲ။

ဆရာမြသန်းတင့်ရဲ့ စစ်နှင့်ငြိမ်းချမ်းရေး(၂)အုပ်တွဲကို ပြန်ဖတ်ရတယ်။ ငယ်စဉ်က ဆယ်အုပ်တွဲကိုတော့ဖတ်ဖူးတယ်။ "နာတာရှာ"ကလွဲလို့ ဘာမှမမှတ်မိဘူး။ ဘယ်မှတ်မိမလဲ။ ဇာတ်လမ်းသိချင်လို့ အားလုံးကိုကျော်ဖတ်လိုက်တာကိုး။ ယခုတော့ လုံးစေ့ပတ်စေ့ အချိန်ယူပြီး ဖတ်တော့မှ နပိုလီယန်ဘောနပတ်နဲ့ အလက်ဇန္ဒားဘုရင်တို့ရဲ့ပွဲမှာ ပါဝင်ကပြသူ ပရိသတ်မနည်းမနောကို အသေးစိတ်မြင်မိတော့တယ်။

အဲဒီမှာ တစ်ခု၊ စာရေးဆရာပေးချင်တဲ့ အချက်ပဲဆိုဆို ဒီလောက်သန်းနဲ့ချီပြီး သေကြဒဏ်ရာရကြ၊ အိုးမဲ့အိမ်မဲ့ဖြစ်ကြ၊ မီးလောင်ခံကြရတာတွေဟာ နပိုလီယန်နဲ့ အလက်ဇန္ဒားကြောင့်ပဲလား။ ရာဇဝင်ဆရာတွေကတော့ သူတို့ကြောင့်လို့ပြောတယ်။ ဒါပေမဲ့ သူတို့နှစ်ဦးတည်းက သိန်းသန်းချီတဲ့လူတွေကို ဒုက္ခရောက်အောင် လုပ်နိုင်ပါ့မလားတဲ့။ စစ်မြေပြင်မှာ အချင်းချင်းပစ်ကြ ခုတ်ကြ ခုတ်ကြ၊ မြို့ထဲရောက်တော့ မီးရှို့ကြနဲ့ တကယ်ပစ်နေခုတ်နေ သတ်နေတဲ့လူတွေ မီးရှို့ကြတဲ့လူတွေ မီးလောင်ခံရတဲ့လူတွေဟာ လူတစ်ဦးချင်းစီ ပါဝင်လှုပ်ရှားနေကြတာမို့လား။ ဒီလူတွေ အားလုံးရဲ့ ကံကြမ္မာက ဘယ်ရောက်သွားပြီလဲ။ ဘုရားသခင်ရဲ့ အလိုတော်ဆိုရင်လည်း ဒီလောက်ကြေကွဲဖွယ်အဖြစ်ကို ဖြစ်ခွင့်ပေးတဲ့အတွက် နားမလည်နိုင်ဘူးတဲ့။

ကျွန်မလည်း အဲဒါဖတ်ပြီးမှ ဒီအတွေးကို စဉ်းစားမိတော့တယ်။

ဉာဏ်မမီဘူးဆိုတာတွေထဲမှာ အဲဒါလည်းပါတယ်။

ဒါဆို"လောကကိုအလှဆင်မယ်"ဆိုပြီး အလုပ်လုပ်တဲ့အခါ စာရေးတဲ့အခါ လူအများနှင့် ဆက်ဆံတဲ့အခါတွေမှာ လှပချောမွေ့အောင်လုပ်လို့ရတယ်။ ငါနှင့် ဆက်ဆံသမျှ အားလုံးစိတ်ချမ်းသာစေရမယ်ဆိုပြီး လောကဟာလှလို့နေလိမ့်မယ်လို့ တစ်ချိန်တစ်ခါက တွေးခဲ့တယ်။ ကျေနပ်ခဲ့တယ်။ မိမိတစ်ဦးတည်းရဲ့ ဒုက္ခတွေဟာ မိမိ၏အတိတ် မကောင်းမှုအဖြစ် လက်ခံပြီး ကျေကျေနပ်နပ် ရင်ဆိုင်ခဲ့တယ်။ မြဲသနာမရှိဘူး။

ခုလို မိမိဘာမှမတတ်နိုင်တဲ့ "လောကကို အမှိုက်ဆင်တဲ့ကိစ္စ"မှာ မိမိတစ်ယောက်တည်း အမှိုက်ကို စနစ်တကျစွန့်ပစ်ရုံနှင့် မလုံလောက်တော့ဘူးဆိုတာ သိလာရတော့တယ်။

ပြောချင်လျှင် ပြောလို့ရတယ်။ ပစ်ခိုင်းတဲ့လူကိုလည်းသိတယ်။ ဒါပေမယ့် မပြောဘူး။ ဘယ်လောက် တာဝန်မဲ့သလဲ။ ဒီအဖြစ် ငယ်ငယ်သေးသေးလေးကို

တောင် မဖြေရှင်းနိုင်ဘဲ "လောကကို အလှဆင်မယ်" စိတ်ကူးနေတဲ့ ကျွန်မကိုယ်ကျွန်မရှက်မိတာကလွဲလို့ ဘာမှမလှုပ်ရှားဘူးမို့လား။

အသက်ကြီးလာလို့ မကောင်းတဲ့ အချက်တွေထဲမှာ အဲဒါပါတယ်။ ငယ်ငယ်က သေသွားရင် အထင်တကြီးနဲ့ ခပ်မြောက်မြောက်ကလေးသေသွားရင်ပြီးရော။ ခုတော့ ငါဘာမှမလုပ်နိုင်တဲ့ကိစ္စတွေ အများကြီးပါလား။ ငါဟာ အစဉ်ကောင်းအောင် တာဝန်ကျေအောင်နေခဲ့တဲ့အတွက် ငါကိုယ်ငါဂုဏ်ယူနေတာဟာ တကယ် ဂုဏ်ယူစရာလား။ ခုလိုငါ့ပတ်ဝန်းကျင်မှာတောင် အမှိုက်မပစ်အောင် မပြောချင်မပြောရဲတဲ့ ငါဟာ"လောကကို အလှဆင်မယ်" ပြောရဲကြဲရဲသေးလားဆိုပြီး အားငယ်မိပါတယ်။

"အိုခြင်း"ဒုက္ခတွေ များစွာအနက် ဤလည်းတစ်ဒုက္ခပါပဲ။

ဒါဆို ဘယ်လိုလုပ်မလဲ။

ဒီလောကရဲ့ အခက်အခဲတကာ့ အခက်အခဲတွေထဲမှာ အခက်ဆုံးတစ်ခုရှိတယ်။

"ဒါဟာ မဟုတ်ဘူးဆိုတာ သိတယ်။ ဘယ်လိုဟုတ်အောင် လုပ်ရမလဲဆိုတာ မသိဘူး" အဲဒါအခက်ဆုံးပဲ။

"How When Where Why ဆိုတာ ဘဝရဲ့ပညာရှိကြီးတွေပဲ။ အဲဒီ မေးခွန်းတွေကိုမေးပြီး ဘဝခရီးကိုလျှောက်ပါ" ဆိုပြီး ငယ်စဉ်ကသူငယ်ချင်းရဲ့ Auto မှာ ရေးပေးခဲ့တာကို အမှတ်ရတယ်။

ဘယ်လို၊ ဘယ်တော့၊ ဘယ်မှာ၊ ဘယ်လို မေးပြီး အဖြေညှိကြည့်ပါ သိလာရင် ပြဿနာအဖြေရပြီဆိုပဲ။

ငယ်ငယ်တုန်းကတော့ အဲဒီဆေးနဲ့ တည့်သလိုလိုရှိတယ်။ အခုတော့ အသုံးမကျတော့ပါဘူး။

ငယ်စဉ်က"တောင်မင်းမြောက်မင်း မကယ်နိုင်"ဆိုတဲ့စကားကို နားမလည်ခဲ့ဘူး။ ဘယ်သူမှ ဘယ်သူ့ကို ကယ်စရာလိုလို့လား။ ကိုယ့်ဘာသာ ကိုယ်လုပ်ပေါ့လို့ သရော်ခဲ့ဖူးတယ်။

ကျွန်မရဲ့စာတစ်အုပ်ကို ဆရာတစ်ယောက် ဝေဖန်တဲ့အထဲက အချက်တစ်ခုကို မှတ်မိနေတယ်။

ကျွန်မဟာ ပြဿနာတွေတင်ပြပြီး ကိုယ့်ဘာသာ အဖြေထည့်ရေးလေ့ရှိတယ်တဲ့။ အချို့ကတော့ ပြဿနာတင်ပြပြီး တွေးဖို့ထားခဲ့တယ်။ ဆိုတော့ . . .။ အဲဒီတုန်းက နည်းနည်းမြောက်ဖူးတယ်၊ အဖြေသိတဲ့သူ ပြဿနာတွေကို အဖြေရှာပေးသူပေါ့။

ခုတော့ . . .

ဝါသနာက တားမရဘူး။ အဖြေကို စဉ်းစားတွက်ချက်နေတာပဲ။ တော်တော်လည်း ကြာနေပါပြီ။ ငါဘာလုပ်မလဲ။ ငါ ဘာလုပ်ပေးနိုင်လဲ။ မိသားစုကိစ္စတွေမှာ တုန်းက ဉာဏ်က လက်ခနဲ လက်ခနဲ ပေါ်လာလိုက်တာ ဘာမှမခက်ဘူး။ ဒေ လုပ်လိုက်ရုံပဲ။

ခုလောကကို အမှိုက်ဆင်တဲ့ကိစ္စမှာ ဉာဏ်က တုံးသွားပြီ။ ဘာလုပ်ရမလဲ ဆိုတာလေးတောင် မသိတော့ အားငယ် မိတယ်။ စာရေးချင်စိတ် ဆေးကုချင် စိတ်တောင် ပျောက်ပျောက်သွားတယ်။

ဒါပေမဲ့ ကိုယ်နိုင်တာ တစ်နိုင်လောက်တော့ လိပ်ပြာသန့်သန့်လေးနဲ့ လုပ်နိုင်သေးတာပဲလေဆိုပြီး အားတင်းလို့ ဒီစာ တစ်ပုဒ်ကို ရေးမိပြန်ပါတော့တယ်။

ခင်မာလာကြော်



# ပုံသကူ

**မေသက်ဦး**

တန်ဆောင်မုန်းလပြည့်ညရဲ့ ကောင်းကင်ဟာ ကြည်စင်ရွှန်းလဲ့နေပါတယ်။ နေဝင်ခါစက ကောင်းကင်မှာ မိုးသားတိမ်လိပ်တွေရှိနေတာကို သတိထားလိုက်မိလို့ ဒီညတော့ လမင်းကြီးကို ပြည့်ပြည့်ဝဝမြင်ရပ့ါမလားလို့ သံသယဝင်ခဲ့မိပေမယ့် ည ၈ နာရီကျော်လာတဲ့အချိန်မှာတော့ "တန်ဆောင်မုန်းလပြည့်ညမှာ တိမ်ဆိုလို့ ကြက်မတစ်ဝပ်စာတောင်မရှိဘူး"ဆိုတဲ့ အဆိုနဲ့အညီ တိမ်ကင်းစင်တဲ့ လမင်းကြီးကို ထိန်လင်းစွာနဲ့ မြင်လိုက်ရမှ ဘဝင်ကျသွားပါတယ်။

ကျွန်မတာဝန်ထမ်းဆောင်နေတဲ့ အညာမြေက ဒီတက္ကသိုလ်ပရဝဏ်လေးဟာ တော်တော်လေးသာယာပါတယ်။ ကျောင်းမှာရှိတဲ့ ရေကန်လေးနှစ်ကန်ကြောင့်ရယ် ရေကန်တွင်းက စေတီလေးရယ်ဟာ ကြည်နူးစရာလပြည့်ညရဲ့ အလှကို ပိုပြီးသာယာလှပအောင် အားဖြည့်ပေးနေသလိုပါပဲ။

ကန်စပ်က ရေတမာပင်လေးအောက် ခုံတန်းလေးပေါ်မှာထိုင်ရင်း လပြည့်ညရဲ့ အရသာကို ကြည်နူးခံစားမိနေချိန်မှာ ကျွန်မရဲ့ပတ်ဝန်းကျင်မှာ လက်နှိပ်ဓါတ်မီးရောင် တလက်လက်နဲ့ လူတွေကိုဟိုတစ်စု ဒီတစ်စု တွေ့ရပါတယ်။ ကျွန်မလိုပဲ လရောင်ကို ခံစားရင်းလမ်းလျှောက်နေကြတာလားလို့ ထင်မိပေမယ့် သူတို့အာရုံဟာ လမင်းကြီးရဲ့အလင်းရောင်ပေါ်မှာ မရှိကြောင်း တစ်စုံတစ်ခုကို စိတ်အားထက်သန်စွာ ရှာဖွေနေကြပုံပါပဲ။ သူတို့ရှာဖွေနေတဲ့ တစ်စုံတစ်ရာကိုတွေ့ရင် ဝမ်းသာအားရအော်ကြတဲ့အသံတွေကိုလည်း ကြားနေရပါတယ်။

အဲဒီလူစုတွေထဲမှာ ကိုယ့်ဌာနက ဆရာ/ဆရာမလေးတွေလည်းပါနေတာ တွေ့လို့ "ဘာလုပ်နေကြသလဲ" လို့မေးကြည့်တော့

"ပုံသကူပစ်ထားတာ လိုက်ရှာနေကြတာပါ"တဲ့။

ရန်ကုန်သူ ကျွန်မမှာ သူတို့ပြောတာကို ချက်ချင်းနားမလည်လိုက်ပါဘူး။ သူတို့လက်ထဲမှာ ကောက်ရထားတယ်ဆိုတဲ့ ပစ္စည်းတွေက ငွေစက္ကူတွေရယ်၊ ချိုချဉ်ထုပ်တွေ၊ အအေးဘူးတွေ၊ ဆပ်ပြာခဲ အစုံပါပဲ။ ရှာဖွေတွေ့ကြတဲ့ နေရာတွေကလည်း သစ်ပင်အောက်၊ သစ်ပင်ခွကြားက၊ အုတ်ခုံလေးနားက၊ တချို့လည်း ကပ်သီးကပ်သပ် စေတီလေးရဲ့မုခ်ဦးတွေမှာရှိတဲ့ ဘုရားပန်းအိုးတွေအောက်က အစုံပါပဲလား။ ဒီပစ္စည်းတွေကို လာထားကြတဲ့သူတွေကလည်း ရှာရှာဖွေဖွေ စဉ်းစားပြီး ထားတတ်ကြပါပေတယ်။

နောက်နေ့မနက်လင်းတော့ အဆောင်မှာနေကြတဲ့ ဆရာမတွေ တစ်ယောက်တစ်ပေါက် ပြောနေကြသံကြားလို့ နားစွင့်ကြည့်လိုက်တော့

"မနေ့ညက ကျွန်မ ပုံသကူပစ်ထားတဲ့ တစ်ထောင်တန် ညစောင့်ဦးလှဝင်းရသွားတယ်တဲ့"

"ဘယ်နားမှာ ပစ်ထားလို့လဲ"

"သူက ဘယ်မှလိုက်ရှာမှာ မဟုတ်လို့ သူစောင့်တဲ့ခြံတံခါးနားက အုတ်ခုံဘေးပဲ ချထားခဲ့တာလေ"

"ကျွန်မပစ်ခဲ့တဲ့ အချိုရည်ဘူးတွေတော့ ဝန်ထမ်းအိမ်ယာက ကလေးတွေရသွားကြတယ်တဲ့။ ကျွန်မကဲ ကိုယ့်နာမည်ရေးထားတော့ ဘယ်သူပစ်ထားတယ်ဆိုတာ သိကြမှာပေါ့"

"ပါမောက္ခချုပ်ဇနီး ပစ်ခဲ့တဲ့ ငါးရာတန်နဲ့ တစ်ထောင်တန်တွေ ဆယ်ထုပ်လောက်ရှိမယ်။ ရတဲ့လူတွေတော့ ပျော်သွားကြမှာပဲ"

သူတို့ပြောတဲ့စကားကို ကြားရတော့မှ ပုံသကူပစ်တယ်ဆိုတဲ့စကားကို ကျွန်မသဘောပေါက်သွားပါတယ်။ ဒီဓလေ့ဟာ ကျွန်မကြီးပြင်းခဲ့တဲ့ ရန်ကုန်မြို့ကြီးမှာ တစ်ခါမှ မကြုံဖူးပါဘူး။ တန်ဆောင်မုန်း လပြည့်ညဆိုရင် မသိုးသင်္ကန်းရက်တာ၊ တန်ဆောင်တိုင်မီးထွန်းပွဲလုပ်တာ "ကျီးမနိုးပွဲ" လို့ ခေါ်တဲ့ ဟိုအိမ်ဒီအိမ်က ပစ္စည်းတွေ အပျော်သဘောလျှောက်ယူပြီး ကမောက်ကမနေရာတွေမှာ သွားထားတတ်ကြတာမျိုးတော့ ကြုံဖူးပါရဲ့။ ကိုယ့်အိမ်မှာကိုယ် မဲဇလီဖူးသုပ်ပြီး အိမ်နီးချင်းတွေ ဝေငှတာလည်း ရှိကြပါတယ်။

ဒီမြို့မှာတော့ တန်ခိုးကြီးဘုရားပုထိုးတိုင်းမှာ မဲဇလီဖူးသုပ်ကို "အာဟာရဒါန" ဆိုပြီး စတုဒိသာကျွေးတာကို တွေ့ရပါတယ်။ ကျွန်မလည်း ကျောင်းသူတပည့်လေးတွေနဲ့ လပြည့်ညဘုရားဖူးရင်း မယ်ဇလီဖူးသုပ်ကို ဝင်ပြီးစားကြတော့ ငါးခြောက်သုပ်ပါ ကျွေးကြလို့ မြည်းကြည့်တော့ ကောင်းလွန်းလို့ စားမဝနိုင်ပါဘူး။ အညာဒေသရဲ့ ချစ်စရာဓလေ့လေးတွေပါပဲလေ။

× × ×

"ပုံသကူ" ဆိုတဲ့စကားကို ရဟန်းသံဃာတွေရဲ့ ဝိနည်းနဲ့ သက်ဆိုင်တဲ့စကားလို့ပဲ ကျွန်မသိထားပါတယ်။

"ပုံသကူ" သင်္ကန်းဆိုတာ စွန့်ပစ်ထားတဲ့ အဝတ်စုတ်အပိုင်းအစတွေကို ဖန်ရည်ဆိုးပြီး သင်္ကန်းအဖြစ် အသုံးပြုတာကို ဝိနည်းနဲ့ ညီတယ်လို့ ပြောကြတာကြားဖူးပါတယ်။

ဒါပေမဲ့ ညဖက် ငွေစက္ကူတွေ၊ ပစ္စည်းတွေ ပုံသကူပစ်တယ်ဆိုတာကို နားမလည်လို့ "ပုံသကူ" ဆိုတဲ့ဝေါဟာရရဲ့ အနက်



အဓိပ္ပာယ်ကို အဘိဓာန်ပေါင်းစုံမှာ လိုက်ရှာကြည့်မိပါတယ်။

ပါဠိ-မြန်မာ အဘိဓာန်မှာတော့

"ပံသု=မြေမှုန့်"

ပံသု-ကူလ=မြေမှုန့်အစု၊

=ပုံသုကူသင်္ကန်း

လို့အဓိပ္ပါယ်ဖွင့်ထားတာ တွေ့ရပါ တယ်။ "ပုံသုကူ"ဆိုတဲ့ စကားကနေ "ပုံ သကူ"လို့ ဖြစ်လာတယ်ထင်ပါတယ်။ အဓိပ္ပါယ်ကတော့ "မြေပေါ်၌စွန့်ပစ်ထားသော၊ ဒါမှမဟုတ် မြေမှုန့်များလိမ်းကျံနေသောဆိုတဲ့ အဓိပ္ပါယ်ရပါတယ်။ စွန့်ပစ်တယ်ဆိုမှတော့ မြေကြီးပေါ်ကိုပဲ ရောက်မှာပေါ့လေ။

ဆက်ပြီးအသေးစိတ် သိချင်လို့ စာအုပ်တွေ ရှာဖတ်ကြည့်တော့ အသျှင်ဩဘာသဝံသပြုစုပြီး ယဉ်ကျေးမှုဝန်ကြီးဌာန အတွင်းဝန်ဟောင်း ဦးဖိုးလတ်က (၁၉၅၅) ခုနှစ်မှာ ပုံနှိပ်ထုတ်ဝေခဲ့တဲ့ (သုတေသန သရုပ်ပြအဘိဓာန်)မှာ "ပုံသကူ ၁၀ ပါး" ကို ခွဲခြားဖော်ပြထားတာ တွေ့ရပါတယ်။

ရဟန်းတော်များ ပုံသကူကောက်ယူအပ်သော ပုံသကူ အဝတ်မျိုး ဆယ်ပါးကတော့

(၁)သောသာနိကံ-သုသာန်၌စွန့်ပစ်ထားသော အဝတ်ပုဆိုး
(၂)ဥစ္စာရခါယိတံ-ကြွက်ကိုက်၍ စွန့်ပစ်ထားသော ပုဆိုး
(၃)ဥပစိကခါယိတံ-ခြစား၍စွန့်ပစ်ထားသော အဝတ်ပုဆိုး
(၄)အဂ္ဂိဒမ်-မီးလောင်၊ မီးပေါက်၍ စွန့်ပစ်ထားသောအဝတ်ပုဆိုး
(၅)ဂေါခါယိတံ-နွားခဲစား၍ စွန့်ပစ်ထားသော အဝတ်ပုဆိုး
(၆)အဇိကာခါယိတံ-ဆိတ်ခဲစား၍ စွန့်ပစ်ထားသော အဝတ်ပုဆိုး
(၇)အဘိသေကိယံ-အဘိသိက်ပွဲ၌ စွန့်ပစ်ထားသော အဝတ်ပုဆိုး
(၈)ထူပစီဝရံ-စေတီပုထိုး၌လှူထားသော အဝတ်ပုဆိုး
(၉)ပါပဏိကံ-အိမ်ဈေးအနီး၌ စွန့်ပစ်ထားသော အဝတ်ပုဆိုး
(၁၀)ဘတပဋိယာဘတံ-သုသာန်လိုက်ပို့သူတို့ ပြန်လာသောအခါ အမင်္ဂလာဟု စွန့်ပစ်လိုက်သောအဝတ်ပုဆိုး

ဆိုပြီး ဖွင့်ဆိုရှင်းပြထားတာကို လေ့လာမိရပါတယ်။

အဲဒီလိုရဟန်းတော်တွေ စွန့်ပစ်ထားတဲ့ အဝတ်အစားတွေကို သင်္ကန်းအဖြစ် သုံးတဲ့အတွက် ဝိနည်းနဲ့ညီအောင် ကျင့်ကြံတာဟာ"ပုံသကူ"ပစ်တယ်ဆိုတာနဲ့ ဘာများဆက်စပ်ပါလိမ့်လို့ တွေးမိရင်း ပုံသကူပစ်ကြတဲ့ ဆရာမတွေကိုမေးကြည့်တော့

"မမျှော်လင့်တဲ့ လာဘ်လာဘတွေရတယ်ဆိုတဲ့ အကျိုးကို ခံစားရတယ်" တဲ့လေ။

**"ကျိုးမနိုးပွဲ" လို တစ်ဖက်သား စိတ်အနှောင့်အယှက်ဖြစ်ရတဲ့ကိစ္စမျိုး မဟုတ်ဘဲ "ပုံ့သကူ" စွန့်ကဲ့လူတွေဖက်ကလည်း စိတ်စေတနာလေးနဲ့ လုပ်ဆောင်တဲ့ ကိစ္စဖြစ်ပြီး သူတစ်ပါးရပါစေဆိုတဲ့ စိတ်ကလေးကလည်း မင်္ဂလာရှိတာပါပဲ**

ဒီယုံကြည်မှုဟာ ဘယ်ထုံးတမ်းစဉ်လာကို အခြေခံတာပါလိမ့်လို့ ထပ်ပြီးသိချင်လာပြန်တာကြောင့် အရှေ့တိုင်းပညာဌာန(ပါဠိဌာန)က ဌာနမှူးကို မေးကြည့်ပြန်တော့ "ထေရဝါဒ"ရဲ့ အစဉ်အလာမဟုတ်ဘဲ "မဟာယန" ရဲ့ ချဲ့ထွင်ထားသော ထုံးတမ်းစဉ်လာတွေ ဖြစ်မယ်လို့ ယူဆပါတယ်တဲ့။

ဘာပဲဖြစ်ဖြစ်ပေါ့လေ. . . "ကျိုးမနိုးပွဲ" လို တစ်ဖက်သား စိတ်အနှောင့်အယှက်ဖြစ်ရတဲ့ကိစ္စမျိုး မဟုတ်ဘဲ "ပုံ့သကူ" စွန့်တဲ့လူတွေဖက်ကလည်း စိတ်စေတနာလေးနဲ့ လုပ်ဆောင်တဲ့ ကိစ္စဖြစ်ပြီး သူတစ်ပါးရပါစေဆိုတဲ့ စိတ်ကလေးကလည်း မင်္ဂလာရှိတာပါပဲ။ ပစ္စည်းကိုကောက်ယူရရှိတဲ့ လူဖက်ကလည်း ဝမ်းသာပျော်ရွှင်မှုရယ်၊ စွန့်ပစ်တဲ့ပိုင်ရှင်ကို ကျေးဇူးတင်ကြတဲ့ စိတ်ကလေးတွေကလည်း မင်္ဂလာရှိတာပါပဲ။

ဒီနေရာမှာ"ပေးသူ"နဲ့ "ရယူသူ" နှစ်ဦးနှစ်ဖက် ဘယ်သူက ပိုပြီးပျော်ကြမလဲလို့ စဉ်းစားမိရင်း ကျွန်မရဲ့ဆရာမကြီးတစ်ဦး ပြောဖူးတဲ့ စကားတစ်ခွန်းကို သတိရမိပါတယ်။

"True happiness is not what you can get, but what you can give"

တဲ့။

ကိုယ်ရနိုင်တာထက် ကိုယ်ကပေးနိုင်တာကမှ တကယ့်ပျော်ရွှင်မှုပါပဲ။

ဒါပေမဲ့ ဒီအယူအဆကို လူတိုင်းတော့ လက်ခံကျင့်သုံးနိုင်ကြလိမ့်မယ် မဟုတ်ဘူးလို့ ထင်မိတယ်ဆိုရင် ကျွန်မများ မှားသွားမလားဘဲ။

မေသက်ဦး

**မတူတာက ကွဲပြားတာ ခြားနားတာ ဆန့်ကျင်တာ အားလုံးပါဝင်ပြီး ဆန့်ကျင်တယ်ဆိုတဲ့အနက်ထဲမှာတော့ တစ်ခုနဲ့တစ်ခု ဦးတည်ရာမတူတဲ့၊ အစိပ္ပါယ် လုံးဝဆန့်ကျင်နေတဲ့အနေအထားကို တွေ့ရပါတယ်**

# ခံစားကြည့်မှသိမှာပါ

**ဒေါက်တာသပြေဦး(မြန်မာစာ)**

လောကကြီးမှာ တစ်ခုနဲ့တစ်ခု အသွင်မတူတာတွေ၊ ခြားနားတာတွေ၊ ဆန့်ကျင်တာတွေက နေရာတိုင်းမှာ ရှိကြစမြဲပါပဲ။

မတူတာနဲ့ ဆန့်ကျင်တာဆိုတာက လည်း အဓိပ္ပါယ်တူသယောင်နဲ့ မတူကြပြန်ဘူး။ အဘိဓာန် အနက်မဟုတ်ဘဲ အလွတ်သဘောနဲ့ တွေးကြည့်ရုံနဲ့ သိသာပါတယ်။ မတူတာက ကွဲပြားတာ ခြားနားတာ ဆန့်ကျင်တာ အားလုံးပါဝင်ပြီး ဆန့်ကျင်တယ်ဆိုတဲ့ အနက်ထဲမှာတော့ တစ်ခုနဲ့ တစ်ခုဦးတည်ရာ မတူတဲ့၊ အဓိပ္ပါယ် လုံးဝ ဆန့်ကျင်နေတဲ့ အနေအထားကို တွေ့ရပါတယ်။

လူ့စိတ်ဆိုတာကလည်း အဆန်းသား အဲဒီမတူတာတွေ ဆန့်ကျင်တာတွေကို ပိုပြီး အာရုံဝင်စားတတ်ကြတယ်လေ၊ ကျွန်မလည်း အဲဒီအထဲမှာ ထိပ်ဆုံးကပါခဲ့သူပေါ့။

စာထဲပေထဲမှာ အဲဒီလို ဆန့်ကျင်ဘက် အနေအထားလေးတွေကို တွေ့ရ ဖတ်ရရင် အခြားစာတွေထက်ပိုပြီး စိတ်ဝင်စားတတ် တာ ဘယ်အရွယ်ကတည်းက အစိုးစွဲလာခဲ့ သလဲ မသိ။

စသတိပြုမိတာကတော့ ကျွန်မရှ တန်းကျောင်းသူ(၁၉၈၈-၈၉) ဝန်းကျင် လောက်ကလို့ ထင်တာပဲ။ ရုပ်ပြစာအုပ် တွေကို အသေအလဲ သဘောကျနှစ်ခြို တတ်တဲ့ ကျွန်မ၊ အိမ်မှာနေမကောင်းရ ကျောင်းမတက်ရဘဲ ရုပ်ပြစာအုပ်ငှားပေ တတ်တဲ့ ကျွန်မအမေ။ ဒီလိုနဲ့ ရုပ်ပြစာအုပ် လေးတစ်အုပ်ကို ကျွန်မစိတ်ထဲ စွဲနေ တယ်။ ရုပ်ပြစာအုပ်လေး တစ်ခုထဲမှာပါ ဇာတ်ဝင်ခန်းလေး တစ်ခုပါ။ ပန်းချီတို လေး၊ ဝတ္ထု-ဆရာပါရဂူရေးတဲ့ အမှုပါ ဆိုတဲ့ ရုပ်ပြလေးပါ။ (အမှတ်မှားရင် ခွ လွှတ်ပေးဖို့ တောင်းပန်ထားပါရစေ) ဇာ

လမ်းလေးကလည်းကောင်း၊ တကယ့်ရာဇဝင် အဖြစ်အပျက်လေးဆိုတော့ ပိုပြီးတော့လည်း စိတ်ဝင်စား၊ ပန်းချီလေးကလည်းလှ ဆိုတော့၊ အဲဒီရုပ်ပြလေးကို လက်က မချနိုင်အောင် နှစ်သက်ခဲ့ရတယ်။

အမ္ဗပါလီဆိုတာ လူတိုင်းသိပါတယ်။ နိုင်ငံကျော် ပြည့်တန်ဆာအဖြစ် လှလွန်းခဲ့သည်ကိုး။ အဲဒီထဲမှာ အမ္ဗပါလီရဲ့သား (ဗိမ္ဗိသာရမင်းကြီးနဲ့ ရတဲ့သား) က အမ္ဗပါလီကို တရားပြပြီး ပြည့်တန်ဆာဆိုတဲ့ ဘဝထဲက ဆွဲထုတ်ပြီး သာသနာ့ဘောင်ထဲ ရောက်အောင် လမ်းညွှန်ပေးခဲ့တယ်။

တပြိုင်တည်းမှာပဲ ဗိမ္ဗိသာရ မင်းကြီးရဲ့သား အဇာတသတ်က ဖခမည်းတော်ကို အကျဉ်းထောင်ထဲ ပို့ခဲ့တယ်။ အဲဒီအဖြစ်အပျက်လေးကို စာရေးဆရာက ဘယ်လို ပြောထားသလဲဆိုတော့

'သားတစ်ယောက်က မိခင်ကို သံသရာ အကျဉ်းထောင်ထဲက လွတ်အောင် လုပ်တယ်။ သားတစ်ယောက်ကတော့ ဖခင်ကို အကျဉ်းထောင်ထဲ ထည့်တယ်' (အတိအကျ မမှတ်မိပေမယ့် သဘောတရားကတော့ အတူတူပါပဲ)

လို့ ပြောထားတယ်။

ဇာတ်ဝင်ခန်းထဲက ပြောစကားလေးတွေက ဆန့်ကျင်ဘက်ကိစ္စနှစ်ခုကို ထိထိမိမိလေး ဖော်ပြထားတာမို့ စိတ်ထဲ အခုထိ စွဲနေဆဲပါ။

သရုပ်ဖော် ပန်းချီလေးကလည်း အကျဉ်းထောင်ကို သွားနေတဲ့ ဗိမ္ဗိသာရ မင်းကြီးက တရားဟောနေတဲ့ ဘိက္ခုနီ (အမ္ဗပါလီ) ကိုကြည့်ပြီး ရေရွတ်နေတဲ့ ပန်းချီကား ပုံလေးပါ။

နောင်ပြန်ဖတ်ချင်လို့ ငှားကြည့်တော့ ဒီရုပ်ပြလေးကို မတွေ့ရတော့ပါဘူး။ ပြန်ထွက်လာဖို့တော့ မျှော်လင့်ရတာပေါ့။

တစ်ခါ ဆရာမခင်နှင်းယုရဲ့ 'အတက်နဲ့ အဆင်း' ဆိုတဲ့ ဝတ္ထုတိုလေးကို ဖတ်မိတော့လည်း ဒီလိုပဲ၊ ဆန့်ကျင်ဘက် ဇာတ်ဆောင်နှစ်ဦးရဲ့ စရိုက်ကိုဖွဲ့ပြထားလို့ ကျွန်မ ပိုစိတ်ဝင်စားခဲ့ရပြန်တယ်။ စရိုက်မတူသူ နှစ်ဦးရဲ့ အိမ်ထောင်ရေး အနေအထားကို ရေးဖွဲ့ထားတာပါ။ အဓိက ဇာတ်ဆောင် မပြုံးသွေးက လောကီကိစ္စတွေကို စိတ်ကုန်နေသူ၊ သံဝေဂရနေသူ၊ သူ့ခင်ပွန်း ကိုအောင်ကတော့ လောကီကို ခင်တွယ်မက်မောနေသူ၊ အပျော်အပါးမက်သူ။ သူတို့နှစ်ယောက်ရဲ့ ကွဲပြားချက်ကို စာရေးသူက

'သူက လောကကို အခုမှ ပျော်ချင်တုန်း၊ ရွှင်ချင်တုန်း၊ အတက်။ ကိုယ်ကတော့ လောကကိုသိပ်စိတ်ပျက်တယ်၊ စိတ်မဝင်စားဘူး။ ရယ်လို့ မရတော့ဘူး၊ လောကမှာ အဆင်းဖြစ်နေပြီ'

လို့ ရေးပြထားတယ်။ ဆန့်ကျင်ဘက် ဇာတ်ဆောင်နှစ်ဦးရဲ့ စရိုက်ကြောင့် ဒီဝတ္ထုလေးက နှစ်သက်သံဝေဂ ယူစရာကောင်းနေတယ်။

'အတက်နဲ့ အဆင်းဆိုတာ လမ်းခုလတ်မှာသာ ခဏတွေ့ကြမှာပဲ။ ကြာသွားလေ၊ ဝေးလေပဲပေါ့'

ဆိုတဲ့ ဇာတ်ဆောင်မပြုံးသွေးရဲ့ စကားကြောင့် ဘဝအသိအမြင် တစ်ခုကို ကွက်ကွက်ကွင်းကွင်း တွေ့လိုက်ရတယ်။

ဒီလိုတွေမြင်ခွင့် ရတာကလည်း စာရေးသူရဲ့ 'ဇာတ်ဆောင်စရိုက် နှစ်ခုက ဆန့်ကျင်ဘက် ဖြစ်နေလို့ ပိုစိတ်ဝင်စားပြီး မြင်မိတယ်လို့ ထင်တာပဲ။

ပြောချင်တာက ခုမှ စမှာပါ။ ကျွန်မ ရှေးကဗျာနှစ်ပုဒ်ကို ဘာကြောင့်နှစ်သက်သလဲ ဆိုတဲ့ရင်းမြစ်ကို ရှာတွေ့ခဲ့လို့ပါ။



စာဆိုနှစ်ဦးစလုံးက အင်းဝခေတ်စာဆိုတွေ၊ တစ်ဦးက ရှင်မဟာရဋ္ဌသာရ(၈၃၀-၈၉၂)နောက်တစ်ဦးကတော့ ရှင်တေဇောသာရ(၈၅၀-၉၁၀ခန့်)တို့ဖြစ်ပါတယ်။

နှစ်ပါးစလုံးက ရဟန်းစာဆိုတွေ ဖြစ်သလို၊ ခေတ်ပြိုင်စာဆိုတွေလည်း ဖြစ်ပြီး သူတို့ရဲ့ ရတုတွေကလည်း ခုထက်ထိ မြန်မာစာပေနယ်မှာ ဩဇာကြီးနေတုန်းပါ။

သူတို့နှစ်ပါးရဲ့ ရတုလေးနှစ်ပုဒ်ကို ယှဉ်ကြည့်တဲ့အခါ ချစ်စရာကောင်းတဲ့ သူတို့အယူအဆလေး နှစ်ခုကို လှစ်ခနဲတွေ့လိုက်ရတယ်။

ကျွန်မနှစ်ပါးစလုံးရဲ့ ပုဂ္ဂိုလ်ရေး ရာဇဝင် နောက်ခံတွေထက်၊ သူတို့ရဲ့ ကဗျာလေးတွေကို ပိုနှစ်သက်သူဖြစ်လို့၊ ဘာသာရေး အမြင်ရှင်းရှင်း၊ နောက်ခံလူမှုရေး အမြင်ရှင်းရှင်းနဲ့ သူတို့ကဗျာလေးတွေကို ယှဉ်ကြည့်မိတယ်။

ရတုနှစ်ပုဒ်လုံးမှာ အချစ်ရေးနဲ့ ပတ်သက်တဲ့ အယူအဆကို ဖော်ပြထားပြီး ရှင်မဟာရဋ္ဌသာရက

'ဤဘဝတွင်၊ နှမလက်လျှော့ နေလေတော့ဟု၊ ချစ်ပေါ့မကြုံ ညှိုးငယ်ပုံမျှ'

ဆိုပြီးဒီဘဝမှာတော့ ရှေ့ဆက်ချစ်ဖို့ မဖြစ်နိုင်တော့လို့ လက်လျှော့လိုက်ပါတော့လို့ ပြောထားတဲ့လေသံကို တွေ့ရတယ်။

ရှင်တေဇောသာရကတော့

'မြင်လျှင်ပင်ကို၊ ကြိုးပါလိုလည်း၊ ကုသိုလ်ကြမ္မာမမီပါခဲ့'

တဲ့။ ချစ်၍ကြိုးပမ်းပါသော်လည်း ကုသိုလ်ချင်း မတူ၍ မကြိုးပမ်းနိုင်တဲ့ ဘဝကို ညည်းညူနေတဲ့ လေသံကို တွေ့ရတယ်။

တစ်ပါးက လက်ဝယ်ပိုင်ဆိုင်ထားတဲ့ အရာကို လက်လွှတ်ဆုံးရှုံးခံလိုက်တဲ့ ပြတ်သားနာကျင်နေတဲ့ လေသံ။

တစ်ပါးက မရနိုင်တဲ့အရာအတွက် တောင့်တဝမ်းနည်းနေတဲ့ ညှိုးငယ်တဲ့လေသံ။

တစ်ပါးက ရှိနေတာကို မရှိဖြစ်အောင် လုပ်တယ်။

တစ်ပါးက မရှိတာကို ရှိအောင် ကြိုးပမ်းချင်တယ်။

တစ်ပါးက ချစ်နေလျက်နဲ့ ချစ်မှု ဆုံးဖြတ်တယ်။

တစ်ပါးက ချစ်ချင်ရက်နဲ့ ချစ်ခွင့် မကြုံရတာကို ဝမ်းနည်းတယ်။

တရားစကားနဲ့ ပြောရရင်

တစ်ပါးက လောကီက ရုန်းထွက်ချင်သူ။

တစ်ပါးက လောကီကို ခင်တွယ်ချင်သူ။

ဘာပဲဖြစ်ဖြစ် ဆန့်ကျင်ဘက် အနေအထား နှစ်ခုကြောင့် အခြားရတုတွေထက် ဒီရတုနှစ်ပုဒ်ကို ကျွန်မပိုစိတ်ဝင်စားပြီး သဘောကျတယ်။

တစ်ပုဒ်ချင်းစီ ဖြစ်ပေမယ့် ထူးထူးခြားခြား ဆန့်ကျင်နေတဲ့ အယူအဆနှစ်ခုကြောင့် ကျွန်မနှုတ်က 'နှမလက်လျှော့နေလေတော့'လို့ ရွတ်ဆိုမိတိုင်း၊ မြင်လျှင်ပင်ကို၊ ကြိုးပါလိုလည်း၊ ကုသိုလ်ကြမ္မာ မမီပါခဲ့' လို့ထပ်ရွတ်မိတတ်တယ်။

ရဟန်းစာဆိုတွေ ဖြစ်လျက်နဲ့ အချစ်အကြောင်း ရေးဖွဲ့သင့်၊ မဖွဲ့သင့် ဆိုတဲ့ စည်းမျဉ်း စည်းကမ်းတွေထက် သူတို့နှစ်ပါးရဲ့ ခံစားချက်လေးတွေကို ပိုပြီးစိတ်ဝင်စားမိတယ်။

အဲဒီလို စိတ်ဝင်စားမိတာကလည်း ဆန့်ကျင်ဘက်တွေကို ပိုပြီးစိတ်ဝင်စားတတ်တဲ့၊ လူတွေရဲ့ စိတ်ကြောင့်လို့ ကျွန်မတော့ ဝန်ခံလိုက်ချင်တယ်။

ဒေါက်တာသဲမြေဦး(မြန်မာစာ)

**အရေးအမြင်**

**၂၅နှစ်ပြည့် အထူးထုတ်**

**အထူးဆောင်းပါး**

# ဗီယက်နမ်လွတ်မြောက်ရေးတိုက်ပွဲကို မြန်မာတို့ကူညီခဲ့စဉ်က

**သခင်မြလေး**

ဆောင်းပါးရှင် သခင်မြလေးသည် ၁၉၂၂ခုနှစ်တွင် ပဲခူးတိုင်း၊ ရွှေကျင်မြို့နယ်၊ ဒုံဇရစ်ကျေးရွာတွင် မွေးဖွားခဲ့ပြီး ၁၉၉၅ခုတွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ တောင်သူလယ်သမား ဦးပန်းမြိုင်၊ ဒေါ်စိန်ပွင့်တို့မှ မွေးဖွားခဲ့သော ဦးမြလေးသည် တို့ဗမာအစည်းအရုံးဝင် သခင်ဘွဲ့ခံ နိုင်ငံရေးသမားတစ်ဦးဖြစ်လာပြီး ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)၊ အာရှလူငယ်၊ ဆိုရှယ်လစ်ပါတီတို့တွင် ပါဝင် ဆောင်ရွက်ခဲ့သည်။ ၁၅၊ ၇၊ ၁၉၉၅နေ့တွင် သခင်မြလေးသည် ကွယ်လွန်ခဲ့ရာ ဤဆောင်းပါးသည် မကွယ်လွန်မီ ဆယ်ရက်အလိုတွင် ရောဂါဝေဒနာ ဖိစီးနေသည့်ကြားမှ ရေးသားခဲ့ခြင်းဖြစ်ပြီး ၁၉၉၅ စက်တင်ဘာလထုတ် မိုးဂျာနယ်တွင် ဖော်ပြပါရှိခဲ့သည်။ ဗီယက်နမ် ပြည်သူတို့၏ လွတ်လပ်ရေးတိုက်ပွဲတွင် မြန်မာလူငယ်နိုင်ငံရေးသမားတို့ပါဝင် ကူညီခဲ့ကြပုံ သမိုင်းတစ်ကွက်ကို ရေးသားထားခြင်းဖြစ်၍ အတွေးအမြင်ပရိသတ်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။

အယ်ဒီတာ



*၁၉၉၅ ခုနှစ် ဇွန်လဆန်းက ကျွန်*တော့အိမ်ရှိရာ ဆယ်မိုင်ကုန်းသို့ မိုးဂျာနယ် သခင်အောင်ဖေ ရောက်လာသည်။ သခင်အောင်ဖေက ကျွန်တော်နေထိုင်မကောင်းဖြစ်နေသည်ဟုကြားပြီး လူမမာ မေးခြင်းဖြစ်သည်။ ထိုနေ့က ကျွန်တော်နှင့် သခင်အောင်ဖေတို့မှာ ရှေးဟောင်းနှောင်းဖြစ်များ ပြောကြ၊ မျက်မှောက်ခေတ်ကမ္ဘာ့နိုင်ငံရေးအခြေအနေများ ဆွေးနွေးကြနှင့် စကားပြော၍မဝနိုင် ဖြစ်နေကြသည်။ စကားပြောကြရင်းနှင့် ယနေ့ ဗီယက်နမ်နိုင်ငံ၏ စျေးကွက်စီးပွားရေး ဖြစ်ထွန်းအောင်မြင်မှုများသို့ ရောက်သွား၏။ သည်တွင် သခင်အောင်ဖေက စကားတစ်ခွန်း မေးလာသည်။

**သခင်အောင်ဖေ။** ။'ဒါနဲ့ ကိုမြလေးတို့ ဗီယက်နမ်လွတ်မြောက်ရေးအဖွဲ့ကို ထိထိရောက်ရောက် ကူညီခဲ့ဖူးတာပဲ။ ခင်ဗျား အဲဒါတွေ မှတ်မိသေးလား'

**ကျွန်တော်။** ။'ဟာ . . . သခင်အောင်ဖေရေ တောအထပ်ထပ်၊ တောင်အထပ်ထပ်ကို ခြေလျင်ကြိတ်ပြီး ကျွန်တော်တို့လှုပ်ရှားခဲ့ကြရတာပဲ။ ဘယ်မေ့နိုင်ပါလိမ့်မလဲဗျာ'

**သခင်အောင်ဖေ။** ။'ဒီလိုဆို အဲဒါတွေမှတ်တမ်းတစ်ခုအဖြစ် ကျန်သင့်တယ်ဗျ။ ခင်ဗျား မှတ်မိသလောက်ရေးဗျာ။ မိုးဂျာနယ်မှာ ထည့်မယ်'

သခင်အောင်ဖေက အားတက်သရော ပြောနေပါသည်။

**ကျွန်တော်။** ။'ဟာ. . . ဒီလိုဆောင်းပါးထည့်ပေးမယ့်လူရှိရင် ရေးမှာပေါ့ဗျာ။ ရေးမယ် . . . ရေးမယ် . . . မကြာခင် ခင်ဗျားဆီ ရေးပို့လိုက်မယ်'

× × ×

၁၉၇၇ ခုနှစ် [illegible] ဖြစ်ရပ်များကို ပြန်လည်တွေးတော သတိရနေမိပါသည်။

ထိုစဉ်က အတိတ်ကာလဖြစ်ရပ်များသည် ပထမတွင် စိတ်အာရုံ၌ မှုန်ရီဝေဝါးစွာပေါ်ထွက်လာနေကြ၏။ သို့သော် ဟိုတစ်စ သည်တစ်စအပိုင်းအစကလေးများကို စုပေါင်းဆက်စပ်ယူလိုက်သောအခါ ရုပ်ရှင်ကားပြနေသလို ထင်ထင်ရှားရှား ပေါ်ပေါက်လာခဲ့လေသည်။

**"တစ်တိုင်းပြည်နဲ့ တစ်တိုင်းပြည် ဆက်ဆံရေးမှာ ဟိုးတုန်းက ဖြစ်ပျက်ခဲ့ဖူးတဲ့ ပြဿနာတွေကို ဆွေးနွေးစေ့စပ်ပြီး နားလည်မှုရအောင် ဆောင်ရွက်ရမယ်။ ဒါမှ နိုင်ငံငယ်ကလေးတွေဟာနိုင်ငံကြီးတွေရဲ့ ခြယ်လှယ်မှုကို မခံရဘဲရှိမယ်"**

၁၉၄၇ ခုနှစ်၊ နှစ်ကုန်ပိုင်းလများတွင် ထိုစဉ်က ဆိုရှယ်လစ်ပါတီ ခေါင်းဆောင်များဖြစ်ကြသော ဦးဗဆွေ၊ ဦးကျော်ငြိမ်းနှင့် ဗိုလ်အောင်ကြီး (ယခု ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီး) တို့သည် ဗီယက်နမ်တော်လှန်ရေးပြောက်ကျားအဖွဲ့အား နိုင်ငံရေးကူညီထောက်ပံ့မှုပေးရန် ဆုံးဖြတ်ချက်ချကြသည်ဟု ကြားသိရသည်။ အမှန်ဆိုသော် ထိုသို့ဆုံးဖြတ်ကြခြင်းမှာ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးဩဝါဒတစ်ရပ်ကို အကောင်အထည်ဖော်ခြင်းဟု နားလည်ရပါသည်။

**ဗိုလ်ချုပ်လမ်းညွှန်ချက်**

ဗိုလ်ချုပ်အောင်ဆန်း မကျဆုံးမီက ပြောကြားသော မိန့်ခွန်းတစ်ခု၌ 'အထူးသဖြင့် အရှေ့အာရှဒေသရှိ နိုင်ငံငယ်များ အချင်းချင်း စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်ရမယ်။ တစ်တိုင်းပြည်နဲ့ တစ်တိုင်းပြည် ဆက်ဆံရေးမှာ ဟိုးတုန်းက ဖြစ်ပျက်ခဲ့ဖူးတဲ့ ပြဿနာတွေကို ဆွေးနွေးစေ့စပ်ပြီး နားလည်မှုရအောင် ဆောင်ရွက်ရမယ်။ ဒါမှ နိုင်ငံငယ်ကလေးတွေဟာ နိုင်ငံကြီးတွေရဲ့ ခြယ်လှယ်မှုကို မခံရဘဲ ရှိမယ်' ဟု ပါရှိခဲ့သည်။

ဆိုရှယ်လစ်ပါတီ ခေါင်းဆောင်များက ဗိုလ်ချုပ်၏မိန့်ခွန်းကို လမ်းညွှန်အဖြစ် ခံယူပြီး အိမ်နီးချင်းနိုင်ငံငယ်များနှင့် ရင်းနှီးချစ်ကြည်မှု၊ သွေးစည်းညီညွတ်ရေး ကြိုးပမ်းရန် ဆန္ဒပြင်းပြနေကြသည်။

**ကျောင်းကြီးက ခေါ်တွေ့ခြင်း**

၁၉၄၇ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် ဖြစ်သည်။ ဆိုရှယ်လစ်ပါတီ ဥက္ကဋ္ဌ ကျောင်းကြီး ဦးဗဆွေက 'မြလေးကို ပြောလိုက်ကြစမ်း။ ငါဆီလာတွေ့လှည့်လို့'ဟု ရဲဘော်တစ်ဦးကို မှာလိုက်ပါသည်။ ထိုစဉ်က'ဆိုရှယ်လစ်ကွန်မြန်း'ခေါ် ဆိုရှယ်လစ်ပါတီဌာနချုပ်မှာ ကင်းဘဲလ်လမ်း (ယခု ငါးထပ်ကြီး ဘုရားလမ်း) တွင်ရှိသည်။ ကျွန်တော်တို့မှာ ဆိုရှယ်လစ်ကွန်မြန်း၌ အိပ်လိုက်၊ စားလိုက်၊ စာဖတ်လိုက်၊ နိုင်ငံရေး ဆွေးနွေးလိုက်နှင့် အချိန်ဖြုန်းနေကြရပါသည်။ ဦးဗဆွေ ခေါ်သည်ဆို၍ ကျွန်တော်လည်း မဆိုင်းမတွ သွားတွေ့ရပါသည်။ ထိုစဉ်က ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့မှာ ပြည်လမ်းမပေါ်ရှိ အစိုးရနိုင်ငံ သံရုံးနေရာဝင်းအတွင်း၌ တိုက်တစ်လုံးတည်း အခန်းခွဲပြီး နေထိုင်လျက် ရှိကြပါသည်။

ကျွန်တော်ရောက်သွားချိန်တွင် ဦးဗဆွေမှာ သခင်တင်မောင်ကြီး (ယူဂိုဆလပ်နိုင်ငံသံမှူးဟောင်း) နှင့် စကားပြောနေ၍ အပြင်မှာ ထိုင်စောင့်နေရပါသည်။ သခင်တင်မောင်ကြီး နှုတ်ဆက်ပြီး ပြန်သွားတော့မှ ဦးဗဆွေက ကျွန်တော့်ကို လှမ်းခေါ်ပြီး

'မြလေး . . . ငါ. . . ကိုကြီးနုနဲ့ တွေ့ဖို့ ရှိသေးလို့ မအားဘူး။ ဒီတော့ မင်း . . . ကိုလှအောင်နဲ့ သွားတွေ့လိုက်။ သူ့ကို ငါ အားလုံးပြောပြပြီးပြီ။ မင်းတို့ လုပ်စရာရှိတာ သူ ပြောပြလိမ့်မယ်။ သူနဲ့ဆက်လုပ်' ဟု ပြောပါသည်။

**ထမ်းဆောင်ရမယ့်တာဝန်**

'နောင်တွင် အာရှဆိုရှယ်လစ် ပါတီ အထွေထွေ အတွင်းရေးမှူး ဖြစ်လာမည့် ကိုလှအောင်မှ ပုဇွန်တောင် စက်ဘူကျောင်းတိုက်အနီးက ဘီအိုင်အေ ရဲဘော်ဟောင်း ဦးအောင်ခင် အိမ်၌ နေထိုင်ပါသည်။ ကိုလှအောင်နှင့် တွေ့တွေ့ချင်း သူက 'လာဟေ့. . . မြလေး။ တို့ ထမ်းဆောင်ရမယ့်တာဝန်တစ်ခု ပေါ်လာတယ်။ မင်းရယ် ငါရယ်၊ ဦးညွှန့်ရယ် ယိုးဒယား (ယခု ထိုင်း) သွားရမယ်' ဟု ပြောပါသည်။ ဦးညွှန့်မှာ နောင်တွင် ထိုင်းနိုင်ငံ၊ မြန်မာသံရုံး အတွင်းဝန်အဖြစ် ဆောင်ရွက်ခဲ့သူဖြစ်ပါသည်။ ကိုလှအောင်က ဆက်၍ 'ကိုဗဆွေကြီးက လူထပ်ထည့်ပေးဦးမယ်ပြောတယ်။ ဘယ်သူတွေပါမလဲ မသိဘူး' ဟုလည်း ပြောပါသေးသည်။

ကိုလှအောင်။ ။မြလေး မင်းလည်းခရီးထွက်ဖို့ ပြင်စရာရှိတာ ပြင်ဆင်ထားပေါ့ကွာ။ နိုင်ငံကူးလက်မှတ်ကိစ္စနဲ့ ငွေရေးကြေးရေးကိစ္စကတော့ ဦးညွှန့်ကို လွှဲထားတယ်။ ဘာမှပူစရာမရှိဘူး'

ကျွန်တော်။ ။'ခရီးထွက်ဖို့ ပြင်ဆင်တာကတော့ ဟုတ်ပါပြီ။ ဘယ်နေ့ ထွက်ရမှာလဲ ရက်သေချာပြီလား'

ကိုလှအောင်။ ။'ဒီဇင်ဘာ (၂) ရက်နေ့ပဲ စီစဉ်ထားတယ်'

ကျွန်တော်။ ။'ဒါနဲ့ ကိုလှအောင်။ အဝတ်အစားကရော ဘယ်လိုဝတ်ရမှာလဲ'

ကိုလှအောင်။ ။'မင်း ကိုင်ဇာအပ်ချုပ်ဆိုင်ကိုသွား အဲဒီမှာကိုယ်တိုင်းပေးခဲ့၊ အနောက်တိုင်းဝတ်စုံ အဖြူချုပ်ဖို့မှာထားတယ်'

**ထိုစဉ်က မြန်မာ့လွတ်လပ်ရေး မကြေညာရသေး။ မြန်မာနိုင်ငံမှာ ဗြိတိသျှလက်အောက်မှာပင် ရှိသေးသည်။ ထို့ကြောင့်ပင် ကျွန်တော်တို့ ကိုင်ဆောင်ရမည့် နိုင်ငံကူးလက်မှတ်မှာ ဗြိတိသျှအစိုးရ၏ နိုင်ငံကူးလက်မှတ်သာ ဖြစ်လေသည်**

ကျွန်တော်လည်း သူညွှန်ကြားချက်အတိုင်း ထိုစဉ်ကနာမည်ကြီး အပ်ချုပ်ဆိုင်ဖြစ်သည့်'ကိုင်ဇာ'တွင် ဝတ်စုံချုပ်ရန် ကိုယ်တိုင်း သွားပေးရသည်။ ထို့နောက် အသင့်ချုပ်ပြီး မြန်မာဝတ်စုံလည်း ဝယ်သည်။ လိုအပ်သောပစ္စည်းကလေးများ ရှာဝယ်ပြီး လက်ဆွဲအိတ်တစ်လုံးနှင့် ထည့်၍ အသင့်ပြင်ထားရသည်။ မြန်မာဆိုတော့ နိုင်ငံခြားမှာ မြန်မာမှန်းသိကြရအောင် လွယ်အိတ်တစ်လုံးလည်း ဝယ်ရသေးသည်။

**လွတ်လပ်ရေးမရမီ**

ထိုစဉ်ကမြန်မာ့လွတ်လပ်ရေး မကြေညာရသေး။ မြန်မာနိုင်ငံမှာ ဗြိတိသျှလက်အောက်မှာပင် ရှိသေးသည်။ ထို့ကြောင့်ပင် ကျွန်တော်တို့ ကိုင်ဆောင်ရမည့် နိုင်ငံကူးလက်မှတ်မှာ ဗြိတိသျှအစိုးရ၏ နိုင်ငံကူးလက်မှတ်သာ ဖြစ်လေသည်။ စကားစပ်မိ၍ ဖော်ပြရလျှင် ယခုနိုင်ငံခြားရေးဝန်ကြီးဌာနနေရာမှာ ထိုစဉ်က Prome Court ခေါ် အဆောက်အဦတွင် ဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီးဌာန မရှိသေး။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများလုပ်ကြံခံရပြီးနောက် ဦးနုက ဗိုလ်ချုပ်နေရာကို ဆက်ခံသည်အထိ နိုင်ငံခြားတိုင်းပြည်များတွင် မြန်မာသံအမတ်များ မခန့်ရသေး။ မြန်မာနိုင်ငံကို အုပ်ချုပ်နေသော ဗြိတိသျှအစိုးရကိုယ်စား ဆောင်ရွက်နိုင်ရန် ဗြိတိသျှမဟာမင်းကြီးရုံးသာ ရှိနေသည်။ မြန်မာ့လွတ်လပ်ရေး ကြေညာလုလုအချိန်ဖြစ်၍ သတင်းသန့်သန့်တော့ ကြားနေရပြီ။ ယိုးဒယားနိုင်ငံ (ယခု-ထိုင်းနိုင်ငံ) အတွက် မြန်မာသံအမတ်ကြီးအဖြစ် ဆာမောင်ကြီးတို့ကို ခန့်ထားမည့်သတင်း ဖြစ်သည်။

(၃)

သို့နှင့်ကျွန်တော်၊ ဦးညွှန့်နှင့် ဦးလှအောင်တို့သည် ဒီဇင်ဘာ(၂)ရက်နေ့ နံနက်ရာသီဥတု ချမ်းချမ်းစီးစီးအချိန်တွင် မင်္ဂလာဒုံလေယာဉ်ပျံကွင်းသို့ ဆင်းခဲ့ကြသည်။ ထိုစဉ်က မင်္ဂလာဒုံလေယာဉ်ကွင်းဆိုသည်မှာ ယခုလို ခန့်ခန့်ထည်ထည်မရှိ

သွပ်မိုးထားသော အဆောက်အဦသာဖြစ်သည်။ စစ်ပြီးကာလ မြန်မာနိုင်ငံမှာ ပြန်လည်ထူထောင်ဖို့ကိစ္စ မလုပ်အားသေး။ ရှိတာနှင့် အလုပ်ဖြစ်အောင် လုပ်နေရသော လေယာဉ်ပျံကွင်းဖြစ်သည်။ လေယာဉ်ပျံကွင်းရှိ အကောက်ခွန်ဌာန၊ ပြည်ဝင် ပြည်ထွက်စစ်ဆေးရေးဌာနတို့တွင် ကျွန်တော်တို့ကိုင်ထားသော ဗြိတိသျှနိုင်ငံကူးလက်မှတ်နှင့် ယူဆောင်လာသောပစ္စည်းများကို အစစ်ဆေးခံကြရသည်။

**ဗိုလ်ဆောင်းရဲဘော်ကိုစံလွင်**

နံနက်(၈)နာရီတွင် လေယာဉ်ထွက်မည်ဟုသိရသည်။ လေယာဉ်ကိုကြည့်လိုက်တော့ ပန်ကာနှစ်လုံးတပ် ဒါကိုတာလေယာဉ်ကို ကွင်းထဲမှာတွေ့နေရသည်။ လေယာဉ်ထွက်ချိန်နီးတော့ သွပ်မိုးအဆောက်အဦထဲမှ လေယာဉ်ကွင်းဆီသို့ ထွက်ခဲ့ကြသည်။ လေယာဉ်ပေါ်သို့ရောက်၍ လှေလာကြည့်လိုက်တော့ ခရီးသည်သိပ်မများလှ။ လူ(၂၀)ခန့်သာရှိမည်။ စာရေးသူနှင့် ကိုလှအောင်တို့က နှစ်ယောက်တွဲထိုင်ခုံမှာ ထိုင်ကြသည်။ ဦးညွန့်က အခြားထိုင်ခုံတွင် သီးခြားနေရာယူသည်။ ဒါကိုတာလေယာဉ်မှာ ယခုခေတ် ဂျက်လေယာဉ်များနှင့်မတူပါ။ လေယာဉ်ပျံသန်းမှုနှုန်းနှေးကွေးလှသည်။ ဘန်ကောက် ဒေါင်းမွန်းလေဆိပ်သို့အရောက် (၂)နာရီခန့်မောင်းနှင်ရမည်ဟု ကိုလှအောင်ကပြောပြသည်။ ဘန်ကောက်၊ ဒေါင်းမွန်းလေဆိပ်တွင် ကျွန်တော်တို့ကို ကြိုဆိုမည့်သူမှာ ယခင်ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ခေတ်တွင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဆောင်းတို့နှင့်အတူပါလာခဲ့ဖူးသူ ကိုစံလွင် ခေါ် တရုတ်ကပြား အလွင် ဖြစ်သည်ဟုလည်း သိရသည်။

**ဘာမှမခြား**

ဒါကိုတာလေယာဉ်ကြီးသည် (၂)နာရီခန့်မောင်းနှင်ပြီးနောက် ဘန်ကောက်လေယာဉ်ကွင်းပေါ်သို့ ပျံဝဲဆင်းသက်နေပါပြီ။ အောက်ဘက်သို့ လေယာဉ်ပေါ်မှ ကြည့်လိုက်စဉ် မြင်နေရသောမြင်ကွင်းမှာ ဘုရားကျောင်းကန်များ၊ လယ်ကွင်းများ၊ လူနေအိမ်များသာဖြစ်သည်။ တို့မြန်မာပြည်နှင့် သိပ်မခြားနားသော မြင်ကွင်းပါလားဟု သဘောပေါက်ခံစားမိသည်။ မကြာမီ စက်ခေါင်းနှစ်လုံးတပ် ဒါကိုတာလေယာဉ်သည် ဘန်ကောက်ဒေါင်းမွန်းလေဆိပ်ပြေးလမ်းပေါ်သို့ ပြေးဆင်းနေပါပြီ။ လေယာဉ်ရပ်သွားသောအခါ မြင်ရသော မြင်ကွင်းနှင့်အထိအတွေ့က ရန်ကုန်မင်္ဂလာဒုံ လေယာဉ်ပျံကွင်းနှင့် ဘာမှမခြားနား။ လေယာဉ်ပျံများ အဆင်းအတက် စက်သံများဆူညံနေခြင်းကလည်း အတူတူ၊ လေယာဉ်ပျံကွင်း ခမ်းနားထည်ဝါခြင်းမရှိတာလည်း အတူတူ၊ သွပ်မိုးထားသော လေယာဉ်ပျံကွင်း ရုံးကလည်း အတူတူပါပဲလား။

**ထိုစဉ်ကဘန်ကောက်**

လေဆိပ်တွင် တရုတ်ကပြားအလွင် (နောင်-ကိုစံလွင်)က လာကြိုနေသည်။ ကိုစံလွင်မှာ နောင်တွင် မြန်မာသံရုံး၌ စကားပြန်အဖြစ် အမှုထမ်းခဲ့သူဖြစ်၏။ သည်တုန်းက သူတို့ ယိုးဒယား(ထိုင်း) လူမျိုးတွေကလည်း အင်္ဂလိပ်ဘာသာစကား ပီပီသသ မပြောနိုင်။ ကိုယ်က



လည်း ယိုးဒယား (ထိုင်း) စကား လည်လည်ပတ်ပတ် မပြောတတ်။ သည်တော့ အလွင်သာ လာမကြိုခဲ့ပါက အတော်ကသိကအောင့် ဖြစ်မည့်ပုံပါပဲ။ သို့သော် ကြိုဆိုသူရှိနေသဖြင့် အားလုံး အဆင်ပြေသွားသည်။ ကျွန်တော်တို့ ကိုင်ဆောင်ထားသည်မှာ ဗြိတိသျှနိုင်ငံကူး လက်မှတ်များဖြစ်နေတော့ ယိုးဒယား (ထိုင်း) လူဝင်လူထွက် အမှုထမ်းများနှင့် အကောက်ခွန်အမှုထမ်းတို့က ခပ်ရှရှ ဆက်ဆံကြသည်။

ကျွန်တော်တို့သုံးဦးကို အလွင်က အငှားကားဖြင့် ဘန်ကောက်မြို့ထဲသို့ ခေါ်သွားသည်။ ထိုစဉ်က မြန်မာပြည် မဟာမင်းကြီးရုံးမှာ ဆာပွန်းလမ်းတွင်ရှိသည်။ ထိုရုံးသို့ ကျွန်တော်တို့ရောက်သွားကြ၏။ အဆောက်အအုံမှာ အတော်ကလေးသန့်ပြန့်ပြီး ကောင်းမွန်ပါသည်။ ထိုစဉ်က ဘန်ကောက်တစ်မြို့လုံးမှာ ရွှံ့ရေပုပ်များဖြင့် လွှမ်းပြီးနံစော်နေသည်ကို ပြန်သတိရမိသည်။

**လက်ဝှေ့ကျော် အောင်သန်းကြီး**

မဟာမင်းကြီးရုံးတွင် လူများများမရှိကြ။ အလွင်နှင့်ထမင်းချက် ယိုးဒယား တစ်ဦးလည်း ရှိလေသည်။ ဪ . . . သတိရသေးသည်။ ခြံဝင်းစောင့်တစ်ဦးလည်း ရှိလေသည်။ ထိုခြံစောင့် ပုဂ္ဂိုလ်မှာ ယိုးဒယား (ထိုင်း) ရိုးရာလက်ဝှေ့ပွဲတိုင်းတွင် အောင်ပွဲခံခဲ့သော မြန်မာအမျိုးသား အောင်သန်းကြီးဆိုသူဖြစ်သည်။ အောင်သန်းကြီးမှာ ယိုးဒယား(ထိုင်း) တွင်မက မာလာယု(ယခု-မလေးရှား)နှင့် စင်္ကာပူတို့ အထိသွားရောက်၍ လက်ဝှေ့အောင်ပွဲခံခဲ့သူဟု သိရ၏။ လူပုံကထွားထွား၊ ကြံ့ကြံ့ခိုင်ခိုင်၊ တောင့်တောင့်တင်းတင်း ရှိလှသည်။ သူ့ခမျာ အလုပ်မရှိ၍ မဟာမင်းကြီးရုံးတွင် ဒရဝမ်အလုပ်လုပ်နေရသည်။ အောင်သန်းကြီးမှာ လူချစ်လူခင်ပေါ၏။ စံမလော့ခေါ် ယိုးဒယားဆိုက်ကားသမားတွေက အောင်သန်းကြီးဆိုလျှင် ဆိုက်ကားခမယူဘဲ ပို့ပေးကြသည်ဟုဆို၏။

အလွင်၏အစီအစဉ်ဖြင့် စာရေးသူတို့သည် ယိုးဒယား(ထိုင်း) နိုင်ငံရောက် ဗီယက်နမ် မျိုးချစ်ပြောက်ကျား ကိုယ်စားလှယ်များနှင့် တွေ့ဆုံကြရမည်ဖြစ်သည်။ ထိုအချိန်က ဗီယက်နမ်နိုင်ငံတွင် အာဏာရှင် ဘာအိုဒိုင်းအစိုးရ အုပ်ချုပ်နေသည်။ ဗီယက်နမ် မျိုးချစ်ပြောက်ကျားတပ်ဖွဲ့သည် အဖနိုင်ငံတော်ကို အာဏာရှင်အစိုးရလက်အောက်မှ လွတ်မြောက်ရန် တိုက်ပွဲဝင်နေချိန်ဖြစ်သည်။ စာရေးသူတို့တာဝန်မှာ ဗီယက်နမ်မျိုးချစ်များနှင့်တွေ့ဆုံပြီး မြန်မာပြည်သူတို့က သူတို့၏တော်လှန်ရေးကို တတ်စွမ်းသည့်ဘက်မှ ကူညီရန်ဖြစ်လေသည်။

**မျိုးချစ်မြန်မာကြီးဦးလှဖေ**

ရောက်ပြီး နောက်တစ်နေ့တွင် ကိုစံလွင်၏ အကူအညီဖြင့် ရှမ်းမြန်မာဘုန်းတော်ကြီးကျောင်းသို့ သွားလည်ကြသည်။ ကရော့ကြမ်းရပ်ကွက်မှ မြန်မာအမျိုးသားကြီး ဦးလှဖေထံသွားလည်သည်။ ဦးလှဖေမှာ ဘန်ကောက်တွင် ဘီအိုင်အေတပ်ဖွဲ့စည်းတည်ထောင်စဉ်က ကူညီခဲ့သော မျိုးချစ်မြန်မာကြီး ဖြစ်သည်။ ထို့ပြင် 'ဝပ်ပလုပ်'ခေါ် ဘုန်းကြီးကျောင်း၌ ဗိုလ်စံရှိကိုဗထွန်းစသည့် မြန်မာအမျိုးသားများကိုလည်း တွေ့ခဲ့ရသည်။ မြန်မာတွေရောက်

နေတယ်ဟု သတင်းကြား၍ လာတွေ့နှုတ်ဆက်စကား ပြောကြခြင်းဖြစ်သည်။ မြန်မာပြည်အကြောင်း မေးကြမြန်းကြ ပြောကြဆိုကြနှင့် တပျော်တပါးကြီး ဖြစ်နေကြသည်။ သူတို့ရဲဘော်ကြီး ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဆောင်းကွယ်လွန်သွားပြီဟု သတင်းကြားကြ၍ မေးကြမြန်းကြ ဝမ်းနည်းပမ်းနည်း ဖြစ်နေကြရသည်။ သူတို့ကပင် မသိတာတစ်ခု မေးပါရစေဟု စကားခံ၍ 'မြန်မာပြည်မှလာသော သတင်းများတွင် 'အရေးခြုံ'ဟုပါကြောင်း၊ သည်စကား၏ အဓိပ္ပါယ်ကို သိပါရစေဟုဆို၍ သူတို့နားလည်သည်အထိ ရှင်းပြရသည်။ ထိုအချိန်က မြန်မာ့နိုင်ငံရေးလောကတွင် တိုင်းပြည်အပေါ် အမှန်တကယ်ချစ်သည် မဟုတ်ဘဲ မိမိကိုယ်ကျိုးရှာတတ်သော တိုင်းချစ်ပြည်ချစ်စိတ်ရှိဟန်ဆောင်သူများကို အရေးခြုံနိုင်ငံရေးသမားအဖြစ် ခေါ်ဝေါ်ပြောဆိုရှုတ်ချနေကြသည်။ ယင်းဝေါဟာရ၏ အဓိပ္ပါယ်ရင်းမြစ်ကို မိမိတို့သိသမျှ ရှင်းပြခဲ့ရသည်။ သူတို့နှင့်စကားစမြည်ပြောရင်း သူတို့အကြီးအကဲဖြစ်နေသော မြန်မာမျိုးချစ်ကြီး ဦးလှဖေအိမ်သို့ သွားလည်ကြခြင်းဖြစ်သည်။ ဦးလှဖေမှာ ယိုးဒယား(ထိုင်း)နိုင်ငံရောက် ရှမ်းမြန်မာအမျိုးသားများ၏ ခေါင်းဆောင်အဖြစ် ယိုးဒယား(ထိုင်း)အစိုးရက အသိအမှတ်ပြုထားသည်ဟု သိရသည်။

## ထွက်ပြေးတိမ်းရှောင်ခဲ့သူ

ဦးလှဖေ၏ ဇာတိရပ်မြေကို မေးမြန်းရင်းက စာရေးသူနှင့်တစ်နယ်တည်း ရွှေကျင်နယ်သားဖြစ်နေကြောင်း သိလာရသည်။ 'ဦးလှဖေ ယိုးဒယား(ထိုင်း)နိုင်ငံကို ဘယ်လိုရောက်နေခဲ့တာတုံး'ဟု စာရေးသူတို့ကစပ်စုသောအခါ သူ့ဘဝအကြောင်းကို ပြန်ပြောပြရသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဦးလှဖေကပြောပြ၍ သိရသည်မှာ သူတို့ရွာ၌ လူမိုက်တွေကြီးစိုးနေသည်ကို မခံချင်၍ တစ်နေ့တွင် လူမိုက်တစ်စုကို ဓားဖြင့်ခုတ်ခဲ့ကြောင်း၊ ထို့နောက် ယိုးဒယား(ထိုင်း)နိုင်ငံသို့ ကုန်းလမ်းခရီးဖြင့် ထွက်ပြေးလာသည်မှာ ၁၉၂၂ ခုနှစ်ကဖြစ်၍ ယခုဆိုလျှင်အနှစ်(၂၀)ကျော်ပြီဖြစ်ကြောင်း။ ယိုးဒယား(ထိုင်း)နိုင်ငံမှာပင် တစ်နိုင်ငံသူနှင့် အိမ်ထောင်ကျခဲ့ကြောင်း၊ ယိုးဒယား(ထိုင်း)သူက အင်္ဂလိပ်စာတတ်ဖြစ်၍ မိမိကို အင်္ဂလိပ်စာ သင်ပေးသောကြောင့် မိမိအင်္ဂလိပ်စာ ကျွမ်းကျင်စွာရေးတတ် ပြောတတ်ခြင်းဖြစ်ကြောင်း။ မျက်နှာဖြူပိုင် အာရှကုန်တိုက်တွင် အမှုထမ်းခဲ့၍ ,အလုပ်ကြိုးစားလုပ်သဖြင့် မိမိကိုရုံးအုပ်ကြီးရာထူးအထိ တိုးမြှင့်ပေးခဲ့ကြောင်း။ ယိုးဒယား(ထိုင်း)နိုင်ငံသို့ ၁၉၄၂ ခုနှစ်တွင် ဂျပန်စစ်တပ်ကြီးဝင်လာသောအခါ မျက်နှာဖြူသူဌေးများက ကုမ္ပဏီကိုဦးလှဖေအား လုံးဝဥဿုံလွှဲအပ်ပြီး တိုင်းပြည်မှ ရှောင်ပြေးကြကြောင်း၊ ဂျပန်ပြေး၍ အင်္ဂလိပ်ပြန်ဝင်လာသောအခါ အာရှကုန်တိုက်ကို ပစ္စည်းအပျောက်အရှမရှိဘဲ မျက်နှာဖြူသူဌေးများထံ ပြန်အပ်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့်မိမိကိုအသက် ၆၀ပြည့်တာတောင် ပင်စင်မပေးဘဲ ဆက်ခန့်ထားခဲ့ကြောင်း ဦးလှဖေကပြောပြသည်။ စာရေးသူတို့ ဦးလှဖေအိမ်မှပြန်လာပြီး မကြာမီပင် စာရေးသူတို့၏ အဖွဲ့ခေါင်းဆောင် ကိုလှအောင်က သူနှင့်ခေါင်းဆောင်ကြီး ဟိုချီမင်း၏ ဗီယက်နမ် ပြောက်ကျားကိုယ်စားလှယ် မစ္စတာလေရှီနှင့် တွေ့ပြီးပြီဟု ပြောပြပါသည်။ ဗီယက်နမ်တွေနှင့် အဆက်အသွယ်ရပြီဟု သိရသောကြောင့် စာရေးသူလည်း ဝမ်းသာသွားသည်။

'မနက်ဖြန်၊ ကျွန်တော်တို့အဖွဲ့နဲ့ တွေ့ပြီး ဆွေးနွေးရအောင် ထမင်းစားဖိတ်ထားတယ်'

ဟုလည်း ကိုလှအောင်က ပြောပါသည်။

## ဗီယက်နမ်ကိုယ်စားလှယ်နှင့်တွေ့

နောက်တစ်နေ့တွင် ကိုစံလွင်နှင့် ကျွန်တော်တို့သုံးဦးသည် ဗီယက်နမ် ကိုယ်စားလှယ်နှင့် ချိန်းဆိုထားသော ထမင်းဆိုင်သို့ ရောက်သွားကြသည်။ ဗီယက်နမ်ကိုယ်စားလှယ် မစ္စတာလေရှီကား ဝီရိယကောင်းလှပါ၏။ စာရေးသူတို့ မရောက်မီ ဗီယက်နမ်အဖွဲ့ ကြိုတင်ရောက်နှင့်နေသည်။ ထို့ကြောင့် ဆိုင်ထဲသို့ ရောက်လျှင်ပင် ကိုလှအောင်က စာရေးသူတို့ကို အမည်များပြောပြီး မိတ်ဆက်ပေး၏။ ဗီယက်နမ်နိုင်ငံမှာ တစ်ချိန်က ပြင်သစ်ကိုလိုနီ ဖြစ်ခဲ့ဖူးသဖြင့် ပြင်သစ်ဘာသာစကားကို ကျွမ်းကျင်ကြသည်။ အင်္ဂလိပ် ဘာသာစကားကိုမူ မြန်မာတွေလောက် ကျွမ်းကျွမ်းကျင်ကျင် မပြောတတ်။ မရေးတတ်။ မသွက်လက်ကြ။ သို့သော် တော်ပါသေး၏။ ကိုစံလွင်ပါလာတော့ သူကယိုးဒယား(ထိုင်း) စကားကျွမ်းတော့ အဆင်ပြေသွားသည်။ ဗီယက်နမ် လွတ်မြောက်ရေးအတွက် မြန်မာတို့က ကူညီရန် ဆွေးနွေးညှိနှိုင်း ပြောကြားကြပြီး ညနေစာ ထမင်းစားသောက်၍ မဟာမင်းကြီးရုံးပြန်ရောက်သော် ည၌(၉)နာရီခန့်ရှိပြီ။

## [illegible]

ထိုအချိန်တွင် [illegible] ထိုင်ခုံများချထားပြီး ရှေ့ဆက်လုပ်ရမည့် လုပ်ငန်းစဉ်များကို ဦးညွန့်၊ ကိုလှအောင်နှင့် စာရေးသူတို့ ဆွေးနွေးကြသည်။ အစီအစဉ်အရ ဦးညွန့်နှင့် ကိုလှအောင်တို့နှစ်ယောက်က မြန်မာပြည်ပြန်ပြီး ဦးဗဆွေကြီးနှင့် ထပ်မံဆွေးနွေးရန်ဖြစ်သည်။ စာရေးသူက ဘန်ကောက်မှာပင် ကိုစံလွင်နှင့်အတူ နေရစ်ခဲ့ရမည်ဖြစ်သည်။ ဦးဗဆွေနှင့် တိုင်ပင်ပြီး ဗီယက်နမ်တွေနှင့် ရှေ့ဆက်လုပ်ရမည့် လုပ်ငန်းကို ကိုလှအောင်က ဦးဆောင်၍စီစဉ်မည် ဖြစ်သည်။ ၁၅. ၁၂. ၄၇ နေ့တွင် ကိုလှအောင်နှင့် ဦးညွန့်တို့ မြန်မာပြည်သို့ ပြန်သွားကြသည်။ စာရေးသူကတော့ ဘန်ကောက်မြို့တော်တစ်ခွင် ပြုပြင်အောင် လျှောက်လည်ပြီး အချိန်ဖြုန်းခွင့် ရခဲ့လေသည်။ ထိုစဉ်က ဘန်ကောက်မြို့ရှိ ဦးလွန်းဖေအိမ်သို့ ရောက်ခဲ့သည်။ ထိုအိမ်မှာ ရဲဘော်သုံးကျိပ်ဝင်များ လက်မောင်းသွေးဖောက်သောက်ပြီး သစ္စာဆိုခဲ့သော သမိုင်းဝင်အိမ် ဖြစ်သည်။ ထို့ပြင် ဘန်ကောက်ရောက် မြန်မာများထဲမှ ထင်ရှားသူ ဦးမှန်၊ ဦးဖေ၊ ကျောက်ဖရားမြစ် တစ်ဖက်ကမ်းရှိ ဘိုနီယိုကုမ္ပဏီဝင်း၌ နေထိုင်သော ဘီအိုင်အေရဲဘော်ဟောင်း ကိုထွန်းတင်တို့အိမ်များမှာ စာရေးသူ၏ စားအိမ်သောက်အိမ် ဖြစ်လာခဲ့သည်။ ကိုယ့်မြန်မာပြည်ကို လွမ်းဆွတ်တိုင်း မြန်မာအချင်းချင်း မြန်မာစကားဖြင့် အလွမ်းဖြေရပေသည်။

## ပထမဆုံးလွှတ်လပ်ရေးနေ့

သည်လိုနှင့် ၄. ၁. ၄၈ရက်နေ့ မြန်

မှာလွတ်လပ်ရေး ကြေညာရန်နီးကပ်လာသည်။ ပထမဆုံးကျင်းပသည့် မြန်မာ့ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုအလံတင် အခမ်းအနားလုပ်မည်ဟု ရှမ်းမြန်မာအကြီးအကဲ ဦးလှဖေက စည်းရုံးလှုံ့ဆော်ခဲ့သည်။ စာရေးသူမှာ အမိမြန်မာနိုင်ငံနှင့် ဝေးကွာနေခိုက် ကိုယ့်မြန်မာနိုင်ငံ၏ ပထမလွတ်လပ်ရေး အခမ်းအနားသို့ တက်ရောက်ရန် အလွန်ဝမ်းသာ ကြည်နူးမိတော့သည်။ လွတ်လပ်ရေးအလံတင် အခမ်းအနားကို ဝပ်ပလုပ် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှာပင် ကျင်းပကြမည်။ ဦးလှဖေနှင့်အတူ ဦးထွန်းမြနှင့် ဦးပညာတို့ကလည်း ပူးပေါင်းဆွေးနွေး စီစဉ်ကြခြင်းဖြစ်သည်။ ဝပ်ပလုပ် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းနေ ဘီအိုင်အေ မြန်မာ့လွတ်လပ်ရေး တပ်မတော် ရဲဘော်ဟောင်း ဗိုလ်အောင်စံရီကလည်း ထိုအခမ်းအနားကျင်းပရန် စိတ်တက်ကြွနေသည်။ သည်လွတ်လပ်ရေးကိုရရန် မြန်မာတို့သည် နှစ်ပေါင်း တစ်ရာကျော်ခန့် နယ်ချဲ့ဗြိတိသျှကို တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ အသက်၊ သွေး၊ ချွေး၊ ဘဝပေါင်းစုံ မြှုပ်နှံရင်းနှီးခဲ့ကြသော လွတ်လပ်ရေးမဟုတ်ပါလား။ ထိုလွတ်လပ်ရေး အခမ်းအနားကို ဘန်ကောက်ရှိ ရှိသမျှ ရှမ်း၊ မြန်မာအမျိုးသားများက ယခုလို စည်းလုံးညီညွတ်စွာ ကျင်းပမည်ဆိုသောအခါတွင် လွတ်လပ်ရေးတိုက်ပွဲ၌ ကိုယ်စွမ်းကိုယ်စရှိသမျှ ပါဝင်တိုက်ခိုက်ခဲ့သော စာရေးသူအဖို့ ဝမ်းမသာဘဲရှိပါတော့မည်လား။

## ရွှေတြိဂံ

၁၅. ၁. ၄၈ နေ့တွင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့မှ ကိုယ်စားလှယ်အချို့ ဘန်ကောက်သို့ ရောက်လာကြသည်။ ထိုအဖွဲ့တွင် ဦးချစ်လှိုင်(စာရေးဆရာ ကိုကိုမောင်) ဦးသန်း(ကြည့်မြင်တိုင်)၊ ဦးထွန်းအောင် (နောင် ဝန်ကြီးချုပ်အတွင်းဝန်နှင့် နဝဒေး မဂ္ဂဇင်းအယ်ဒီတာချုပ်) ဦးဘုန်းအောင် တို့ပါလာကြသည်။ ဗီယက်နမ်တော်လှန်ရေးအဖွဲ့နှင့် တွေ့ဆုံရန် အဖွဲ့သုံးဖွဲ့ ဖွဲ့ကြသည်။ စာရေးသူတို့အဖွဲ့တွင် ဦးထွန်းအောင်ပါဝင်လာသည်။ စာရေးသူနှင့် ဦးထွန်းအောင်တို့သည် ယခုအခါ ရွှေတြိဂံအဖြစ် နာမည်ကြီးနေသော ယိုးဒယား(ထိုင်း)၊ လာအို၊ မြန်မာနယ်စပ်တွင် ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံမှ ကူညီနိုင်မည့် အစီအစဉ်များကို ဆွေးနွေးကြမည်ဟုဆိုသည်။ ထိုနေရာမှာ ယိုးဒယား(ထိုင်း)နိုင်ငံ မဲဆိုင်မြို့၊ မြန်မာနိုင်ငံ တာချီလိတ်မြို့နှင့် လာအိုနိုင်ငံတို့ ထိစပ်နေသောနေရာဖြစ်သည်။

## လန်းပန်းမြို့ကလေး

စာရေးသူနှင့် ဦးထွန်းအောင်တို့သည် ၁၉၄၈ ခု၊ ဇန်နဝါရီလကုန်တွင် ဘန်ကောက်မြို့တော်မှ မီးရထားစီးပြီး ညနေ ၃နာရီအချိန်တွင် ခရီးစတင်ထွက်လာခဲ့သည်။ မီးရထားလမ်းဝဲယာတွင် စိမ်းညို့ညို့တောအုပ်များ၊ ပြာမှိုင်းသော တောင်တန်းများနှင့် ကျေးတောနေ ထိုင်းပြည်သူတို့၏ တဲအိမ်ငယ်များ၊ ရွာတန်းရှည်များကို တွေ့ရသည်။ ရှုခင်းမှာ မြန်မာပြည်နှင့် သိပ်မကွာခြားလှ။

တစ်ညလုံး မီးရထားစီးပြီး နောက်တစ်နေ့ နံနက် ၉ နာရီတွင် လန်းပန်းမြို့ကလေးသို့ ရောက်သည်။ ကြိုတင်စီစဉ်



မှာကြားချက်အတိုင်း ဘီအိုင်အေဗိုလ်ဟောင်း ဗိုလ်ဘုန်းခိုင်အိမ်သို့ သွားကြသည်။ ဗိုလ်ဘုန်းခိုင်မှာ ထိုအချိန်ကအိမ်တွင်မရှိ၊ ခရီးထွက်နေသည်ဟု သိရသည်။ ဗိုလ်ဘုန်းခိုင်၏ ဦးလေးတော်သူ ဦးဘတင်ကိုခေါ်ပေးသည်။ ဦးဘတင်ကစီစဉ်ပေးသဖြင့် မြန်မာဘုန်းတော်ကြီးကျောင်းတွင် တည်းခိုကြရသည်။ ဘုန်းကြီးကျောင်းတွင် ကျောင်းထိုင်ဘုန်းကြီးတစ်ပါးနှင့် ကိုရင်တစ်ပါးသာရှိသည်။ ဘုန်းကြီးမှာ ကိုယ်ပိုင်မြင်းတစ်ကောင်ရှိသည်။ သွားစရာရှိလျှင် ဘုန်းကြီးသည် မြင်းစီးပြီးသွားလေ့ရှိသည်။ ဒါကိုမြင်၍ဒါယကာများက 'ဘုန်းကြီးဘုရား၊ မြင်းလှည်းစီးပါဘုရား၊ ဘုန်းကြီးက မြင်းစီးတာမတော်ပါဘူး'ဟုလျှောက်ထားကြသည်။ ဘုန်းကြီးကပြန်၍ မိန့်ကြား၏။ 'ဟေ့ . . . မြင်းကို ငါတစ်ယောက်တည်း စီးတာကွ။ မင်းတို့မြင်းလှည်းစီးတာကောင်းသလား။ မြင်းကိုလှည်းတပ်ပြီး လူတွေတစ်ပြုံကြီးတက်စီးတာ မြင်းကို ညှဉ်းဆဲတာကွ' တဲ့။

## မဲဆိုင်မှတာချီလိတ်သို့

ထိုနေရာမှတစ်ဆင့် စာရေးသူတို့ ခရီးဆက်ကြရသည်။ ယိုးဒယား(ထိုင်း)နိုင်ငံတွင်းမှာပင်ရှိသော မဲဆိုင်မြို့သို့ ပအို့တောင်သူဦးဘထွန်းဆိုသူ မောင်းပို့သောကားဖြင့် ခရီးဆက်ကြရခြင်းဖြစ်သည်။ ည ၇ နာရီခန့်တွင် မဲဆိုင်သို့ရောက်ကြသည်။ မဲဆိုင်ရောက်ပြီး ညစာထမင်းစားနေချိန်တွင် သေနတ်သံများတဒိန်းဒိန်းကြားနေရသဖြင့် အားလုံးစိုးရိမ်ထိတ်လန့်သွားကြသည်။ နောက်၊ ဘာမှမဖြစ်ပါဘူး။ ယိုးဒယား(ထိုင်း)ရဲ့နဲ့ လူဆိုးအုပ်စု ဘိန်းလုတိုက်ပွဲဖြစ်တာ' ဟုသိရသည်။ နောက်တစ်နေ့ နံနက်တွင် မြန်မာနိုင်ငံတာချီလိတ်မြို့သို့ ကူးကြသည်။ တာချီလိတ်မြို့တွင် နောက်အခါများပုံမှ ဖဆပလအမတ်ဖြစ်လာသော ဦးတင်ညွန့်နှင့် တွေ့သည်။ ဦးတင်ညွန့်က မိတ်ဆက်ပေး၍ ဗီယက်နမ်တော်လှန်ရေး ခေါင်းဆောင် မစ္စတာတိုဖန်းနှင့် တွေ့ဆုံဆွေးနွေးခွင့်ရသည်။ ဗီယက်နမ်ခေါင်းဆောင်နှင့်အတူ နောက်လိုက်နောက်ပါ လူ(၄၀)ခန့်ရှိနေသည်။ ထိုလူ(၄၀)ကို စာရေးသူတို့က တာဝန်ခံ၍ ရန်ကုန်သို့ ခေါ်ယူသွားရန်ဖြစ်သည်။ သို့သော် ထိုကိစ္စကို စာရေးသူတို့က တာဝန်မယူနိုင်ဖြစ်နေသည်။ ကျိုင်းတုံနယ်စား စော်ဘွားစောခွန်စစ် ပိုင်သောဒေသကို ကျော်လွှားဖြတ်သန်း၍ ဗီယက်နမ် (၄၀)ကို ရန်ကုန်သို့ ခေါ်မသွားနိုင်။ သို့သော် ထိုကိစ္စကို စာရေးသူတို့ ရန်ကုန်သို့ ရောက်သောအခါ သက်ဆိုင်ရာ ဆိုရှယ်လစ်ပါတီ ခေါင်းဆောင်များထံ တင်ပြပေးမည်ဟု ဗီယက်နမ် ကိုယ်စားလှယ် မစ္စတာတိုဖန်းအား ကတိပေးခဲ့ရသည်။

## ရန်ကုန်ပြန်ရပြီ

အခြေအနေမှာ စာရေးသူတို့ ရန်ကုန်သို့ အမြန်ဆုံးပြန်ရန်ဖြစ်သည်။ သို့မှသာ ဗီယက်နမ် ကိုယ်စားလှယ် မစ္စတာတိုဖန်းနှင့် ဆွေးနွေးချက်များကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်မည် ဖြစ်သည်။ စာရေးသူနှင့် ဦးထွန်းအောင်တို့သည် တာချီလိတ်မြို့မှ ကျိုင်းတုံသို့ လည်းကောင်း၊ ကျိုင်းတုံမှ တောင်ကြီးသို့လည်းကောင်း ကားဖြင့် ခရီးဆက်ကြရသည်။ တောင်ကြီးမှ ရန်ကုန်သို့ မီးရထားဖြင့် ပြန်လာကြ

သည်။ ဟန်ကျပါဘိတော့။ ယိုးဒယား (ထိုင်း) နိုင်ငံသို့ သွားတုန်းက နိုင်ငံကူး လက်မှတ်နှင့် အနောက်တိုင်းဝတ်စုံဖြင့် ခန့်ခန့်ညားညား။ ယခုပြန်လာသော အခါ ကားတစ်တန်၊ မီးရထားတစ်တန်၊ တောလမ်းခရီး အဆင့်ဆင့်ဖြစ်လေသည်။ ရန်ကုန်သို့ စာရေးသူတို့ ပြန်ရောက်သော အခါ ကျားကြီးဦးဗဆွေထံသို့ အခြေအနေ အရပ်ရပ်ကို တင်ပြရသည်။ ဗီယက်နမ် ကိုယ်စားလှယ်တိုဖန်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်သို့လာရန် စီစဉ်နေသည့်အကြောင်း၊ သူတို့သည် သူတို့၏တော်လှန်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံမြို့တော် ရန်ကုန်မှ တစ်ဆင့် ကမ္ဘာသို့သတင်းဖြန့်ချိကြရန် ဆန္ဒပြင်းပြနေကြောင်း စသည်ဖြင့် တင်ပြရသည်။ ကျားကြီးဦးဗဆွေနှင့် ဆိုရှယ်လစ်ခေါင်းဆောင်များက ဗီယက်နမ် ရဲဘော်များကို ရန်ကုန်သို့ခေါ်ယူရန် အလွန်ဆန္ဒပြင်းပြနေသည်။ ဗီယက်နမ်ရဲဘော်များ၏ လှုပ်ရှားမှုများကိုလည်း အားပေးထောက်ကူမှု ပေးလိုသည်။

**မြန်မာ့အကူအညီ**

ထို့ကြောင့်ပင် နောင်အခါတွင် ဗီယက်နမ်ရဲဘော်များကို ရုပ်ဖျက်ပြီး တစ်မျိုး ယူနီဖောင်းဝတ်၍တစ်ဖုံ ရန်ကုန်သို့ အောင်မြင်စွာခေါ်ယူနိုင်ခဲ့သည်။ ရန်ကုန်သို့ ဗီယက်နမ်ရဲဘော်များ ရောက်လာသောအခါ ယခုနိုင်ငံခြားရေးဝန်ကြီးဌာနရုံး အဆောက်အအုံရှိ ပရုမ်းကုတ် PROME COURT တွင်စုဝေး၍ထား၏။ ဗီယက်နမ်ရဲဘော်များ စားရေး၊ သောက်ရေးကိစ္စကို မြန်မာနိုင်ငံ ဖဆပလ အစိုးရကကူညီပေးသည်။ ဗီယက်နမ်တို့မှာ အင်္ဂလိပ်စကား မတတ်ကျွမ်းကြ။ ထို့ကြောင့် သူတို့သတင်းဖြန့်ချိရေးလုပ်ငန်းအတွက် တက္ကသိုလ်ကျောင်းသား ကိုတင်မောင် (ပန်းတနော်)နှင့် ကျောင်းသား ကိုမောင်လေး(နောင်တွင် အမြတ်ခွန်အရာရှိ) ကို အကူအညီတောင်းရသည်။ ကိုတင်မောင်မှာ အင်္ဂလိပ်ဘာသာစကားကို အင်္ဂလိပ်တစ်ဦးနှယ် ရေးသားပြောဆိုနိုင်သူဖြစ်သည်။ ဗီယက်နမ်အမျိုးသားတို့ ထုတ်ပြန်ကြေညာသော နိုင်ငံရေးစာတမ်းများကို ကိုတင်မောင်က မြန်မာဘာသာသို့ ပြန်ဆိုပေးသည်။ ထိုစဉ် ဗီယက်နမ် လွတ်မြောက်ရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်မှာ မစ္စတာထရမ်ဗလန်း ဖြစ်၏။ မြန်မာနိုင်ငံရေးခေါင်းဆောင်များနှင့် ရင်းနှီးကျွမ်းဝင်ခဲ့၍ နောင်တွင် မြန်မာပြည်ဆိုင်ရာ ဗီယက်နမ် ကောင်စစ်ဝန်အဖြစ် အမှုထမ်းခဲ့သည်။

ဤသို့ဖြင့် ဗီယက်နမ်နိုင်ငံလွတ်မြောက်ရေးတိုက်ပွဲကာလတွင် မြန်မာနိုင်ငံရေး ခေါင်းဆောင်ကြီးများ၏ အမျှော်အမြင်ကြီးမားစွာ ပါဝင်ကူညီမှု၏ တစ်စိတ်တစ်ပိုင်းကို မှတ်မိသရွေ့ တင်ပြရပါသည်။ စာရေးသူတို့နှင့်အတူ ပါဝင်ခဲ့သော အခြားပုဂ္ဂိုလ်များက ဖြည့်စွက်ပြီး ဖြစ်လာပါတော့မည်။ [sic: ပြန်လည်ရေးပြလျှင် လိုအပ်နေသော သမိုင်းတစ်ကွက်အတွက် ဖြည့်စွက်ပြီး]

သခင်မြလေး



# ကုန်းဘောင်ခေတ်ဦးက မင်းခေါင်နော်ရထာ အရေးအခင်း

မြင့်ဆွေဦး

အလောင်းမင်းတရားကြီးထံသို့ သက္ကရာဇ် ၁၁၁၄ ခု၊ ကဆုန်လဆန်း (၈) ရက်၊ ကြာသပတေးနေ့တွင် ဟံသာဝတီမင်းက သစ္စာပေးရန် လွှတ်လိုက်သော လူ ၃၀ ရောက်ရှိလာသည်။ ဦးအောင်ဇေယျသည် ထိုအချိန်မှစ၍ လာသမျှသော ရန်သူအပေါင်းကို မုဆိုးဖိုမှ ထန်းလုံးတပ်ကာ၍ တွန်းလှန်ခဲ့တော့သည်။ ထိုသို့သော ရန်သူအပေါင်းကို တွန်းလှန်ရာတွင် အလောင်းမင်းတရားကြီးနှင့်အတူ မြင်းရည်တက် ခြောက်ကျိပ်ရှစ်ယောက်ကလည်း ရှုပ်ရှုပ်ချွန်ချွန် အမှုတော်ထမ်းခဲ့လေသည်။

ယင်းမြင်းရည်တက် ခြောက်ကျိပ်ရှစ်ယောက်တွင် အပါအဝင်ဖြစ်သော သူတစ်ဦးကား ငတွေန်ဖြစ်သည်။ အလောင်းမင်းတရားကြီးက ငတွေန်ကို သီရိရွှေတောင်၊ နောက် မင်းလှရွှေတောင်၊ နောက် မင်းလှမင်းခေါင်၊ မင်းခေါင်နော်ရထာ (မုဆိုးချုံပိုလ်) ဟူ၍ ဘွဲ့အမည် အရှည်ပေးကာ မြှောက်စားခဲ့လေသည်။

> မြင်းရည်တက် ခြောက်ကျိပ်ရှစ်ယော
> တွင် အပါအဝင်ဖြစ်သော သူတစ်ဦး
> ငတွေန်ဖြစ်သည်။ အလောင်းမင်းတရား
> က ငတွေန်ကို သီရိရွှေတောင်၊ နော
> မင်းလှရွှေတောင်၊ နောက်မင်းလှမင်းခေါ
> မင်းခေါင်နော်ရထာ(မုဆိုးချုံပိုလ်)ဟူ
> ဘွဲ့အမည် အရှည်ပေးကာ မြှောက်စား
> လေသည်။

ဤသို့ဖြင့် အလောင်းမင်းတရားကြီးသည် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးကို သိမ်းသွင်းပြုစုတော်မူရာ သက္ကရာဇ် ၁၁၁၉ ခု၊ ကဆုန်လပြည့်ကျော် ၆ ရက်နေ့တွင် ဟံသာဝတီမြို့လုံးကို သိမ်းယူရရှိခဲ့ပြီး၊ ဟံသာဝတီရောက်

မင်းတရား။ လက်ထက်မှစ၍ မငြိမ်မသက်ဖြစ်နေခဲ့သော အရှေ့တစ်ခွင် မြောက်တပြင်ရှိ မြို့ရွာနယ်ပယ်များကိုလည်း ပြန်လည်သိမ်းပိုက်ကာ တတိယ မြန်မာနိုင်ငံတော်ကြီးကို ပြန်လည်ထူထောင်နိုင်ခဲ့လေသည်။

ထိုသို့ ပြန်လည် ထူထောင်ပြီးနောက် စစ်အတွင်းက အောက်ပြည်တွင် ပျက်စီးယိုယွင်းခဲ့သော ဘုရားပုထိုးများကို ပြန်လည်ပြင်ဆင်ရန် သက္ကရာဇ် ၁၁၂၁ခု၊ ဝါဆိုလတွင် ကုန်းဘောင်ရွှေပြည်မှ ရန်ကုန်မြို့သို့ စုန်ဆင်းလာခဲ့သည်။ ရွှေတိဂုံစေတီတော်ကြီးကို ကိုယ်လုံးပြည့် ရွှေချတော်မူပြီး ပဲခူးရွှေမော်ဓောစေတီတော်၊ သန်လျင်ကျိုက်ခေါက်စေတီတော်တို့ကို လှည့်လည် ဖူးမျှော်အပြီးတွင် ယိုးဒယားမင်း၏ လူများက ထားဝယ်မြို့စွန် ကျေးရွာများသို့ ဝင်ရောက်လုယက်ခြင်း၊ ရန်ကုန်ဆိပ်တော်သို့ လာသောသင်္ဘောသုံးစင်းကို ယိုးဒယားတို့က ဖမ်းဆီးသိမ်းယူခြင်းနှင့် ထားဝယ်သို့ စေလွှတ်လိုက်သော သမ္မာန်ကို ယိုးဒယား တို့ကသိမ်းယူခြင်း စသော သတင်းစကားကြားရသောအခါ သားတော် မြေဒူးမင်းကို ရှေ့တပ်ထား၍ တပ်ပေါင်း ၄၀ နှင့်အတူ ၁၁၂၁ ခု၊ ပြာသိုလဆန်း ၃ ရက်နေ့တွင် ထားဝယ်သို့ ချီတော်မူလေသည်။ ပြည်စောင့်မြို့စောင့်အဖြစ်နှင့်မှ အမြင့်မင်းနှင့် ဗဒုံမင်းတို့ကို တာဝန်ပေးထားခဲ့လေသည်။

ဤသို့နှင့် ယိုးဒယားနှင့် မြန်မာတို့သည် စစ်ကြီးဖြစ်ပွားရလေသည်။ ထိုစစ်ကြီး၌ မြန်မာတို့ဘက်က မင်းခေါင်နော်ရထာ၊ မင်းလှနော်ရထာ စသောစစ်သူကြီးများ ပါဝင်တိုက်ခိုက်ပြီး ယိုးဒယားတို့ဘက်ကလည်း စစ်မှုရေးရာ၌ ထင်ရှားသော မင်းသားများ စစ်ဗိုလ်ကြီးများပါဝင်လေသည်။ နှစ်ဘက်စလုံး စစ်ရေးညီနေသဖြင့် ငါးလတိုင်တိုင် မထိုးမဖောက်နိုင် ရှိခဲ့လေသည်။ ကြာသော် မြန်မာတို့ဘက်က တပါးနိုင်ငံတွင် တိုက်ခိုက်နေရခြင်းကြောင့် တစ်နေ့ထက်တစ်နေ့ လူသူလက်နက် ရိက္ခာ အင်အားနည်းပါးလာခြင်း၊ ယိုးဒယားတို့မှာမူကား မိမိတို့ပြည်တွင်းမှာ ဖြစ်၍ စစ်ကာလ ညောင်းလာလေလေ၊ အင်အား တောင့်တင်းလာလေလေ ဖြစ်ခြင်း၊ ထို့ပြင် တိုက်ရေး ခိုက်ရေး အလွန်ခက်ခဲသော မိုးရာသီသို့ရောက်တော့မည် ဖြစ်ခြင်းနှင့် အလောင်းမင်းတရားကြီး ကိုယ်တော်တိုင် နာမကျန်းဖြစ်လာခြင်း စသော အကြောင်းများကြောင့် တပ်တော်များ ဆုတ်ခွာရန် မြန်မာတို့ဘက်က ဆုံးဖြတ်ခဲ့ရလေသည်။

ဤတွင် ယိုးဒယားတို့ဘက်က နောက်မှထပ်ကြပ်မကွာ လိုက်လံတိုက်ခိုက်ခြင်းကို ခုခံတွန်းလှန်ရန် မင်းခေါင်နော်ရထာကို နောက်ခံတပ်အဖြစ် ထားခဲ့၍ တစ်စခန်းအကွာရောက်လျှင် မြင်းနှစ်ရာ၊ လူသုံးထောင်နှင့် ဒုတိယနောက်ခံတပ် ထားခဲ့လေသည်။ ထို့နောက်ကမှ သားတော် မြေဒူးမင်းသားက တပ်စဉ်မပျက်အုပ်၍ သက္ကရာဇ် ၁၁၂၂ခု၊ ကဆုန်လဆန်း ၃ ရက်နေ့တွင် ယိုးဒယားမှ ဆုတ်ခွာလာခဲ့လေတော့သည်။

မင်းခေါင်နော်ရထာသည် အလောင်းမင်းတရားကြီး အထူးစိတ်ချ ယုံကြည်အားကိုးသော တပ်မှူးကြီး တစ်ယောက်ဖြစ်သည့် အားလျော်စွာ ယခုအရေးတွင်လည်း အရေးအကြီးဆုံးဖြစ်သည့် နောက်ခံတပ်တွင် ထားခြင်းဖြစ်လေသည်။ မင်းခေါင်နော်ရထာကလည်း အလောင်းမင်းတရားကြီး တပ်တော်များ ဆုတ်ခွာရာတွင် ဘေးရန်ကင်းစေရန် သက်စွန့်ကြိုးပမ်း အမှုတော်ထမ်းခဲ့လေသည်။





ဤသို့ နောက်ခံတပ်နှင့် အမှုတော်ထမ်းနေစဉ် တပ်မှူးအချို့က 'ယခုမင်းတရားကြီး တပ်တော်များကို နုတ်၍ဆုတ်ခွာသွားသည်ကို ယိုးဒယားတို့ မသိဘဲနေမည်မဟုတ်၊ သိလေသော် ကျွန်ုပ်တို့ကို ထွက်၍ တိုက်လိမ့်မည်။ ကျွန်ုပ်တို့မှာ နောက်ခံတပ်မျှသာဖြစ်၍ အင်အားနည်းလေသည်။ ယိုးဒယားတို့ စစ်အင်အားကို ခံနိုင်မည်မဟုတ်။ ကြာသော် ကျွန်တော်တို့ ဆုတ်ခွာရန် ခက်ခဲလိမ့်မည်။ ယခုကပင် ဝိုင်းရံထားသော ရန်သူတပ်ကို ထိုးဖောက်၍ ထွက်မှသင့်ပေမည်' ဟုဝိုင်း၍ ဆိုကြလေသည်။

သို့သော် မင်းခေါင်နော်ရထာက 'မင်းတရားကြီး ဆုတ်ခွာသည်မှာ နှစ်စခန်း၊ သုံးစခန်းမျှသာ ရှိသေးသည်။ ယခု ငါတို့ ထိုးဖောက်ထွက်လျှင် တိုက်ပွဲများဖြစ်မည်။ တိုက်ပွဲဖြစ်လျှင် ငါတို့အား ကူညီရသည်နှင့် စခန်း နှောင့်နှေးချေတော့မည်။ မကြောက်ကြနှင့်' ဟု အလောင်းမင်းတရားကြီး အဆုတ်အခွာ ပျက်မည်ကို စိုးရိမ်၍ ယိုးဒယားတပ်များ အဝိုင်းကိုသာ ခံလေသည်။ ဤတွင် မြို့တွင်းကထွက်၍ ရံသော ယိုးဒယားတပ်များကို ကိုယ်တိုင်ခေါင်းဆောင်တိုက်ရာ ယိုးဒယားတပ်များ ပျက်လေသည်။

မင်းခေါင်နော်ရထာ ထွက်၍ တိုက်သံကို ကြားလျှင် မင်းလှနော်ရထာလည်း မိမိတပ်များနှင့် ပြန်လာ၍ကူသည်။ မင်းခေါင်နော်ရထာနှင့် တွေ့လျှင် မင်းလှနော်ရထာအား 'သွေးသောက်မှာ ဘဝရှင်မင်းတရားကြီး နောက်ကိုသာ မှီအောင်လိုက်လေ။ နောက်က အရေးအကြောင်းမှာ ငါ့တာဝန်ထား' ဟု ဆို၏။ မင်းလှနော်ရထာကလည်း မင်းခေါင်နော်ရထာအတွက် စိုးရိမ်မကင်းဖြစ်၍ 'သူတို့တိုင်းလယ် ပြည်လယ်မှာဖြစ်သည်၊ သွေးသောက် မကြာလွန်းစေနှင့်၊ ငါလည်း သွေးသောက်တို့ ဆိုင်းငံ့၍သွားမည်' ဟုဆိုပြန်လေသည်။

ဤသို့လျှင် အလောင်းမင်းတရားကြီးသည် လည်းကောင်း၊ မင်းခေါင်နော်ရထာသည် လည်းကောင်း၊ မင်းလှနော်ရထာသည်လည်းကောင်း၊ တစ်ဦးကို တစ်ဦး အသက်ပေး၍ ချစ်ကြည်လေးစားကြလေသည်။ သို့သော် တပ်တော်များ ဆုတ်ခွာနေစဉ် သားတော်မြေဒူးမင်းသည် မင်းခေါင်နော်ရထာထံမှ အလောင်းမင်းတရားကြီး ကိုယ်တိုင်အပ်နှင်းတော်မူသော ယိမ်းနွဲ့ပါးဓားတော်ကို အတင်းသိမ်းယူလေသည်။ ထို့ပြင် တပ်တော်များ ဆုတ်ခွာရာ လမ်းတစ်လျှောက် မြေဒူးမင်းက နောက်တပ်များကို ရိက္ခာမထောက်ရဟု ပိတ်ပင်ထားပြန်သည်။

ထိုအကြောင်းများကြောင့် မင်းခေါင်နော်ရထာသည် မြေဒူးမင်းသားအပေါ်တွင် မယုံသင်္ကာစိတ်များ စ၍ပေါ်ပေါက်လာတော့သည်။ ထိုမယုံသင်္ကာစိတ်မှစ၍ နောင်သော် အရေးအခင်းကြီးစွာ ပေါ်လာရတော့သည်။

အလောင်းမင်းတရားကြီးလည်း ယိုးဒယားမှ ဆုတ်ခွာလာခဲ့ရာ မုတ္တမမြို့နယ်

အတွင်း ကင်းရွာသို့အရောက် သက္ကရာဇ် ၁၁၂၂ ခု၊ ကဆုန်လပြည့်ကျော် ၁၁ ရက်နေ့တွင် နတ်ပြည်စံလွန်တော်မူလေသည်။ ဤတွင် မြေဒူးမင်းနှင့်တကွ အတွင်းကျသော ဗိုလ်မှူးတို့မှတပါး မည်သူ့ကိုမှ အသိမပေးဘဲ ရန်ကုန်မြို့အရောက် ယူဆောင်လာပြီး ထိုအခါကျမှ နတ်ပြည်စံကြောင်း ကြေညာသည်။ ရွှေမြို့တော်ရှိ နောင်တော်ကြီးထံ လူလွှတ်၍ အကြောင်းကြားရာ နောင်တော်ကြီးလည်း ခမည်းတော်မရှိတော့သည်ကို ကြားသိ၍ သက္ကရာဇ် ၁၁၂၂ ခု၊ နယုန်လပြည့်ကျော် ၉ ရက်နေ့တွင် နန်းတက်လေသည်။

နောင်တော်ကြီး နန်းတက်ပြီဟု ကြားလျှင် ယိုးဒယားမှ ဆုတ်လာသော မင်းခေါင်နော်ရထာက နောင်တော်ကြီးထံ အထောက်တော်များ လွှတ်၍ 'ခမည်းတော်ဘုရား နတ်ရွာစံလျှင် ညီတော် မြေဒူးမင်းသားသည် ဗိုလ်မှူး၊ တပ်မှူးတို့ဖြင့် မုတ္တမ မြသိန်းတန် ဘုရားမှာ သွေးသစ္စာ စည်းကြပ်ကြသည်။ နောက်တပ်များကိုလည်း မျိုးရိက္ခာ မပို့စေရ။ စစ်တောင်းမြို့သူကြီး ခေါင်းအကြီးတို့ကို ဆင့်ဆိုသည်။ ဓားတော်ယိမ်းနွဲ့ပါးကိုလည်း အတင်းသိမ်းယူသည်။ ထွန့်ချာဒေဝီနှင့်လည်း အပြောအဆိုရှိသည်' ဟူသော အကြောင်းများကို လျှောက်ထားစေသည်။

ညီတော်မြေဒူးမင်းကလည်း ယိုးဒယား တပ်တော်များ ဆုတ်ခွာလာရာ မင်းလှနော်ရထာမှာ ယိုးဒယားနယ်နိမိတ်က လွန်လျှင် တပ်တော်နှင့်ပေါင်းသည်။ မင်းခေါင်နော်ရထာမူကား တမင် နှောင့်နှေးနှေးပြုကာ နောက်ချန်နေရစ်ပြီး လူသူလက်နက်သိမ်းသွင်းသည်။ စစ်တောင်းသို့ ရောက်ပြီကြားလျှင် လူလွှတ်ခေါ်သော်လည်း ငါမလိုက်ပြီ၊ တောင်ငူကြောင်းသို့ သွားမည်ဆိုကာ မလာမရောက် ရှိသည်။ မင်းခေါင်နော်ရထာသည် ခမည်းကော် နတ်ရွာစံပြီ ကြားကတည်းက စိတ်နှလုံး မငြိမ်မဝပ်ဟန် တူသည်ဟု နောင်တော်ထံ လူစေလွှတ်၍ အကြောင်းကြားသည်။

ဤသို့ ညီတော်မြေဒူးမင်းက လျှောက်ထားသော်လည်း နောင်တော်ကြီးသည် ထိုစကားကို ယုံကြည်တော်မမူ။ မင်းခေါင်နော်ရထာသည် ခမည်းတော်ဘုရား၏ ပြည်ထောင်ဘက် ရဲဘော်ကြီးဖြစ်သည်။ ဤသို့ သွေဖီတိမ်းယိမ်းမည့်သူ မဟုတ်၊ အကြောင်းတစ်ခုခုကြောင့် သာလျှင် စိတ်ထောင်းခြင်းဖြစ်ရမည်။ မည်သို့ပင်ဖြစ်စေ၊ အသက်မသေစကောင်း ဖြစ်သည်ဟု ဆင်ခြင်ကာ မင်းခေါင်နော်ရထာ တောင်ငူသို့ရောက်လျှင် ဖမ်းဆီး၍ ဆက်ရမည်ဟု ဘထွေးတော် တောင်ငူမင်း သတိုးသိင်္ခသူထံမှာ ကြားလေသည်။

မင်းခေါင်နော်ရထာသည် စစ်တောင်းကသည် တောင်ငူကြောင်း ချီခဲ့၍ တောင်ငူသို့ရောက်လျှင် တောင်ငူမြို့အနီးတွင် တပ်ချ၍နေ၏။ ထိုအကြောင်းကို တောင်ငူမင်းကြားလျှင် ဗလမင်းထင်၊ ဗလပျံချီ၊ ဥစိန်ပုညာ၊ ဓမ္မကာ၊ ဗညားဦး၊ စံလှကြီး တို့ကို ဤသို့မှာ၏။ မင်းခေါင်နော်ရထာကို အသာအယာပါအောင် ငါခေါ်မည်။ ကိုယ်တို့တစုရအောင် ဖမ်းရမည်ဆိုလျှင် ဗလမင်းထင်တို့ ဗိုလ်ခြောက်ဦးသားတို့လည်း မင်းခေါင်နော်ရထာကိုသာ ပါအောင်ခေါ်တော်မူပါ။ ဖမ်းရမည်မှာ ကျွန်တော်တို့ ဝန်ဖြစ်စေဟု ဝန်ခံကြ၏။

တောင်ငူမင်းလည်း တရားနာမည်ဟန် ပြင်ဆင်ခင်းကျင်း၍ မင်းခေါင်နော်ရထာအား တရားနာဖိတ်လေသည်။ မင်းခေါင်နော်ရထာလည်း ဆင်ကြိုးကြာကန်ကို စီး၍ အခြွေအရံစုံရာနှင့်သာ လာ၏။ ဝင်းတံခါးသို့ရောက်မှ ဆင်မှ သက်၍ တောင်ငူမင်းအား ရှိရှိသေသေ တုပ်ဝပ်လျက် နှုတ်ဆက်ပြီးမှ တရားနာကြရာ မင်းခေါင်နော်ရထာလည်း ဓားချပ်လျက်ပင် တရားနာ၏။ တောင်ငူမင်းက မင်းခေါင်နော်ရထာကို ဓားချပါဦးတော့ဟုဆိုရာ

'ကျွန်တော့်မှာ အမှုထမ်းဖြစ်ချေသည်။ နေပြည်တော်သို့ မရောက်သမျှ ဓားကို မချသင့်ချေ' ဟုဆို၍ တရားနာမြဲနာ၏။

တရားဟောပုဂ္ဂိုလ်လည်း မူလက အချိန်းအချက်ရှိသည့်အတိုင်း တရားကို ရှည်လျားစွာဆွဲ၍ ဟောလေသည်။ ထိုအတွင်း တင်းတိမ်အတွင်းမှ စောင့်နေသော ဗိုလ်ခြောက်ယောက်တို့လည်း မင်းခေါင်နော်ရထာကို မြင်လျှင်ရွံ့ပြန်ချေသောကြောင့် သူအရင်ထွက်သင့်သည်၊ ငါအရင်ထွက်သင့်သည် အချင်းချင်းငြင်းခုန်နေကြ၍ မထွက်လာသည်နှင့် တောင်ငူမင်းလည်း စောင်းလှည့်၍ကြည့်သည်။ မင်းခေါင်နော်ရထာမြင်လျှင် အရိပ်အခြေတွေ ထင်မိသည်နှင့် အရှင်ဘုရား၊ ခရီးမတတ် ဖြစ်ပါသည်။ တရားပြီးအောင် မနာသာပါ၊ သွားရပါဦးမည်ဟုဆိုကာ ရုတ်ချည်းထပြီးလျှင် ခါးတောင်းကျိုက်၍ တောင်ငူမင်း အိမ်တော် ဆင်ယှဉ်တွင် ရပ်လျက်ကြိုးကြာကန်ကို ခေါ်လေလျှင် ဦးစီးလည်း ဆင်ကိုအပြေးလွှတ်၍ ယှဉ်လာရ၏။

ယင်းသို့မှ မင်းခေါင်နော်ရထာ ဆင်သို့ ခုန်တက်ပြီးလျှင် ဝင်းတံခါးသို့ စူးစူးမထွက်ဘဲ တောင်ဝေါတိုက်သို့ သွားပြီးမှ လှည့်ခဲ့၍ ဆင်ကိုချွန်းဖွင့်ကာ အပြေးလွှတ်ပြီးလျှင် စိုက်ထားရှိနှင့်သည့် စက်တိုင်ကို လုံးနှင့် လွှတ်လိုက်သည်။ စက်တိုင်ကို လုံး၍ ထုတ်ချင်းခတ်လေသည်။ ယင်းသို့မှ ဆင်ကို ပြကတေ့စီး၍ ထွက်ခဲ့သည်။ တစ်စုံတစ်ယောက်မျှ မလိုက်မဖမ်းဝံ့။ ကြည့်၍သာ နေလိုက်ရလေသည်။

မင်းခေါင်နော်ရထာလည်း တပ်သို့ရောက်လျှင် ဆင်၊ မြင်းအားအင်ပြည့်တင်း၍ တစ်ရက်၊ နှစ်ရက်ရှိမှ စခန်းစဉ်အတိုင်း ထွက်လာပြီးလျှင် တောင်ဘက်လယ်တွင်းကန်သစ်ရွာအရပ်မှာ ချရပ်နေလေ၏။

နောင်တော်ကြီးလည်း မင်းခေါင်နော်ရထာသည် ငါ့ခမည်းတော်နှင့် ပြည်ထောင်ဖက် ရဲဘော်ကြီး ဖြစ်သည်။ သို့ဖြစ်၍ ငါနှင့်ကွဲကွာရမည် မဟုတ်။ ငါ့အဖွက်မရှိ သူကောင်းပြုမြဲပြုမည်။ လာသာလာခဲ့စေ ဟု ဆိုကာ မင်းခေါင်နော်ရထာ ယုံကြည်သူ မင်းလှနော်ရထာကို အထူးမှာ၍ စေလွှတ်သည်။ မင်းလှနော်ရထာလည်း ရဲဖော်ရဲဖက်ချင်း နှမြောလှ၍ သွားရောက်ခေါ်ငင်ရာ မင်းခေါင်နော်ရထာက

'ငါသည် ကျေးဇူးရှင် အရှင်အလောင်းမင်းတရားကြီးဘုရား မင်းအဖြစ်ကို ယူတော်မူမည်၊ တိုင်ပင်ကြံရည်တော်မူသည့် ကာလကပင် အသက်ကို သစ်ရွက်တစ်ချပ်၊ ပန်းတစ်ပွင့်အနိုင်း၊ မလေးမစား ငါ့တို့သခင် မင်းအဖြစ်သို့ မရောက်သမျှ လက်မချဟု စိတ်နှလုံးပြဋ္ဌာန်း၍ အမှုတော်နှင့် စပ်သည်ကို သူ့ရန်သူတစ်ထောင်စု နှစ်ထောင်စုကိုသော်လည်း တစ်ယောက်ချင်းထွက်၍ အရေးရအောင်ကိုသာ အမှုတော်ထမ်းရွက်သည်။ ငါတို့ကျေးဇူးရှင်သခင် ဘဝရှင် အလောင်းမင်းတရားကြီးဘုရား မရှိလျှင် ယုံယုံကြည်ကြည် ရှိတော်မမူ စိတ်တော်၊ နှလုံးတော် နှောင့်နှေးရှိကြ

ခရီးလမ်းတစ်လျှောက် ငါတို့တပ်သား အစားအစာမျိုးရိက္ခာ မထောက်မလှမ်းမိအောင် မြေဒူးမင်းသား ဖျက်ဆီးဖျက်ထားသည် ဖြစ်၍၊ ရရာရမိ အသက်မသေဝံ့၊ မြို့ရွာများမှာ ရှာဖွေယူစားရကြသည်ကိုလည်း ငါမသင့်မတင့်ကြံလေသည်ဟု ညီတော်မြေဒူးမင်းသားက ကိုယ့်အပြစ်ငုတ်တိမ်လေအောင်၊ နောင်တော်ကို လျှောက်မည် မချွတ်။ သို့လျှောက်လျှင်လည်း သူတို့မှာ ညီတော်၊ နောင်တော်ဖြစ်ကြ၍ ညီတော်စကားကို နောင်တော်ယူလိမ့်မည် မချွတ်။ သို့လျှင် ကယ်ဆယ်မစမည့်သူ ငါတို့ ကျေးဇူးရှင် အလောင်းမင်းတရားကြီးဘုရားလည်း မရှိပြီ။ သွေးသောက်စကားကို ယုံကြည်၍ လိုက်လေသော်၊ ငါ့ကိုယ်နှင့်တကွ သားမယား၊ ဆွေမျိုးပေါက်ဖော်တစ်စုတို့ ဆင်းရဲကြီးစွာ တွေ့ရခြိမ့်မည် မချွတ်။ ယင်းသို့ဖြစ်သောကြောင့် ယောကျ်ားတို့မည်သည် ကိုယ့်အသက်ကို လူရေး၌ မဇိတ်မလန့်သာပြီ ဘုန်းကံအလိုက် တစ်သက်လျှင် တစ်ခါကို ဖြစ်လိုရာဖြစ်ပစေတော့၊ ငါမလိုက်ပြီ၊ သွေးသောက်သာ ပြန်လေတော့'ဟု ဆိုသဖြင့် မင်းလှနော်ရထာလည်း ပြန်လာရလေသည်။

နောင်တော်ကြီးလည်း နည်းအမျိုးမျိုးဖြင့် ကြိုးစားခေါ်ယူသော်လည်း မင်းခေါင်နော်ရထာကို ခေါ်၍မရတော့။ ထို့ကြောင့် မင်းခေါင်နော်ရထာသည် အင်းဝကို ဝင်လိမ့်မည်ဟု ယူဆသဖြင့် အင်းဝကို လက်နက် လူသူအင်အား ဖြည့်တင်းထားသော်လည်း မင်းခေါင်နော်ရထာ၏ လုပ်ရည်ကြံရည်ကြောင့် အင်းဝတပ်များ အရှုံးပေးလိုက်ရလေသည်။

အင်းဝကို မင်းခေါင်နော်ရထာ သိမ်းသည်ဟုကြားသော်၊ နောင်တော်ကြီးသည် မင်းလှနော်ရထာကို တစ်ခါထပ်မံလွှတ်သေးသည်။ သို့သော် မင်းခေါင်နော်ရထာက လုံးဝ လက်မခံတော့။ ထို့ကြောင့် နောင်တော်ကြီးသည် အင်းဝသို့ချီတက်၍ လုပ်ကြံရတော့သည်။

ဤတွင် မင်းခေါင်နော်ရထာလည်း အင်းဝကို အခိုင်အမာပြုကာ နောင်တော်ကြီးတပ်များသို့ စာတစ်စောင်ပို့လေသည်။ ထိုစာတွင် မင်းခေါင်နော်ရထာသည် မိမိကိုယ်ကို အင်းဝဘုရင်မင်းခေါင်ဟု အမည်တပ်၍ သိုက်တဘောင်ထွက်စာအရ စိုးမိုးအုပ်ချုပ် မင်းလုပ်ရခြင်းဖြစ်ကြောင်း၊ ဖော်ပြကာ၊ ကုန်းဘောင်ရွှေပြည်မှ တပ်မှူးဗိုလ်မှူးများကို မိမိထံဝင်ရောက်ရန် ရေးသားပေးပို့ခြင်းဖြစ်သည်။

ထိုစာကို သက္ကရာဇ် ၁၁၂၂ ခုနှစ်၊ ညီဘင်းကျွတ်လဆန်း ၃ ရက်နေ့တွင် ဘုရားလှရှိ နောင်တော်ကြီးတပ်များသို့ ချထားပေးပို့ခြင်းဖြစ်သည်။ ထိုစာသည် ကုန်းဘောင်ခေတ်ဦးက ပြည်တွင်းရေးပြဿနာ တစ်ခုတွင် ဖြစ်ပေါ်နေသော အခြေအနေကို ထင်ဟပ်ပြသနေသည်ဖြစ်၍ ထိုစာကို အောက်တွင် မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

* * *

မင်းခေါင်နော်ရထာခံ ထွေနက ပေးသည်မှာ သုနာပရန္တ၊ တမ္ဗဒီပတည်းဟူသော တိုင်းကြီးနှစ်တိုင်းတို့၏ အချက်မင်းဝံတောင်ဦးနိုက်၊ မြစ်ကြီးငါးစင်း ရှက်ဆုံလျက် တောင်ညိုငါးလုံးတို့ဖြင့် ခြံရံအပ်သော ရတနာပူရ အင်းဝရွှေပြည်တော်ကြီးကိုဝ် အစိုးရတော်မူသော ဘုန်းတော်လွန်ကြီးမြတ်တော်မူလှသော ဘုရင်မင်းခေါင် အမိန့်တော်ရှိလိုက်သည်။ မှတ်ဆို ဗိုလ်မှူ



တပ်မှူးတို့၊ အဆက်ဆက်သော ဘဝနိုက် ပြုဖူးသော ကုသိုလ်ကံတော် ပြန့်ပွားတော်ထွန်းသည်ဖြစ်၍ နတ်စည်းစိမ်နှင့် တူသော မင်းအဖြစ်သို့ ရောက်တော်မူသည်ကို ဘုရားပွင့်သည့်ကာလ မာရ်နတ်အန္တရာယ် ပြုသကဲ့သို့ဝ် ဗဟုသုတ အကြားမမြင် မရှိ သုတပညာအရာရာတို့နိုက် မျက်စိမဲ့သော သူကန်းကဲ့သို့ ဖြစ်လတ္တန့်သော ဘေးအန္တရာယ်ကိုဝ် မျှော်မကော်။ မြို့ရင်းတွင် တပ်ဝန်ဝက်ခြံစိုက်ကာ တည်လုပ်၍ မင်းတို့တစု ယခုနေသဉ်အရာသဉ် အကျိုးအပြစ်နှစ်ပါးကို သိမြင်၍နေသည် အရာ မဟုတ်။ ရော်လတ္တန့်သော ဥပါဒ်အန္တရာယ်ကို မသိမမြင်၍နေသည်တကြောင်း၊ ခပ်သိမ်းသော သူအပေါင်းတို့၏ ဥပါဒ်အန္တရာယ် ရောက်မည်ကာလ အကျိုးအပြစ်နှစ်ပါးကို ပြသပြောဆို၍ ချမ်းသာရစေချင်းနိုက်လည်း ယောကျ်ားကောင်းတို့၏ တံထွာဝမ္မတာဖြစ်၍ မင်းတို့ဝ်ဝ် အန္တရာယ်ကြီးစွာ ဖြစ်လိမ့်မည်အကြောင်းကိုဝ်သိမြင်တော်မူသည်နှင့်အညီ။ မင်းတို့တစု သတိရစေလို၍ အမိန့်တော်ရှိသည်။ အမိန့်တော်ကို မနာမယူ အမြင်နည်းစွာသော ပညာမဲ့တွန့်သူမိုက်ကျွန်ကို နီစွာတရား၊ ဟောကြားပါသြားလည်း နားမနာသီ ဘုတ်နှင့်ကျီးကဲ့သို့ မင်းတို့တစုသည် ယခုဝန်းရံသည်သာမက သံတိုင်သံပွားပင်ချဉ်ကပ်၍ ဆုံအပ်သော်လည်း တာဝတိန်သာ နတ်ပြည်သည် အဘယပူရဘေးမဲ့ရာဖြစ်၍ များစွာသော စစ်သည်အပေါင်းနှင့် အသုရာနတ်တို့ဝ် ကြိုးစားအားထုတ်သောင်းကြမ်းလုပ်ကြံသော်လည်း ပျက်စီးခြင်းသို့ ရောက်လေသကဲ့သို့ဝ် ရှိအံ့သော အကြောင်းကို ပညာမျက်စိသိမြင်နိုင်သော ရသေ့သူမြတ်တို့ထားသည် သိုက်တဘောင်

ကျမ်းဂန်ကို မင်းတို့တစု မသိမမြင်သည်ဖြစ်၍ သေအံ့သော အသက်အန္တရာယ်ကိုဝ် မထောက်မကြောက် ဝန်ရံစောင့်နေသည် သာဖြစ်သည်။ ရသေ့သူမြတ်တို့ ထားသည် သိုက်ဟောင်းတွင် ဆင့်ကားစွယ်ပြီး တစ်စီးထဲနှင့် အရဲတိုင်းလျှာ မင်းအင်္ဂါသည်မှာ၏ သို့ ဆင်ပြောင်ကြီးသည် အမြီးဘယ်ညာ လှုပ်လိမ့်မည်။ ဆင်ပြောင်လည်း လှုပ် ချသေ့ဆုတ် တဂုတ်တိုင်အောင် နိုင်လတ္တန့် ရခိုင်တိုင်အောင် ပိုင်လတ္တန့်။ မြောက်ဘက် ဗိုလ်ပွား မတရားသည် ဗိုလ်များခိုသို့ လတ္တန့်။ မယားဆွေမျိုး မျက်ရည်ပြို ညိုး၍ ကျုကျုငိုလတ္တန့်ဟူ၍ သိုက် ဟောင်းရှိသည်ကို အလျှံတပြောင်ပြောင် တောက်လောင်သော သံတွေခဲရုံရုံတို့ တပ်မက်မောခြင်းနှင့် နားဝင်မဉ်စောင့်နေ သော မှတ်ရင်သဘွယ် ဖြစ်၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်လတ္တန့်သော အကြောင်းရှိသည်များကိုဝ် ငါ သနား တော်မူသည် ဂရုဏာစိတ်နှင့် သိစေလို၍ အမိန့်တော်ရှိလိုက်သည်။

သက္ကရာဇ် ၁၁၂၂ ခု၊ သတင်းကျွတ် လဆန်း ၃ ရက်နေ့ ထွေနက ဘုရားလှ တပ်တော်သို့ ချသည့်စာ။ ။

ဤသို့ မင်းခေါင်နော်ရထာက စာ ပေးပို့လာသည့်အခါ ဘုရားလှကို နော် တော်ကြီး၏ တပ်တော်ကလည်း ချက်ချင် ပြန်၍ မင်းခေါင်နော်ရထာထံ စာပို့ခဲ့ သည်။ ထိုစာကို ဘုရားလှတပ်တော် အုပ်ချုပ်ကြီးမှူးလာသည့် ဗိုလ်မင်း တာဝန်ယူပြန်ကြားခြင်း ဖြစ်သည်။

ထိုစာတွင် မင်းခေါင်နော်ရထာသ သိုက်တဘောင်စာကို ကောက်ယူရာ အမှားကို ကောက်ယူကြောင်း တ သိုက်တဘောင်စာမှ ထိုကဲ့သို့ မ

ကြောင်း၊ ပြန်လည် ရှင်းလင်း၍ ခြေဖဝါးတော်အောက်သို့ ပြန်လည်ဝင်ရောက်လျှင် ချမ်းသာပေးမည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက ပျက်စီးခြင်းသို့ ရောက်လိမ့်မည်ဟု သတိပေးထားလေသည်။

ထိုစာတွင်ပင် ကုန်းဘောင်ရွှေပြည်ကြီး၏ အမည်နာမကို ဖော်ထုတ်ရာ၌ အယုဇ္ဈပူရ အမည်တော်ရှိသော ကုန်းဘောင်ရွှေပြည်ကြီးဟု ဖော်ပြထားသည်။ ယင်းမှာ အလောင်းမင်းတရားကြီး ထုတ်ပြန်တော်မူခဲ့သော အမိန့်တော်များတွင် ခေါ်တွင်ခဲ့သည့်အတိုင်း နောင်တော်ကြီးက ဆက်ခံ၍ အသုံးပြုခဲ့ခြင်း ဖြစ်သည်။

ဘုရားလှတပ်တော်မှ မင်းခေါင်နော်ရထာထံပေးသည့်စာမှာ မင်းခေါင်နော်ရထာ အရေးအခင်းနှင့် ပတ်သက်၍ မြန်မာ့သမိုင်းကွင် တန်ဖိုးရှိလှသဖြင့် မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

* * *

သာရကပ်မဏ္ဍပ်စရကပ်၊ သာရမဏ္ဍပ်တည်းဟူသော ကမ္ဘာအပေါင်းတို့ဖြင့် ခြံရံအပ်သော ဘဒ္ဒကပ်ကမ္ဘာသည် တင့်တယ်သကဲ့သို့ သတ္တရဆန်တည်းဟူသော ကောင်စည်ခုနှစ်ထပ် ခြံရံအပ်သော မဟာမြင့်မိုရ်တောင်မင်းသည် တင့်တယ်သကဲ့သို့၎င်၊ ကာလာဝက ဂင်္ဂေယအစရှိသော ရှစ်သောင်းသော အမျိုးဆယ်ပါးတောင်အပေါင်းတို့ ခြံရံအပ်သော ဆဒ္ဒါန်ဆင်မင်းသည် တင့်တယ်သကဲ့သို့ ကိုးသောင်းသော ဟသာအပေါင်း ခြံရံအပ်သော ဓတ္တရဋ္ဌ ဟသာမင်းသည် တင့်တယ်သကဲ့သို့။ နက္ခတ်တာရာ ကြယ်အပေါင်းတို့သည် ခြံရံအပ်သော လမင်းသည် တင့်တယ်သကဲ့သို့။ ခပ်သိမ်းသော တိုင်းကြီးပြည်ကြီး ထီးစေါင်းမင်း အပေါင်းတို့ ပျပ်ဝပ်ကျိုးနွံ ကျွန်တော်ခံ၍ ခြံရံစပွယ်တော်မူလျက် ရာန်သူအပေါင်းတို့ ဦးညွှတ်ရာ မဟာနဂရ အယုဇ္ဈပူရ အမည်တော်ရှိသော ကုန်းဘောင်ရွှေပြည်ကြီးကို အစိုးရတော်မူသော ရွှေတွင်းငွေတွင်း၊ ပယင်းတွင်း၊ ပတ္တမြားတွင်းတည်းဟူသော ခပ်သိမ်းသော ရတနာတွင်းအပေါင်းတို့ကို အစိုးရတော်မူသော ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အသျှင်ဘဝရှင်မင်းတရားကြီးဘုရား ကျေးဇူးသစ္စာတော်မြတ်နှစ်ပါးသည် ရတနာသိင်္ဂီခွက်နှိုက် ကေသရာဇာ ချသေ့မင်းနို့ရည်သည် အမြဲတည်သကဲ့သို့ ကျေးဇူးသစ္စာတော်မြတ်နှစ်ပါးကို စောင့်သိရိုသေစွာ အမြဲတည်လျက် ဘုရားရွှေစက်တော်မြတ်နှစ်ပါးကို မစောင့်၊ ပြည်သူပြည်ခြောင့် ပြည်လှေ့ပြည်မွှား၊ အစရှိသော ရာန်သူတို့၌ ကတိလေးပါးသို့ မလိုက်မငဲ့၊ ယမမင်း၏ သဘောကဲ့သို့။ ဦးလည်အညွန့် နှိပ်ချိုးတဲ့ ဖျက်စီးဖြတ်တောက်သော အလေ့နှိုက် ဝိဇာဝိုရ်ရ ပုဏ္ဏကနတ်ယောက်ျားကဲ့သို့၊ တသိန်းသော ဗိုလ်ခြေ၊ တသောင်းအကြပ်၊ တထောင်သော တပ်မှူး၊ တရာသော ဗိုလ်မှူးတို့ကို စိုးအုပ်စီရင်အပ်သော ဗိုလ်မင်းဘုရား ကြားရောသည် မင်းခေါင်နော်ရထာ။ မဟာသမုဒ္ဒရာသို့ ရော်ဘူးသော ခေ့မ်ခါးငါးငယ်သည် မိမိနေသော ကျွဲခြေရာနှိုက်ရေကို များနိုးထင်မှတ်သကဲ့သို့။ ကိုအထက်ကို အပြန်ပြန် အပ်သော်လည်း မပိုင်ရာသော ဘုရားကျေးဇူးတော်ကို သိကြားမင်းဝယ် အပြတ်စွဲစမှတ်ဖြစ်၍ မတရားသူတို့၏ ဥကျောင်းကို ခွဲလေ့ရှိသော ဝရဇိန်လှက်ကို ထိပ်နှိုက်ရွတ်နေသကဲ့သို့။ ကျေးဇူးသစ္စာတော်မြတ်နှစ်ပါးကို မစောင့်၊ မြေပွေး သိန္ဓော၊ မာနေပေသီး ဖွတ်မီး သံချေးကဲ့သို့ ကျင့်ကြံမည်



နိုင်ငံတော်ဖြစ်သော အဝမြို့တော်ကို ခိုဝင်၍ ကျေးဇူးသစ္စာတော်နှစ်ပါးကို မစောင့် သောင်းကြမ်းရိုင်းပြထောင်ထားသည်မှာ မဟာသမတမင်းလက်ထက်မှစ၍ ယခု မင်းခေါင်နော်ရထာတိုင်အောင် ထောင်ထားသောင်းကြမ်းသမျှ လူလျှပ်လူသွမ်းအပေါင်းတို့သည် ချမ်းသာမရ ဒုက္ခနှင့်သာ ဖြစ်ကြောင်းကို အစောင်စောင်သော ရာဇဝင်တို့နှိုက် ထင်ရှားစွာ မှာသိုသည်မချက်ကို စုံစည်တွေမြင်လေသော်လည်း သတ္တဝါတို့ဝ်ပျက်စီးခြင်းသို့ ရောက်လိုလျှင် ရှေ့အတိုးနှိုက် တစ်စုံတစ်ခုသော အမူအကျင့် ဘောပြန်ခြင်းသဘောဓမ္မတာ ဖြစ်သည်အတိုင်း ကုသိုလ်ကံကုန်၍ အကုသိုလ်ကံ ထွန်းပသည်သာ ဖြစ်သည်။ အသင်တရားကိုဝ် နှစ်လုံးသွင်းယူမိသည်မှန်လျှင် ရှေ့မှုပစ်၍ နောက်မှုပျင်ပါမည်။ ဘုရားရွှေစက်တော်မြတ်အောက်တိုးဝင်လျှင် ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အသျှင်ဘဝရှင်မင်းတရားကြီးဘုရားသည် အဆက်ဆက်သောဘဝတို့နှိုက်ဘုရား ပစ္စေကဗုဒ္ဓါအရိယာ သူတော်ကောင်းတို့ထံ၌ ပန်တော်မူခဲ့ဖူးသော ပုညကံတော်သည် သမ္ဘာရဖြစ်၍ ခပ်သိမ်းသော သူအပေါင်းတို့ကိုဝ် ရင်တော်နှိုက်ဖြစ်သော သားတော်ကဲ့သို့ သနားတော်မူသည်နှင့်အညီ ချမ်းသာရာရောက်မည်အမှန်ဖြစ်သည်။ အသင့်အားကို နှစ်လုံးမသွင်းပဲ လေးရာတွင် အရုံထပ်သည်ဆိုသည် စကားဟောင်းကဲ့သို့ အသျှင်ဘဝရှင်မင်းတရားကြီးဘုရား ကျေးဇူးသစ္စာတော်မြတ်နှစ်ပါးကိုသာ မစောင့်သည်မဟုတ်။ ဘုရားအစရှိသော ရသေ့သူမြတ်တို့ဝ်သားသည် သိုက်ဟောင်း မဟုတ်မမှန်သည်ကို သိုက်ဟောင်းအဟန်ပြုလုပ် တင်စား၍ အင်းဝမြို့တွင်းတွင် ခိုဝင်ရှိနေနှင့်သည့် ကျွန်တော်မျိုး ဆင်းရဲသားတို့ဝ် ဟုတ်နိုးထင်မှတ်၍ အယူမှားလေလျှင် ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရာရောက်ကြောင်းဖြစ်လေအောင် တစ်ယောက်ချမ်းသာ ကိုယ်ဖို့ရှာ၍ သတ္တဝါပေါင်း ဆင်းရဲကြောင်းဆိုသည် စကားဟောင်းကဲ့သို့ သိုက်ဟောင်းမဟုတ်မမှန်သည်ကို သိုက်ဟောင်းပင် ဖြစ်တည်ပြုလုပ်ပြောပြသည် အရာသည် ကမ္ဘာအဆက်ဆက် ကြေသော်လည်း အကုသိုလ်ကံ ဆင်းရဲမကျေ ရာသည်ဖြစ်သည်။ အတိတ်ပစ္စုပ္ပန်အနာဂတ်ကာလသုံးပါးကို မြင်နိုင်သော ဝစ်ပတေ့ ရသေ့သူမြတ်တို့သည် သာမ၊ ယဇုဣယျုဟူသော ဗေဒင်သုံးပုံတို့နှိုက် နောင်အနာဂတ်ဖြစ်လတ္တန့်သော အကြောင်းကိုသိရစ်စိမ့်သောငှာ၊ ပထဝီ၊ တေဇော အာပေါ၊ ဝါယောဟူသော မဟာဘုတ်လေးပါးကို ရှစ်ဆယ်သောနည်းဖြင့် အသီတိကျမ်းဘွဲ့ပြုထားတော်မူခဲ့သော သိုက်ဟောင်းတွင် အမှန်ဆိုသည်ကား။ ဆင်ကားစွယ်ပြူး တစီးထွဲင့် အရဲတို့လှာ ကျွန်အင်္ဂါသည် လက်ျာတောင်က ဝင်လတ္တံ့။ မျိုးနှစ်ပါးသာ စကားမမှန် အင်္ဂါကျွန်သည် တန်ခွန်ခဏစိုက်လတ္တံ့။ တခွန်စိုက်ခါ ကျွန်အင်္ဂါသည် မကြာအလျှင် သေလတ္တံ့။ အမြောက်သေနတ် အထပ်ထပ်သည် ဝစ်ခတ်နေည ထုလတ္တန့်။ လွတ်ရာပုန်းအောင် လူအပေါင်းသည် တွင်းအောင်းကြွက်သို့ ပြုလတ္တံ့.တွင်းသို့ရောက်ချင်ပြေလောင်လင်သည် ပန်းပင်ဟိုက်၍ ဂူလတ္တန့်။ မှတ်ရှင်သောင်းသောင်း နန့်ဟကောင်းသည် နာခေါင်းမဆန်ကြုလတ္တန့်။ မသေခင်ကကျော်ခဲကျ၍ ထိပ်ဝမော်လှက်စုလတ္တန့်။ ငါးပိမမြင် ဆားမမြင်သည် တောင်တွင်

အထပ် ခြူလဏ္ဍန်း၊ ဥစ္စာစနရှိသမျှကို လက်ရစစ်၍ ယူလဏ္ဍန်း၊ လက်ရစစ်ခါ လွန်ကြင်နာသည် စက်မှာခွေးသို အူလဏ္ဍန်း။ အင်္ဂါဝင်က မြို့အင်းဝကို ထင်းစမီးနယ်ပူလဏ္ဍန်ဟူ၍ သိုက်ပောင်း ရှိသည်ကို အမှိကောင်း၍ အပေါင်းသင့် နိုက် စည်းစိမ်ရှိသည်ကို ကိုယ်ကိုကိုယ် ခိုး ဖြစ်သည်။ အခြံအရံ စည်းစိမ်တစ်ခွင်ကဲ့ သို့ မှတ်ထင်၍ သောင်းကြမ်းရိုင်းပြဆိုး သွမ်းထောင်ထားသော်လည်း နိုင်နှုန်းရာ မရှိသော ဘုရားရွှေဘုန်းတော်မြတ်ကြောင့် သံခဲနှင့် စိမ်ညို၊ မြင့်မိုရ်နှင့်မြေ၊ နေနှင့် မီးပွင့်၊ လနှင့် ပိုးစုန်၊ ပမာနှုန်းသည် သံခဲ သို့တကြောင်း၊ ချသေ့မင်းကို ပစုန်း၊ ဂဠုန် မင်းကို ပျံလွှား၊ နဂါးမင်းကို တီ၊ ထက်မြိုင် နှိုင်ကပ်သကဲ့သို့ မောဟအဝိဇ္ဇာစိတ်ကုံ လွှမ်း ထင်မှတ်လေငြားသော်လည်း တောင်ကို တလိပ်မြူနှင့်လိုမ်၍ အိမ်သည် ထင်ယောင်၊ စိန်ခွဲတောင်ကို ဖျိုအောင် တယောင်တူရှင်းပြောင်နှင့် တူရှောင်သော ထွေ၊ မြေကုန်အောင် မြို့ဌမ်းနှင့် တို့လည်း စွန်းညို့မထင် ဆိုသည် စကားပောင်း ကဲ့သိုဝ် ထောင်လွှားပြူ ဆောင်နှင်းသမျှ ပဝတ္တိဂုဏ်သည် နောသာလျှင်နှင့်၊ ကျောက်တည်းရေလာလဆင် ဆား ပြောက်သည် ဆိုသည့် စကားပောင်း အစည်အတိုင်း အရှည်အကြာ သေကျေ ပျက်ပြုန်းဆုန်၊ ရှမ်းခြင်းသို့ ရောက်မည့် အကြောင်းကို ကြားရောက်သည်။

သက္ကရာဇ် ၁၁၂၂ ခု၊ သတင်းကျွတ် လဆန်း ၅ ရက်နေ့၊ ဘုရားလှတပ်တော်က ငတွန်သို့ ပေးသည့်စာ လက်ွ။

နောင်တော်ကြီး၏ တပ်များက ဤကဲ့သို့ စာပေး၍ အင်းဝကို ဆက်လက်ဝန်းရံထားသည်။ ကြာသော် အင်းဝမြို့တွင်း၌ အစာရေစာ ရိက္ခာပြတ်လပ်လိမ့်မည်ဟု မင်းခေါင်နော်ရထာက ယူဆသဖြင့် သက္ကရာဇ် ၁၁၂၂ ခု၊ နတ်တော်လပြည့်ကျော် ၁၄ ရက်နေ့တွင် အင်းဝမြို့ တောင်မျက်နှာကျော် ဘုံတံခါးမှ ထွက်လေသည်။ ထိုသို့ မင်းခေါင်နော်ရထာ ထွက်သည်ကို သိလျှင်သိချင်း နောင်တော်ကြီးတပ်များက ဝိုင်း၍ လိုက်ကြသည်။

သို့နှင့် ကျောက်ဆည်တောင် လေးခရိုင်၊ ဗိုင်းလေးရွာ အရှေ့ဘက် ဝက်လဲတောင်အနီးသို့ ရောက်လျှင် လမ်းရိုးကိုမလိုက်ဘဲ သစ်ခုတ်ဝါးခုတ်သော လမ်းကိုလိုက်ရာ တောင်ကြားလမ်းသို့ ရောက်ပြီး လမ်းစ လမ်းပေါက်လည်း ပျောက်လေသည်။ ထို့နောက် မရှောင်သာ မတိမ်းသာဖြစ်ပြီး နောက်မှ လိုက်လာသော နောင်တော်ကြီးတပ်များက ပစ်ခတ်သဖြင့် အထိအခိုက် အကျအဆုံးများလာလေသည်။ မင်းခေါင်နော်ရထာလည်း သေနတ်ထိမှန်၍ ဒဏ်ရာရကာ တစ်ယောက်တည်း စိတ်လျှော့၍ ချောက်ကမ်းပါး တင်ခုတွင် ထိုင်၍ မှိုင်တွေနေရာ မြေဒူးသားငချစ်ကောင်းက ချုံကွယ်က စောင့်ဖမ်းရန်ကြံရွယ်သော်လည်း မဝံ့သဖြင့် အခွင့်ကောင်းကို စောင့်နေ၏။

မင်းခေါင်နော်ရထာလည်း သေနတ်ဒဏ်ရာကိုကြည့်၍ နာကျင်လွန်းသဖြင့် ညည်းညူနေသည် တွေ့သည့်အခါ ချုံကွယ်မှ ရုတ်တရက်ထွက်ကာ ချောက်တွင်းသို့ နောက်မှနေ၍ တွန်းချလေသည်။ မင်းခေါင်နော်ရထာလည်း နောက်ပြန်ဖမ်းလိုက်ရာ ငချစ်ကောင်းကို မိ၍ နှစ်ယောက်သား လုံးထွေးနေစဉ် ငချစ်ကောင်းက ကြောက်လန့်တကြား "ကယ်ပါ၊ ကယ်ပါ"



ဟု အော်ဟစ်လေသည်။ ထိုအခါကျမှ သေနတ်သမားတို့ ရောက်လာပြီး မင်းခေါင်နော်ရထာကို ဝိုင်းဝန်း၍ ပစ်ခတ်လေရာ မင်းခေါင်နော်ရထာလည်း ကျဆုံးရလေတော့သည်။

ကုန်းဘောင်ခေတ်ဦးက အလောင်းမင်းတရားကြီးနှင့် ပြည်ထောင်ဘက် မြင်းရည်တက် ခြောက်ကျိပ်ရှစ်ယောက်တွင် တစ်ယောက်အပါအဝင်ဖြစ်သော ငတွန်ခေါ် မင်းခေါင်နော်ရထာသည် အလောင်းမင်းတရားကြီး မရှိသည့်နောက် သားတော်မြေဒူးမင်းနှင့် တစ်ယောက်ကို တစ်ယောက်သံသယစိတ်ဝင်ကြရာမှ နောက်ဆုံးတွင် မင်းခေါင်နော်ရထာ ကျဆုံးခဲ့ရခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ထိုအရေးအခင်းနှင့် ပတ်သက်၍ သမိုင်းဆိုင်ရာတန်ဖိုးရှိ[...]သော စာနှစ်စောင်ကို ယခုကဲ့သို့ ထုတ်ဖော်တင်ပြလိုက်ရခြင်းဖြစ်သည်။

မြင့်ဆွေဦး

ကျမ်းကိုး

၁။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ ပထမတွဲ။
၂။ ဆရာဇေယျ။ 'မင်းခေါင်နော်ရထာ'
၃။ ရာဇဝံအမိန့်တော်တမ်း (ပေမူ) ၁၀[...] ကြောင်းရေး၊ မျဉ်းနက်။ အမျိုးသား စာကြည့်တိုက်။ တိုက်ပိုင်အမှတ် ၁၉၄၅။


ဤစာအုပ်နှစ်အုပ်ကိုဖတ်လျှင်
မြန်မာတို့ ဘာကြောင့် သူ့ကျွန်ဖြစ်ခဲ့ရသည်ဆိုခြင်းကို
ကောင်းကောင်းကြီး သဘောပေါက်သွားမည်။

**စစ်တကောင်းမှသည် ရန္တပိုသို့**

(ပထမ အင်္ဂလိပ် - မြန်မာစစ် ၁၈၂၄ - ၂၆ နောက်ခံသမိုင်းစဉ်)
အောင်သန်း(မန္တလေး)
**A Political History of the Extraordinary Events Which Led to The Burmese War** by **Captain W.White**
(ဒုတိယအကြိမ်) စာမူခွင့်ပြုအမှတ် ၈/ ၂၀၀၃/ (၂)

**ရန္တပိုမှသည် မြေထဲသို့**

(ဒုတိယ အင်္ဂလိပ် - မြန်မာစစ် ၁၈၅၂ - ၅၃ နောက်ခံသမိုင်းစဉ်)
အောင်သန်း(မန္တလေး)
**The Origin of The Burmese War** by **Richard Cobden**
(ဒုတိယအကြိမ်) စာမူခွင့်ပြုအမှတ် ၄၂/ ၂၀၀၃/ (၆)

ဒေါင်းစာပေ
၁၁၃/ ၃၃လမ်း(အလယ်)၊ ကျောက်တံတား၊ ရန်ကုန်။ ဖုန်း-၃၇၃၂၁၀

## ဒေါ်ခင်စာပေထုတ် စာအုပ်များ


**ဒေါက်တာလှဘော (အငြိမ်းစားမြန်မာစာပါမောက္ခ၊ လန်ဒန်တက္ကသိုလ်)**
* ပညာပါရမီ — စာမူခွင့်ပြုအမှတ် ၁၀၇/၉၅/ (၂
* ဝိရိယကိုထူ ဉာဏ်နှင့်ချ ကံကဖေးမသူ — ၆၇၅/၂၀၀၁/ (၈
* မြန်မာစာပေ ဧည့်ခံစာတမ်း — ၉၈/၂၀၀၂/ (၁
* အတွေ့အကြုံအဆုံအမြင်နှင့်အတွေးအမြင် — ၄၃၉/၀၂/ (၅
* တရုတ်နိုင်ငံသွားနေ့စဉ်မှတ်စာတမ်း — ၈၁၁/၀၂/ (၉

**ဒေါက်တာလှဘော ရေး+ဒေါက်တာတင်လှိုင် မြန်မာပြန်**
* The Myanmar Buddhist: His Life from the Cradle to the Grave
  မြန်မာဗုဒ္ဓဘာသာတစ်ယောက်၏ဘဝ၊ ပုခက်တွင်းမှသည် ဂူတွင်းအထိ — ၇၂၄/၀၃/ (၁၀

**ပါမောက္ခဒေါက်တာသန်းထွန်း**
* မြန်မာသမိုင်း ရှာတော်ပုံ — ၁၅/၂၀၀၃(၇

**ဦးသက်ထွန်း(အငြိမ်းစားသံအမတ်ကြီး)**
* A Myanmar Looks at Others
  မြန်မာတစ်ဦး၏ ကမ္ဘာ့အမြင် — ၁၄/၀၄/ (၁
* Experiences Abroad of Retired Ambassador U Thet Tun
  နိုင်ငံရပ်ခြား အတွေ့အကြုံများ — ၄၀၀၈၃၈၀၇၀၉

**ဒေါ်ခင်မျိုးချစ် ရေး+ချူနိုင်ယာဝင်း မြန်မာပြန်**
* Flowers and Festivals round the Myanmar Year
  ၁၂လရာသီပန်းများနှင့် ပွဲတော်များ — ၁၀၂/၂၀၀၃(၂

**ချူနိုင်ယာဝင်း**
* လူ့စွမ်းအားနှင့်ပျံသန်းခြင်း — ၄၀/၂၀၀၃/ (၁

**ဒေါက်တာခင်မောင်ဝင်း (ဒဿနဗေဒ)**
* အနောက်တိုင်းဒဿနဗေဒကို မြန်မာ့မျက်စိဖြင့် ကြည့်ခြင်း-၁ — ၄၀၁၁၅၅၁၀၀၇
* အနောက်တိုင်းဒဿနဗေဒကို မြန်မာ့မျက်စိဖြင့် ကြည့်ခြင်း-၂ — ၄၀၀၄၅၉၀၄၀

**ဒေါက်တာခင်မောင်ဝင်း**
* ဂိမ်းသီအိုရီ — ၁၀၄/၀၂/ (၁

**ဒေါက်တာခင်မောင်ဝင်း+တက္ကသိုလ်ရွှေမိုးဝင်း**
* အသက်ကိုဖန်တီးခြင်းနှင့်သိပ္ပံစာတမ်းများ — ၄၆၉/၀၃/ (၁

**ဝင်းထွဋ်ဇော်**
* အရေပြားပေါ်မှာရေးတဲ့သမိုင်းနှင့်. . . — ၅၇/၀၂/ (၁၁

**မောင်ဝံသ**
* ကြယ်များဆီသို့ — ၂၆/၂၀၀၂/ (၁
* မိုးရွာပါယန် (တတိယအကြိမ်) — ၂/၂၀၀၂/ (၂
* မိုးမမြင် မြေမမြင် (ဒုတိယအကြိမ်) — ၄၆/၂၀၀၂/ (
* ဒုတိယအတွေး — ၈၁၀/၂၀၀၂/ (၉
* သတင်းစာပညာ သဘောတရားနှင့် လက်တွေ့ — ၅၃၀၀၇၆၀၅၁၀
* နိုင်ငံခြားသွားစီးပွားရေးလုပ်မည်ဆိုလျှင် — ၄၀၀၄၇၄၀၆၀
* မာရွယ်တီတိုး (တတိယအကြိမ်) — ၃၁၀၀၄၂၀၆၀
* ဝေါမြို့က မိငိုးသို့ — ၄၀၀၈၃၃၀၇၀
* မည်သို့သောလူ ဖြစ်ရမည်နည်း — ၄၀၀၉၄၂၀၆၀၇

**ဦးခင်မောင်ဆွေ**
* စိတ်၏စံအိမ် ဦးနှောက် — ၇၂၈/၀၃/ (

**ချမ်းသာစိုး**
* ရေးပေးပါ — ၃၅၉/၂၀၀၄/ (
* ဒီနေ့ (တစ်နေ့တာမှတ်တမ်း) — ၆၈၄/၂၀၀၃/ (
* ကိုယ့်အကြောင်း (ကလေးများ စာရေးကျင့်ရန်) — ၄၀၀၁၅၉၀၇
* ချစ်သူ့လက်ဆောင်(ခင်မင်သူများသို့ လက်ဆောင်ပေးရန်) — ၄၀၀၀၅၆၀၆


ဒေါ်ခင်စာပေ၊ ၁၁၃/ ၃၃လမ်း (အလယ်)၊ ကျောက်တံတား၊ ရန်ကုန်။ ဖုန်း - (၀၁) ၃၇၃၂၃၀



# ငွေရတုကို ဖြတ်သန်းခဲ့ခြင်း

**ထိုက်**

ခြသေ့်မြို့တော်ရောက်တာ တစ်နှစ်ကျော်ပါပြီ။ သည်ကာလအတွင်း နေ့စဉ်မပြတ် အိမ်နဲ့ ဖုန်းလိုင်းပြောဖြစ်ပါတယ်။ သိတဲ့သူတိုင်းက တအံ့တသြနဲ့ . . . နေ့တိုင်းတောင်မှ တစ်ခါပြောရင် တစ်နာရီလောက်ပြောနေတာကိုး . . . အလုပ်ကပြန်လာပြီး ရေချိုးပြီးတာနဲ့ ကျွန်မ ကွန်ပျူတာပေါ်မှာ အစိမ်းရောင်လေးက အမြဲစောင့်နေကျပါ။ ကျွန်မ အလုပ် ဘယ်လောက်ပဲပင်ပန်းပါစေ၊ ဒီအချိန်ကိုတော့ အတတ်နိုင်ဆုံး မပျက်ကွက်အောင် ကြိုးစားပါတယ်။ အလုပ်က မိုးချုပ်လို့ မပြောနိုင်တဲ့နေ့တွေဆိုလည်း စိတ်မပူအောင် အော့ဖ်လိုင်း မတ်ဆေ့ချ်တော့ ချန်ထားဖြစ်ပါတယ်။ အချိန်တန်လို့ တစ်ဖက်က အစိမ်းရောင်လေးကို မမြင်ရရင်လည်း ဖုန်းဆက်မေးပြီး အကျိုးအကြောင်းသိရမှ စိတ်အေးတတ်ပါတယ်။ ဘာမှ အထွေအထူး အရေးတကြီးပြောစရာမရှိလဲ အိမ်မှာ ဝိုင်းဖွဲ့ပြောသလို နေ့တိုင်းပြောနေကြတာပါပဲ။ မိသားစုဆိုတာဒါပဲလေ၊ ဒါကြောင့် ကျွန်မ အဝေးမှာသာ ရောက်နေပေမယ့် ကိုယ့်တိုင်းပြည်က သတင်းမှန်သမျှ ဘယ်တော့မှ မပြတ်ပါဘူး။ အားလုံးကို အချိန်နဲ့တစ်ပြေးညီ သိပြီးသားဖြစ်နေတတ်ပါတယ်။

မနေ့ကတော့ မေမေက သတင်းတစ်ခုပေးလာပါတယ်။ ဒီနှစ် အောက်တိုဘာမှာ အတွေးအမြင်က ၂၅ နှစ်ပြည့်ပြီတဲ့။ အထူးထုတ်ထွက်ဖို့ စီစဉ်နေတယ်တဲ့။ ဟုတ်တာပေါ့။ ၈၄ ခုနှစ် အောက်တိုဘာလက အမှတ် ၁ စထွက်ခဲ့တဲ့ အတွေးအမြင်တောင် ငွေရတုပြည့်တော့မှာပဲ။ အမှတ်တရလေးတစ်ခုခုတော့ လုပ်သင့်တယ်လို့ ပြောလိုက်ပါသေးတယ်။ ၂၀၀၃ ခုနှစ်က ဒေါင်းစာပေ နှစ် ၃၀ ပြည့်ပွဲကို ပြန်သတိရလိုက်ပါတယ်။ မိသားစုအစုံအညီ မိတ်ဆွေအပေါင်းအသင်းတွေအများကြီးနဲ့ မထင်ထားဘဲနဲ့ အင်မတန်စည်စည်ကားကားလုပ်ဖြစ်ခဲ့တာလေ။ ဒီတစ်ခါကျတော့လည်း ဖေဖေကတော့ လုပ်ချင်တယ်လို့ ပြောနေတာပါပဲ။ ဒါပေမဲ့ ဒီအချိန်မှာတော့ ကျွန်မတို့မောင်နှမတွေက အဝေးမှာဖြစ်နေပြီ။ အထိမ်းအမှတ်ပွဲလေးလုပ်ဖြစ်ရင် ပျော်ပျော်ရွှင်ရွှင် အရောက်လာပြီး ဆင်နွှဲချင်ပေမယ့် လောလောဆယ်တော့ အခြေအနေအရ (ဆရာမကြီး ဒေါ်ပဒ္မာမြားခင်ဆောင်းပါးခေါင်းစဉ် ခဏငှားပါရစေ) ခြသေ့်မြို့တော်က အလွမ်းစာကိုပဲ ငွေရတုအမှတ်တရ ရေးလိုက်ပါတယ်။

**စီစဉ်သူများ**

ငွေရတုပြည့်တော့မယ်ဆိုတဲ့အချိန်မှာ အတွေးအမြင်စထွက်တဲ့အချိန်ကစလို့ ခုအချိန်ထိ ဖြတ်သန်းခဲ့ရတဲ့အချိန်တွေကို ကျွန်မမျက်စိထဲ ပြန်မြင်ယောင်လာမိပါတယ်။ ကျွန်မက ငယ်ငယ်တုန်းကအဖြစ်တွေကို မှတ်မိတာနည်းပါတယ်။ မှတ်ဉာဏ်ပဲ အားနည်းလို့လား၊ မေ့ချင်တာတွေကို မေ့ဖို့ကြိုးစားရင်းနဲ့ တကယ်ပဲ မမှတ်မိတော့တာလား မသိပါဘူး။ ငယ်ငယ်ကအဖြစ်အပျက်တွေက ဝါးတားတားရယ်။ ဒါပေမဲ့ အတွေးအမြင် စထွက်ခဲ့တဲ့အချိန်ကိုတော့ ကောင်းကောင်းမှတ်မိနေပါတယ်။ အဲဒီတုန်းက ဒေါင်းစာပေရဲ့ ဧည့်ခန်းမှာ ဘဘကြီးဦးကောင်းမြင့်နဲ့ ဖေဖေတို့ "ရီးဒါးစ်ဒိုင်ဂျက်စ်"စာအုပ်တွေ ရှေ့မှာချပြီး "ဒိုင်ဂျက်စ်"လိုပဲ မာတိကာကို မျက်နှာဖုံးမှာထည့်ဖို့ နမူနာပုံစံထုတ်နေကြတာ၊ ဖေဖေက ဓါးယက်ကားလေးကို ကိုယ်တိုင်မောင်းပြီး ဦးကောင်းမြင့်နဲ့အတူ စာရေးဆရာကြီးများအိမ်တွေကို လိုက်သွားကာ စာမူတောင်းကြတာ၊ ပြီးရင် အိမ်မှာ လက်နှိပ်စက်ရိုက်တဲ့ အဖွားဒေါ်ငွေးမြင့်ကို စာမူတွေ လက်နှိပ်စက်သုံးမူရိုက်ခိုင်းတာတွေကို ကျွန်မ မှတ်မိနေတယ်။ ဆရာကြီး ဦးဘရင်ကလေးရဲ့ ဒီဇိုင်း၊ အတွေးအမြင်ဆိုတဲ့ ခေါင်းစီးစာလုံးနဲ့ ဝဖြောတောက်ပနေတဲ့ ဆီမီးတိုင်လေးတွေပါတဲ့ အမှတ်(၁)စာစောင်ရဲ့ မျက်နှာဖုံး စက်ပေါ်က ကျကျချင်း ဖေဖေယူလာတာကို တစ်မိသားစုလုံး ဝိုင်းကြည့်ပြီး ကြည်နူးခဲ့ကြတယ်လေ။ အင ွင်းစာမျက်နှာတွေကတော့ ဘာဒီဇိုင်းအဆင်အပြင်မှမပါ။ ခဲစာလုံးနဲ့စီထားတဲ့ ခေါင်းစီးနဲ့ စာသားတွေ သက်သက်ချည်းပါပါတယ်။ ကိုယ်လုံးတီးလူကြီးတစ်ယောက် မေးစေ့မှာလက်ထောက်ကာ ငုတ်တုပ်ကြီးထိုင်နေတဲ့ပုံကိုတော့ အတွေးအမြင်စာစောင်ရဲ့ တံဆိပ်အမှတ်အသားအဖြစ် သုံးထားတာ တွေ့ရပါတယ်။ ဖေဖေကပြောပြမှ ပြင်သစ်ပန်းပုဆရာကြီး ရိုဒင်ရဲ့ အတွေးရှင် (Thinker)ဆိုတဲ့ ပန်းပုရုပ်ဖြစ်ကြောင်း၊ ဒီပုံကိုမြင်လိုက်ရင် ဒီစာအုပ်ဟာ အတွေးအခေါ်နဲ့သက်ဆိုင်တယ်ဆိုတာ မပြောဘဲ သိနိုင်တဲ့ အင်တာနေရှင်နယ်အမှတ်အသားဖြစ်ကြောင်း သိရပါတယ်။ စဉ်းစားခြင်းကို အားပေးရန်



ဆိုတဲ့ရည်ရွယ်ချက်တစ်ခုတည်းနဲ့ ထုတ်ခဲ့ကြတာမို့ လူတွေ စိတ်ဝင်စားပါ့မလားလို့ ထင်ခဲ့ပေမယ့် စထွက်တဲ့အချိန်မှာပဲ စောင်ရေအားလုံးပြတ်သွားလို့ ဒုတိယအကြိမ် ပြန်ရိုက်ခဲ့ရတာကိုလည်း မှတ်မိနေပါတယ်။ အဲဒီတုန်းက ၂-လ တစ်ကြိမ်ထွက်တဲ့ 'တင်ထုတ်' စာစောင်အနေနဲ့ပါ။ ဖေဖေတို့က လစဉ် စာမူတွေစုပြီးရွေးကြ၊ ရိုက်ကြ၊ မေမေက စာအုပ်ဖြန့်ဖို့ တာဝန်ယူကြနဲ့ အချိန်မီထွက်နိုင်အောင် တပျော်တပါးလုပ်ခဲ့ကြတဲ့အချိန်တွေပါ။

နောက်ပိုင်း ဖေဖေတစ်ယောက်တည်းလုပ်ဖြစ်တဲ့အချိန် ဘဘကြီးဦးမြင့်ဦး (ခေါ်) ကြည်သာဦးနဲ့လက်တွဲဖြစ်ပါတယ်။ (ကျွန်မတို့က ဖေဖေ့မိတ်ဆွေတွေအားလုံးကို ဘဘကြီးလို့ခေါ်တာ နှုတ်ကျိုးနေပါတယ်။) ၁၉၈၉ လောက်ကစပြီး ဖေဖေ အဝေးရောက်နေတဲ့အချိန်တွေမှာ အမြဲမပြတ်မှာတဲ့စကားတွေကို ကျွန်မဘယ်တော့မှမမေ့ပါဘူး။ အတွေးအမြင်ကိုမရပ်ပါနဲ့၊ ဆက်ထုတ်ဖြစ်အောင်ထုတ်ပါတဲ့။ တကယ်လည်း မေမေနဲ့ ဘဘကြီးဦးမြင့်ဦးတို့ နှစ်ယောက် ဆက်ပြီး ပဲ့ကိုင်နိုင်ခဲ့ပါတယ်။ ဒီနေရာကနေပြီး ဘဘကြီးကြည်သာဦးကို ကျေးဇူးတင်ကြောင်းပြောချင်ပါတယ်။ ဖေဖေ ပြန်ရောက်လာလိုက် ပြန်သွားလိုက် ဖြစ်နေတဲ့အချိန်တွေတစ်လျှောက်လုံးမှာ တကယ့်ကို စိတ်ရင်းစေတနာ သန့်သန့်နဲ့ အခက်အခဲတွေ ဘယ်လောက်ရှိရှိ ကြံ့ကြံ့ခံပြီး ကူညီပေးခဲ့တာကို ကျွန်မ အမြဲသတိရနေမှာပါ။

ဘဘကြီးကြည်သာဦးနဲ့ တက်ညီလက်ညီလက်တွဲပြီး စီစဉ်သူတစ်ဦးအဖြစ် ဒုမေနာပေခံကာ အလုပ်လုပ်ခဲ့တဲ့ ဦးကျော်ကြီးကိုလည်း မမေ့နိုင်ပါဘူး။ ဦးကျော်ကြီးဟာ ပုံနှိပ်တိုက်တွေမှာ အသင်းအဖွဲ့မျိုးစုံရဲ့ နှစ်ပတ်လည်မဂ္ဂဇင်းတွေကို ပုတ်ပြတ်လုပ်အားခယူပြီး ထုတ်လုပ်ရေးကိစ္စအဝဝကို စီစဉ်လုပ်ကိုင်ပေးနေခဲ့သူတစ်ယောက်ပါ။ တစ်ချိန်မှာ ဖေဖေနဲ့ဆုံတွေ့ရင်းနှီးခဲ့ကြပြီး ဖေဖေနဲ့ပါလာကာ၊ နောက်ဆုံးကွယ်လွန်ချိန်အထိ အတွေးအမြင်မှာပဲ စောက်ချလုပ်သွားပါတော့တယ်။ စာပေစိစစ်ရေးနဲ့ ဆက်ဆံရေး အလွန်အဆင်ပြေခဲ့တဲ့ ဦးကျော်ကြီးကြောင့် 'တင်ထုတ်'ဘဝမှာ အတွေးအမြင် ဣန္ဒြေမပျက် ထွက်နေနိုင်ခဲ့တာပါ။ ခုတော့ ဦးကျော်ကြီးလည်း ကွယ်လွန်ရှာပါပြီ။ ဦးကျော်ကြီးဆုံးချိန်မှာ ဖေဖေမရှိပါဘူး။ ဖေဖေ့ဆီ သတင်းရောက်သွားတော့ အလွန်စိတ်ထိခိုက်ခဲ့ရတယ်လို့ နောက်မှ ပြောပြပါတယ်။

ဦးကျော်ကြီးလည်း မရှိ ဘဘကြီးကြည်သာဦးလည်း ကျန်းမာရေးကြောင့် အနားယူသွားချိန်မှာ ကျွန်မအစ်ကို (မေမေ့တူ) သရဖူကိုရဲနဲ့ ဖေဖေ့တပည့်တစ်ယောက်ဖြစ်တဲ့ ကိုဇော်ဝင်းတို့အတွဲက "ရဲမြင့်နှင့် ဇော်ဝင်း စီစဉ်သည်" ဆိုပြီး ဆက်လုပ်ကြပါတယ်။ လစဉ်ထုတ်မဂ္ဂဇင်း ဖြစ်လာတဲ့ ၂၀၀၇ခု ဧပြီလမတိုင်ခင်အထိ သူတို့အတွဲက တာဝန်ယူခဲ့တာပါ။

တစ်ချိန်တုန်းကတော့ မေမေ စာအနည်းအကျဉ်းရေးစဉ်က သုံးခဲ့ဖူးတဲ့ နာမည်နဲ့ "သိရိဝံသ စီစဉ်သည်" လို့ ဖော်ပြခဲ့ဖူးသေးတယ်။ ဒါပေမယ့် မေမေက လမ်းမလျှောက်နိုင်လောက်အောင် ဒူးဆစ်တွေနာကျင်တဲ့ဝေဒနာရှိလို့ စီစဉ်သူ အယ်ဒီတာအနေနဲ့ စာပေစိစစ်ရေးကို ဘယ်လိုမှမသွားနိုင်တာကြောင့် ကိုရဲနဲ့ကိုဇော်ဝင်းတို့ကိုပဲ လွှဲအပ်ခဲ့ရပါတယ်။

## သံယောဇဉ်ဆရာကြီးများ

ဖေဖေ့အပေါ် သံယောဇဉ်စိတ်နဲ့ အစစအရာရာ ကူညီပေးခဲ့ကြတဲ့ ကျွန်မတို့ ချစ်ခင်လေးစားရသော အတွေးအမြင် ပင်တိုင်စာရေးဆရာကြီးများအားလုံးကိုလည်း ဘယ်မေ့လို့ ရမှာလဲ။ ဆရာကြီး ဒေါက်တာလှဘေ၊ ဆရာကြီး တက်တိုး၊ ဆရာမကြီး လူထုဒေါ်အမာ၊ ဆရာကြီးပါရဂူ ဆရာကြီးမြသန်းတင့် ဆရာမ ခင်မာလာကြာဖြူ ဆရာ ဒေါက်တာအောင်ကျော် တို့လို ဖေဖေ့အပေါ် သံယောဇဉ်ကြီးသူတွေကဆိုရင် မေမေ အင်မတန်ကျပ်တည်းခဲ့တဲ့ အချိန်များတုန်းက စာမူခမယူဘဲ ရေးပေးခဲ့ကြတဲ့အကြောင်း မေမေပြန်ပြောပြတာ မှတ်မိပါတယ်။ ဒါပေမယ့် အခုအချိန်မှာတော့ တချို့ ကွယ်လွန်တဲ့သူတွေလည်း ကွယ်လွန်ကုန်ကြ၊ တချို့လည်း အသက်အရွယ်အရ စာမရေးနိုင်ကြတော့ပေမယ့် မိတ်ဆွေသစ် တလောင်ရှင်များက ဆက်ပြီး လက်ဆင့်ကမ်း ကူညီပေးနေကြပါတယ်။ အတွေးအမြင် စင်ပေါ်ကနေ စာပေလောကထဲရောက်လာပြီး နာမည်ရသွားကြတဲ့သူတွေအတွက်လည်း တကယ်ကို ပီတိဖြစ်မိပါတယ်။

တချို့ အတွေးအမြင် ကလောင်ရှင်ဟောင်းတွေက သူတို့ စာအုပ်ထုတ်ဝေတဲ့အခါ စာရေးသူ ပါဝင်ရေးသားခဲ့သော မဂ္ဂဇင်းများဆိုတဲ့စာရင်းမှာ အတွေးအမြင်စာစောင်ကို မထည့်ဘဲ ကျန်ခဲ့(ချန်ခဲ့)တာမျိုးတွေ့ရင်တော့ မေမေက စိတ်မကောင်းတဲ့မျက်နှာနဲ့ "ဘာလို့ အတွေးအမြင် နာမည်မပါသလဲမသိဘူးနော်"လို့ ငြီးတွားတတ်ပါတယ်။

## တစ်ဦးချင်းပရိသတ်ကျေးဇူး

အတွေးအမြင်ဟာ အမှန်အတိုင်းပြောရရင် ကျွန်မကိုယ်တိုင်လည်း အထဲက စာမူအားလုံးကို မဖတ်နိုင်ပါဘူး။ စာတော်တော်များများက အကြောင်းအရာတွေမြင့်လွန်းလို့ ကျွန်မနားမလည်တာတွေများတာ ဝန်ခံပါတယ်။ ဒါပေမဲ့ အခုအချိန်အထိ လစဉ်ဝယ်ယူပြီး စောင့်ဖတ်နေကြတဲ့ အမာခံပရိသတ်တွေကြောင့် နှစ်ပေါင်း ၂၅ နှစ်အထိ ရောက်လာနိုင်ခဲ့ပါပြီ။ သူတို့ဟာ ကျွန်မတို့ရဲ့ ကျေးဇူးရှင်တွေပါ။ စာအုပ်ဖြန့်ချိဖို့ ကိုယ်စားလှယ်များစာရင်းကို နှစ်ပေါင်းများစွာ လစဉ်ရေးပေးနေကျကျွန်မအတွက် မေမေတို့ရဲ့ ကိုယ်စားလှယ်စာရင်းနဲ့ တစ်ဦးချင်းအမှာစာရင်း လိပ်စာတွေဟာ စာအုပ် တစ်ခုကနေ တစ်ခုကိုသာ ပြောင်းပြီးကူးသွားရတယ်။ အခုအချိန်အထိ ရှိနေကြတုန်း၊ မှာနေကြတုန်း၊ စောင့်ဖတ်နေကြတုန်းပါ။

အတွေးအမြင်ကို ရန်ကုန်နဲ့ နယ်များက တစ်ဦးချင်း လပေးမှာယူ ဖတ်ရှုသူများထံ စာတိုက်က မှတ်ပုံတင်ပါဆယ်နဲ့ပို့ပေးရလေတော့ လစဉ် စာအုပ်ထုပ်ပါဆယ်တွေ ထုပ်ပိုးရပါတယ်။ စာအုပ်ထုပ်တွေ လာထုပ်ပိုးပေးသူ ဦးလေးကြီးတွေက နယ်က တစ်ဦးချင်းအမှာစာတွေ ဒီလောက်များတာ အတွေးအမြင်ပဲရှိတယ်လို့ တအံ့တသြပြောပါတယ်။

အတွေးအမြင်ကို အကြောင်းအားလျော်စွာ ယခင်ကမဖတ်ဖြစ်ခဲ့ဘဲ အခုမှဖတ်မိပြီး အရင်တုန်းက အဟောင်းတွေကိုပါ အတွဲလိုက်ဝယ်စုချင်လို့ ရသလောက်စုပေးထားပါ ဆိုပြီး လာမေးကြတဲ့သူတွေလည်း ရှိပါတယ်။ တစ်လတစ်လ အချိန်မီမထွက်နိုင်သေးရင်



တောင် ဘယ်တော့ထွက်မှာလဲဆိုပြီး လာမေးကြတဲ့သူတွေကလည်း လတုန်းပြီဆို ဒေါင်းစာပေကို အချိန်မှန် ရောက်လာစမြဲပါ။ ကျွန်မတို့ကလည်း မှတ်တင်ထားပါတယ်။ ထွက်တော့မှာပါ။ သတင်းစာထဲမှာ ကြော်ငြာပါ့မယ်ဆိုပြီး ပြန်ဖြေရစမြဲပါ။

## မေမေ့ရဲ့ အခန်းကဏ္ဍ

နောက်ဆုံး ပြောချင်တာကတော့ ကျွန်မမေမေရဲ့အခန်းကဏ္ဍအကြောင်းပါ။ ဖေဖေ အဝေးရောက်နေတဲ့အချိန်တွေမှာ ဘေးက ဘယ်လောက်ပဲ ဝန်းရံကူညီမယ့်သူတွေ ရှိပါစေ မေမေသာ အားလျှော့ပြီး ဆက်မလုပ်ခဲ့တော့ရင် အတွေးအမြင်ဆိုတာ ဒီအခြေအနေ အထိ ရောက်လာဖို့ဆိုတာ မသေချာပါဘူး။ ဒါပေမဲ့ မေမေ ဇွဲနဲ့လုပ်ခဲ့ပါတယ်။ ၁၉၈၉ ကနေ ၂၀၀၁ အထိ ၁၀ နှစ်ကျော် အချိန်ကာလတွေကို မေမေ ရင်ဆိုင်ပြီး ဖြတ်ခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်မတို့ကလည်း ကျောင်းတက်နေတုန်း ဘာမှမကူနိုင်သေးတဲ့အချိန် ဖြစ်ပေမယ့် အားလုံးရှေ့က မားမားမတ်မတ်ရပ်ပြီး မေမေကြိုးစားခဲ့ပါတယ်။ သားသမီး ၄ ယောက်နဲ့ အိမ်တာဝန်တွေအပြင် အတွေးအမြင်ကို မရပ်ပါနဲ့ဆိုတဲ့ ဖေဖေ့ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ခဲ့တဲ့ မိန်းမသားတစ်ဦးရဲ့အရည်အချင်းကို ကျွန်မ အမြဲအားကျနေမှာပါ။

ဒီခေတ် ဒီအချိန် ဒီဖိုင်းကောင်းကောင်း အပြင်အဆင်ကောင်းကောင်းတွေနဲ့ လူအင်အား ငွေအင်အားတွေ အများကြီးသုံးပြီး စာအုပ်တွေ မဂ္ဂဇင်းတွေ ဂျာနယ်တွေ ပလူပျံအောင် ထွက်နေတဲ့အချိန်တိုင်အောင် စာသန့်သန့်အားပြုပြီး ဒီအချိန်ထိ ဂုဏ်သိက္ခာရှိရှိ ခိုင်ခိုင်မာမာရပ်တည်နိုင်တဲ့ အတွေးအမြင်အတွက် ကျွန်မ တကယ် ဂုဏ်ယူမိပါတယ်။ ဒီစာစောင်လေးကို ပုံမှန်ထွက်ရှိနေအောင်ကူညီပေးနေတဲ့ ဦးသိန်းဝင်းနှင့် အတွေးအမြင်၏ လက်ရှိ ဝိုင်းတော်သားတွေအားလုံးကိုလည်း အင်မတန်ကျေးဇူးတင်ပါတယ်။ ဖေဖေတို့ မလုပ်နိုင်တော့တဲ့ တစ်နေ့တစ်ချိန်မှာ ကျွန်မတို့တွေ လက်ဆင့်ကမ်းပြီး အတွေးအမြင် ဆက်လက်ရှင်သန်အောင်ကြိုးစားရမယ်လို့ စိတ်ထဲက ခံယူထားပေမယ့် ဖေဖေတို့ လုပ်နေကြတာတွေကြည့်ရင်း ဖေဖေတို့ကိုမီအောင် လုပ်နိုင်ပါ့မလားဆိုတာ အခုအချိန်မှာ ကျွန်မ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု လုံးဝမရှိသေးပါဘူး။

အတွေးအမြင်လိုစာစောင်မျိုး ငါတို့တိုင်းပြည်မှာ စောင်ရေ ၅၀၀၀ ကျော် ရိုက်ရပြီဆိုရင် ခေတ်ကြီးပြောင်းတော့မယ်လို့ ငါပြောရဲတယ်ကွလို့ ဖေဖေ့ဆရာရင်း စာရေးဆရာ၊ သတင်းစာဆရာကြီး (ဦး)တက်တိုး က အတွေးအမြင် လေးငါးအုပ်လောက် ထွက်ပြီးချိန်မှာ အားပေးစကားပြောဖူးတဲ့အကြောင်း အမှတ် ၁၀၀ ပြည့် စာစောင်မှာ ဖေဖေ ရေးခဲ့ဖူးပါတယ်။ (ခုထိလည်း စောင်ရေ ၅၀၀၀ မရောက်သေးဘူးလို့ သိရပါတယ်။ လွန်ခဲ့တဲ့ နှစ် နှစ်ဆယ်ကျော်ကတော့ စောင်ရေ ၄၀၀၀ ကျော်သွားခဲ့ဖူးတယ်လို့ မေမေက ပြောပါတယ်။ ) ဆရာကြီးတက်တိုး မိန့်တဲ့အတိုင်း ဖြစ်လာပါစေလို့ ကျွန်မတို့ မျှော်လင့်ရင်း . . . ချစ်သော အတွေးအမြင် ဆက်လက်၍ အဓွန့်ရှည်တည်တံ့နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

ထိုက်

အတွေးအမြင်

၂၅နှစ် ပြည့် အထူးထုတ်

(ဝေါမြို့နယ်ဇာတိ သတင်းစာဆရာ၊ စာရေးဆရာတစ်ယောက်၏ စာပေနှင့် လူမှုဘဝ အတွေ့အကြုံများကို ပြန်လည်အမှတ်ရချက်များအဖြစ် ရေးသားဖော်ပြနေသော ဆောင်းပါးများ ဖြစ်၍ "ဝေါမြို့က လာခဲ့တယ်"ဟု ခေါင်းစဉ်ပေးထားခြင်း ဖြစ်ပါသည်။ ဂီတစာဆို ပညာရှင်ကြီး ရွှေတိုင်ညွန့်၏ "ယောမြို့ကပြန်ခဲ့တယ်" သီချင်းစာသားကို လေးစားမြတ်နိုးစွာမှီငြမ်း၍ ဤခေါင်းစဉ်ကို ယူခြင်းဖြစ်ကြောင်း စာရေးသူက ပြောပါသည်။ အယ်ဒီတာ)

# ဝေါမြို့က လာခဲ့တယ်

## မောင်ဝံသ

*အောက်ဖော်ပြပါဆောင်းပါးမှာ ပေါပြူလာနယူးစ် ဂျာနယ် (၁ ဇူလိုင် ၂၀၀၉) တွင် ဖော်ပြပြီးသော ဆောင်းပါးကို အတွေးအမြင်ပရိသတ်အတွက် ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။*

## နိုင်ငံရေးသမား ပုံရိပ်အချို့

စာနယ်ဇင်း/ မီဒီယာ ဆိုတာ တိုင်းပြည်ရဲ့ နားမျက်စိလို့ တင်စားရ လောက်အောင် အရေးကြီးပါတယ်။ ပြည်သူတွေ သိသင့် ကြားသင့် မြင်သင့်တာတွေကို မီဒီယာသမားတွေက ရှာဖွေစုဆောင်း ခွဲခြမ်းစိပ်ဖြာပြီး တင်ပြကြရတာပါ။

မကြာသေးခင်က ဆရာလူထုစိန်ဝင်းရဲ့ ဆောင်းပါးတစ်ပုဒ်မှာ ဆောင်းပါးသာတောင်းတဲ့ဂျာနယ်တွေက နိုင်ငံရေးဆောင်းပါးတွေ လိုချင်တယ်လို့ တောင်းဆိုနေကြတဲ့ အကြောင်း ရေးထားတာ ဖတ်လိုက် ရတယ်ဗျ။ ဟုတ်လည်းဟုတ်ပါတယ်။ အခု လေးငါးခြောက်လ လောက်အတွင်း မြန်မာစာနယ်ဇင်းတွေမှာ နိုင်ငံရေးအကြောင်းအရာတွေ အတော်များများ ဖော်ပြလာကြတာ တွေ့နေရတယ်။

**စံဖဲအကြောင်းမပါရင် ဒေါသနဲ့ အပြစ်တင်**

တောပုန်းကြီးစံဖဲနဲ့ သတင်းစာတွေအကြောင်း ဖတ်ခဲ့ဖူးတာ သွားသတိရမိတယ်။ နယ်ချဲ့အင်္ဂလိပ်ခေတ်တုန်းက သာစည်နယ်မှာ ပုလိပ်ကနှိပ်စက်လွန်းလို့ ခြေလွန်လက်လွန် လူသတ်မှုဖြစ်ရာက ဝရမ်းပြေးဖြစ်သွားတဲ့ စံဖဲဆိုတဲ့ ကျေးရွာသား တစ်ယောက်ရှိခဲ့တယ်။ ဝရမ်းပြေးဖြစ်သွားတော့ တောထဲမှာ ပုန်းနေတာပေါ့။ သည်တော့ တောပုန်းကြီးဖြစ်သွားရော။ သည်အခါမှာ အင်္ဂလန်က တောပုန်းကြီး ရော်ဘင်ဟုဒ်လို ဖြစ်သွားအောင် သတင်းစာတွေက ရေးကြတော့ တောပုန်းကြီးစံဖဲဟာ လူထုကြားမှာ ဟီးရိုးဖြစ်နေသတဲ့ဗျာ။



လူတွေက စံဖဲသတင်းပါမှ သတင်းစာဝယ်ဖတ်ချင်ကြတာ ဆိုတော့ တချို့ သတင်းစာ ဂျာနယ်တွေက လံကြုတ် လုပ်ကြံဇာတ်လမ်း တွေထွင်ပြီးရေးခဲ့ကြသတဲ့။ ဘယ်နေ့ဘယ်ရက်က တောပုန်းကြီးစံဖဲ မြို့ပေါ် တက်လာတာ သတင်းပေးသူကပြောလို့ ပုလိပ်တွေက သွားဝိုင်းတော့ ဖမ်းလို့မမိလိုက်ဘူး။ စံဖဲက ထိုးဖောက်တိုက်ခိုက်ပြီး ထွက်သွားတာ ပုလိပ်တွေ လက်မှိုင်ချပြီး ပြန်လာရတယ်ဆိုတဲ့ သတင်းမျိုးတွေ၊ စံဖဲက ပုလိပ်တွေ ခြေချင်းလိမ်နေတဲ့ကြားက သူ့ချစ်သူနဲ့ စွန့်စွန့်စားစား လာတွေ့သွားပုံ စတာ တွေကို ရေးခဲ့ကြတယ်။ ဗန္ဓုလဂျာနယ်ဆိုရင် စံဖဲသတင်း အများဆုံးပါလို့ စောင်ရေ အများကြီး တက်သွားသတဲ့။ အဲဒီခေတ်က သီချင်းတောင်ပေါ်ခဲ့သေးတယ်။ "စံဖဲအကြောင်း မပါရင် ဒေါသနဲ့ အပြစ်တင်" ဆိုတဲ့ စာသားလေးကို ဖတ်ဖူးပါတယ်။ သတင်းစာ ဂျာနယ် တွေမှာ စံဖဲအကြောင်းမပါရင် လူတွေက ဒေါသနဲ့ အပြစ်တင်ကြတယ်လို့ ဆိုတာပါ။

**မိတ်ဆွေ လူချင်းခင်ရင် နိုင်ငံရေးစကားလာမပြောနဲ့**

အခုလဲ နိုင်ငံရေးအကြောင်းမပါရင် ဒေါသနဲ့အပြစ်တင်တဲ့ အနေအထား ရောက်နေပြီလား။ ရောက်နေပြီဆိုရင် သိပ်ကောင်းပေါ့ဗျာ။ ကျွန်တော်တို့က နိုင်ငံရေးကို လူတွေ စိတ်မဝင်စားမှာကိုသာ ပူတာ၊ နိုင်ငံရေးကို လူတွေ များများစိတ်ဝင်စားလာလေ တိုင်းပြည်တိုးတက်ဖို့ ပိုနီးစပ်လေပဲဗျ။ မီဒီယာတွေက လူတွေ နိုင်ငံရေးစိတ်ဝင်စားမှု များလာလို့ နိုင်ငံရေးအကြောင်းအရာတွေကို များများထည့်ချင်လာကြတာလား၊ လူတွေ နိုင်ငံရေးစိတ်ဝင်စားလာအောင် ဆွဲခေါ်တဲ့အနေနဲ့ နိုင်ငံရေး ဆောင်းပါးတွေ များများ ထည့်ချင်နေကြတာလား၊ ဘာကြောင့်ပဲဖြစ်ဖြစ် နိုင်ငံရေးဖွင့်ဆိုချက်တွေ၊ နိုင်ငံရေး ရှေးဟောင်းနှောင်းဖြစ်တွေ၊ နိုင်ငံရေး သုံးသပ်ချက်တွေ၊ နိုင်ငံရေးဟောကိန်းတွေ ထည့်သွင်း ဖော်ပြပေးနေကြတာကို ကျွန်တော် တို့က "ဘရာဗို" "ဘရာဗို"လို့ ဟစ်ကြွေး ကြိုဆိုလိုက် ပါတယ်ဗျာ။

ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က လူတွေကြားထဲ လိုက်သွားနေတာ လက်ဖက်ရည်ဆိုင်တွေ လိုက်ထိုင်နေတာ၊ လူတွေရဲ့ စိတ် ခံစားမှုတွေ၊ ဆန္ဒသဘောထား တွေ၊ အမှုအရာတွေကို ထိတွေ့နေတာ ကြာပြီ။ "မိတ်ဆွေ လူချင်းခင်ရင် နိုင်ငံရေးစကား မပြောပါနဲ့"ဆိုတဲ့ စကားသံမျိုးတွေကို ကြားနေခဲ့ရတာ ကြာပြီကောဗျာ။

**ကျွန်တော်ကိုယ်တိုင် ကြုံဖူးတယ်**

ကျွန်တော်ကိုယ်တိုင်ကိုပဲ နိုင်ငံရေးနဲ့ ပတ်သက်ခဲ့သူဆိုပြီး ဂျာနယ်မဂ္ဂဇင်း တချို့က စာမူမတောင်းရဲ၊ မပတ်သက်ရဲခဲ့တဲ့ ကာလတစ်ကန့် ရှိခဲ့ဖူးတယ်ဗျ။ (အဲသည် ကာလတုန်းက ကျွန်တော့်မှာ စာပေနယ်နဲ့လဲ မကင်းကွာနိုင်လေတော့ မိသားစု စားဝတ်နေ ရေးအတွက် သတင်းစာတိုက်က တပည့်ဟောင်းတွေအကူအညီနဲ့ ကွန်ပျူတာ စာစီစာရိုက် လုပ်ငန်းလေး တည်ထောင်ကာ လုပ်ကိုင်စားသောက်ခဲ့ရပါတယ်။ ကွန်ပျူတာ စာစီစာရိုက် လုပ်ငန်းတွေ အပြိုင်အဆိုင် သိပ်မများသေးတဲ့ ၁၉၉၂ ခုနှစ်လောက်ကပါ။ အဲဒီလိုအချိန်မျိုး မှာတောင် သူများတွေလို လက်မလည်အောင် အလုပ် အပ်နှံမှုတွေ မရခဲ့ပါဘူး၊ ကျွန်တော့် အပေါ် ကောင်းစွာနားလည်ပြီး အင်မတန်ခင်မင်ရင်းနှီးတဲ့ စာအုပ်လုပ်ငန်းတချို့နဲ့ ကျွန် တချို့ကသာ နောင်ခါလာနောင်ခါရှေးဆိုပြီး အလုပ်လာအပ်ကြလို့ ကျွန်တော့်မိသားစု အဆင်ပြေခဲ့ရပါတယ်။)

ကျွန်တော်ဆိုလိုတာက လူတွေဟာ ကိုယ်တိုင်အနေနဲ့ နိုင်ငံရေးနဲ့ ကင်းကင်းရှင်းရှင်းနေခဲ့ကြရုံမက နိုင်ငံရေးအရိပ်အငွေ့ရှိသူတွေနဲ့လည်း မပတ်သက်ချင် ကြတဲ့ အနေအထားမှာ နှစ်ကာလရှည်ကြာစွာ ရှိနေခဲ့ကြတာ အမှန်ပဲဆိုတာပါ။

အဲဒီအနေအထား ဖြစ်ပေါ်ခဲ့ခြင်းဟာ နိုင်ငံရေးပတ်သက်မှုကြောင့် မိမိရဲ့ လူမှုဘဝ၊ စီးပွားရေးဘဝတွေကို ထိခိုက်နိုင်တယ်လို့ စိုးရိမ် ကြောင့်ကြခြင်းသာမက နိုင်ငံရေး လုပ်ဆောင်နေသူများအပေါ် ယုံကြည်ကိုးစားမှု လျော့နည်းလာခြင်းကြောင့်လည်း ဖြစ်တယ်လို့ သုံးသပ်နိုင်ပါတယ်။

**နိုင်ငံတကာမှာလည်း ထိုနည်းငှင်း**

နိုင်ငံရေးလုပ်နေသူတွေအပေါ် လူတွေက ယုံကြည်ကိုးစားမှု လျော့နည်းလာတယ်ဆိုတာကတော့ နိုင်ငံတကာတူညီချက်လို ဖြစ်နေတယ်ဗျ။ ကျွန်တော်လက်လှမ်းမီသမျှ ဖတ်ရှုမိတဲ့အထဲမှာ နိုင်ငံတကာမှာလည်း နိုင်ငံရေးသမားတွေအပေါ် ပြည်သူအများစုက အမြင်စောင်းနေကြတာကို တွေ့ရတယ်ဗျာ။

မကြာသေးခင်က ကျွန်တော်ဖတ်မိတဲ့စာတွေထဲမှာ အိန္ဒိယ၊ ပါကစ္စတန်၊ အမေရိကန်၊ ဗြိတိန်အကြောင်းတွေပါတယ်။ အဲဒီ နိုင်ငံတွေမှာ နိုင်ငံရေးသမားတွေကို 'ငို့ဘ'(ငါ့အို့ချည်းပဲ ကြည့်တဲ့လူ) တွေလို့ အများက သဘောထားတဲ့အကြောင်း ဖတ်ရတယ်ဗျ။ အဲဒီအထဲ ဗြိတိန်ကတော့ 'ဖိုးသင်းမျောက်' ဖြစ်သွားတာပဲဗျာ။ ကိုဖိုးသင်းရဲ့ မျောက်ကလေး လိမ်မာလှ လိမ်မာလှ၊ လူကြားထဲကျမှ ကျွမ်းထိုးမပြဘဲ ×င်လှန် ပြတယ် ဆိုသလို ဖြစ်ခဲ့တာကိုးဗျ။

အင်္ဂလန်ဆိုတာ ပါလီမန် မိခင်နိုင်ငံကြီးအဖြစ် ဂုဏ်တင့်ခဲ့တာ မဟုတ်လား။ ဝက်စမင်စတာပုံစံဆိုပြီး နိုင်ငံရေးသိပ္ပံမှာတောင် အင်္ဂလန် ပါလီမန်စနစ်အကြောင်း တကူးတက သင်ကြရတယ်။ နေမဝင် ဗြိတိသျှ အင်ပါယာကြီးကို လည်ပတ်မောင်းနှင်လောက်အောင် အားကောင်း၊ စနစ်ကျခဲ့တဲ့ အင်္ဂလန်ပါလီမန်ကြီးမှာ အခုတော့ အမတ်မင်းများ ခွေးစာ ကြောင်စာ ဝယ်တာကအစ နိုင်ငံ့ဘဏ္ဍာထဲက အသုံးစရိတ်တွေထုတ်ယူနေလို့ ဆိုပြီး ဒေးလီးတယ်လီဂရပ်ဖ်သတင်းစာက ဖွင့်ချလိုက်တော့မှ ပွက်လောရိုက်ကုန် တော့ တာကိုး။ လွှတ်တော်ဥက္ကဋ္ဌကြီးတောင် နှုတ်ထွက်သွားရတဲ့အထိ ဂယက်ရိုက်ခဲ့တာကလား။

အမေရိကန်မှာကျတော့ ပြီးခဲ့တဲ့အပတ်ထုတ် ပေါ်ပြူလာနယူးစ်မှာ ကျွန်တော် ကိုးကားခဲ့တဲ့ "အမေရိကန်တွေ နိုင်ငံရေးကို ဘာကြောင့်မုန်း" ('Why Americans Hate Politics', by E.J. Dionne) စာအုပ်ပါ သုံးသပ်ချက်အတိုင်းပဲ ပြည်သူတွေနဲ့ ကင်းကွာတဲ့ ခေါင်းဆောင်တွေကို မယုံကြည်ရာက နိုင်ငံရေးကို ပြည်သူတွေ ကင်းကွာလာကြတာဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံရေးသမားတွေကို ဝေဖန်တာကျတော့ "နိုင်ငံရေး လုပ်စားနေကြတာ"တဲ့ဗျာ။ နိုင်ငံရေးကို ရင်းနှီးမြှုပ်နှံမှုတစ်ခုလို လုပ်နေသူတွေ များလာသတဲ့။ အဲသလိုလူတွေဟာ အလားအလာကောင်းတဲ့ နိုင်ငံရေး ပါတီတစ်ခုကို ရုံပုံငွေကောင်းကောင်းထည့်ပြီး ဝင်လိုက်မယ်။ ပြီးရင် ပါတီ ခေါင်းဆောင်ပိုင်းကို လာဘ်ထိုးပြီး အမတ်လောင်းဖြစ်အောင် လုပ်မယ်။ အရွေးခံရမယ့် မဲဆန္ဒနယ်အတွက် ငွေတွေသုံးပြီး အကျိုးပြုလုပ်ငန်းတွေ လုပ်ပြမယ်။ အဲဒါတွေအတွက် ရှုံး ဘယ်နှစ်သန်း ကုန်ခဲ့သလဲ။ အဲဒါကို ရင်းနှီးမြှုပ်နှံထား



တာလို့ သဘောထား။ အမတ်အရွေးခံရပြီး လုပ်ပိုင်ခွင့် အာဏာရှိတဲ့ နိုင်ငံရေး ရာထူး ဌာနဆွ ကုလားထိုင်မှာထိုင်ပြီးရင် လေး ငါးနှစ်အတွင်း အရင်းကျေရုံမက အဆများစွာ အမြတ်ထွက်အောင် စီးပွားရေးသမားတွေနဲ့ ဝေစားမျှစားလုပ်တော့တာပဲတဲ့ဗျာ။

**ဖျင်းတောင်ဖျင်းသေး**

မကြာသေးခင်က Youth မဂ္ဂဇင်းမှာ ဗြိတိန်ဝန်ကြီးချုပ်ဟောင်း မာဂရက်သက်ချာ အတ္ထုပ္ပတ္တိကို ကျွန်တော် လစဉ်အခန်းဆက် ဘာသာပြန်ဖော်ပြခဲ့တာ အခုပြီးသွားပါပြီ။ သံလေဒီဘွဲ့ရတဲ့ မစ္စက် သက်ချာအကြောင်း ရေးတော့မှ သူတို့ဆီက နိုင်ငံရေးလုပ်ကိုင်ပုံတွေကို ကောင်းကောင်းကြီး ခြုံငုံသိရတော့တာကိုး။

သူတို့ နိုင်ငံရေးလုပ်တာက ဆရာဝန်တစ်ယောက် ဆေးပညာ သင်ပြီး ဆေးကုသလို၊ အင်ဂျင်နီယာတစ်ယောက် စက်မှုပညာသင်ပြီး လမ်းဖောက် တံတားဆောက်သလို အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခု လုပ်နေသလိုပါပဲလားလို့ သဘောပေါက်သွားတယ်။ ရွေးကောက်ပွဲ ရှုံးမလား နိုင်မလား ရင်ခုန်ရတာမျိုးကလွဲလို့ ဘာစွန့်စားခန်းမှလည်းမရှိဘူး။ နိုင်ငံရေးလုပ်တဲ့အတွက် ဘာစွန့်လွှတ်မှုမျိုးမှလည်း မလိုအပ်ဘူး ဆိုတာ တွေ့ရတယ်ဗျာ။ ရွေးကောက်ပွဲမှာ ကိုယ့်ပါတီနိုင်ရင် အာဏာရလိုက်၊ ကိုယ့်ပါတီရှုံးရင် အတိုက်အခံဘဝမှာနေလိုက်၊ နောက်ရွေးကောက်ပွဲမှာ နိုင်အောင် ပြန်ကြိုးစား၊ အင်မတန်ရိုးစင်းတဲ့ နိုင်ငံရေးဘဝမှာ သူတို့ အသားကျနေကြတာကိုး။

တစ်ခုတော့ ရှိသေးတယ်။ သာမန်ပါတီဝင်ဘဝကနေ အဆင့်ဆင့် တက်လှမ်းခဲ့ရတာတွေ၊ ပါတီတွင်း အုပ်စုတိုက်ပွဲတွေ၊ ခေါင်းဆောင်မှု နေရာလုကြတာတွေ၊ မစ္စက်သက်ချာ နောက်ဆုံးကြုံရသလို ထွက်ပေးရင် ထွက်ပေး၊ မထွက်ရင် ဖြုတ်ချခံရမယ့်အခြေအနေမျိုးကို ရင်ဆိုင်ရတာတွေ ကတော့ ရင်ခုန်စရာအတွေ့အကြုံတွေလို့ ပြောမယ်ဆို ပြောနိုင်ပါလိမ့်မယ်။

ဘာပဲပြောပြော၊ ဒီမိုကရေစီမရသေးခင်သာ ရုန်းကန်လှုပ်ရှားကြရတာ၊ ဒီမိုကရေစီ အသားကျသွားတဲ့အခါ နိုင်ငံရေးလုပ်ရတာ ဖျင်းစရာတောင် ကောင်းနေမလားပဲဗျာ။

## မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ မှားခဲ့သလား

*အောက်ဖော်ပြပါဆောင်းပါးမှာ The True News (သစ္စာ)ဂျာနယ် (၂၀ မတ် ၂၀၀၉) တွင် ဖော်ပြပြီးသောဆောင်းပါးကို အတွေးအမြင် ပရိသတ်အတွက် ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။* **အယ်ဒီတာ**

"မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဘာမှားသလဲ" ဆိုတဲ့ ခေါင်းစဉ်နဲ့ ကိုကိုမောင်ကြီး ရေးတဲ့ ဆောင်းပါးတစ်ပုဒ် လျှပ်တစ်ပြက်သတင်းဂျာနယ်မှာ ဖတ်လိုက်ရပါသော်ကောဗျာ။

ခေါင်းစဉ်က တယ် 'မိုက်' ပဲဗျ။ ခေါင်းစဉ်ကြည့်ပြီး မဖတ်ဘဲမနေနိုင်တော့ဘူး လျှပ်တစ်ပြက်ဂျာနယ်ကို ငွေ ၆၀၀ပေးပြီး ဝယ်ခဲ့ရသဗျ။

ဆောင်းပါးရှင်ဓာတ်ပုံပါ ဖော်ပြထားလို့ ဩ-လက်စသတ်တော့ ကိုကိုမောင်ကြီး ဆိုတာ ယခင် 'ကိုကိုမောင်' ကလောင်အမည်ခံ နည်းပြချုပ် ဦးချစ်လှိုင် ပါလားကိုး

သိလိုက်ရတယ်။ အခု 'ကြီး' တစ်လုံး တိုးထားတာကိုး။

ဦးချစ်လှိုင်ကို ကျွန်တော် ပုဂ္ဂိုလ်အရ ခင်မင်လေးစားပါတယ်။ သူဟာ စိတ်ဝင်စားစရာကောင်းတဲ့ လူတစ်ယောက်ဖြစ်လို့ စိတ်ဝင်စားတာလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံ ခေတ်သစ်သမိုင်းမှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဆိုတာ ၂၆ နှစ်ကြာ တည်ရှိခဲ့တယ်။ ၁၉၆၂ ခုနှစ် မတ်လမှာ နိုင်ငံတော်အာဏာကို သိမ်းယူခဲ့တဲ့ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော စစ်ကောင်စီက တည်ထောင်တဲ့ပါတီဖြစ်ပါတယ်။ အဲသည်ပါတီရဲ့ ခေါင်းဆောင်အဖြစ်နဲ့ ဦးနေဝင်းဟာ တစ်ပါတီစနစ်ကို ကျင့်သုံးပြီး တိုင်းပြည်ကို စိုးမိုးအုပ်ချုပ်သွားခဲ့တယ်ဗျာ။

## အညမညသဘောတရား ဖော်စပ်ခဲ့သူ

အဲသည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီရဲ့ လမ်းညွှန် သဘောတရား ဖြစ်တဲ့ "လူနှင့်ပတ်ဝန်းကျင်တို့၏ အညမညသဘောတရား"ကို ဖော်စပ်ရေးသား ခဲ့တဲ့ အဖွဲ့ငယ်မှာ ဦးချစ်လှိုင်ဟာ အဓိက လူအဖြစ်ပါဝင်ခဲ့ပါတယ်။ 'အညမည'ကို ရေးသားစဉ်က သူဟာ တာကွယ်ရေး ဝန်ကြီးဌာန၊ စိတ်ဓာတ်စစ်ဆင်ရေးဌာနမှာ အမှုထမ်းနေပါတယ်။ ၁၉၇၂ မှာ ပါတီလုပ်ငန်းက အနားယူပြီးတော့လည်း စိတ်ဓာတ်စစ်ဆင်ရေးဌာနကိုပဲ ပြန်သွားတယ်လို့ ယခုဆောင်းပါးမှာ ဖော်ပြထားတယ်ဗျာ။

ကိုကိုမောင်ကြီးရဲ့ ရေးသားချက်မှာ "ဤစာရေးသူအနေဖြင့် လမ်းစဉ် ပါတီ၏ဖြစ်စဉ်တစ်ရပ်လုံးကို ဝေဖန် သုံးသပ်ရမည်ဆိုလျှင် ၁၉၆၂ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ ပါတီနှင့်နီးကပ်စွာရှိနေပြီး နောက်ကျန်ရှိသော ကာလပိုင်းတွင် ခပ်လှမ်းလှမ်းမှ ကြည့်ရှုရသည့်အဖြစ်၌သာ နေခဲ့ရပါသည်" လို့ ပါရှိပါတယ်။

စာရေးသူကိုကိုမောင်ကြီး အနီးကပ်ရော ခပ်လှမ်းလှမ်းကပါ ကြည့်ရှုခဲ့ရတဲ့ ၂၆ နှစ်တာကာလ လမ်းစဉ်ပါတီရဲ့ လုပ်ဆောင်ချက်တွေ၊ အားသာချက်၊ အား နည်းချက်တွေကို သုံးသပ်တင်ပြသွားတာ ကျွန်တော် အခေါက်ခေါက်အခါခါ ဖတ်ပါတယ်။

ကျမ်းဆန်ဆန် စာအုပ် အတွဲလိုက်ရေးလို့ရတဲ့ အာဏာရ နိုင်ငံရေးပါတီကြီး တစ်ခုရဲ့ အတက်အကျ သမိုင်းစဉ်ကို တစ်မျက်နှာ မရှိတရှိ ဆောင်းပါးတစ်ပုဒ်နဲ့ ခြုံငုံမိအောင်ရေးသွားတဲ့ ကိုကိုမောင်ကြီးရဲ့ အရည်အသွေးကို ချီးကျူးရမှာဖြစ်ပါတယ်။

ကိုကိုမောင်ကြီးက လမ်းစဉ်ပါတီရဲ့ စွမ်းဆောင်ချက်တွေကို ဖော်ပြသလို အားနည်းချက်များကိုလည်း ဖော်ပြရာမှာ အထွေထွေ ကုန်ထုတ်လုပ်မှုတွင် ရည်မှန်းသလောက် မအောင်မြင်ခြင်း၊ ပြည်သူပိုင်ဈေးဆိုင်များမှ ကုန်ပစ္စည်းများကို ရောင်းချဖြန့်ဝေရာတွင် မပြေလည်မှုများရှိခြင်း၊ မှောင်ခိုပစ္စည်းများကို လမ်းတွင် ဖမ်းဆီးသိမ်းယူရန်ကုန်သို့ရောက်တော့ ဖမ်းဆီးခြင်းမရှိဘဲ ကုန်ဈေးနှုန်းများကြီးခဲ့ခြင်း၊ ပါတီဝင်များက ကြွေးကြော်ပြောင်းသော သမဝါယမအသင်းများသည်လည်း ပါတီကို ပံ့ပိုးပေးရသည့် အဖွဲ့အစည်းများကဲ့သို့ဖြစ်နေခြင်း၊ လမ်းစဉ်ပါတီသက်တမ်းတွင် သုံးကြိမ်တိတိ ငွေစက္ကူများကို မတရားပစ္စည်းများအဖြစ် ကြေညာခဲ့သည့်အတွက် တစ်ပြည်လုံး တစ်နိုင်ငံလုံးရှိ စားသုံးသူပြည်သူတစ်ရပ်လုံး ထိခိုက်နစ်နာခဲ့ခြင်း စတဲ့အချက်တွေကို ကိုကိုမောင်ကြီးက ထောက်ပြပါတယ်။ ကျွန်တော်ကတော့ အဲသည်ဖြစ်ရပ်တွေဖြစ်ခဲ့တာ မှန်ကန်ကြောင်း သဘောတူသော်လည်း အဲသလိုဖြစ်ခဲ့တာတွေရဲ့အကြောင်းရင်းဟာ ခေါင်းဆောင်မှု ပြဿနာပဲလို့ မြင်မိပါတယ်။



## အင်မတန် အရေးကြီးတဲ့ သုံးသပ်ချက်အချို့

ကိုကိုမောင်ကြီးရဲ့ သုံးသပ်ချက်မှာ အင်မတန်အရေးကြီးတဲ့ အချက်တချို့ သတိထားမိတယ်ဗျာ။

"မြန်မာနိုင်ငံတွင် ဆိုရှယ်လစ်လမ်းစဉ်ကိုထူထောင်မည်ဟူသော ရည်ရွယ်ချက် ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်မှုမရရှိခဲ့ရခြင်း၏ အခြေခံအကြောင်းမှာ မြန်မာနိုင်ငံ အထွေထွေခေတ်နောက်ကျမှုကြီးဟူသော သမိုင်းဘဝကြောင့်ဖြစ်ပါသည်။ ခေါင်း... အေးနှင့် မြန်ပြီး စီရင် သုံးသပ်သောအခါ ဆိုရှယ်လစ်စီးပွားရေး စနစ်ကို တည်ဆောက်နိုင် လိုအပ်သော ရုပ်ပိုင်းဆိုင်ရာအကြောင်းတရားများနှင့် စိတ်ပိုင်းဆိုင်ရာ အကြောင်းတရား လုံလောက်စွာ ဖြစ်ပေါ် တိုးတက်ခြင်း မရှိသေးသောကြောင့်သာဖြစ်ပါသည်။ မြန်မာနိုင်... ကုန်ထုတ်လုပ်မှုစွမ်းအားစုသည်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုနှင့် လျော်ညီ... ကုန်ထုတ်လုပ်မှုကို ထောက်ပံ့ပေးနိုင်သော အတတ်ပညာ၊ နည်းပညာ အဆင့်အတန်း... လည်းကောင်း အလွန်ပင် နိမ့်ကျနေသေးသောကြောင့်ဖြစ်ပါသည်၊ စီးပွားရေးပညာ... နည်းပညာရပ်များကို တတ်ကျွမ်းသော ပညာတတ်လူတန်းစားများ၏ အင်အားကလ... နည်းပါးနေသေးသောကြောင့် ဖြစ်ပါသည် ××× ထို့ကြောင့် ဆိုရှယ်လစ် စီးပွားရေး စ... တည်ဆောက်ရန် အချိန်မရောက်ခဲ့သေးသည်မှာ အမှန်ဖြစ်သည်" လို့ ရေးထားတယ်...

## ကာလအပိုင်းအခြား ရှင်းဖို့လိုမယ်

အညမညသဘောတရားကို ပါဝင်ရေးသားခဲ့သူရဲ့သုံးသပ်ချက်ဖြစ်လို့ ကျွန်... တို့ အရမ်းကာရော ဝေဖန်လို့တော့မဖြစ်ဘူးပေါ့ဗျာ။ သို့ပေမယ့် ကိုကိုမောင်ကြီးပြော... အဲသည်အချက်တွေဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ စတင်တည်ထောင်တဲ့ ၁၉... ခုနှစ် အခြေ အနေလား၊ မျိုးဆက်တစ်ဆက်စာ ၂၅ နှစ် လောက်ကြာပြီးတဲ့နောက် ... အဆင်းရဲဆုံးနိုင်ငံများစာရင်းထဲ ဝင်သွားရတဲ့ ၁၉၈၇ ခုနှစ် နောက်ပိုင်း အခြေအနေ... အဲသည် ကာလအပိုင်းအခြားကိုတော့ ရှင်းဖို့လိုမယ်ထင်တယ်ဗျ။

အဲသည်ကာလများကို ဖြတ်သန်းခဲ့တဲ့ သတင်းစာသမားတစ်ယောက်အနေ... ကျွန်တော့်အမြင် ပြောရရင်တော့ ၁၉၇၀ နှစ်များ ခါးလယ်ပိုင်းလောက်အထိ မြန်မာနိုင်... အခြေအနေဟာ အထွေထွေခေတ်နောက်ကျမှုကြီးဆိုတဲ့ သမိုင်းဘဝ လုံးဝမဟုတ်ခဲ့ပါ... ဗျာ။ ကုန်ထုတ်လုပ်မှုကို ထောက်ပံ့ပေးနိုင်တဲ့ အတတ် ပညာ၊ နည်းပညာ အဆင့်အတန်း... လည်း အိမ်နီးချင်းတွေနဲ့ယှဉ်ရင် ကိုယ်ကတောင်မြင့်နေပါသေးတယ်။ အဲသ... ကာလလောက်က ဘွဲ့ရခါစ မြန်မာပညာရှင်တွေထဲက နောက် ဆယ်နှစ်လောက်... ကမ္ဘာ့အဖွဲ့အစည်းတွေမှာ လူကြီးလုပ်နိုင်သူတွေ အများကြီးပေါ်ထွန်းခဲ့ပါတယ်... ဒါဆိုရင် "ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်ရန် အချိန်မရောက်ခဲ့သေးသည်... အမှန်ဖြစ်သည်" ဆိုတဲ့ ကိုကိုမောင်ကြီးရဲ့ ကောက်ချက်အပေါ် ပြန်စိစစ်ဖို့ မသင့်ဘူး... ဗျာ။ အဲသည်အချိန် ကာလတွေမှာ ဆိုရှယ်လစ် တည်ဆောက် ရေးလုပ်နေတဲ့ ဗီယက်နမ်... ကျူးဘားတို့ရဲ့ သမိုင်းဘဝနဲ့ ယှဉ်ကြည့်ရင် မြန်မာက အများကြီးသာခဲ့ပါတယ်ဗျာ။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် မအောင်မြင်ခဲ့ခြင်းဟာတကယ်ကတော့ခေါင်းဆောင်မှု ပြဿနာကြောင့်သာ ဖြစ်တယ်လို့ ကျွန်တော်တို့ သုံးသပ်ပါတယ်။ ပါတီတွင်း ဒီမိုကရေစီ ကျင့်သုံးခွင့် အားနည်းခဲ့တယ်။ ရေဒူးပေါက်တာ မလိုချင်ဘူး၊ ရေပါအောင်သာယူခဲ့ ... တွေကို အောက်ခြေပါတီဝင်ထုက ရေဒူးဘာကြောင့် ပေါက်ရပါတယ်ဆိုတာ ရှင်းပြခွင့်မရှိ...

မအောင်မြင်တာတွေကို အောင်မြင်နေပါတယ်လို့ လိမ်ပြီး အစီရင်ခံခဲ့ကြရတယ်။

**ဆိုဗီယက်ပါတီပုံစံ**

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဟာ ကလာပ်စည်း၊ ပါတီစိတ်၊ ပါတီယူနစ်၊ တိုင်း၊ ဗဟို စသည်ဖြင့် တစ်နိုင်ငံလုံး ကျယ်ပြန့်တဲ့အတိုင်းအတာ နဲ့စနစ်တကျ ဖွဲ့စည်းခဲ့တဲ့ နိုင်ငံရေးပါတီကြီးဗျ။ ကေဒါ မော်ထုတ်ရေး၊ ကေဒါလေ့ကျင့်ပေးရေး၊ တာဝန်ပေးရေး စသည်ဖြင့် ဆိုဗီယက်ပုံစံ နည်းယူပြီး တည်ထောင်ခဲ့တယ်။ အစိုးရအဖွဲ့ကိုတောင် ပါတီက ဦးဆောင်မှုပေးနေတယ်လို့ အဆိုရှိတယ်။

သို့ပေမယ့် ဆိုဗီယက်တို့ တရုတ်တို့ ဗီယက်နမ်တို့ မြောက်ကိုရီးယား ကျူးဘား တို့မှာက ပါတီဦးဆောင်မှု အခန်းကဏ္ဍ အပြည့်အဝရှိတယ်။ ကေဒါ ပေါ်လစီကျင့်သုံး တဲ့အခါမှာလည်း အစိုးရဌာနတွေ စီးပွားရေးအဖွဲ့အစည်းတွေကို ပါတီကပို့လိုက်တဲ့ ကေဒါတွေဟာ ကောင်းစွာ စည်းရုံးဦးဆောင်နိုင်ကြတယ်။ ရေထူးပေါက်တာမလိုချင်ဘူး၊ ရေပါလာဖို့ အဓိကလို့ပြောတတ်တဲ့ ကေဒါတွေမဟုတ်ဘူးဗျ။ လမ်းစဉ်ပါတီဟာ ရေထူးပေါက်တာ မလိုချင်ဘူး၊ ရေပါလာဖို့အဓိကလို့ ခံယူသူ တွေကြောင့် နာမည်ပျက်ခဲ့တာ ပါပဲဗျာ။ နိုင်ငံတော်ကို ဦးဆောင်နေတဲ့ ဦးဆောင်ပါတီကြီးလို့သာ ပြောနေခဲ့တာ၊ မူဝါဒ ချမှတ်ရေးနဲ့ အဆုံးအဖြတ်ပေးရေးကို တကယ်တမ်း ဘယ်သူတွေက လုပ်ခဲ့သလဲ။ ပြည်သူတွေလက်ထဲက ငွေစက္ကူတွေကို တရားမဝင်ငွေတွေအဖြစ် သုံးချီသုံးလား ကြေညာပယ်ဖျက်ခဲ့တာ လမ်းစဉ်ပါတီ မဟုတ်ပါဘူး။ တစ်ဦးတစ်ယောက် သို့မဟုတ် တစ်စုတစ်ဖွဲ့က လုပ်ခဲ့တာပါ။

**အမိန့်ပေးစနစ်ကြောင့်**

မထောက်မညှာ ပြန်လည်သုံးသပ်မယ်ဆိုရင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ကျဆုံးရခြင်းဟာ အမိန့်ပေး စနစ်ကို မလွန်ဆန်နိုင်ကြလို့ပါပဲဗျာ။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီရဲ့ အဆင့်ဆင့်သော ကေဒါတွေထဲမှာ ဆိုရှယ်လစ်ဝါဒကို လူသားဝါဒအစစ်အမှန်လို့ ယုံကြည်ပြီး ခြေစုံပစ် ဝင်လုပ်ခဲ့ ကြသူတွေက အများစုလို့ ပြောနိုင်ပါတယ်ဗျ။ ဒါပေမယ့် အဲသည်တုန်းက ကိုကိုမောင်ကြီးတို့ကို စေခိုင်းပြီး ဆိုရှယ်လစ်လမ်းစဉ် မူဝါဒချမှတ်သူတွေ၊ ဆုံးဖြတ်ချက် ချမှတ်သူတွေကကော ဆိုရှယ်လစ်ဝါဒကို တကယ်ယုံကြည်ကြရဲ့လား။ တကယ် ယုံကြည်လို့ ဆိုရှယ်လစ်နိုင်း တာလား၊ တစ်ပါတီစနစ်ကျင့်သုံးချင်လို့ ဆိုရှယ်လစ် လိုက်တာလား ပြန်လည်စိစစ်သင့် တယ်ဗျ။ သူတို့ဟာ ကိုယ်မယုံကြည်တဲ့ အယူဝါဒကို ဆိုင်းဘုတ်အဖြစ်ပဲ တင်ထားပြီး လက်တွေ့မှာ အမိန့်ပေးစနစ်ကိုချည်း ကျင့်သုံးခဲ့တယ်။ အောက်ခြေပါတီကေဒါတွေရဲ့ စေတနာမှန်နဲ့ တင်ပြဆွေးနွေးတာတွေကို 'ရာဇဝတ်'လို့ သဘောထားခဲ့တယ်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီတင်မကပါဘူး။ အဲသလိုချည်းသာ ဆိုရင် မည်သည့်နိုင်ငံရေးပါတီမဆို ဇာတ်သိမ်းလှမှာ မဟုတ်ပါဘူးဗျာ။

မောင်ဝံသ

ရည်ညွှန်း

-လျှပ်တစ်ပြက်သတင်းဂျာနယ်၊ အတွဲ ၂ အမှတ် ၂၃၊ မတ် ၆၊ ၂၀၀၉။